# နိုင်ငံရေးပါတီများနှင့်
# သဘာဝသယံဇာတ အုပ်ချုပ်မှု
# မူဝါဒဖော်ဆောင်ရေးအတွက် လက်တွေ့လမ်းညွှန်




INTERNATIONAL IDEA INSTITUTE FOR DEMOCRACY AND ELECTORAL ASSISTANCE

Natural Resource Governance Institute

ဇန်နဝါရီ ၂၀၁၈

# ကျွန်ုပ်တို့အကြောင်း

## International IDEA

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA - International Institute for Democracy and Electoral Assistance) သည် ကမ္ဘာတစ်ဝှမ်းတွင် ရေရှည်တည်တံ့သော ဒီမိုကရေစီ ဖြစ်ပေါ်လာအောင် အထောက်အကူပြုရန် ဟူသော သီးသန့်တာဝန်ဖြင့် ၁၉၉၅ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သော နိုင်ငံစုံ အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ လက်ရှိ၌ International IDEA တွင် တစ်ကမ္ဘာလုံးရှိ မတူညီသော ဒေသများမှ အဖွဲ့ဝင်နိုင်ငံပေါင်း ၃၀ ရှိပါသည်။ International IDEA ၏ လုပ်ငန်းသည် အသိပညာ ဗဟုသုတ အရင်းအမြစ်များ ဖော်ဆောင်ခြင်းနှင့် မျှဝေခြင်း၊ အပြန်အလှန်ဆွေးနွေးမှုကို ဖြစ်မြောက်အောင် ပံ့ပိုးပေးခြင်းနှင့် ပိုမိုထိရောက်သော ဒီမိုကရက်တစ် အင်စတီကျူးရှင်းများနှင့် လုပ်ငန်းစဉ်များအတွက် မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာစေရန် အထောက်အကူပေးခြင်းတို့ကို အဓိကထား ဆောင်ရွက်ပါသည်။

## Natural Resource Governance Institute

Natural Resource Governance Institute သည် လွတ်လပ်ပြီး အကျိုးအမြတ်မရှာဖွေသော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကွင်းဆင်းလေ့လာမှုများမှ ရရှိလာသော သင်ခန်းစာများနှင့် တိကျခိုင်မာစွာ သုတေသနပြု လေ့လာခြင်းမှ သိရှိလာသော အသိအမြင်များဖြင့် မူဝါဒဆိုင်ရာ အကြံဉာဏ်ပေးခြင်းနှင့် လှုံ့ဆော်အားပေးခြင်းတို့ ဆောင်ရွက်ပါသည်။ ကျွန်ုပ်တို့၏ အသိပညာ ဗဟုသုတများနှင့် အတွေ့အကြုံများကို မူဝါဒချမှတ်သူများ၊ လွှတ်တော်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် မီဒီယာအပြင် ပိုမိုကောင်းမွန်သော နိုင်ငံကာစံနှုန်းများဖြစ် ပေါ်လာစေရေးအတွက် တစ်ကမ္ဘာလုံးဆိုင်ရာ စည်းရုံးရေး အစီအစဉ်တို့နှင့် လွတ်လပ်စွာ မျှဝေပါသည်။ ကျွန်ုပ်တို့သည် အထူးသဖြင့် ပြုပြင်ပြောင်းလဲရေးကို ဦးတည်သော အပြန်အလှန် ဆွေးနွေးမှုကျင်းပရန်နှင့် အပြုသဘောဆောင်သော မူဝါဒဆိုင်ရာ လှုံ့ဆော်အားပေးခြင်းတွင် ပါဝင်ရန် သင့်လျော်သော အနေအထားမှာ ရှိနေပါသည်။

# နိုင်ငံရေးပါတီများနှင့်
# သဘာဝသယံဇာတ အုပ်ချုပ်မှု
## မူဝါဒဖော်ဆောင်ရေးအတွက် လက်တွေ့လမ်းညွှန်

International IDEA
Institute for Democracy and Electoral Assistance

Natural Resource Governance Institute

© 2018 International Institute for Democracy and Electoral Assistance
© 2018 Natural Resource Governance Institute

International IDEA
Strömsborg
SE – 103 34 STOCKHOLM
SWEDEN
ဖုန်း – +46 8 698 37 00
အီးမေးလ် – info@idea.int
ဝက်ဘ်ဆိုဒ် – www.idea.int

Natural Resource Governance Institute
80 Broad Street, Suite 1801
New York, NY 10004
USA
ဖုန်း – + 1 646 929 9750
အီးမေးလ် – nrgi@resourcegovernance.org
ဝက်ဘ်ဆိုဒ် – www.resourcegovernance.org

ဓာတ်ပုံများမှအပ ဤထုတ်ဝေမှု၏ အီလက်ထရွန်နစ် ဗားရှင်းအား Creative Commons Attribute-NonCommercial-ShareAlike 3.0 လိုင်စင်အရ ရရှိနိုင်ပါသည်။ ဤထုတ်ဝေမှုကို လွတ်လပ်စွာ ကူးယူ၊ ဖြန့်ဝေ၊ ပေးပို့နိုင်သည့်အပြင် ပြန်လည်ရောစပ်၊ ပြုပြင်ခြင်း ပြုလုပ်နိုင်သော်လည်း ထိုသို့ပြုလုပ်ရာတွင် စီးပွားရေး အကျိုးအမြတ်အတွက် မဟုတ်သော ကိစ္စရပ်များအတွက် သင့်တင့်လျောက်ပတ်စွာ ကိုးကား၍ ထပ်တူညီသော လိုင်စင်တစ်ခုအရ ဖြန့်ဖြူးခြင်း ဖြစ်ရမည်။

ဤလိုင်စင်နှင့်ပတ်သက်၍ ထပ်မံသိရှိလိုပါက
<http://creativecommons.org/licenses/by-nc-sa/3.0/>. သို့ သွားရောက်ပါ။

International IDEA ၏ ထုတ်ဝေမှုများသည် အမျိုးသား သို့မဟုတ် နိုင်ငံရေး အကျိုးစီးပွား ကင်းရှင်းပါသည်။ ဤထုတ်ဝေမှုတွင် ဖော်ပြထားသော ထင်မြင်ယူဆချက်များသည် International IDEA သို့မဟုတ် Natural Resource Governance Institute သို့မဟုတ် ၎င်းတို့၏ သက်ဆိုင်ရာ ဘုတ်အဖွဲ့များနှင့် ကောင်စီ အဖွဲ့ဝင်များ၏ ထင်မြင်ယူဆချက်များကို ကိုယ်စားပြုသည်မဟုတ်ပါ။

ISBN: 978-91-7671-146-0

မျက်နှာဖုံးဓာတ်ပုံ – © Rudy Guerrero [© boris15/123RF Stock Photo; ©lefpap/123RF Stock Photo; © neftali77/123RF Stock Photo; © irisphoto18/123RF Stock Photo]

ဒီဇိုင်းနှင့် အပြင်အဆင် – KPR Group + Santángelo Diseño

# မာတိကာ


ကျေးဇူးတင်လွှာ iv
စကားချီး v
နိဒါန်း vii
အစီရင်ခံစာ အနှစ်ချုပ် ix

၁ နိုင်ငံရေးပါတီများသည် သယံဇာတ အုပ်ချုပ်မှုတွင် အဓိကကျသော ဆောင်ရွက်သူများ ဖြစ်ရသည့် အကြောင်းအရင်း ၁
သယံဇာတ ကြွယ်ဝမှု၏ နိုင်ငံရေး စိန်ခေါ်မှုများ – ဩဇာအာဏာ ကြီးသူများက သယံဇာတမှရရှိသော
အကျိုးအမြတ်များကို လက်ဝါးကြီးအုပ်သည့် အခြေအနေတွင် ဒီမိုကရေစီ ဖော်ဆောင်ခြင်း ၂
    အကွက် ၁.၁ နိုင်ငံရေးပါတီများနှင့် အရပ်ဘက် အခန်းကဏ္ဍ ၄
    အကွက် ၁.၂ အကောင်အထည်ဖော်ရာတွင် ကွာဟချက်အကြောင်း ၅
    အကွက် ၁.၃ နိုင်ငံရေးပါတီများ နှင့် တရားဝင်နှင့် တရားဝင်မဟုတ်သော စောင့်ကြည့်ကြပ်မတ်သူများအကြား ဆက်ဆံရေး ၉
သယံဇာတ ပိုင်ဆိုင်မှု၏ စီးပွားရေး စိန်ခေါ်မှုများ – လျှို့ဝှက်မှုနှင့် ဈေးနှုန်းအတက်အကျ မြန်မှုတို့ကြားမှ
ရေရှည်ခံသော အကျိုးအမြတ်များ ရရှိအောင် ဆောင်ရွက်ခြင်း ၁၀
    အကွက် ၁.၄ ပါတီတစ်ခုနှင့် တစ်ခုကြား အပြန်အလှန် ဆွေးနွေးမှု၏ ထူးခြားသော တန်ဖိုး ၁၃
နောက်ထပ် ခြေလှမ်းများ ၁၅

၂ နိုင်ငံခြောက်နိုင်ငံရှိ နိုင်ငံရေးပါတီများက သယံဇာတအုပ်ချုပ်မှုအပေါ် မည်သို့ လွှမ်းမိုးပုံ ၁၇
နော်ဝေနိုင်ငံ ၁၉
    အကွက် ၂.၁ နော်ဝေနိုင်ငံတွင် ပါတီ၏ မူဝါဒရပ်တည်မှု ရေးဆွဲသတ်မှတ်ခြင်း ၂၃
    အကွက် ၂.၂ ဘုံသဘောတူညီမှု တည်ဆောက်ရာတွင် ပါတီတစ်ခုနှင့် တစ်ခုအကြား
    အပြန်အလှန် ဆွေးနွေးမှု၏ အရေးပါမှု – ကိုယ်တွေ့ အတွေ့အကြုံ ၂၄
အစ္စရေးနိုင်ငံ ၂၉
တောင်အာဖရိကနိုင်ငံ ၃၅
    အကွက် ၂.၃ တောင်အာဖရိကနိုင်ငံ၏ ANC ပါတီတွင် မူဝါဒရပ်တည်မှု ရေးဆွဲသတ်မှတ်ခြင်းအတွက် အရင်းအမြစ်များ ၃၉
ဂါနာနိုင်ငံ ၄၅
    အကွက် ၂.၄ ဂါနာနိုင်ငံမှ ပါတီများကြား မူဝါဒရပ်တည်မှု ရေးဆွဲသတ်မှတ်ခြင်း ၄၈
မလေးရှားနိုင်ငံ ၅၅
ပီရူးနိုင်ငံ ၆၃
    အကွက် ၂.၅ ပီရူးနိုင်ငံ၏ Camisea ဓာတ်ငွေ့ သဘောတူညီချက်များ ပြောင်းလဲလာပုံ ၆၇

၃ နိုင်ငံရေးပါတီများက မူဝါဒဆိုင်ရာ ရပ်တည်မှုများ ဖော်ဆောင်ပုံနည်းလမ်း ၇၃
လုပ်ငန်းစဉ် စတင်ခြင်း ၇၃
    လေ့ကျင့်ခန်းစာရွက် (က) – ကိစ္စရပ် နယ်ပယ်များ ၇၉
လုပ်ငန်းစဉ် ဒီဇိုင်း ၈၂
    အကွက် ၃.၁ လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ – ဂါနာနိုင်ငံ၏ အမျိုးသားဒီမိုကရက်တစ် ကွန်ဂရက်ပါတီမှ သာဓကတစ်ခု ၈၃
    လေ့ကျင့်ခန်းစာရွက် (ခ) – လုပ်ငန်းအဖွဲ့ဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့် အချက်များ ၈၄
    အကွက် ၃.၂ ဖြစ်နိုင်သော စီမံကိန်းနှင့် ဆက်စပ်သူများ ၈၈
    လေ့ကျင့်ခန်းစာရွက် (ဂ) – စီမံကိန်းနှင့် ဆက်စပ်သူများ ၉၁
    လေ့ကျင့်ခန်းစာရွက် (ဃ) – လုပ်ငန်းစဉ် အကောင်အထည်ဖော်မှု အစီအစဉ် ၉၄
    လေ့ကျင့်ခန်းစာရွက် (င) – ဆုံးရှုံးနိုင်ခြေများ ၉၆
လုပ်ငန်းစဉ် အကောင်အထည်ဖော်ခြင်း ၉၇
    အကွက် ၃.၃ အပြီးသတ် မူဝါဒရပ်တည်မှု၏ ဖြစ်နိုင်သော တည်ဆောက်ပုံတစ်ခု ၉၈
    လေ့ကျင့်ခန်းစာရွက် (စ) – ပါတီ ရည်မှန်းချက် ၁၀၀
    လေ့ကျင့်ခန်းစာရွက် (ဆ) – ကိစ္စရပ်အလိုက် ရပ်တည်မှုများ ၁၀၁
    လေ့ကျင့်ခန်းစာရွက် (ဇ) – နိဂုံးချုပ် မေးခွန်းများ ၁၄၄
    လေ့ကျင့်ခန်းစာရွက် (ဈ) – အကောင်အထည်ဖော်မှု အစီအစဉ် ၁၄၆
    အကွက် ၃.၄ ဂါနာနိုင်ငံတွင် မူဝါဒရပ်တည်မှု ရေးဆွဲသတ်မှတ်ခြင်း ၁၅၀
နိဂုံး ၁၅၃

ကျမ်းကိုး ၁၅၄
နောက်ဆက်တွဲ (၁) ပညာရပ်ဆိုင်ရာ အသုံးအနှုန်းများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ ၁၅၆
နောက်ဆက်တွဲ (၂) ဂါနာနိုင်ငံ၏ ၂၀၁၅–၂၀၁၆ ခုနှစ် ပါတီစုံ လုပ်ငန်းစဉ်မှ ပထမတွေ့ဆုံမှု၏ အစီအစဉ် ၁၆၀

## ကျေးဇူးတင်လွှာ

ကမ္ဘာတစ်ဝှမ်းလုံးမှ ပုဂ္ဂိုလ်များစွာ၏ အဖိုးတန်သော အကူအညီများမပါရှိဘဲ ဤထုတ်ဝေမှု ဖြစ်မြောက်နိုင်မည်မဟုတ်ပါ။ မိမိတို့၏ ဗဟုသုတများနှင့် အသိအမြင်များကို ထည့်ဝင်ပေးခဲ့သော ကျင့်သုံးလုပ်ဆောင်သူများ၊ ကျွမ်းကျင်သူများနှင့် တွဲဖက်လုပ်ကိုင်သူများ အားလုံးအပေါ် ကျွန်ုပ်တို့က ကျေးဇူးအထူးတင်ရှိပါသည်။

NRGI မှ Femke Brouwer, Rebecca Iwerks, Kaisa Toroskainen နှင့် Dana Wilkins နှင့် International IDEA မှ Alberto Fernandez, Frank Kayitare နှင့် Gary Klaukka တို့၏ ကျေးဇူးကြောင့် ဤထုတ်ဝေမှု ဖြစ်မြောက်ခဲ့ရပါသည်။ ဤထုတ်ဝေမှု၏ ကနဦး ရေးသားပြုစုမှုအဆင့်တွင် အကူအညီပေးခဲ့သော Catalina Perdomo အပြင် ပါဝင်သောအကြောင်းအရာကို ပြည့်စုံကြွယ်ဝစေခဲ့သော လက်တွေ့ အတွေ့အကြုံများကို ဝေမျှခဲ့သည့် Einar Steensnæs တို့ကိုလည်း အသိအမှတ်ပြု ကျေးဇူးတင်အပ်ပါသည်။ *Strategic Planning for Political Parties: a Practical Tool* လေ့ကျင့်ခန်းစာရွက်များကို အသုံးပြုလို့ရအောင် ဆောင်ရွက်ပေးခဲ့သည့် Caspar van den Berg ကိုလည်း ကျေးဇူးတင်လိုပါသည်။ အထက်တွင် ဖော်ပြခဲ့သော ပုဂ္ဂိုလ်များအပြင် NRGI မှ Liz McGrath နှင့် Rob Pitman, International IDEA ရှိ Knowledge Product ကော်မတီအဖွဲ့ဝင်များနှင့် Kgothatso Semela Serote တို့က အသေးစိတ် ဖတ်ရှု စစ်ဆေးမှုများ ပြုလုပ်ပေးခဲ့ပြီး ၎င်းတို့ကိုလည်း အသိအမှတ်ပြု ကျေးဇူးတင်အပ်ပါသည်။

အထက်ဖော်ပြပါ ပုဂ္ဂိုလ်များအပြင် NRGI မှ Liz McGrath နှင့် Rob Pitman၊ International IDEA ၏ Knowledge Prouct Committee အဖွဲ့ဝင်များနှင့် Kgothatso Semela Serote တို့၏ အသေးစိတ် ဖတ်ရှုလေ့လာ သုံးသပ်ပေးမှုအတွက် ကျွန်ုပ်တို့က ကျေးဇူးတင်အပ်ပါသည်။

နိုင်ငံအလိုက် လေ့လာမှုများ (Case Studies) ကို NRGI မှ Kaisa Toroskainen ၊ Femke Brouwer ၊ Adams Fusheini ၊ Laury Haytayan ၊ Alonso Hidalgo နှင့် Fernando Patzy တို့က ရေးသားပေးခဲ့ပြီး Tricia Yeoh က အကြံပေးအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ လေ့လာမှုများကို NRGI မှ Matteo Pellegrini ၊ Famke Brouwer နှင့် Andrew Bauer နှင့် International IDEA မှ Frank Kayitare ၊ Alberto Fernandez နှင့် ဒေသန္တရ ရုံးခွဲများက ဖတ်ရှု လေ့လာ သုံးသပ်ပေးခဲ့ပါသည်။ ကျွန်ုပ်တို့အနေဖြင့် Emmanuel Kuyole ၊ Samuel Bekoe ၊ Duma Gqubule နှင့် Einar Steensnæs တို့အား နိုင်ငံအလိုက် လေ့လာမှုများကို စစ်ဆေး ဖတ်ရှုပေးသည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါသည်။

## စကားချီး

၂၀၀၃ ခုနှစ် နှင့် ၂၀၀၆ ခုနှစ်ကြားတွင် ကြေးနီဈေး လေးဆ တက်ခဲ့ပါသည်။ ကမ္ဘာပေါ်တွင် ကြေးနီ အများဆုံး ထွက်ရှိသော ချီလီနိုင်ငံတွင် ထိုနှစ်များအတွင်း ကြေးနီမှရရှိသော ဝင်ငွေ အမြောက်အများ ရရှိခဲ့ပါသည်။ သို့သော်လည်း ယခုအခါတွင် အားလုံးသိကြသည့်အတိုင်းပင် ကြေးနီနှင့် အခြားထွက်ကုန် များ ပိုင်ဆိုင်မှုသည် ကြာရှည်မခံဘဲ ဈေးနှုန်းများမှာလည်း ထိုအချိန်မှစ၍ ကျဆင်းလာခဲ့ပါသည်။ ယေဘုယျအားဖြင့် ကုန်ပစ္စည်း ဈေးနှုန်းများသည် အတက်အကျ မြန်ပြီး ခန့်မှန်းရ ခက်ပါသည်။ ထို့ကြောင့် သယံဇာတ ဈေးနှုန်းများ အပြောင်းအလဲ၏ ဘဏ္ဍာရေးအခြေအနေ ကောင်းမွန်မှုအပေါ် သက်ရောက်မှု ကြောင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးသည် သဘာဝ သယံဇာတ တစ်မျိုး၏ ဈေးနှုန်းအပေါ် မှီခိုအားထား၍ မရပါ။ သို့ဆိုလျှင် ထိုသို့ အပြောင်းအလဲမြန်သော ပတ်ဝန်းကျင်မျိုးကို နိုင်ငံတစ်နိုင်ငံအနေဖြင့် မည်သို့များ ကိုင်တွယ်ဆောင်ရွက်ရပါမည်နည်း။

သယံဇာတ ကြွယ်ဝသော နိုင်ငံတစ်နိုင်ငံ၏ အစိုးရတစ်ရပ်အနေဖြင့် သယံဇာတများမှ ဝင်ငွေအမြောက် အများ ရရှိသောအခါတွင် အလျှံအပယ် သုံးစွဲလိုစိတ် ဖြစ်လာနိုင်ပါသည်။ ထိုသို့ သုံးစွဲလိုက်ပါက ထို အစိုးရအဖွဲ့အတွက် ရေတိုတွင် ထောက်ခံမှု ရရှိနိုင်ဖွယ် များစွာရှိပြီး နောက်တစ်ကြိမ် ရွေးကောက်ပွဲတွင် ၎င်းတို့အတွက် အခြေအနေ ကောင်းနိုင်ပါသည်။ သို့သော် ရေရှည်တွင် ထိုမူဝါဒများသည် ဘယ်လောက်ထိ အန္တရာယ်ရှိလာနိုင်တယ် ဆိုတာကို ကျွန်ုပ်တို့ သိမြင်ကြပြီးဖြစ်ပါသည်။

ကံကောင်းစွာပင် ချီလီနိုင်ငံ ကိစ္စရပ်က ထူးခြားနေပါသည်။ ကျွန်ုပ်တို့၏ အဓိက ပို့ကုန်နှင့် သယံဇာတ ဖြစ်သော ကြေးနီမှရရှိသည့် ဝင်ငွေများ ၂၀၀၀ ပြည့်နှစ်များတွင် များစွာ တိုးပွားလာသော်လည်း တိုင်းပြည်၏ အဓိက နိုင်ငံရေးဆောင်ရွက်သူများက ဝင်ငွေများကို တာဝန်ယူမှုရှိစွာ စီမံခန့်ခွဲပြီး စီးပွားရေး မရေရာမှုနှင့် အပြောင်းအလဲ မြန်ဆန်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်စေရန် သဘောတူညီချက် များစွာကို ဒီမိုကရက်တစ်နည်းဖြင့် ပြုလုပ်နိုင်ခဲ့ပါသည်။

ထိုရည်ရွယ်ချက်ဖြင့် ချီလီနိုင်ငံသည် ၂၀၀၆ ခုနှစ် နှင့် ၂၀၀၇ ခုနှစ်တို့တွင် နိုင်ငံရေး ဘုံသဘောတူညီချက် တည်ဆောက်ရေး လုပ်ငန်းစဉ်မှတစ်ဆင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ပြီး ၎င်းတို့တွင် ဘဏ္ဍာရေး ဆိုင်ရာ တာဝန်ယူမှု ဥပဒေကြမ်း (Fiscal Responsibility Bill) အား အတည်ပြုခြင်းနှင့် နောက်ပိုင်း တွင် စီးပွားရေးနှင့် လူမှုရေး တည်ငြိမ်မှုဆိုင်ရာ ရန်ပုံငွေ (Economic and Social Stabilization Fund) တည်ထောင်ခြင်းတို့ ပါဝင်ခဲ့ပါသည်။ ထိုဆောင်ရွက်မှုများသည် မျှော်မှန်းမထားသော ကမ္ဘာလုံး ဆိုင်ရာ စီးပွားရေး ရိုက်ခတ်မှုများနှင့် ပစ္စည်းဈေးနှုန်း အပြောင်းအလဲများကို ရင်ဆိုင်ရာတွင် တိုင်းပြည် အား ပိုမိုလုံခြုံသော အနေအထားမှာ ရှိစေပါသည်။ ထို့ပြင် ထိုဆောင်ရွက်မှုများသည် ချီလီနိုင်ငံသား အားလုံး၏ ဘဝများတွင် ရေရှည်တည်တံ့သော တိုးတက်မှုများ ဖန်တီးပေးရန် ရည်ရွယ်သည့် ရေရှည် မူဝါဒများ အကောင်အထည် ဖော်နိုင်စေသော ဘဏ္ဍာရေး တည်ငြိမ်မှုကိုလည်း ချီလီနိုင်ငံအား ရရှိစေပါ သည်။

တစ်ချိန်တည်းမှာပင် ကျွန်ုပ်တို့ မျှော်လင့်ထားသည်ထက် ပို၍ နှေးသော်လည်း အခြားကိစ္စရပ်တစ်ခုတွင် ဘုံ သဘောတူညီမှု ရရှိရန် ပို၍ နီးစပ်လာပြီဖြစ်ပြီး ထိုကိစ္စရပ်မှာ ကျွန်ုပ်တို့၏ စီးပွားရေး စနစ်အား သယံဇာတ တူးဖော်မှုနှင့် အဓိက ကုန်ပစ္စည်းများ တင်ပို့မှုအပေါ် အခြေခံရာမှ အသိပညာ ဗဟုသုတ အပေါ် အခြေခံသော စနစ်သို့ မည်သို့ ပြောင်းလဲကြမည်ဟူသော ကိစ္စရပ် ဖြစ်ပါသည်။ ယနေ့ခေတ် နိုင်ငံများအားလုံးကဲ့သို့ပင် ကျွန်ုပ်တို့အနေဖြင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ရရှိရန်အတွက် အကောင်းဆုံး အခြေအနေများကို ဖန်တီးရသော စိန်ခေါ်မှုကို ရင်ဆိုင်ရပါသည်။

ချီလီနိုင်ငံအား ကျွန်ုပ်တို့၏ သယံဇာတများမှ ရေရှည်တည်တံ့ပြီး အားလုံးပါဝင်သော နိုင်ငံဖွံ့ဖြိုးတိုးတက် မှုသို့ ပြောင်းလဲစေနိုင်သည့် ဤနိုင်ငံရေး အခင်းအကျင်းမှာ မူဝါဒများ၊ အစီအစဉ်များနှင့် အချေအတင် ဆွေးနွေးပွဲများအပေါ် အခြေခံသည့် ခိုင်မာသော ပါတီစနစ် မရှိဘဲ ဖြစ်မလာနိုင်ပါ။ လုံလောက်သော နိုင်ငံရေး ပတ်ဝန်းကျင်မျိုး ဖန်တီးပေးခြင်းအတွက် အခြေခံ သော့ချက်ကို ထိုစနစ်တွင် အတိအကျ

တွေ့ရှိနိုင်ပါသည်။ ပါတီများအနေဖြင့် ဘက်လိုက်သော နိုင်ငံရေးကို ကျော်လွှားနိုင်ပြီး မူဝါဒ အစစ်အမှန်များဖြင့် နိုင်ငံသားများကို ဆွဲဆောင်နိုင်သောအခါတွင် အုပ်ချုပ်မှု၏ အဓိက အစိတ်အပိုင်းများနှင့် ပတ်သက်ပြီး ဘုံသဘောတူညီချက် ပြုလုပ်ရန် ဖြစ်နိုင်ပါသည်။ ထို့ပြင် စီစဉ်ထားသော မူဝါဒများသည် ပါတီများအပေါ် တာဝန်ခံမှုနှင့်ပတ်သက်၍ ထပ်ဆောင်း အလွှာတစ်ခု ဖန်တီးပေးပါသည်။

အဆိုပါ အကြောင်းအရင်းများကြောင့် ကျွန်ုပ်အနေဖြင့် ဤထုတ်ဝေမှုသည် အချိန်သားကိုက် ဖြစ်ရုံသာမက နိုင်ငံတစ်နိုင်ငံအနေဖြင့် ၎င်း၏ သဘာဝ သယံဇာတများကို စီမံခန့်ခွဲသည့် နည်းလမ်းအပေါ် သက်ရောက်မှုရှိသော အခြေခံ ကိစ္စရပ်ကို ဆွေးနွေးထားပါသည်။ Agenda 2030 for Sustainable Development တွင် ဖော်ပြထားသည့်အတိုင်း လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် ကျွန်ုပ်တို့ ကမ္ဘာကြီး၏ သဘာဝ သယံဇာတများအား ရေရှည်တည်တံ့သော နည်းလမ်းဖြင့် စီမံခန့်ခွဲမှုအပေါ် မူတည်နေပါသည်။ နိုင်ငံရေး ရပ်တည်မှု ရေးဆွဲသတ်မှတ်ခြင်း လုပ်ငန်းစဉ်အား ပံ့ပိုးပေးခြင်းဖြင့် International IDEA နှင့် Natural Resource Governance Institute တို့သည် သဘာဝ သယံဇာတများအပေါ် ဒီမိုကရေစီစနစ် ကျင့်သုံးခြင်းကို အထောက်အကူပေးနေပြီး အမျိုးသား ပိုင်ဆိုင်မှု၏ အနှစ်သာရကို ပေါ်လွင်စေကာ ၎င်းတို့၏ ရေရှည်တည်တံ့သော၊ အားလုံး ပါဝင်နိုင်သော ဖွံ့ဖြိုးတိုးတက်မှုသို့ အသွင်ပြောင်းလဲမှုကို များစွာ အထောက်အကူဖြစ်စေပါသည်။

**Michelle Bachelet**
ချီလီနိုင်ငံသမ္မတ (၂၀၀၆–၂၀၁၀၊ ၂၀၁၄–၂၀၁၈)

## နိဒါန်း

နိုင်ငံတစ်နိုင်ငံ၌ နိုင်ငံရေး ကိုယ်စားပြုမှု အတိုင်းအတာနှင့် ထိုနိုင်ငံ၏ အုပ်ချုပ်မှု စနစ်အကြား ခိုင်မာသော ဆက်စပ်မှုတစ်ရပ် ရှိပါသည်။ International IDEA ၏ တစ်ကမ္ဘာလုံးဆိုင်ရာ ဒီမိုကရေစီအဆင့် အညွှန်းကိန်း (Global State of Democracy Indices) နှင့် NRGI ၏ သယံဇာတ အုပ်ချုပ်မှု အညွှန်းကိန်း (Resource Governance Index – RGI) ဟူသော အဓိကကျသည့် သုတေသနလေ့လာမှု စီမံကိန်းနှစ်ခုအရ နိုင်ငံရေးအာဏာကို လွတ်လပ်စွာနှင့် တန်းတူညီမျှစွာ ရရှိနိုင်သည့်အခါတွင် သယံဇာတ တူးဖော်မှုမှ အကျိုးအမြတ် တန်ဖိုးအပြည့်အဝ ရရှိရန်နှင့် ရရှိလာသော ဝင်ငွေများကို စီမံခန့်ခွဲရန်အတွက် ပိုမိုခိုင်မာသော ဥပဒေများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် လုပ်ထုံးလုပ်နည်းများ ရှိပါသည်။ ဤအရာများသည် အရေးပါပါသည်။ ကောင်းမွန်သော အုပ်ချုပ်မှုသည် ခိုင်မာပြီး သတင်းအချက်အလက် အပြည့်အဝ ရရှိထားသော နိုင်ငံရေးပါတီများ၏ ပံ့ပိုးမှုကို ရရှိသောအခါတွင် သယံဇာတ ကြွယ်ဝသော တိုင်းပြည်များတွင် လက်ရှိ ဆင်းရဲနွမ်းပါးမှုဒဏ် ခံစားနေရသည့် လူပေါင်း ၁.၈ ဘီလီယံကျော်အတွက် ရေရှည်တည်တံ့ပြီး တန်းတူညီမျှသော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ပေးနိုင်မည့် အလားအလာရှိပါသည်။

ကံမကောင်းစွာပင် ကမ္ဘာပေါ်ရှိ မတူညီသော ဒေသများတွင် မကြာသေးမီက ဖြစ်ပေါ်ခဲ့သော အကြီးစား အဂတိလိုက်စားမှုဆိုင်ရာ မကောင်းသတင်းများက ဖော်ပြနေသည့်အတိုင်း နိုင်ငံရေးပါတီများသည် တစ်ခါတစ်ရံတွင် ရွေးကောက်ပွဲ စည်းရုံးရေးလှုပ်ရှားမှု အစီအစဉ်များ၏ တဖြည်းဖြည်း မြင့်တက်လာသော ကုန်ကျစရိတ်များကြောင့် တာဝန်ခံမှုစနစ်များ အားနည်းသောအခါတွင် သယံဇာတအုပ်ချုပ်မှု ရလဒ်များအပေါ် အပျက်သဘောဆောင်သော သက်ရောက်မှု ရှိလာနိုင်ပြီး သယံဇာတများကို စီမံခန့်ခွဲမှု မှားယွင်းကာ အဂတိလိုက်စားမှုကြောင့် ငွေကြေးများ ဆုံးရှုံးရပါသည်။

တာဝန်ယူမှုရှိသော စီးပွားရေး စီမံခန့်ခွဲမှုအတွက် ကောင်းမွန်သော လုပ်ထုံးလုပ်နည်းများ အမြဲတစေ ရှိမနေပါ။ ဂါနာနိုင်ငံတွင် ၂၀၀၈ ခုနှစ် ရွေးကောက်ပွဲများ မတိုင်ခင်ကာလ အဖြစ်အပျက်များတွင် ရေနံတွေ့ရှိပြီးခါစ၌ အဓိက နိုင်ငံရေးပါတီများသည် ရေနံတူးဖော်မှုကြောင့် တိုင်းပြည်က ရရှိမည့် ချမ်းသာကြွယ်ဝမှုနှင့်ပတ်သက်၍ တစ်ပါတီနှင့် တစ်ပါတီ ကတိများ အပြိုင်အဆိုင်ပေး၍ ယှဉ်ပြိုင်ခဲ့ကြပါသည်။ ဤအချက်ကြောင့် ပြည်သူများ၏ မျှော်မှန်းချက်များ မြင့်တက်လာကာ ရွေးကောက်ပွဲပြီးနောက် ရေနံဈေးများ မြင့်တက်နေစဉ်တွင် အလွန်အကျွံ သုံးစွဲမှုပြု၍ ဈေးနှုန်းများ ကျဆင်းသွားသောအခါတွင် ကြီးမားသော ဘတ်ဂျက်လိုငွေ ဖြစ်ပေါ်မှုနှင့် ငွေကြေးအမြောက်အများ ချေးယူခြင်းတို့ ဖြစ်လာခဲ့ပါသည်။

မည်သို့ပင်ဆိုစေကာမူ နိုင်ငံရေးပါတီများသည် နိုင်ငံသားများ၏ လိုသည်ထက်ပိုနေသော မျှော်မှန်းချက်များ၊ နိုင်ငံရေးအရ ရေတိုကို အာရုံစိုက်ခြင်းနှင့် ပဋိပက္ခ အစရှိသော သယံဇာတကြွယ်ဝမှုနှင့် ဆက်စပ်နေသည့် အကြီးမားဆုံး စိန်ခေါ်မှုအချို့ကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ကောင်းမွန်သော အနေအထားမှာလည်း ရှိနေပါသည်။ အာဏာရထားသည်ဖြစ်စေ၊ အတိုက်အခံဖြစ်နေသည်ဖြစ်စေ နိုင်ငံရေးပါတီများသည် အဓိကကျသော လုပ်ငန်းကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် မူဝါဒ အကောင်အထည်ဖော်မှုတို့ကိုလည်း ကူညီကိုင်တွယ် ဖြေရှင်းပေးနိုင်ပါသည်။ ၂၀၁၇ ခုနှစ် သယံဇာတ စီမံအုပ်ချုပ်မှု အညွှန်းကိန်းက မီးမောင်းထိုးပြနေသည့်အတိုင်း ဥပဒေအဖြစ် ပြဋ္ဌာန်းထားသည်နှင့် လက်တွေ့တွင် အမှန်တကယ် ကျင့်သုံးမှုအကြား ကွာဟချက် ကျယ်ပြန့်စွာ ရှိနေပါသည်။ ထိုကွာဟချက် ဖြစ်ပေါ်ရခြင်းမှာ အကန့်အသတ်ဖြစ်နေသော လုပ်ဆောင်နိုင်စွမ်းကြောင့်သာလျှင် မကဘဲ အဂတိလိုက်စားမှုကို ကောင်းစွာ ထိန်းချုပ်နိုင်ခြင်း မရှိသောကြောင့်လည်း ဖြစ်ပါသည်။

ကျွန်ုပ်တို့ အဖွဲ့အစည်းများသည် အထောက်အထား အခြေပြု သယံဇာတ မူဝါဒ ရပ်တည်မှုများ ဖော်ဆောင်ရန်နှင့် အကောင်အထည်ဖော်ရန် နိုင်ငံရေးပါတီများကို အထောက်အကူပေးခြင်းဖြင့် တုံ့ပြန်ဆောင်ရွက်ပေးခဲ့ပါသည်။ ကျွန်ုပ်တို့က ဂါနာနိုင်ငံတွင် ၂၀၁၆ ခုနှစ် ရွေးကောက်ပွဲများမတိုင်ခင် ရေနံ၊ ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်ရေးဆိုင်ရာ အုပ်ချုပ်မှုနှင့်ပတ်သက်၍ ပါတီစုံ မူဝါဒ အပြန်အလှန် ဆွေးနွေးမှုကို တွဲဖက် ပံ့ပိုးပေးခြင်းဖြင့် စတင်ခဲ့ပါသည်။ ကျွန်ုပ်တို့နှင့် လက်တွဲလုပ်ကိုင်ခဲ့သော နိုင်ငံ

ရေးပါတီ လေးခုက ဂါနာနိုင်ငံအနေဖြင့် ကြုံတွေ့နေရသော အဓိကကိစ္စရပ် အချို့အပေါ် အမျှော်အမြင်ရှိသော ရပ်တည်ချက်များ ပါဝင်သည့် အသေးစိတ် ရပ်တည်မှုများကို ရေးဆွဲနိုင်ခဲ့ပါသည်။ ၂၀၀၈ ခုနှစ် ရွေးကောက်ပွဲများတွင် ပြုလုပ်ခဲ့သလိုမျိုး ပြည်သူများကို မျှော်မှန်းချက် ကြီးကြီးမားမား ပေးမည့်အစား ရပ်တည်မှုအသစ်များသည် ပွင့်လင်းမြင်သာမှု၊ နောက်ကွယ်မှ အကျိုးခံစားခွင့်ရှိသော ပိုင်ဆိုင်မှု၊ စုဆောင်းငွေများနှင့် ချေးယူမှု အစရှိသော ကိစ္စရပ်များနှင့်ပတ်သက်၍ သတင်းအချက်အလက် ပိုမိုရရှိထားသော အများပြည်သူဆိုင်ရာ အပြန်အလှန် ဆွေးနွေးပွဲများ ဖြစ်ပေါ်လာအောင် ပံ့ပိုးပေးခဲ့ပါသည်။ ဤဆွေးနွေးမှု၏ အရှိန်အဟုန်သည် ထိုစဉ်ကတည်းက ဆက်လက်ဖြစ်ပေါ်နေခဲ့ပြီး အစိုးရ အဖွဲ့သည် အဆိုပြုထားသော ပြုပြင်ပြောင်းလဲမှု အချို့ဖြင့် ယခုအခါတွင် ရှေ့ဆက်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။

ဤအစီရင်ခံစာတွင် ဂါနာနိုင်ငံ၏ ရပ်တည်မှု ရေးဆွဲသတ်မှတ်ခြင်း လုပ်ငန်းစဉ်၏ အောင်မြင်မှုများနှင့် ရရှိလာသော သင်ခန်းစာများအပေါ် အခြေခံထားပြီး နိုင်ငံ ခြောက်ခုအပေါ် နိုင်ငံအလိုက် လေ့လာမှုများ အပြင် ပါတီများ၏ ပါဝင်ဆောင်ရွက်မှုနှင့် သယံဇာတအုပ်ချုပ်မှုဆိုင်ရာ ပိုမိုကျယ်ပြန့်သော ကောင်းမွန်သည့် လုပ်ထုံးလုပ်နည်းများမှ ရရှိသော အချက်အလက်များကိုလည်း ဖော်ပြထားပါသည်။ နိုင်ငံရေးပါတီများသည် ၎င်းတို့နိုင်ငံများရှိ သယံဇာတအုပ်ချုပ်မှု အရည်အသွေးအပေါ် ပိုမိုကောင်းမွန်လာအောင်ဖြစ်စေ၊ ပိုမိုဆုတ်ယုတ်သွားအောင်ဖြစ်စေ များစွာ သက်ရောက်မှုပြုနိုင်သည်မှာ အထင်အရှား တွေ့မြင်ရပါသည်။ နိုင်ငံရေးပါတီများသည် သယံဇာတ အုပ်ချုပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းသော အထောက်အထားအခြေပြု မူဝါဒ ရပ်တည်မှုများ ရေးဆွဲ သတ်မှတ်သင့်ကြောင်းကို ဤအစီရင်ခံစာတွင် ထောက်ပြထားပါသည်။ နိုင်ငံရေးပါတီများအနေဖြင့် ထိုကိစ္စအား မည်သို့ ဆောင်ရွက်နိုင်မည်နှင့်ပတ်သက်၍လည်း ဤအစီရင်ခံစာတွင် အကြံဉာဏ်ပေးထားပြီး ကျွမ်းကျင်သူများ၏ အကူအညီကို ရယူခြင်းဖြင့်သော်လည်းကောင်း၊ ဤအစီရင်ခံစာ၏ အဓိက အစိတ်အပိုင်းဖြစ်သော လက်တွေ့ဆောင်ရွက်ရမည့် လေ့ကျင့်ခန်းစာရွက်များ အသုံးပြုခြင်းဖြင့်လည်းကောင်း အပါအဝင် ဖြစ်ပါသည်။

ဤအစီရင်ခံစာတွင် ပါဝင်သော အသိပညာ ဗဟုသုတနှင့် လမ်းညွှန်မှုသည် နိုင်ငံရေးပါတီများအား သယံဇာတ အုပ်ချုပ်မှုဆိုင်ရာ ရှုပ်ထွေးသော စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် သယံဇာတ တူးဖော်မှုသည် နိုင်ငံသားများ အားလုံးအတွက် အကျိုးအမြတ် ရရှိစေသော ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ပေးစေရေးတွင် ပိုမိုတက်ကြွသော အခန်းကဏ္ဍမှ ပါဝင်လာစေရန် အထောက်အကူ ပေးလိမ့်မည်ဟု ကျွန်ုပ်တို့က မျှော်လင့်ပါသည်။

**Daniel Kaufmann**
ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်
Natural Resource Governance Institute

**Yves Leterme**
အတွင်းရေးမှူးချုပ်
International IDEA

## အစီရင်ခံစာ အနှစ်ချုပ်

နိုင်ငံရေးပါတီများသည် သဘာဝ သယံဇာတ အရင်းအမြစ်များအား ပွင့်လင်းမြင်သာမှု ရှိစွာ၊ တာဝန်ခံမှု ရှိစွာနှင့် တိုင်းပြည်၏ အကောင်းဆုံး ရေရှည်အကျိုးစီးပွားများအပေါ် ရှေးရှုလျက် စီမံခန့်ခွဲခြင်း ရှိစေရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ Natural Resource Governance Institute (NRGI) နှင့် International Institute for Democracy and Electoral Assistance (International IDEA) တို့ ပြုလုပ်ခဲ့သော သုတေသန လေ့လာမှုက နိုင်ငံရေးအရ ကိုယ်စားပြုပါဝင်မှု (ဆိုလိုသည်မှာ နိုင်ငံသားများအနေဖြင့် နိုင်ငံရေးအရ လုပ်ပိုင်ခွင့်ကို လွတ်လပ်စွာနှင့် တန်းတူညီမျှစွာ လက်လှမ်းမီနိုင်သည့် အတိုင်းအတာနှင့် သဘာဝ သယံဇာတများ စီမံခန့်ခွဲခြင်းအတွက် သတ်မှတ်ထားသော ဥပဒေများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ)နှင့် လုပ်ထုံးလုပ်နည်းများ၏ အားကောင်းမှုအကြား ခိုင်မာသော တိုက်ရိုက်ဆက်စပ်နေမှုကို ဖော်ပြခဲ့ပါသည်။

ဤဆက်စပ်မှုသည် တစ်ကမ္ဘာလုံးတွင် အရေးပါသည့် သက်ရောက်မှုများ ရှိခဲ့ပါသည်။ ရေနံ၊ ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်ခြင်းသည် သယံဇာတ ကြွယ်ဝသော နိုင်ငံများတွင် နေထိုင်သော လူဦးရေ ၁.၈ ဘီလျံကျော်အတွက် ရေရှည်တည်တံ့ပြီး တန်းတူညီမျှသော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ငွေကြေးထောက်ပံ့ပေးနိုင်ပါသည်။ သို့သော် သယံဇာတ ကြွယ်ဝမှုသည် 'သယံဇာတကျိန်စာ' ဟု သိထားကြသည့် ထူးခြားသော စိန်ခေါ်မှုများကိုလည်း ယူဆောင်လာပြီး ထိုစိန်ခေါ်မှုများကို သတင်းအချက်အလက် အပြည့်အစုံအပေါ် အခြေခံပြီး နှံ့စပ်သော မူဝါဒ ရပ်တည်မှုများ ရှိသည့် Programmatic ကျသော နိုင်ငံရေးပါတီများက ကူညီဖြေရှင်းရန် အနေအထားကောင်းတွင် ရှိပါသည်။

> **Programmatic ကျသော နိုင်ငံရေးပါတီများ** ဆိုသည်မှာ အဓိကအားဖြင့် မူဝါဒများ သတ်မှတ်ကာ ရွေးကောက်ပွဲများမှတဆင့် ထောက်ခံမှု ရယူပြီး တသတ်မတ်တည်းသော၊ ဆက်စပ်မှုရှိသော အယူဝါဒ ရပ်တည်မှုများကို အခြေခံ၍ အုပ်ချုပ်သော နိုင်ငံရေးပါတီများ ဖြစ်ပါသည်။

- **အာဏာရှင်ဆန်လာသည့် အလားအလာများနှင့် နိုင်ငံသားများ လွတ်လပ်စွာ ပါဝင်နိုင်မှုနည်းပါးခြင်း** – International IDEA ၏ တစ်ကမ္ဘာလုံးဆိုင်ရာ ဒီမိုကရေစီအဆင့် အညွှန်းကိန်း (Global State of Democracy Index) အရ သယံဇာတ ကြွယ်ဝသော ဖွံ့ဖြိုးဆဲနိုင်ငံများသည် ပျမ်းမျှအားဖြင့် နိုင်ငံရေးအရ ကိုယ်စားပြု ပါဝင်မှုကဲ့သို့ အဓိက နယ်ပယ်များတွင် သယံဇာတ မကြွယ်ဝသော အခြားဖွံ့ဖြိုးဆဲ နိုင်ငံများထက် ရမှတ် များစွာပို၍ နည်းပါသည်။[၁] ဤအချက်သည် စီးပွားရေးအပေါ် အရေးပါသော စိန်ခေါ်မှုတစ်ရပ် ဖြစ်နေပါသည်။ အကြောင်းမှာ ၂၀၁၇ ခုနှစ် သယံဇာတ စီမံအုပ်ချုပ်မှု အညွှန်းကိန်း (Resource Governance Index–RGI) တွင် ဖော်ပြထားသည့်အတိုင်း နိုင်ငံသားများ ပါဝင်နိုင်မှု အကန့်အသတ်ဖြင့်သာ ရှိသော နိုင်ငံများသည် ပုံမှန်အားဖြင့် သယံဇာတမှ ရရှိသော ဝင်ငွေများအား စီမံခန့်ခွဲခြင်းနှင့် တူးဖော်ထုတ်လုပ်မှုမှ အကျိုးအမြတ် အများဆုံးရရှိအောင် ဆောင်ရွက်ခြင်းတို့အတွက် ပိုမိုအားနည်းသော စနစ်များ ရှိသောကြောင့် ဖြစ်ပါသည်။[၂] သို့သော် အတိုက်အခံ ပါတီများနှင့် အာဏာရ ပါတီဝင်များသည် အချေအတင် ဆွေးနွေးရန် အခွင့်အလမ်းများ တိုးမြှင့်ခြင်း၊ ပြဿနာရှိသော မူဝါဒများကို မေးခွန်းထုတ် စိန်ခေါ်ခြင်းနှင့် နိုင်ငံသားများ လွတ်လပ်စွာ ပါဝင်နိုင်မှုအတွက် ပိုမိုကောင်းမွန်သည့် အကာအကွယ်များ တိုက်တွန်း တောင်းဆိုခြင်းတို့ လုပ်ဆောင်နိုင်ပါသည်။

- **ဥပဒေနှင့် လက်တွေ့အကြား အကောင်အထည်ဖော်မှုဆိုင်ရာ ကွာဟချက်** – ၂၀၁၇ ခုနှစ် သယံဇာတအုပ်ချုပ်မှု အညွှန်းကိန်းတွင် နိုင်ငံအများစုသည် သယံဇာတဆိုင်ရာ မူဝါဒများနှင့် ဥပဒေများ အကောင်အထည်ဖော်ရန် ရုန်းကန်နေကြရကြောင်း တွေ့ရှိခဲ့ပါသည်။ လက်ရှိ ဥပဒေမူဘောင် နှင့်

၁။ International IDEA ၏ တစ်ကမ္ဘာလုံးဆိုင်ရာ ဒီမိုကရေစီအဆင့် အညွှန်းကိန်းများကို ကြည့်ပါ။ <https://www.idea.int/gsod-indices/#/indices/world-map> တွင် ရယူနိုင်ပါသည်။

၂။ NRGI ၏ ၂၀၁၇ ခုနှစ် သယံဇာတ အုပ်ချုပ်မှု အညွှန်းကိန်းကို ကြည့်ပါ။ <http://resourcegovernanceindex.org/> တွင် ရယူနိုင်ပါသည်။

အရေးတကြီး အဖြစ်ဆုံး သယံဇာတအုပ်ချုပ်မှု ကိစ္စရပ်များနှင့်ပတ်သက်သော အခွင့်အလမ်းများ နှင့် ရရှိသောအကျိုးအတွက် ပေးဆပ်ရမှုများကို ပိုမိုကောင်းမွန်စွာ နားလည်အောင် အချိန်ယူခြင်းဖြင့် နိုင်ငံရေးပါတီများသည် ထိုသို့သော ကွာဟချက်များကို ဖော်ထုတ်ရန်နှင့် အစိုးရအဖွဲ့ တစ်ရပ်လုံး တွင် ပိုမိုကောင်းမွန်သော အကောင်အထည်ဖော်မှုကို တိုက်တွန်းတောင်းဆိုရန် ကောင်းမွန်သော အနေအထားမှာ ရှိမည်ဖြစ်ပါသည်။

- **အမှန်တကယ်နှင့် ထင်မြင်ယူဆရသော အဂတိလိုက်စားမှု** – သယံဇာတ တူးဖော်ရေးကဏ္ဍမှ အလွန်များပြားသည့် အခွန်တော်ငွေများ ရရှိနိုင်မှုနှင့် ယင်းကဏ္ဍ၏ လျှို့ဝှက်သည့် သဘောသဘာဝ သည် နိုင်ငံသားများ၏ အကျိုးစီးပွားထက် ကိုယ်ကျိုးရှာဖွေသည့် ယုတ်ညံ့သောသူများကို ဆွဲ ဆောင်နိုင်ပါသည်။ မူဝါဒဆိုင်ရာ ရွေးချယ်မှုများကို ရှင်းပြပြီး ပွင့်လင်းမြင်သာမှုနှင့် ကြီးကြပ်မှုနှင့် စပ်လျဉ်း၍ ခိုင်မာသော ကတိကဝတ်များ ပါဝင်သည့် အမျှော်အမြင်ရှိသော၊ ရှင်းလင်းသော သယံ ဇာတဆိုင်ရာ ရပ်တည်မှုများ ရေးဆွဲသတ်မှတ်ခြင်းဖြင့် ပါတီများသည် အဂတိလိုက်စားမှု အန္တရာယ် ကို လျှော့ချနိုင်ရုံသာမက အဂတိလိုက်စားမှု ဖြစ်ပွားခဲ့လျှင်လည်း အလျင်အမြန် တုံ့ပြန်ဆောင်ရွက်ရန် ပြင်ဆင်နိုင်ပါသည်။

- **ပဋိပက္ခ နှင့် ဒေသအလိုက် စိုးရိမ်မှုများ** – သယံဇာတ ကြွယ်ဝမှုသည် များသောအားဖြင့် နိုင်ငံ တစ်နိုင်ငံ၏ သေးငယ်သော ဒေသတစ်ခုတွင် စုပြုံနေတတ်ပြီး ထိုဒေသနှင့် အနီးဆုံးတွင် နေထိုင် သူများသည် ပုံမှန်အားဖြင့် ဆိုးရွားသော သက်ရောက်မှုများကို ပိုမိုခံစားရလေ့ရှိပါသည်။ ဤအချက် သည် ပဋိပက္ခ၊ အပြိုင်ဖြစ်နေသော အုပ်ချုပ်မှု ဖွဲ့စည်းပုံများနှင့် ပိုမိုများပြားသော အကျိုးအမြတ် ဝေစုအတွက် တောင်းဆိုမှုများ ဖြစ်ပေါ်လာစေနိုင်ပါသည်။ တိုင်ပင်ဆွေးနွေးမှုများနှင့် အများ ပါဝင် နိုင်သော ကိုယ်စားပြုမှုတို့မှတဆင့် နိုင်ငံရေးပါတီများအနေဖြင့် ဒေသခံလူထုများ၏ အသံများကို ကူညီမြှင့်တင်ပေးခြင်း၊ ဒေသအလိုက် စိုးရိမ်မှုများကို တုံ့ပြန်ခြင်းနှင့် ဒေသန္တရအဆင့်နှင့် နိုင်ငံတော် အဆင့် သဘောတူညီမှု ရရှိအောင် ကူညီခြင်းတို့ လုပ်ဆောင်နိုင်ပါသည်။

- **သတင်းအချက်အလက် မညီမျှမှု** – သယံဇာတ တူးဖော်ရေးကဏ္ဍမှ ကုမ္ပဏီများသည် များသော အားဖြင့် ၎င်းတို့ကုမ္ပဏီတွင်း ကျွမ်းကျင်မှု၊ ငွေကြေးများနှင့် သတင်းအချက်အလက် ရရှိနိုင်မှုတို့အရ နိုင်ငံအစိုးရများထက် များစွာ အားသာလေ့ရှိပါသည်။ ဤအချက်သည် လုပ်ငန်းသဘောတူစာချုပ် များ ဆွေးနွေးညှိနှိုင်းခြင်းများ အပေါ်သာမက ထိန်သိမ်းကြီးကြပ်မှု၊ အခွန်စနစ်နှင့် သဘာဝပတ်ဝန်း ကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာ တာဝန် ဝတ္တရားများအပေါ်လည်း သက်ရောက်မှုရှိပါသည်။ သယံ ဇာတဆိုင်ရာ ရပ်တည်မှုများ ရေးဆွဲသတ်မှတ်သောအခါ ပါတီများအနေဖြင့် ဤသတင်းအချက် အလက် ကွာဟမှုကို လျှော့ချရာတွင် အထောက်အကူဖြစ်အောင် အဓိက ပညာရပ်ဆိုင်ရာ ကိစ္စရပ် များအကြောင်း ပါတီတွင်း နားလည်သဘောပေါက်မှု မြှင့်တင်နိုင်ပါသည်။

- **နိုင်ငံသားများ၏ မြင့်မားသော မျှော်မှန်းချက်များနှင့် ရေတို စဉ်းစားခြင်း** – သဘာဝ သယံဇာတ ကြွယ်ဝမှုနှင့်ဆက်စပ်သော စီးပွားရေးအရ ကတိကဝတ်သည် ရုတ်တရက် စီးပွားရေး ဖွံ့ဖြိုးတိုးတက် မှု ကြီးကြီးမားမား ဖြစ်မည်ဟု နိုင်ငံသားများ၏ မျှော်မှန်းချက်များကို မြှင့်တင်နိုင်ပါသည်။ အဆိုပါ မျှော်မှန်းချက်များသည် အလွန်အကျွံ သုံးစွဲခြင်းနှင့် ချေးယူခြင်းတို့ကို အားပေးနိုင်ပြီး အစိုးရအား စုငွေ ရန်ပုံငွေများ တည်ထောင်ခြင်းကဲ့သို့ ရေရှည် ဆုံးဖြတ်ချက်များ ချမှတ်ရန် ခက်ခဲစေပါသည်။ သယံဇာတဆိုင်ရာ မူဝါဒ ရပ်တည်မှု ရေးဆွဲသတ်မှတ်ခြင်း လုပ်ငန်းစဉ်သည် ပါတီတစ်ခုအတွက် မတူညီသော မူဝါဒဆိုင်ရာ ရွေးချယ်နိုင်မှုများ၏ ကုန်ကျစရိတ်များနှင့် ရရှိသော အကျိုးအတွက် ပေးဆပ်ရမှုများကို စဉ်းစားရန်၊ အဓိက စီမံကိန်းနှင့် ဆက်စပ်သူများ နှင့် တိုင်ပင်ဆွေးနွေးရန်နှင့် သဘောတူညီမှု တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေရန် ပါတီ၏ ယေဘုယျ ရည်မှန်းချက် ကို အဓိက မဲဆန္ဒရှင်များနှင့် အခြားပါတီများထံ တင်ပြ ပြောဆိုရန် အခွင့်အလမ်းတစ်ရပ် ဖြစ်ပါ သည်။

- **ကဏ္ဍ မတည်ငြိမ်မှု** – ကုန်ပစ္စည်းဈေးနှုန်းများ အတက်အကျဖြစ်ပြီး ထိုဈေးနှုန်း အတက်အကျသည် အရင်းအမြစ်များကို အစိုးရက ထိရောက်စွာ သုံးစွဲနိုင်မှုအပေါ် အတားအဆီး ဖြစ်စေပါသည်။

သတင်းအချက်အလက် အပြည့်အစုံအပေါ် အခြေခံထားပြီး နှံ့စပ်သော သယံဇာတဆိုင်ရာ မူဝါဒ ရပ်တည်မှုတစ်ရပ် သတ်မှတ်ကျင့်သုံးခြင်းအားဖြင့် ပါတီများသည် ပြောင်းလဲသော အခြေအနေများကို တုံ့ပြန်ရန် ပိုမိုကောင်းမွန်သည့် အနေအထားမှာ ရှိနေပါမည်။

နိုင်ငံရေးပါတီများက သယံဇာတအုပ်ချုပ်မှုတွင် အခန်းကဏ္ဍတစ်ခုမှ ပါဝင်ခြင်းနှင့်ပတ်သက်၍ သာဓကများစွာ ရှိပြီး သာဓက အကောင်း၊ အဆိုး နှစ်မျိုးလုံး ရှိပါသည်။

- **နော်ဝေနိုင်ငံ** – နိုင်ငံရေးပါတီများသည် ကဏ္ဍတစ်ခုလုံးအတွက် မဟာဗျူဟာ၊ အမျိုးသား ရေနံ ရန်ပုံငွေ စီမံခန့်ခွဲမှုနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့မှု အပါအဝင် ရေနံကဏ္ဍ မူဝါဒများနှင့်ပတ်သက်ပြီး သဘောတူညီမှု ရယူရန် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြပါသည်။

- **အစ္စရေးနိုင်ငံ** – ၂၀၁၄ ခုနှစ် နှင့် ၂၀၁၆ ခုနှစ်အကြားတွင် အတိုက်အခံပါတီက ၎င်းတို့၏ တိုင်းပြည်သယံဇာတ စီမံအုပ်ချုပ်မှု မူဘောင်အား သိရှိနားလည်မှုကြောင့် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ စည်းမျဉ်းများအား ချိုးဖောက်ခဲ့သည့် အစိုးရ၏ တစ်ဖက်သတ်လုပ်ရပ်အား ပြန်လည်ပြင်ဆင်စေပြီး အုပ်ချုပ်ရေးအာဏာအပေါ် စစ်ဆေးထိန်းကြောင်းမှုများ ပြုလုပ်နိုင်ခဲ့ပါသည်။

- **တောင်အာဖရိကနိုင်ငံ** – အာဏာရ ပါတီအင်အားစု၏ မူဝါဒသတ်မှတ်ခြင်း လုပ်ငန်းစဉ်တွင် သတ္တုတွင်းကဏ္ဍအား နိုင်ငံပိုင် ပြုလုပ်ခြင်းအကြောင်း ဆွေးနွေးမှုများ ပါဝင်ခဲ့သည်။ သို့သော် သဘောထား ကွဲလွဲမှုများကြောင့် နောက်ပိုင်းတွင် အုပ်စုတစ်စုက ခွဲထွက်သွားပြီး ၂၀၁၃ ခုနှစ်တွင် ၎င်းကိုယ်ပိုင် နိုင်ငံရေးပါတီတစ်ခု ဖွဲ့စည်းခဲ့ပါသည်။

- **ဂါနာနိုင်ငံ** – ၂၀၀၇ ခုနှစ် ရေနံ တွေ့ရှိခဲ့ပြီးနောက် အဓိက ပါတီနှစ်ခုအကြား နိုင်ငံရေး ပြိုင်ဆိုင်မှုကြောင့် အခွန်ဘဏ္ဍာငွေဆိုင်ရာ စည်းမျဉ်းများကို ချိုးဖောက်၍ ရွေးကောက်ပွဲ မတိုင်မီ အလွန်အကျွံ ကတိပေးခဲ့ခြင်းနှင့် နောက်ပိုင်းတွင် ရေနံမှရရှိသော ဝင်ငွေများကို အလွန်အကျွံ အသုံးပြုခြင်းတို့ ဖြစ်ပေါ်ခဲ့ပါသည်။

- **မလေးရှားနိုင်ငံ** – ဒေသန္တရ အစိုးရထံ ဝင်ငွေခွဲဝေခြင်းနှင့်ပတ်သက်ပြီး ငြင်းခုံဆွေးနွေးမှုများ အရှိန်မြင့်တက်လာမှုကြောင့် အာဏာရ ပါတီနှင့် အတိုက်အခံ အင်အားစုများ၏ မူဝါဒ သတ်မှတ်ခြင်း လုပ်ငန်းစဉ်များအကြား အဓိက ကွာခြားချက်များ ပေါ်လွင်လာခဲ့ရုံသာမက ပါတီတွင်း အပြန်အလှန် ဆွေးနွေးမှုကိုလည်း မြင့်တက်စေခဲ့ပါသည်။

- **ပီရူးနိုင်ငံ** – နိုင်ငံရေးပါတီများသည် ဓာတ်ငွေ့တူးဖော်မှု လုပ်ငန်းသဘောတူညီချက်အား ပြန်လည်ညှိနှိုင်း ဆွေးနွေးခြင်းကို ၂၀၁၆ ခုနှစ် ရွေးကောက်ပွဲတွင် အဓိက ကိစ္စရပ်အဖြစ် ဆွေးနွေး ပြောဆိုခဲ့ကြရုံသာမက လူကြိုက်များရေး ဝါဒ နှင့် ပုဂ္ဂိုလ် နိုင်ငံရေးတို့သည် အထောက်အထား အခြေပြု မူဝါဒ ချမှတ်ခြင်းအပေါ် အတားအဆီး ဖြစ်စေနိုင်ပုံကိုလည်း မီးမောင်းထိုးပြပါသည်။

သတင်းအချက်အလက် အပြည့်အစုံအပေါ် အခြေခံပြီး နှံ့စပ်သော သယံဇာတဆိုင်ရာ မူဝါဒ ရပ်တည်မှုများ ရေးဆွဲသတ်မှတ်ခြင်းဖြင့် ပါတီများအနေဖြင့် ၎င်းတို့၏ တိုင်းပြည်သည် သယံဇာတများ တူးဖော်ခြင်းမှ အကောင်းဆုံး အကျိုးအမြတ် ရရှိကာ နိုင်ငံသားများ၏ ရေရှည် အကျိုးစီးပွားကို ရှေးရှုလျက် ဝင်ငွေများကို စီမံခန့်ခွဲပြီး သယံဇာတ ကျိန်စာအား ရှောင်ကြဉ်နိုင်စေရန် အကူအညီပေးနိုင်ပါသည်။

သဘာဝ သယံဇာတဆိုင်ရာ မူဝါဒ ရပ်တည်မှု ရေးဆွဲသတ်မှတ်ခြင်း လုပ်ငန်းစဉ်သည် အောက်ပါတို့ လိုအပ်သည် –

- ရှင်းလင်းသော ရည်ရွယ်ချက်နှင့် အကျုံးဝင်မှု နယ်ပယ်
- ပါတီ၏ အမြင့်ဆုံး အဆင့်များနှင့် ရပ်တည်မှု ရေးဆွဲရန် တာဝန်ရှိသူများမှ လေးနက်စွာ ဆောင်ရွက်မှု
- ရေးဆွဲခြင်းနှင့် အတည်ပြုချက် ရယူခြင်းအတွက် စနစ်တကျ စီစဉ်ဆောင်ရွက်ခြင်း
- ကဏ္ဍအလိုက် ကျွမ်းကျင်သူများ၏ ပံ့ပိုးမှုနှင့် ကျယ်ပြန့်သော တိုင်ပင်ဆွေးနွေးမှုများအပေါ် အခြေခံ၍ မတူညီသော ကိစ္စရပ် နယ်ပယ်များအား အသေးစိတ် ခွဲခြမ်းစိတ်ဖြာ သုံးသပ်ခြင်း

မူဝါဒ ရပ်တည်မှု ရေးဆွဲသတ်မှတ်ခြင်း လုပ်ငန်းစဉ်အား စတင်ခြင်း၊ ဒီဇိုင်းဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း ဟူသော တန်းတူ အရေးကြီးသည့် အဆင့် သုံးဆင့် အဖြစ်သို့ ယေဘုယျအားဖြင့် ခွဲခြားနိုင်ပါသည်။ ထိုအဆင့်များထဲတွင် အချိန် အယူရဆုံး အဆင့်မှာ အကောင်အထည်ဖော်ခြင်း အဆင့်ဖြစ်ပြီး လုပ်ငန်းစဉ်၏ လုပ်ငန်းအဖွဲ့တွင် ပါဝင်သူများသည် သဘာဝ သယံဇာတ အုပ်ချုပ်မှု ဆုံးဖြတ်ချက် ကွင်းဆက် ရှိ ကိစ္စရပ် နယ်ပယ်အားလုံးကို ဂရုတစိုက် ထည့်သွင်းစဉ်းစားခြင်းအတွက် အချိန်ပေးရန် လိုအပ်ပါသည်။ တိုင်းပြည်က ရင်ဆိုင်နေရသော အဓိက ကိစ္စရပ်များနှင့်ပတ်သက်ပြီး အဓိပ္ပာယ်ရှိသော ရပ်တည်မှုများ ရေးဆွဲသတ်မှတ်ရန်အလို့ငှာ လုပ်ငန်းအဖွဲ့သည် လူထု၏ လက်ရှိ ရပ်တည်မှု၊ တည်ဆဲဥပဒေ၊ ဌာနဆိုင်ရာ မူဘောင်နှင့် မတူညီသော မူဝါဒဆိုင်ရာ ရွေးချယ်မှုများနှင့်ဆက်စပ်နေသည့် ကုန်ကျစရိတ်များ နှင့် ရရှိသော အကျိုးအတွက် ပေးဆပ်ရမှုများကို မဖြစ်မနေ ဆန်းစစ် အကဲဖြတ်ရပါမည်။ ဤလုပ်ငန်းကဏ္ဍနှင့် အလွန် ပညာရပ်ဆန်သော သဘော သဘာဝကြောင့် ပါတီများအနေဖြင့် ကျွမ်းကျင်သူများ၏ အထောက်အပံ့ နှင့် ပံ့ပိုးကူညီမှုတို့မှ လည်း များစွာ အကျိုးကျေးဇူး ရရှိမည်ဖြစ်ပါသည်။[၃]


သဘာဝ သယံဇာတအုပ်ချုပ်မှု ဆုံးဖြတ်ချက် ကွင်းဆက် သည် စမ်းသပ်တိုင်းတာခြင်းနှင့် ရှာဖွေတွေ့ရှိခြင်းမှစပြီး ဝင်ငွေများ သုံးစွဲခြင်း အထိ သယံဇာတ ကြွယ်ဝမှုကို ရေရှည် တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအဖြစ်သို့ ပြောင်းလဲခြင်း လုပ်ငန်းစဉ်တွင် နိုင်ငံ အစိုးရများက ပြုလုပ်ရသည့် ဆုံးဖြတ်ချက် အဆင့်ဆင့် ဖြစ်ပါသည်။

နိုင်ငံရေးပါတီများသည် သယံဇာတ ကြွယ်ဝမှု၏ ထူးခြားသော နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ကြောင်း ဤအစီရင်ခံစာတွင် တွေ့ရှိရပါသည်။ အခန်း ၁ တွင် သယံဇာတ ကြွယ်ဝသော နိုင်ငံများမှ Programmatic ကျသော ပါတီများသည် ဘာကြောင့် သယံဇာတ အုပ်ချုပ်မှုတွင် အထူးသဖြင့် အရေးပါကြောင်းကို ဖော်ပြထားပြီး အခြားစီမံကိန်းနှင့် ဆက်စပ်သူများသည် ပါတီ၏ ရပ်တည်မှုများ၊ ပါတီတစ်ခုနှင့်တစ်ခုအကြား အပြန်အလှန် ဆွေးနွေးမှု၏ အကျိုးကျေးဇူးများနှင့် အပြန်အလှန် အကျိုးသက်ရောက်ပုံ နည်းလမ်းများကို ဖော်ပြထားပါသည်။ အခန်း ၂ တွင် နိုင်ငံရေးပါတီ အချို့က သယံဇာတ အုပ်ချုပ်မှုတွင် ပါဝင်ခဲ့သော အခန်းကဏ္ဍများနှင့် ပတ်သက်၍ နိုင်ငံအလိုက် လေ့လာမှု ၆ ခုကို ဖော်ပြထားပြီး ထိုလေ့လာမှုများကို အစီရင်ခံစာ တစ်ခုလုံး၌ ကိုးကားထားပါသည်။ နောက်ဆုံးအခန်းနှင့် ၎င်းနှင့် ပူးတွဲပါရှိသော လေ့ကျင့်ခန်း စာရွက်များသည် နိုင်ငံရေးပါတီများအား သဘာဝ သယံဇာတဆိုင်ရာ ပဋိညာဉ်စာချုပ်မှု စံနှုန်းသတ်မှတ်ရေး မူဘောင် (Natural Resource Charter Benchmarking Framework) နှင့် သယံဇာတ အုပ်ချုပ်မှု အညွှန်းကိန်း (Resource Governance Index) တို့အပေါ် အခြေခံ၍ ၎င်းတို့၏ ကိုယ်ပိုင် မူဝါဒ ရပ်တည်မှုများ ရေးဆွဲသတ်မှတ်နိုင်အောင် အကူအညီပေးမည့် လက်တွေ့ အသုံးတည့်သော လမ်းညွှန်းတစ်ရပ် ဖြစ်ပါသည်။ အကြောင်းအရာ အားလုံးသည် NRGI နှင့် International IDEA တို့၏ အတွေ့အကြုံနှင့် သုတေသန အသစ်၊ ခွဲခြမ်းစိတ်ဖြာ သုံးသပ်မှု အသစ်တို့အပေါ် အခြေခံထားပါသည်။

၃။ International IDEA နှင့် NRGI တို့အပြင် အာဂျင်တီးနားနိုင်ငံမှ Fundacion RAP ကဲ့သို့သော အဖွဲ့အစည်းများကလည်း ဤနယ်ပယ်တွင် အရေးပါသော အလုပ်အချို့ ဆောင်ရွက်ပေးခဲ့ပါသည်။ ထပ်မံသိရှိလိုပါက <https://fundacionrap.org/> ကို ကြည့်ပါ။

၂၀၁၅ – ၂၀၁၆ ခုနှစ်တွင် NRGI နှင့် International IDEA တို့သည် ဂါနာနိုင်ငံက ရင်ဆိုင်နေရသည့် အရေးအကြီးဆုံး ကိစ္စရပ်အချို့နှင့်ပတ်သက်သည့် သယံဇာတဆိုင်ရာ အသေးစိတ် မူဝါဒရပ်တည်မှုများ ရေးဆွဲသတ်မှတ်ရန် နိုင်ငံရေးပါတီများနှင့် အနီးကပ် ပူးပေါင်းလုပ်ကိုင်ခဲ့ပါသည်။ အဆိုပါရပ်တည်မှုများအား ပါတီများ၏ ၂၀၁၆ ခုနှစ် မဲဆွယ်စည်းရုံးရေး မူဝါဒတွင် ထည့်သွင်းခဲ့ပြီး ပွင့်လင်းမြင်သာမှု၊ နောက်ကွယ်မှ အကျိုးခံစားခွင့်ရှိသော ပိုင်ဆိုင်မှုနှင့် ဝင်ငွေစီမံခန့်ခွဲမှု အစရှိသော အကြောင်းအရာများနှင့်ပတ်သက်ပြီး ပိုမိုပြည့်စုံသော သတင်းအချက်အလက်အပေါ် အခြေခံသည့် အများပြည်သူဆိုင်ရာ ငြင်းခုံဆွေးနွေးမှု ဖြစ်ပေါ်လာအောင် အထောက်အကူ ပြုခဲ့ပါသည်။ ဤအချက်သည် ဝင်ငွေများ၏ ပမာဏများနှင့် ထိုဝင်ငွေများက ဖြစ်ပေါ်စေမည့် ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ လူထု၏ မျှော်မှန်းချက်များကို မြင့်တက်စေခဲ့သည့် ယခင် မဲဆွယ်စည်းရုံးပွဲများတွင် ပြဿနာဖြစ်စေခဲ့သော အခြေအမြစ် မရှိ ဆွဲဆောင် ပြောဆိုမှုမှ ကွဲထွက်လာသော အရေးပါသည့် အပြောင်းအလဲတစ်ရပ် ဖြစ်ခဲ့ပါသည်။ ယခုအခါတွင် ပါတီများအတွက် တည်ရှိနေသော သယံဇာတများနှင့်ပတ်သက်ပြီး လက်တွေ့ကျသော အမြင်ရှိစေရန်နှင့် ရွေးကောက်ပွဲ စည်းရုံးရေးပွဲများတွင် အလွန်အကျွံ ကတိမပြုရန် လမ်းပြမြေပုံတစ်ခု ရှိနေပါသည်။

## မူဝါဒ ရပ်တည်မှု ရေးဆွဲသတ်မှတ်ရေး လုပ်ငန်းစဉ်





Suthep Kritsanavarin for NRGI

# နိုင်ငံရေးပါတီများသည် သယံဇာတအုပ်ချုပ်မှုတွင် အဓိကကျသော ဆောင်ရွက်သူများ ဖြစ်ရသည့် အကြောင်းအရင်း

သဘာဝ သယံဇာတ ကြွယ်ဝသော နိုင်ငံများသည် ၎င်းကြွယ်ဝမှုအား ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအဖြစ်သို့ ပြောင်းလဲရန် အခွင့်အလမ်းရှိပါသည်။ ကံမကောင်းစွာပင် နိုင်ငံများစွာသည် အားနည်းသောစနစ်များ၊ ပဋိပက္ခဖြစ်ပွားရန် အလားအလာ ပိုများခြင်း၊ ယိုယွင်းသွားသော စီးပွားရေးနှင့် ၎င်းတို့၏ တွင်းထွက် အရင်းအမြစ်များ ကုန်ခမ်းသွားပြီးနောက်တွင် ပိုမိုနည်းပါးသော ဖွံ့ဖြိုးတိုးတက်မှုတို့ကို ကြုံတွေ့ကြပါသည်။ သယံဇာတ ကျိန်စာဟု သမုတ်ကြသော ၎င်းဖြစ်စဉ်သည် သယံဇာတ ကြွယ်ဝမှု၏ ထူးခြားသော လက္ခဏာများနှင့် ဆက်စပ်နေပြီး ထိုလက္ခဏာများမှာ အရင်းအမြစ်များသည် အကန့်အသတ်ဖြင့်သာ ရှိခြင်း၊ ကုန်ခမ်းသွားနိုင်ခြင်း၊ အချို့သော ပထဝီမြေ နေရာများတွင်သာ တစ်စုတစ်စည်းတည်း အမြောက်အများ တည်ရှိခြင်းတို့ ဖြစ်ပါသည်။ သို့သော်လည်း ၎င်းကျိန်စာသည် အလိုအလျောက်ကျသင့်သည်တော့ မဟုတ်ဘဲ သယံဇာတ ကြွယ်ဝသော နိုင်ငံများမှ မူဝါဒ ချမှတ်သူများနှင့် ပြည်သူလူထုသည် အဆိုပါ သယံဇာတများ တူးဖော်ခြင်းသည် ရေရှည်တည်တံ့သော ချမ်းသာကြွယ်ဝမှု ဖြစ်ပေါ်လာစေမည့် အလားအလာများကို ပိုမိုကောင်းမွန်စေမည့် ရွေးချယ်မှုများကို ပြုလုပ်နိုင်ကြပါသည်။ ပြီးခဲ့သော ဆယ်စုနှစ်အတွင်း ကျင့်သုံး လုပ်ဆောင်သူများနှင့် ပညာရှင်များသည် သယံဇာတ တူးဖော်မှုစက်ဝန်းတစ်ခုလုံးတွင် အစိုးရများက ပြုလုပ်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပိုမိုဖြစ်လာနိုင်ခြေရှိမည့် ဆုံးဖြတ်ချက်များကို ဖော်ထုတ်ရန် ကြိုးပမ်းခဲ့ကြပါသည်။[၆]

နိုင်ငံရေးပါတီများသည် သယံဇာတ ကြွယ်ဝသော တိုင်းပြည်များအား ရေရှည်ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ပေးသော မူဝါဒများကို ချမှတ် ကျင့်သုံးနိုင်ရန် အကူအညီပေးရာတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နိုင်ပါသည်။ International IDEA ၏ တစ်ကမ္ဘာလုံးဆိုင်ရာ ဒီမိုကရေစီအဆင့် အညွှန်းကိန်း (Global State of Democracy Indices) က တိုင်းတာခဲ့သည့်အတိုင်း နိုင်ငံရေး ကိုယ်စားပြုပါဝင်မှု၏ အတိုင်းအတာသည် NRGI ၏ သယံဇာတ အုပ်ချုပ်မှု အညွှန်းကိန်း (Resource Governance Index) က တိုင်းတာခဲ့သည့်အတိုင်း သဘာဝ သယံဇာတများထံမှ အကျိုးအမြတ်ရရှိခြင်းနှင့် ရရှိလာသော ဝင်ငွေများကို ထိရောက်စွာ စီမံခန့်ခွဲခြင်း အစရှိသော သယံဇာတ အုပ်ချုပ်မှု၏ အစိတ်အပိုင်းများနှင့် အခိုင်အမာ ဆက်စပ်နေပါသည်။[၇] ၎င်းအချက်ကို ကြည့်ခြင်းအားဖြင့် နိုင်ငံရေးပါတီများသည် ထင်မြင်ချက်များကို လွတ်လပ်စွာ စုစည်း ထုတ်ဖော်ခွင့် ရှိပြီး ပြည်သူများသည် ရွေးကောက်ခံ ကိုယ်စားလှယ်များကို လွတ်လပ်စွာနှင့် မျှတစွာ မဲပေးခွင့်ရှိသောအခါတွင် ပိုမိုကောင်းမွန်သော သယံဇာတ အုပ်ချုပ်မှုကို ကျွန်ုပ်တို့ မြင်တွေ့ရပါသည်။

အဆိုပါ အကြောင်းအချက်များအပြင် တသတ်မတ်တည်းရှိသော မူဝါဒရပ်တည်မှုများ ရှိပြီး ရွေးကောက်ပွဲများတွင် ယှဉ်ပြိုင်ရန်၊ မူဝါဒ ချမှတ်မှုကို လမ်းညွှန်ရန်နှင့် မဲဆန္ဒရှင်များနှင့် ဆက်သွယ်ပြောဆိုရန် အဆိုပါ မူဝါဒ ရပ်တည်မှုများကို အသုံးပြုသည့် Programmatic ကျသော နိုင်ငံရေးပါတီများသည် သယံဇာတ အုပ်ချုပ်မှုကို ပိုမိုကောင်းမွန်လာစေရန် အထူးပင် သင့်လျော်သော အနေအထား

**Programmatic ကျသော နိုင်ငံရေးပါတီများ** ဆိုသည်မှာ အဓိကအားဖြင့် မူဝါဒများ သတ်မှတ်ကာ ရွေးကောက်ပွဲများမှတဆင့် ထောက်ခံမှု ရယူပြီး တသတ်မတ်တည်းသော၊ ဆက်စပ်မှုရှိသော အယူဝါဒ ရပ်တည်မှုများကို အခြေခံ၍ အုပ်ချုပ်သော နိုင်ငံရေးပါတီများ ဖြစ်ပါသည်။

၆။ ၎င်းဆုံးဖြတ်ချက်များကို အများစုက ‘သယံဇာတ အုပ်ချုပ်မှုဆိုင်ရာ ဆုံးဖြတ်ချက် ကွင်းဆက်’ ဟု ရည်ညွှန်းကြပါသည်။ ထပ်မံသိရှိလိုပါက <https://resourcegovernance.org/approach/natural-resource-charter> တွင် ရယူနိုင်သော သဘာဝ သယံဇာတဆိုင်ရာ သဘောတူစာချုပ် (Natural Resource Charter) ကိုကြည့်ပါ။

၇။ ၂၀၁၇ ခုနှစ် တစ်ကမ္ဘာလုံးဆိုင်ရာ ဒီမိုကရေစီအဆင့် အညွှန်းကိန်း (2017 Global State of Democracy Indices) နှင့် ၂၀၁၇ ခုနှစ် သယံဇာတအုပ်ချုပ်မှု အညွှန်းကိန်း (2017 Resource Governance Index)ထံမှ အချက်အလက်များကို အသုံးပြုခြင်းအရ ကိုယ်စားပြု ပါဝင်မှု အားကောင်းသော အစိုးရတစ်ရပ်သည် အကျိုးအမြတ် ရရှိမှုနှင့် ဆက်စပ်မှု.၇ ရှိပြီး ဝင်ငွေစီမံခန့်ခွဲမှုနှင့် ဆက်စပ်မှု.၆၄ ရှိပါသည်။

မှာ ရှိနေပါသည်။ ထိုသို့သော ပါတီများသည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများကို အထောက်အကူဖြစ်စေနိုင်သည့် အားလုံးပါဝင်နိုင်ပြီး တာဝန်ခံမှုရှိသော အုပ်ချုပ်မှုကို ပျိုးထောင်ပေးနိုင်ရန် ပိုမိုသင့်လျော်သော အနေအထားမှာရှိကြောင်း နိုင်ငံရေးသိပ္ပံပညာရှင်များက တွေ့ရှိခဲ့ကြပါသည်။ ပါတီများက မူဝါဒအပေါ် အခြေခံ၍ ယှဉ်ပြိုင်သော တိုင်းပြည်များတွင် ပိုမိုအားကောင်းသော ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပိုမိုများပြားသော လူမှုစီးပွားရေးဆိုင်ရာ အောင်မြင်မှုကို ရရှိလေ့ ရှိကြပါသည်။[၆]

## သယံဇာတ ကြွယ်ဝမှု၏ နိုင်ငံရေး စိန်ခေါ်မှုများ – သြဇာအာဏာ ကြီးသူများက သယံဇာတမှ ရရှိသော အကျိုးအမြတ်များကို လက်ဝါးကြီးအုပ်သည့် အခြေအနေတွင် ဒီမိုကရေစီ ဖော်ဆောင်ခြင်း

နိုင်ငံရေးပါတီများသည် အာဏာရှင် အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်လာနိုင်သော အလားအလာများမှအစ ဒေသတွင်း မကျေနပ်မှုများနှင့် သက်ရောက်မှုများအထိ သဘာဝ သယံဇာတ ကြွယ်ဝမှုနှင့်ဆက်စပ်၍ ဖြစ်ပေါ်လာသော နိုင်ငံရေးစိန်ခေါ်မှု များစွာကို ကိုင်တွယ်ရန် ထူးခြားသော အနေအထားတစ်ရပ်မှာ ရှိနေပါသည်။ ဤအပိုင်းတွင် အဆိုပါစိန်ခေါ်မှု အချို့အပြင် ဆုံးရှုံးနိုင်ခြေများ လျှော့ချခြင်းနှင့် အခွင့်အလမ်းများ အသုံးချခြင်းတွင် နိုင်ငံရေးပါတီများက ပါဝင်နိုင်သော အခန်းကဏ္ဍများကို လေ့လာသုံးသပ်ထားပါသည်။

### နိုင်ငံရေးပါတီများသည် အများပြည်သူဆိုင်ရာ အပြန်အလှန် ဆွေးနွေးမှုအား သတင်းအချက်အလက် ပိုမိုပြည့်စုံစွာ ရရှိအောင် အထောက်အကူ ပြုနိုင်ပြီး အာဏာရှင်အုပ်ချုပ်မှု ဖြစ်ပေါ်လာနိုင်သော အလားအလာများကို လျှော့ချပေးနိုင်ပါသည်

သယံဇာတ ကြွယ်ဝသော နိုင်ငံများတွင် အာဏာရှင် အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်လာနိုင်သည့် အလားအလာ ပို၍ရှိပါသည်။[၇] နှစ်ရှည်လများ လေ့လာခဲ့သော ဤအကြောင်းအချက်ကို International IDEA ၏ တစ်ကမ္ဘာလုံးဆိုင်ရာ ဒီမိုကရေစီအဆင့် အညွှန်းကိန်း (Global State of Democracy Index) မှ မကြာသေးမီက ရရှိခဲ့သော အချက်အလက်များကလည်း ထပ်မံ ထောက်ခံနေပါသည်။ သယံဇာတ ကြွယ်ဝသော ဖွံ့ဖြိုးဆဲနိုင်ငံများသည် နိုင်ငံရေးကိုယ်စားပြုမှုတွင် ပျမ်းမျှအားဖြင့် သယံဇာတ မကြွယ်ဝသော နိုင်ငံများထက်စာလျှင် ရမှတ် သိသိသာသာ ပို၍နည်းကြောင်း အဆိုပါ အညွှန်းကိန်းက ဖော်ပြနေပါသည်။[၈] ဤဆက်စပ်မှုအတွက် ဖြေရှင်းချက်တစ်ရပ်မှာ အစိုးရများသည် ကုမ္ပဏီ အနည်းငယ်ထံမှ ဝင်ငွေအမြောက်အများ ရရှိသောအခါတွင် နိုင်ငံသားများက ပေးသော အခွန်များအပေါ်တွင် မှီခိုအားထားမှု နည်းပါးလာပြီး နိုင်ငံသားများအပေါ်လည်း တုံ့ပြန်ဆောင်ရွက်မှု ကျဆင်းလာသောကြောင့် ဖြစ်ပါသည် (ပုံ ၁.၁ ကို ကြည့်ပါ)။

သို့သော် ဆောင်ရွက်မှု အားကောင်းပြီး သတင်းအချက်အလက် အစုံအလင် ရရှိသော နိုင်ငံရေးပါတီများသည် အပြန်အလှန် ဆွေးနွေးမှု ရှိလာမည့် အခွင့်အလမ်းကို မြှင့်တင်ပေးနိုင်ပြီး အတိုက်အခံ ဖြစ်သောအခါတွင်လည်း ပြဿနာဖြစ်စေသော မူဝါဒများနှင့် အုပ်ချုပ်မှုဆိုင်ရာ ဆုံးဖြတ်ချက်များကို စိန်ခေါ်မေးခွန်းထုတ်နိုင်ပါသည်။ ဥပမာအားဖြင့် အစ္စရေးနိုင်ငံတွင် အတိုက်အခံပါတီက လိုင်စင်ချပေးခြင်းနှင့်


၆။ Cheeseman, N. et al., Politics Meets Policies: The Emergence of Programmatic Political Parties (Stockholm : International IDEA, 2014), XI V available at <https://www.idea.int/sites/default/files/publications/politicsmeets-policies.pdf>.

၇။ Ross, M., The Oil Curse: How Petroleum Wealth Shapes the Development of Nations (Princeton University Press, 2012), p. 63.

၈။ (နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့က အဓိပ္ပာယ်ဖွင့်ဆိုသည့်အတိုင်း) သယံဇာတ ကြွယ်ဝသော နိုင်ငံများသည် တစ်ကမ္ဘာလုံးဆိုင်ရာ ဒီမိုကရေစီအဆင့် အညွှန်းကိန်းများ၏ ကိုယ်စားပြုမှု အားကောင်းသော အစိုးရအပိုင်းတွင် ပျမ်းမျှရမှတ် .၄၈ ရရှိခဲ့ကြပြီး <https://www.idea.int/gsod-indices/#/indices/world-map> တွင် ဖတ်ရှုနိုင်ပါသည်။ သယံဇာတ မကြွယ်ဝသော နိုင်ငံများသည် ပျမ်းမျှရမှတ် .၅၇ ရရှိခဲ့ကြသည်။ ဤလေ့လာသုံးသပ်မှုတွင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှု အဖွဲ့ဝင်နိုင်ငံများ (Organization for Economic Co-operation and Development countries) မပါဝင်ပါ။

လက်ဝါးကြီးအုပ်မှု တိုက်ဖျက်ရေးဆိုင်ရာ စည်းမျဉ်းများအကြောင်း ၎င်းတို့၏ နားလည် သဘောပေါက်မှုကို အသုံးချ၍ အမှုတစ်ခုကို အထက်တရားရုံးသို့ တိုင်ကြားခဲ့ပြီး ထိုအမှုသည် နောက်ဆုံးတွင် ဝန်ကြီးချုပ် Benjamin Netanyahu က ခွင့်ပြုပေးခဲ့သော သယံဇာတ ထုတ်လုပ်မှုဆိုင်ရာ သဘောတူညီချက်ကို ပြန်လည်ရုတ်သိမ်းစေခဲ့ပါသည်။[၉]

## ပုံ ၁.၁
## အခွန်ကောက်ခံခြင်းနှင့် တာဝန်ခံမှု




မလေးရှားနိုင်ငံအား ၁၉၅၇ ခုနှစ်ကတည်းက Barisan Nasional ညွန့်ပေါင်းအဖွဲ့က အုပ်ချုပ်ခဲ့ပါသည်။ ထိုပါတီ၏ ယခင်အုပ်ချုပ်ရေးအဖွဲ့ဝင် Saifuddin Abdullahu 'ကျွန်တော်ရှိနေခဲ့သော ငါးနှစ်လုံးတွင် ဘယ်အစည်းအဝေးမှာမှ [ရေနံဆိုင်ရာ] မူဝါဒအား လုံလောက်စွာနှင့် ထဲထဲဝင်ဝင် ဆွေးနွေးခဲ့ခြင်း မရှိခဲ့ပါ။ ဆွေးနွေးမှုတွေဟာ အင်မတန် ယေဘုယျဆန်ပြီး ရပ်တည်မှု ကြေညာချက်စာတမ်းလည်း မရှိခဲ့ပါ'ဟု ရှင်းပြခဲ့ပါသည်။ ထို့ပြင် အများပြည်သူနှင့် မီဒီယာတို့က အစိုးရ၏ မူဝါဒများကို ဆွေးနွေးဝေဖန်မှုများ ပြုလုပ်ရန် ကြိုးပမ်းသောအခါတွင်လည်း ၎င်းတို့သည် ပြင်းထန်သော တားမြစ် ကန့်သတ်မှုများကို ရင်ဆိုင်ကြရပါသည်။ အဆိုပါစိန်ခေါ်မှုများ ကြားထဲမှပင် ဆာရာဝက်ပြည်နယ်ရှိ ထိုပါတီဝင်များက အခြားနေရာများတွင် မပြုလုပ်နိုင်သော ဝေဖန်ဆွေးနွေးမှုမျိုးကို ပါတီတွင်း၌ ကျင်းပရန် ကြိုးပမ်းခဲ့ကြပါသည်။ ၎င်းတို့ နိုင်ငံတော်အစိုးရ၏ အမှန်တကယ် ရေးသားထားသော မူဝါဒနှင့် ဆန့်ကျင်ကွဲလွဲသည့်

၉။ အခန်း (၂) တွင် အစ္စရေးနိုင်ငံအကြောင်း လေ့လာမှုကို ကြည့်ပါ။

ရှင်းလင်းစွာ ဖော်ပြထားသော ဒေသန္တရအစိုးရအား ဝင်ငွေခွဲဝေမှုဆိုင်ရာ မူဝါဒ ရပ်တည်မှုများကို ရေးဆွဲခဲ့ပါသည်။ ဤဖြစ်ရပ်တွင် အမျိုးသားပါတီမှတဆင့် မူဝါဒ ရေးဆွဲခြင်း လုပ်ငန်းစဉ်သည် တစ်နိုင်ငံလုံး၏ အာရုံစိုက်မှုကို ရရှိရန် အယူအဆများအား ဖြန့်ဝေခြင်းအတွက် အနည်းငယ်သော အခွင့်အလမ်းများထဲမှ တစ်ခုဖြစ်ခဲ့ပါသည်။[၁၀] ယူဂန်ဒါနိုင်ငံတွင် သမ္မတ Museveni က နှစ်ပေါင်း ၂၀ ကျော် အုပ်ချုပ်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ် ရွေးကောက်ပွဲမတိုင်ခင် ကာလတွင် ဒီမိုကရေစီ ပြောင်းလဲရေး ဆွေးနွေးပွဲတွင် အတိုက်အခံပါတီက ရေနံမှရရှိသော ဝင်ငွေ စီမံခန့်ခွဲမှု နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် ပတ်သက်သော ဆွေးနွေးမှုကို ၎င်း၏ မဲဆွယ်စည်းရုံးရေး အစီအစဉ်၌ ထည့်သွင်းခဲ့ပါသည်။[၁၁] ထိုပါတီသည် ရွေးကောက်ပွဲတွင် အနိုင်မရခဲ့သော်လည်း ၎င်းတို့ ဆွေးနွေးတင်ပြခဲ့သော ကိစ္စရပ်များသည် လွှတ်တော်ထဲတွင် ပါတီများ၏ စိတ်ပါဝင်စားမှုကို ရရှိခဲ့ပါသည်။

## အကွက် ၁.၁
## နိုင်ငံရေးပါတီများနှင့် အရပ်ဘက် အခန်းကဏ္ဍ

၂၀၁၇ ခုနှစ် သယံဇာတ စီမံအုပ်ချုပ်မှု အညွှန်းကိန်းအရ အားနည်းသော သယံဇာတအုပ်ချုပ်မှုသည် အကန့်အသတ်ဖြင့်သာ ရှိသော အရပ်ဘက် အခန်းကဏ္ဍနှင့် ဆက်စပ်နေကြောင်း တွေ့ရှိခဲ့ရသည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် ပိုမိုဆိုးရွားသော သယံဇာတ အုပ်ချုပ်မှုဆိုင်ရာ မူဝါဒရှိသည့် နိုင်ငံများတွင် အရပ်ဘက် လူ့အဖွဲ့အစည်းနှင့် မီဒီယာတို့သည် ၎င်းတို့အနေဖြင့် အစိုးရ သို့မဟုတ် ကော်ပိုရေးရှင်းကြီးများအပေါ် မေးခွန်းထုတ်နိုင်သည့် အတိုင်းအတာနှင့် ဥပဒေအရ သို့မဟုတ် ရပ်ပိုင်းဆိုင်ရာအရ ကန့်သတ် ခံရနိုင်ခြေ ပို၍များပါသည်။[၁၂] ပိုမိုကောင်းမွန်သော သယံဇာတ အုပ်ချုပ်မှု ဖြစ်ပေါ်လာရေး ဆောင်ရွက်နေသော အရပ်ဘက် လူ့အဖွဲ့အစည်း အုပ်စုများနှင့် သတင်းထောက်များသည် ၎င်းတို့၏ အသက်အန္တရာယ်၊ ဒီဂျစ်တယ် လုံခြုံရေး၊ လွတ်လပ်စွာ ပြောဆိုခွင့်နှင့် အဖွဲ့အစည်း ဖွဲ့စည်းခွင့်တို့အပေါ် ခြိမ်းခြောက်မှုများကို ပိုမိုကြုံတွေ့လာကြပါသည်။ ရလဒ်မှာ တာဝန်ခံမှုနှင့် မူဝါဒ အပြောင်းအလဲ အလိုအပ်ဆုံးဖြစ်သော နိုင်ငံများတွင် ဆွေးနွေးမှု ပြုလုပ်ခွင့် မရှိသလောက် ဖြစ်နေပါသည်။

ကန့်သတ်ခံထားရသော အရပ်ဘက် အခန်းကဏ္ဍသည် နိုင်ငံရေးပါတီများအပေါ်လည်း သက်ရောက်မှု ရှိနိုင်ပါသည်။ အတိုက်အခံ ပါတီများစွာသည် အရပ်ဘက် လူ့အဖွဲ့အစည်း၊ မီဒီယာတို့နှင့် နီးကပ်စွာ ချိတ်ဆက်နေသောကြောင့် အဆိုပါ တရားဝင်မဟုတ်သော ထိန်းသိမ်းစောင့်ကြည့်ရေး ဆောင်ရွက်သူများအတွက် လွတ်လပ်ခွင့်မရှိခြင်းသည် အတိုက်အခံပါတီများအနေဖြင့် မဲဆန္ဒရှင်များနှင့် ဆက်ဆံပြောဆိုရန်၊ အခြားရွေးချယ်နိုင်သော အမြင်များကို ထုတ်ဖော်ပြရန်နှင့် အစိုးရကို ဝေဖန်ရန်အတွက် ရရှိနိုင်သော အရင်းအမြစ်များနှင့် ဆောင်ရွက်နိုင်မည့် နည်းလမ်းများအပေါ် သက်ရောက်မှု ရှိနိုင်ပါသည်။ ဥပမာ မလေးရှားနိုင်ငံတွင် အတိုက်အခံပါတီသည် ၎င်း၏ ရပ်တည်မှုကို သတ်မှတ်ရာတွင် စီမံကိန်းနှင့် ဆက်စပ်သူအားလုံးနှင့် အပြည့်အဝ ထိတွေ့ဆက်ဆံရန် လိုအပ်သော အရင်းအမြစ်များကို ရှာဖွေခြင်းနှင့် ပတ်သက်၍ စိန်ခေါ်မှုများကို ရင်ဆိုင်ခဲ့ရပါသည်။[၁၃]

နိုင်ငံရေးပါတီများသည် ၎င်းတို့၏ ပါတီမူဝါဒများတွင် အရပ်ဘက် အခန်းကဏ္ဍကို အကာအကွယ်ပေးခြင်းကို ထည့်သွင်းခြင်းနှင့် အရပ်ဘက် လွတ်လပ်မှုမရှိပါက ကန့်သတ်ခံရမည့် အတွေးအမြင် အယူအဆများနှင့် အသံများကို ရှေ့သို့ ထွက်ပေါ်လာစေမည့် ဆွေးနွေးတိုင်ပင်မှုများကို ပြုလုပ်ခြင်းတို့ဖြင့် အရပ်ဘက် အခန်းကဏ္ဍကို ပိုမိုမြှင့်တင်ပေးနိုင်မည့် အခွင့်အလမ်းကိုလည်း ရရှိနိုင်ပါသည်။

၁၀။ အခန်း (၂) တွင် မလေးရှားနိုင်ငံအကြောင်း လေ့လာမှုကို ကြည့်ပါ။

၁၁။ ‘Uganda: We are rebranding the party, FDC president Mugisha Muntu’, The Africa Report, 18 July 2013, <http://www.theafricareport.com/East-Horn-Africa/uganda-we-are-rebranding-the-party-fdc-president-mugisha-muntu.html>.

၁၂။ ထပ်မံသိရှိလိုပါက <www.resourcegovernanceindex.org> တွင် ရရှိနိုင်သော ၂၀၁၇ ခုနှစ် သယံဇာတ အုပ်ချုပ်မှု အညွှန်းကိန်းကို ကြည့်ပါ။

၁၃။ အခန်း (၂) တွင် မလေးရှားနိုင်ငံအကြောင်း လေ့လာမှုကို ကြည့်ပါ။

## ပါတီများသည် ဌာနဆိုင်ရာ အဖွဲ့အစည်းများကို ပိုမိုအားကောင်းလာအောင်နှင့် မူဝါဒများနှင့် အကောင်အထည်ဖော်မှုအကြား ကွာဟချက်ကို လျော့ကျလာအောင် အကူအညီ ပေးနိုင်ပါသည်

၂၀၁၇ ခုနှစ် သယံဇာတ စီမံအုပ်ချုပ်မှု အညွှန်းကိန်းအရ သယံဇာတအုပ်ချုပ်မှု မူဝါဒများနှင့် အဆိုပါ မူဝါဒများကို အကောင်အထည်ဖော်သည့် အတိုင်းအတာ သို့မဟုတ် စောင့်ကြည့်စစ်ဆေးသည့် အတိုင်းအတာကြား ကြီးမားသော ကွာဟချက်ကို တွေ့ရှိရပါသည်။ အဆိုပါ အညွှန်းကိန်းအရ ပိုမိုဆိုးရွားသော အုပ်ချုပ်မှုဆိုင်ရာ စွမ်းဆောင်ရည်ကို ပြသသည့် နိုင်ငံများအတွက် ထိုကွာဟချက်သည် ပို၍ကြီးမားကြောင်း တွေ့ရှိရပါသည်။[၁၄] ရှင်းလင်းချက်များထဲတွင် (က) သယံဇာတကြွယ်ဝသော နိုင်ငံများတွင် ဌာနဆိုင်ရာ အဖွဲ့အစည်းများက ရင်ဆိုင်ရသော စွမ်းဆောင်ရည်ဆိုင်ရာ စိန်ခေါ်မှုများ၊ (ခ) အကောင်အထည်ဖော်ရန်အတွက် လိုအပ်သော မူဝါဒအပေါ် လက်ခံကျင့်သုံးမှု (Institutional Buy-in) နှင့် (ဂ) ဥပဒေများ ပြဋ္ဌာန်းခြင်းအတွက် ပြင်ပမက်လုံးများ ပါဝင်ပါသည် (အဆိုပါ အကြောင်းအချက်များနှင့် ပတ်သက်၍ ပိုမိုအသေးစိတ် သိရှိရန် အကွက် ၁.၂ ကို ကြည့်ပါ)။[၁၅]

### အကွက် ၁.၂
### အကောင်အထည်ဖော်ရာတွင် ကွာဟချက်အကြောင်း

#### ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ ဆောင်ရွက်နိုင်စွမ်း

သယံဇာတ ဝင်ငွေများထံမှ ရရှိသည့် များပြားသော အကျိုးအမြတ်များသည် သြဇာအာဏာ ကြီးသူများအား ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် အဆိုပါ ဝင်ငွေများကို ရယူ သို့မဟုတ် ထိန်းချုပ်နိုင်စေသော အဂတိလိုက်စားမှု အပြုအမူကို ဆောင်ရွက်လာစေရန် မက်လုံးများပေးကြောင်း သုတေသန လေ့လာသူများက တွေ့ရှိခဲ့ပါသည်။ အဆိုပါလုပ်ရပ်များသည် အစိုးရ အဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်အာဏာကို မကြာခဏ အားနည်းစေလေ့ရှိပြီး အဓိကျသော ဌာနအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များကို ရည်ရွယ်ချက်ရှိရှိ လျော့ကျစေသော လုပ်ရပ်များလည်း တစ်ခါတစ်ရံတွင် ပါဝင်ပါသည်။

#### အကောင်အထည်ဖော်ရန်အတွက် လိုအပ်သည့် များစွာသော ဆောင်ရွက်သူများ

သယံဇာတ အုပ်ချုပ်မှုဆိုင်ရာ စိန်ခေါ်မှုများ၏ ပညာရပ်ဆန်သော သဘောသဘာဝကြောင့် များစွာသော ဌာန အဖွဲ့အစည်းများအပေါ် တုံ့ပြန်မှုများ ဖြစ်ပေါ်စေပြီး ဆုံးဖြတ်ချက် ချမှတ်မှုအား အများ လက်ခံထားသော အမျိုးသားရည်မှန်းချက် သို့မဟုတ် အများပြည်သူဆိုင်ရာ အပြန်အလှန် ဆွေးနွေးမှုထံမှ သွေဖည်စေပါသည်။ သယံဇာတ အုပ်ချုပ်မှုအတွက် နိုင်ငံအဆင့် ရည်မှန်းချက်အား လူတစ်စုမှ ဥပဒေများ သို့မဟုတ် မူဝါဒအဖြစ်သို့ ပြောင်းလဲနိုင်သော်လည်း အဆိုပါ မူဝါဒများကို အကောင်အထည်ဖော်မှု ရှိစေရန် များစွာသော ဌာန အဖွဲ့အစည်းများထံမှ နောက်ထပ် ဆောင်ရွက်သူ များစွာ လိုအပ်ပါသည်။


#### ပြင်ပမက်လုံးများ

နောက်ဆုံးအနေဖြင့် သယံဇာတ အုပ်ချုပ်မှုဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းရန် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အလှူရှင်များမှ ပြင်ပမက်လုံးများလည်း ရှိတတ်သည်။ သို့သော် ဒေသခံပြည်သူများ၏ စိတ်ပါဝင်စားမှု အားနည်းပေလိမ့်မည်။

၁၄။ ထပ်မံသိရှိလိုပါက <www.resourcegovernanceindex.org> တွင် ရရှိနိုင်သော ၂၀၁၇ ခုနှစ် သယံဇာတ အုပ်ချုပ်မှု အညွှန်းကိန်းကို ကြည့်ပါ။

၁၅။ Ross (note 7), p. 214.

### သယံဇာတ စီမံအုပ်ချုပ်မှု အညွှန်းကိန်း ရမှတ်များက ဖော်ပြနေသည့် အကောင်အထည်ဖော်မှု ကွာဟချက်




သတင်းအချက်အလက် ပြည့်စုံစွာ ရရှိသော နိုင်ငံရေးပါတီများသည် အသေးစိတ်ကျသော သယံဇာတ မူဝါဒများ ရှိလာသောအခါတွင် လက်ရှိမူဝါဒများကို အကောင်အထည်ဖော်မှု ရှိစေရန်အတွက် များစွာ လိုအပ်နေသည့် စစ်ဆေးလေ့လာမှုကို ပြုလုပ်ပေးနိုင်ပါသည်။ အစ္စရေးနိုင်ငံတွင် အတိုက်အခံပါတီသည် အာဏာရပါတီ၏ အုပ်ချုပ်မှုဆိုင်ရာ ရွေးချယ်မှုများကို စောင့်ကြည့်နိုင်ခဲ့ပြီး လိုင်စင်ချပေးခြင်းနှင့် လက်ဝါးကြီးအုပ်မှု တိုက်ဖျက်ရေးဆိုင်ရာ စည်းမျဉ်းများကို ကျော်လွန်ချိုးဖောက်သည့် လုပ်ရပ်ကို စစ်ဆေးပေးရန် ကြီးကြပ်ရေး အဖွဲ့အစည်းများကို အသုံးပြုနိုင်ခဲ့သည်။ ဤကိစ္စကို အထက်တရားရုံးမှတဆင့် ဆောင်ရွက်ခဲ့ပါသည်။[၁၆]

ပါတီများက ဤကွာဟချက်ကို ဖန်တီးခြင်း နှင့် ကိုင်တွယ်ဖြေရှင်းခြင်းနှင့်စပ်လျဉ်းပြီး မလေးရှားနိုင်ငံသည် သာဓကတစ်ရပ် ဖြစ်ပါသည်။ ၁၉၉၀ ပြည့်ပြီး နှောင်းပိုင်းနှစ်များတွင် အာဏာရပါတီသည် ရေနံမှရရှိသော အခွန်အခများကို အတိုက်အခံပါတီက ချုပ်ကိုင်ထားသော ပြည်နယ်များထံ ချပေးရန် တွန့်ဆုတ်နေခဲ့ပါသည်။ အတိုက်အခံပါတီသည် နိုင်ငံတော်အဆင့် နှင့် ပြည်နယ်အဆင့် နှစ်ခုလုံးတွင် ထောက်ခံမှု ပိုမိုရရှိလာသဖြင့် အဆိုပါ ပြည်နယ်တစ်ခုတွင် တင်ရှိနေသော ပေးချေရမည်များကို တောင်းဆိုရန် နောက်ဆုံး၌ တရားစွဲဆိုမှု ပြုခဲ့ပါသည်။[၁၇]

နိုင်ငံရေးပါတီ မူဝါဒများ ချမှတ်ခြင်း လုပ်ငန်းစဉ်သည်လည်း နိုင်ငံရေးသမားများအတွက် အစိုးရ၏ အမျိုးမျိုးသော အဖွဲ့အစည်းများနှင့် ဌာနများတွင်လည်း လိုက်နာစေနိုင်မည့် အထောက်အထား အခြေ

၁၆။ အခန်း (၂) တွင် အစ္စရေးနိုင်ငံအကြောင်း လေ့လာမှုကို ကြည့်ပါ။
၁၇။ အခန်း (၂) တွင် မလေးရှားနိုင်ငံအကြောင်း လေ့လာမှုကို ကြည့်ပါ။

ပြု ဦးစားပေးဆောင်ရွက်ရမည်များကို ဖော်ထုတ်ရွေးချယ်ရန် အရေးပါသော အခွင့်အလမ်းတစ်ရပ် ဖြစ်ပါသည်။ ပါတီအဖွဲ့ဝင်များတွင် လွှတ်တော်ဆိုင်ရာ နှင့် အုပ်ချုပ်ရေးဆိုင်ရာ ဌာနအဖွဲ့အစည်းများ၏ အပိုင်းပေါင်းစုံမှ ပါဝင်နိုင်ပြီး ပါတီအပေါ် သစ္စာရှိမှုသည် မကြာခဏဆိုသလို တစ်ဦးချင်း မူဝါဒလေ့လာသုံးသပ်မှုထက် လွှမ်းမိုး ကျော်လွန်လေ့ရှိသောကြောင့် အစိုးရအဖွဲ့ တစ်ရပ်လုံးတွင် ပါတီ၏ ရပ်တည်မှုများ၏ တသတ်မတ်တည်း ရှိမှု ဖော်ဆောင်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းဖြင့် အကောင်အထည်ဖော်မှု ကွာဟချက်ကို ဖြေရှင်းရန် ပါတီများသည် အထူးကောင်းမွန်သော အနေအထားမှာ ရှိနေပါသည်။[၁၈] ၎င်းတို့သည် အကောင်အထည်ဖော်မှုကို စောင့်ကြည့်ရန် တာဝန်ရှိသော အဖွဲ့အစည်းများ အပါအဝင် အဓိကကျသော ဌာန အဖွဲ့အစည်းများထံ လိုအပ်သည့် ငွေကြေး နှင့် လူ့စွမ်းအား အရင်းအမြစ်များ ချပေးရန်လည်း စည်းရုံးထောက်ခံပေးနိုင်ပါသည်။

## ခိုင်မာသော ပါတီများသည် အမှန်တကယ် ဖြစ်ပေါ်သော အဂတိလိုက်စားမှုနှင့် ယူဆရသော အဂတိလိုက်စားမှုတို့အပေါ် တုံ့ပြန်ရန် အကူအညီပေးနိုင်သည်

သဘာဝ သယံဇာတအုပ်ချုပ်မှုသည် အဂတိလိုက်စားမှု ဖြစ်ပွားနိုင်ခြေများသော နယ်ပယ်တစ်ခု ဖြစ်ပါသည်။ အလွန်များပြားသော အကျိုးအမြတ်များနှင့် ပိုမိုလျို့ဝှက်သော သဘောသဘာဝကြောင့် တိုင်းပြည်၏ အကျိုးထက်စာလျှင် ကိုယ်ကျိုးရှာ အမြတ်ထုတ်မည့် ယုတ်မာသူများကို ဆွဲဆောင်နိုင်ပါသည်။ လူပုဂ္ဂိုလ်အနည်းငယ်က အဂတိလိုက်စားမှုတွင် ပါဝင်ဆောင်ရွက်သောအခါတွင် ပါတီတစ်ခုလုံးအတွက် နာမည်ပျက်စေနိုင်ပြီး ထိုနာမည်ပျက်မှုသည် အစိုးရအဖွဲ့ တစ်ခုလုံးအပေါ်လည်း ကျရောက်လာနိုင်ပါသည်။ ဘရာဇီးနိုင်ငံတွင် နိုင်ငံပိုင် ရေနံကုမ္ပဏီ ပါဝင်သည့် ဒေါ်လာ ၅ ဘီလီယံဖိုး အဂတိ လိုက်စားမှု ဖြစ်ရပ်ကြောင့် အာဏာရ ပါတီအပေါ် ဆန့်ကျင် ဖြုတ်ချခြင်းအထိ ဖြစ်လာခဲ့ပြီး ပြည်သူများအကြား မကျေနပ်မှုနှင့် ဆန္ဒပြမှုလည်း ဆက်လက်ဖြစ်ပွားခဲ့ပါသည်။[၁၉] ခိုင်မာသော သယံဇာတဆိုင်ရာ မူဝါဒ ရပ်တည်မှုတစ်ရပ် အထူးသဖြင့် ပွင့်လင်းမြင်သာမှုနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ စစ်ဆေးမှုများနှင့်ပတ်သက်၍ သတ်မှတ်ချက်များ ပါဝင်သည့် မူဝါဒရပ်တည်မှု တစ်ရပ်သည် အဂတိလိုက်စားမှု ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးနိုင်ပြီး အဂတိလိုက်စားသော လုပ်ရပ် ဖြစ်ပွားသောအခါတွင် ပါတီတွင်းရှိ အခြားသူများအတွက် တုံ့ပြန်နိုင်မည့် အခွင့်အလမ်းကိုလည်း မြှင့်တင်ပေးနိုင်ပါသည်။ မလေးရှားနိုင်ငံတွင် အတိုက်အခံပါတီ တစ်ခုဖြစ်သော Democratic Action Party သည် ၎င်း၏ ပါတီမူဝါဒတွင် သဘာဝ သယံဇာတအရင်းအမြစ် တူးဖော်ရေးကဏ္ဍ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (Extractive Industries Transperancy Initiative – EITI) အား လက်မှတ်ရေးထိုးခြင်း စသည့် ပွင့်လင်းမြင်သာမှုဆိုင်ရာ အစီအမံများကို ထည့်သွင်းခဲ့ပါသည်။ ပါတီသည် အဆိုပါ အစီအမံများကို ချမှတ် ကျင့်သုံးခဲ့ခြင်းမှာ ဦးဆောင်ပါတီ၏ ပွင့်လင်းမြင်သာမှု မရှိခြင်းနှင့် ယူဆရသော အဂတိလိုက်စားမှု ဖြစ်ပွားနိုင်သည့် အလားအလာမှ ခွဲထွက်ရန်အတွက်လည်း တစ်စိတ်တစ်ဒေသ ဖြစ်ပါသည်။[၂၀] ခြုံကြည့်လျှင် အဂတိလိုက်စားမှု ဖြစ်ပွားကြောင်း အမှန်တကယ် အထောက်အထားထက်စာလျှင် အဂတိလိုက်စားမှု ရှိသည်ဟူသော ထင်မြင်ချက်သည် အခြားအရာများအပြင် ဖွံ့ဖြိုးရေး မိတ်ဆက်အဖွဲ့များက ချမှတ်သည့် ဆုံးဖြတ်ချက်များအတွက် လိုအပ်သော အချက်အလက် ပေးနိုင်ပါသည်။

အစ္စရေးနိုင်ငံမှ မကြာသေးမီက ရရှိခဲ့သော အတွေ့အကြုံက ရှင်းလင်းသော အုပ်ချုပ်မှု မဟာဗျူဟာ မရှိ

၁၈။ Bryan, S. and Hofmann, B. (eds) Transparency and Accountability in Africa’s Extractive Industries: The Role of the Legislature (National Democratic Institute for International Affairs 2007)

၁၉။ Watts, J., ‘Operation Car Wash: Is this the biggest corruption scandal in history?’, The Guardian, 1 June 2017, <https://www.theguardian.com/world/2017/jun/01/brazil-operation-car-wash-is-this-the-biggest-corruption-scandal-in-history>.

၂၀။ အခန်း (၂) တွင် မလေးရှားနိုင်ငံအကြောင်း လေ့လာမှုနှင့် <http://transparency.org.my/media-and-publications/press-release/ti-m-2014malaysia-corruption-barometer-mcb-results/> တွင် ဖတ်ရှုနိုင်သော Transparency International Malaysia, *Malaysia Corruption Barometer, 2014* တို့ကို ကြည့်ပါ။ (နိုင်ငံရေးပါတီများသည် တိုင်းပြည်အတွင်း အဂတိလိုက်စားမှု အများဆုံးဖြစ်သည်ဟု ယူဆကြောင်း တွေ့ရှိခြင်း)

ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော နိုင်ငံရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို ဖော်ပြနေပါသည်။ အာဏာရ ပါတီအတွင်း ကောင်းမွန်သော လုပ်ထုံးလုပ်နည်းနှင့်ပတ်သက်၍ သဘောမတူညီမှု တစ်ရပ်ကြောင့် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ သဘောတူညီချက်၏ လုပ်ငန်းစဉ်နှင့် ရလဒ်နှင့်ပတ်သက်ပြီး ဝန်ကြီးချုပ်နှင့် ၎င်းအစိုးရအဖွဲ့၏ အဓိက အဖွဲ့ဝင်များအကြား လူသိရှင်ကြား သဘောထားကွဲလွဲမှု ဖြစ်ပွားခဲ့ပါသည်။ ပါတီတွင်း သဘောထားကွဲလွဲမှုနှင့် အဂတိလိုက်စားမှု ကာကွယ်ရေးအတွက် ပါတီ၌ ကြိုတင်အစီအမံများ မရှိခြင်းကြောင့် ဝန်ကြီးချုပ်၏ သဘောတူညီချက်သည် တိုက်ခိုက်ခံရရန် လွယ်ကူပြီး ပါတီ၏ နိုင်ငံရေး ရပ်တည်မှုကို အားနည်းစေကာ တိုင်းပြည်၏ ညှိနှိုင်းဆွေးနွေးနိုင်မှု အခြေအနေကိုလည်း အားနည်းလာစေနိုင်သည်။[၂၁]

## အားလုံးပါဝင်နိုင်သော မူဝါဒများသည် ဘုံသဘောတူညီမှု တည်ဆောက်ပေးနိုင်ပြီး ဒေသန္တရ စိုးရိမ်ပူပန်မှုများကို တုံ့ပြန်ပေးနိုင်ကာ ပဋိပက္ခကို လျှော့ချပေးနိုင်ပါသည်

သဘာဝ သယံဇာတများတွင် အထူးသဖြင့် ကြုံတွေ့ရသော စိန်ခေါ်မှုတစ်ရပ်မှာ သယံဇာတ ကြွယ်ဝမှုသည် နိုင်ငံ၏ သေးငယ်သော အစိတ်အပိုင်းတစ်ခုတည်းတွင် မကြာခဏ စုစည်းနေလေ့ ရှိပါသည်။ သယံဇာတ တူးဖော်ရေး လုပ်ကွက်များ၏ အနီးဆုံးတွင် နေထိုင်သူများသည် တိုင်းပြည်၏ ကျန်ဒေသများထက်စာလျှင် သယံဇာတ တူးဖော်မှု၏ ဆိုးရွားသော သက်ရောက်မှုများကို ပုံမှန်အားဖြင့် ပိုမိုခံစားကြရပြီး အကျိုးဆက်အားဖြင့် ရရှိလာသော အကျိုးအမြတ်များအပေါ် ရယူခံစားလိုစိတ်လည်း ပိုမိုပြင်းထန်ပါသည်။ သယံဇာတ ကြွယ်ဝသော ဒေသများမှ အသံများကို ထည့်သွင်းစဉ်းစားပေးရန်မှာ မူဝါဒဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်ခြင်းတွင် စိန်ခေါ်မှုတစ်ရပ် ဖြစ်နိုင်ပါသည်။ အချို့သောကိစ္စရပ်များတွင် ထိုသို့ ထည့်သွင်းစဉ်းစားပေးခြင်း မရှိသောကြောင့် ပဋိပက္ခပင် ဖြစ်ပွားလာနိုင်ပါသည်။ အများပါဝင်နိုင်မှု တည်ဆောက်ခြင်းအတွက် အသုံးပြုသည့် နည်းလမ်းနှစ်ခုမှာ ဒေသများအကြား ဆက်သွယ်ပြောဆိုမှုတွင် အစိုးရက ထိပ်ပိုင်းမှ အောက်သို့ ဆောင်ရွက်သည့် နည်းလမ်းနှင့် ဒေသခံလူထု၏ အမြင်များကို ပါတီ ရပ်တည်မှုများတွင် ထည့်သွင်းပါဝင်စေသော အောက်ပိုင်းမှ ထိပ်ပိုင်းသို့ ဆောင်ရွက်သည့် နည်းလမ်း ဖြစ်ပါသည်။

နော်ဝေ နှင့် မလေးရှားနိုင်ငံများတွင် ပါတီ ရပ်တည်မှုများ ရေးဆွဲခြင်းသည် နိုင်ငံတော်အဆင့် မူဝါဒဆိုင်ရာ ဆွေးနွေးမှုများတွင် ဒေသခံများ၏ အသံများကို ပါဝင်စေသော နည်းလမ်းတစ်ရပ် ဖြစ်ပါသည်။ နော်ဝေနိုင်ငံသည် ငွေစုရန်ပုံငွေနှင့်ပတ်သက်ပြီး ၎င်း၏ ပါတီစုံ သဘောတူညီချက်ကြောင့် ကျော်ကြားပါသည်။ သို့သော် အာတိတ်ရှိ နယ်မြေအသစ်များတွင် သယံဇာတ တူးဖော်ခွင့် ပြုမည်၊ မပြုမည် နှင့် ရေနံမှရရှိသော ဝင်ငွေများကို အခြေခံအဆောက်အဦး တည်ဆောက်ရေးအတွက် အသုံးပြုမည်၊ မပြုမည်တို့နှင့်ပတ်သက်၍ တိုင်းပြည်တွင်း သဘောထားကွဲလွဲမှု ရှိခဲ့ပြီး သယံဇာတ တူးဖော်ရေး လုပ်ကွက်များနှင့် နီးကပ်မှုအပေါ် မူတည်၍ ကွဲလွဲသောအမြင်များ ရှိခဲ့ပါသည်။ ရေနံထွက်ရှိသည့် အနောက်တောင်ပိုင်းဒေသများတွင် အားကောင်းသော Progress Party သည် ရေနံမှရရှိသော ဝင်ငွေများကို ညှိနှိုင်းဆွေးနွေးမှုများအတွက် ပြည်တွင်းတွင် ရင်းနှီးမြှုပ်နှံခြင်း၏ အရေးပါမှုနှင့်ပတ်သက်၍ ၎င်း၏ ရပ်တည်မှုကို ညွန့်ပေါင်းအစိုးရအဖွဲ့၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဖော်ဆောင်ခဲ့ပါသည်။[၂၂] အထက်တွင် ဆွေးနွေးခဲ့သည့်အတိုင်း မလေးရှားနိုင်ငံ ဆာရာဝက်ပြည်နယ်မှ Barisan Nasional ပါတီဝင်များသည် ဒေသန္တရ အစိုးရအား ဝင်ငွေ ခွဲဝေပေးခြင်းနှင့်ပတ်သက်သော ကိစ္စရပ်များကို နိုင်ငံတော်အဆင့် ပါတီဆွေးနွေးပွဲတွင် ပါဝင်လာစေရန် လုပ်ဆောင်ခဲ့ကြပါသည်။

၂၁။ အခန်း (၂) တွင် အစ္စရေးနိုင်ငံအကြောင်း လေ့လာမှုကို ကြည့်ပါ။

၂၂။ အခန်း (၂) တွင် နော်ဝေနိုင်ငံအကြောင်း လေ့လာမှုကို ကြည့်ပါ။

### အကွက် ၁.၃
### နိုင်ငံရေးပါတီများ နှင့် တရားဝင်နှင့် တရားဝင်မဟုတ်သော စောင့်ကြည့် ကြပ်မတ်သူများအကြား ဆက်ဆံရေး

လွှတ်တော်များ၊ တရားရုံးများ၊ စာရင်းစစ်ချုပ်ဌာနများ၊ အရပ်ဘက်လူ့အဖွဲ့အစည်း အုပ်စုများ၊ သတင်းထောက်များနှင့် ဘာသာရပ် ပညာရှင်များ အသိုင်းအဝိုင်းဖြစ်ကြသော တရားဝင်နှင့် တရားဝင်မဟုတ်သော စောင့်ကြည့်ကြပ်မတ်သူများသည် နိုင်ငံရေးပါတီများအား ၎င်းတို့၏ သယံဇာတ မူဝါဒ ရပ်တည်မှုများကို မဲဆန္ဒရှင်များအား အသိပေး ပြောကြားရန် ကူညီရာတွင် နှင့် မူဝါဒ အကောင်အထည်ဖော်မှု အဆင်ပြေ ချောမွေ့အောင် ဆောင်ရွက်ပေးရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နိုင်ပါသည်။

#### မူဝါဒ ရပ်တည်မှုများအတွက် လိုအပ်သော အချက်အလက်များ ရရှိစေခြင်း

သယံဇာတ အုပ်ချုပ်မှုသည် ပညာရပ်ဆန်သော ခေါင်းစဉ်တစ်ခု ဖြစ်သောကြောင့် ပါတီအများစုသည် ၎င်းတို့၏ သယံဇာတ မူဝါဒ ရပ်တည်မှုများအတွက် လိုအပ်သော အချက်အလက်များ ရယူရန် တရားဝင်နှင့် တရားဝင်မဟုတ်သော စောင့်ကြည့် ကြပ်မတ်သူများက စုဆောင်းပေးသော အသုံးပြုခြင်းက အထောက်အကူဖြစ်ကြောင်း တွေ့ရှိကြပါသည်။ ဥပမာ နော်ဝေနိုင်ငံတွင် ပါတီများနှင့် အစိုးရ အဖွဲ့များသည် အမျိုးမျိုးသော ရပ်တည်မှုများ၏ နောက်ကွယ်ရှိ ပညာရပ်ဆိုင်ရာ နက်နဲ ရှုပ်ထွေးမှုများကို နားလည်ရန် ဘာသာရပ်ပညာရှင်များ အသိုင်းအဝိုင်း နှင့် အကျိုးအမြတ်မယူသော အဖွဲ့အစည်းများနှင့် မကြာခဏ ဆွေးနွေးတိုင်ပင်လေ့ ရှိပါသည်။[၂၃] ကိုလံဘီယာရှိ အရပ်ဘက် လူ့အဖွဲ့အစည်းများသည် သတ္တုတူးဖော်မှုမှ ရရှိသော အခွန်များကို ဒေသန္တရ နယ်မြေများနှင့် အကောင်းဆုံး မျှဝေနိုင်မည့် နည်းလမ်းအကြောင်း ပါတီ၏ အပြန်အလှန် ဆွေးနွေးမှုများအတွက် လိုအပ်သော အချက်အလက်များ ရရှိရန် ဒေသန္တရ ဝင်ငွေခွဲဝေခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုအကြား ဆက်စပ်မှုများကို ခွဲခြမ်းစိတ်ဖြာ လေ့လာသော သုတေသန လေ့လာမှုကို အကျယ်တဝင့် ဆောင်ရွက်ခဲ့ပါသည်။[၂၄] အလားတူပင် ဂါနာနိုင်ငံရှိ နိုင်ငံရေးပါတီများသည် သယံဇာတ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရပ်တည်မှုများ ရေးဆွဲရန် ကြိုးပမ်းနေစဉ် သယံဇာတ အုပ်ချုပ်မှုအကြောင်း တင်ပြမှုများ ပြုလုပ်ရန် အရပ်ဘက် လူ့အဖွဲ့အစည်းမှ လှုပ်ရှားဆောင်ရွက်သူများကို ဖိတ်ကြားခဲ့ပါသည်။[၂၅] တောင်အာဖရိက၏ အာဏာရပါတီဖြစ်သော ANC ပါတီတွင် ၎င်း၏ ကိုယ်ပိုင် တတ်သိပညာရှင်အဖွဲ့ ရှိပြီး သုတေသန လေ့လာမှု အများအပြား ပြုလုပ်ခဲ့ပါသည်။

#### မဲဆန္ဒရှင်များနှင့် ပြောဆိုဆက်ဆံခြင်း

သယံဇာတ စီမံအုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များသည် ရှုပ်ထွေးပါသည်။ ဤကဏ္ဍက ဖန်တီးလိုက်သော မျှော်မှန်းချက်များနှင့် ပွင့်လင်းမြင်သာမှု မရှိခြင်းသည် နိုင်ငံရေးပါတီများအနေဖြင့် သယံဇာတအုပ်ချုပ်မှုဆိုင်ရာ မူဝါဒများအတွက် ၎င်းတို့ကိုယ်တိုင် ရှင်းလင်းပြီး ကျိုးကြောင်းခိုင်လုံသော ထောက်ပြ ပြောဆိုမှုများ ပြုလုပ်ရန်အတွက် ခက်ခဲစေပါသည်။ နိုင်ငံများစွာတွင် အရပ်ဘက်လူ့အဖွဲ့အစည်း များစွာဖြင့် ဖွဲ့စည်းထားသော ညွန့်ပေါင်းအဖွဲ့များသည် ကောင်းမွန်သော သယံဇာတအုပ်ချုပ်မှု လုပ်ထုံးလုပ်နည်း အလေ့အထ ဖြစ်ပေါ်လာစေရေးအတွက် စည်းရုံးလှုံ့ဆော်ရန် ဆောင်ရွက်ကြပြီး အဆိုပါကိစ္စရပ်များ၏ အရေးပါမှုကို အများပြည်သူထံ ရှင်းလင်းပြောပြကြပါသည်။ ဥပမာ အရှေ့တီမောနိုင်ငံတွင် Luta Hammutuk ဟူသော NGO သည် အသစ်တွေ့ရှိသော ရေနံသိုက်များ၏ အလားအလာများနှင့် ရေနံဆိုင်ရာ ရန်ပုံငွေတစ်ရပ် တည်ထောင်ရန် လိုအပ်ရသည့် အကြောင်းအရင်းများကို ရှင်းလင်းပြောပြ

၂၃။ အခန်း (၂) တွင် နော်ဝေနိုင်ငံအကြောင်း လေ့လာမှုကို ကြည့်ပါ။

၂၄။ ထပ်မံသိရှိလိုပါက Foro Nacional Por Colombia ၏ ဝက်ဘ်ဆိုဒ်ကို <https://www.foronacional.org/formulario> တွင် ကြည့်ပါ။

၂၅။ အခန်း (၂) တွင် ဂါနာနိုင်ငံအကြောင်း လေ့လာမှုကို ကြည့်ပါ။

ရန် တစ်နိုင်ငံလုံးရှိ ကျေးရွာများသို့ သွားရောက်ခဲ့ပါသည်။[၂၆] သယံဇာတ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်သူလူထု၏ အထွေထွေဗဟုသုတကို တည်ဆောက်ပေးခြင်းဖြင့် Luta Hammu-tuk သည် တိုင်းပြည်၏ ရေနံပိုင်ဆိုင်မှုအား ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းတစ်ရပ်အဖြစ် မည်သို့ အကောင်းဆုံး စီမံခန့်ခွဲရမည်နှင့်ပတ်သက်၍ ဆွေးနွေးမှုများ ပြုလုပ်ရန် နိုင်ငံရေးပါတီ နှစ်ခုလုံးကို ကူညီပေးခဲ့ပါသည်။

### အကောင်အထည်ဖော်မှုကို ပံ့ပိုးပေးခြင်း

စောင့်ကြည့် ကြပ်မတ်သူများကလည်း အကောင်အထည်ဖော်မှုကို ပံ့ပိုးပေးခြင်းဖြင့် နိုင်ငံရေးပါတီများအား ၎င်းတို့၏ သယံဇာတ အုပ်ချုပ်မှုဆိုင်ရာ ရည်မှန်းချက်များကို ပြည့်မီအောင် ဆောင်ရွက်ရန် အကူအညီပေးနိုင်ပါသည်။ အစ္စရေးနိုင်ငံ၌ အငြင်းပွားဖွယ်ဖြစ်သော လိုင်စင်ထုတ်ပေးသည့် အသုတ်တွင် အစ္စရေးနိုင်ငံ အထက်တရားရုံးသည် အတိုက်အခံပါတီများ၏ တောင်းဆိုချက်အရ ရေနံဆိုင်ရာ လုပ်ငန်းသဘောတူညီချက် တစ်ခုကို ရပ်ဆိုင်းခဲ့ပါသည်။[၂၇] ဘရာဇီးနိုင်ငံတွင် စာရင်းစစ်ချုပ် တရားရုံး (Supreme Audit Court) သည် အမျိုးသားရေနံကုမ္ပဏီနှင့် ဆက်စပ်နေသော အဂတိလိုက်စားမှုတွင် မည်သည့်ပုဂ္ဂိုလ်များက မည်သို့ ပါဝင်ခဲ့သည်ကို ရှင်းလင်းရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။ အရပ်ဘက် လူ့အဖွဲ့အစည်းများက အကောင်အထည်ဖော်မှုနှင့် စောင့်ကြည့်စစ်ဆေးမှုကို ပံ့ပိုးသော လက်တွေ့ဗဟုသုတနှင့် အချက်အလက်များကို နိုင်ငံရေးသမားများထံ ပေးနိုင်စွမ်းကို ပိုမိုမြှင့်တင်လာကြပါသည်။ သယံဇာတ တူးဖော်ရေး စီမံကိန်းများကို စနစ်တကျ စောင့်ကြည့်ကြပ်မတ်နိုင်ရန် လိုအပ်သော ဆောင်ရွက်နိုင်စွမ်း ရှိလာခြင်းသည် နိုင်ငံရေးပါတီများအတွက် ထိတ်လန့်ဖွယ်ကောင်းသော အလားအလာတစ်ရပ် ဖြစ်သော်လည်း သယံဇာတ တူးဖော်မှုမှ ရရှိသော ဝင်ငွေများအား အသုံးပြုမှုနှင့် တူးဖော်မှု၏ ထိခိုက် သက်ရောက်မှုများနှင့်ပတ်သက်၍ အရပ်ဘက် လူ့အဖွဲ့အစည်းများ၏ အစီရင်ခံစာများသည် ပါတီတစ်ခုအား ၎င်း၏ စောင့်ကြည့်စစ်ဆေးရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများကို မည်သည့်နယ်ပယ်တွင် အဓိကထား အာရုံစိုက် ဆောင်ရွက်သင့်သည်ကို ဖော်ထုတ်ရွေးချယ်ရန် အကူအညီပေးနိုင်ပါသည်။

## သယံဇာတ ပိုင်ဆိုင်မှု၏ စီးပွားရေး စိန်ခေါ်မှုများ – လျှို့ဝှက်မှုနှင့် ဈေးနှုန်း အတက်အကျ မြန်မှုတို့ကြားမှ ရေရှည်ခံသော အကျိုးအမြတ်များ ရရှိအောင် ဆောင်ရွက်ခြင်း

နိုင်ငံရေးပါတီများသည် သယံဇာတဆိုင်ရာ သတင်းအချက်အလက် ရရှိမှု မညီခြင်း၊ နိုင်ငံသားများ၏ မြင့်မားသော မျှော်မှန်းချက်များ၊ ဝင်ငွေအပြောင်းအလဲ မြန်ခြင်းနှင့် သယံဇာတများ၏ ကုန်ခမ်းသွားနိုင်ခြင်း စသော သယံဇာတ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ၏ စီးပွားရေးဆိုင်ရာ ရှုပ်ထွေးမှုများကို အမျှော်အမြင်ရှိပြီး ရေရှည်တည်တံ့သော နည်းလမ်းဖြင့် ကိုင်တွယ်ဆောင်ရွက်ရန် ကောင်းမွန်သောအနေအထားတွင် ရှိသည်မှာ ရှားပါးလှပါသည်။ သို့သော် ရှင်းလင်းပြီး အကြောင်းအရာ အစုံအလင်အပေါ် အခြေခံသော မူဝါဒ ရပ်တည်မှုတစ်ရပ်ကို တတ်နိုင်သမျှ စောစီးစွာ သတ်မှတ်ထားရှိခြင်းသည် အဆိုပါ စိန်ခေါ်မှုများကို ကိုင်တွယ်ရန်၊ သယံဇာတတူးဖော်မှုမှ ရရှိသောအကျိုးအမြတ်များကို တိုးမြှင့်ရန်နှင့် ထိုအကျိုးအမြတ်များကို နောက်ပိုင်းမျိုးဆက်များ ရရှိခံစားနိုင်စေရန် အထောက်အကူ ဖြစ်စေနိုင်ပါသည်။ ဤအပိုင်းတွင် သဘာဝ သယံဇာတများနှင့် ဆက်စပ်နေသော စီးပွားရေးဆိုင်ရာ အဓိက ထိခိုက်နိုင်ခြေများနှင့် ၎င်းတို့ကို လျော့ပါးသက်သာစေရန် နိုင်ငံရေးပါတီများက ဆောင်ရွက်နိုင်သည့် ထူးခြားသော အခန်းကဏ္ဍတို့ကို ရှင်းလင်းတင်ပြထားပါသည်။

---

၂၆။ ထပ်မံသိရှိလိုပါက Luta Hamutuk Institute ၏ ဝက်ဘ်ဆိုဒ်ကို <http://www.lutahamutukinstitute.org/> တွင် ကြည့်ပါ။

၂၇။ အခန်း (၂) တွင် အစ္စရေးနိုင်ငံအကြောင်း လေ့လာမှုကို ကြည့်ပါ။

## ပညာရပ်ဆိုင်ရာ အကြောင်းအရာ အချက်အလက်များအပေါ် အခြေခံထားသော ပါတီ မူဝါဒများသည် နိုင်ငံများအား သယံဇာတ တူးဖော်ခြင်းအတွက် ကောင်းမွန်သော လုပ်ငန်းသဘောတူညီမှု ရရှိအောင် ကူညီပေးနိုင်ပါသည်

သယံဇာတ အုပ်ချုပ်မှုတွင် မကြာခဏ ကြုံတွေ့ရလေ့ရှိသော နောက်ထပ် စိန်ခေါ်မှုတစ်ရပ်မှာ သယံဇာတ တူးဖော်ရေးကဏ္ဍမှ ကုမ္ပဏီများသည် သယံဇာတ ကြွယ်ဝသော တိုင်းပြည်များမှ အစိုးရများထက် ဗဟုသုတ နှင့် စဉ်းစားဉာဏ် ပိုမိုလေ့ရှိပါသည်။ ဤအချက်သည် လုပ်ငန်းသဘောတူ စာချုပ်ဆိုင်ရာ ဆွေးနွေးမှုများနှင့်သာလျှင် သက်ဆိုင်သည်မဟုတ်ဘဲ လိုင်စင်ချပေးခြင်း စနစ်များ၏ ပုံစံ၊ အခွန်အခများ ကောက်ခံမှုစနစ်နှင့် သဘာဝ ပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်နှင့် ပြည်တွင်း ပါဝင်မှုဆိုင်ရာ တာဝန်ဝတ္တရားများအပေါ်လည်း သက်ရောက်မှုရှိပါသည်။

ဤသတင်းအချက်အလက် ကွာဟမှုသည် လုပ်ငန်းကဏ္ဍ၏ ပညာရပ်ဆန်သော သဘော သဘာဝ၊ ပုဂ္ဂလိက ကဏ္ဍ၏ လျှို့ဝှက်မှု နှင့် ကုမ္ပဏီများ၏ သယံဇာတများနှင့် ရုပ်ပိုင်းဆိုင်ရာ နည်းကပ်မှုတို့ကြောင့် ဖြစ်ပေါ်လာပါသည်။ ဤသို့ သတင်းအချက်အလက် ရရှိမှုနှင့်ပတ်သက်၍ ဟန်ချက်မညီမှုနှင့် ဆက်စပ်ဖြစ်ပေါ်လာသော အယုံအကြည် မရှိမှုကြောင့် အစိုးရများအနေဖြင့် ၎င်းတို့၏ သယံဇာတများထံမှ အကျိုးအမြတ် အပြည့်အဝ မရရှိခြင်း ဖြစ်လာစေနိုင်ပါသည်။ ဥပမာ တန်ဇန်နီးယားနိုင်ငံတွင် အစိုးရက Barrick Gold ကုမ္ပဏီအား အခွန်သက်သာစေရန် ၂၀၀၀–၂၀၁၇ ခုနှစ်အထိ ရွှေ ပို့ဆောင်မှုများကို လျှော့ပေါ့ဖော်ပြခဲ့သည်ဟု စွပ်စွဲခဲ့ပါသည်။ နောက်ဆုံးတွင် အစိုးရက ပြည်ပသို့ တင်ပို့မှုများကို ယာယီပိတ်ပင်ခဲ့ပြီးနောက်ပိုင်း ဆက်လက်ဖြစ်ပေါ်လာသော အချေအတင်ဆွေးနွေးမှုသည် ရှုပ်ထွေးပြီး လွန်စွာ အငြင်းပွားဖွယ်ရာ ဖြစ်ခဲ့သည့်အပြင် ကုန်ကျစရိတ်လည်း များခဲ့ပါသည်။[၂၈] သယံဇာတ ကြွယ်ဝသော တိုင်းပြည်များသည် မကြာခဏဆိုသလို ရှုပ်ထွေးသော ဆုံးဖြတ်ချက် များစွာကို လျင်မြန်စွာ ပြုလုပ်ရန် လိုအပ်လေ့ရှိပြီး အစိုးရများသည် ကိစ္စရပ်များကို အပြည့်အဝ နားလည်ထားခြင်း မရှိသောကြောင့် ကုမ္ပဏီများအား အသာစီး ရရှိစေပါသည်။

ပါတီများသည် သယံဇာတ အုပ်ချုပ်မှုနှင့်ပတ်သက်၍ အသေးစိတ် ရပ်တည်မှုများကို ရေးဆွဲသတ်မှတ် လိုက်သောအခါ ပါတီတစ်ခုလုံးတွင် ပညာရပ်ဆိုင်ရာ ကိစ္စရပ်များအပေါ် နားလည်သဘောပေါက်မှုကို မြှင့်တင်ရန် နှင့် စိန်ခေါ်မှုများကို ဗဟုသုတနှင့် အင်အားကို နောက်ခံပြုသည့် အနေအထားမှ တုံ့ပြန် ဆောင်ရွက်နိုင်မည့် အလားအလာများကို တိုးတက်အောင် ပြုလုပ်ရန် လိုအပ်ချက်ကို ဖန်တီးပေးပါသည်။ ယခင်လွှတ်တော်အမတ်နှင့် တောင်အာဖရိကနိုင်ငံ၏ တွင်းထွက်သယံဇာတဆိုင်ရာ လွှတ်တော်ကော်မတီ၏ ဥက္ကဋ္ဌဖြစ်သော Faith Bikaniu 'ကော်မတီက မဲရရှိသောအခါတွင် ကျွန်ုပ်အနေဖြင့် ခိုင်မာသော ဆုံးဖြတ်ချက်ချမှတ်နိုင်သည့် အနေအထားတွင် ရှိနေစေရန် အာဏာရပါတီနှင့် အဖွဲ့အစည်းဆိုင်ရာမူဝါဒ များအတွင်း ကိစ္စရပ် အားလုံးကို သတ္တုတွင်းနှင့် တွင်းထွက်မူဝါဒ နယ်ပယ်တွင် ကျွမ်းကျင်မှုရှိသော ပုဂ္ဂိုလ်များထံမှ လိုအပ်သော ပံ့ပိုးမှုဖြင့် အသေးစိတ် အပြန်အလှန် မေးခွန်းထုတ် ဆွေးနွေးရန် အရေးကြီးသည်' ဟု ရှင်းပြခဲ့ပါသည်။ ဤအချက်သည် အထူးသဖြင့် လုပ်ငန်းသဘောတူစာချုပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရာတွင် လျင်မြန်သော ဆုံးဖြတ်ချက်များ ချမှတ်ခြင်းနှင့်ပတ်သက်၍ လိုအပ်သောအခါတွင် အစိုးရ အရာရှိများအပေါ် အယုံအကြည်ရှိရန် အရေးကြီးပါသည်။ ရှင်းလင်းသော ပါတီ ရပ်တည်မှုများသည် ဥပမာအားဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာန နှင့် သတ္တုတွင်းဝန်ကြီးဌာနတို့အား အချိတ်အဆက်မရှိ ဆောင်ရွက်မှုများကို ရှောင်ကြဉ်ရန်နှင့် ကုမ္ပဏီများအပေါ် ၎င်းတို့ ဆက်ဆံမှုသည် တစ်သတ်မတ်တည်းရှိသော ရပ်တည်မှုတစ်ရပ်အပေါ် အခြေခံစေရန်လည်း အထောက်အကူပြုနိုင်ပါသည်။

---

၂၈။ Reuters သတင်းမှ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ဖော်ပြခဲ့သော Barrick Gold ကုမ္ပဏီ၏ တန်ဇန်နီးယားနိုင်ငံတွင် ပြုလုပ်သော လုပ်ငန်းသဘောတူညီမှုသည် ကုန်ကျစရိတ်များသော သာဓကတစ်ရပ် ဖြစ်လာနိုင်သည် (Barrick Gold's Tanzania deal may set expensive precedent)' <http://www.reuters.com/article/barrick-gold-acacia-shareholders/barrick-golds-tanzania-deal-may-set-expensive-precedent-shareholers-idUSL2N1MZ1F4>.

## ပါတီများသည် မျှော်မှန်းချက်များကို စီမံခန့်ခွဲပေးခြင်းနှင့် ရေရှည်စီမံကိန်းကို ပံ့ပိုးပေးခြင်းအတွက် ကူညီနိုင်ပါသည်

သဘာဝ သယံဇာတနှင့် ဆက်စပ်သော ဝင်ငွေအမြောက်အမြား ဝင်ရောက်လာခြင်းသည် မကြာခဏ ဆိုသလို ပြည်သူလူထုအကြား ရုတ်တရက် ကြီးမားသော အပြောင်းအလဲ ဖြစ်လာမည်ဟု အလွန်အမင်း မျှော်မှန်းထားမှုများ ရှိလာစေလေ့ ရှိပါသည်။[၂၉] အဆိုပါ မျှော်မှန်းချက်များသည် သယံဇာတမှ ရရှိသော ဝင်ငွေများ၏ အပြောင်းအလဲမြန်ပြီး ပုံပျက်စေသော သက်ရောက်မှုများ တိုင်းပြည်၏ စီးပွားရေးစနစ်အပေါ် ကျရောက်လာခြင်းမှ ကာကွယ်ပေးနိုင်သော စုငွေ ရန်ပုံငွေများ တည်ထောင်ခြင်း အစရှိသည့် ရေရှည်မျှော်မှန်းသော ဆုံးဖြတ်ချက်များ ချမှတ်ရန် အစိုးရအတွက် ခက်ခဲစေနိုင်ပါသည်။[၃၀]

ဂါနာနိုင်ငံတွင် ၂၀၀၈ ခုနှစ်၌ ရေနံရှာဖွေတွေ့ရှိခဲ့သောအခါ အဓိက နိုင်ငံရေးပါတီများတွင် ရှင်းလင်းပြီး အချက်အလက် အပြည့်အစုံအပေါ် အခြေခံသော သယံဇာတအုပ်ချုပ်မှုဆိုင်ရာ ရပ်တည်မှုများ မရှိခဲ့ဘဲ အများပြည်သူ မျှော်မှန်းချက်များ၏ သက်ရောက်မှုကို ပိုမိုအလွယ်တကူ ခံစားရပါသည်။ ၂၀၀၈ ခုနှစ် ရွေးကောက်ပွဲများမတိုင်ခင် ကာလများတွင် ထိုစဉ်က အတိုက်အခံပါတီ၏ ကိုယ်စားလှယ်လောင်းတစ်ဦး ဖြစ်သည့် သမ္မတ John Atta-Mills သည် ‘ဤနိုင်ငံက သယံဇာတများ အလွန် ပေါကြွယ်ဝပါတယ်။ [...] သင်တို့အနေဖြင့် သင်တို့လုပ်ချင်တာ လုပ်လို့ရစေဖို့ ကျွန်ုပ်တို့က ကျွန်ုပ်တို့၏ သယံဇာတများကို အသုံးပြုပါမယ်’ ဟု ထောက်ခံသူများကို ပြောခဲ့ပါသည်။[၃၁] နောက်နှစ်နှစ်ကြာပြီး ရေနံဈေးများ ကျဆင်းသွားသောအခါ ပါတီများသည် ရေတို သယံဇာတ အုပ်ချုပ်မှုဆိုင်ရာ မူဝါဒ၏ လူသိများသော ငွေကြေးဆိုင်ရာ အန္တရာယ်များမှ တိုင်းပြည်ကို ကာကွယ်ပေးရန် ပြင်ဆင်ထားခြင်း မရှိကြောင်းနှင့် ရေနံ ဈေးကောင်းရခဲ့စဉ်က ဘတ်ဂျက်ကို အလွန်အကျွံ သုံးစွဲခဲ့သည့်အတွက် နောက်ပိုင်း ဘတ်ဂျက် လိုငွေပြမှု အကြီးအကျယ် ဖြစ်လာကြောင်း အလျင်အမြန် ပေါ်ပေါက်လာခဲ့ပါသည်။[၃၂]

## ပါတီများသည် လုပ်ငန်းကဏ္ဍ အပြောင်းအလဲများနှင့် ဈေးနှုန်း အတက်အကျများအပေါ် လျှင်မြန်သော တုံ့ပြန်မှုများ ပြုလုပ်စေနိုင်ပါသည်

ကုန်ပစ္စည်း ဈေးနှုန်းများ အမြဲတမ်း အတက်အကျ ဖြစ်နေခြင်းကြောင့် တိုင်းပြည်၏ သယံဇာတများကို ထိရောက်စွာ သုံးစွဲနိုင်စွမ်းအပေါ် ကြီးမားသော သက်ရောက်မှုများ ရှိလာစေပါသည်။[၃၃] သတ္တုတွင်းတစ်ခု၏ သက်တမ်းသည် သယံဇာတ တစ်ခုခု၏ ယေဘုယျ ထုတ်လုပ်မှု သက်တမ်းကဲ့သို့ပင် နိုင်ငံတစ်နိုင်ငံအတွက် ရွေးချယ်နိုင်သော မူဝါဒများအပေါ် အပြောင်းအလဲ ဖြစ်စေပါသည်။ ရင်းနှီးမြှုပ်နှံသူများသည် မကြာသေးမီကမှ သယံဇာတများထွက်ရှိကြောင်း တွေ့ရှိထားသည့် တိုင်းပြည် အသစ်များတွင် စွန့်စားမှု ပို၍ မပြုလိုကြသော်လည်း နိုင်ငံတစ်နိုင်ငံတွင် သယံဇာတများကို အများစု ထုတ်ယူသုံးစွဲပြီးဖြစ်သော အခါတွင်လည်း ရရှိခံစားစရာ အကျိုးအမြတ် ပို၍နည်းပါသည်။ အစိုးရ မူဝါဒများသည် အဆိုပါ ပြောင်းလဲနေသော အခြေအနေများအပေါ် တုံ့ပြန်ဆောင်ရွက်နိုင်စွမ်း ရှိရန် လိုအပ်ပါသည်။

ဥပမာ ပီရူးနိုင်ငံတွင် အစိုးရက ဓာတ်ငွေ့သိုက် တစ်သိုက်ကို ၁၉၈၄ ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့သော်လည်း စတင်ထုတ်လုပ်ရန် နှစ်ပေါင်း ၂၀ ကျော် ကြာခဲ့ပါသည်။ ဓာတ်ငွေ့ဈေးနှုန်းများ အကြီးအကျယ် ကျ

---

၂၉။ Ross (note 7)

၃၀။ Collier P. ရေးသားသော အာဖရိကတွင် သဘာဝ သယံဇာတများနှင့် ပဋိပက္ခ (Natural Resources and Conflict in Africa) <http://the-beacon.info/countries/africa/natural-resouces-and-conflict-in-africa/>.

၃၁။ Rachel Boynton ရိုက်ကူးခဲ့သော မှတ်တမ်းရုပ်ရှင် Big Men (2013: Boynton Films), 35:30.

၃၂။ အခန်း (၂) တွင် ဂါနာနိုင်ငံအကြောင်း လေ့လာမှုကို ကြည့်ပါ။

၃၃။ ထပ်မံသိရှိလိုပါက Natural Resource Governance Institute က ရေးသားသော ဈေးနှုန်းများ ကျဆင်းပြီး ဆုံးရှုံးနိုင်ခြေများ မြင့်တက်လာခြင်း – ပစ္စည်းဈေးနှုန်းများ ကျဆင်းခြင်း အကြောင်းများ (Falling Prices, Rising Risks: A Series on Low Commodity Prices) <https://resourcegovernance.org/analysis-tools/collection/falling-prices-rising-risks-series-low-commodity-prices>.

ဆင်းခဲ့ပြီးနောက် ၂၀၁၆ ခုနှစ်တွင် တိုင်းပြည်၏ ဓာတ်ငွေ့သိုက်များထဲမှ တစ်သိုက်သည် မျှော်မှန်းထားသည်ထက် ပိုမိုသေးငယ်နေကြောင်း သိရှိခဲ့ပြီး ထုတ်လုပ်မှုနှင့်ပတ်သက်သည့် စီးပွားရေးဆိုင်ရာ အခြေအနေများအပေါ် အပြောင်းအလဲ ဖြစ်စေခဲ့ပါသည်။ တိုင်းပြည်အနေဖြင့် ၎င်း၏ ဓာတ်ငွေ့အတွက် ဈေးကောင်း ဆက်လက်ရရှိစေရန်အလို့ငှာ ပါတီများသည် လုပ်ငန်းသဘောတူညီမှုအပေါ် အဆိုပါ အသစ်ဖြစ်ပေါ်လာသော အခြေအနေနှင့် ကိုက်ညီသည့် ရပ်တည်မှုများ ချမှတ်ရန် လိုအပ်လာခဲ့ပါသည်။[34] ဤအခြေအနေတွင် နိုင်ငံရေးပါတီများသည် ပြောင်းလဲနေသော အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင် အလွယ်တကူ ပြောင်းလဲနိုင်ရမည်ဖြစ်ပြီး ထိုသို့သော အပြောင်းအလဲများကို လျော့ကျစေပြီး အစကတည်းက ရေရှည်အတွက် စီစဉ်မှုရှိသည့် မူဝါဒဆိုင်ရာ အကြံပြုချက်များကိုလည်း ဖန်တီးပေးရပါမည်။ အလားတူပင် ဂါနာနိုင်ငံတွင် ရေနံဈေးများ အကြီးအကျယ် ကျဆင်းသွားသောအခါတွင် ဥပဒေတစ်ရပ်အပေါ် အလွန်အမင်း အလေးထားခြင်းသည် ပါတီများအား အခြားမူဝါဒဆိုင်ရာ စိန်ခေါ်မှုများနှင့် ပတ်သက်၍ ထိခိုက်လွယ်သွားစေကြောင်း ပါတီများက တွေ့ရှိခဲ့ကြပါသည်။ ပါတီများသည် ရေနံဈေးကျဆင်းမှု အကျပ်အတည်းနှင့် ရေနံဈေး ကျဆင်းမှုနှင့်တစ်ချိန်တည်းမှာပင် ဖြစ်ပွားသော အလွန်များပြားသည့် နိုင်ငံ့ကြွေးမြီတို့ကြောင့် ဈေးနှုန်းကျဆင်းနေသော အခြေအနေတွင် ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ပေးနိုင်မည့် ပိုမိုအသေးစိတ်ကျသော မူဝါဒ ရပ်တည်မှုများကို ရေးဆွဲခဲ့ပါသည်။

### အကွက် ၁.၄
### ပါတီတစ်ခုနှင့်တစ်ခုကြား အပြန်အလှန် ဆွေးနွေးမှု၏ ထူးခြားသော တန်ဖိုး

ပါတီတစ်ခုနှင့်တစ်ခုကြား အပြန်အလှန် ဆွေးနွေးမှုနှင့် သဘောတူညီမှု ရယူခြင်းသည် ယေဘုယျအားဖြင့် အလွန် စိန်ခေါ်မှုများပြီး နိုင်ငံရေးအရ စွန့်စားမှုများသော အလုပ်ဖြစ်ပါသည်။ သို့သော် သယံဇာတ ပိုင်ဆိုင်မှု၏ ရေရှည်ဖြစ်သော သဘော သဘာဝနှင့် သယံဇာတ အုပ်ချုပ်မှုဆိုင်ရာ ဖြေရှင်းမှု နည်းလမ်းများသည် မှီခိုအားထားလို့ရရန် လိုအပ်သောကြောင့် ပါတီတစ်ခုနှင့်တစ်ခုကြား အပြန်အလှန် ဆွေးနွေးမှုသည် အထူး အရေးပါပြီး တစ်ခါတစ်ရံ မဖြစ်မနေ လိုအပ်ပါသည်။ ဤအကွက်တွင် သယံဇာတ ကြွယ်ဝမှုနှင့်ပတ်သက်သော မူဝါဒများကို ပါတီပေါင်းစုံ ဝိုင်းဝန်းဆွေးနွေး ဆောင်ရွက်ခြင်းက တစ်နိုင်ငံလုံးအတွက် မည်သည့်အကြောင်းကြောင့် အရေးကြီးသည်ကို သာဓကနှစ်ခုဖြင့် ရှင်းလင်းတင်ပြသွားပါမည်။

#### ဝင်ငွေစီမံခန့်ခွဲမှု – နိုင်ငံသည် ရသမျှဝင်ငွေကို သုံးစွဲနိုင်သဖြင့် ရေရှည်အတွက် ငွေကြေးသုံးစွဲမှု

သယံဇာတမှရရှိသော ဝင်ငွေကို ကောင်းမွန်စွာ စီမံခန့်ခွဲရန်မှာ ဈေးနှုန်းအတက်အကျ မြန်ဆန်မှုကြောင့်ဖြစ်ပေါ်လာသော ရေတို စိန်ခေါ်မှုများ နှင့် ရသမျှ သုံးစွဲနိုင်စွမ်းနှင့် ကုန်ခမ်းသွားနိုင်မှုတို့ကြောင့် ဖြစ်ပေါ်လာသော ရေရှည် စိန်ခေါ်မှု နှစ်မျိုးလုံးကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ အကယ်၍ အဆိုပါ စိန်ခေါ်မှုများအပေါ် တုံ့ပြန်မှုသည် ရွေးကောက်ပွဲ စက်ဝန်းတစ်ခုစီအပေါ် လိုက်၍ ပြောင်းလဲပါက တိုင်းပြည်စီးပွားရေးအပေါ် ဆိုးရွားသော အကျိုးဆက်များ ဖြစ်ပေါ်လာနိုင်ပါသည်။ စကားချီးတွင် ဖော်ပြထားခဲ့သည့်အတိုင်း နိုင်ငံရေးအရ ဘုံသဘောတူညီချက် ရရှိအောင် ရင်နှီးမြှုပ်နှံခြင်း၏ အကျိုးကျေးဇူးများနှင့်ပတ်သက်၍ ချီလီနိုင်ငံက သာဓကတစ်ခု ဖြစ်ပါသည်။ ချီလီနိုင်ငံသည် အခြားနိုင်ငံအများစုထက်စာလျှင် ကုန်ပစ္စည်းဈေးနှုန်း အတက်အကျများကို လျော့ပါးစေနိုင်ခဲ့ပြီး အကြောင်းမှာ ၎င်း၏ အားကောင်းသော ပါတီစနစ်မှ ဖြစ်ပေါ်လာသည့် ရှေ့ရေး ကြိုတွေးသော အခွန်ဝင်ငွေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် အစီအမံများကြောင့်ဖြစ်ပါသည်။ နော်ဝေနိုင်ငံမှာလည်း ခိုင်မာသော သာဓကတစ်ခုဖြစ်ပြီး ရေရှည်တည်တံ့မှု၏ အရေးပါမှုနှင့် ပြည်တွင်းစီးပွားရေး၏ စုပ်ယူသုံးစွဲနိုင်စွမ်းအပေါ် ကန့်သတ်ချက်များနှင့်ပတ်သက်၍ နိုင်ငံရေးအရ ကျယ်ကျယ်ပြန့်ပြန့် လက်ခံမှုသည် အခွန်ကောက်ခံသည့် စည်းမျဉ်းများကို ပံ့ပိုးပေးထားပါသည်။

၃၄။ အခန်း (၂) တွင် ပီရူးနိုင်ငံအကြောင်း လေ့လာမှုကို ကြည့်ပါ။

အရှေ့တီမောနိုင်ငံမှ နိုင်ငံရေးပါတီများသည် ရေနံမှရရှိသည့် ဝင်ငွေစီမံခန့်ခွဲခြင်းအတွက် ခိုင်မာသော စနစ်တစ်ရပ် ဖန်တီးရန် ကြိုးပမ်းခဲ့ခြင်းဖြစ်ပြီး အခက်အခဲများလည်း တွေ့ကြုံခဲ့ရပါသည်။ အရှေ့တီမော နိုင်ငံတွင် ရေနံစတင်တွေ့ရှိခဲ့စဉ်က အဓိက နိုင်ငံရေးပါတီနှစ်ခုဖြစ်သော Revolutionary Front for an Independent East Timor (Fretilin) နှင့် Congress for Timorese Reconstruction (CNRT) တို့က ရရှိသော ဝင်ငွေများကို နောင်မျိုးဆက်များအတွက် စုဆောင်းရန် ရည်ရွယ်ချက်ဖြင့် ရေနံ ရန်ပုံငွေတစ်ရပ် ဖန်တီးပေးသော ဥပဒေများကို ပြဋ္ဌာန်းရန် အတူတကွ ဆောင်ရွက်ခဲ့ကြပါသည်။[၃၅] ဝင်ငွေများကို နှစ်အနည်းငယ် ကောက်ခံပြီးနောက် နိုင်ငံအတွက် ရေတို လိုအပ်ချက်များသည် နောင် မျိုးဆက်များအတွက် ရေရှည် အကျိုးအမြတ်များထက် ပိုမိုများပြားကြောင်း နိုင်ငံရေးသမားများက လက်ခံလာခဲ့ကြပါသည်။ ရလဒ်အနေဖြင့် နိုင်ငံအစိုးရသည် ရန်ပုံငွေထဲမှ ငွေကြေးများကို စတင်သုံးစွဲရန် ကြိုးပမ်းခဲ့ပါသည်။ အစိုးရနှင့် တိုင်းပြည်၏ စုပ်ယူသုံးစွဲနိုင်စွမ်းသည် အလွန်နိမ့်ကျနေသောကြောင့် ငွေ ကြေးများစွာကို ချက်ချင်း ထိရောက်စွာ အသုံးမပြုနိုင်ကြောင်း ပါတီနှစ်ခုလုံးက အလျင်အမြန်ပင် သိရှိ လာခဲ့ပါသည်။ ရလဒ်အနေဖြင့် အဓိက ပါတီနှစ်ခုသည် ပြည်တွင်းလုပ်သားများ၏ အရည်အချင်းများ မြှင့်တင်ခြင်း၊ ဆက်စပ် အခြေခံ အဆောက်အအုံ နှင့် အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှု စနစ်များတွင် ရင်းနှီးမြှုပ်နှံခြင်း အပါအဝင် နိုင်ငံစီးပွားရေး၏ စုပ်ယူသုံးစွဲနိုင်စွမ်းကို မြှင့်တက်စေမည့် နည်းလမ်းဖြင့် ငွေကြေးသုံးစွဲခြင်းကို ဦးစားပေးသော နှစ် ၂၀ မဟာဗျူဟာ အစီအစဉ်ကို တိုင်းပြည်အတွက် ဖန်တီးရန် အတူတကွ ဆောင်ရွက်ခဲ့ကြပါသည်။[၃၆]

## အခွန်ကောက်ခံမှုဆိုင်ရာ သတ်မှတ်ချက်များ နှင့် ကုမ္ပဏီများနှင့် ညှိနှိုင်းဆွေးနွေးမှု

ပါတီတစ်ခုနှင့်တစ်ခုအကြား အပြန်အလှန် ဆွေးနွေးမှုမှ အကျိုးအမြတ် ရရှိနိုင်သော သယံဇာတ အုပ် ချုပ်မှု၏ နောက်ထပ်နယ်ပယ်တစ်ခုမှာ သယံဇာတ တူးဖော်ရေး ကုမ္ပဏီများအတွက် အခွန်ကောက်ခံမှု ဆိုင်ရာ သတ်မှတ်ချက်များကို သတ်မှတ်ခြင်း ဖြစ်ပါသည်။ နိုင်ငံများသည် တည်ငြိမ်ပြီး အားကိုးအားထား ပြုနိုင်သော မူဘောင်တစ်ရပ်ရှိကြောင်း အာမခံချက်များ ပေးနိုင်သောအခါတွင် အားအကောင်းဆုံးနှင့် ယုံကြည်အားကိုးလို့ အရဆုံး သယံဇာတ တူးဖော်ရေး ကုမ္ပဏီများကို ဆွဲဆောင်နိုင်လေ့ ရှိပါသည်။ အကယ်၍ ကုမ္ပဏီများက သတ်မှတ်ချက်များသည် ရွေးကောက်ပွဲစက်ဝန်း တစ်ခုချင်းစီအလိုက် ပြောင်းလဲနိုင်သည်ဟု ထင်မြင်ယူဆပါက ရင်းနှီးမြှုပ်နှံသူများသည် ထိုနိုင်ငံတွင် လုပ်ငန်းလည်ပတ် လုပ်ကိုင်ရန် ရွေးချယ်နိုင်ခြေ နည်းပါးနိုင်ပါသည် သို့မဟုတ် ကနဦးတွင် ကျိုးကြောင်းဆီလျော်မှု မရှိ သော သတ်မှတ်ချက်များကို တောင်းဆိုလာနိုင်ခြေ ပို၍များပါသည်။

ဇမ်ဘီယာနိုင်ငံတွင် ၂၀၀၈ ခုနှစ် နောက်ပိုင်း၌ တွင်းထွက်တူးဖော်ရေးဆိုင်ရာ အခွန်စနစ်သည် နိုင်ငံ ရေး ဦးဆောင်မှုနှင့်ပတ်သက်၍ ပြောင်းလဲမှုတစ်ခု ဖြစ်ပေါ်တိုင်း လိုက်ပြောင်းခဲ့ပါသည်။ ထိုသို့ ပြောင်း လဲမှုကြောင့် အကြီးမားဆုံးသော တွင်းထွက်တူးဖော်ရေး ကုမ္ပဏီများသည် သယံဇာတ တူးဖော်မှု၏ လက်တွေ့ သတ်မှတ်ချက်များကို ဆန်းစစ်နိုင်သည့် ၂၀၁၅ ခုနှစ် အမျိုးသား ရွေးကောက်ပွဲမတိုင်မီတွင် လုပ်ငန်းလည်ပတ်မှုများကို ရပ်ဆိုင်းခဲ့ပါသည်။ ဇမ်ဘီယာနိုင်ငံရှိ စက်ဝန်းအား လေ့လာဆန်းစစ်ခဲ့သော အခွန်ဆိုင်ရာ ကျွမ်းကျင်သူက ‘ဤအခြေအနေသည် ရိုးသားသော အခွန်ထမ်းများအား ၎င်းတို့၏ အကျိုးအမြတ်အတွက် ဥပဒေဆိုင်ရာ မရှင်းလင်းမှုကို အခွင့်ကောင်းယူရန်၊ မရိုးသားသော အခွန်ထမ်း များအား အခွန်တိမ်းရှောင်ရန် [နှင့်] အခွန်စီမံအုပ်ချုပ်မှုအတွင်း အဂတိလိုက်စားမှု ဖြစ်ပေါ်ရန် အလား

၃၅။ ထပ်မံသိရှိလိုပါက <https://resourcegovernance.org/sites/default/files/documents/investing-for-the-future-timor-lestes-petroleum-fund.pdf> တွင် Triwibowo, D. နှင့် Seixas Miranda, N. A. ရေးသားသော အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံခြင်း – အရှေ့တီမော၏ ရေနံရန်ပုံငွေ (Investing for the Future: Timor-Leste’s Petroleum Fund) (Natural Resource Governance Institute, 2016) ကို ကြည့်ပါ။

၃၆။ <http://timor-leste.gov.tl/wp-content/uploads/2011/07/Timor-Leste-Strategic-Plan-2011-20301.pdf> တွင် ရယူနိုင်သော အမျိုးသားလွှတ်တော်ထံ တင်သွင်းခဲ့သည့် မူကြမ်းဖြစ်သော အရှေ့တီမောနိုင်ငံ၏ မဟာဗျူဟာကျ ဖွံ့ဖြိုးရေးစီမံကိန်း (Strategic Development Plan) ၂၀၁၁–၂၀၃၃ ခုနှစ်။

အလာကို မြင့်တက်စေခဲ့ပါသည်’ ဟု ရှင်းပြခဲ့ပါသည်။[၃၇] အာဂျင်တီးနားနိုင်ငံတွင် လိုင်စင်များ ထုတ်ပေးသော အာဏာပိုင်အဖွဲ့သည် ပါတီတစ်ခုမှ တစ်ခုသို့ အကူးအပြောင်းများဖြစ်တိုင်း ဗဟိုအစိုးရအဖွဲ့နှင့် ဒေသန္တရ အစိုးရအဖွဲ့များအကြား ပြောင်းလဲခဲ့ပါသည်။[၃၈] သယံဇာတ တူးဖော်မှုတွင် ပုဂ္ဂလိက ကဏ္ဍ၏ ပါဝင်မှုသည် အဆိုပါ ရွေးကောက်ပွဲ စက်ဝန်းများ၏ ရလဒ်များအပေါ် များစွာ မူတည်၍ ပြောင်းလဲခဲ့ပါသည်။ ရလဒ်အားဖြင့် ပါတီအပြောင်းအလဲများ မဖြစ်မချင်း သယံဇာတ တူးဖော်မှု စီမံကိန်းများသည် မကြာခဏဆိုသလို ရပ်ဆိုင်းနေခဲ့ခြင်း သို့မဟုတ် လုပ်ကွက်အသစ်များအား မရှာဖွေခြင်းတို့ ဖြစ်ခဲ့ပါသည်။ အဆိုပါကိစ္စရပ်များနှင့်ပတ်သက်၍ ဘုံသဘောတူညီမှု ဖန်တီးပေးသော ပါတီတစ်ခုနှင့် တစ်ခုအကြား အပြန်အလှန် ဆွေးနွေးမှုသည် တသတ်မတ်တည်းရှိသော ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်သော မူဘောင်တစ်ရပ် ဖန်တီးပေးရန် အထောက်အကူပေးနိုင်ပြီး အစိုးရအား ဝင်ငွေအများဆုံး ရရှိအောင် ကောင်းမွန်သည့် အခွင့်အလမ်းများလည်း ပေးပါသည်။

## နောက်ထပ်ခြေလှမ်းများ

နှစ်ပေါင်းများစွာ သယံဇာတကျိန်စာနှင့် ဆက်စပ်သော စိန်ခေါ်မှုများနှင့် ဆုံးရှုံးနိုင်ခြေများသည် သယံဇာတ ကြွယ်ဝသော တိုင်းပြည်များမှ နိုင်ငံသားများအား ၎င်းတို့၏ သယံဇာတ ကြွယ်ဝမှုမှ အကျိုးအမြတ် မရရှိအောင် တားဆီးနေပါသည်။ သယံဇာတ တူးဖော်မှုသည် စီးပွားရေးကို ပုံပျက်စေပြီး နိုင်ငံ၏ ဘတ်ဂျက်များအား ကုန်ပစ္စည်းဈေးနှုန်း အတက်အကျများ၏ သက်ရောက်မှုကို ခံစားရစေကာ ရေရှည် တည်တံ့သော လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများ ဖြစ်ပေါ်စေသည့်အပြင် နိုင်ငံတွင်းနှင့် နိုင်ငံပြင်ပရှိ အခွင့်ထူးခံ လူတန်းစားအချို့အတွက်သာလျှင် အကျိုးအမြတ် ရရှိစေခဲ့ပါသည်။ သယံဇာတ အရင်းအမြစ်များသည် အဓိပ္ပာယ်ရှိပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူ ပြုနိုင်စေရန် နိုင်ငံရေးပါတီများသည် တက်ကြွပြီး အချက်အလက်ပြည့်စုံစွာ သိရှိနားလည်သော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ခဲ့သလို ပါဝင်ဆောင်ရွက်နိုင်ခြင်းလည်း ရှိပါသည်။

နိုင်ငံရေးပါတီများ၏ အစိုးရအဖွဲ့ တစ်ရပ်လုံးထံ လက်လှမ်းမီ ရောက်ရှိနိုင်မှု၊ မူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်များအပေါ် လွှမ်းမိုးမှု နှင့် နိုင်ငံသားများနှင့် နီးကပ်မှုတို့ကြောင့် နိုင်ငံရေးပါတီများသည် သဘာဝ သယံဇာတ အုပ်ချုပ်မှုဆိုင်ရာ ထူးခြားသော နိုင်ငံရေးနှင့် စီးပွားရေး စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ကောင်းမွန်သော အနေအထားမှာ ရှိနေပါသည်။ အခန်း (၂) တွင် ဖော်ပြထားသော နိုင်ငံအလိုက် လေ့လာမှု ခြောက်ခုတွင် နိုင်ငံရေးပါတီများအနေဖြင့် သယံဇာတ အုပ်ချုပ်မှုအပေါ် ပြုလုပ်နိုင်သည့် သက်ရောက်မှုကို မီးမောင်းထိုး ဖော်ပြထားပါသည်။ အဆိုပါ သက်ရောက်မှုများတွင် အကောင်းရော၊ အဆိုးပါ ပါဝင်ပြီး နိုင်ငံရေးပါတီများမှာလည်း အာဏာရရှိသော နိုင်ငံရေးပါတီများရော၊ အတိုက်အခံပါတီများပါ ပါဝင်ပါသည်။

နိုင်ငံရေးပါတီများအနေဖြင့် အပြုသဘောဆောင်စွာ အထောက်အကူပြုရန် အကောင်းဆုံးနည်းလမ်းမှာ တိုင်းပြည်က ကြုံတွေ့နေရသော အဓိက ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းသော၊ အချက်အလက် အစုံအလင်အပေါ် အခြေခံသော၊ အကြောင်းအရာအလိုက် ရေးဆွဲထားသော မူဝါဒ ရပ်တည်မှု ရှိရန်

၃၇။ Hinfelaar, M. နှင့် Jessica Achberger, J. တို့ ရေးသားသော ဇမ်ဘီယာနိုင်ငံတွင် သဘာဝ သယံဇာတ တူးဖော်မှု၏ နိုင်ငံရေးကိစ္စရပ်များ (The Politics of Natural Resource Extraction in Zambia) (Effective States and Inclusive Development Research Centre, 2017)။

၃၈။ <https://resourcegovernance.org/sites/default/files/documents/subnational-governance-extractives-fostering.pdf> တွင် ရယူနိုင်သော Bauer, A. et al. ရေးသားသည့် သယံဇာတ တူးဖော်မှုများအပေါ် ဒေသန္တရအုပ်ချုပ်မှု – ဒေသအလိုက် စိန်ခေါ်မှုများကို ကိုင်တွယ်ခြင်းဖြင့် အမျိုးသား အကျိုးစီးပွား ကြွယ်ဝချမ်းသာမှု ဖော်ဆောင်ခြင်း (Subnational Governance of Extractives: Fostering National Prosperity by Addressing Local Challenges) (Natural Resource Governance Institute, August 2016)။

ဖြစ်ပါသည်။ အခန်း (၃) တွင် ဖော်ပြထားသည့်အတိုင်း အဆိုပါရပ်တည်မှုများ ရေးဆွဲသတ်မှတ်ခြင်း လုပ်ငန်းစဉ် တစ်ခုတည်းကပင် ပါတီနှင့် နိုင်ငံအား အားကောင်းသော သယံဇာတအုပ်ချုပ်မှု ဖြစ်ပေါ်လာမည့်လမ်းကြောင်းပေါ် တွန်းပို့ပေးနိုင်ပါသည်။ အခြားအရာများထက်စာလျှင် ဖြစ်နိုင်သည်မှာ မူဝါဒရပ်တည်မှုတစ်ရပ်ကို သတ်မှတ်ထားရှိခြင်းသည် ပါတီဝင်များနှင့် မဲဆန္ဒရှင်များအား ၎င်းတို့ ကိုးကားနိုင်စေပြီး သဘာဝ သယံဇာတဆိုင်ရာ မူဝါဒများကို ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်ခြင်းတို့ ဆောင်ရွက်ရာတွင်လည်း အထောက်အပံ့ ပေးနိုင်ပါသည်။



Matt Grace for NRGI

# နိုင်ငံခြောက်နိုင်ငံရှိ နိုင်ငံရေးပါတီများက သယံဇာတအုပ်ချုပ်မှုအပေါ် မည်သို့ လွှမ်းမိုးပုံ

ဤအခန်းတွင် အခန်း (၁) ကို အခြေခံ၍ နိုင်ငံရေးပါတီများက သယံဇာတ အုပ်ချုပ်မှုဆိုင်ရာ ရလဒ်များ အပေါ် ပိုမိုကောင်းမွန်စေရန်ဖြစ်စေ သို့မဟုတ် ပိုမိုဆိုးရွားစေရန်ဖြစ်စေခဲ့သော နည်းလမ်းများကို ထပ်မံ လေ့လာ သုံးသပ်ထားပါသည်။ ဤအခန်းတွင် ဤအစီရင်ခံစာအတွက် ပြုလုပ်ထားပြီးနှင့် ဤအစီရင်ခံစာ တလျှောက်လုံး ရည်ညွှန်းထားသည့် နိုင်ငံ ခြောက်နိုင်ငံအတွက် နိုင်ငံအလိုက် လေ့လာမှုများ ပါဝင်ပါသည်။ လေ့လာမှု တစ်ခုချင်းစီသည် နိုင်ငံတစ်နိုင်ငံရှိ နိုင်ငံရေးပါတီများအတွင်းနှင့် ၎င်းတို့အကြား မူဝါဒချမှတ်ရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အသေးစိတ် လေ့လာသုံးသပ်မှု ဖြစ်ပါသည်။ အဆိုပါ နိုင်ငံအလိုက် လေ့လာမှုများသည် ယေဘုယျအားဖြင့် သယံဇာတဆိုင်ရာ ဆုံးဖြတ်ချက် ကွင်းဆက် တလျှောက်ရှိ တိကျသော မူဝါဒဆိုင်ရာ ကိစ္စရပ် တစ်ရပ်အပေါ် အဓိကထားပါသည်။

- **နော်ဝေနိုင်ငံ**အကြောင်း လေ့လာမှုတွင် ရေနံဆိုင်ရာ လုပ်ငန်းကဏ္ဍ အုပ်ချုပ်မှုနှင့်ပတ်သက်၍ ဘုံသဘောတူညီချက် တည်ဆောက်ရာတွင် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍကို ခွဲခြမ်းစိတ်ဖြာ သုံးသပ်ထားပြီး လုပ်ငန်းကဏ္ဍ တစ်ခုလုံးအတွက် မဟာဗျူဟာနှင့် ရေနံရန်ပုံငွေ စီမံခန့်ခွဲမှုအပြင် အများပြည်သူဆိုင်ရာ အပြန်အလှန် ဆွေးနွေးမှုတွင် ဖြစ်ပေါ်နေသော အပြောင်းအလဲများကို ထင်ဟပ်စေသည့် မကြာသေးမီက ဖြစ်ပေါ်လာသော လားရာများကိုလည်း ဖော်ပြထားပါသည်။

- **အစ္စရေးနိုင်ငံ**အကြောင်း လေ့လာမှုတွင် အစိုးရနှင့် နိုင်ငံ၏ အကြီးဆုံး ရေနံလုပ်ကွက် တည်ဆောက်ရန် ကြိုးပမ်းသည့် ကုမ္ပဏီများအကြား လုပ်ငန်းဆိုင်ရာ သဘောတူညီချက်နှင့်ပတ်သက်၍ အစိုးရ၏ တစ်ဖက်သတ် လုပ်ရပ်ကို စုံစမ်းစစ်ဆေးရန်နှင့် ပြန်ပြောင်းဆောင်ရွက်ရန် အတိုက်အခံပါတီများက ဌာနဆိုင်ရာ ဆောင်ရွက်မှုများအား တရားသဖြင့် ပြန်လည်ဖြစ်စေခြင်း ယန္တရားများ (Institutional Recourse Mechanisms) များအား မည်သို့ အသုံးပြုပုံကို လေ့လာသုံးသပ်ထားပါသည်။

- **တောင်အာဖရိကနိုင်ငံ**အကြောင်း လေ့လာမှုတွင် တွင်းထွက်ကဏ္ဍအား နိုင်ငံတော်ပိုင် ပြုခြင်းအပေါ် တစ်နိုင်ငံလုံး အပြန်အလှန် ဆွေးနွေးမှုနှင့်ပတ်သက်၍ အာဏာရ ပါတီများအတွင်းနှင့် အခြားပါတီများကြား မူဝါဒ ရေးဆွဲသတ်မှတ်ခြင်း လုပ်ငန်းစဉ်ကို လေ့လာသုံးသပ်ထားပြီး ထိုလုပ်ငန်းစဉ်သည် အာဏာရ ပါတီတစ်ခုက နိုင်ငံရေးပါတီအသစ် ဖွဲ့စည်းရန် ခွဲထွက်ခြင်းဖြင့် အဆုံးသတ်ခဲ့ပါသည်။

- **ဂါနာနိုင်ငံ**အကြောင်း လေ့လာမှုတွင် နိုင်ငံ၏ ရေနံမှရရှိသော ဝင်ငွေအား စီမံခန့်ခွဲခြင်းဆိုင်ရာ စည်းမျဉ်းများ ဖန်တီးရေးဆွဲခြင်းနှင့် အဆိုပါစည်းမျဉ်းများကို နောက်ပိုင်းတွင် အကောင်အထည်ဖော်ရာတွင် နိုင်ငံရေးအရ ပြိုင်ဆိုင်မှုမှ ပေါ်ထွက်လာသည့် စိန်ခေါ်မှုများကို လေ့လာသုံးသပ်ထားပါသည်။

- **မလေးရှားနိုင်ငံ**အကြောင်း လေ့လာမှုတွင် အာဏာရပါတီများ ညွန့်ပေါင်းအဖွဲ့နှင့် အတိုက်အခံပါတီများ ညွန့်ပေါင်းအဖွဲ့၏ မူဝါဒချမှတ်ရေး လုပ်ငန်းစဉ်များကို လေ့လာသုံးသပ်ထားပြီး ရေနံမှရရှိသော ဝင်ငွေများကို ရေနံထွက်ရှိသော ပြည်နယ်များထံ ခွဲဝေပေးခြင်းနှင့်ပတ်သက်၍ ဆာရာဝက်ပြည်နယ်ရှိ နိုင်ငံရေးပါတီများနှင့် ပြည်ထောင်စု အစိုးရအကြား အခြေအနေများကို အဓိက ဖော်ပြထားပါသည်။

- **ပီရူးနိုင်ငံ**အကြောင်း လေ့လာမှုတွင် ၂၀၁၆ ခုနှစ် သမ္မတ ရွေးကောက်ပွဲများတွင် ရွေးကောက်ခံ ကိုယ်စားလှယ်များနှင့် ၎င်းတို့၏ ပါတီများက လက်ခံထားသော ရပ်တည်မှုများနှင့် အဆိုပါရပ်တည်မှု များကို ဖန်တီးရေးဆွဲသော လုပ်ငန်းစဉ်များ အထူးသဖြင့် ဓာတ်ငွေ့ကို ပြည်တွင်း၌ အသုံးပြုခြင်းနှင့် တင်ပို့ခြင်းနှင့်ပတ်သက်၍ အဓိက ဖော်ပြထားပါသည်။

အဆိုပါ နိုင်ငံအလိုက် လေ့လာမှုများသည် ပညာရပ်ဆိုင်ရာ၊ မူဝါဒဆိုင်ရာနှင့် သတင်းဂျာနယ်ဆိုင်ရာ စာတမ်းများအပြင် ပါတီကိုယ်စားလှယ်များ နှင့် အခြားဆက်စပ်သူများနှင့် တွေ့ဆုံမေးမြန်းမှုများမှ ရရှိသည့် သတင်းအချက်အလက်များအပေါ် အခြေခံထားပါသည်။ အဓိကပါတီများ အားလုံးကို တွေ့ဆုံမေးမြန်းခွင့်ပြုရန် ဆက်သွယ်ခဲ့ပါသည်။ သုတေသန လေ့လာမှုဆိုင်ရာ မေးခွန်းများသည် ပါတီများအတွင်း မူဝါဒရပ်တည်မှု ရေးဆွဲခြင်းလုပ်ငန်းစဉ်များနှင့်ပတ်သက်သော ဆုံးဖြတ်ချက်တစ်ရပ် သို့မဟုတ် ညှိနှိုင်း သဘောတူညီချက်တစ်ရပ် ရရှိလာစေသော အခြေအနေများကို နားလည်ရန်အလို့ငှာ အခြားပါတီများနှင့် ဆွေးနွေးညှိနှိုင်းမှုများ၊ အပြန်အလှန် ဆွေးနွေးမှုတို့၏ လုပ်ငန်းစဉ်များနှင့် အကြောင်းအရာနှင့်ပတ်သက်သော သက်ဆိုင်သည့်အဖွဲ့များ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများ၊ မဲဆန္ဒရှင်များ၊ ကျွမ်းကျင်သူများနှင့် နိုင်ငံတကာမှ လုပ်ရှားဆောင်ရွက်သူများနှင့်ပတ်သက်သော အနာဂတ် နိုင်ငံရေးလုပ်ငန်းစဉ်များအတွက် သင်ခန်းစာများနှင့်ပတ်သက်သော အကြောင်းအရာ ကိစ္စရပ်များကို လေ့လာထားပါသည်။

နိုင်ငံများကို ပထဝီအနေအထား ကွဲပြားစုံလင်မှုအပေါ် အခြေခံ၍သော်လည်းကောင်း၊ ရွေးကောက်ပွဲကာလများနှင့်ပတ်သက်၍ နှင့်/သို့မဟုတ် လုပ်ငန်းကဏ္ဍဆိုင်ရာ အရေးပါသော ဆုံးဖြတ်ချက်များ သို့မဟုတ် ရေနံစျေးများ ကျဆင်းခြင်းကဲ့သို့သော ပြင်ပ ပတ်ဝန်းကျင်တွင် ဖြစ်ပေါ်သည့် အပြောင်းအလဲများ အစရှိသည့် အခြား အကျပ်အတည်းများအပေါ် တုံ့ပြန်မှုအဖြစ် နိုင်ငံရေး ဆွေးနွေးမှုများ ပြုလုပ်ရာ၌ သဘာဝ သယံဇာတ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ၏ ပေါ်လွင်ထင်ရှားမှုအပေါ် အခြေခံ၍သော်လည်းကောင်း ရွေးချယ်ခဲ့ပါသည်။

# နိုင်ငံအလိုက် လေ့လာမှု – နော်ဝေနိုင်ငံ

## သယံဇာတ တူးဖော်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ နိုင်ငံရေး ဘုံသဘောတူညီမှု တည်ဆောက်ခြင်း



© Marius Dobilas/ Shutterstock.com

Kaisa Toroskainen နှင့် Laury Haytayan

# နော်ဝေနိုင်ငံ၊ အဓိက အချက်အလက်များ (၂၀၁၅ ခုနှစ်)

**လူဦးရေ**
၅.၂ သန်း[၁]

**တစ်ဦးချင်း ပြည်တွင်း အသားတင် ထုတ်လုပ်မှု (PPP)**
$ ၆၁,၂၀၀[၂]

**အဓိက သဘာဝ သယံဇာတ**
ရေနံ၊ ဓာတ်ငွေ့


**ပြည်တွင်း အသားတင်ထုတ်လုပ်မှု (GDP) တွင် သယံဇာတမှ ရရှိသော အကျိုးအမြတ်များ၏ ရာခိုင်နှုန်း**
၉[၃]


**နိုင်ငံရေးစနစ်**
ပါလီမန် ဒီမိုကရေစီ

**အာဏာရ ပါတီများ**
ကွန်ဆာဗေးတစ့် ပါတီ
ပရောဂရက်စ်ပါတီ

**အတိုက်အခံ ပါတီများ**
လေဘာပါတီ
ဗဟိုပါတီ
ခရစ်ယန် ဒီမိုကရက်တစ် ပါတီ
လစ်ဘရယ်ပါတီ
ဂရင်းပါတီ
ဆိုရှယ်လစ် လက်ဝဲပါတီ[၄]

**ပို့ကုန်ဝေစုများ (၂၀၁၅ ခုနှစ်)[၅]**



၁ "DataBank 2015: Population, total," World Bank (2015), ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကြည့်ရှုခဲ့သည်။ http://data.worldbank.org/indicator/SP.POP.TOTL.

၂ "DataBank 2015: GDP per capita (current US$)," World Bank (2015), ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကြည့်ရှုခဲ့သည်။ http://data.worldbank.org/indicator/NY.GDP.PCAP.PP.CD.

၃ "DataBank 2015: Total natural resource rents (% of GDP)," World Bank (2015), ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကြည့်ရှုခဲ့သည်။ http://data.worldbank.org/indicator/NY.GDP.TOTL.RT.ZS.

၄ နော်ဝေနိုင်ငံ ပါလီမန် (Stortinget), https://www.stortinget.no/en/In-English/Members-of-the-Storting/Parliamentary-Party-Groups.

၅ "DataBank 2015: Fuel exports as % of merchandise exports," World Bank (2015), http://data.worldbank.org/indicator/TX.VAL.FUEL.ZS.UN and "DataBank 2015: Ores and metals exports as % of merchandise exports," World Bank (2015), http://data.worldbank.org/indicator/TX.VAL.MMTL.ZS.UN.



## နိုင်ငံအလိုက် လေ့လာမှု – နော်ဝေနိုင်ငံ

# သယံဇာတ တူးဖော်မှုလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံရေး ဘုံသဘောတူညီမှု တည်ဆောက်ခြင်း

### နိုင်ငံရေးစနစ်

နော်ဝေနိုင်ငံ၏ နိုင်ငံရေးစနစ်သည် စည်းမျဉ်းခံ ဘုရင်စနစ် (Constitutional Monarchy) ဖြင့် အုပ်ချုပ်သည့် ကိုယ်စားပြု ပါလီမန် ဒီမိုကရေစီ (Representative Parliamentary Democracy) ဖြစ်ပါသည်။ ဝန်ကြီးချုပ်၏ ဦးဆောင်မှုအောက်တွင် အစိုးရအဖွဲ့သည် အာဏာကို ကျင့်သုံးပါသည်။ ဥပဒေပြုရေး အာဏာကို ပါတီစုံ စနစ်အတွင်းမှ ရွေးချယ်သည့် အစိုးရ နှင့် လွှတ်တော် (Storting) နှစ်ခုလုံးထံ အပ်နှင်းထားပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်များတွင် ကွန်ဆာဗေးတော့ဗ်ပါတီနှင့် လေဘာပါတီတို့က အဓိက ဦးဆောင်ခဲ့သည့် ညွန့်ပေါင်းအစိုးရအဖွဲ့များသည် တိုင်းပြည်ကို အုပ်ချုပ်ခဲ့ပါသည်။ နော်ဝေနိုင်ငံ နိုင်ငံရေးစနစ်၏ ထူးခြားသော လက္ခဏာများတွင် လွှတ်တော် သက်တမ်းတစ်ခုအတွင်း ရွေးကောက်ပွဲ မခေါ်ယူနိုင်သည့် ပုံသေ သတ်မှတ်ထားသော လွှတ်တော်သက်တမ်းများနှင့် လူနည်းစု အစိုးရ (Minority Government) အဖွဲ့များ၏ အစဉ်အလာတို့ ပါဝင်ပါသည်။

### သဘာဝ သယံဇာတ ကြွယ်ဝမှုနှင့် အုပ်ချုပ်မှု

နော်ဝေနိုင်ငံတွင် ၁၉၆၀ ပြည့်နှစ်များ၌ ရေနံရှာဖွေတွေ့ရှိခဲ့ပြီး ထိုစဉ်ကတည်းက ကမ္ဘာပေါ်တွင် အဓိက ရေနံထွက်ရှိသော နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့ပါသည်။ သယံဇာတ တူးဖော်ရေးလုပ်ငန်းများ အားလုံးပေါင်းသည် ၂၀၁၅ ခုနှစ်တွင် နိုင်ငံ GDP ၏ ၁၅ ရာခိုင်နှုန်း နှင့် အစိုးရ ဝင်ငွေများ၏ ၂၀ ရာခိုင်နှုန်းအထိ ရှိခဲ့ပါသည်။[၃၉] ရေနံနှင့် စွမ်းအင်ဝန်ကြီးဌာန (Petroleum and Energy Ministry)၊ ရေနံဦးစီးဌာန (Petroleum Directorate) နှင့် Statoil အပါအဝင် ဤလုပ်ငန်းကဏ္ဍရှိ အဓိက ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍများကို ဥပဒေနှင့် မူဝါဒများတွင် သတ်မှတ်ထားသလို ရေနံမှရရှိသော ဝင်ငွေ စီမံခန့်ခွဲခြင်းအတွက် စည်းမျဉ်းများကိုလည်း သတ်မှတ်ထားပါသည်။[၄၀] ရေနံမှရရှိသော ဝင်ငွေများကို (ယခင်က ရေနံရန်ပုံငွေဟု ခေါ်သော) ပင်စင်ရန်ပုံငွေသို့ ထည့်သွင်းထားပြီး အဆိုပါရန်ပုံငွေအား ဘဏ္ဍာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုအောက်ရှိ ဗဟိုဘဏ်က အုပ်ချုပ်၍ နောက်ဆုံးတွင် Storting လွှတ်တော်ထံ အစီရင်ခံ တင်ပြရပါသည်။ ဗဟိုဘဏ်သည် ထိုရန်ပုံငွေ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နေ့စဉ်ဆုံးဖြတ်ချက်များကို စီမံခန့်ခွဲပါသည်။[၄၁] နော်ဝေနိုင်ငံ၏ ရေနံမှရရှိသော ဝင်ငွေများကို ပင်စင်ရန်ပုံငွေနှင့် ဘတ်ဂျက်ဆိုင်ရာ စည်းမျဉ်းတို့မှတဆင့် စီမံခန့်ခွဲခြင်း[၄၂] သည် တည်ငြိမ်ပြီး ပွင့်လင်းမြင်သာမှုရှိကာ ဒီမိုကရေစီ ဆန်သည်ဟု အများက အသိအမှတ်ပြုထားကြပါသည်။

ဤနိုင်ငံအလိုက် လေ့လာမှုတွင် ထိုသို့သော အုပ်ချုပ်မှုပတ်ဝန်းကျင် ဖန်တီးခြင်းတွင် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍနှင့် ဘုံသဘောတူညီမှု တည်ဆောက်ခြင်းအပြင် နော်ဝေနိုင်ငံ၏ နိုင်ငံရေး အခင်းအကျင်းတွင် ဖြစ်ပေါ်လေ့ရှိသော အပြောင်းအလဲများကို ထင်ဟပ်စေသည့် မကြာသေးမီက ဖြစ်ပေါ်ခဲ့သော အချို့သော လားရာများကို ခွဲခြမ်းစိတ်ဖြာ သုံးသပ်ထားပါသည်။

---

၃၉။ Norsk Petroleum နှင့် ကမ္ဘာ့ဘဏ်တို့မှ တင်ပြသော ကိန်းဂဏန်းများသည် ကွာခြားမှု ရှိနိုင်ပါသည်။ http://www. norskpetroleum.no/en/economy/governments-revenues ကို ကြည့်ပါ။

၄၀။ သယံဇာတအုပ်ချုပ်မှု အညွှန်းကိန်း (Natural Resource Governance Institute, 2013) http://www.resourcegovernance.org/sites/default/files/country_pdfs/norwayRGI2013.pdf.

၄၁။ Norges Bank Investment Management, https://www.nbim.no/en/the-fund/governance-model.

၄၂။ ''နော်ဝေနိုင်ငံ ငွေကြေးဆိုင်ရာ မူဝါဒ၏ အခြေခံစည်းမျဉ်းသည် အများသိထားသော ဘတ်ဂျက်ဆိုင်ရာ စည်းမျဉ်းဖြစ်ပါသည်။ ထိုစည်းမျဉ်းတွင် စီးပွားရေးလုပ်ငန်း စက်ဝန်းတစ်ခုလုံးတွင် အစိုးရသည် တစ်နှစ်လျှင် ၄ ရာခိုင်နှုန်းဖြင့် ခန့်မှန်းထားသော ရန်ပုံငွေပေါ်မှ ပြန်လည်ရရှိမည်ဟု မျှော်မှန်းထားသော အမှန်တကယ် ရရှိမည့် အကျိုးအမြတ်ကိုသာလျှင် သုံးစွဲနိုင်သည်ဟု ဖော်ပြထားပါသည်။'' https://www.nbim.no/en/the-fund ကိုကြည့်ပါ။

## အပြန်အလှန် ဆွေးနွေးမှုနှင့် ဘုံသဘောတူညီချက် တည်ဆောက်ခြင်း – ရေနံရန်ပုံငွေ

နောက်ပိုင်းတွင် နော်ဝေနိုင်ငံ၏ အစိုးရ ပင်စင်ရန်ပုံငွေဟု ခေါ်သော ရေနံရန်ပုံငွေကို ၁၉၉၀ ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။ ထိုရန်ပုံငွေအား မတည်ထောင်မီ ဝင်ငွေများသည် နိုင်ငံတော်ဘတ်ဂျက်သို့ တိုက်ရိုက် စီးဝင်သောကြောင့် ငွေကြေးတန်ဖိုး မြင့်တက်ခြင်းနှင့် အကျိုးဆက်အားဖြင့် သယံဇာတ တူးဖော်ခြင်းနှင့် မသက်ဆိုင်သော ပို့ကုန်ကဏ္ဍများ ကျဆင်းမှု ဖြစ်ပေါ်ခြင်း အစရှိသည့် ''ဒတ်ချ်ရောဂါ (Dutch Disease)'' ၏ သက်ရောက်မှုများ ဖြစ်ပေါ်လာမည်ကို နော်ဝေနိုင်ငံသားများအကြား စိုးရိမ်မှု ဖြစ်ပေါ်ခဲ့ပါသည်။ ထိုအခြေအနေတွင် ''ရေနံမှရရှိသော ငွေကြေးအားလုံးကို နော်ဝေနိုင်ငံ၏ စီးပွားရေး စနစ်အတွင်းသို့ ချက်ချင်းလက်ငင်း ထည့်သွင်းရန် မဖြစ်နိုင်ကြောင်း ကွန်ဆာဗေးတော့ဗ် ပါတီ နှင့် လေဘာပါတီ နှစ်ခုလုံးက သဘောတူညီခဲ့သောကြောင့် ရန်ပုံငွေနှင့်ပတ်သက်၍ ဘုံသဘောတူညီချက် ရရှိရန်မှာ မခက်ခဲခဲ့ပါ'' ဟု လွှတ်တော်အမတ်နှင့် ကွန်ဆာဗေးတော့ဗ် ပါတီ၏ ဘဏ္ဍာရေးဝန်ကြီးဟောင်း နှင့် လက်ရှိ စာရင်းစစ်ချုပ်ဖြစ်သော Per-Kristian Foss က ပြောခဲ့ပါသည်။

*''နိုင်ငံရေး ယဉ်ကျေးမှုသည် အမြဲတစေ ထိုသို့ သဘောတူညီနေသော ယဉ်ကျေးမှု မဟုတ်ဘဲ ဆွေးနွေးညှိနှိုင်းပြီး ဆွေးနွေးညှိနှိုင်းထားသော ရလဒ်ကို တစိုက်မတ်မတ် ဆောင်ရွက်သည့် ယဉ်ကျေးမှု ဖြစ်ကာ ထိုယဉ်ကျေးမှုသည် ကျယ်ပြန့်သော သဘောတူညီမှု ရရှိရန်အတွက် လိုအပ်ပါသည်။''*

*လွှတ်တော်အမတ်*
*Marit Arnstad*

ဘဏ္ဍာရေးဝန်ကြီးဌာနသည် ကွန်ဆာဗေးတော့ဗ်ပါတီ၊ ခရစ်ယာန် ဒီမိုကရက်တစ်ပါတီနှင့် ဗဟိုပါတီတို့က အစိုးရအဖြစ် တာဝန်ယူခဲ့သော ၁၉၈၃ ခုနှစ်ကတည်းက ထိုရန်ပုံငွေကို တည်ထောင်ရန် မူလအဆိုပြု ချက်ကို ပြုလုပ်ခဲ့ပါသည်။ ၎င်းတို့က ရန်ပုံငွေ၏ တည်ဆောက်ပုံ၊ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုဆိုင်ရာ စည်းမျဉ်းများအပြင် ပိုင်ဆိုင်မှုများအပေါ်မှ ပြန်လည်ရရှိသော ပျမ်းမျှ အကျိုးအမြတ်ထက်ပို၍ နှစ်စဉ် ဘတ်ဂျက်သို့ မလွှဲပြောင်းသင့်ကြောင်း သတ်မှတ်ထားသော ငွေကြေးဆိုင်ရာ စည်းမျဉ်းကို ကနဦး ရေး ဆွဲခဲ့ပါသည်။ နောက်ပိုင်းတွင် လေဘာပါတီ အာဏာရရှိလာခဲ့ပြီး နိုင်ငံ၏ စီးပွားရေးအား ဒတ်ချ်ရောဂါမှ ကာကွယ်ခြင်းနှင့်စပ်လျဉ်းသော လက်ရှိ သဘောတူညီမှုအပေါ် အခြေခံသော စည်းမျဉ်းများနှင့် ဌာန ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပတ်သက်၍ အပြီးသတ် ဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် ရန်ပုံငွေ၏ အခြေခံ စည်းမျဉ်းများနှင့် ငွေကြေးဆိုင်ရာ စည်းမျဉ်း၏ ဒီဇိုင်းနှင့်ပတ်သက်၍ သဘောတူညီမှုရရှိအောင် ဆောင်ရွက်ရာတွင် အဓိက နိုင်ငံရေးပါတီအားလုံး ပါဝင်ခဲ့ကြပါသည်။

နိုင်ငံရေးအရ ဘုံသဘောတူညီချက် ရရှိစေခဲ့သည့် နောက်ထပ် အချက်တစ်ချက်မှာ ၁၉၈၀ ပြည့်နှစ် အလယ်ပိုင်းတွင် ရန်ပုံငွေ၏ စည်းမျဉ်းများကို ရေးဆွဲခဲ့စဉ်က ရေနံမှရရှိသော ဝင်ငွေမှာ အနည်းငယ်သာ ရှိခဲ့သောကြောင့် ဖြစ်ပြီး စည်းမျဉ်းများ သတ်မှတ်ရာတွင် နိုင်ငံရေးအရ ပြင်းထန်သော ကန့်ကွက်ငြင်းခုံမှု မရှိခဲ့ဘဲ နိုင်ငံရေးသမားများအတွက် ဘဏ္ဍာရေးဝန်ကြီးဌာနက ရေးဆွဲခဲ့သော အသေးစိတ် အခြေခံ စည်းမျဉ်းများအပေါ် သဘောတူညီရန် ပိုမိုလွယ်ကူခဲ့ပါသည်။ နောက်ပိုင်းနှစ်များတွင် တာဝန်ယူခဲ့သော အစိုးရအဖွဲ့များသည် အဆိုပါ စည်းမျဉ်းများနှင့်အညီ တစ်စိုက်မတ်မတ် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၉–၂၀၁၀ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ငွေကြေးအကျပ်အတည်းနှင့် ၂၀၁၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ရေနံဈေး ကျဆင်းမှုနောက်ပိုင်း ရန်ပုံငွေမှ ပိုမိုများပြားသော ထုတ်ယူမှုများကို ရံဖန်ရံခါ ပြုလုပ်ရန် အတိုက်အခံ ဘက်မှလည်း ကျယ်ပြန့်စွာ ထောက်ခံလာခဲ့ပါသည်။

ရေနံ ရန်ပုံငွေနှင့်ပတ်သက်သည့် မူလ ဘုံသဘောတူညီမှုတွင် မပါဝင်ခဲ့သည်မှာ ဆိုရှယ်လစ် လက်ဝဲ ပါတီနှင့် ပရောဂရက်စ် ပါတီတို့သာလျှင် ဖြစ်ပါသည်။ နောက်ပိုင်းတွင် ထိုပါတီနှစ်ခုလုံးက ထိုရန်ပုံငွေကို ဝေဖန်ခဲ့ပြီး ရေနံမှရရှိသော ဝင်ငွေများကို ပိုမိုသုံးစွဲရန်အတွက် အားပေးထောက်ခံခဲ့ပါသည်။ အဓိက ပါတီများသည် ရေနံမှရရှိသော ဝင်ငွေများကို အလွန်အကျွံ သုံးစွဲခြင်း၏ အန္တရာယ်များနှင့်ပတ်သက်၍ ဝေဖန်သော ပါတီများနှင့် မဲဆန္ဒရှင်များအား စည်းရုံးသိမ်းသွင်းရန် လွှတ်တော်အမတ်နှင့် ဗဟိုပါတီ၏ ရေနံနှင့် စွမ်းအင်အတွက် ယခင် ဝန်ကြီးဟောင်းဖြစ်သော Marit Arnstad ဖော်ပြခဲ့သလို ''သင်ကြား ရေးနှင့်ပတ်သက်သည့် ကျွမ်းကျင်မှု အတတ်ပညာ များစွာကို အသုံးပြုခဲ့ပါသည်။'' ပရောဂရက်စ်ပါတီက ၂၀၁၃ ခုနှစ်တွင် ကွန်ဆာဗေးတော့ဗ်များနှင့် ညွန့်ပေါင်းအစိုးရအဖွဲ့ ဖွဲ့စည်းခဲ့စဉ်က ရေနံရန်ပုံငွေနှင့် ပတ်သက်၍ ၎င်းတို့၏ ရပ်တည်မှုသည် ပိုမိုပျော့ပြောင်းလာခဲ့ပြီး အာဏာရလာသောအခါ ဆွေးနွေး ညှိနှိုင်း၍ သဘောတူညီမှုများ ပြုလုပ်ရန် လိုအပ်ချက်ကို ထင်ဟပ်စေပါသည်။

### အကွက် ၂.၁
### နော်ဝေနိုင်ငံတွင် ပါတီ၏ မူဝါဒရပ်တည်မှု ရေးဆွဲသတ်မှတ်ခြင်း

နော်ဝေနိုင်ငံမှ ပါတီများသည် ၎င်းတို့၏ နိုင်ငံရေးအစီအစဉ် ရေးဆွဲသတ်မှတ်ရာတွင် လေးနှစ်ရွေးကောက်ပွဲ စက်ဝန်းအရ ဆောင်ရွက်ရပါသည်။ အစီအစဉ်များကို ပါတီအစည်းအဝေးများတွင် သတ်မှတ်ကြပြီး ပုံမှန်အားဖြင့် နောက် အထွေထွေရွေးကောက်ပွဲ မတိုင်မီ တစ်နှစ်၊ နှစ်နှစ် အလိုတွင် ဆောင်ရွက်ပါသည်။ ပညာရှင် အသိုင်းအဝိုင်း၊ မဲဆန္ဒရှင်များနှင့် လုပ်ငန်းကဏ္ဍနှင့် ကျယ်ပြန့်စွာ မကြာခဏ ဆွေးနွေးတိုင်ပင်မှုများသည် အစီအစဉ် ရေးဆွဲသတ်မှတ်ခြင်း လုပ်ငန်းစဉ်တွင် လုပ်လေ့လုပ်ထရှိသော သာမန်အလေ့အထ ဖြစ်ပါသည်။

ပါတီအများစုသည် ဝင်ငွေစီမံခန့်ခွဲမှု စနစ်တစ်ရပ်လုံးနှင့်ပတ်သက်၍ ကျယ်ပြန့်စွာ သဘောတူညီခဲ့ကြသော်လည်း ရေနံရန်ပုံငွေ၏ ရင်းနှီးမြှုပ်နှံမှု မဟာဗျူဟာနှင့် အာတိတ်ဒေသများတွင် ရေနံရှာဖွေခွင့်ပေးခြင်းကြောင့် ပါတီများအတွင်း စိတ်ဝမ်းကွဲခဲ့ပြီး မဲရရှိမှုမှာလည်း မတိမ်းမယိမ်း ဖြစ်ခဲ့ပါသည်။ ပါတီရပ်တည်မှုများကို မဲပေးခြင်းဖြင့် ဆုံးဖြတ်ပြီး ထိုသို့ ဆုံးဖြတ်ပြီးပါက ပါတီဝင်များသည် အများစု၏ ဆုံးဖြတ်ချက်ကို လိုက်နာဆောင်ရွက်ကြပါသည်။

အခိုင်အမာတည်ရှိနေသော ပါတီများသည် ရေနံလုပ်ငန်းကဏ္ဍနှင့်ပတ်သက်၍ နားလည်သဘောပေါက်မှုနှင့် သုတေသန လေ့လာနိုင်စွမ်းတို့ကို ဆယ်စုနှစ်ပေါင်းများစွာ တည်ဆောက်ခဲ့ကြပါသည်။ ဂရင်းပါတီ၏ ပြောရေးဆိုခွင့်ရှိသူနှင့် လွှတ်တော်အမတ်လည်းဖြစ်သော Rasmus Hansson သည် ၂၀၁၃ ခုနှစ်တွင် ပထမဦးဆုံးအကြိမ် Storting လွှတ်တော်တွင် ကိုယ်စားပြု တက်ရောက်ခွင့် ရရှိခဲ့ပြီး နောက်နှစ်ပေါင်း ၂၀ အတွင်း ရေနံဆိုင်ရာ လုပ်ငန်းများကို ရပ်စဲရန် အဆိုပြုချက်ကို ရေးဆွဲခဲ့သောအခါတွင် ပါတီငယ်တစ်ခု၏ စွမ်းဆောင်ရည်နှင့်ပတ်သက်၍ ယခုကဲ့သို့ ပြောကြားခဲ့ပါသည်။ ''ပါတီကြီးတစ်ခုနှင့် ယှဉ်လျှင် ထိုသို့ လုပ်ဆောင်မှု၏ ငွေကြေးအရ သက်ရောက်မှုကို အတိအကျ တွက်ချက်ရန်အတွက် သုတေသန လေ့လာမှု ပြုလုပ်နိုင်စွမ်း အနည်းငယ်သာ ရှိပါသည်။ သို့သော် ကျွန်ုပ်တို့သည် ယုတ္တိတရားအပေါ် အားထားပြီး ရေနံထုတ်လုပ်မှုအား ရပ်စဲခြင်းသည် 'လုပ်မည်၊ မလုပ်မည်'ဟူသော မေးခွန်းမဟုတ်ဘဲ 'မည်သည့်အချိန်နှင့် မည်သို့ ဆောင်ရွက်ရမည်' ဟူသော မေးခွန်းဖြစ်သည်ဟု ထောက်ပြပြောဆိုခဲ့ပါသည်။ အခြားပါတီများကလည်း ဤရပ်တည်မှုကို ပိုမို အလေးအနက်ထားလာကြပါသည်။''

ရေနံရန်ပုံငွေ၏ အခြေခံစည်းမျဉ်းများနှင့် ငွေကြေးစည်းမျဉ်းတို့နှင့်ပတ်သက်သော ကျယ်ပြန်သည့် ဘုံသဘောတူညီချက် ရှိသော်လည်း ရန်ပုံငွေတွင် ရင်းနှီးမြှုပ်နှံမှု မဟာဗျူဟာနှင့်ပတ်သက်၍ တက်တက်ကြွကြွ အပြန်အလှန် မေးခွန်းထုတ် ဆွေးနွေးခဲ့ကြပြီး ပါတီများနှင့် လွှတ်တော်တို့သည် ဤဆွေးနွေးမှုတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြပါသည်။ ကျောက်ဖြစ်ရုပ်ကြွင်း လောင်စာလုပ်ငန်းကဏ္ဍတွင် ရံပုံငွေမှ ငွေကြေးများ ရင်းနှီးမြှုပ်နှံမှု ခွင့်မပြုရန်ဆိုသည့် အဆိုပြုချက်ကို လွှတ်တော်သို့ အသစ်ဝင်ရောက်လာသော ဂရင်းပါတီက ၂၀၁၃ ခုနှစ်တွင် လွှတ်တော်၌ ပထမဦးဆုံးအကြိမ် တင်ပြခဲ့ပါသည်။ အစပိုင်းတွင် ထိုအဆိုကို အများစုက ဆန့်ကျင်ခဲ့ကြပါသည်။ သို့သော် လပိုင်းအတွင်း၌ပင် ဆိုရှယ်လစ်လက်ဝဲပါတီသည် ထိုကိစ္စရပ်နှင့်ပတ်သက်၍ပင် အဆိုပြုချက်တစ်ရပ်ကို တင်သွင်းခဲ့ပါသည်။ ကွန်ဆာဗေးတစ် ဦးဆောင်သော အစိုးရသည် ထိုအဆိုပြုချက်များကို ကနဦးတွင် ဆန့်ကျင်ခဲ့ပြီး ဆေးရွက်ကြီးကုမ္ပဏီများ အစရှိသော လုပ်ငန်းကဏ္ဍ အနည်းငယ်ကိုသာ ကိုယ်ကျင့်တရားဆိုင်ရာ အကြောင်းအရင်းများကြောင့် ရံပုံငွေမှ ငွေကြေးများဖြင့် ရင်းနှီးမြှုပ်နှံခွင့် မပြုခဲ့ပါ။ ၎င်းတို့သည် စီးပွားရေးဆိုင်ရာအကြောင်းအရင်းများအပေါ်သာလျှင် အခြေခံသော ရင်းနှီးမြှုပ်နှံမှု စံသတ်မှတ်ချက်များကို ပိုမို လိုလားခဲ့ပါသည်။ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် ကျောက်မီးသွေးအား ကင်းလွတ်ခွင့် ပေးသော်လည်း အခြားကျောက်ဖြစ်ရုပ်ကြွင်း အဓိက လုပ်ကိုင်သည့် ကုမ္ပဏီများကို ကင်းလွတ်ခွင့်မပေးသော အဆိုပြုချက်ကို ပိုမိုအသေးစိတ် စီစဉ်ရန်အတွက် ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ပြီး ထိုအဆိုပြုချက်ကို ၂၀၁၄

ခုနှစ်တွင် လွှတ်တော်က လက်ခံ အတည်ပြုခဲ့ပါသည်။[၄၃]

ရေနံရန်ပုံငွေ တည်ထောင်မှုနှင့် ၎င်းတွင် ရင်းနှီးမြှုပ်နှံမှုတို့နှင့်ပတ်သက်၍ သဘောတူညီမှု ရယူသော လုပ်ငန်းစဉ်များသည် သဘောတူညီမှု ပြုလုပ်ခြင်းနှင့် ညှိနှိုင်းဆွေးနွေးခြင်း ဖြစ်သော နော်ဝေနိုင်ငံ၏ နိုင်ငံရေး ယဉ်ကျေးမှုကို ထင်ဟပ်စေပါသည်။ ဗဟိုပါတီ၏ Arnstad က နိုင်ငံရေး ယဉ်ကျေးမှုသည် ''အမြဲတစေ ထိုသို့ သဘောတူညီနေသော ယဉ်ကျေးမှု မဟုတ်ဘဲ ဆွေးနွေးညှိနှိုင်းပြီး ဆွေးနွေးညှိနှိုင်းထားသော ရလဒ်ကို တစိုက်မတ်မတ် ဆောင်ရွက်သည့် ယဉ်ကျေးမှုဖြစ်ကာ ထိုယဉ်ကျေးမှုသည် ကျယ်ပြန့်သော သဘောတူညီမှု ရရှိရန်အတွက် လိုအပ်ပါသည်။'' ဟု မီးမောင်းထိုးပြပါသည်။ Foss က ထိုအခြေအနေအား ''သဘောတူညီခြင်းနှင့် သဘောထား ကွဲပြားခြင်းအကြား ဟန်ချက်ညီအောင် ဆောင်ရွက်ခြင်း'' အဖြစ် ဖော်ညွှန်းခဲ့ပါသည်။ ''ဥပမာ အခွန်စနစ်အပေါ် သဘောတူနိုင်သော်လည်း အခွန်များ၏ အလွှာနှင့်ပတ်သက်၍ ရံဖန်ရံခါ သဘောထား ကွဲပြားနိုင်ပါသည်။''

လူနည်းစုနှင့် ညွန့်ပေါင်းအစိုးရ အဖွဲ့များသည် အကြောင်းအရင်း နှစ်ရပ်ကြောင့် သဘောတူညီမှုများ ရရှိအောင် ဆောင်ရွက်ရန် အကြီးမားဆုံး ပါတီများကိုပင် တွန်းအားပေးပါသည်။ ပထမအကြောင်းအရင်းမှာ မည်သည့်ပါတီမဆိုသည် ရွေးကောက်ပွဲများအပြီးတွင် နောက်အစိုးရ၏ တစ်စိတ်တစ်ဒေသ ဖြစ်လာနိုင်သဖြင့် အတိုက်အခံဖြစ်နေသည့် အချိန်မှာပင် ၎င်းတို့အား အပြုသဘောဆောင်စေရန် အားပေးပါသည်။ ဒုတိယ အကြောင်းအရင်းမှာ ပါတီများသည် အစိုးရ အစီအစဉ်တစ်ရပ်နှင့်ပတ်သက်ပြီး အခြား ညွန့်ပေါင်းမိတ်ဖက် ပါတီနှင့် ညှိနှိုင်းဆွေးနွေးလာရနိုင်ဖွယ် ရှိသောကြောင့် ရွေးကောက်ပွဲများမတိုင်မီတွင် ယုတ္တိမရှိသော ကတိများ မပြုလုပ်အောင် ပါတီများအပေါ် တွန်းအားဖြစ်စေပါသည်။

### အကွက် ၂.၂
### ဘုံသဘောတူညီမှု တည်ဆောက်ရာတွင် ပါတီတစ်ခုနှင့် တစ်ခုအကြား အပြန်အလှန် ဆွေးနွေးမှု၏ အရေးပါမှု – ကိုယ်တွေ့ အတွေ့အကြုံ

ရေနံနှင့် စွမ်းအင်ဝန်ကြီးဟောင်းဖြစ်သော Einar Steensnæs,
ခရစ်ယန် ဒီမိုကရက်တစ် ပါတီ

လူနည်းစု ညွန့်ပေါင်းအစိုးရ (၂၀၀၁–၂၀၀၄) တွင် ရေနံနှင့် စွမ်းအင်အတွက် ဝန်ကြီးတစ်ဦးအနေဖြင့် ကျွန်ုပ်သည် နော်ဝေနိုင်ငံ၏ အာတိတ်ဒေသပိုင်းတွင် ရေနံဆိုင်ရာ လုပ်ငန်းများကို ထပ်မံချဲ့ထွင် တည်ဆောက်ရေးနှင့်ပတ်သက်သည့် အဆိုပြုချက်တစ်ရပ်ကို ပြင်ဆင်ရန် တာဝန်ရှိခဲ့ပါသည်။ ညွန့်ပေါင်းအစိုးရတွင် ပါဝင်သော ပါတီများအကြား မည်သည့်ဒေသများကို ရေနံလုပ်ငန်းအတွက် အသစ် ခွင့်ပြုပေးနိုင်မည်နှင့်ပတ်သက်၍ ပြင်းထန်သော သဘောထားကွဲလွဲမှု ရှိခဲ့ပါသည်။

အစိုးရနှင့် လွှတ်တော်အတွင်းရှိ အမတ် အများစုက လက်ခံနိုင်သည့် ဟန်ချက်ညီသော အဆိုပြုချက်ဖြစ်စေရန် ကျွန်ုပ်သည် ဆွေးနွေးတိုင်ပင်မှု များစွာကို ဦးဆောင်ပေးခဲ့ပြီး ရေနံလုပ်ငန်းကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းများ၊ သုတေသန အဖွဲ့အစည်းများနှင့် ဒေသန္တရ အစိုးရအဖွဲ့များ၏ ကိုယ်စားလှယ်များအား ၎င်းတို့၏ အမြင်များကို တင်ပြရန် ဖိတ်ခေါ်ခဲ့ပါသည်။ ကျွန်ုပ် လက်ခံရရှိခဲ့သော စာဖြင့် ရေးသားထားသည့် ဖော်ပြချက်များတွင် ဆွေးနွေးတိုင်ပင်ခဲ့သော အဖွဲ့အစည်း အများစုသည် ၎င်းတို့၏ အဓိကရပ်တည်မှုများကို ကိုင်စွဲထားခဲ့ကြပြီး ထိုရပ်တည်မှုများကို ကျွန်ုပ်အနေဖြင့် ကောင်းစွာ သိရှိနားလည်ခဲ့သော်လည်း ကျွန်ုပ်လုပ်နေသည့် အလုပ်အတွက် အတွေးအမြင် အသစ်များ ပေးစွမ်းခြင်း မရှိခဲ့ပါ။

ထို့နောက် ကျွန်ုပ်သည် ၎င်းတို့ထဲမှ အချို့ကို ကျွန်ုပ်၏ရုံးခန်းသို့ သီးသန့် ဖိတ်ခေါ်၍ အပြန်အလှန်

၄၃။ https://www.nbim.no/en/the-fund/governance-model/guidelines-for-observation-and-exclusion-from-the-fund ကို ကြည့်ပါ။

ဆွေးနွေးမှု၏ အစွန်းနှစ်ဖက်ကြားရှိ ဟန်ချက်ညီသော အနေအထားတစ်ခုကို အကြံပြုလိုကြောင်း ရှင်းပြခဲ့ကာ ၎င်းတို့အား သဘောတူညီမှု ပြုလုပ်သင့်သည့် အကြောင်းအရာအပေါ် လွှမ်းမိုးရန် အခွင့်အလမ်းတစ်ရပ် ပေးခဲ့ပါသည်။ ၎င်းတို့ထဲမှ အချို့က အစိုးရ၏ အဆိုပြုချက်အပေါ် လွှမ်းမိုးမှုပြုရန် အခွင့်အရေးရှိကြောင်း သဘောပေါက်ခဲ့ကြပြီး အပြီးသတ် ဆုံးဖြတ်ချက်တွင် ထည့်သွင်းရမည့် အချို့သော ဖြည့်စွက်အမြင် အချို့ကို ကျွန်ုပ်အား ပြောကြားလာပါသည်။ အဆိုပါ ဆွေးနွေးတိုင်ပင်မှုများသည် ဝန်ကြီးတစ်ဦးအနေဖြင့် ကျွန်ုပ်၏ ဆန်းစစ်မှုနှင့် ဦးစားပေး ကိစ္စရပ်များနှင့် နီးစပ်သည့် နိုင်ငံရေးအရ အောင်မြင်အောင် ဆောင်ရွက်နိုင်ဖွယ်ရှိသည့် အဖြေအတွက် အခွင့်အလမ်းများနှင့်ပတ်သက်၍ အဖိုးတန်သော အတွေးအမြင်များ ကျွန်ုပ်ကို ပေးပါသည်။ ထို့နောက် ထိုအတွေးအမြင်များအပေါ် အခြေခံ၍ ပြန်လည်ပြင်ဆင်ထားသော မူကြမ်းဖြင့် ကျွန်ုပ်သည် အစိုးရအဖွဲ့တွင် ပါဝင်သော ပါတီများ နှင့် လွှတ်တော်ထဲရှိ အတိုက်အခံ ပါတီများအကြား အပြန်အလှန် ဆွေးနွေးမှုများကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးများနှင့် ကြားနာမှုများ အားလုံး ပြုလုပ်ပြီးမှသာလျှင် ကျွန်ုပ်သည် ရှေ့ဆက်ဆောင်ရွက်မည့် လမ်းစဉ်အပေါ် ကျွန်ုပ်၏ အကြံပြုချက်ကို အစိုးရအဖွဲ့ထံ တင်ပြပါသည်။ ပါတီများက အစပိုင်းတွင် သဘောမတူခဲ့ကြသော်လည်း လွှတ်တော်ထဲတွင် အများစု၏ ထောက်ခံမှုကို ရရှိရန် မတူညီသော အမြင်များအကြား သဘောတူညီမှုတစ်ရပ် လိုအပ်သည်ကို အစိုးရအဖွဲ့တွင် ပါဝင်သော ပါတီအားလုံးက နားလည် သဘောပေါက်ကြသဖြင့် ကျွန်ုပ်၏ အဆိုပြုချက်အတွက် အာဏာရ ညွန့်ပေါင်းအစိုးရ၏ ထောက်ခံမှုကို ရရှိရန် အထူးတလည် အခက်အခဲ မရှိခဲ့ပါ။ ထိုအဆိုပြုချက်အား Storting လွှတ်တော်ထဲတွင် မှတ်ချက်အနည်းငယ်ဖြင့် တစ်ညီတစ်ညွတ်တည်း အတည်ပြုခဲ့ကြပါသည်။

''အချက်အလက် အပြည့်အစုံ သိရှိထားသော မဲဆန္ဒရှင် ပြည်သူများသည် ပါတီများအား မည်ကဲ့သို့သော သဘောတူညီမှုများကို ၎င်းတို့ ပြုလုပ်သည်နှင့်ပတ်သက်၍ တာဝန်ခံမှုလည်း ရှိစေနိုင်ပါသည်'' ဟု Foss က ဆိုပါသည်။ ၂၀၁၁ ခုနှစ်တွင် ကောက်ယူခဲ့သော စစ်တမ်းအရ နော်ဝေနိုင်ငံသားများ၏ ၅၃ ရာခိုင်နှုန်းသည် ငွေကြေးဆိုင်ရာ စည်းမျဉ်းနှင့် ရင်းနှီးကျွမ်းဝင်မှု မရှိကြောင်း တွေ့ရှိရသည့်တိုင် ထိုစဉ်က ဘဏ္ဍာရေးဝန်ကြီးဖြစ်သော လေဘာပါတီ၏ Sigbjørn Johnsen က စိုးရိမ်မှု မရှိခဲ့ဘဲ ''ရန်ပုံငွေမှ ရရှိသော အကျိုးအမြတ်များကို အသုံးပြုမည်ဖြစ်ပြီး ရန်ပုံငွေကို အသုံးပြုမည်မဟုတ်ကြောင်းနှင့် စီးပွားရေးကောင်းသည့်အချိန်တွင် လျှော့သုံး၍ စီးပွားရေးကျဆင်းသည့် အချိန်တွင် ပိုသုံးမည်ဖြစ်ကြောင်း ကျွန်ုပ်တို့၏ သတင်းစကားကို အားလုံးက နားလည်ကြမယ်လို့ ကျွန်ုပ်ထင်ပါတယ်။ ကျွန်ုပ်တို့အနေဖြင့် ဤစည်းမျဉ်း၏ အဓိကရည်ရွယ်ချက်နှင့်အညီ ဆောင်ရွက်နေသရွေ့ ကျွန်ုပ်အနေဖြင့် စိုးရိမ်မှုမရှိပါ''[၄၄] ဟု ဆိုခဲ့ပါသည်။

၄၄။ "Few aware of oil revenue rule," News in English, 22 April 2011, http://www.newsinenglish.no/2011/04/22/few-aware-of-oil-revenue-rule.

## ရေနံကဏ္ဍ၏ ရေရှည်တည်တံ့မှု – နယ်မြေအသစ်များအား စမ်းသပ်ရှာဖွေခွင့် ပေးခြင်းနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်ပူပန်မှုများ

ပါလီမန်သည် ရေနံလုပ်ကွက်တစ်ခုကို စမ်းသပ်ရှာဖွေခွင့် ပေးခြင်းနှင့်ပတ်သက်၍ တန်ဖိုးကွင်းဆက် (Value Chain) တစ်လျှောက် ဆုံးဖြတ်ချက်များအပေါ် အကောင်းဆုံး လွှမ်းမိုးနိုင်ပါသည်။[၄၇] နောက်ပိုင်းအဆင့်များတွင် ဥပမာအားဖြင့် တွေ့ရှိမှုတစ်ရပ် ပြီးနောက် ထုတ်လုပ်မှုလိုင်စင် ချပေးသည့်အခါတွင် ဆုံးဖြတ်ချက်များကို ရေနံ နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ကုမ္ပဏီကြား ညှိနှိုင်းဆွေးနွေးမှုများမှတဆင့် အဓိက ချမှတ်ပါသည်။ ထို့ကြောင့် နိုင်ငံရေးပါတီများသည် ရေနံရှာဖွေခြင်းနှင့် တူးဖော်ခြင်းအတွက် နယ်မြေအသစ်များ ခွင့်ပြုပေးခြင်းနှင့်ပတ်သက်၍ အပြန်အလှန် ဆွေးနွေးမှုတွင်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ခြုံငုံကြည့်လျှင် အခြေခံ တန်ဖိုးများနှင့် အချို့သော အကျိုးစီးပွားများ ပါဝင်ပတ်သက်နေသဖြင့် ဝင်ငွေ စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များနှင့်ယှဉ်လျှင် ဤကိစ္စရပ်နှင့်ပတ်သက်၍ ဘုံသဘောတူညီမှု ရရှိရန် ပိုမိုခက်ခဲပါသည်။ ဥပမာ Lofoten Islands ဒေသတွင် ရေနံလုပ်ငန်းများ ပိတ်ပင်ထားခဲ့ပြီး အကြောင်းမှာ ရေနံလုပ်ငန်းများကြောင့် ခြိမ်းခြောက်ခံရသော ငါးလုပ်ငန်းများနှင့် အခြား အသက်မွေးဝမ်းကြောင်းမှုများအပေါ် မှီခိုအားထားနေရသည့် ဒေသခံလူထု၏ အကျိုးစီးပွားများကို ကိုယ်စားပြုပေးနေသော ပိုမိုသေးငယ်သည့် ညွန့်ပေါင်းပါတီများက အဆိုပါဒေသများတွင် တူးဖော်ထုတ်လုပ်ရန် ကြိုးပမ်းမှုများကို ပိတ်ပင်ခဲ့သောကြောင့် ဖြစ်ပါသည်။

မကြာသေးမီနှစ်များ မတိုင်ခင်အထိ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ရည်မှန်းချက်များအား စီးပွားရေး အကျိုးအမြတ်နှင့် ချိန်ဆ၍ စမ်းသပ်ရှာဖွေရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို ပြုလုပ်ခဲ့ကြပါသည်။ ရာသီဥတု ပြောင်းလဲမှုနှင့်ပတ်သက်၍ စိုးရိမ်မှုများနှင့် အနာဂတ်တွင် နော်ဝေနိုင်ငံ စီးပွားရေး၏ အခြေခံအဖြစ် ရေနံ ရေရှည်တည်တံ့မှုနှင့်ပတ်သက်၍ ပိုမို အခြေခံကျသော ကိစ္စရပ်များကို ၂၀၁၃ ခုနှစ်တွင် ဂရင်းပါတီက ထည့်သွင်းဆွေးနွေးလာခဲ့ပြီး နှစ် ၂၀ အတွင်း ရေနံဆိုင်ရာ လုပ်ငန်းများကို ရပ်စဲရန် အဆိုပြုခဲ့ပါသည်။ ထိုရပ်တည်မှုကို နောက်ပိုင်းတွင် ဆိုရှယ်လစ် လက်ဝဲပါတီကလည်း လက်ခံလာခဲ့ပါသည်။ ရာသီဥတု ပြောင်းလဲမှုနှင့်ပတ်သက်၍ စိုးရိမ်မှု နှင့် ရေနံကင်းမဲ့သော နော်ဝေ လူ့အသိုင်းအဝိုင်းအဖြစ် စိတ်ကူးကြည့်လိုမှုသည် အော်စလိုမြို့ နှင့် နော်ဝေနိုင်ငံ အလယ်ပိုင်းတွင် နေထိုင်သော နော်ဝေနိုင်ငံသားများအကြား ပိုမိုဖြစ်ပွားခဲ့ပြီး ထိုဒေသများသည် ရေနံလုပ်ငန်းကဏ္ဍ၏ အလုပ်အကိုင် ဖန်တီးပေးမှုနှင့် အခြား ကောင်းမွန်သော တိုက်ရိုက် သက်ရောက်မှုများမှတဆင့် လက်ငင်း အကျိုးအမြတ် ရရှိမှု ပို၍နည်းပါသည်။ ဂရင်းပါတီ လွှတ်တော်အမတ် Rasmus Hansson နှင့် အခြားပါတီများမှ ကိုယ်စားလှယ်များက ''ဂရင်းပါတီအတွက် ၄ ရာခိုင်နှုန်း ထောက်ခံမှုကို ကြည့်ခြင်းအားဖြင့် ပြည်သူ အများစုသည် ရေနံလုပ်ငန်းကဏ္ဍကို လက်လွှတ်ရန် အဆင်သင့် မဖြစ်သေးကြောင်း တွေ့နိုင်ပါသည်''ဟု ကောက်ချက်ချခဲ့ပြီး ပိုမိုကြီးမားသော ပါတီများကလည်း အလားတူ အပြောအဆိုများကို ပိုမိုလက်ခံလာကြပါသည်။

၄၇။ ရေနံလိုင်စင်များကို နယ်မြေအသစ်များတွင် ခွင့်ပြုပေးရန် အဆိုပြုချက်များနှင့်ပတ်သက်၍ Storting လွှတ်တော်၏ အခန်းကဏ္ဍ – ဤကိစ္စရပ်အတွက် လွှတ်တော်၏ အတည်ပြုချက်သည် ဥပဒေအရ လိုအပ်သည် မဟုတ်သော်လည်း လက်တွေ့တွင် ရေနံနှင့် စွမ်းအင်ဝန်ကြီးဌာနသည် ၎င်း၏ စီမံကိန်းများကို Storting လွှတ်တော်ထံ တင်ပြပြီး လွှတ်တော်က တင်ပြလာသော အဆိုပြုချက်များကို သုံးသပ်၍ ၎င်း၏ထင်မြင်ချက်ကို ထုတ်ပြန်ပေးပါသည်။ နော်ဝေနိုင်ငံ၏ ယေဘုယျ ပါလီမန်စနစ်နှင့်အညီ အစိုးရသည် တရားဝင် ဆုံးဖြတ်ချက် ချမှတ်ရာတွင် ပုံမှန်အားဖြင့် လွှတ်တော်၏ ထင်မြင်ချက်ကို လိုက်နာလေ့ရှိပါသည်။ အဆိုပါ စီမံကိန်းများကို ဝန်ကြီးဌာနက တရားဝင် အတည်ပြုသော်လည်း လက်တွေ့တွင် ပမာဏတစ်ရပ်ကို ကျော်လွန်သော ရင်းနှီးမြှုပ်နှံမှုများကို Storting လွှတ်တော်သို့ အမြဲတမ်း တင်ပြကြပြီး ထိုသို့ တင်ပြခြင်းသည် အလွန်အရေးကြီးသည့် ကိစ္စရပ်များကို လွှတ်တော်သို့ တင်ပြရမည်ဟူသော ဖွဲ့စည်းပုံအခြေခံဥပဒေပါ အထွေထွေ လိုအပ်ချက်နှင့်အညီ ဖြစ်ပါသည်။ ထိုသို့သော လက်တွေ့လုပ်ပိုင်ခွင့် အာဏာများမှတဆင့် Storting လွှတ်တော်သည် စမ်းသပ်ရှာဖွေမှုကို မည်သည့် နေရာတွင် မည်သို့ ဆောင်ရွက်နိုင်သည်နှင့်ပတ်သက်၍ ပြောရေးဆိုခွင့်ရှိသည့်အပြင် အုပ်ချုပ်ရေးမဏ္ဍိုင်သည် ဆွေးနွေးညှိနှိုင်းမှုနှင့် ထိခိုက်မှု ဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတ်မှတ်ထားသော လုပ်ငန်းစဉ်အား လိုက်နာ ဆောင်ရွက်စေရန် သေချာမှု ရှိစေနိုင်ပါသည်။

## ဘုံသဘောတူညီမှုအတွက် အခြေခံ အုတ်မြစ်များတွင် ရှေ့ဆက်ကြုံတွေ့ရမည့် အပြောင်းအလဲများ

ရေနံလုပ်ငန်းကဏ္ဍ စီမံခန့်ခွဲမှုအတွက် နော်ဝေနိုင်ငံ၏ အခြေခံ စည်းမျဉ်းများနှင့်ပတ်သက်၍ ပိုမိုကျယ်ပြန့်သော ဘုံသဘောတူညီမှုကို လေဘာပါတီနှင့် ကွန်ဆာဗေးတေ့ဗ်များက နိုင်ငံရေးတွင် ကြီးစိုးခဲ့ပြီး ရေနံထုတ်လုပ်မှုကို တိုးချဲ့ရန် သဘောတူညီခဲ့စဉ် ခေတ်က ရရှိခဲ့ပြီး ရန်ပုံငွေ၏ ရင်းနှီးမြှုပ်နှံမှုကို နိုင်ငံရပ်ခြားတွင် ထားရှိပြီး ငွေကြေးဆိုင်ရာ စည်းမျဉ်းကို သတ်မှတ်ခဲ့ပါသည်။ အဆိုပါ ပါတီများ၏ လွှတ်တော်အတွင်း ရယူထားသော ခုံနေရာ အများစုသည် လျော့နည်းလာပြီး ဤ ဘုံသဘောတူညီချက်ကို မေးခွန်းထုတ်လိုသော ပါတီအသစ်များက မဲဆန္ဒရှင်များ၏ ထောက်ခံမှုကို ရရှိလာသောကြောင့် ဤ ဘုံသဘောတူညီမှုသည် ယခုအချိန်တွင် ပြောင်းလဲနေနိုင်သည်ဟု အချို့သော သုတေသန လေ့လာသူများက သုံးသပ်ကြပါသည်။[၄၆]

ရေနံဈေးများ ကျဆင်းလာပြီး စီးပွားရေးအကျပ်အတည်း ဖြစ်လာသည့်အပြင် ရာသီဥတု အပြောင်းအလဲကြောင့် ဝေဖန်သံများ ပိုမိုအားကောင်းလာပါသည်။ ပရောဂရက်စ်ပါတီ၏ မကြာသေးမီက မြင့်တက်လာခဲ့သော ထောက်ခံမှုသည် တစ်စိတ်တစ်ပိုင်းအားဖြင့် ရေနံထွက်ရှိသော အနောက်တောင်ပိုင်းဒေသများမှ ဖြစ်ပြီး ထိုဒေသများတွင် မဲပေးသူများက အလုပ်အကိုင် ဆုံးရှုံးမှုများအတွက် လျော်ကြေးအဖြစ် ရေနံရန်ပုံငွေများကို အခြေခံ အဆောက်အဦး ဖွံ့ဖြိုးရေးအတွက် သုံးစွဲပေးရန် တောင်းဆိုကြပါသည်။[၄၇] အကျိုးဆက်အားဖြင့် ပရောဂရက်စ် ပါတီသည် ရေနံမှရရှိသော ဝင်ငွေကို ပြည်တွင်းတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် ရန်ပုံငွေကို ပြည်တွင်း ပုဂ္ဂလိက ကဏ္ဍကို မြှင့်တင်ရန် အထူးရည်ရွယ်ချက် ရန်ပုံငွေများအဖြစ်သို့ ခွဲထုတ်ခြင်းကို အားပေးထောက်ခံပါသည်။ တစ်ချိန်တည်းမှာပင် အစိမ်းရောင် စီးပွားရေး နည်းပညာများ (Green Economy Technologies) အတွက် ကမ္ဘာ့ဈေးကွက် ဖန်တီးရန်အတွက် ရန်ပုံငွေကို အသုံးပြုရန် ဂရင်းပါတီက အဆိုပြုခဲ့ပါသည်။ အချို့သော နိုင်ငံရေးသမားများက ရေရှည်ရပ်တည်ခဲ့သော အခြေခံစည်းမျဉ်းများကို မေးခွန်းထုတ်ခြင်းအပေါ် ၎င်းတို့အနေဖြင့် စိုးရိမ်မှုရှိကြောင်း ယခုအခါတွင် ပြောကြားသော်လည်း အစိုးရအဖွဲ့နှင့် လွှတ်တော်ထဲရှိ ပါတီ အများစုက လက်ရှိ ဘုံသဘောတူညီချက်ကိုသော်လည်းကောင်း၊ မူဝါဒနှင့်ပတ်သက်၍ ကြီးမားသော အပြောင်းအလဲများ ဖြစ်မလာအောင် အကာအကွယ်များကိုသော်လည်းကောင်း ထောက်ခံဆဲ ဖြစ်ပါသည်။ နိုင်ငံရေး အခင်းအကျင်း ပြောင်းလဲလာသော်လည်း နိုင်ငံရေးသမားများသည် ရန်ပုံငွေကို လွှမ်းမိုးသော စည်းမျဉ်းများကို တစ်စိုက်မတ်မတ် လိုက်နာကြပြီး အထူးသဖြင့် နိုင်ငံရေးသမားများသည် နေ့စဉ် စီမံခန့်ခွဲမှုတွင် ဝင်မစွက်ဖက်ဘဲ ခပ်ကွာကွာ ဆက်ဆံရေး (Arm's-length Relationship) ကို ထိန်းသိမ်းသင့်သည် ဟူသော စည်းမျဉ်း ဖြစ်ပါသည်။

ဤအပြန်အလှန် ဆွေးနွေးမှုသို့ ပါတီအသစ်များ ဝင်ရောက်လာမှုကလည်း နိုင်ငံရေးအရ လုပ်ဆောင်မှုအပေါ် သက်ရောက်မှု ရှိပါသည်။ အစဉ်အလာအားဖြင့် ကိစ္စရပ်များကို ကော်မတီ အစည်းအဝေး သို့မဟုတ် လွှတ်တော် မျက်နှာစုံညီ အစည်းအဝေးတွင် မဆွေးနွေးမီ တရားဝင်မဟုတ်သော နည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။ ဤအချက်ကို ခရစ်ယာန် ဒီမိုကရက်တစ် ပါတီမှ ရေနံနှင့် စွမ်းအင်ဝန်ကြီးဟောင်းဖြစ်သော Einar Steensnæs က ပါတီများ၏ လုပ်ငန်းစဉ်နှင့် အာတိတ်တွင် ရေနံတူးဖော်မှုနှင့်ပတ်သက်၍ ဆက်စပ်သူများနှင့် တိုင်ပင်ဆွေးနွေးမှုများကို ရှင်းပြခဲ့ပုံတွင် အထင်အရှား တွေ့မြင်နိုင်ပါသည် (အကွက် ၂.၁ ကိုကြည့်ပါ)။ ပိုမိုသေးငယ်သော၊ ပို၍ အစဉ်အလာနည်းသော သို့မဟုတ် နိုင်ငံရေးနယ်ပယ်တွင် ပိုမို အသစ်ဖြစ်သော ပါတီများသည် ပိတ်ကားနောက်ကွယ်မှ ဆုံးဖြတ်ချက်များအပေါ် လွှမ်းမိုးရန် တူညီသော ဆောင်ရွက်နိုင်စွမ်း သို့မဟုတ် ကွန်ရက်များ မရှိပါ။ ထို့ကြောင့် ၎င်းတို့သည်

၄၆။ Dag Dyrdal, “Tverrpolitisk pensjonskasse eller aktivt politisk verktøy?” Internasjonal Politik 74 (2016): 1–11.

၄၇။ ဥပမာအားဖြင့် Reuters သတင်းဌာနက ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ၊ ၁၅ ရက်နေ့က ရေးသားခဲ့သည် ‘‘နော်ဝေနိုင်ငံ၏ ပရောဂရက်စ် ပါတီက အစိုးရအသစ်တွင် ကြီးမားသော အပြောင်းအလဲများ ရှာဖွေလာ (Norway’s Progress Party seeks big changes in new government)’’ ကို http://www.reuters.com/article/us-norway-election-idUSBRE97E0SC20130815 တွင် ကြည့်ပါ။

လွှတ်တော်တွင်း ဆွေးနွေးမှုများနှင့် မီဒီယာကို အသုံးပြု၍ ရဲတင်းသော အဆိုပြုချက်များ ပြုလုပ်ကြသည့်အပြင် လွှတ်တော်အမတ် Rasmus Hansson ၏ စကားအရ ‘‘၎င်းတို့၏ ထင်မြင်ချက်များကို မဲပေးခြင်းနှင့် အပြန်အလှန် ဆွေးနွေးခြင်းဖြင့် မှတ်မိအောင် ထုတ်ဖော်ရန်’’ အခြားပါတီများကို တွန်းအားပေးပါသည်။

# နိုင်ငံအလိုက် လေ့လာမှု – အစ္စရေးနိုင်ငံ

## ခာတ်ငွေ့လိုင်စင်များအတွက် အကောင်းဆုံး စည်းကမ်းသတ်မှတ်ချက်များ ပြုလုပ်နိုင်အောင် နိုင်ငံ၏ အပြန်အလှန် ထိန်းကျောင်းမှုများကို အသုံးပြုခြင်း



© Roman Yanushevsky / Shutterstock.com

Laury Haytayan နှင့် Kaisa Toroskainen

## အစ္စရေးနိုင်ငံ၊ အဓိက အချက်အလက်များ (၂၀၁၅)

**လူဦးရေ**
၈.၄ သန်း[၁]

**တစ်ဦးချင်း ပြည်တွင်း အသားတင်ထုတ်လုပ်မှု (PPP)**
$ ၃၅၈၀၀[၂]

**အဓိက သဘာဝ သယံဇာတ**
ရေနံ၊ သဘာဝဓာတ်ငွေ့၊ မဂ္ဂနီဆီယမ်၊ ဘရိုမိုက်၊ ဖော့စဖိတ်၊ ပိုတက်ဆီယမ်၊ ကယ်လ်ဆီယမ်၊ ဆိုဒီယမ်

**ပြည်တွင်း အသားတင်ထုတ်လုပ်မှု (GDP) တွင် သယံဇာတမှ ရရှိသော အကျိုးအမြတ်များ၏ ရာခိုင်နှုန်း**
၀.၃[၃]


**နိုင်ငံရေးစနစ်**
ပါလီမန် ဒီမိုကရေစီ

**အာဏာရ ပါတီများ**
Likud, The Jewish Home, Kulanu, Shas, United Torah Judaism, Yisrael Beiteinu

**အတိုက်အခံ ပါတီများ**
Meretz, Hadash, Raam, Balad, Taal, Yesh Atid, Zionist Camp, Habayit Hayehudi[၄]



**ပို့ကုန်ဝေစုများ (၂၀၁၅ ခုနှစ်)[၅]**




၁ "DataBank 2015: Population, total," World Bank (2015)၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကြည့်ရှုခဲ့သည်။ http://data.worldbank.org/indicator/SP.POP.TOTL.

၂ "DataBank 2015: GDP per capita (current US$)," World Bank (2015)၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကြည့်ရှုခဲ့သည်။ http://data.worldbank.org/indicator/NY.GDP.PCAP.PP.CD.

၃ "DataBank 2015: Total natural resource rents (% of GDP)," World Bank (2015)၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကြည့်ရှုခဲ့သည်။ http://data.worldbank.org/indicator/NY.GDP.TOTL.RT.ZS.

၄ အစ္စရေးနိုင်ငံ ပါလီမန် https://knesset.gov.il/faction/eng/FactionCurrent_eng.asp.

၅ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် http://data.worldbank.org/indicator/TX.VAL.FUEL.ZS.UN ၌ ကြည့်ရှုခဲ့သည့် "DataBank 2015: Fuel exports as % of merchandise exports," World Bank (2015) နှင့် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် http://data.worldbank.org/indicator/TX.VAL.MMTL.ZS.UN ၌ ကြည့်ရှုခဲ့သည့် "DataBank 2015: Ores and metals exports as % of merchandise exports," World Bank (2015)

## နိုင်ငံအလိုက် လေ့လာမှု – အစ္စရေးနိုင်ငံ

## ဓာတ်ငွေ့လိုင်စင်များအတွက် အကောင်းဆုံး စည်းကမ်း သတ်မှတ်ချက်များ ပြုလုပ်နိုင်အောင် နိုင်ငံ၏ အပြန်အလှန် ထိန်းကျောင်းမှုများကို အသုံးပြုခြင်း

### နိုင်ငံရေးစနစ်

အစ္စရေးနိုင်ငံတွင် အစိုးရအဖွဲ့၏ အကြီးအကဲနှင့် ပါတီစုံစနစ်၏ ခေါင်းဆောင်သည် ဝန်ကြီးချုပ်ဖြစ်ပြီး ဝန်ကြီးချုပ်၏ အစိုးရအဖွဲ့သည် အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးပါသည်။ ဥပဒေပြုရေး အာဏာကို လွှတ်တော် (the Knesset) အား အပ်နှင်းထားပါသည်။ အစ္စရေးနိုင်ငံ လွတ်လပ်ရေး ရခဲ့စဉ်ကတည်းက အစ္စရေး အစိုးရအဖွဲ့များကို ဇီယွန်နစ် (Zionist) ပါတီများဖြင့် ဖွဲ့စည်းထားသော ညွန့်ပေါင်းအဖွဲ့များက ဦးဆောင်လာခဲ့ပါသည်။ ယနေ့အချိန်တွင် ဝန်ကြီးချုပ် Benjamin Netanyahu က ၎င်း၏ ပါတီ Likud, Jewish Home, Kulanu, Shas, United Torah Judaism နှင့် Yisrael Beiteinu ပါတီများပါဝင်သော ညွန့်ပေါင်းအစိုးရအဖွဲ့ကို ဦးဆောင်ခဲ့ပြီး ထိုပါတီများသည် အစွန်းရောက် ဇီယွန်ဝါဒ (Ultra-Orthodox Zionism) မှအစ ပိုမိုကောင်းမွန်သော စီးပွားရေး တန်းတူညီမျှမှုအထိ ကျယ်ပြန့်သော အကျိုးစီးပွားများကို ကိုယ်စားပြုပါသည်။ လေဘာ ပါတီက အတိုက်အခံဘက်တွင် ဦးဆောင်ပါသည်။

### သယံဇာတကြွယ်ဝမှုနှင့် အုပ်ချုပ်မှု

အစ္စရေးနိုင်ငံသည် IMF ၏ သတ်မှတ်ချက်အရ သယံဇာတ ကြွယ်ဝသော နိုင်ငံတစ်နိုင်ငံ မဟုတ်ပါ။[၄၈] သို့သော် မကြာသေးမီနှစ်များတွင် ဓာတ်ငွေ့နှင့် ဓာတ်သတ္တုများ ရှာဖွေတွေ့ရှိမှုများသည် ၎င်း၏ နိုင်ငံရေးရာ စီးပွားရေး (Political Economy) နှင့် ပို၍ကျယ်ပြန့်သော ပထဝီ နိုင်ငံရေး အကျိုးစီးပွားများ (Geopolitical Interests) တို့အတွက် ပိုမိုအရေးပါလာခဲ့ပါသည်။ ၂၀၀၉ ခုနှစ်တွင် အစ္စရေးနိုင်ငံသည် ကုဗပေပေါင်း ၁၀ ထရီလီယံရှိသော တမာ (Tamar) ဓာတ်ငွေ့သိုက်ကို နိုင်ငံ၏ မြောက်ဘက်ကမ်းရိုးတမ်း ကမ်းလွန်တွင် တွေ့ရှိခဲ့ပါသည်။ ဤတွေ့ရှိမှုပြီး နောက်နှစ်တွင် ထိုနေရာ၌ပင် နောက်ထပ် အရေးပါသော တွေ့ရှိမှုတစ်ခုဖြစ်သော Leviathan ဓာတ်ငွေ့သိုက်ကို တွေ့ရှိခဲ့ပြီး ကုဗပေပေါင်း ၂၂ ထရီလီယံ ရှိမည်ဟု ခန့်မှန်းခဲ့ပါသည်။ ဤဓာတ်ငွေ့သိုက်သည် မြေထဲပင်လယ် အရှေ့ပိုင်းတွင် ဒုတိယ အကြီးဆုံး ကမ်းလွန်ဓာတ်ငွေ့သိုက် ဖြစ်ပြီး အစ္စရေးနိုင်ငံအား အသားတင် စွမ်းအင်တင်သွင်းသူမှ အသားတင် စွမ်းအင် တင်ပို့သူအဖြစ်သို့ ပြောင်းလဲပေးနိုင်သည့် အလားအလာရှိပါသည်။

အစ္စရေးနိုင်ငံ၏ ဥပဒေမူဘောင်ကို ၁၉၅၂ ခုနှစ် ရေနံဥပဒေက သတ်မှတ်ပေးပြီး ထိုမူဘောင်တွင် အများပြည်သူထံ ကြေညာရသည့် လိုင်စင်ချပေးခြင်း လုပ်ငန်းစဉ်ကို ပြဋ္ဌာန်းထားသော်လည်း ရေနံဆိုင်ရာ အခွင့်အရေးများနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်များ ပြုလုပ်ရန် ကိုယ်ပိုင်အခွင့်အာဏာကို ဝန်ကြီးအား ပေးအပ်ထားပါသည်။[၄၉] ဤအစ္စရေးနိုင်ငံအကြောင်း လေ့လာမှုတွင် အစ္စရေးနိုင်ငံ၏ အတိုက်အခံဘက်က Leviathan လုပ်ကွက်၏ ပို့ကုန်ဆိုင်ရာ သဘောတူညီချက်နှင့်ပတ်သက်၍ အစိုးရ၏ လုပ်ဆောင်မှုကို

၄၈။ သယံဇာတမှ ရရှိသော ဝင်ငွေဆိုင်ရာ ပွင့်လင်းမြင်သာမှု လမ်းညွှန် (Guide on Resource Revenue Transparency) (IMF, 2007) တွင် ဓာတ်သတ္တုနှင့် ဟိုက်ဒရိုကာဗွန် ကြွယ်ဝသော နိုင်ငံများအား အောက်ပါအတိုင်း အဓိပ္ပာယ် သတ်မှတ်ထားပါသည် – ‘‘နိုင်ငံတစ်နိုင်ငံသည် အောက်ပါ စံသတ်မှတ်ချက်များထဲမှ တစ်ရပ်ရပ်ကို ပြည့်မီလျှင် ထိုနိုင်ငံအား ဟိုက်ဒရိုကာဗွန် နှင့်/သို့မဟုတ် ဓာတ်သတ္တု အရင်းအမြစ်များ ကြွယ်ဝသော နိုင်ငံအဖြစ် မှတ်ယူပါသည်။ (၁) ၂၀၀၀–၂၀၀၅ ခုနှစ်အတွင်း ဟိုက်ဒရိုကာဗွန် နှင့်/သို့မဟုတ် ဓာတ်သတ္တုမှ ရရှိသောအခွန် ဝင်ငွေများသည် ပျမ်းမျှအားဖြင့် အခွန်ဝင်ငွေ စုစုပေါင်း၏ အနည်းဆုံး ၂၅ ရာခိုင်နှုန်း ရှိခြင်း၊ သို့မဟုတ် (၂) ဟိုက်ဒရိုကာဗွန် နှင့်/သို့မဟုတ် ဓာတ်သတ္တု တင်ပို့မှုမှ ရရှိသော ဝင်ငွေများသည် ပျမ်းမျှအားဖြင့် စုစုပေါင်း ပို့ကုန်မှ ရရှိသော ဝင်ငွေများ၏ အနည်းဆုံး ၂၅ ရာခိုင်နှုန်း ရှိခြင်း’’ http://www.imf.org/external/np/fad/trans/guide.htm, 2 ကို ကြည့်ပါ။

၄၉။ အစ္စရေးနိုင်ငံ အစိုးရ http://energy.gov.il/English/Subjects/OilAndGasExploration/Pages/GxmsMniOilAndGasExplorationLobby.aspx.

စစ်ဆေးရန်နှင့် ပြောင်းပြန်လှန်ရန် ဌာနဆိုင်ရာ ဆောင်ရွက်မှုများ တရားသဖြင့် ပြန်လည်ဖြစ်စေခြင်း ယန္တရားများ (Institutional Recourse Mechanisms) များအား မည်သို့ အသုံးပြုပုံကို လေ့လာ သုံးသပ်ထားပါသည်။

## လွှတ်တော်ကော်မတီတွင် ပုဂ္ဂလိက အကျိုးစီးပွားများနှင့် သုံးစွဲသူ အကျိုးစီးပွားများအကြား တိုက်ပွဲ

Tamar နှင့် Leviathan ဓာတ်ငွေ့သိုက်များကို တွေ့ရှိခဲ့စဉ်က ပိုမိုသေးငယ်သော Tanin နှင့် Karish ဓာတ်ငွေ့သိုက်များအပြင် ၎င်းတို့ကို U.S ကုမ္ပဏီတစ်ခုဖြစ်သော Noble Energy က အစ္စရေးနိုင်ငံမှ မိတ်ဖက်ကုမ္ပဏီဖြစ်သော Delek နှင့် တွဲဖက်ပိုင်ဆိုင်ခဲ့ပါသည်။[၅၀] Leviathan ဓါတ်ငွေ့ကို တွေ့ရှိပြီးနောက် Tamar တွင် ဓာတ်ငွေ့ ထုတ်လုပ်နေပြီးသားဖြစ်သော ထိုကုမ္ပဏီနှစ်ခုသည် Leviathan တူးဖော်ထုတ်လုပ်နိုင်ရန် အစ္စရေးအစိုးရနှင့် လုပ်ငန်းသဘောတူညီမှု ရယူရန် ကြိုးပမ်းခဲ့ပါသည်။ အဆိုပြုခဲ့သော သဘောတူညီချက်သည် ထိုကုမ္ပဏီ နှစ်ခုအား အစ္စရေးနိုင်ငံ ဓာတ်ငွေ့ သယံဇာတများအပေါ် လက်ဝါးကြီးအုပ်ခွင့် ပေးနိုင်သဖြင့် အတိုက်အခံနှင့် ပြည်သူအကြား စိုးရိမ်မှု ဖြစ်စေခဲ့ပါသည်။ ကနဦးတွင် လက်ဝါးကြီးအုပ်မှု တိုက်ဖျက်ရေး အာဏာပိုင်က Noble နှင့် Delek အား Tanin နှင့် Karish ဓာတ်ငွေ့သိုက်များရှိ ၎င်းတို့၏ အကျိုးစီးပွားများကို ရောင်းချစေသော သဘောတူညီမှုတစ်ရပ်ကို အဆိုပြုရန် ဆောင်ရွက်ခဲ့ပါသည်။ သို့သော် ထိုသဘောတူညီမှုအပေါ် ပြည်သူများက ဆန့်ကျင်နေဆဲဖြစ်သော ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် အများပြည်သူနှင့် ဆွေးနွေးတိုင်ပင်မှု ပြုလုပ်ပြီး ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများ မတိုင်မီ လက်ဝါးကြီးအုပ်မှု တိုက်ဖျက်ရေး အာဏာပိုင်အဖွဲ့က အစ္စရေးနိုင်ငံသားများအတွက် ဓာတ်ငွေ့ဈေးနှုန်းများ မြင့်တက်လာနိုင်သည့် အန္တရာယ်ကြောင့် ထိုအဆိုပြုခဲ့သော သဘောတူညီချက်ကို ကန့်ကွက်ခဲ့ပါသည်။[၅၁]

လက်ဝါးကြီးအုပ်မှု တိုက်ဖျက်ရေး ကော်မရှင်နာ၏ အမြင်နှင့် ဆန့်ကျင်၍ ဝန်ကြီးချုပ် Benjamin Netanyahu သည် ကုမ္ပဏီများဘက်က ရပ်တည်၍ ထိုဆုံးဖြတ်ချက်သည် အစ္စရေးနိုင်ငံ၏ ရင်နှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်မှုကို များစွာ ကျဆင်းစေကြောင်း ထောက်ပြခဲ့ပါသည်။ စွမ်းအင် အထောက်အပံ့ ဖူလုံမှုနှင့် အိမ်နီးချင်းနိုင်ငံများထံ တင်ပို့မှုများနှင့်စပ်လျဉ်း၍ အစ္စရေးနိုင်ငံ၏ အမျိုးသား အကျိုးစီးပွားကို ကိုးကားလျက် Netanyahu က ''ဤအစီအစဉ်သည် ကျွန်ုပ်တို့၏ ဖူလုံမှုအတွက် လွန်စွာ အရေးပါပြီး အကြောင်းမှာ ကျွန်ုပ်တို့အနေဖြင့် လည်ပတ်နေသော ဓာတ်အားပေးစက်ရုံ တစ်ရုံတည်း မရှိလိုကြပါ။ ကျွန်ုပ်တို့အတွက် တစ်ခုထက်ပိုသော ဓာတ်ငွေ့လုပ်ကွက်များ လိုအပ်ပါတယ်''ဟု ဆိုပါသည်။[၅၂]

အဆိုပါ အကြောင်းအရင်းများကြောင့် ဝန်ကြီးချုပ်သည် လက်ဝါးကြီးအုပ်မှု တိုက်ဖျက်ရေး ကော်မရှင်နာ၏ ကန့်ကွက်မှုများကို ရှောင်ရှားရန် ကန့်သတ်ထားသော ကုန်သွယ်မှု အလေ့အထများဆိုင်ရာ ဥပဒေ (Restrictive Trade Practices Law) ၏ ကင်းလွတ်ခွင့် အပိုဒ် (အပိုဒ် ၅၂[၅၃])ကို တောင်းဆိုခြင်း လုပ်ငန်းစဉ်အား အစပျိုးခဲ့ပါသည်။ ဇီယွန်နစ် သမဂ္ဂ (Zionist Union) လွှတ်တော်အမတ် Eitan

---

၅၀။ Financial Times က ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ရေးသားသည့် ''အစ္စရေးနိုင်ငံမှ ထိန်းသိမ်းကြီးကြပ်သူတို့၏ ပစ်မှတ်ထားခြင်းခံရသော Leviathan ဓာတ်ငွေ့သိုက် (Leviathan gas field targeted by Israeli regulator)'' https://www.ft.com/content/40474f4a-8aaf-11e4-8e24-00144feabdc0.

၅၁။ ICIS က ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ရေးသားသည့် ''လာဗီယာသန် ဓာတ်ငွေ့ မိတ်ဖက်ကုမ္ပဏီများ၊ အစ္စရေး အစိုးရက မဆုတ်သာ မတိုးသာ အခြေအနေမှ လွတ်မြောက်ရန် ကြိုးပမ်း (Leviathan gas partners, Israeli government seek to break impasse)'' http://www.icis.com/resources/news/2015/02/04/9858480/leviathan-gas-partners-israeli-government-seekto-break-impasse.

၅၂။ Times of Israel က ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ရေးသားခဲ့သည့် ''ဓာတ်ငွေ့ တူးဖော်မှုဆိုင်ရာ လုပ်ငန်းသဘောတူညီမှုအား ပိတ်ပင်ပေးရန် Meretz က အထက်တရားရုံးအား တောင်းဆို (Meretz petitions High Court to block gas deal)'' http://www.timesofisrael.com/meretz-part y-petitions-high-court-to-block-gas-deal

၅၃။ အစ္စရေးနိုင်ငံအစိုးရ ကန့်သတ်ထားသော ကုန်သွယ်မှု အလေ့အထများဆိုင်ရာ ဥပဒေ ၅၇၄၈–၁၉၈၈ http://www. antitrust.gov.il/eng/Antitrustlaw.aspx.

Cabel (အတိုက်အခံ)က ဦးဆောင်ခဲ့သည့် လွှတ်တော်၏ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ ကော်မတီနှင့် ပြုလုပ်ရန် လိုအပ်သော ဆွေးနွေးတိုင်ပင်မှုများတွင် ထိုအဆိုပြုထားသော ရှောင်ရှားမှုနှင့်ပတ်သက်၍ ကော်မတီ၏ ဆွေးနွေးမှု ၁၁ ကြိမ် ပြုလုပ်ခဲ့သည်။ ဤလုပ်ငန်းကဏ္ဍမှ နိုင်ငံရေးသမားများနှင့် စီးပွားရေး လုပ်ငန်းရှင်များ၏ တင်ပြဆွေးနွေးမှုများ ရှိခဲ့ပါသည်။ ကော်မတီ၏ အချေအတင် ဆွေးနွေးမှုများတွင် အာဏာရ ညွန့်ပေါင်းအဖွဲ့က အပိုဒ် ၅၂ အား အသုံးပြုခြင်းအတွက် အကြောင်းအရင်းအဖြစ် နိုင်ငံတော် လုံခြုံရေး အကြောင်းပြ၍ စည်းရုံးခဲ့သော်လည်း အတိုက်အခံဘက်က ထိုလုပ်ငန်း သဘောတူညီမှုကြောင့် ဖြစ်ပေါ်လာနိုင်သော စီးပွားရေးဆိုင်ရာ တန်ပြန်ဂရက်များကို အာရုံစိုက်၍ ပြိုင်ဆိုင်မှု မြင့်တက်လာပါက သုံးစွဲသူများအတွက် လျှပ်စစ်ဈေးနှုန်းများ ကျဆင်းလာနိုင်သည်ဟု ထောက်ပြကြပါသည်။ ဝန်ကြီးချုပ် အနေဖြင့် ကင်းလွတ်ခွင့်အပိုဒ်ကို အသုံးပြုရန် Knesset လွှတ်တော်အား စည်းရုံးနိုင်ခဲ့ခြင်းလည်း မရှိ ကြောင်း အတိုက်အခံဘက်က ထောက်ပြပါသည်။ ဆွေးနွေးမှု အစီအစဉ် ၁၁ ခုပြီးနောက် ကော်မတီက အပိုဒ် ၅၂ အား အသုံးပြုမှုကို မဲကွာခြားမှု အနည်းငယ်ဖြင့် ကန့်ကွက်နိုင်ခဲ့ပါသည်။ လက်ယာယိမ်းနှင့် ဘာသာရေးကိုင်းရှိုင်းသော ပါတီများက မျှော်မှန်းထားသည့်အတိုင်း ဝန်ကြီးချုပ်ဘက်မှ ရပ်တည်ခဲ့ပါ သည်။ ဘဏ္ဍာရေးဝန်ကြီး၏ Kulanu ပါတီ၏ အကြံအစည်သည် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များကို အာရုံစိုက်[၉၄] သောကြောင့် လျှပ်စစ်ဈေးနှုန်းများ မြင့်တက်လာမည်ကို စိုးရိမ်နေသော အစ္စရေးနိုင်ငံမှ သုံးစွဲသူများ၏ အကျိုးစီးပွားကို အကာအကွယ်ပေးလိမ့်မည်ဟု မျှော်မှန်းထားကြသော်လည်း အပိုဒ် ၅၂ အား အသုံးပြုမှုကို ထောက်ခံမဲပေးခဲ့သည့်အတွက် အတိုက်အခံဘက် ပြင်းထန်သော ဝေဖန်မှုများ ကို ရင်ဆိုင်ခဲ့ရပါသည်။[၉၅] အတိုက်အခံဘက်က စုပေါင်း၍ ကင်းလွတ်ခွင့်အပိုဒ် အသုံးပြုခြင်းကို ကန့် ကွက်ခဲ့ပြီး ကော်မတီတွင် မဲအနိုင်ရခဲ့သော်လည်း Netanyahu က ကော်မတီ၏ စည်းနှောင်မှုမရှိသော ရလဒ်ကို လျစ်လျူရှု၍ Noble နှင့် Delek တို့နှင့် သဘောတူညီမှုကို လက်မှတ်ရေးထိုးခဲ့ပါသည်။

## ထိုသဘောတူညီမှုကို တရားလွှတ်တော်ချုပ်တွင် စိန်ခေါ်ရန် အတိုက်အခံပါတီများနှင့် ပြည်သူလူထုကြား ညှိနှိုင်းပူးပေါင်း ဆောင်ရွက်မှု

နောက်ပိုင်းတွင် အစိုးရသည် ပြည်သူလူထုအား အသိပေးခြင်းမရှိဘဲ၊ ၎င်းတို့၏ ထင်မြင်ချက်ကို ထည့် သွင်း မစဉ်းစားဘဲ သဘောတူညီမှုကို အတည်ပြုခဲ့ခြင်းကြောင့် ကျယ်ပြန့်စွာ ဝေဖန်ခံခဲ့ရပါသည်။

''သဘောတူညီမှုဟာ သဘာဝပတ်ဝန်းကျင် နှင့် စီးပွားရေးအပေါ် ဘယ်လောက် သက်ရောက်မလဲ၊ (Delek အုပ်စု၏ ပိုင်ရှင် Yitzhak) Tshuva နှင့် Noble energy တို့ လက်ဝါးကြီးအုပ်ခြင်းဟာ ပြည်သူလူထုကို ဘယ်လောက်အထိ အကာအကွယ်ပေးမလဲဆိုတာ ဘယ်သူမှ အာမမခံနိုင်ပါဘူး။ ဝန် ကြီးချုပ်ရဲ့ သဘောတူညီချက်အပေါ် ထောက်ခံခြင်းဟာ သရဲဝင်ပူးသလို ဖြစ်နေပြီး ဒီမိုကရေစီ မဆန် သော၊ ဥပဒေနှင့် မလွတ်ကင်းသော၊ လုံးဝ လက်ခံနိုင်ဖွယ် မဟုတ်သော လုပ်ရပ်ဖြစ်ပါတယ်'' ဟု အတိုက်အခံပါတီမှ Mertez က ရေးသားခဲ့ပါသည်။[၉၆]

ထိုလုပ်ငန်းသဘောတူညီမှုအတွက် ထောက်ခံမှုသည် Likud ပါတီအတွင်း၌လည်း တဖြည်းဖြည်း ကျ ဆင်းလာခဲ့ပါသည်။ ဥပမာ စီးပွားရေးဝန်ကြီးသည် အပိုဒ် ၅၂ ကို တောင်းဆိုဖို့အတွက် ၎င်း၏ အခွင့်

---

၉၄။ ပါတီ၏ စီးပွားရေးဆိုင်ရာ ရည်ရွယ်ချက်တွင် အိမ်ရာ၊ ဘဏ်စနစ်၊ ဘဏ္ဍာရေးနှင့် အခြားစီးပွားရေးဆိုင်ရာ ကိစ္စများ နှင့်ပတ်သက်သော မူဝါဒများ အဆိုပြုခြင်းမှ လူမှုရေး ခြားနားချက်များအား လျှော့ချခြင်းကို အဓိကထားပါသည်။

၉၅။ မဲများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် – အဖွဲ့ဝင် ၇ ဦး (ဇီယွန်သမဂ္ဂ၊ Joint List ၊ Meretz နှင့် Yesh Atid) က တစ်ဖက်မှ ကန့်ကွက်၍၊ အဖွဲ့ဝင် ၆ ဦး (Likud ၊ Kulanu ၊ United Torah Judaism နှင့် Shas) က ကျန်တစ်ဖက်မှ ထောက်ခံခဲ့သည်။ မှန်းထားသည့်အတိုင်းပင် အတိုက်အခံအဖွဲ့ဝင် အားလုံးသည် ဝန်ကြီးချုပ်၏ အပိုဒ် ၅၂ အသုံးပြုမှုကို ကန့်ကွက်ခဲ့ပါသည်။

၉၆။ Times of Israel က ရေးသားသည့် ''ဓာတ်ငွေ့တူးဖော်မှုဆိုင်ရာ လုပ်ငန်းသဘောတူညီမှုအား ပိတ်ပင်ပေးရန် Meretz က အထက်တရားရုံးအား တောင်းဆို (Meretz petitions High Court to block gas deal)''

အရေးကို အသုံးပြုရန် ငြင်းပယ်၍ ဝန်ကြီးချုပ်အား ကိုယ်တိုင်လုပ်ဆောင်ရန် တွန်းအားပေးခဲ့ပါသည်။[၉၇]

ဝန်ကြီးချုပ်မှ နောက်ဆုံးသဘောတူညီချက်ကို လက်မှတ်မရေးထိုးမီ ထိုလုပ်ငန်းသဘောတူညီချက်သည် အစ္စရေးနိုင်ငံနှင့် နိုင်ငံသားများထက် ကုမ္ပဏီများအပေါ် မျက်နှာသာပေးသည်ဟု ထင်မြင်သောကြောင့် Mertez ပါတီ၊ အစိုးရအရည်အသွေး ကောင်းမွန်ရေးအတွက် လှုပ်ရှားမှု (Movement for Quality of Government) နှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးအတွက် အစ္စရေးသမဂ္ဂ (Israel Union for Environment Defense) အပါအဝင် အတိုက်အခံပါတီများနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများ စုပေါင်း၍ ထိုလုပ်ငန်းသဘောတူညီချက်အား ကြားဝင်ဟန့်တား ပိတ်ပင်ပေးရန် အထက်တရားရုံးအား အသနားခံလွှာ တင်၍ တောင်းဆိုခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ မတ်လတွင် အစ္စရေးနိုင်ငံ အထက်တရားရုံးက ထိုဓာတ်ငွေ့ဆိုင်ရာ လုပ်ငန်းသဘောတူညီချက်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မကိုက်ညီဟု ယူဆ၍ ရပ်ဆိုင်းခဲ့ပါသည်။ နောက် ၁၀ နှစ်အတွက် ဓါတ်ငွေ့စမ်းသပ်ရှာဖွေခြင်းနှင့် ထုတ်လုပ်မှုဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို ပုံသေ သတ်မှတ်ပေးမည့် သဘောတူညီချက်ပါ အပိုဒ်ကို တရားရုံးက ကန့်ကွက်ခဲ့သည်။ ထိုအပိုဒ်သည် လက်ဝါးကြီးအုပ်မှုတိုက်ဖျက်ရေး ကော်မရှင်နာ က သဘောတူညီမှုအပေါ် ကန့်ကွက်ခဲ့ကတည်းက အစ္စရေးနိုင်ငံ ကြီးကြပ်ထိန်းသိမ်းရေးအဖွဲ့၏ မရေရာမှုအား တိုးပွားလာသည်ဟု ယူဆရသောကြောင့် ရင်းနှီးမြှုပ်နှံသူများကို အာမခံချက်ပေးရန်အတွက် ထည့်သွင်းထားခဲ့ခြင်း ဖြစ်ပါသည်။[၉၈]

## အစိုးရနှင့် အခြားဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ ငြင်းခုံမှုများ ဆက်လက်ဖြစ်ပွား

အထက်တရားရုံး၏ ဆုံးဖြတ်ချက် ချမှတ်ပြီးနောက် အစိုးရအနေဖြင့် ထိုသဘောတူညီချက်ပါ သတ်မှတ်ချက်များကို ပြန်လည်ညှိနှိုင်း ဆွေးနွေးရန် တွန်းအားပေးခံလာရပါသည်။ ၂၀၁၆ ခုနှစ်၊ မတ်လတွင် အစိုးရသည် ပြန်လည်ပြင်ဆင်ထားသော သဘောတူညီမှုအသစ်ကို အတည်ပြုပေးခဲ့သည်။ ၎င်းသဘောတူညီမှု အသစ်တွင် ပို၍နည်းသော ဓါတ်ငွေ့ဈေးနှုန်းကို သတ်မှတ်ထားပြီး ကုမ္ပဏီများ၏ အစ္စရေးနိုင်ငံရှိ ဓါတ်ငွေ့သိုက်အပေါ် ထိန်းချုပ်မှု လျှော့ချရန်အတွက် ၎င်းတို့၏ လုပ်ငန်းပိုင်ဆိုင်မှု အချို့ကို ရောင်းချပေးရမည်ဟု ပါရှိသည်။

အထက်တရားရုံး၏ ဆုံးဖြတ်ချက်အား ပြန်လည်တုံ့ပြန်သည့်အနေဖြင့် Likud ပါတီ၏ လွှတ်တော်အမတ်က ၎င်းသည် လွှတ်တော်အမတ်များအား ညီလာခံ အစည်းအဝေးတွင် မဲရှုံးခဲ့ပါက အထက်တရားရုံးထံ သွားရောက်ခြင်းမှ တားဆီးရန် ဥပဒေမူကြမ်းတစ်ရပ် တင်သွင်းမည်ဟု ဓာတ်ငွေ့ဆိုင်ရာ သဘောတူညီချက် ကိစ္စကို ကိုးကား၍ ကြေညာခဲ့ပါသည်။[၉၉] အတိုက်အခံဘက်မှ လွှတ်တော်အမတ်များက ဤအဆိုပြုသော လုပ်ရပ်သည် ဒီမိုကရေစီစနစ်ကို ခြိမ်းခြောက်နေသည်ဟု ဝေဖန်ခဲ့ကြပါသည်။

ခြုံငုံကြည့်လျှင် Leviathan ကိစ္စသည် အတိုက်အခံပါတီများနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်း ဆောင်ရွက်မှု၏ အရေးပါမှုနှင့် အုပ်ချုပ်ရေးအဖွဲ့၏ လုပ်ရပ်ကို ပြန်လည်ထိန်းကျောင်းသည့် အနေဖြင့် အထက်တရားရုံးကဲ့သို့ လွတ်လပ်သော တရားစီရင်ရေးအဖွဲ့က ဆောင်ရွက်နိုင်သည့် အခန်းကဏ္ဍကို ဖော်ပြနေပါသည်။

---

၉၇။ Haviv Rettig Gur. က ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့၌ Times of Israel တွင် ရေးသားခဲ့သော ‘‘(Drillilng into Netanyahu’s gas deal and why some might oppose it)’’ http://www.timesofisrael.com/drilling-into-netanyahus-gas-deal-and-why-some-might-oppose-it.

၉၈။ Financial Times က ရေးသားသည့် ‘‘အစ္စရေးနိုင်ငံမှ ထိန်းသိမ်းကြီးကြပ်သူတို့၏ ပစ်မှတ်ထားခြင်းခံရသော Leviathan ဓာတ်ငွေ့သိုက် (Leviathan gas field targeted by Israeli regulator)’’

၉၉။ Hamodia က ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ရေးသားခဲ့သည့် ‘‘MK က အထက်တရားရုံးထံ အသနားခံမှုများကို တားဆီးရန် ကြိုးပမ်း (MK Seeks to Curb High Court Petitions)’’ http://hamodia.com/2016/06/23/mk-seeks-curb-high-court-petitions.


# နိုင်ငံအလိုက် လေ့လာမှု – တောင်အာဖရိကနိုင်ငံ

## သတ္တုတွင်း နိုင်ငံတော်ပိုင် ပြုခြင်း
## ဓာတ်သတ္တုဆိုင်ရာ မူဝါဒအား ငြင်းခုံဆွေးနွေးခြင်း




© Nataly Reinch / Shutterstock.com

Kaisa Toroskainen



## တောင်အာဖရိနိုင်ငံ၊ အဓိကအချက်အလက်များ(၂၀၁၅)

**လူဦးရေ**
၅၅.၀ သန်း[၁]

**တစ်ဦးချင်း ပြည်တွင်း အသားတင်ထုတ်လုပ်မှု (PPP)**
$ ၁၃၂၀၀[၂]

**အဓိက သဘာဝ သယံဇာတ**
ရွှေ၊ ပလက်တီနမ်၊ ကျောက်မီးသွေး


**ပြည်တွင်း အသားတင်ထုတ်လုပ်မှု (GDP) တွင် သယံဇာတမှု ရရှိသော အကျိုးအမြတ်များ၏ ရာခိုင်နှုန်း**
၈[၃]

**နိုင်ငံရေးစနစ်**
ပါလီမန် ဒီမိုကရေစီ

**အာဏာရ ပါတီများ**
အာဖရိကန် အမျိုးသားကွန်ဂရက်

**အတိုက်အခံ ပါတီများ**
ဒီမိုကရက်တစ် မဟာမိတ်
စီးပွားရေး လွတ်လပ်မှုအတွက် တိုက်ပွဲဝင်သူများ
ပါတီအငယ်ပေါင်းများစွာ[၄]

**ပို့ကုန်ဝေစုများ (၂၀၁၅ ခုနှစ်)[၅]**





၁ "DataBank 2015: Population, total," World Bank (2015)၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကြည့်ရှုခဲ့သည်။ http://data.worldbank.org/indicator/SP.POP.TOTL.

၂ "DataBank 2015: GDP per capita (current US$)," World Bank (2015)၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကြည့်ရှုခဲ့သည်။ http://data.worldbank.org/indicator/NY.GDP.PCAP.PP.CD.

၃ "DataBank 2015: Total natural resource rents (% of GDP)," World Bank (2015)၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကြည့်ရှုခဲ့သည်။ http://data.worldbank.org/indicator/NY.GDP.TOTL.RT.ZS.

၄ တောင်အာဖရိကနိုင်ငံ ပါလီမန် http://www.parliament.gov.za/live/content.php?Category_ID=107

၅ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် http://data.worldbank.org/indicator/TX.VAL.FUEL.ZS.UN ၌ ကြည့်ရှုခဲ့သည့် "DataBank 2015: Fuel exports as % of merchandise exports," World Bank (2015) နှင့် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် http://data.worldbank.org/indicator/TX.VAL.MMTL.ZS.UN ၌ ကြည့်ရှုခဲ့သည့် "DataBank 2015: Ores and metals exports as % of merchandise exports," World Bank (2015)



# နိုင်ငံအလိုက် လေ့လာမှု – တောင်အာဖရိကနိုင်ငံ သတ္တုတွင်း နိုင်ငံတော်ပိုင် ပြုခြင်း ဓာတ်သတ္တုဆိုင်ရာ မူဝါဒအား ငြင်းခုံဆွေးနွေးခြင်း

## နိုင်ငံရေးစနစ်

တောင်အာဖရိကနိုင်ငံသည် ပါလီမန် ဒီမိုကရေစီကို ကျင့်သုံးသော နိုင်ငံဖြစ်သည်။ အာဖရိကန်အမျိုးသား ကွန်ဂရက် (ANC) ပါတီသည် အသားအရောင် ခွဲခြားမှုစနစ် (Apartheid Regime) အား ဆန့်ကျင်တွန်းလှန်မှုကို ဦးဆောင်ခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် ပထမဦးဆုံး ဒီမိုကရေစီ ရွေးကောက်ပွဲများ ပြုလုပ်ခဲ့စဉ်ကတည်းက တိုင်းပြည်ကို အုပ်ချုပ်ခဲ့ပါသည်။ ANC ဦးဆောင်သော အစိုးရအဖွဲ့သည် တောင်အာဖရိက ကွန်မြူနစ်ပါတီ (South African Communist Party – SACP) နှင့် တောင်အာဖရိက အလုပ်သမားသမဂ္ဂများ ကွန်ဂရက် (Congress of South African Trade Unions – COSATU) တို့ ပါဝင်သည့် သုံးပွင့်ဆိုင် မဟာမိတ်အဖွဲ့ (Tripartite Alliance) ဟုခေါ်သော ညွန့်ပေါင်းအဖွဲ့တစ်ဖွဲ့အပေါ် အခြေခံပါသည်။ အကြီးဆုံး အတိုက်အခံပါတီမှာ လစ်ဘရယ် ကျသော ဒီမိုကရက်တစ် မဟာမိတ်ပါတီ (Democractic Alliance – DA) ဖြစ်ပါသည်။[၆၀] ဒုတိယအကြီးဆုံး အတိုက်အခံပါတီမှာ စီးပွားရေး လွတ်လပ်မှုအတွက် တိုက်ပွဲဝင်သူများ ပါတီ (Economic Freedom Fighters – EFF) ဖြစ်ပြီး ၁၉၉၄ ခုနှစ်တွင် ရရှိခဲ့သော နိုင်ငံရေး လွတ်လပ်မှုသည် စီးပွားရေးအရ တန်းတူညီမျှမှု မရှိခြင်းကြောင့် ဆက်လက်၍ အားနည်းနေခဲ့ခြင်းကို အကြောင်းပြု၍ ထိုပါတီကို ၂၀၁၃ ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။[၆၁] တစ်နိုင်ငံလုံးအဆင့်တွင် EFF နှင့် DA ပါတီ နှစ်ခုလုံးသည် ANC ပါတီက ရရှိသော ထောက်ခံမှုကို မယှဉ်နိုင်သော်လည်း ၂၀၁၆ ခုနှစ်၊ ဩဂုတ်လတွင် ဒေသန္တရ ရွေးကောက်ပွဲများနှင့် ၎င်းတို့၏ အားကောင်းသော စွမ်းဆောင်ရည်ကြောင့် ယခင်က စိန်ခေါ်နိုင်ခဲ့ခြင်း မရှိသော ANC အပေါ် အများစု ထောက်ခံမှုကို ခြိမ်းခြောက်လာပြီး ဓာတ်သတ္တုဆိုင်ရာ မူဝါဒနှင့်ပတ်သက်၍ ဆွေးနွေးငြင်းခုံမှုများ ဖြစ်ပွားသည့် နိုင်ငံရေး အခင်းအကျင်းကို ပုံဖော်လာခဲ့ပါသည်။

## သယံဇာတ ကြွယ်ဝမှုများနှင့် အုပ်ချုပ်မှု

တောင်အာဖရိကနိုင်ငံသည် ကမ္ဘာပေါ်တွင် ရေနံမဟုတ်သော တွင်းထွက် အကြွယ်ဝဆုံး နိုင်ငံဖြစ်ပြီး သယံဇာတ အရံပမာဏ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂.၅ ထရီလီယံအထိ ရှိသည်ဟု ခန့်မှန်းရသည်။[၆၂] နိုင်ငံ၏ သတ္တုတွင်းများအတွက် ဈေးပေါသော လုပ်သား ရရှိစေရန် ရည်ရွယ်သည့် ရွှေ့ပြောင်းအလုပ်သမားစနစ်၊ မြေယာ ခွဲဝေချထားပေးမှုနှင့် လူမည်းများ၏ အိမ်ယာဆိုင်ရာ အခွင့်အရေးများကို ထိန်းချုပ်ထားသော ဥပဒေများ (Pass Laws) အစရှိသည့် အသားရောင် ခွဲခြားအုပ်ချုပ်မှုစနစ် (၁၉၄၈–၁၉၉၄) ၏ အဓိက လက္ခဏာရပ်များအဖြစ် တောင်အာဖရိက သမိုင်းတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။ ထို့ကြောင့် တွင်းထွက်တူးဖော်ရေးလုပ်ငန်းတွင် သမိုင်းတစ်လျှောက် ဖြစ်ပွားခဲ့သော မတရားမှုများကို ပြင်ဆင်ခြင်းသည် ဒီမိုကရေစီစနစ် ကျင့်သုံးပြီး ဖွံ့ဖြိုးတိုးတက်မှုရှိသော နိုင်ငံတစ်နိုင်ငံ ထူထောင်ရေး ဟူသည့် အာဏာရပါတီ ANC ၏ ရည်ရွယ်ချက်အတွက် အဓိကကျပါသည်။ ဤသို့ သမိုင်းနောက်ခံ အခြေအနေအရ သတ္တုတွင်းကဏ္ဍသည် GDP တွင် ပါဝင်မှု ကျဆင်းလာပြီး မကြာသေးမီက ကုန်ပစ္စည်း ဈေးနှုန်းများ ကျဆင်းခဲ့သော်လည်း တောင်အာဖရိကနိုင်ငံ၏ စီးပွားရေး မူဝါဒ

၆၀။ ဒီမိုကရက်တစ် မဟာမိတ်ပါတီ (Democratic Alliance) https://www.da.org.za/why-the-da/history.

၆၁။ တိုက်ပွဲဝင်သူများပါတီ (Economic Freedom Fighters) http://effighters.org.za/about-us.

၆၂။ ယူကေအစိုးရက ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ရေးသားသည့် တောင်အာဖရိကနိုင်ငံ – သတ္တုတွင်းကဏ္ဍ – နောက်ဆုံးအခြေအနေ https://www.gov.uk/government/publications/south-africa-mining-sector-an-update/south-africa-mining-sector-an-update.

ဆိုင်ရာ ဆွေးနွေးမှုများတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆဲ ဖြစ်ပါသည်။[၆၃] ဤလုပ်ငန်းကဏ္ဍကို ၂၀၀၂ ခုနှစ် ဓာတ်သတ္တု နှင့် ရေနံအရင်းအမြစ်များ ဖွံ့ဖြိုးရေး အက်ဥပဒေ (Mineral and Petroleum Resources Development Act – MPRDA) က လွှမ်းမိုးပြီး ၂၀၀၈ ခုနှစ်တွင် ပြင်ဆင်ခဲ့ကာ ပြင်ဆင်ချက် အသစ်များကို လက်ရှိ လွှတ်တော်တွင် ဆွေးနွေးနေပါသည်။ ဓာတ်သတ္တု အရင်းအမြစ်များ ဦးစီးဌာနသည် ထိုဥပဒေ အကောင်အထည်ဖော်မှုကို ကြီးကြပ်ပါသည်။

တောင်အာဖရိကနိုင်ငံအကြောင်း လေ့လာမှုတွင် အာဏာရ မဟာမိတ်အဖွဲ့အတွင်းနှင့် အခြားသောပါတီများအကြား မူဝါဒရေးဆွဲခြင်း လုပ်ငန်းစဉ်နှင့် ၎င်းနှင့်ဆက်စပ်သော ဆွေးနွေးမှုများကို လေ့လာသုံးသပ်ထားပါသည်။ လေ့လာသုံးသပ်ရာတွင် အသုံးပြုခဲ့သော အဓိက သာဓကမှာ သတ္တုတွင်းများအား နိုင်ငံပိုင် ပြုလုပ်ခြင်းနှင့်ပတ်သက်၍ နိုင်ငံအဆင့် ဆွေးနွေးမှုဖြစ်ပြီး ထိုဆွေးနွေးမှုကို ၂၀၀၇ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ပြုလုပ်ခဲ့သည်။ နောက်ဆုံးတွင် ANC မှ အုပ်စုတစ်စု ကွဲထွက်၍ ပါတီအသစ် EFF ပါတီကို တည်ထောင်ခဲ့ပါသည်။

## နိုင်ငံပိုင် ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ငြင်းခုံဆွေးနွေးမှု၏ မူလအစ

သတ္တုတွင်းကဏ္ဍနှင့်ပတ်သက်၍ ANC ပါတီ၏ မူဝါဒရပ်တည်မှုများသည် ပါတီ၏ ဖွဲ့စည်းတည်ထောင်မှုဆိုင်ရာ စာတမ်းဖြစ် လွတ်လပ်မှု ပဋိညာဉ်စာတမ်း (Freedom Charter) (၁၉၅၅) မှ ဖြစ်တည်လာခဲ့ခြင်းဖြစ်သည်။ ထိုစာတမ်းတွင် ''မြေအောက်ရှိ ဓာတ်သတ္တုများ၊ ဘဏ်များနှင့် လက်ဝါးကြီးအုပ်ထားသော လုပ်ငန်းကဏ္ဍတို့အား ပြည်သူအားလုံး၏ ပိုင်ဆိုင်မှုအောက်သို့ လွှဲပြောင်းရမည်''ဟု ဖော်ပြထားပါသည်။[၆၄] ANC ၏ သတ္တုတွင်း မူဝါဒ (၁၉၉၄) ပထမ မူကြမ်းတွင်[၆၅] ဤရည်ရွယ်ချက်အား မြေအောက်ရှိ ဓာတ်သတ္တု ပိုင်ဆိုင်မှုများကို ပုဂ္ဂလိက မြေပိုင်ရှင်များထံမှ အစိုးရ၏ ပိုင်ဆိုင်မှုအောက်သို့ လွှဲပြောင်းခြင်းအဖြစ် အဓိပ္ပာယ် ကောက်ယူခဲ့ပါသည်။ ထိုသို့ အဓိပ္ပာယ်ကောက်ယူခဲ့သော ဤရည်ရွယ်ချက်ကို ၂၀၀၂ ခုနှစ် MPRDA ဖြင့် အောင်မြင်အောင် ဆောင်ရွက်ခဲ့ပြီး MPRDA တွင် ''ဓာတ်သတ္တု နှင့် ရေနံဆိုင်ရာ အရင်းအမြစ်များသည် တောင်အာဖရိက နိုင်ငံသားအားလုံး၏ ဘုံအမွေအနှစ် ဖြစ်ပြီး နိုင်ငံတော်အစိုးရသည် တောင်အာဖရိက နိုင်ငံသားများ အားလုံး၏ အကျိုးအတွက် ထိုအရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်သူ ဖြစ်သည်''ဟု ဖော်ပြထားပါသည်။[၆၆] ထို့ပြင် ANC အစိုးရနှင့် သတ္တုတွင်းလုပ်ငန်းရှင်များအသင်းကြား ညှိနှိုင်းဆွေးနွေးထားသည့် ၂၀၀၄ ခုနှစ် သတ္တုတွင်း ပဋိညာဉ်စာတမ်းတွင်[၆၇] လူမည်း တောင်အာဖရိကနိုင်ငံသားများနှင့် အခြား အားနည်းသော အုပ်စုများ၏ ဘဝကို မြှင့်တင်ပေးရန် ရည်မှန်းချက်များ သတ်မှတ်ခဲ့သည်။ အဆိုပါ ရည်မှန်းချက်များတွင် အရေးအကြီးဆုံးအနေဖြင့် ပိုင်ဆိုင်

၆၃။ Trading Economics က ရေးသားသည့် ''တောင်အာဖရိကနိုင်ငံ၏ နိုင်ငံခြားငွေ သီးသန့်ထားရှိမှုများ (South Africa Foreign Exchange Reserves)'' http://www.tradingeconomics.com/southafrica/foreign-exchange-reserves နှင့် Business Live က ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ရေးသားသည့် ''ဓာတ်သတ္တုခွန်များ – ဓာတ်သတ္တုများမှ ရရှိသော ဝင်ငွေကျဆင်း၍ ရှေ့လျှောက် ပိုမိုခက်ခဲနိုင် (Mining royalties: Minerals revenue plummets, more pain ahead)'' http://www.bdlive.co.za/business/mining/2016/02/25/mining-royalties-mineralsrevenue-plummets-more-pain-ahead.

၆၄။ Freedom Charter တွင် အသားအရောင် ခွဲခြားမှုစနစ်အား ဆန့်ကျင်ရေးအတွက် အခြေခံစည်းမျဉ်းများကို ဖော်ပြထားပါသည်။ http://www.anc.org.za/content/first-national-consultative-conference-freedom-charter-revolutionaryprogramme-anc ကို ကြည့်ပါ။

၆၅။ အာဖရိကန် အမျိုးသားကွန်ဂရက်၏ ဓာတ်သတ္တုနှင့် စွမ်းအင်မူဝါဒ မူကြမ်း http://www.anc.org.za/content/draft -mineral-andenergy-policy.

၆၆။ ဓာတ်သတ္တုနှင့် ရေနံအရင်းအမြစ်များ ဖွံ့ဖြိုးရေး အက်ဥပဒေ၏ ပုဒ်မ ၃(၁)။ http://cer.org.za/wp-content/uploads/2010/08/28-OF-2002-MINERAL-AND-PETROLEUM-RESOURCES-DEVELOPMENT-ACT_7-Dec-2014to-date-1.pdf ကို ကြည့်ပါ။

၆၇။ တောင်အာဖရိက အစိုးရက နိုင်ငံတော် ပြန်တမ်းတွင် ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့၌ ရေးသားခဲ့သည့် တောင်အာဖရိက သတ္တုတွင်းကဏ္ဍအတွက် ယေဘုယျ လူမှုစီးပွားရေး မြှင့်တင်ခြင်း ပဋိညာဉ်စာတမ်းအတွက် အမှတ်ပေးကတ်ပြား (Scorecard for the Broad Based Socio-Economic Empowerment Charter for the South African Mining Industry, http://www.mqa.org.za/sites/default/files/Mining%20 Charter%20August%202004.pdf.

မှုများ၏ ၂၆ ရာခိုင်နှုန်းကို လူမည်းပြည်သူများထံ လွှဲပြောင်းပေးခြင်းလည်း ပါဝင်ခဲ့ပါသည်။

ဒီမိုကရေစီ အုပ်ချုပ်ရေး စနစ်အောက်တွင် သတ္တုတွင်းအတွက် ဤပထမဦးဆုံး ဥပဒေနှင့် မူဝါဒ မူ ဘောင်အား ရေးဆွဲခဲ့ကတည်းက တောင်အာဖရိကနိုင်ငံသားများ အားလုံးထံ ကတိကဝတ် ပြုထားသော အကျိုးခံစားခွင့်များ အားလုံးကို နောက်ပိုင်း ဆက်ခံသည့် ANC အစိုးရအဖွဲ့များအနေဖြင့် ထိရောက်စွာ ပေးအပ်နိုင်ခြင်း ရှိ၊ မရှိနှင့်ပတ်သက်သော မူဝါဒဆိုင်ရာ ဆွေးနွေးမှုကို ဖြစ်ပေါ်လာစေသော အကြောင်း အချက်များစွာ ရှိခဲ့ပါသည်။

### *အကွက် ၂.၃*
### *တောင်အာဖရိကနိုင်ငံ၏ ANC ပါတီတွင် မူဝါဒရပ်တည်မှု ရေးဆွဲသတ်မှတ်ခြင်းအတွက် အရင်းအမြစ်များ*

မူဝါဒ ရေးဆွဲသတ်မှတ်ခြင်းနှင့် ဆွေးနွေးမှုတို့ကို ဆောင်ရွက်သော ANC ၏ အဓိက နေရာများမှာ ၎င်း၏ မူဝါဒဆိုင်ရာ ပါတီတွင်း ညီလာခံနှင့် လုပ်ငန်းကဏ္ဍအလိုက် ဖွဲ့စည်းထားသော ကော်မတီများ ဖြစ်ပါသည်။ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး ကော်မတီ (Economic Transformation Committee – ETC) သည် ပါတီတွင်း သတ္တုတွင်းဆိုင်ရာ မူဝါဒရေးဆွဲခြင်းအတွက် တာဝန်ရှိပါသည်။ ETC တွင် သတ္တုတွင်း မူဝါဒဆိုင်ရာ အကြံပေးများ ရှိပြီး မူဝါဒ ရေးဆွဲသတ်မှတ်ခြင်းအတွက် ကျွမ်း ကျင်သူများ၏ အစီရင်ခံစာများမှ ပြင်ပ သုတေသန လေ့လာမှုများကို အသုံးပြုပါသည်။ ငါးနှစ်တစ်ကြိမ် ကျင်းပသော အမျိုးသားလွှတ်တော်တွင် ဆုံးဖြတ်ချက်များ မချမှတ်မီ မူဝါဒ ရပ်တည်မှုများကို မူဝါဒ ဆိုင်ရာ ညီလာခံများတွင် ဆွေးနွေးကြပြီး မဟာမိတ်အဖွဲ့ဝင်များ အားလုံးအပြင် ပြည်နယ်များ နှင့် ဒေ သများကလည်း ပါဝင်ကြပါသည်။

လွှတ်တော်အမတ် အနည်းငယ်ကသာလျှင် သတ္တုတွင်း လုပ်ငန်းကဏ္ဍတွင် အထူးပြု အတွေ့အကြုံ သို့မဟုတ် ပညာတတ်မြောက်မှု ရှိသဖြင့် မူဝါဒဆိုင်ရာ ကိုက်ညှိမှုများနှင့် ဥပဒေဆိုင်ရာ ပြင်ဆင်မှုများ စသော လုပ်ငန်းနယ်ပယ်များအား ကောင်းမွန်သော ဆုံးဖြတ်ချက် ချမှတ်ခြင်း သို့မဟုတ် လိုအပ်သော အပြောင်းအလဲအတွက် အသေးစိတ်အဆင့်အထိ နားလည်နိုင်ရန် ခက်ခဲသည်။ ထို့ကြောင့် မူဝါဒ လေ့ လာသုံးသပ်မှုနှင့် သုတေသနပြုလုပ်မှုဆိုင်ရာ အချက်အလက်များ ရရှိနိုင်မှုသည် ပါတီ၊ အစိုးရနှင့် လွှတ် တော်ကော်မတီများတွင် မူဝါဒ ချမှတ်ခြင်း၏ အဆင့်အားလုံး၌ ပို၍ အရေးကြီးလာခဲ့ပါသည်။ ''သတ္တု တွင်းနှင့် ဓာတ်သတ္တုဆိုင်ရာ မူဝါဒနယ်ပယ်တွင် ကျွမ်းကျင်သူများထံမှ လိုအပ်သော ပံ့ပိုးမှုဖြင့် ကိစ္စရပ် အားလုံးကို အာဏာရ ပါတီနှင့် အဖွဲ့အစည်းအတွင်း အသေးစိတ် ဆွေးနွေးရန် အရေးကြီးပါသည်။ သို့ မှသာလျှင် ကော်မတီက မည်သည့်အပြောင်းအလဲများ ပြုလုပ်ရမည်နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချရာ တွင် ဥပဒေဆိုင်ရာ ပြင်ဆင်ချက်များအတွက် သက်ဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်ခြင်းဆိုင်ရာ အရည် အချင်းများ ပြည့်ဝနေမည်ဖြစ်ပါသည်။ ထို့ကြောင့် ကော်မတီအဖွဲ့ဝင် တစ်ဦးဖြစ်သော ကျွန်ုပ်အနေဖြင့် မူဝါဒ နှင့်/သို့မဟုတ် ဥပဒေဆိုင်ရာ အပြောင်းအလဲနှင့် ပြင်ဆင်ချက်များ သေချာပေါက် ဖြစ်ပေါ်လာရေး အတွက် ခိုင်မာသော ဆုံးဖြတ်ချက် ချမှတ်ရမည့် အနေအထားမှာ ရှိနေပါသည်။''ဟု လွှတ်တော်အမတ် ဟောင်းနှင့် ဓာတ်သတ္တု အရင်းအမြစ်များဆိုင်ရာ လွှတ်တော် ကော်မတီ၏ ဥက္ကဋ္ဌဖြစ်သော Faith Bikani က ဆိုခဲ့ပါသည်။

ပထမဦးဆုံးအနေဖြင့် ANC ပါတီအတွင်းနှင့် ပါတီအပြင်မှ ဝေဖန်ပြောဆိုသူများက လူမည်းများအတွက် စီးပွားရေး မြှင့်တင်ပေးခြင်းမှအပ ANC ၏ အစောပိုင်း မူဝါဒစာတမ်းများတွင် ဖော်ပြထားသော အခြား ဖွံ့ဖြိုးရေး ရည်ရွယ်ချက်များကို လျစ်လျူရှုထားသည်ဟု ထောက်ပြလာကြပါသည်။ ဤအချက်သည် အထူးသဖြင့် တန်ဖိုးမြှင့်တင်ခြင်း (Value Adddition) နှင့် အလုပ်အကိုင် ဖန်တီးခြင်းကို ရည်ရွယ်သော

ဖွံ့ဖြိုးတိုးတက်မှုရှိသည့် နိုင်ငံတော်တည်ဆောက်ခြင်း[၆၈]နှင့် ပတ်သက်နေကာ အဆိုပါ ရည်ရွယ်ချက်ကို Ready to Govern (1992) မူဝါဒ လမ်းညွှန်ချက်များနှင့် Reconstruction and Development Plan (RDP, 1994)[၆၉] တို့တွင် ဖော်ပြထားပြီး အဆိုပါ စာတမ်းနှစ်ခုကို ကျယ်ပြန့်စွာ ဆွေးနွေးခဲ့ကြပြီး သုံးပွင့်ဆိုင် မဟာမိတ်အဖွဲ့ (Tripartite Alliance) က ထောက်ခံခဲ့ပါသည်။ ပထမ စာတမ်းတွင် ''ဓာတ်သတ္တုများအား တန်ဖိုးမြှင့်တင် ပြုပြင်ခြင်း (Beneficiation) နှင့် ကမ္ဘာ့အဆင့်မီ သတ္တုတွင်းနှင့် ဓာတ်သတ္တုဆိုင်ရာ ဆင့်တက် ပြုပြင်ခြင်းဆိုင်ရာ အရင်းအနှီး ကုန်စည်များ ဈေးကွက် (Capital Goods Industry) ဖန်တီးပေးခြင်းဖြင့် သတ္တုတွင်း လုပ်ငန်းကဏ္ဍအား တိုင်းပြည်၏ အခြားကဏ္ဍများနှင့် ပေါင်းစပ်ရန် မူဝါဒများကို ရေးဆွဲသတ်မှတ်ရမည်''ဟု ဖော်ပြထားပါသည်။ ၂၀၀၇ ခုနှစ် နှင့် ၂၀၁၂ ခုနှစ် မူဝါဒဆိုင်ရာ ညီလာခံများတွင် ANC ပါတီက အဆိုပါ ရည်မှန်းချက်များနှင့်ပတ်သက်၍ လုပ်ငန်းအောင်မြင်မှု အနေအထားသည် ကျေနပ်ဖွယ်ရာ မရှိကြောင်း ဝန်ခံခဲ့ပါသည်။[၇၀]

ဒုတိယအနေဖြင့် သတ္တုတွင်းကဏ္ဍ၏ အလုပ်ခန့်ထားမှု၊ စီမံခန့်ခွဲမှုနှင့် ပိုင်ဆိုင်မှုတို့တွင် လူမည်းများ မျှတစွာ ပါဝင်နိုင်ရန် သတ္တုတွင်း ပဋိညာဉ်စာတမ်းတွင် ပြဋ္ဌာန်းထားသော ယေဘုယျ လူမည်းစီးပွားရေး မြှင့်တင်မှု (Broad-Based Black Economic Empowerment – BB-BEE) မူဝါဒများအား အကောင်အထည် ဖော်ခြင်းနှင့်ပတ်သက်၍ ငြင်းခုံဆွေးနွေးလာခဲ့ကြပါသည်။ တောင်အာဖရိက သတ္တုတွင်း ဖွံ့ဖြိုးရေးအသင်း (South African Mining Development Association) က ထုတ်ပြန်သော ၂၀၁၀ ခုနှစ် အစီရင်ခံစာတွင် ''အသွင်ပြောင်းလဲရေးဆိုင်ရာ အကျိုးအမြတ်များ (Transformational Rents) အပေါ် အလေးထား အာရုံစိုက်မှု အလွန်များနေပြီး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကျိုးအမြတ်များ (Developmental Rents) အပေါ် အာရုံစိုက်မှု အလွန်နည်းနေသည်''ဟု ဖော်ပြခဲ့ပြီး[၇၁] ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ထောက်ခံသည့် လုပ်ရပ်သည် ဤကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သက်ရောက်မှုများအပေါ် အာရုံစိုက်မှုကို ကျဆင်းစေကာ အဆိုပါ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သက်ရောက်မှုများအား ပုဂ္ဂလိက အချိုးကျ ပိုင်ဆိုင်မှုထက် နိုင်ငံတော်အစိုးရမှတဆင့်သာ ရရှိနိုင်ကြောင်း ထောက်ပြခဲ့ပါသည်။ ထို့ပြင် သတ္တုတွင်းလုပ်ငန်းကဏ္ဍတွင် လူမည်းများ၏ ပိုင်ဆိုင်မှုသည် အနည်းငယ်သော ပုဂ္ဂိုလ်များက ထိန်းချုပ်ထားသည့် ကုမ္ပဏီ အနည်းစုတွင်သာ စုပြုံနေပြီး သာမန်ပြည်သူများအတွက် ကျယ်ပြန့်သော အကျိုးခံစားခွင့်များ ဖန်တီးပေးခြင်း မရှိကြောင်း အဆိုပါ အစီရင်ခံစာက ပြသခဲ့ပါသည်။ ANC ၏ သုံးပွင့်ဆိုင် မဟာမိတ်အဖွဲ့ (Tripartite Alliance) မိတ်ဖက်အဖွဲ့များ[၇၂] နှင့် အခြားပါတီများ က ဤကဲ့သို့ ချမ်းသာကြွယ်ဝမှု စုပြုံနေမှုကို ပိုမိုဝေဖန် ကန့်ကွက်လာကြသည်။ ANC အဖွဲ့ဝင်များသည် အဆိုပါ အကြောင်းအရင်းများကြောင့် အုပ်စုကွဲခဲ့ပါသည်။ အမှန်တကယ်တော့ တောင်အာဖရိကနိုင်ငံတွင် နိုင်ငံပိုင် ပြုလုပ်ခြင်းနှင့်ပတ်သက်သော ဆွေးနွေးမှုသည် အားကောင်းရခြင်း၏ အကြောင်းအရင်းတစ်ရပ်မှာ ငြင်းခုံဆွေးနွေးမှု အများစုသည် ဤလုပ်ငန်းကဏ္ဍတွင် အခွန်ကောက်ခံခြင်းနှင့် အစိုးရ၏ ပါဝင်ဆောင်ရွက်ခြင်း အပါအဝင် အကောင်းဆုံး ''အစိုးရ၏ ဝင်ငွေစနစ် (Government Take System)'' အကြောင်း ငြင်းခုံဆွေးနွေးမည့်အစား လူမည်း ပြည်သူများဘဝ မြှင့်တင်ခြင်းအပေါ် အာရုံစိုက်နေသောကြောင့် ဖြစ်ပါသည်။

---

၆၈။ Nordic နှင့် အရှေ့အာရှနိုင်ငံများကဲ့သို့ လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန် နိုင်ငံတော်အစိုးရက ဦးဆောင်၍ လုပ်ငန်းကဏ္ဍဆိုင်ရာနှင့် တစ်နိုင်ငံလုံး၏ စီးပွားရေးမူဝါဒများ စီစဉ်ရေးဆွဲခြင်းကို ဆိုလိုပါသည်။ ဖွံ့ဖြိုးတိုးတက်မှု ရှိသောနိုင်ငံ (Developmental State) ဟူသော အယူအဆနှင့်ပတ်သက်၍ ဥပမာအားဖြင့် Thandika Mkandawire ရေးသားသည့် ''အာဖရိကတိုက်ရှိ နိုင်ငံများတွင် ဖွံ့ဖြိုးတိုးတက်မှုရှိသော နိုင်ငံများအကြောင်း စဉ်းစားကြည့်ခြင်း (Thinking About Developmental States in Africa)'' United Nations University, http://archive.unu.edu/hq/academic/Pg_area4/Mkandawire.html.

၆၉။ “ANC 1992: Ready to Govern,” http://www.anc.org.za/docs/pol/1992/readyto.html.

၇၀။ SIMS အစီရင်ခံစာ ၂၀၁၂ နှင့်ပတ်သက်၍ ANC မူဝါဒဆိုင်ရာ ဆွေးနွေးမှုစာတမ်း။

၇၁။ ''စီးပွားရေး တိုးတက်မှုနှင့် ဖွံ့ဖြိုးမှုအတွက် တောင်အာဖရိက၏ ဓာတ်သတ္တု သယံဇာတများအား ထုတ်ယူသုံးစွဲခြင်း (Harnessing South Africa’s Mineral Resources for Economic Growth and Development)'' (2009), http://us-cdn.creamermedia.co.za/assets/articles/attachments/29809_harnessing_sas_mineral_resources-executive_summary.pdf.

၇၂။ COSATU မူဝါဒစာတမ်း (၂၀၁၂)

နောက်ဆုံးတွင် သုံးပွင့်ဆိုင် မဟာမိတ်အဖွဲ့၏ မိတ်ဖက်အဖွဲ့များသည် ဓာတ်သတ္တုဆိုင်ရာ အရင်းအမြစ်များ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ လွတ်လပ်မှု ပဋိညာဉ်စာတမ်းအား ANC ၏ အဓိပ္ပာယ် ကောက်ယူမှုကို ကန့်ကွက်ခဲ့ပြီး လုပ်ငန်းကဏ္ဍ၏ တောင်းဆိုချက်များကို လိုက်လျောသည်ဟု စွပ်စွဲခဲ့ပါသည်။ အတိအကျ ဆိုရလျှင် ၎င်းတို့သည် လွတ်လပ်မှု ပဋိညာဉ်စာတမ်းအား ဆိုလိုရင်းအတိုင်း အဓိပ္ပာယ် ကောက်ယူမှုကို အားပေး ထောက်ခံခဲ့ပြီး ထို အဓိပ္ပာယ်ကောက်ယူမှုအရ နိုင်ငံတော်အစိုးရသည် မြေအောက်ပိုင်ဆိုင်မှုများနှင့် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များကိုသာမက သတ္တုတွင်းလုပ်ငန်း လည်ပတ်မှုများကိုလည်း ထိန်းချုပ်သင့်သည်ဟု ဆိုပါသည်။[၇၃] ၂၀၁၀ ခုနှစ်မှစ၍ ANC ၏ လူငယ်အသင်း (Youth League) သည် ANC ၏ ခေါင်းဆောင်ပိုင်းအပေါ် ဝေဖန်မှုကို ပိုမို ထုတ်ဖော်လာခဲ့ကြပြီး ကတိပေးထားသော ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည် ဖော်ပေးရာတွင် တိုးတက်မှု မရှိခြင်းနှင့်ပတ်သက်၍ ဝေဖန်တိုက်ခိုက်ခဲ့ပါသည်။[၇၄] ထို့ကြောင့် ၂၀၀၀ ပြည့်နှစ်များ၏ ပထမဆယ်စုနှစ် အကုန်တွင် ''ဒီမိုကရေစီစနစ် ၁၆ နှစ်ကြာပြီးနောက် တိုင်းပြည်စီးပွားရေးကို ပိုမို အရှိန်အဟုန်မြှင့် အသွင်ပြောင်းလဲရန် လိုအပ်မှုနှင့်ပတ်သက်၍ တစ်နိုင်ငံလုံး ငြင်းခုံဆွေးနွေးမှု''တစ်ရပ် ပေါ်ပေါက်လာခဲ့ပါသည်။[၇၅]

## သတ္တုတွင်းများအား နိုင်ငံပိုင် ပြုလုပ်မှုအပေါ် ANC ၏ ကန့်ကွက်မှုက အာဏာရ မဟာမိတ်အဖွဲ့အား ပြိုကွဲစေခဲ့

အပြင်းအထန် ငြင်းခုံဆွေးနွေးမှုအပေါ် တုံ့ပြန်မှုအနေဖြင့် ၂၀၁၀ ခုနှစ်တွင် ANC ၏ အမျိုးသား အထွေထွေကောင်စီ (National General Council) က ၎င်း၏ စီးပွားရေး အသွင်ပြောင်းလဲရေး ကော်မတီအား သတ္တုတွင်း အပါအဝင် နိုင်ငံစီးပွားရေး၏ မဟာဗျူဟာ ကျသော လုပ်ငန်းကဏ္ဍများအပေါ် တိုးမြင့်လာသော အစိုးရ၏ ထိန်းချုပ်မှုနှင့်ပတ်သက်၍ ''သုတေသန လေ့လာမှု၊ ကွင်းဆင်းလေ့လာမှုများနှင့် ဆွေးနွေးမှုများ ထပ်မံပြုလုပ်ရန်နှင့် ဆုံးဖြတ်ချက်တစ်ရပ်အတွက် မူဝါဒဆိုင်ရာ ညီလာခံထံ သတင်းပေးပို့ရန်'' စေခိုင်းခဲ့ပါသည်။[၇၆] နောက် ကျင်းပသော ANC မူဝါဒ ညီလာခံတွင် ထိုသို့ စေခိုင်းခဲ့သော သတ္တုတွင်းကဏ္ဍတွင် အစိုးရ၏ ဝင်ရောက်စွက်ဖက်မှု (State Intervention in the Mining Sector - SIMS) အစီရင်ခံစာပါ အကြံပြုချက်များကို ဒေသန္တရနှင့် ပြည်နယ်ရုံးခွဲများနှင့် မဟာမိတ်အဖွဲ့၏ မိတ်ဖက်အဖွဲ့များ အားလုံးအပါအဝင် ANC အဖွဲ့ဝင်များထံ တင်ပြခဲ့ပါသည်။ ထို အစီရင်ခံစာတွင် နိုင်ငံပိုင် ပြုလုပ်မှုအား မထောက်ခံခဲ့ဘဲ ''နိုင်ငံပိုင် ပြုလုပ်ခြင်းသည် တောင်အာဖရိက နိုင်ငံ၏ စီးပွားရေးအတွက် ဒုက္ခဖြစ်လာလိမ့်မည်''ဟု ထောက်ပြခဲ့ကာ အကြောင်းမှာ ဆက်စပ် ကုန်ကျစရိတ်များ၊ ရင်းနှီးမြှုပ်နှံသူများ၏ တုံ့ပြန်မှုများနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အကန့်အသတ်များကြောင့် ဖြစ်ပါသည်။ နိုင်ငံပိုင် ပြုလုပ်မည့်အစား ဓာတ်သတ္တု မူဝါဒ၏ ဖွံ့ဖြိုးတိုးတက်မှုရှိသော နိုင်ငံတော်နှင့် ပတ်သက်သည့် အပိုင်းများအပေါ် ပိုမိုအာရုံစိုက်ရန် ပစ်မှတ်ထားသည့် အစိုးရ၏ ပါဝင်ဆောင်ရွက်မှုကို အကြံပြုခဲ့ပြီး အစောပိုင်း ANC မူဝါဒ၏ ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုသော နည်းလမ်းကို ထောက်ခံခဲ့ပါသည်။[၇၇]

---

၇၃။ ANC ၏ အမျိုးသားမူဝါဒ ညီလာခံ (National Policy Conferece) (၂၀၁၂) အတွက် ဆွေးနွေးမှု စာတမ်းများအပေါ် COSATU ၏ တုံ့ပြန်မှုများ

၇၄။ ''ANCYL မူဝါဒစာတမ်း ၂၀၁၂ – ဓာတ်သတ္တု ကြွယ်ဝမှုအား ပြည်သူအားလုံး ပိုင်ဆိုင်နိုင်အောင် လွှဲပြောင်းနိုင်ခြင်းဆီသို့ (ANCYL policy document 2012: Towards the transfer of Mineral wealth to the ownership of the people as a whole: A Perspective on Nationalization of Mines)" http://www.ancyl.org.za/show.php?id=5502.

၇၅။ စီးပွားရေး တိုးတက်မှုနှင့် ဖွံ့ဖြိုးမှုအတွက် တောင်အာဖရိက၏ ဓာတ်သတ္တု သယံဇာတများအား ထုတ်ယူသုံးစွဲခြင်း (Harnessing South Africa's Mineral Resources for Economic Growth and Development) (2009), 1.

၇၆။ တစ်နိုင်ငံလုံးဆိုင်ရာ သတ္တုတွင်းလုပ်သားများ သမဂ္ဂ (National Union of Mineworkers - NUM) ၏ သတ္တုတွင်းများ နိုင်ငံပိုင်ပြုလုပ်ခြင်း – အပြီးသတ်စာတမ်း (Nationalization Of Mines- Final Document) (2011), http://www.num.org.za/News-Reports-Speeches/Reports/token/download/ItemId/2.

၇၇။ သတ္တုတွင်းကဏ္ဍတွင် အစိုးရ၏ ဝင်ရောက်စွက်ဖက်မှု (State Intervention in the Mining Sector) (၂၀၁၂)

နောက်ပိုင်းတွင် ထိုကိစ္စကို ပါတီညီလာခံတွင် ဆွေးနွေးခဲ့ကြသည်။ ၂၀၁၂ ခုနှစ် ၎င်း၏ ရွေးကောက်ပွဲညီလာခံတွင် သတ္တုတွင်းကဏ္ဍအပေါ် အစိုးရ၏ ထိန်းချုပ်မှုကို ထပ်မံတိုးမြှင့်ရန် အဆိုအား မဲခွဲဆုံးဖြတ်၍ ပယ်ချခဲ့ပါသည်။[၅၇] သို့သော် SIMS အစီရင်ခံစာနှင့်ပတ်သက်၍ ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်စဉ်က တင်ပြမှုများကို ကြည့်ခြင်းအားဖြင့် ANC ပါတီဝင် အများစုက ပိုမိုကျယ်ပြန့်သော အစိုးရ ပိုင်ဆိုင်မှုကို ပယ်ချခဲ့သော်လည်း ပါတီတွင်းရှိ အုပ်စုများနှင့် မဟာမိတ်အဖွဲ့သည် ရလဒ်အပေါ် မကျေမနပ်ဖြစ်နေကြဆဲဖြစ်ကြောင်းမှာ ထင်ရှားပါသည်။ ထိုစဉ်က ANC လူငယ်အသင်း၏ ခေါင်းဆောင်ဖြစ်သော Julius Malema က ထိုကိစ္စနှင့်ပတ်သက်၍ ANC ကို ဆက်လက်ဝေဖန်ခဲ့သောကြောင့် ပါတီမှ ထုတ်ပယ်ခံခဲ့ရပါသည်။ Malema က Economic Freedom Fighters ပါတီအသစ်ကို တည်ထောင်ခဲ့ပြီး နိုင်ငံတော်အစိုးရသည် ဓာတ်သတ္တုကဏ္ဍကို ထိန်းချုပ်သင့်ကြောင်း ဆက်လက်ပြောဆိုခဲ့ပါသည်။ ANCYL/EFF လှုပ်ရှားမှုသည် ၂၀၁၂ ခုနှစ်တွင် Marikana အဖြစ်ဆိုး ကဲ့သို့သော အလုပ်သမားအငြင်းပွားမှု ပိုမိုဆိုးရွားလာချိန်တွင် ဖြစ်ပွားခဲ့ပါသည်။ အစိုးရ ထိန်းချုပ်မှုကို မြှင့်တင်ရန်နှင့် ဆုံးရှုံးသွားသော အလုပ်အကိုင်များကို ပြန်လည်ဖန်တီးပေးရန် ကျေးလက်သတ္တုတွင်း လုပ်သားများက အထူးထောက်ခံခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် သတ္တုကုန်စည် ဈေးနှုန်းများ ကျဆင်း၍ သတ္တုတွင်းများ ပိတ်သိမ်းခဲ့သောကြောင့် အလုပ်အကိုင် ဆုံးရှုံးခဲ့သူများ ဖြစ်သည်။[၅၈] ၂၀၁၄ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် အဆိုပါ မဲဆန္ဒရှင်များ၏ မဲများသည် တောင်အာဖရိက၏ မဲရရှိမှု အခြေအနေကို လှုပ်ခတ်စေခဲ့ပြီး EFF သည် တတိယအကြီးဆုံးပါတီ ဖြစ်လာခဲ့ပါသည်။

တောင်အာဖရိကနိုင်ငံ၏ နိုင်ငံရေးအခင်းအကျင်း အပြောင်းအလဲဖြစ်ပြီး အာဏာရပါတီအပေါ် ထောက်ခံမှု ကျဆင်းလာသဖြင့် နိုင်ငံပိုင် ပြုလုပ်ခြင်းဆိုင်ရာ ငြင်းခုံမှုကို အသားပေးမှု နည်းလာခဲ့သော်လည်း ဤငြင်းခုံမှုမှ ထွက်ပေါ်လာသော မူဝါဒ ရပ်တည်မှုများနှင့် အပြန်အလှန် ဆွေးနွေးမှုအတွက် သင်ခန်းစာများသည် ဓာတ်သတ္တု မူဝါဒအပေါ် ဆက်လက်သက်ရောက်မှု ရှိခဲ့ပါသည်။

## မူဝါဒချမှတ်ခြင်း လုပ်ငန်းစဉ်သည် အာဏာရပါတီ၏ သတ်မှတ်ထားသော ရပ်တည်မှုအား မီးမောင်းထိုးပြ

နိုင်ငံပိုင် ပြုလုပ်ခြင်းနှင့်ပတ်သက်သော မူဝါဒချမှတ်ခြင်း လုပ်ငန်းစဉ်သည် ANC ပါတီအတွင်း အာဏာအားပြိုင်မှုနှင့် အပြန်အလှန် ဆွေးနွေးမှုတို့နှင့်ပတ်သက်သော အခြေအနေများကို မီးမောင်းထိုးပြပါသည်။ ANC ပါတီသည် မဟာမိတ် မိတ်ဖက်အဖွဲ့များနှင့် မူဝါဒဆိုင်ရာ ဆွေးနွေးမှုကို မကြာခဏ ပြုလုပ်ပါသည်။ အလားတူပြီး အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း နှင့် မူဝါဒ ထုတ်ပြန်ချမှတ်ခြင်းတို့ဖြင့် အများပြည်သူ၏ အမြင်များကို ထည့်သွင်းစဉ်းစားပါသည်။ နောက်ဆုံး၌ လွှတ်တော်ထဲတွင် ခုံနေရာအများစု ရှိထားသော ပါတီအနေဖြင့် ANC ပါတီ၏ မူဝါဒက လွှမ်းမိုးခဲ့ပါသည်။ နှစ်ပေါင်းများစွာ ပါတီနှင့် အုပ်ချုပ်ရေး အဖွဲ့ကြား ပူးပေါင်းမှု အတိုင်းအတာသည် မဟာမိတ်အဖွဲ့အတွင်း ANC ခေါင်းဆောင်ပိုင်းအပေါ် ဆန့်ကျင်မှု ဖြစ်လာစေခဲ့ပါသည်။

ပါတီခေါင်းဆောင်ပိုင်းနှင့်ပတ်သက်၍ ANC ပါတီအတွင်းရှိ အဖွဲ့များအကြား သဘောထားကွဲလွဲမှုများရှိသော်လည်း လွှတ်တော်အမတ်များသည် ခေါင်းဆောင်ပိုင်းက ပေးသော အမိန့်ကို လိုက်နာနေသည်ဟု အထင်ခံရစေရန် သတိရှိကြပါသည်။ တရားဝင်ပါတီ ရပ်တည်မှုတစ်ရပ်ကို လက်ခံခဲ့ပြီးနောက် ကွဲပြားသော အမြင်များနှင့်ပတ်သက်၍ လူသိရှင်ကြား ဆွေးနွေးမှု အတိုင်းအတာကို ပါတီ၏ စည်းကမ်းက

---

၅၇။ Anine Kilian. က ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် Mining Weekly တွင် ရေးသားခဲ့သည့် ''သတ္တုတွင်းများကို နိုင်ငံတော်က ပြန်လည်သိမ်းယူခြင်းသည် တောင်အာဖရိက နိုင်ငံသားများအတွက် အကျိုးရှိလိမ့်မည် – ပါဝင်ဆွေးနွေးသူများ (State takeover of mines would be beneficial to South Africans – panellists)'' http://www.miningweekly.com/article/nationalisation-debate-2014-03-28/rep_id:3650.

၅၈။ Noor Nieftagodien. "New Political Directions? Reconstituting and re-imagining the left after Marikana," *New South African review 5,* ed. Gilbert M. Khadiagala (Johannesburg: Wits University Press, 2015).

ထိန်းချုပ်ပေးသည်။ ဤအခြေအနေတွင် သဘောထားကွဲလွဲ ဆန့်ကျင်နေသော လူငယ်အသင်း၏ ခေါင်းဆောင် Julius Malema က သိသိသာသာ ကွဲထွက်နေပါသည်။

*''တစ်နည်းအားဖြင့် [နိုင်ငံရေးအရ ဆွေးနွေးမှုကို] နိုင်ငံတွင် ရွေးကောက်ပွဲ မဲဆွယ်ကာလ မဟုတ်ပါက မပြုလုပ်ကြပါ''*

*လွှတ်တော်အမတ်*
*Faith Bikani*

ငြင်းခုံမှုက ပြင်းထန်လာခဲ့သော်လည်း အာဏာရ မဟာမိတ်အဖွဲ့ နှင့် အတိုက်အခံ ပါတီများအကြား ဓာတ်သတ္တု မူဝါဒနှင့်ပတ်သက်သော နိုင်ငံရေး ဆွေးနွေးမှုအပေါ် အကန့်အသတ် ဖြစ်နေပါသည်။ သတ္တုတွင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အဓိက အတိုက်အခံ လုပ်နေသော အဖွဲ့အစည်းမှာ သတ္တုတွင်း လုပ်ငန်းရှင်များအသင်း ဖြစ်ပုံပေါ်ပြီး ထိုအသင်းသည် သတ္တုတွင်း ပဋိညာဉ်စာတမ်းအား ဆွေးနွေးညှိနှိုင်းရာတွင် အခြားတစ်ဖက်မှ ဖြစ်ကာ ယေဘုယျအားဖြင့် သတ္တုတွင်းကဏ္ဍ၏ စီးပွားရေးနှင့် မူဝါဒဆိုင်ရာ ဖွံ့ဖြိုးရေးအတွက် ပြောဆိုပါသည်။ အဆိုပါ လုပ်ငန်းရှင်များအသင်းသည် လေ့လာသုံးသပ်မှုနှင့် အားပေးထောက်ခံမှုဆိုင်ရာ အရင်းအမြစ်များစွာ ရှိပြီး ထိုအရင်းအမြစ်များက တောင်အာဖရိကနိုင်ငံတွင် သတ္တုတွင်းလုပ်ငန်း၏ အခန်းကဏ္ဍနှင့်ပတ်သက်သော ဆွေးနွေးမှုနောက်ကွယ်မှ သုတေသန လေ့လာတွေ့ရှိမှု များစွာ ပံ့ပိုးပေးပါသည်။ ထင်မှတ်မထားသည်မှာ အဆိုပါ လုပ်ငန်းရှင်များအသင်းသည် ထပ်မံ၍ နိုင်ငံပိုင် ပြုလုပ်ခြင်းအပေါ် အဆိုပြုချက်များကို ငြင်းပယ်ခဲ့ပြီး တန်ဖိုးကွင်းဆက် ချိတ်ဆက်မှုများ ပျိုးထောင်ရန် ဖွံ့ဖြိုးတိုးတက်မှုနှင့်သက်ဆိုင်သော ဝင်ရောက်စွက်ဖက် ဆောင်ရွက်မှုများကိုလည်း အလားတူ ဆန့်ကျင်ခဲ့ပါသည်။[၈၀]

အခြားပါတီများမှ တုံ့ပြန်မှုများနှင့်ပတ်သက်၍ ANC ပါတီသည် ၎င်း၏ ဓာတ်သတ္တု မူဝါဒများအား DA ပါတီက ဆိုရှယ်လစ် ဝါဒအဖြစ်လည်းကောင်း၊ EFF ပါတီက နီယိုလစ်ဘရယ် ဝါဒအဖြစ်လည်းကောင်း တစ်ပြိုင်တည်း စွပ်စွဲနေရကြောင်း တွေ့ရှိခဲ့ပါသည်။ ဥပမာ DA ပါတီ၏ ဓာတ်သတ္တု အရင်းအမြစ်များအတွက် အတိုက်အခံ ဒုဝန်ကြီးဖြစ်သော Henrik Schmidt က SIMS အစီရင်ခံစာတွင် ဖော်ပြထားသော အတွေးအခေါ်များသည် ''ကွန်မြူနစ် မဟုတ်တောင် ဆိုရှယ်လစ်'' ဖြစ်သည်ဟု ဆိုခဲ့ပါသည်။[၈၁] သို့သော် DA ပါတီ ကိုယ်တိုင်အနေဖြင့် ရှင်းလင်းစွာ ဖော်ပြထားသော ဓာတ်သတ္တု မူဝါဒတစ်ရပ် မရှိဘဲ မကြာခဏဆိုသလို သတ္တုတွင်း လုပ်ငန်းရှင်များအသင်း၏ တရားဝင် ကြေညာချက်များနှင့် ရပ်တည်မှုများကိုသာ သံယောင်လိုက်နေခဲ့ပါသည်။ အာဏာရ ပါတီအပေါ် ၎င်း၏ စိန်ခေါ်မှုသည် ANC အစိုးရ၏ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များအပေါ် အဓိက ထားခဲ့ပါသည်။[၈၂] တစ်ချိန်တည်းမှာပင် EFF ပါတီက သတ္တုတွင်းများကို နိုင်ငံပိုင် မပြုလုပ်ရန် အကြံပြုချက်များကို လိုက်နာ၍ လက်ယာယိမ်းခဲ့ခြင်းအတွက် ANC ပါတီကို ဝေဖန်ခဲ့ပြီး တောင်အာဖရိက ကွန်မြူနစ်ပါတီအား ''အစိုးရအဖွဲ့တွင် ANC ပါတီနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်းဖြင့် အလျှော့ပေးခဲ့သည်''ဟု စွပ်စွဲခဲ့ပါသည်။[၈၃] ANC ပါတီကိုယ်တိုင်ကလည်း DA ၏ ထောက်ခံသူများအား လူဖြူများ မြို့တော် (White Capital) ၏ ကိုယ်စားလှယ်များအဖြစ် ပြင်းပြင်းထန်ထန် သမုတ်ခဲ့ပြီး EFF ၏ အမြင်များအား လူပိန်းကြိုက် ဖြစ်ကြောင်း တုံ့ပြန်ခဲ့ပါသည်။

ဤအခြေအနေသည် ပုဂ္ဂိုလ်စွဲ နိုင်ငံရေး (Identity-based Politics) နှင့် သမိုင်းတစ်လျှောက် ဖြစ်

၈၀။ Ben Turok က Great Insights ၌ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရေးသားခဲ့သည့် ''တောင်အာဖရိက နိုင်ငံ၏ သတ္တုတွင်းကဏ္ဍရှိ ပြဿနာများ (Problems in the mining industry in South Africa)'' http://ecdpm.org/great-insights/growth-to-transformation-role-extractive-sector/problems-mining-industrysouth-africa

၈၁။ SIMS အစီရင်ခံစာအပေါ် DA က ၂၀၁၅ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် တုံ့ပြန်ခဲ့သော ''သတ္တုတွင်းကဏ္ဍတွင် အစိုးရက ဝင်ရောက်စွက်ဖက်ခြင်းသည် ကျဆုံးဖို့ သေချာသည် (State intervention in the mining sector is doomed to fail)''ကို https://www.da.org.za/2015/05/state-intervention-in-the-mining-sector-is-doomed-to-fail တွင် ကြည့်ပါ။

၈၂။ ဥပမာ DA ပါတီက ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့တွင် ရေးသားခဲ့သည့် ''သတ္တုတွင်း ပဋိညာဉ်စာတမ်း အသစ်သည် ဤကဏ္ဍအား ANC က ကိုယ့်သေတွင်း ကိုယ်တူးစေခြင်း ဖြစ်တယ် (New Mining Charter is the ANC's suicide note for the industry)''ကို https://www.da.org.za/2016/04/new-mining-charter-is-the-ancs-suicide-note-for-the-industry တွင် ကြည့်ပါ။

၈၃။ တောင်အာဖရိကနိုင်ငံ၏ အတိုက်အခံ – အစည်းအဝေး အကျဉ်းချုပ် (Chatham House, 2015)

ပွားခဲ့သော တရားမမျှတမှုများသည် တောင်အာဖရိက နိုင်ငံရေးတွင် ရှိနေသေးကြောင်း ပြသနေပါသည်။ ဓာတ်သတ္တု အရင်းအမြစ်များဆိုင်ရာ မူဝါဒများနှင့်ပတ်သက်၍ အတိုက်အခံပါတီများနှင့် အာဏာရပါတီနှင့် ၎င်း၏ မဟာမိတ် အဖွဲ့ဝင်များကြား အပြန်အလှန် ဆွေးနွေးမှုသည် တောင်အာဖရိက နိုင်ငံတွင် ယနေ့အချိန်ထိ ဖြစ်မလာသေးပါ။ လွှတ်တော်အမတ်နှင့် ဓာတ်သတ္တု အရင်းအမြစ်များဆိုင်ရာ လွှတ်တော်ကော်မတီ၏ ဥက္ကဌဟောင်းဖြစ်သော Faith Bikani ၏ အဆိုအရ ပါတီများအကြားတွင် အလွတ်သဘော ညှိနှိုင်းမှုနှင့် ဆွေးနွေးမှု ပြုလုပ်ရန် လမ်းကြောင်းများ မရှိပါ။ ‘‘တစ်နည်းအားဖြင့် [နိုင်ငံရေးအရ ဆွေးနွေးမှုကို] နိုင်ငံတွင် ရွေးကောက်ပွဲ မဲဆွယ်ကာလ မဟုတ်ပါက မပြုလုပ်ကြပါ။ ကျွန်ုပ်တို့ ငြင်းခုံဆွေးနွေးသောအခါတွင် ပါတီစုံ ကော်မတီ အစည်းအဝေးများ သို့မဟုတ် မျက်နှာစုံညီ အစည်းအဝေးများတွင် လူသိရှင်ကြား ပြုလုပ်ကြပါသည်။ ကျွန်ုပ်အနေဖြင့် သဘောတူညီမှု တစ်ခုအနေဖြင့် ရှိသောအရာများနှင့် ပါတီစုံ ထိတွေ့ဆက်ဆံမှုများအတွက် ပြင်ဆင်ရာတွင် ကျွန်ုပ်၏ပါတီက ဆုံးဖြတ်ခဲ့သော အရာများအတိုင်းသာ လုပ်ဖို့ ပိုပြီးအားသန်ပါတယ်’’ဟု သူမက ပြောပါသည်။

သတ္တုတွင်းများအား နိုင်ငံပိုင် ပြုလုပ်ခြင်းဆိုင်ရာ ငြင်းခုံဆွေးနွေးမှုသည် အာဏာရ မဟာမိတ်အဖွဲ့အတွင်း အယူဝါဒဆိုင်ရာ နှင့် မူဝါဒ ရပ်တည်မှုဆိုင်ရာ ကွာခြားချက်များကို ဖော်ပြနေသလို ANC ပါတီ၏ အုပ်ချုပ်မှု အကြိမ်ကြိမ် စိန်ခေါ်ခံရသောအခါတွင် လွှတ်တော်ရှိ ပါတီပေါင်းစုံကြား အပြန်အလှန် ဆွေးနွေးမှု မရှိခြင်းကိုလည်း ပေါ်လွင်စေပါသည်။ နိုင်ငံပိုင် ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ငြင်းခုံဆွေးနွေးမှုသည် အယူဝါဒနှင့် သက်ဆိုင်သော်လည်း သုတေသန လေ့လာတွေ့ရှိမှုများအပေါ်လည်း အခြေခံပါသည်။ မူဝါဒဆိုင်ရာ ရွေးချယ်နိုင်သည့် နည်းလမ်းများကို အာဏာရ မဟာမိတ်အဖွဲ့အတွင်း၊ လွှတ်တော်၌၊ ပြည်သူအများရှေ့တွင် အသေးစိတ် ငြင်းခုံဆွေးနွေးခဲ့ကြပြီး နိုင်ငံရေး အခင်းအကျင်းအား ပြောင်းလဲစေရန် များစွာ အထောက်အကူ ပြုခဲ့ပါသည်။ ငြင်းခုံဆွေးနွေးမှုက ပြင်းထန်လာခဲ့သော်လည်း မူဝါဒ ချမှတ်ခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်းနှင့် မဲဆန္ဒရှင်များ၏ တောင်းဆိုမှုများကို တုံ့ပြန်ခြင်းဆိုင်ရာ နည်းလမ်းယန္တရားများသည် နိုင်ငံပိုင် ပြုလုပ်ခြင်းနှင့်ပတ်သက်သော ရပ်တည်မှု သတ်မှတ်ခြင်း လုပ်ငန်းစဉ်ထဲတွင် အခိုင်အမာ တည်ရှိနေခဲ့ပါသည်။ ပြောင်းလဲနေသော နိုင်ငံရေး အခင်းအကျင်း၊ သတ္တုတွင်းကဏ္ဍ၏ ဆိုးရွားသော စီးပွားရေးအခြေအနေနှင့် အကျိုးဆက်အဖြစ် ဖြစ်လာသော အလုပ်သမား သမဂ္ဂများ၏ ကသောင်းကနင်း ဖြစ်မှုတို့ကြောင့် နောက်ပိုင်းတွင် ဆန့်ကျင်သော အမြင်များအကြား ပိုမိုနက်နဲသော အပြန်အလှန် ဆွေးနွေးမှု ဖြစ်ပေါ်လာနိုင်ပါသည်။

# နိုင်ငံအလိုက် လေ့လာမှု – ဂါနာနိုင်ငံ


## နိုင်ငံရေးအရ ယှဉ်ပြိုင်မှုသည် အခွန်ဝင်ငွေဆိုင်ရာ ရေရှည်တည်တံ့မှုအပေါ် ခြိမ်းခြောက်




© Anton Ivanov / Shutterstock.com

Kaisa Toroskainen, Adams Fusheini နှင့် Femke Brouwer

# ဂါနာနိုင်ငံ၊ အဓိက အချက်အလက်များ (၂၀၁၅)



**လူဦးရေ**
၂၇.၄ သန်း[၁]

**တစ်ဦးချင်း ပြည်တွင်း အသားတင်ထုတ်လုပ်မှု (PPP)**
$ ၄၂၀၀[၂]

**အဓိက သဘာဝ သယံဇာတ**
ရေနံ၊ သဘာဝဓာတ်ငွေ့၊ ရွှေ


**ပြည်တွင်း အသားတင်ထုတ်လုပ်မှု (GDP) တွင် သယံဇာတမှ ရရှိသော အကျိုးအမြတ်များ၏ ရာခိုင်နှုန်း**
၂၁[၃]

**နိုင်ငံရေးစနစ်**
သမ္မတ ဦးဆောင်သော ဒီမိုကရေစီ

**အာဏာရ ပါတီများ**
မျိုးချစ် ပါတီသစ် (NPP)

**အတိုက်အခံ ပါတီများ**
အမျိုးသား ဒီမိုကရက်တစ် ပါတီ
ကွန်ဂရက် ပါတီ (NDC)[၄]

**ပို့ကုန်ဝေစုများ (၂၀၁၃ ခုနှစ်)[၅]**




၁ "DataBank 2015: Population, total," World Bank (2015)၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကြည့်ရှုခဲ့သည်။ http://data.worldbank.org/indicator/SP.POP.TOTL.

၂ "DataBank 2015: GDP per capita (current US$)," World Bank (2015)၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကြည့်ရှုခဲ့သည်။ http://data.worldbank.org/indicator/NY.GDP.PCAP.PP.CD.

၃ "DataBank 2015: Total natural resource rents (% of GDP)," World Bank (2015)၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကြည့်ရှုခဲ့သည်။ http://data.worldbank.org/indicator/NY.GDP.TOTL.RT.ZS.

၄ ဂါနာနိုင်ငံ ပါလီမန် http://www.parliament.gh/parliamentarians.

၅ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် http://databank.worldbank.org/data/reports.aspx?source=2&series=TX.VAL.FUEL.ZS.UN& country= ၌ ကြည့်ရှုခဲ့သည့် "DataBank 2015: Fuel exports as % of merchandise exports," World Bank (2015) နှင့် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် http://databank.worldbank.org/data/reports.aspx?source=2&series=TX.VAL.MMTL.ZS.UN& country. ၌ ကြည့်ရှုခဲ့သည့် "DataBank 2015: Ores and metals exports as % of merchandise exports," World Bank (2015)

# နိုင်ငံအလိုက် လေ့လာမှု – ဂါနာနိုင်ငံ
# နိုင်ငံရေးအရ ယှဉ်ပြိုင်မှုသည် အခွန်ဝင်ငွေဆိုင်ရာ ရေရှည်တည်တံ့မှုအပေါ် ခြိမ်းခြောက်

## နိုင်ငံရေးစနစ်

ဂါနာနိုင်ငံသည် ပါတီစုံစနစ် ရှိပြီး ဥပဒေပြုရေး လွှတ်တော်တစ်ရပ်တည်းသာ ရှိပါသည်။ မျိုးချစ်ပါတီသစ် (New Patriotic Party – NPP) သည် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ပြုလုပ်သည့် သမ္မတနှင့် လွှတ်တော်ရွေးကောက်ပွဲများတွင် အမျိုးသားဒီမိုကရက်တစ် ကွန်ဂရက်ပါတီ (National Democratic Congress – NDC) အား အများစု အနိုင်ရရှိခဲ့ပြီး အဆိုပါ ရွေးကောက်ပွဲများတွင် ဂါနာနိုင်ငံ၏ စီးပွားရေး စွမ်းဆောင်ရည်မှာ ရွေးကောက်ပွဲ၏ အဓိက ခေါင်းစဉ်တစ်ခု ဖြစ်ခဲ့ပါသည်။ ယခင် ဥပဒေပြုရေး မဏ္ဍိုင်တွင် ကိုယ်စားပြု ပါဝင်ခဲ့သည့် ပိုမိုသေးငယ်သော အတိုက်အခံပါတီ နှစ်ခုသည် နောက်ဆုံး ရွေးကောက်ပွဲများတွင် ၎င်းတို့၏ ခုံနေရာများကို ဆုံးရှုံးခဲ့ပြီး ဂါနာနိုင်ငံ၏ နိုင်ငံရေးစနစ်တွင် ပါတီနှစ်ခု က လွှမ်းမိုးသော အခြေအနေကို ပိုမိုခိုင်မာစေခဲ့ပါသည်။ အုပ်ချုပ်ရေးအာဏာကို အစိုးရအဖွဲ့ထံ အပ်နှင်းထားပြီး အစိုးရအဖွဲ့ကို သမ္မတ Nana Akufo-Addo က ဦးဆောင်ပါသည်။

## သဘာဝ သယံဇာတ ကြွယ်ဝမှုများနှင့် အုပ်ချုပ်မှု

ဂါနာနိုင်ငံတွင် ၂၀၀၇ ခုနှစ်၌ ရေနံရှာဖွေတွေ့ရှိခဲ့ပြီး များမကြာမီ ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလတွင် ရေနံထွက်ရှိသော နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့ကာ ၂၀၁၄ ခုနှစ်တွင် အစိုးရဝင်ငွေများထဲမှ သယံဇာတမှရရှိသော ဝင်ငွေအား ၁၈ ရာခိုင်နှုန်းအထိ တိုးမြှင့်လာခဲ့ပါသည်။[၈၄] ဂါနာနိုင်ငံ အစိုးရက ရေနံမှရရှိသော ဝင်ငွေ စီမံခန့်ခွဲမှု စနစ်၏ ဒီဇိုင်းအပေါ် လမ်းညွှန်မှုပေးရန် လူထုနှင့် ဆွေးနွေးတိုင်ပင်မှုများအား ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ခဲ့ပါသည်။ ထိုစနစ်ကို ၂၀၁၁ ခုနှစ် ရေနံဝင်ငွေ စီမံခန့်ခွဲမှု အက်ဥပဒေ (Petroleum Revenue Management Act - PRMA) အဖြစ် ပြဋ္ဌာန်းခဲ့ပြီး နောက်ပိုင်းတွင်လည်း ပြင်ဆင်ချက်များ ပြုလုပ်ခဲ့ပါသည်။ စုငွေ ရန်ပုံငွေ နှစ်ရပ်ကို တည်ထောင်ပေးသော ထိုဥပဒေသည် ဝင်ငွေစီမံခန့်ခွဲမှုအတွက် ခိုင်မာသော ဥပဒေအခြေခံ ဖြစ်လာခဲ့ပါသည်။ နောက်ပိုင်းနှစ်များတွင် ဂါနာနိုင်ငံသည် အခြေခံ အဆောက်အအုံ တည်ဆောက်ရေး စီမံကိန်းများကို ငွေကြေးထောက်ပံ့ရန်အတွက် ရေနံမှရရှိမည့် ဝင်ငွေကို မျှော်မှန်း၍ ချေးငွေအမြောက်အများ ချေးယူခဲ့ပါသည်။ အကျိုးဆက်အနေဖြင့် ၂၀၁၄ ခုနှစ်၊ ဖွန်လမှစ၍ ကမ္ဘာ့ရေနံဈေးများ မမျှော်လင့်ဘဲ အကြီးအကျယ် ကျဆင်းသွားသောအခါ ပြည်သူ့ကြွေးမြီနှင့် ဘတ်ဂျက်လိုငွေပြမှု သိသိသာသာ ရှိလာခဲ့ပါသည်။ ဤအတွေ့အကြုံကို ကြည့်ခြင်းအားဖြင့် PRMA ကို ရေးဆွဲခဲ့စဉ်က အခွန်ဝင်ငွေဆိုင်ရာ ရေရှည်တည်တံ့မှု တစ်ခုလုံးကို ခြုံငုံ၍ လုံလောက်စွာ စဉ်းစားခဲ့ခြင်းမရှိကြောင်း ပေါ်လွင်ပါသည်။ အထူးသဖြင့် နိုင်ငံရေးအရ ယှဉ်ပြိုင်မှုက ဖိအားပေးလာသည့်အခါတွင် အစိုးရက ဘတ်ဂျက်အား အလွန်အကျွံ သုံးစွဲခြင်းမှ တားဆီးကာကွယ်နိုင်ခဲ့ခြင်း မရှိဘဲ တစ်ဖက်ကလည်း ရေနံမှရရှိသော ဝင်ငွေများနှင့်ပတ်သက်၍ မြင့်မားသော မျှော်မှန်းချက်များက အလွန်အကျွံ သုံးစွဲရန် တွန်းအားဖြစ်စေခဲ့ပါသည်။

ဤနိုင်ငံအလိုက် လေ့လာမှုတွင် နိုင်ငံရေးအရ ပြိုင်ဆိုင်မှုနှင့် ဂါနာနိုင်ငံ၏ ရေနံမှရရှိသည့် အနည်းငယ်သော ဝင်ငွေများအား လွဲမှားစွာ စီမံခန့်ခွဲမှုသည် နိုင်ငံအား အကြွေးတင်စေပြီး ဘတ်ဂျက် အကျပ်အတည်း ဖြစ်စေပုံကို ပြသခြင်းအားဖြင့် PRMA ပြဋ္ဌာန်းခြင်းနှင့် ၎င်းအား အကောင်အထည်ဖောရာတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများကို လေ့လာသုံးသပ်ထားပါသည်။

## နိုင်ငံရေးအရ ပြိုင်ဆိုင်မှုကြားထဲမှ ရေနံမှရရှိသော ဝင်ငွေစီမံခန့်ခွဲမှု အက်ဥပဒေကို ရေးဆွဲပြဋ္ဌာန်းခြင်း

၂၀၀၈ ခုနှစ်တွင် ရေနံကို စီးပွားဖြစ်သော ပမာဏအထိ ရှာဖွေတွေ့ရှိခဲ့ပြီးနောက် မျိုးချစ်ပါတီသစ်

၈၄။ Ghana EITI, https://eiti.org/ghana.

(New Patriotic Party – NPP) အစိုးရအဖွဲ့က ဂါနာနိုင်ငံ၏ ဖွံ့ဖြိုးစ ရေနံလုပ်ငန်းကဏ္ဍနှင့် ဝင်ငွေများအပေါ် လွှမ်းမိုးသော အဓိက ဥပဒေများရေးဆွဲခြင်း လုပ်ငန်းစဉ်အတွက် အထောက်အကူ ဖြစ်စေရန် လူထုနှင့် ဆွေးနွေးတိုင်ပင်မှုများကို စတင်ပြုလုပ်ခဲ့ပါသည်။ ပြည်တွင်းနှင့် နိုင်ငံတကာ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် အလှူရှင်များက အစိုးရအဖွဲ့အား ဂါနာပြည်သူများနှင့် ဆွေးနွေးတိုင်ပင်ရန် တွန်းအားပေးခဲ့ပါသည်။ ဂါနာနိုင်ငံတွင် ဓာတ်သတ္တုမှ ရရှိသော ဝင်ငွေများကို စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ လူထုက ယခင်က မကျေမနပ်ဖြစ်ခဲ့သောကြောင့် နှင့် ရေနံကဏ္ဍတွင် အိမ်နီးချင်းနိုင်ငံဖြစ်သော နိုင်ဂျီးရီးယားက ရင်ဆိုင်နေရသော စိန်ခေါ်မှုများကြောင့် နိုင်ငံသားများသည် ရေနံရှာဖွေတွေ့ရှိမှု သတင်းအပေါ် အစပိုင်းတွင် သတိထား၍ စောင့်ကြည့်နေခဲ့ကြပါသည်။ သို့သော် ကျယ်ပြန့်သော လူထုနှင့် ဆွေးနွေးတိုင်ပင်မှုများကြောင့် ရေနံကြွယ်ဝမှု၏ အခွင့်အလမ်းများနှင့် ဖြစ်လာနိုင်သော အန္တရာယ်များကို ပိုမို သိရှိနားလည်လာကြပြီး ဂါနာနိုင်ငံသားများသည် ရေနံတွေ့ရှိမှုအား မှန်ကန်စွာ အသုံးချရန်အတွက် ထူးခြားသော အခွင့်အလမ်းတစ်ရပ်အဖြစ် စတင် သဘောထားလာခဲ့ပါသည်။

## အကွက် ၂.၄
## ဂါနာနိုင်ငံမှ ပါတီများကြား မူဝါဒရပ်တည်မှု ရေးဆွဲသတ်မှတ်ခြင်း

ရေနံနှင့် ဓာတ်ငွေ့ကိစ္စရပ်များနှင့်ပတ်သက်၍ လွှတ်တော်တွင် ကိုယ်စားပြု ပါဝင်သော ဂါနာနိုင်ငံမှ ပါတီများ၏ မူဝါဒချမှတ်မှုကို လုပ်ငန်းကဏ္ဍအလိုက် ကော်မတီများ ဖွဲ့စည်းခြင်းမှတဆင့် ဆောင်ရွက်ပြီး ထိုကော်မတီများသည် များသောအားဖြင့် တာဝန်ရှိသော ဝန်ကြီးဌာနများနှင့် အစိုးရ အဖွဲ့အစည်းများမှ ပေါ်ထွက်လာသော မူဝါဒ မူကြမ်းများကို ထည့်သွင်းစဉ်းစားပါသည်။ ဤအဆင့်တွင် ပြင်ပ ကျွမ်းကျင်သူများနှင့်လည်း ဆွေးနွေးတိုင်ပင်နိုင်ပါသည်။

ထို့ပြင် ပါတီအစည်းအဝေးများကလည်း ရွေးကောက်ပွဲဆိုင်ရာ မူဝါဒ ကြေငြာစာတမ်းများကို ပါတီ၏ အမျိုးသား အမှုဆောင်ကော်မတီမှ အတည်ပြုစေရန်အတွက် အထောက်အကူ ပြုခဲ့ပါသည်။ ပါတီ၏ အမျိုးသားအမှုဆောင် ကော်မတီတွင် ဒေသန္တရ ရုံးခွဲများနှင့် အခြား မဲဆန္ဒနယ်များ၏ ကိုယ်စားပြု ပါဝင်စေခြင်းဖြင့် ၎င်းတို့၏ အမြင်များကို ထည့်သွင်းပါဝင်စေခဲ့ပါသည်။

အချို့ပါတီများတွင် ပါတီခေါင်းဆောင်ပိုင်းက အမျိုးသားကော်မတီတွင် ကြားနာခြင်းမပြုမီ အဆိုပြုသော မူဝါဒကို အတည်ပြုပေးပြီး အကြီးအကျယ် ငြင်းခုံဆွေးနွေးမည့်အစား တရားဝင် အတည်ပြုပေးရန်အတွက် ဆွေးနွေးပွဲတစ်ရပ် ပြုလုပ်၍ မူဝါဒရပ်တည်မှု ရေးဆွဲသတ်မှတ်ခြင်းအား အောက်မှအထက်သို့ လုပ်ငန်းစဉ်အစား အထက်မှ အောက်သို့ လုပ်ငန်းစဉ် ဖြစ်စေပါသည်။

ဝင်ငွေစီမံခန့်ခွဲမှုဆိုင်ရာ အခြေခံစည်းမျဉ်းများ ဖော်ဆောင်ရာတွင် ဆွေးနွေးတိုင်ပင်မှု အခြေပြုနည်းလမ်းကို ကျင့်သုံးသော်လည်း အဓိက ပါတီနှစ်ခုကြား ပြင်းထန်သော ပြိုင်ဆိုင်မှုသည် ဝင်ငွေစီမံခန့်ခွဲမှု ရလဒ်များအပေါ် ဆိုးရွားသော သက်ရောက်မှု ရှိစေပါသည်။ ရေနံရှာဖွေတွေ့ရှိစဉ်က တာဝန်ယူခဲ့သော NPP ၏ စွမ်းအင်ဝန်ကြီးသည် ထိုရှာဖွေတွေ့ရှိမှုကို ဂုဏ်ပြုရန် ရေနံစိမ်း တစ်ပုလင်းကို လွှတ်တော်ထဲသို့ပင် ယူဆောင်လာခဲ့ပါသည်။[၈၅] ဤသို့ လူသိရှင်ကြား ထုတ်ဖော်မှုများနှင့် ၎င်းနှင့်ဆက်စပ်နေသော ကောင်းမွန်သည့် သတင်းစကားများသည် လူထုအကြား မျှော်မှန်းချက်များ မြင့်တက်စေပြီး ထိုမြင့်မားသော မျှော်မှန်းချက်များသည် ဆွေးနွေးတိုင်ပင်မှု လုပ်ငန်းစဉ်၏ သဘော သဘာဝနှင့် ဝင်ငွေများသည် နိုင်ငံ၏ စီးပွားရေးကို အလျင်အမြန် အသွင်ပြောင်းလဲနိုင်ရန် လုံလောက်သည်ဟူသော ယူဆချက်တွင် ပေါ်လွင်နေပါသည်။ အကျိုးဆက်အားဖြင့် လူထုနှင့် ဆွေးနွေးတိုင်ပင်မှုများကြောင့် ဝင်ငွေစီမံခန့်ခွဲမှုစနစ်အား ဥပဒေအဖြစ်သို့ ပြဋ္ဌာန်းခြင်းနှင့် သယံဇာတမှ ရရှိသော ဝင်ငွေများ၏ အနည်းစုကို အနာဂတ် မျိုး

၈၅။ Modern Ghana က ၂၀၀၇ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် ရေးသားသည့် ''လွှတ်တော်က ရေနံတွေ့ရှိမှု အကြောင်း ဆွေးနွေး (Parliament Discussses Oil Discovery)'' https://www.modernghana.com/news/138029/parliament-discusses-oil-discovery.html.

ဆက်များအတွက် စုဆောင်းခြင်းနှင့် ကျန်ဝင်ငွေများကို နိုင်ငံတော်ဖွံ့ဖြိုးရေးတွင် ရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာ အခြေခံစည်းမျဉ်းကို ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံခဲ့ကြပါသည်။

နိုင်ငံရေးအရ ပြိုင်ဆိုင်မှုသည် ကဏ္ဍ စီမံခန့်ခွဲမှုကို ပုံဖော်ရာတွင် အခန်းကဏ္ဍ တစ်ရပ်အနေဖြင့် ဆက်လက်ပါဝင်ခဲ့ပြီး နောက်ပိုင်း အာဏာရလာသော NDC အစိုးရအဖွဲ့က ၎င်းတို့သည် ''ပထမဆုံး ရေနံကို အလျင်အမြန်'' ထုတ်လုပ်မည်ဟု ကြေညာ၍ ရေနံလုပ်ငန်းကဏ္ဍအား စတင်ထုတ်လုပ်ရန် ဖိအားပေးခဲ့ပါသည်။ သို့သော် ဤမဟာဗျူဟာအတွက် ထုတ်လုပ်မှု မစတင်မီ ပြည့်စုံသော မူဝါဒများ၊ ဥပဒေများနှင့် စည်းမျဉ်းများ ဖော်ဆောင်ရန် တူညီသော ဆုံးဖြတ်ချက် မရှိခဲ့ပါ။ ထိုအချက်ကို ယခုအခါတွင် ယနေ့ ရေနံကဏ္ဍအပေါ် သက်ရောက်မှုရှိသော အဓိက အမှားများထဲမှ တစ်ခုအဖြစ် ယူဆကြပါသည်ဟု အများပြည်သူ အကျိုးစီးပွားဆိုင်ရာ တာဝန်ခံမှု ကော်မတီ (Public Interest Accountability Committee – PIAC) ၏ ဒုဥက္ကဋ္ဌဖြစ်သော Kwame Jantuah က ဖော်ပြခဲ့ပါသည်။ PIAC သည် ရေနံမှရရှိသော ဝင်ငွေများ အသုံးပြုရာတွင် တာဝန်ခံမှု တိုးမြင့်ရန် PRMA အရ တည်ထောင်ထားသော အဖွဲ့အစည်း ဖြစ်ပါသည်။

''ကျွန်ုပ်တို့အနေဖြင့် မူဝါဒရေးဆွဲမှု တစ်ခုလုံးကို မှားယွင်းသော အနေအထားတစ်ရပ်ကနေ စတင်ခဲ့တယ်လို့ အချို့က ထင်ကြပါတယ်။ အကြောင်းမှာ နိုင်ငံရေးအာဏာကို NPP ထံမှ NDC အစိုးရထံသို့ လွှဲပြောင်းသောအခါတွင် ကျွန်ုပ်တို့အနေဖြင့် စမ်းသပ်ရှာဖွေခြင်းနှင့် ထုတ်လုပ်ခြင်း အက်ဥပဒေ (Exploration and Production Act)[၈၆] ကို မပြဋ္ဌာန်းမချင်း စမ်းသပ်ရှာဖွေခြင်းကို ရပ်ဆိုင်းထားခဲ့သင့်သောကြောင့် ဖြစ်ပါတယ်။ ထိုအက်ဥပဒေက ရေနံကဏ္ဍအတွက် သမ္မာကျမ်းပမာ အဓိကကျသော ဥပဒေဖြစ်ပြီး အခြားသက်ဆိုင်ရာ ဥပဒေများက ထိုဥပဒေမှ ပေါ်ထွက်လာတာဖြစ်တယ်'' လို့ Jantuah က ဆိုခဲ့ပါသည်။ ''ထိုသို့ဆောင်ရွက်ရမည့်အစား နိုင်ငံတကာ ရေနံကုမ္ပဏီများက လုပ်ငန်းများကို စတင်လုပ်ကိုင်နေသောကြောင့် ကျွန်ုပ်တို့အနေဖြင့် ၂၀၁၁ ခုနှစ် ရေနံမှရရှိသော ဝင်ငွေစီမံခန့်ခွဲမှု အက်ဥပဒေ (Petroleum Revenue Management Act 2011) ကို အလျင်စလို ပြဋ္ဌာန်းခဲ့ပြီး အကြောင်းမှာ နိုင်ငံတကာ ရေနံကုမ္ပဏီများက လုပ်ငန်းများကို စတင်လုပ်ကိုင်နေပြီး ကျွန်ုပ်တို့အနေဖြင့် ဝင်ငွေကို မည်သို့ စီမံခန့်ခွဲ၍ တိုင်းပြည်၏ စီးပွားရေးစနစ်အတွင်း မည်သို့ သုံးစွဲရမည်ကို သတ်မှတ်ပေးသော ထိရောက်သည့် ဥပဒေ မရှိသေးကြောင်း သတိထားမိခဲ့သောကြောင့် ဖြစ်ပါသည်။''[၈၇]

အဓိက နိုင်ငံရေးပါတီများကြား ပြိုင်ဆိုင်မှုသည် PRMA အက်ဥပဒေပါ အကြောင်းအရာများနှင့်ပတ်သက်၍ ကောင်းမွန်စွာ ဆွေးနွေးသုံးသပ်ထားသော မူဝါဒဆိုင်ရာ ငြင်းခုံမှုအဖြစ်သို့ ဖြစ်မလာခဲ့ပါ။ အမှန်တကယ်တော့ လူထုနှင့် ဆွေးနွေးတိုင်ပင်မှုများတွင် ဖော်ပြထားသော အဓိက အမြင်များမှ သွေဖည်ရန် ခက်ခဲသောကြောင့် နိုင်ငံရေးသမားများသည် ဥပဒေနှင့်ပတ်သက်၍ ၎င်းတို့၏ ရပ်တည်မှုများကြား မည်သည့် ကြီးမားသော ကွာခြားချက်များကိုမဆို ထုတ်ဖော်ပြောဆိုရန် တွန့်ဆုတ်နေခဲ့ကြပါသည်။ မည်သို့ပင်ဆိုစေကာမူ ရေနံ၊ ဓာတ်ငွေ့နှင့်ပတ်သက်၍ ဂါနာနိုင်ငံ အရပ်ဘက် လူ့အဖွဲ့အစည်းဆိုင်ရာ အဖွဲ့ (Ghana Civil Society Platform on Oil & Gas) ၏ ခေါင်းဆောင်ဖြစ်သော Steve Manteaw က ဝင်ငွေများအား စုဆောင်းခြင်းနှင့် သုံးစွဲခြင်း အချိုးနှင့်ပတ်သက်၍ အမြင်ကွဲလွဲမှုများ ရှိခဲ့ကြောင်း ရှင်းပြခဲ့ပါသည်။ အဓိကအားဖြင့် ထိုစဉ်က အာဏာရ NDC ပါတီက ဝင်ငွေကို စုဆောင်းရန်အတွက် သိမ်းဆည်းရုံသာမက ဂါနာနိုင်ငံ၏ အခြေခံ အဆောက်အအုံဆိုင်ရာ လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက်လည်း အသုံးပြုရမည်ဟု ထောက်ပြခဲ့ပါသည်။ အခြားပါတီများက ခိုင်မာသော ရပ်တည်မှုများ မရှိခဲ့ကြပါ။ ရေနံမှရရှိသော ဝင်ငွေများအား ကြွေးမြီ ပြန်လည်ပေးဆပ်မှုအတွက် အာမခံများအဖြစ် အသုံးပြုခြင်းနှင့်ပတ်သက်၍လည်း ကွဲပြားသော ထင်မြင်ချက် သဘောထားများ ရှိခဲ့ပါသည်။ NDC မှ လွှတ်တော်

---


၈၆။ စမ်းသပ်ရှာဖွေခြင်းနှင့် ထုတ်လုပ်ခြင်း ဥပဒေမူကြမ်းသည် PNDC ဥပဒေ ၈၄ ကို အစားထိုးခဲ့ပြီး ထိုဥပဒေသည် သတ္တုတွင်းကဏ္ဍအတွက် ရေးဆွဲထားသောကြောင့် ရေနံနှင့် ဓာတ်ငွေ့ စမ်းသပ်ရှာဖွေခြင်း နှင့် ထုတ်လုပ်ခြင်း၏ အခြေခံ ကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးထားခြင်း မရှိပါ။

၈၇။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ရောက်မှသာ စမ်းသပ်ရှာဖွေခြင်းနှင့် ထုတ်လုပ်ခြင်း ဥပဒေမူကြမ်းကို လွှတ်တော်တွင် ပြဋ္ဌာန်းခဲ့ပြီး ရေနံကဏ္ဍတွင် အိတ်ဖွင့်ဈေးပြိုင် တင်သွင်းမှုစနစ်ကို စတင်မိတ်ဆက်ပေးခဲ့ပါသည်။

အမတ်များ၏ အဆိုအရ အာဏာရ ပါတီသည် ဤကိစ္စနှင့်ပတ်သက်၍ ပါတီတွင်း သဘောထား ကွဲလွဲနေသော်လည်း နောက်ဆုံးတွင် စီမံကိန်းများကို မြန်ဆန်စွာ အကောင်အထည်ဖော်နိုင်စေရန် ချေးငွေမှ ငွေကြေးပံ့ပိုးမှု ရယူရန် စိတ်အားထက်သန်ခဲ့ကြောင်းကို ယခင် NDC လွှတ်တော်အမတ် Kwame Ampofo က ''နိုင်ငံရေးသမား တစ်ဦးအနေနဲ့ ကျွန်ုပ်တို့ အာဏာရှိတုန်း ယခုအချိန်တွင် အကောင်အထည် ဖော်မှာပဲလို့ ပြောမှာပဲ။ လုပ်လို့ရတုန်း စွန့်စားပြီး ရဲရင့်တဲ့ ဆုံးဖြတ်ချက်တွေ ချရမယ်။ အဲ့လိုမှ မလုပ်ရင် အားနည်းတဲ့ နိုင်ငံရေးသမားပဲ ဖြစ်နေမှာပေါ့''ဟု ထုတ်ဖော်ပြောဆိုခဲ့ပါသည်။

PRMA ၏ နောက်ဆုံးဒီဇိုင်းသည် ပါတီအမြင်များနှင့် ဆွေးနွေးတိုင်ပင်မှုများမှ ထွက်ပေါ်လာသော အမြင်များကြား ညှိနှိုင်းထားမှုကို ထင်ဟပ်ပါသည်။ ဂါနာ အမျိုးသားရေနံကုမ္ပဏီ (Ghana National Petroleum Company) ထံ ရယ်ယာထည့်ဝင်မှုအတွက် ပေးချေမှုများ ပြုလုပ်ပြီးနောက် သတ်မှတ်ထားသော ဝင်ငွေ၏ ၇၀ ရာခိုင်နှုန်းအထိ နှစ်စဉ် ဘတ်ဂျက်သို့ ပေးသွင်းရပြီး ထိုသို့ ပေးသွင်းမှုမှ မည်သည့် ပိုလျှံမှုကိုမဆို ခိုင်မာမှုအတွက် အာမခံချက်ပေးခြင်းနှင့် အမွေအနှစ် ရန်ပုံငွေများ (Stabilization and Heritage Funds) တွင် စုဆောင်းပါသည် (ပုံ ၂.၁)။[၈၈]

## ပုံ ၂.၁
## ရေနံမှရရှိသော ဝင်ငွေစီမံခန့်ခွဲမှုဆိုင်ရာ အက်ဥပဒေအရ ဂါနာနိုင်ငံ၏ ငွေကြေးဆိုင်ရာ စည်းမျဉ်းများ




၈၈။ ဂါနာနိုင်ငံ အစိုးရ၊ ၂၀၁၁ ခုနှစ် ရေနံမှရရှိသော ဝင်ငွေစီမံခန့်ခွဲမှု အက်ဥပဒေ (Petroleum Revenue Management Act 2011) (၂၀၁၁), www.mofep.gov.gh/sites/…/Petroleum_Revenue_Management_Act_%202011.PDF.

အမျှော်အမြင်ရှိသော ဝင်ငွေစီမံခန့်ခွဲမှုကို အားပေးထောက်ခံသူများ၏ အမြင်များကို ထည့်သွင်းစဉ်းစားပေးရန်အလို့ငှာ ABFA သည် ရေနံမှရရှိသော ဝင်ငွေများအား ကြွေးမြီအတွက် အာမခံ အပေါင်အဖြစ် အသုံးပြုမှုကို ကန့်သတ်ခဲ့ပါသည်။ နောက်ဆုံး၌ PRMA ၏ အသေးစိတ် ဒီဇိုင်းကို ဘဏ္ဍာရေးဝန်ကြီးဌာနက ဖန်တီးခဲ့ပြီး နိုင်ငံတကာမှ အလှူရှင်များနှင့် ပြည်တွင်းမှ ကျွမ်းကျင်သူများ၏ လွှမ်းမိုးမှုရှိခဲ့သည့်အပြင် လွှတ်တော်တွင်လည်း မျှတစွာ၊ တစ်ညီတစ်ညွတ်တည်း အတည်ပြုခဲ့ပါသည်။ အကျိုးဆက်အနေဖြင့် အထူးသဖြင့် အာဏာရပါတီသည် အဆိုပါ စည်းမျဉ်းများအပေါ် ယေဘုယျ သဘောတူညီချက်ကို အသားပေးခဲ့ပြီး NDC လွှတ်တော်အမတ် Adam Mutawakilu က ''ပါတီအားလုံးသည် တန်းတူပါဝင်ခွင့် ရရှိထားပါသည်။ ရေနံ၊ ဓာတ်ငွေ့နှင့်ပတ်သက်၍ ပါတီများအကြား ကြီးမားသော သဘောထားကွဲလွဲချက်များ မရှိပါ။ သဘောထား ကွဲလွဲချက်များသည် ဝင်ငွေများ သုံးစွဲမှု နည်းလမ်းနှင့်သာ ပတ်သက်နေပုံ ပေါ်ပါသည်''ဟု ဆိုခဲ့ပါသည်။ တွေ့ဆုံမေးမြန်းခဲ့သူ များစွာကလည်း ငွေကြေးသုံးစွဲမှုဆိုင်ရာ ရွေးချယ်မှုများနှင့်ပတ်သက်၍ သဘောထား ကွဲပြားမှုများသည် ပါတီများ၏ အယူဝါဒများနှင့် ဆက်စပ်နေကြောင်း အတည်ပြုခဲ့ကြပြီး NDC က သုံးစွဲမှုကို အားသန်ကာ NPP က လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးရေးကို ရည်သန်ပါသည်။ လက်တွေ့တွင် ဂါနာနိုင်ငံ၏ နိုင်ငံရေးစနစ်သည် Westminster ပုံစံမျိုး လွှတ်တော်စနစ် ဖြစ်ပြီး အများစု၏ ဆုံးဖြတ်ချက်ကို လိုက်နာရသော စနစ်ဖြစ်သည့်အတွက် အာဏာရပါတီအနေဖြင့် ၎င်း၏ ရပ်တည်မှုကို ရလဒ်များတွင် လုံလောက်စွာ ထင်ဟပ်စေရန် အထောက်အကူ ဖြစ်စေပါသည်။

## အကောင်အထည်ဖော်မှုဆိုင်ရာ စိန်ခေါ်မှုများ

အစိုးရအဖွဲ့၏ အစောပိုင်း နှစ်များနှင့် အထူးသဖြင့် ၂၀၁၂ ခုနှစ် ရွေးကောက်ပွဲများအနီးတွင် NDC သည် တရုတ်နိုင်ငံနှင့် အခြေခံ အဆောက်အအုံအတွက် အရင်းအမြစ်များဆိုင်ရာ သဘောတူညီမှုတစ်ရပ် ပြုလုပ်ခြင်းအားဖြင့် ရေနံမှရရှိသော ဝင်ငွေများက ကျောထောက်နောက်ခံ ပြုထားသည့် ထပ်ဆောင်းငွေကြေးပံ့ပိုးမှု ရရှိခြင်းမှ အကျိုးအမြတ် ရရှိခဲ့ပါသည်။ ထိုအချက်ကြောင့် အများပြည်သူကဏ္ဍ၏ လုပ်ခလစာများကိုလည်း တိုးမြှင့်ပေးခဲ့ပြီး ယေဘုယျအားဖြင့် အစိုးရ၏ အသုံးစရိတ် မြင့်တက်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် ရေနံဈေးများ စတင် ကျဆင်းလာသောအခါ ဘတ်ဂျက် ရေရှည်တည်တံ့မှုအတွက် ထည့်သွင်းစဉ်းစားထားခြင်း မရှိသောကြောင့် NDC အစိုးရသည် စံသတ်မှတ်ချက် ပုံသေနည်းအပေါ် အခြေခံ၍ ခန့်မှန်းထားသည်ထက် များစွာ လျော့နည်းပြီး ရရှိနေသော်လည်း ရေနံမှရရှိသော ဝင်ငွေအား ဆက်လက်သုံးစွဲမိခဲ့ပါသည်။[၈၉] NDC ပါတီက စေခိုင်းခဲ့ပြီး ဥပဒေ အကောင်အထည်ဖော်ရာတွင် မရေရာမှုနှင့် ကျယ်ပြန့်သော အုပ်ချုပ်ရေးအဖွဲ့၏ ဆုံးဖြတ်ခွင့်တို့က ခွင့်ပြုထားသောကြောင့် ခိုင်မာမှုအတွက် အာမခံချက်ပေးခြင်း ရန်ပုံငွေကို ကန့်သတ်ရန်နှင့် အပိုငွေများကို ကြွေးမြီ ပြန်လည်ပေးဆပ်ရန်အတွက် အသုံးပြုရန် ဘဏ္ဍာရေးဝန်ကြီး၏ ဆုံးဖြတ်ချက်ဖြင့် PRMA အခြေခံ စည်းမျဉ်းများကိုလည်း ရှောင်တိမ်းခဲ့ပါသည်။[၉၀]

*''ပါတီအားလုံးသည် တန်းတူပါဝင်ခွင့် ရကြပါတယ်။ ရေနံ၊ ဓာတ်ငွေ့နှင့်ပတ်သက်၍ ပါတီများအကြား ကြီးမားသော သဘောထားကွဲလွဲချက်များ မရှိပါ။ သဘောထား ကွဲလွဲချက်များသည် ဝင်ငွေများ သုံးစွဲမှု နည်းလမ်းနှင့်သာ ပတ်သက်နေပုံ ပေါ်ပါသည်''*

*လွှတ်တော်အမတ်*
*Adam Mutawakilu*

ငွေကြေးဆိုင်ရာ အထွေထွေ စည်းမျဉ်းများ မရှိသောကြောင့် NPP ဦးဆောင်သော အတိုက်အခံ အဖွဲ့အနေဖြင့် PRMA အရ သတ်မှတ်ထားသော ကန့်သတ်ချက်များအတွင်းမှ ပေါ်ပေါက်လာသည်ဟု ယူဆရသောကြောင့် တိုးပွားလာသော ကြွေးမြီနှင့် သုံးစွဲမှုအပေါ် စိုးရိမ်မှုများကို ထုတ်ဖော်ပြောဆိုရန် အချိန်အတော်ကြာ ယူခဲ့ပါသည်။ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်ကြားတွင် PIAC နှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများက သတ်မှတ်ဝင်ငွေ ပုံသေနည်းတွင် အသုံးပြုသော ရေနံဈေးနှုန်းနှင့် အမှန်တကယ် ဖြစ်လာသော ရေနံဈေးနှုန်းများအကြား ကွာခြားချက်ကို သတိပေးခဲ့သည့်အပြင် အခြား အကောင်အထည်

၈၉။ ဥပမာ NRGI Blog က ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့တွင် ရေးသားခဲ့သည့် ''ဂါနာနိုင်ငံတွင် ရေနံများ ထွက်ရှိလာသော်လည်း ငွေကြေးဆိုင်ရာ တာဝန်ယူမှု အားနည်းနေဆဲဖြစ် (In Ghana, Fiscal Responsibility Remains Elusive Even as Oil Flows)'' http://www.resourcegovernance.org/blog/ghana-fiscal-responsibility-remains-elusive-even-oil-flows.

၉၀။ စွမ်းအင်မူဝါဒအတွက် အာဖရိက ဗဟိုဌာန (Africa Centre for Energy Policy) က ရေးသားသည့် ဂါနာနိုင်ငံတွင် ရေနံမှရရှိသော ဝင်ငွေကို စီမံခန့်ခွဲခြင်း သုံးနှစ် (Three years of petroleum revenue management in Ghana) (2014), http://www.aceplive.com/wp-content/uploads/2014/08/ACEP-Report-PRMA-Final.pdf.

ဖော်မှုဆိုင်ရာ စိန်ခေါ်မှုများကိုလည်း ထောက်ပြခဲ့သည့် အစီရင်ခံစာများကို ထုတ်ပြန်ခဲ့သောကြောင့် PRMA အား ပြင်ဆင်ခြင်းနှင့်ပတ်သက်၍ ငြင်းဆန်မှုကို စတင်ဖြစ်ပေါ်စေခဲ့ပါသည်။[၉၁] ထိုအစီရင်ခံစာများပါ တွေ့ရှိချက်များသည် သတ္တုတွင်းများနှင့် စွမ်းအင်ကော်မတီတွင် ကိုယ်စားပြု ပါဝင်သော အဓိက ပါတီများအား PRMA ၏ အချို့သောအပိုင်းများကို ပြုပြင်ပြောင်းလဲရန် လိုအပ်ကြောင်း လက်ခံလာစေခဲ့ပါသည်။ အရပ်ဘက် လူ့အဖွဲ့အစည်းက ထောက်ပြခဲ့သည့် ဥပဒေ၏ အားနည်းချက်များနှင့်ပတ်သက်၍ ကျယ်ပြန့်သော လူထုဆွေးနွေးမှုကြောင့် ၂၀၁၅ ခုနှစ်တွင် လွှတ်တော်က PRMA ပြင်ဆင်ချက် အက်ဥပဒေကို တစ်ညီတစ်ညွတ်တည်း အတည်ပြုခဲ့ပါသည်။ PRMA ၏ အဓိက ပြောင်းလဲမှုများတွင် ဘဏ္ဍာရေးဝန်ကြီးအား သတ်မှတ်ဝင်ငွေကို ပြင်ဆင်ခွင့်ပေးခြင်း၊ ABFA နှင့် ရန်ပုံငွေများအကြား လွှဲပြောင်းမှုနှင့် ထို့နောက် တည်ငြိမ်စေရေးနှင့် အမွေအနှစ် ရန်ပုံငွေ (Stabilization and Heritage Fund) များအကြား လွှဲပြောင်းမှုတို့နှင့်ပတ်သက်သည့် စည်းမျဉ်းများ သတ်မှတ်ခြင်းနှင့် အဆိုပါပြင်ဆင်ချက် အက်ဥပဒေအရ တည်ထောင်ထားသော ဂါနာ အခြေခံအဆောက်အအုံနှင့် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေ (Ghana Infrastructure and Invest- ment Fund) အပေါ် ABFA ခွဲဝေမှုများ လျှော့ထားခြင်းတို့ ပါဝင်ပါသည်။ ထိုပြင်ဆင်ချက်များကြောင့် PIAC အတွက် ပုံမှန် ငွေကြေးပံ့ပိုးမှုကို ရရှိစေရန်လည်း သေချာစေပါသည်။

သို့သော် ၂၀၁၆ ခုနှစ် ရွေးကောက်ပွဲ မတိုင်ခင်ကာလ၌ နိုင်ငံရေးအရ ပြိုင်ဆိုင်မှုသည် PRMA နည်းဥပဒေများ အကောင်အထည်ဖော်မှုကို ထပ်မံခြိမ်းခြောက်ခဲ့ပါသည်။ PRMA ပြင်ဆင်ချက် မတိုင်မီ PIAC နှင့် CSO အစီရင်ခံစာများတွင် ABFA ကို ဥပဒေတွင် သတ်မှတ်ထားသည့်အတိုင်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သက်ရောက်မှု၏ နယ်ပယ် ၁၂ ခုထံမှ ရွေးချယ်ထားသော ဦးစားပေး နယ်ပယ် လေးခုအတွက် အသုံးပြုမည့်အစား နယ်ပယ်ပေါင်းစုံတွင် သုံးစွဲခဲ့ကြောင်း ထောက်ပြထားပါသည်။[၉၂] ဤသို့ ဝေဖန်မှုကို တုံ့ပြန်သည့်အနေဖြင့် တွေ့ဆုံမေးမြန်းခဲ့သော အဓိက ပါတီနှစ်ခုလုံးမှ သတ္တုတွင်းများနှင့် စွမ်းအင်နှင့် ဘဏ္ဍာရေးကော်မတီ အဖွဲ့ဝင်များက ရေနံမှရရှိသော ဝင်ငွေများကို ပိုမိုကြီးမားသော သက်ရောက်မှုအတွက် ထပ်မံ ဦးတည်သင့်ကြောင်း ယခုအခါတွင် လက်ခံလာပါသည်။ သို့သော် လက်တွေ့တွင် ၂၀၁၅ ခုနှစ် အစိုးရ အသုံးစရိတ်အရ ABFA သုံးစွဲမှုကို PIAC အစီရင်ခံစာတွင် ပြုလုပ်ထားသော အကြံပြုချက်များနှင့် ဆန့်ကျင်၍ နယ်ပယ်ပေါင်းစုံတွင် ဆက်လက်ပြုလုပ်ခဲ့ပါသည်။ ဥပမာ လမ်းများနှင့် အခြား အခြေခံ အဆောက်အအုံဆိုင်ရာ ဦးစားပေး သုံးစွဲရမည့် နယ်ပယ်များသည် ၂၀၁၅ ခုနှစ်တွင် ABFA ရန်ပုံငွေ၏ တစ်ဝက်နီးပါးကိုသာ ရရှိခဲ့ပြီး ချပေးထားသော ပမာဏကို ကျော်လွန်ခဲ့ကာ ၂၀၁၁ ခုနှစ်ကတည်းက ABFA ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မပြီးစီးသေးသော လမ်းစီမံကိန်း ၁၂ ခု ရှိနေသည့်တိုင် လမ်းစီမံကိန်းအသစ် ၂၁ ခုကိုလည်း စတင်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်ကြားတွင် ABFA ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော လမ်းစီမံကိန်းပေါင်း ၁၁၈ ခု ရှိခဲ့ပါသည်။[၉၃] နယ်ပယ်ပေါင်းစုံတွင် သုံးစွဲခြင်းသည် ရေနံမှရရှိသော ဝင်ငွေများထံမှ အကျိုးကျေးဇူးများ ရရှိကြောင်း ပြသရန် နိုင်ငံရေးဖိအားနှင့် ချိတ်ဆက်နေပြီး ထိုဖိအားကို လွန်ကဲသော မျှော်မှန်းချက်များက ပို၍ မြင့်တက်စေကာ NDC မှ ဘဏ္ဍာရေးကော်မတီ ဥက္ကဋ္ဌ James Avedzi က ''နိုင်ငံ၏ နေရာဒေသ အားလုံးမှာ အခြေခံအဆောက်အအုံအတွက် လိုအပ်ချက်ရှိပြီး ပြည်သူတွေက သမ္မတကို ဖိအားပေးကြပါတယ်။ သမ္မတအနေနဲ့ ဘယ်စီမံကိန်းကို စတင်မယ်ဆိုတာ ရွေးချယ်ခွင့်ရှိပါသလား'' အဖြေက

*''အတိုက်အခံ ဖြစ်လာပါက ပါတီအနေဖြင့် ဆက်လက်လည်ပတ်နိုင်ဖို့ လုံလောက်သော ငွေကြေးပံ့ပိုးမှုများ ရှိရန် ရုန်းကန်ရသောကြောင့် ရေနံနှင့် ဓာတ်ငွေ့ကဏ္ဍတွင် စွမ်းရည်မြှင့်တင်ခြင်းက ဒုတိယဦးစားပေး ဖြစ်လာပါတယ်''*

*Kwame Jantuah*

၉၁။ စွမ်းအင်မူဝါဒအတွက် အာဖရိက ဗဟိုဌာနက ရေးသားသည့် ဂါနာနိုင်ငံတွင် ရေနံမှရရှိသော ဝင်ငွေကို စီမံခန့်ခွဲခြင်း သုံးနှစ် (Three years of petroleum revenue management in Ghana)။ သို့သော် အစိုးရမဟုတ်သော အဖွဲ့အစည်း များစွာက အကောင်အထည်ဖော်မှုဆိုင်ရာ စိန်ခေါ်မှုများကို ထောက်ပြခဲ့သလို ၎င်းတို့သည် သတ်မှတ် ရန်ပုံငွေအား သတ်မှတ်ခြင်းနှင့်ပတ်သက်၍ ဝန်ကြီးအား လုပ်ပိုင်ခွင့် ပို၍ပေးခြင်းသည် ငွေကြေးစနစ်၏ ဖြောင့်မတ်မှန်ကန်မှုအပေါ် အန္တရာယ်ရှိလာနိုင်ကြောင်း စိုးရိမ်မှုများကိုလည်း ထုတ်ဖော်ပြောဆိုခဲ့ကြပါသည်။

၉၂။ ဥပမာအားဖြင့် Ghana Business News က ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် ရေးသားခဲ့သော ''ရေနံမှရရှိသော ဝင်ငွေအား တိုင်းပြည်စီးပွားရေး၏ အဓိကနယ်ပယ် ကဏ္ဍအနည်းငယ်တွင် စုပြုံသုံးစွဲခြင်း – IMANI (Concentrate petroleum revenue on few key sectors of the economy – IMANI)'' https://www.ghana businessnews.com/2015/09/14/concentrate-petroleum-revenueon-few-key-sectors-of-the-economy-imani.

၉၃။ PIAC နှစ်ပတ်လည် အစီရင်ခံစာ ၂၀၁၅ ခုနှစ်၊ ၄၅–၄၉ ၊ http://piacghana.org/resources/2015%20 PIAC%20Annual%20Report477.pdf.

တော့ ရွေးချယ်ခွင့် မရှိပါဘူး။ သမ္မတက စီမံကိန်းအားလုံးကို စတင်ပေးဖို့ ဖိအားဖြစ်နေပါတယ်။ မဲဆန္ဒရှင်များနှင့် ဒေသန္တရ ခေါင်းဆောင်များကြား ဆွေးနွေးရ ခက်နေပါတယ်။ သင်က ငြင်းလိုက်လို့ ကျွန်ုပ်အနေနဲ့ နောက်ထပ် မည်သည့်စီမံကိန်းကိုမျှ သင့်ကို မပေးတော့ရင် သင့်မှာ လုပ်စရာမရှိ ဖြစ်သွားမှာပေါ့''ဟု ဖော်ပြခဲ့ပါသည်။

## စွမ်းရည်မြှင့်တင်ခြင်းနှင့် အပြန်အလှန် ဆွေးနွေးခြင်းနှင့်ပတ်သက်သော သင်ခန်းစာများ

နိုင်ငံရေးအရ အခြားပါတီများထက် သာလွန်အောင် လှုပ်ရှားဆောင်ရွက်မှု (Political Outmaneuvering) သည် PRMA ဖန်တီးခြင်းနှင့် အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်အတွက် အဓိကကျသော်လည်း ပါတီများအနေဖြင့် အခြေအမြစ်ရှိသော ထိရောက်သော မူဝါဒဆိုင်ရာ ငြင်းခုံဆွေးနွေးမှုဖြစ်လာအောင် မဆောင်ရွက်ခဲ့ကြပါ။ အတိုက်အခံ လွှတ်တော်အမတ်များက PIAC နှင့် အခြားအရပ်ဘက် လူ့အဖွဲ့ အစည်း အစီရင်ခံစာများကို အသုံးပြု၍ ဘဏ္ဍာရေးဝန်ကြီးအား မေးခွန်းများထုတ်ခဲ့ကာ အထူးသဖြင့် ဝင်ငွေများကို နယ်ပယ်ပေါင်းစုံတွင် အသုံးပြုခြင်းနှင့်ပတ်သက်၍ ဖြစ်ပါသည်။ သို့သော် အရပ်ဘက် လူ့အဖွဲ့အစည်းများမှ လှုပ်ရှားဆောင်ရွက်သူများသည် မူဝါဒတစ်ခုကို စိန်ခေါ်မေးခွန်းထုတ်ရန် အတိုက် အခံ ပါတီများအစား အစဉ်အလာအားဖြင့် အစိုးရကိုသာ ဦးတည်လေ့ရှိသောကြောင့် အရပ်ဘက် လူ့ အဖွဲ့အစည်းနှင့် အတိုက်အခံပါတီများအကြား ထိတွေ့ဆက်ဆံမှုမှာ နည်းပါးပါသည်။ ဤအချက်သည် ဂါနာနိုင်ငံရှိ ပါတီများအတွင်း မူဝါဒချမှတ်ခြင်း ယန္တရားများနှင့်ပတ်သက်၍ လုပ်ငန်းကဏ္ဍအလိုက် ကျွမ်းကျင်မှု မရှိခြင်းအပြင် ရွေးကောက်ပွဲ တစ်ခုနှင့်တစ်ခုကြားတွင် အတိုက်အခံပါတီများအတွက် ငွေကြေးပံ့ပိုးမှု မရှိခြင်း စသော လက်တွေ့စိန်ခေါ်မှုများနှင့် ချိတ်ဆက်နိုင်ပါသည်။ Kwame Jantuah ရှင်းပြခဲ့သလို ''အတိုက်အခံ ဖြစ်လာပါက ပါတီအနေဖြင့် ဆက်လက်လည်ပတ်နိုင်ဖို့ လုံလောက်သော ငွေကြေးပံ့ပိုးမှုများ ရှိရန် ရုန်းကန်ရသောကြောင့် အထူးသဖြင့် ပါတီ ဆက်လက်လည်ပတ်ဖို့အတွက် စိန်ခေါ်မှုများ ရှိနေသဖြင့် ရေနံနှင့် ဓာတ်ငွေ့ကဏ္ဍတွင် စွမ်းရည်မြှင့်တင်ခြင်းနှင့် ပညာရပ်ဆန်သည့် သဘော သဘာဝ ရှိသော ဆက်စပ် ကိစ္စရပ်များသည် ပါတီအတွက် အရေးကြီးသော်လည်း ဒုတိယ ဦးစားပေး ဖြစ်လာပါတယ်။'' တစ်ချိန်တည်းမှာပင် လေ့လာသင်ယူမှု ပြုလုပ်နေပြီး သတ္တုတွင်းများနှင့် စွမ်းအင်ဆိုင်ရာ ကော်မတီသည် စွမ်းဆောင်ရည်မြှင့်တက်လာပြီး ပါတီတစ်ခုနှင့် တစ်ခုအကြား ပူး ပေါင်းဆောင်ရွက်မှုအတွက် လမ်းကြောင်းတစ်ရပ်ဖြစ်လာပါသည်။

ခြုံငုံကြည့်လျှင် ဂါနာနိုင်ငံတွင် ပါတီတစ်ခုနှင့်တစ်ခုကြား အပြန်အလှန် ပြောဆိုမှု၏ ရလဒ်များမှာ ရောထွေးနေပါသည်။ တစ်ဖက်တွင် အရပ်ဘက် လူ့အဖွဲ့အစည်း၏ ပါဝင်လှုပ်ရှားမှု၊ လေးစားခံရမှုနှင့် လုပ်ပိုင်ခွင့် အတိုင်းအတာကြောင့် ဂါနာနိုင်ငံ၏ ဝင်ငွေစီမံခန့်ခွဲမှုစနစ် ဖွံ့ဖြိုးမှု တစ်ရပ်လုံးတွင် လွတ်လပ်သော ဆောင်ရွက်သူများက အစိုးရအဖွဲ့နှင့် နိုင်ငံရေးပါတီများအား ရေနံကဏ္ဍမှ ရရှိမည့် တိုင်းပြည်အတွက် အကျိုးကျေးဇူးများကို ထည့်သွင်းစဉ်းစားစေရန် တွန်းအားပေးနိုင်ခဲ့သည်။ ထို့ပြင် လွတ်လပ်သော တာဝန်ခံမှု ယန္တရားတစ်ခုအနေဖြင့် PIAC ကို လူအများ သိလာစေခဲ့ပါသည်။ ဆွေးနွေးတိုင်ပင်မှုများနှင့် နိုင်ငံရေးအရ အပြန်အလှန်ဆွေးနွေးခြင်း တည်ရှိမှု၏ အရေးပါမှုကို လျှော့တွက်၍မရဘဲ အထူးသဖြင့် ဂါနာနိုင်ငံ၏ သာမန် ပြည်သူများအား ရေနံမှရရှိသော ဝင်ငွေ စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းများကို သိရှိနားလည်လာအောင် မည်သို့ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပုံကို ကြည့်ခြင်းအားဖြင့် ၎င်း၏ အရေးပါမှုကို တွေ့မြင်နိုင်ပါသည်။ အခြားတစ်ဖက်တွင်လည်း နိုင်သူ အကုန်ယူစတမ်း ရွေးကောက်ပွဲစနစ်နှင့် အားကောင်းသော အုပ်ချုပ်ရေးအဖွဲ့များ ဖန်တီးပေးသည့် နိုင်ငံရေးစနစ်တို့သည် အာဏာ အားလုံးကို အာဏာရပါတီအား စုပြုံရရှိစေပါသည်။ ဤအချက်ကြောင့် အာဏာရပါတီ အနေဖြင့် ရေနံမှရရှိသော ဝင်ငွေများနှင့်ပတ်သက်၍ တစ်နိုင်ငံလုံး၏ စီးပွားရေးအပေါ် မလိုလားအပ်သော အကျိုးဆက်များ ဖြစ်ပေါ်လာစေမည့် ဆုံးဖြတ်ချက်များ ချမှတ်ခွင့် ရရှိပါသည်။ ရေရှည်မူဝါဒ၏ ရေးဆွဲသတ်မှတ်မှုနှင့်ပတ်သက်၍ အဓိက ပါတီနှစ်ခုကြား ကံမကောင်းစွာ အချိတ်အဆက် ပြတ်တောက်နေမှုသည် ဆွေးနွေးတိုင်ပင်မှုမှ ရရှိသင့်သော ကောင်းမွန်သည့် ရလဒ်များကို အားနည်းစေပါသည်။

# နိုင်ငံအလိုက် လေ့လာမှု – မလေးရှားနိုင်ငံ

## ဒေသန္တရ အစိုးရအဖွဲ့များထံ ရေနံမှရရှိသော ဝင်ငွေမျှဝေမှုအပေါ် အခြေခံ၍ မဟာမိတ်များ အပြောင်းအလဲဖြစ်ခြင်း



© Wan Fahmy Redzuan/ Shutterstock.com

Tricia Yeoh နှင့် Kaisa Toroskainen



# မလေးရှားနိုင်ငံ၊ အဓိက အချက်အလက်များ (၂၀၁၅)

**လူဦးရေ**

၃၀.၃ သန်း[၁]

**တစ်ဦးချင်း ပြည်တွင်း အသားတင်ထုတ်လုပ်မှု (PPP)**

$ ၂၇၀၀၀[၂]

**အဓိက သဘာဝ သယံဇာတ**

သဘာဝဓာတ်ငွေ့၊ ရေနံ၊ ကြေးနီ၊ သံဖြူ၊ ဘောက်ဆိုဒ်၊ သံရိုင်း[၃]

**ပြည်တွင်း အသားတင်ထုတ်လုပ်မှု (GDP) တွင် သယံဇာတမှ ရရှိသော အကျိုးအမြတ်များ၏ ရာခိုင်နှုန်း**

၈[၄]

**နိုင်ငံရေးစနစ်**

စည်းမျဉ်းခံ ဘုရင်စနစ် – ဝက်စ်မင်စတာ လွှတ်တော် ဒီမိုကရေစီ


**အာဏာရ ပါတီများ**

Barisan Nasional (National Front)

**အတိုက်အခံ ပါတီများ**

Pakatan Harapan (Alliance of Hope)

**ပို့ကုန် ဝေစုများ (၂၀၁၃ ခုနှစ်)[၅]**




၁ “DataBank 2015: Population, total,” World Bank (2015)၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကြည့်ရှုခဲ့သည်။ http://data.worldbank.org/indicator/SP.POP.TOTL.

၂ “DataBank 2015: GDP per capita (current US$),” World Bank (2015)၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကြည့်ရှုခဲ့သည်။ http://data.worldbank.org/indicator/NY.GDP.PCAP.PP.CD.

၃ အမေရိကန်ပြည်ထောင်စု ပြည်ထဲရေးဝန်ကြီးဌာန၊ အမေရိကန်ပြည်ထောင်စု ဘူမိဗေဒ စစ်တမ်း ၂၀၁၃ ခုနှစ်၊ ဓာတ်သတ္တု နှစ်ပတ်လည်စာအုပ် – မလေးရှား (Minerals Yearbook: Malaysia) ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် http://minerals.usgs.gov/minerals/pubs/country/ 2013/myb3-2013-my.pdf ၌ ကြည့်ရှုခဲ့သည်။

၄ “DataBank 2015: Total natural resource rents (% of GDP),” World Bank (2015)၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကြည့်ရှုခဲ့သည်။ http://data.worldbank.org/indicator/NY.GDP.TOTL.RT.ZS.

၅ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် http://data.worldbank.org/indicator/TX.VAL.FUEL.ZS.UN ၌ ကြည့်ရှုခဲ့သည့် “DataBank 2015: Fuel exports as % of merchandise exports,” World Bank (2015) နှင့် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် http://data.worldbank.org/indicator/TX.VAL.MMTL.ZS.UN ၌ ကြည့်ရှုခဲ့သည့် “DataBank 2015: Ores and metals exports as % of merchandise exports,” World Bank (2015)



## နိုင်ငံအလိုက် လေ့လာမှု – မလေးရှားနိုင်ငံ
## ဒေသန္တရ အစိုးရအဖွဲ့များထံ ရေနံမှရရှိသော ဝင်ငွေမျှဝေမှုအပေါ် အခြေခံ၍ မဟာမိတ်များ အပြောင်းအလဲဖြစ်ခြင်း

### နိုင်ငံရေးစနစ်

မလေးရှားနိုင်ငံ၏ နိုင်ငံရေးစနစ်သည် စည်းမျဉ်းခံ ဘုရင်စနစ် (Constitutional Monarchy) ဖြင့် ဖက်ဒရယ် ပါတီစုံ ဝက်စ်မင်စတာ စနစ် (Federal, Multiparty Westminster System) အပေါ် အခြေခံပါသည်။ Barian Nasional (BN, National Front) ညွန့်ပေါင်းပါတီက ၁၉၅၇ ခုနှစ်တွင် တိုင်းပြည် လွတ်လပ်ရေး ရရှိခဲ့စဉ်ကတည်းက တိုင်းပြည်ကို အုပ်ချုပ်လာခဲ့ပြီး မလေးရှားနိုင်ငံတွင် ယနေ့အချိန်အထိ တာဝန်ထမ်းဆောင်ခဲ့သော ဝန်ကြီးချုပ်အားလုံးသည် United Malays National Organization (UMNO) ပါတီမှ ဖြစ်ပါသည်။ သို့သော် (၂၀၀၈ ခုနှစ် နှင့် ၂၀၁၃ ခုနှစ်တွင် ကျင်းပခဲ့သည့်) နောက်ဆုံးရွေးကောက်ပွဲ နှစ်ခုတွင် အဆိုပါ ညွန့်ပေါင်းပါတီသည် လွှတ်တော်တွင် ခုံနေရာ အများစုဖြစ်သော သုံးပုံနှစ်ပုံကို ရယူနိုင်ခဲ့ခြင်း မရှိပါ။ ဤအခြေအနေသည် အင်အားကြီးမားလာသော အတိုက်အခံ အင်အားစုကို အခွင့်အရေး ပေးခဲ့ပါသည်။

### သယံဇာတ ကြွယ်ဝမှုများနှင့် အုပ်ချုပ်မှု

ရေနံကို ၁၉၁၀ ခုနှစ်တွင် ဆာရာဝက်ပြည်နယ်၊ မီရီမြို့၌ စတင် တွေ့ရှိခဲ့ပါသည်။ ၁၉၆၀ ပြည့်နှစ်များ ကတည်းက မလေးရှားနိုင်ငံသည် အာရှတွင် ရေနံအများဆုံး ထုတ်လုပ်သောနိုင်ငံ ဖြစ်ခဲ့ပါသည်။ ရေနံကဏ္ဍကို ၁၉၇၄ ခုနှစ် ရေနံဖွံ့ဖြိုးရေး အက်ဥပဒေ (Petroleum Development Act) က လွှမ်းမိုးခဲ့ပြီး ထိုဥပဒေတွင် အမျိုးသား ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီဖြစ်သော Petronas အား အစိုးရထံမှ ကျယ်ပြန့်သော မူပိုင်ခွင့်ဆိုင်ရာ လမ်းညွှန်ချက်နှင့် ဥပဒေဆိုင်ရာ ကြီးကြပ်မှု မရှိသလောက်ဖြင့် ထိုကဏ္ဍကို စီမံခန့်ခွဲရန် သီးသန့်အခွင့်အရေး ပေးထားပါသည်။

၁၉၇၅ ခုနှစ်တွင် မလေးရှားနိုင်ငံ၏ ပြည်နယ် ၁၃ ခုက Petronas နှင့် သဘောတူညီမှု စာချုပ်များ ရေးထိုးခဲ့ပြီး ဖက်ဒရယ် အစိုးရက ထိုပြည်နယ်များကို ကုန်းတွင်းနှင့် ကမ်းလွန် ရေနံနှင့် ဓာတ်ငွေ့ ထုတ်လုပ်မှုမှ ရရှိသော ဝင်ငွေအပေါ် ခိုင်ကြေး ၅ ရာခိုင်နှုန်းကို ငွေသားဖြင့် ရရှိခံစားစေခဲ့ပါသည်။[၉၄] ၂၀၀၈ ခုနှစ် နောက်ပိုင်းတွင် အတိုက်အခံ ပါတီများက နိုင်ငံတော်အဆင့်နှင့် ပြည်နယ်အဆင့်များတွင် အားကောင်းလာသောကြောင့် ရေနံ ခိုင်ကြေး ကိစ္စရပ်သည် တင်းမာသော နိုင်ငံရေး ငြင်းခုံဆွေးနွေးမှု၏ အကြောင်းအရာတစ်ရပ် ဖြစ်လာခဲ့ပါသည်။ အာဏာရ ညွန့်ပေါင်းအဖွဲ့က ထိန်းချုပ်ထားစဉ် ဆာဘာ နှင့် ဆာရာဝက် ပြည်နယ်များက ရေနံဝင်ငွေများ၏ ပို၍များသော ဝေစုကို တောင်းဆိုခဲ့ပါသည်။ ထို့ပြင် အတိုက်အခံများက ထိန်းချုပ်ထားသော ပြည်နယ်များတွင် ရေနံခိုင်ကြေးများ ပေးရန် အစိုးရက တုန့်ဆိုင်းနေခဲ့ပြီး ကီလန်တန်ပြည်နယ်က ၁၉၉၈ ခုနှစ်ကတည်းက ပေးရမည်ဖြစ်သော ကျန်ရှိနေသည့် ရေနံခိုင်ကြေးများကို ပေးချေရန် တောင်းဆို၍ Petronas ကို တရားစွဲဆိုခဲ့ပါသည်။[၉၅] ထိုတရားစွဲဆိုမှု

---

၉၄။ ပထမဆုံး ရေနံထွက်ရှိခဲ့သော ပြည်နယ်ငါးခုမှာ မလေးရှားအရှေ့ပိုင်းရှိ ဆာဘာ(Sabah)၊ ဆာရာဝက်(Sarawak) နှင့် မလေးရှားကျွန်းဆွယ်ရှိ ကီလန်တန်(Kelantan)၊ တရန်ဂါနူ(Terengganu) နှင့် ပါဟန်(Pahang) တို့ ဖြစ်ကြပါသည်။ ပါဟန်ပြည်နယ်တွင် ရေနံကို နောက်ဆုံးတွေ့ရှိခဲ့ပြီး ၂၀၁၂ ခုနှစ်က ဖြစ်ပါသည်။

၉၅။ ကီလန်တန်ပြည်နယ် အစိုးရက ၎င်း၏ပြည်နယ်ထဲတွင် ကုန်းတွင်းနှင့် ကမ်းလွန်ရေနံပိုင်ဆိုင်မှုအပေါ် တုံ့ပြန်သည့် အနေဖြင့် Petronas သည် ရရှိသောဝင်ငွေများ၏ ၅ ရာခိုင်နှုန်းကို ကီလန်တန်သို့ တစ်နှစ်နှစ်ကြိမ် ငွေသားဖြင့် ပေးရန် တာဝန်ရှိသည်ဟု ဆိုပါသည်။ ထိုစဉ်ကတည်းက ဖက်ဒရယ်အစိုးရသည် ကီလန်တန်ပြည်နယ် အစိုးရသို့ ရေနံခိုင်ကြေး မလေးရှားရင်းဂစ် ၁၂ ဘီလီယံ ပေးရန်ရှိကြောင်း ကီလန်တန်ပြည်နယ်မှ ဥပဒေပြဋ္ဌာန်းသူများက တောင်းဆိုခဲ့ပါသည်။

အပေါ် ဖက်ဒရယ် အစိုးရက ကီလန်တန်ပြည်နယ်အား ''သဒ္ဒါကြေးများ''[၉၆] ပေးရန် ကမ်းလှမ်းခဲ့သော်လည်း စမ်းသပ်တိုင်းတာမှုများကို ထိုပြည်နယ် ကမ်းစပ်မှ ရေမိုင် သုံးမိုင်အကျော်တွင် ပြုလုပ်ခဲ့သည်ဟူသော အကြောင်းပြချက်များဖြင့် ထိုပြည်နယ်၏ ခိုင်ကြေး ခံစားခွင့်ကို အသိအမှတ်ပြုရန် ငြင်းဆန်နေဆဲ ဖြစ်ပါသည်။[၉၇]

ဤလေ့လာမှုတွင် အာဏာရ နှင့် အတိုက်အခံပါတီများ ညွန့်ပေါင်းအဖွဲ့များအတွင်း မူဝါဒ ချမှတ်ရေး လုပ်ငန်းစဉ်များကို လေ့လာသုံးသပ်ထားပြီး ဆာရာဝက်ပြည်နယ်ရှိ နိုင်ငံရေးပါတီများ နှင့် ဖက်ဒရယ် အစိုးရအကြား အခြေအနေများကို အဓိက ဖော်ပြထားပါသည်။

## သဘာဝ သယံဇာတများနှင့် နိုင်ငံရေးအရ ထိတွေ့ဆက်ဆံမှု အမျိုးမျိုး

ဖက်ဒရယ်စနစ် ဖြစ်သော်လည်း မလေးရှားနိုင်ငံသည် ဗဟိုချုပ်ကိုင်မှု အားကောင်းပြီး အထက်မှအောက်သို့ အုပ်ချုပ်သော အစိုးရစနစ်ကို ကျင့်သုံးကာ နိုင်ငံရေးအာဏာ အများစုသည် ဝန်ကြီးချုပ်၏ လက်ထဲတွင် ရှိပါသည်။ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေး မဏ္ဍိုင်များ၏ အခန်းကဏ္ဍများမှာ ရောနှောနေသောကြောင့် သဘာဝ သယံဇာတ စီမံခန့်ခွဲမှုအပေါ် တိုက်ရိုက်ကြီးကြပ်မှု မရှိသလောက် နည်းပါသည်။ အာဏာရ BN ညွန့်ပေါင်းအဖွဲ့တွင် ပါဝင်သော ပါတီများသည် သဘာဝ သယံဇာတများနှင့် ပတ်သက်သော အဓိက မူဝါဒများအား ဆုံးဖြတ်ခြင်း၊ စီစဉ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းအတွက် ရှင်းလင်း ခိုင်မာသော နည်းလမ်း ယန္တရားများ မရှိကြပါ။ ပါတီ၏ နိုင်ငံအဆင့် အမှုဆောင်ရုံးခွဲအဆင့်တွင် နိုင်ငံရေးပါတီများက သဘာဝ သယံဇာတ မူဝါဒဆိုင်ရာ ထိတွေ့ဆက်ဆံမှု အနည်းငယ်သာရှိပြီး ပြည်နယ်အဆင့်တွင်လည်း မဆိုစလောက်သာ ရှိပါသည်။

ရေနံနှင့်ပတ်သက်ပြီး မူဝါဒရေးဆွဲခြင်း၏ အရေးပါသော ဌာနဆိုင်ရာ လက္ခဏာတစ်ရပ်မှာ အစိုးရထံမှ ဆုံးဖြတ်ချက် ချမှတ်ခွင့် အာဏာများကို လိုက်လျော လက်ခံခြင်းနှင့် Petronas ထံ လွှဲပြောင်းခြင်း ဖြစ်ပါသည်။ ပြင်ပ ထင်မြင်ချက်များအတွက် ရင်းမြစ်များ အနည်းငယ်သာ ရှိသောကြောင့် Petronas သည် ရေနံကဏ္ဍတွင် မူဝါဒ ချမှတ်ရေးနှင့် ထိန်းသိမ်းကြီးကြပ်ရေးအတွက် အဓိက အဖွဲ့အစည်း ဖြစ်နေခဲ့ပါသည်။ (BN ညွန့်ပေါင်းအဖွဲ့တွင် အဓိက နိုင်ငံရေးပါတီ) UMNO ပါတီ ထိပ်သီးကောင်စီ၏ အဖွဲ့ဝင်ဟောင်းဖြစ်သော Saifuddin Abdullah က ''ကျွန်ုပ် တာဝန်ထမ်းဆောင်ခဲ့သော ငါးနှစ်စလုံးတွင် မူဝါဒအကြောင်း လုံလောက်စွာ သို့မဟုတ် အသေးစိတ် ဆွေးနွေးသော အစည်းအဝေး တစ်ခုမှ မရှိခဲ့ဖူးပါ။ ဆွေးနွေးချက်များက ယေဘုယျဆန်ပြီး ရပ်တည်မှုစာတမ်းများ မရှိခဲ့ပါ။''ဟု ဆိုပါသည်။

*''ကျွန်ုပ် တာဝန်ထမ်းဆောင်ခဲ့သော ငါးနှစ်လုံးတွင် မူဝါဒအကြောင်း လုံလောက်စွာ သို့မဟုတ် အသေးစိတ် ဆွေးနွေးသော အစည်းအဝေး တစ်ခုမှ မရှိခဲ့ဖူးပါ။ ဆွေးနွေးချက်များက ယေဘုယျဆန်ပြီး ရပ်တည်မှု စာတမ်းများ မရှိခဲ့ပါ။''*

*လွှတ်တော်အမတ်*
*Dato' Saifuddin Abdullah*

သို့သော် အတိုက်အခံ ပါတီများ ညွန့်ပေါင်းအဖွဲ့အတွင်း သဘာဝ သယံဇာတ စီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးမှုများသည် ပိုမိုပြည့်စုံသော သတင်းအချက်အလက်များအပေါ် အခြေခံပုံပေါ်ပြီး အထူးသဖြင့် ရေနံထွက်ရှိသော ပြည်နယ်များထံ ခိုင်ကြေးများ ပေးခြင်းနှင့်ပတ်သက်၍ ဖြစ်ပါသည်။ ဥပမာ Democractic Action Party (DAP) မှ အတိုက်အခံ လွှတ်တော်အမတ်က ''သဘာဝ သယံဇာတ ထုတ်ယူမှုသည် ပြည်နယ်မူဝါဒနှင့် ပြည်နယ်အာဏာ တို့နှင့်စပ်လျဉ်း၍ အဓိကကျသော ကိစ္စရပ်ဖြစ်ပါသည်။ ထို့ကြောင့် ရေနံကြွယ်ဝသော ဆာဗာနှင့် ဆာရာဝက် ပြည်နယ်များရှိ ပါတီ ပြည်နယ်ကော်မတီများသည် သဘာဝ သယံဇာတ ထုတ်ဖော်မှုနှင့်ပတ်သက်၍ ၎င်းတို့၏ ရပ်တည်မှုများကို ဆွေးနွေးပြီး ကြေညာပါလိမ့်မည်'' ဟု ဆိုခဲ့ပါသည်။ အတိုက်အခံ ညွန့်ပေါင်းအဖွဲ့သည် EITI အား ရည်ညွှန်းချက်များကို ၂၀၁၃ ရွေး

၉၆။ ရေနံခိုင်ကြေးများ ကိစ္စသည် ကီလန်တန်ပြည်နယ်တွင် အထူးသဖြင့် ထင်ရှားပြီး အကြောင်းမှာ အစိုးရအဖွဲ့က ပြည်နယ် ဘတ်ဂျက်လိုငွေကို ၂၀၁၆ ခုနှစ်အတွက် ခန့်မှန်းရာတွင် ပြည်နယ်ဝင်ငွေများသည် မလေးရှားရင်းဂစ် ၅၉၃.၈ မီလီယံသာ ရှိခဲ့သောကြောင့် ဖြစ်ပါသည်။ ဥပမာ https://www.malaysiakini.com/news/318287 ကို ကြည့်ပါ။

၉၇။ ၂၀၁၂ ခုနှစ် ပင်လယ်ပိုင်နက် အက်ဥပဒေ (Territorial Sea Act 2012) အရ မည်သည့်ပြည်နယ်၏ ကမ်းခြေမှ မဆို ရေမိုင် သုံးမိုင်ထက် ကျော်လွန်၍ တည်ရှိနေသော သဘာဝ သယံဇာတ အားလုံးကို ဖက်ဒရယ်အစိုးရက ပိုင်ဆိုင်သော်လည်း ဆာရာဝက်ပြည်နယ် ဝန်ကြီးက ဤအချက်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မကိုက်ညီကြောင်း စောဒက တက်ခဲ့ပါသည်။

ကောက်ပွဲ မူဝါဒ ကြေညာစာတမ်းအတွင်း ထည့်သွင်းခြင်းနှင့်ပတ်သက်၍ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ လုပ်ငန်းကဏ္ဍ ကျွမ်းကျင်သူများနှင့် သုတေသီများ အစရှိသော ပြင်ပအဖွဲ့အစည်းများနှင့်လည်း ထိတွေ့ဆက်ဆံခဲ့ပါသည်။

ပါတီတွင်း ဆွေးနွေးတိုင်ပင်မှုများအနေဖြင့် အတိုက်အခံပါတီများ ညွန့်ပေါင်းအဖွဲ့က ဘုံရပ်တည်မှုတစ်ရပ်ဖြစ်မလာသေးခင်တွင် ရေနံ ခိုင်ကြေးနှင့်ပတ်သက်၍ ၎င်း၏ အဖွဲ့ဝင်ပါတီ သုံးခုနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ လွှတ်တော်အမတ်လည်းဖြစ်၊ အတိုက်အခံ People's Justice Party (PKR) ၏ လက်ရှိအဖွဲ့ဝင်တစ်ဦးလည်းဖြစ်သော Dato' Saifuddin Abdullah က ညွန့်ပေါင်းအဖွဲ့၏ ဘုံမူဝါဒ မူဘောင်နှင့်ပတ်သက်၍ အကူအညီပေးခဲ့ပြီး ''ပါတီသုံးခုထဲမှ ပါတီတစ်ခုချင်းစီသည် အသီးသီး ဆွေးနွေးခဲ့ကြပြီးနောက် နောက်ဆုံး ဆုံးဖြတ်ချက် ချရန်အတွက် သမ္မတကောင်စီသို့ မူဝါဒများကို တင်ပြကြပါသည်'' ဟု ဆိုခဲ့ပါသည်။

## ခိုင်ကြေးအပေါ် ငြင်းခုံမှုများ – ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပိုမိုရရှိရန် နိုင်ငံရေးအရ တောင်းဆိုမှု

၂၀၁၄ ခုနှစ်တွင် ဆာရာဝက်ပြည်နယ်၏ ဥပဒေပြုရေး လွှတ်တော်က ၎င်း၏ ရေနံခိုင်ကြေး တောင်းဆိုမှုကို ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ရန် အဆိုကို အတည်ပြုခဲ့ပြီး ဆာဗာပြည်နယ်မှ အတိုက်အခံ နိုင်ငံရေးသမားများကလည်း ထိုနည်းတူ တောင်းဆိုလာခဲ့ပါသည်။ ဤသို့ တောင်းဆိုမှုအတွက် အကြောင်းပြချက်မှာ ဆာရာဝက်ပြည်နယ်သည် မလေးရှားနိုင်ငံတွင် ဒုတိယ အဆင်းရဲဆုံး ဖြစ်သောကြောင့် ၎င်း၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် သယံဇာတမှ ရရှိသော ဝင်ငွေများ ပို၍ ခွဲဝေပေးသင့်သောကြောင့် ဖြစ်ပါသည်။[၉၈] BN အုပ်ချုပ်သော အဆိုပါပြည်နယ် နှစ်ခုလုံး၏ နိုင်ငံရေးအရ အရေးပါမှုကြောင့် ၎င်းတို့က နိုင်ငံတော်၏ ရေနံပိုင်ဆိုင်မှုထံမှ ပိုမိုကြီးမားသော ဝေစုရရှိရန်အတွက် ဖိအားပေး တောင်းဆိုမှုသည် အရေးပါသော အသစ်ပေါ်လာသည့် နိုင်ငံရေး အရွေ့တစ်ခု ဖြစ်ပါသည်။ BN ပါတီများ ညွန့်ပေါင်းအဖွဲ့၏ ''ပုံသေ အပ်ငွေများ''ကို ရေရှည် စဉ်းစားကြည့်ပါက ဆာဗာနှင့် ဆာရာဝက်ပြည်နယ် နှစ်ခုပေါင်းသည် ဖက်ဒရယ် လွှတ်တော်တွင် BN ခုံနေရာပေါင်း ၁၃၃ ခုအနက် ၄၇ ခုအထိ ရှိနေပြီး (အများစု အနိုင်ရရန်အတွက် ခုံနေရာ ၁၁၂ ခု လိုအပ်ပါသည်)။ ဆာရာဝက်ပြည်နယ်၏ ပြည်နယ်ဝန်ကြီးချုပ် Adenan Satem[၉၉] က ရေနံခိုင်ကြေးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပိုမိုရရှိခွင့်ဆိုင်ရာ ကိစ္စရပ်အား မဖြေရှင်းနိုင်ပါက BN ညွန့်ပေါင်းအဖွဲ့အနေဖြင့် နောက် ရွေးကောက်ပွဲတွင် ပြည်နယ်အပေါ် ထိန်းချုပ်နိုင်မှု ဆုံးရှုံးသွားနိုင်သည်ဟု ဖက်ဒရယ် အစိုးရအဖွဲ့အား မကြာသေးမီက သတိပေးခဲ့ပါသည်။[၁၀၀]

ရေနံခိုင်ကြေးများ၏ ပမာဏနှင့် ထင်မြင်ယူဆထားသော ဆာဗာနှင့် ဆာရာဝက်ပြည်နယ်များအပေါ် မမျှမတ ဆက်ဆံသည်ဟု ထင်မြင်ယူဆချက်များကြောင့် ပြည်နယ်၏ ကိုယ်ပိုင် ရေနံကုမ္ပဏီ တည်ထောင်ရန်နှင့် Petronas ကုမ္ပဏီအား ဆာရာဝက်ပြည်နယ်သူ ပြည်နယ်သားများကို အလုပ်အကိုင်

*''သဘာဝ သယံဇာတ ထုတ်ယူမှုသည် အရေးကြီးသော ကိစ္စရပ်တစ်ခု ဖြစ်ပါသည်။ ဆာဗာနှင့် ဆာရာဝက် ပြည်နယ်များရှိ ပါတီ ပြည်နယ်ကော်မတီများ အနေဖြင့် သဘာဝ သယံဇာတ ထုတ်ယူမှုနှင့်ပတ်သက်သော ၎င်းတို့၏ ရပ်တည်မှုများကို ဆွေးနွေး၍ ကြေညာပါလိမ့်မည်။''*

*Democratic Action Party မှ အတိုက်အခံ လွှတ်တော်အမတ်တစ်ဦး*

၉၈။ ပြည်နယ်အလိုက် ဆင်းရဲမွဲတေမှု ဖြစ်ပွားမှုအခြေအနေ (Incidence of poverty by state)၊ မလေးရှားနိုင်ငံ၊ ၂၀၁၄ ခုနှစ် (Economic Planning Unit, 2014).

၉၉။ ဤအစီရင်ခံစာကို ရေးသားသည့်အချိန်တွင် Adenan Satem သည် ဆာရာဝက်ပြည်နယ်၏ ပြည်နယ်ဝန်ကြီးချုပ် ဖြစ်နေခဲ့ပါသည်။ ၎င်းသည် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီး Abang Abdul Rahman Zohari Abang Openg က ၎င်းရာထူးကို အစားထိုး တာဝန်ယူခဲ့ပါသည်။

၁၀၀။ Richard T.W. က ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် Free Malaysia Today ၌ ရေးသားခဲ့သော ''Adenan – ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးမည့် ကတိကဝတ်များကို အကောင်အထည် မဖော်ပေးနိုင်ပါက BN အနေဖြင့် အထွေထွေရွေးကောက်ပွဲတွင် ရှုံးနိမ့်နိုင်ဖွယ်ရှိ (Adenan: BN risks losing in GE if autonomy promises not met)'' http://www.freemalaysiatoday.com/category/nation/2016/07/29/adenan-bn-risks-losing-in-ge-if-autonomy-promises-not-met

ပိုမိုပေးရန် တောင်းဆိုမှုများလည်း ရှိလာခဲ့ပါသည်။[၁၀၁] အဆိုပါတောင်းဆိုချက်များသည် ပြည်နယ်အဆင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပိုမိုရရှိရန် တောင်းဆိုမှုများနှင့် ပြည်နယ်များအနေဖြင့် ၎င်းတို့၏ ငွေကြေးနှင့် အခွန်တို့ကို ကိုယ်တိုင် စီမံခန့်ခွဲပိုင်ခွင့် ရရှိရန် တောင်းဆိုမှုများနှင့်ပတ်သက်၍ ဆာရာဝက်ပြည်နယ် အစိုးရအဖွဲ့နှင့် ဖက်ဒရယ် အစိုးရကြား အငြင်းပွားမှုကို ထင်ဟပ်နေပါသည်။ ဆာရာဝက်ပြည်နယ်ရှိ ဒေသခံများက ဗဟိုချုပ်ကိုင်မှု လျှော့ချ၍ ဒေသန္တရ အစိုးရအဖွဲ့များအား ပိုမိုလုပ်ပိုင်ခွင့် ပေးရန်နှင့် ၁၉၆၃ ခုနှစ် မလေးရှား သဘောတူညီချက် (1963 Malaysia Agreement) ၏ အငွေ့အသက်များကို ပြန်လည် လိုလားနေပါသည်။[၁၀၂] ဆာရာဝက်ပြည်နယ်ရှိ နိုင်ငံရေး ကွဲပြားမှုတလျှောက်မှ ပါတီများက ဆာရာဝက်ပြည်နယ်သူ ပြည်နယ်သားများ၏ အခွင့်အရေးများကို တောင်းဆိုရာတွင် ပိုမို ပြောရဲဆိုရဲ ရှိလာခဲ့ပါသည်။

ရေနံ ခိုင်ကြေးများနှင့်ပတ်သက်၍ ငြင်းခုံဆွေးနွေးမှုတွင် အဓိကကျသော တိုးတက်မှုတစ်ရပ်မှာ ဖက်ဒရယ် အစိုးရ နှင့် အာဏာရ ညွန့်ပေါင်းအဖွဲ့နှင့် အတိုက်အခံတို့အတွင်းမှ ဆာရာဝက်ပြည်နယ်မှ နိုင်ငံရေးသမားများကြား အလျင်အမြန် ပြောင်းလဲနေသော အခြေအနေ ဖြစ်ပါသည်။ ဆာရာဝက်ပြည်နယ်သည် အာဏာရ ညွန့်ပေါင်းအဖွဲ့၏ နိုင်ငံရေးအရ ရှင်သန်မှုအတွက် အရေးပါသော်လည်း ညွန့်ပေါင်းမိတ်ဖက်အဖွဲ့များအကြား ပိုမိုကြီးမားသော ကိစ္စရပ်ဖြစ်သည့် ပြည်နယ်၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့်ပတ်သက်၍ ထင်ရှားသော သဘောထားကွဲလွဲမှုများ စတင်ပေါ်ပေါက်လာပါသည်။ မကြာသေးမီက ပြီးဆုံးခဲ့သော ၂၀၁၆ ခုနှစ် ဆာရာဝက်ပြည်နယ် ရွေးကောက်ပွဲများတွင် ဆာရာဝက်ပြည်နယ်ရှိ အဓိက ပါတီတိုင်းက ၂၀ ရာခိုင်နှုန်း ရေနံခိုင်ကြေး ခွဲဝေချပေးမှုကို အကောင်အထည်ဖော်ရန် ကတိပေးခဲ့ပြီး ထိုသို့ ကတိပေးခဲ့သော ပါတီများတွင် Parti Pesaka Bumipuutera Bersatu (PBB) ၊ BN ညွန့်ပေါင်းပါတီနှင့် ဆာရာဝက်ပြည်နယ်တွင် နိုင်ငံရေးအရ လွှမ်းမိုးမှုအရှိဆုံး ပါတီတို့ ပါဝင်ခဲ့ကြပါသည်။ တိုင်းပြည်၏ သယံဇာတ ကြွယ်ဝမှုထံမှ ဝေစု ပိုမိုရရှိရန် ဤတောင်းဆိုမှုသည် ဖက်ဒရယ်အစိုးရက ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ခွဲဝေချပေးမှုများ ပြုလုပ်ရန် လျစ်လျူရှုထားခြင်းနှင့် ဘာသာရေး လွတ်လပ်ခွင့် ကဲ့သို့ ကိစ္စရပ်များတွင် ပြည်နယ်၏ သီးသန့် အာဏာအပေါ် ဖက်ဒရယ်အစိုးရက ဝင်ရောက်စွက်ဖက်ခြင်းတို့နှင့်ပတ်သက်၍ ဆာရာဝက်ပြည်နယ်တွင် ယခင်ကတည်းက ရှိနေခဲ့သော မကျေနပ်ချက်များ၏ လက္ခဏာပင် ဖြစ်ပါသည်။ ထို့ကြောင့် ရေနံခိုင်ကြေး ပေးချေမှုဆိုင်ရာ ကိစ္စရပ်ကို လေ့လာသုံးသပ်ရာတွင် ပြည်နယ်အစိုးရနှင့် ဖက်ဒရယ် အစိုးရအကြား လက်ရှိ အာဏာခွဲဝေမှု အစီအစဉ်နှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေသော မကျေနပ်ချက်ကို ထည့်သွင်းစဉ်းစားရန် အရေးကြီးပါသည်။

ဖက်ဒရယ် လွှတ်တော်တွင် လွှတ်တော်အမတ် ၁၄ ဦးရှိသော ဒုတိယအကြီးဆုံး BN ညွန့်ပေါင်းပါတီ ဖြစ်သော်လည်း ဆာရာဝက်ပြည်နယ် ဥပဒေပြုရေး လွှတ်တော်၏ PBB အဖွဲ့ဝင်တစ်ဦးဖြစ်သော Juanda Jaya က UMNO သည် ၎င်း၏ ပါတီအား တန်းတူညီမျှသော မိတ်ဖက်ပါတီအဖြစ် မယူဆကြောင်း စွပ်စွဲခဲ့ပါသည်။ BN ညွန့်ပေါင်းအဖွဲ့တွင် တရားဝင် လုပ်ထုံးလုပ်နည်းများ မရှိခြင်းကြောင့် လက်တွေ့တွင် UMNO သည် ၎င်း၏ အဖွဲ့အစည်းအတွင်း ဆွေးနွေးမှုများ၏ အကြောင်းအရာများကို ညွန့်ပေါင်းပါတီများနှင့် တိုင်ပင်ဆွေးနွေးခြင်း သို့မဟုတ် မျှဝေခြင်း မရှိပါ။ အကျိုးဆက်အနေဖြင့် အာဏာရ ညွန့်ပေါင်းအဖွဲ့ရှိ PBB ကဲ့သို့ အခြားပါတီများသည် ၎င်းတို့၏ နိုင်ငံရေး မဟာမိတ်အဖွဲ့ဖြစ်သော UMNO က ချမှတ်သည့် ဆုံးဖြတ်ချက်များအပေါ် မှီခိုမှု နည်းပါးလာပြီး ပါတီတွင်း တိုင်ပင်ဆွေးနွေးမှုနှင့်

၁၀၁။ ဝန်ကြီးချုပ်က ဝင်ရောက်ဆောင်ရွက်ခဲ့ပြီးနောက် ပြည်နယ်ဝန်ကြီးချုပ် Adenan နှင့် Petronas တို့က ၂၀၂၀ ခုနှစ်အရောက်တွင် ၎င်း၏ ဒေသတွင်းလုပ်ငန်း လည်ပတ်မှုများတွင် အလုပ်ခန့်အပ်ထားမည့် ဆာရာဝက် ပြည်နယ်သူ၊ ပြည်နယ်သား အရေအတွက်ကို အနည်းဆုံး ၆၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ပေးရန် သဘောတူညီခဲ့ကြသည်။ ဥပမာ Sharon Ling က ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့တွင် The Star Online ၌ ရေးသားခဲ့သော ''ဆာရာဝက်ပြည်နယ် အစိုးရ နှင့် Petronas တို့ ကျေလည်စွာ ဖြေရှင်းနိုင်ခဲ့ကြ (Sarawak govt reaches amicable settlement with Petronas)'' ကို http://www.thestar.com.my/news/nation/2016/08/27/sarawak-govt-reaches-amicable-settlement-with-petronas တွင် ကြည့်ပါ။

၁၀၂။ မလေးရှားနိုင်ငံ သဘောတူညီချက်တွင် မလေးရှားနိုင်ငံ တည်ထောင်သည့်အခါ၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ဆာဗာနှင့် ဆာရာဝက် ပြည်နယ်သူ၊ ပြည်နယ်သားများ၏ အထူး အကျိုးစီးပွားများကို အလေးအနက်ထား ပြဋ္ဌာန်းထားပါသည်။

မူ၀ါဒ ရေးဆွဲခြင်းအတွက် တရား၀င် လုပ်ထုံးလုပ်နည်းများ မရှိပါ။ PBB ပါတီတွင်း မူ၀ါဒရေးဆွဲခြင်းနှင့် ပတ်သက်၍ ပါတီဥက္ကဋ္ဌသည် (ပါတီ၏ အဓိက ဆုံးဖြတ်ချက် ချမှတ်ရေးအဖွဲ့ဖြစ်သော)ပါတီ၏ ထိပ်သီး ကောင်စီ သို့မဟုတ် အခြား ပြင်ပပါတီများနှင့် ရံဖန်ရံခါ တိုင်ပင်ဆွေးနွေးပါသည်။ သို့သော် ဥက္ကဋ္ဌသည် များစွာသော မူ၀ါဒဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပါတီ၏ ရပ်တည်မှုကို ဆုံးဖြတ်ရန်နှင့် ထိုဆုံးဖြတ်ချက်မှတဆင့် ပြည်နယ်အစိုးရအဖွဲ့၏ ရပ်တည်မှုကိုပါ ဆုံးဖြတ်ရန် ကိုယ်ပိုင်ဆုံးဖြတ်ခွင့် အာဏာ ရှိပါသည်။

## အရှိန်တက်လာသော ငြင်းခုံဆွေးနွေးမှုက ပါတီတစ်ခုနှင့် တစ်ခုကြား အပြန်အလှန် ဆွေးနွေးမှုကို တိုးမြင့်စေခဲ့

ပြည်နယ်၀န်ကြီးချုပ် Adenan ၏ ဦးဆောင်မှုအောက်တွင် ဆာရာ၀က်ပြည်နယ် အစိုးရနှင့် ပြည်နယ် အတိုက်အခံ ပါတီများအကြား အခြေအနေအသစ်တစ်ခု စတင်ပေါ်ပေါက်လာပါသည်။ ပြည်နယ်အစိုးရသည် အတိုက်အခံနှင့် သွားပေါင်းသည်ဟု ယူဆခံရနိုင်သည့်တိုင် ကျွန်းဆွယ်အခြေစိုက် BN ညွန့်ပေါင်းပါတီများနှင့် ခပ်ကင်းကင်း နေရန် ပိုမိုကြိုးပမ်းလာခဲ့ပါသည်။ ဥပမာ ရေနံခိုင်ကြေးများကို ၂၀ ရာခိုင်နှုန်းအထိ တိုးမြင့်ရန် မူလအဆိုကို DAP က ၂၀၁၄ ခုနှစ် ပြည်နယ်ဥပဒေပြုရေး လွှတ်တော်တွင် တင်ပြခဲ့သော်လည်း နောက်ဆုံး အတည်ပြုဖြစ်ခဲ့သည်မှာ PBB နောက်တန်းခုံထိုင်သူ (Backbencher) တစ်ဦးက တင်ပြခဲ့သော ပြင်ဆင်ထားသည့် မူကွဲ ဖြစ်ပါသည်။ ထို့ကြောင့် ဆာရာ၀က်ပြည်နယ်တွင် ရှိနေသော နိုင်ငံရေး အချေအတင် ဆွေးနွေးပြောဆိုမှုသည် ပါတီစွဲ ကွဲပြားမှုများအပေါ် မူတည်ပုံမပေါ်ဘဲ ပြည်နယ်အစိုးရနှင့် အတိုက်အခံ ပါတီများသည် ရေနံခိုင်ကြေး ပိုမိုရရှိရန်နှင့် Petronas တွင် ဆာရာ၀က် ပြည်နယ်သူ၊ ပြည်နယ်သားများအား အလုပ်ခန့်ထားမှုအပေါ် အကာအကွယ်များ ပိုမိုရရှိရန် တောင်းဆိုရာတွင် စည်းလုံးခဲ့ကြပါသည်။

အစိုးရနှင့် အတိုက်အခံပါတီများသည် နိုင်ငံတော်အဆင့်တွင် ကွဲနေကြသော်လည်း ဆာရာ၀က်ပြည်နယ် အဆင့်တွင် ပါတီများက အရေးပါသော မူ၀ါဒဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဘုံသဘောတူညီချက် ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ဥပမာ မူ၀ါဒဆိုင်ရာ ကိစ္စများအကြောင်း ဆွေးနွေးရန် ပြည်နယ် ၀န်ကြီးချုပ်နှင့် အတိုက်အခံပါတီများမှ ကိုယ်စားလှယ်များအကြား အလွတ်သဘော ထိတွေ့ဆက်ဆံ ပြောဆိုမှု ရှိသည်ဟု Juanda က ပြောခဲ့သည်။ နိုင်ငံရေးအရ ကွဲပြားမှုရှိသော ပါတီများအကြား ထိတွေ့ဆက်ဆံမှုသည် နိုင်ငံတော်အဆင့်တွင် ထိတွေ့ဆက်ဆံမှုထက် များစွာပို၍ ဖော်ရွေမှုရှိကြောင်း ပြသနေပါသည်။ ဤထူးခြားသော နိုင်ငံရေး တိုးတက်ပြောင်းလဲမှု ဖြစ်ပေါ်လာရခြင်းမှာ ပါတီများအားလုံးသည် ပြည်နယ်၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ၎င်း၏ ရေနံဆိုင်ရာ အခွင့်အရေးများနှင့်ပတ်သက်၍ အချေအတင် ဆွေးနွေးမှုကို ပီပြင်စွာ ပြုလုပ်နိုင်ပြီး ဦးဆောင်နိုင်ပုံပေါ်ပါက ၎င်းတို့အတွက် အကျိုးစီးပွား ရှိနေသောကြောင့် ဖြစ်ပါသည်။ ဥပမာ ၀င်ငွေခွဲဝေခြင်းနှင့် နိုင်ငံရေးအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့်ပတ်သက်၍ အရှိန်မြင့်လာသော အချေအတင် ဆွေးနွေးမှုကြောင့် ၀န်ကြီးချုပ်နှင့် Petronas တို့သည် အလုပ်ခန့်ထားမှု တိုးမြှင့်ပေးခြင်းနှင့် စွမ်းရည် တည်ဆောက်ပေးခြင်းတို့ကို ကမ်းလှမ်းရန် ဆာရာ၀က်ပြည်နယ် ၀န်ကြီးနှင့် ထိတွေ့ဆက်ဆံလာခဲ့ပါသည်။ ထို့ကြောင့် ဆာရာ၀က်ပြည်နယ်တွင် ပါတီများ၏ ရုန်းကန်မှုများသည် မလေးရှားနိုင်ငံ သဘောတူစာချုပ်ပါ စည်းကမ်းချက်များအတိုင်း ပြန်သွားရန် စစ်မှန်သော ဆန္ဒအပေါ် များစွာ အခြေခံပြီး အဓိက နိုင်ငံရေး လှုပ်ရှားဆောင်ရွက်သူများက ဆာရာ၀က် ပြည်နယ်သူ၊ ပြည်နယ်သားများသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပိုမိုပေးရန် ကတိပေးသော ပါတီကို ထောက်ခံမည်ဖြစ်ကြောင်း သွယ်၀ိုက်၍ ၀န်ခံခြင်းလည်း ဖြစ်ပါသည်။

# နိုင်ငံအလိုက် လေ့လာမှု – ပီရူးနိုင်ငံ

## ဓာတ်ငွေ့ဆိုင်ရာ လုပ်ငန်းသဘောတူညီမှုများ ပြန်လည်ညှိနှိုင်းခြင်းနှင့်ပတ်သက်၍ ရွေးကောက်ခံ သမ္မတလောင်းများအကြား သဘောထား ကွဲလွဲနေခဲ့




© Christian Inga / Shutterstock.com

Alonso Hidalgo, Fernando Patzy နှင့် Kaisa Toroskainen

# ပီရူးနိုင်ငံ၊ အဓိက အချက်အလက်များ (၂၀၁၅)



**လူဦးရေ**

၃၁.၄ သန်း[၁]

**တစ်ဦးချင်း ပြည်တွင်း အသားတင်ထုတ်လုပ်မှု (PPP)**

$ ၁၂၅၀၀[၂]

**အဓိက သဘာဝ သယံဇာတ**

ရေနံ၊ ဓာတ်ငွေ့၊ ကြေးနီ၊ ငွေ၊ ရွှေ

**ပြည်တွင်း အသားတင်ထုတ်လုပ်မှု (GDP) တွင် သယံဇာတမှ ရရှိသော အကျိုးအမြတ်များ၏ ရာခိုင်နှုန်း**

၉[၃]

**နိုင်ငံရေးစနစ်**

သမ္မတ ကိုယ်စားလှယ်
ဒီမိုကရက်တစ် သမ္မတ


**အာဏာရ ပါတီများ**

Peruanos Por el Kambio (PKK)

**အတိုက်အခံ ပါတီများ**

Fuerza Popular (FP)
Frente Amplio (FA)
Acción Popular (AP)
Alianza Para El Progreso (APP)
Célula Parlamentaria Aprista (APRA)[၄]

**ပို့ကုန်ဝေစုများ (၂၀၁၃ ခုနှစ်)[၅]**




၁ "DataBank 2015: Population, total," World Bank (2015)၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကြည့်ရှုခဲ့သည်။ http://data.worldbank.org/indicator/SP.POP.TOTL.

၂ "DataBank 2015: GDP per capita (current US$)," World Bank (2015)၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကြည့်ရှုခဲ့သည်။ http://data.worldbank.org/indicator/NY.GDP.PCAP.PP.CD.

၃ "DataBank 2015: Total natural resource rents (% of GDP)," World Bank (2015)၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကြည့်ရှုခဲ့သည်။ http://data.worldbank.org/indicator/NY.GDP.TOTL.RT.ZS.

၄ ပီရူးနိုင်ငံ ကွန်ဂရက် http://www.congreso.gob.pe/eng/?K=371

၅ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် http://data.worldbank.org/indicator/TX.VAL.FUEL.ZS.UN ၌ ကြည့်ရှုခဲ့သည့် "DataBank 2015: Fuel exports as % of merchandise exports," World Bank (2015) နှင့် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် http://data.worldbank.org/indicator/TX.VAL.MMTL.ZS.UN ၌ ကြည့်ရှုခဲ့သည့် "DataBank 2015: Ores and metals exports as % of merchandise exports," World Bank (2015)

# နိုင်ငံအလိုက် လေ့လာမှု – ပီရူးနိုင်ငံ

# ဓာတ်ငွေ့ဆိုင်ရာ လုပ်ငန်းသဘောတူညီမှုများ ပြန်လည်ညှိနှိုင်းခြင်းနှင့်ပတ်သက်၍ ရွေးကောက်ခံ သမ္မတလောင်းများအကြား သဘောထား ကွဲလွဲနေခဲ့

## နိုင်ငံရေးစနစ်

ပီရူးနိုင်ငံသည် သမ္မတကိုယ်စားလှယ် ဒီမိုကရက်တစ် သမ္မတနိုင်ငံ (Presidential Representative Democratic Republic) ဖြစ်ပြီး ပါတီစုံ စနစ်နှင့် ခုံနေရာပေါင်း ၁၃၀ ရှိသော ဥပဒေပြုရေး လွှတ်တော်တစ်ရပ်တည်း ရှိပါသည်။ ပီရူးနိုင်ငံ၏ သမ္မတကို ငါးနှစ်တစ်ကြိမ် ရွေးချယ်ပြီး သမ္မတတစ်ဦးက တစ်ကြိမ်သာလျှင် တာဝန်ထမ်းဆောင်ခွင့် ရှိပါသည်။ ပီရူးနိုင်ငံ၏ အဓိကပါတီများ[၁၀၃]တွင် ၂၀၁၄ ခုနှစ်တွင်တည်ထောင်ခဲ့သော အတန်အသင့် လက်ယာယိမ်းသည့် နိုင်ငံရေးပါတီတစ်ခုဖြစ်သော Peruanos por el Kambio (PPK) ပါဝင်ပါသည်။ စီးပွားရေး ပညာရှင်တစ်ဦးလည်းဖြစ် ပီရူးနိုင်ငံ၏ ရွေးကောက်ခံ သမ္မတ တစ်ဦးလည်းဖြစ်သော PPK ပါတီ တည်ထောင်သူ Pedro Pablo Kuczynski သည် ဤလေ့လာမှုတွင် သုံးသပ်ထားသော အငြင်းပွားမှု ဖြစ်ပွားခဲ့သည့် ဓာတ်ငွေ့သိုက် သဘောတူစာချုပ်များ ရေးထိုးခဲ့စဉ်က ဘဏ္ဍာရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။[၁၀၄] ၁၉၈၀ ပြည့်နှစ်များ မတိုင်ခင်အထိ ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံမှုရရှိခဲ့သည့် အတန်အသင့် လက်ဝဲယိမ်းသော နိုင်ငံရေးပါတီအဖြစ် ၁၉၅၆ ခုနှစ်တွင် တည်ထောင်ခဲ့သည့် Acción Popular (AP) ပါတီသည် ထိုစဉ်ကတည်းက ထောက်ခံမှု ကျဆင်းလာပြီး အတန်အသင့် လက်ယာယိမ်းသော ပါတီတစ်ခုအဖြစ်သို့ ပြောင်းလဲလာခဲ့ပါသည်။ Fuerza Popular (FP) ပါတီသည် ယခင် သမ္မတဟောင်း Alberto Fujimori ၏ သမီးဖြစ်သူ Keiko Fujimori ဦးဆောင်သော လက်ယာယိမ်းသည့် နိုင်ငံရေးပါတီတစ်ခုဖြစ်ပြီး ထိုသမ္မတဟောင်းသည် အဂတိလိုက်စားမှုနှင့် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သော ရာဇဝတ်မှုများကြောင့် လက်ရှိ အကျဉ်းကျနေပါသည်။ နောက်ဆုံးတွင် လက်ဝဲယိမ်းသော ပါတီများနှင့် အရပ်ဘက် လူ့အဖွဲ့အစည်း လှုပ်ရှားရေးအဖွဲ့များ ပါဝင်သော ညွန့်ပေါင်း ပါတီတစ်ခုဖြစ်သည့် Frente Amplio (FA) ကို ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပါသည်။

## သယံဇာတ ကြွယ်ဝမှုများနှင့် အုပ်ချုပ်မှု

သတ္တုတွင်းလုပ်ငန်းနှင့် ဟိုက်ဒရိုကာဗွန် ကဏ္ဍသည် ပီရူးနိုင်ငံတွင် ရှည်လျားသော သမိုင်းကြောင်း ရှိပါသည်။ နိုင်ငံ၏ အလယ်ပိုင်း Ucayali ဒေသများနှင့် ပီရူးနိုင်ငံ တောင်ပိုင်းရှိ Cusco မြို့ကြားတွင် တည်ရှိသော Camisea ဒေသတွင် နိုင်ငံ၏ အကြီးမားဆုံး ဓာတ်ငွေ့သိုက် တည်ရှိပါသည်။ ပီရူးနိုင်ငံ၏ တန်ဖိုးအရှိဆုံး သဘာဝ သယံဇာတ ပိုင်ဆိုင်မှုများထဲမှ တစ်ခုဖြစ်သော်လည်း အဆိုပါ ဓာတ်ငွေ့စီမံကိန်းကို ၁၉၈၄ ခုနှစ်တွင် စတင် တွေ့ရှိခဲ့ကတည်းက အကောင်အထည်ဖော်ရန် နှစ်ပေါင်း ၂၀ နီးပါး ကြာမြင့်ခဲ့ပါသည်။ မကြာသေးမီနှစ်များ၌ အဆိုပါ Camisea ဓာတ်ငွေ့သိုက်၏ အနာဂတ်သည် ပီရူးနိုင်ငံမှ ဓာတ်ငွေ့တင်ပို့မှုများ ပြုလုပ်မည့် နိုင်ငံနှင့်ပတ်သက်၍ ငြင်းခုံမှုကို စတင်ဖြစ်ပေါ်လာစေခဲ့ပါသည်။ ပို့ကုန်ဆိုင်ရာ သဘောတူညီမှုတွင် ပီရူးအစိုးရ၏ အခန်းကဏ္ဍအပြင် အစိုးရနှင့် သယံဇာတတူးဖော်ရေး ကုမ္ပဏီများကြား လုပ်ငန်းသဘောတူညီမှုများ၏ သဘောသဘာဝကို ပီရူးပြည်သူများက အားနည်းချက် အဖြစ် ပို၍ မြင်လာကြပါသည်။ ရလဒ်အနေဖြင့် စွမ်းအင်ဆိုင်ရာ မူဝါဒများသည် ရွေးကောက်ပွဲဆိုင်ရာ ငြင်းခုံဆွေးနွေးမှုများတွင် အဓိက ဆွေးနွေးသော အကြောင်းအရာတစ်ရပ် ဖြစ်လာသဖြင့် ၂၀၁၆ ခုနှစ်

---

၁၀၃။ ဤလေ့လာမှုတွင် ဖော်ပြမထားသော အခြားပါတီနှစ်ခုဖြစ်သော Partido Aprista Peruano (APRA) နှင့် Alianza por el Progreso (APP) တို့ကလည်း ဤသက်တမ်းအတွင်း လွှတ်တော်အတွင်း ကိုယ်စားပြုပါဝင်ခွင့် ရရှိခဲ့ပါသည်။ ၎င်းတို့၏ မဲဆွယ်စည်းရုံးမှုသည် ၎င်းတို့၏သမ္မတအဖြစ် ရွေးကောက်ခံရန် ဝင်ရောက်ယှဉ်ပြိုင်သော ကိုယ်စားလှယ်များ၏ ပုဂ္ဂိုလ်ရေး သိက္ခာကျဖွယ် ဖြစ်ရပ်များကြောင့် ထိခိုက်ခဲ့ရပြီး ၎င်းတို့၏ မဲဆွယ် စည်းရုံးမှုများတွင် စွပ်စွဲမှုပေါင်းများစွာကို ပြန်လည်ခုခံ ချေပနေခဲ့ရပါသည်။ ထို့ကြောင့် ဓာတ်ငွေ့ဆိုင်ရာ မူဝါဒနှင့်ပတ်သက်၍ ပညာရပ်ဆန်သော အဆိုပြုချက်များ ၎င်းတို့အနေဖြင့် ပြုလုပ်နိုင်စွမ်းအပေါ် အကန့်အသတ် ဖြစ်ခဲ့ပါသည်။

၁၀၄။ ထိုပါတီသည် ၎င်းတို့၏ ခေါင်းဆောင်ဖြစ်သော Pedro Pablo Kuczynski နှင့် ရှေ့စာလုံးများ တူညီစေရန် "Kambio" ဟူသော စကားလုံးကို တမင်တကာ "K" ဖြင့် ရေးသားထားခြင်း ဖြစ်သည်။

ရွေးကောက်ပွဲဆိုင်ရာ ယှဉ်ပြိုင်မှုတွင် ပါဝင်ခဲ့သော ပါတီအားလုံးက ဤကိစ္စရပ်နှင့်ပတ်သက်၍ ၎င်းတို့၏ ရပ်တည်မှုများကို ထုတ်ဖော်ခဲ့ပါသည်။ ဤလေ့လာမှုတွင် သဘာဝဓာတ်ငွေ့ဆိုင်ရာ ကိစ္စရပ်များနှင့် ထိုကိစ္စရပ်များ ဖြစ်ပေါ်လာသော လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သမ္မတအဖြစ် ရွေးကောက်ခံ ကိုယ်စားလှယ်များနှင့် ၎င်းတို့၏ ပါတီများက ရွေးချယ်ခဲ့သော ရပ်တည်မှုများကို လေ့လာသုံးသပ်ထားပါသည်။

## ဖွဲ့စည်းပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများက Camisea ဓာတ်ငွေ့သိုက်အား အသုံးချမည့် လမ်းကို ဖောက်ပေး

၁၉၈၀ ပြည့်နှစ်များ နှင့် ၁၉၉၀ ပြည့်နှစ်၏ အစောပိုင်းနှစ်များအတွင်း အစိုးရ နှင့် Royal Dutch Shell ကုမ္ပဏီအကြား ပြင်းပြင်းထန်ထန် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့သော်လည်း Camisea ဓာတ်ငွေ့သိုက်ကို တူးဖော်ရန် လိုင်စင်ချပေးခြင်းဆိုင်ရာ သဘောတူညီချက်များသည် ကနဦးတွင် ပီရူးနိုင်ငံ၏ အားနည်းသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပတ်ဝန်းကျင်ကြောင့် လက်မှတ်မထိုးနိုင်ဘဲ ရှိနေခဲ့ပါသည်။ ဟိုက်ဒရိုကာဗွန် ဥပဒေအသစ်တွင် ပိုင်ဆိုင်မှုဆိုင်ရာ အခွင့်အရေးများ စနစ်အပေါ် ကြီးမားသော ဖွဲ့စည်းပုံဆိုင်ရာ ပြောင်းလဲမှုများကို စတင်မိတ်ဆက်ပေးခဲ့သော ၁၉၉၀ ပြည့်နှစ် အလယ်ပိုင်းရောက်မှသာ လျှင် Camisea ၌ စီးပွားဖြစ်လုပ်ငန်းများ စတင်ခဲ့ပါသည်။ ထိုဥပဒေတွင် ဟိုက်ဒရိုကာဗွန် ဆိုင်ရာ အေဂျင်စီ အသစ်တစ်ခုဖြစ်သော Perupetro အား ပိုင်ဆိုင်မှုဆိုင်ရာ အခွင့်အရေးများ အားလုံးကို လိုင်စင်ရရှိထားသူများထံ လွှဲပြောင်းခွင့် ပေးထားပြီး စမ်းသပ်ရှာဖွေခြင်း နှင့် လုပ်ငန်းလုပ်ကိုင်မှုဆိုင်ရာ လိုင်စင်များကို သယ်ယူပို့ဆောင်ရေးနှင့် ဖြန့်ဖြူးရေး သဘောတူစာချုပ်များမှ သီးခြား ခွဲထုတ်ပေးခဲ့ပါသည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရန်နှင့် နိုင်ငံတော်၏ ဝင်ငွေများကို ရရှိစေရန် အစိုးရသည် ဓာတ်ငွေ့လုပ်ငန်းကဏ္ဍအတွက် သီးခြား စည်းမျဉ်းများ ဖန်တီးပေးခဲ့ကာ ခိုင်ကြေးများကို ရေနံဈေးများနှင့်အညီ သတ်မှတ်၍ ယှဉ်ပြိုင်မှုကို အားပေးရန် ဓာတ်ငွေ့ဈေးကွက်တွင် နိုင်ငံတော်အား ဝင်ရောက်လုပ်ကိုင်ခြင်းမှ ကန့်သတ်ခဲ့ပါသည်။[၁၀၅] ဈေးပြိုင်တင်သွင်းခြင်း ကိစ္စရပ်များအတွက် Camisea ဓာတ်ငွေ့သိုက်ကို လုပ်ကွက်နှစ်ကွက် ခွဲခဲ့ပြီး ထိုလုပ်ကွက်နှစ်ကွက်မှာ ပြည်တွင်းစွမ်းအင် လိုအပ်ချက်များကို ဖြည့်ဆည်းရန် (အကြီးဆုံးဖြစ်သော) လုပ်ကွက် ၈၈ နှင့် တင်ပို့ရန်အတွက် ပိုမိုသေးငယ်သော လုပ်ကွက် ၅၆ တို့ ဖြစ်ပါသည်။ ထိုလုပ်ကွက်များ၏ စည်းကမ်းချက်များနှင့်ပတ်သက်၍ အဓိက ကွာခြားချက်မှာ ဈေးနှုန်း ဖြစ်ပါသည်။ Shell ကုမ္ပဏီက လုပ်ကွက် ၅၆ မှ ထွက်ရှိသော LNG ကို U.S. Henry Hub ပေါက်ဈေးဖြင့် မက္ကဆီကို နိုင်ငံသို့ ရောင်းချပါသည်။ အမေရိကန် ပြည်ထောင်စုတွင် ၂၀၁၀–၂၀၁၅ ခုနှစ်မှစ၍ အနယ်ကျကျောက်မှ ထွက်ရှိသော ဓာတ်ငွေ့ (Shale Gas) ကို ဈေးကွက်သို့ အမြောက်အများ သွင်းလာသဖြင့် Henry Hub ဈေးနှုန်းများ ထိုးကျခဲ့ပါသည်။[၁၀၆] ထိုဈေးနှုန်းကျဆင်းမှုကြောင့် ပီရူးနိုင်ငံ အစိုးရသို့ပေးသော ခိုင်ကြေးများအပေါ် ဆိုးရွားသော တိုက်ရိုက်သက်ရောက်မှုများ ရှိလာခဲ့သည်။ လုပ်ကွက် ၈၈ ၏ ဈေးနှုန်းကို (အကွက် ၂.၅ တွင် ဖော်ပြထားသည့်အတိုင်း) ပြည်တွင်းဈေးကွက်အတွက် ပုံသေ သတ်မှတ်ထားပြီး လက်တွေ့တွင် ၎င်း၏ တစ်စိတ်တစ်ပိုင်းကို ကျဆင်းခဲ့သော ဈေးနှုန်းဖြင့် တင်ပို့မှုများ ပြုလုပ်ခဲ့ပါသည်။

ဈေးနှုန်းများ ကျဆင်းမှုကြောင့် ပီရူးနိုင်ငံမှ မက္ကဆီကိုနိုင်ငံသို့ တင်ပို့မှု ဈေးနှုန်းကို ပြန်လည်ညှိနှိုင်းခြင်းနှင့်ပတ်သက်၍ ငြင်းခုံမှု စတင်ဖြစ်ပေါ်လာခဲ့ပါသည်။ သို့သော် သဘောတူညီမှုကို ပီရူးနိုင်ငံနှင့် မက္ကဆီကိုနိုင်ငံအကြား ပြုလုပ်ထားသည်မဟုတ်ဘဲ Shell ကုမ္ပဏီနှင့် မက္ကဆီကို အစိုးရကြား ပြုလုပ်ထားသောကြောင့် ထိုသို့ ပြန်လည်ညှိနှိုင်းရန် ခက်ခဲခဲ့ပါသည်။[၁၀၇]

၁၀၅။ ဥပဒေ ၂၇၃၃၃

၁၀၆။ Financial Times က ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် ရေးသားသော “The US shale revolution,” https://www.ft.com/content/2ded7416-e930-11e4a71a-00144feab7de.

၁၀၇။ Peru Reports က ၂၀၁၆ ခုနှစ်၊ မတ်လတွင် ရေးသားခဲ့သည့် ‘‘Camisea သဘာဝဓာတ်ငွေ့ – ပီရူးနိုင်ငံ၏ နိုင်ငံရေး ဘောလုံးပွဲ (Camisea natural gas: Peru’s political football)’’ http://perureports.com/2016/03/28/camisea-natural-gas-perus-political-football.

## Camisea ဓာတ်ငွေ့ဆိုင်ရာ သဘောတူညီချက်ကို ပြန်လည်ညှိနှိုင်း ဆွေးနွေးခြင်းက ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်တစ်ခု ဖြစ်လာ

Camisea သဘောတူညီမှုများနှင့် ပတ်သက်၍ ငြင်းခုံမှုသည် AP ပါတီက သမ္မတလောင်း Alejandro Toledo ၏ ယခင်အစိုးရအဖွဲ့ (၎င်း၏ ယခင် ဘဏ္ဍာရေးဝန်ကြီးနှင့် လက်ရှိသမ္မတ Kuczynski အပါအဝင်) ကို ပီရူးနိုင်ငံသားများအတွက် နစ်နာစေသော သဘောတူညီမှုကို ပြုလုပ်ခဲ့ကြောင်း အပြစ်တင်ခဲ့ခြင်းမှ စတင်လာခဲ့ပါသည်။

### အကွက် ၂.၅
### ပီရူးနိုင်ငံ၏ Camisea ဓာတ်ငွေ့သဘောတူညီချက်များ ပြောင်းလဲလာပုံ

လုပ်ကွက် ၈၈ ၏ စမ်းသပ်ရှာဖွေမှု၊ ထုတ်လုပ်မှုနှင့် သယ်ယူပို့ဆောင်မှု အဆင့်များအတွက် ဈေးပြိုင်တင်သွင်းခြင်းသည် ၂၀၀၀ ခုနှစ်တွင် အပြီးသတ် ဖြစ်ခဲ့ပါသည်။ Camisea Consortium နှင့် Transportadora de Gas del Perú (TPG) တို့က အဆိုပါ ဈေးပြိုင်တင်သွင်းမှုများကို အနိုင်ရရှိခဲ့ပါသည်။ ထို့နောက် Camisea ၏ ဒုတိယအဆင့်ဖြစ်သော လုပ်ကွက် ၅၆ အတွက် ဈေးပြိုင်တင်သွင်းမှုကို ၂၀၀၄ ခုနှစ်တွင် စတင်ခဲ့ပါသည်။ လုပ်ကွက် ၈၈ ၏ ဓာတ်ငွေ့သိုက်များသည် ပြည်တွင်းလိုအပ်ချက်အတွက် လုံလောက်သည်ဟု ယူဆထားပြီး လုပ်ကွက် ၅၆ ကို တင်ပို့မှုအတွက် ရည်ရွယ်ခဲ့ပါသည်။ သို့သော် လုပ်ကွက် ၅၆ ကို သေချာစွာ စမ်းသပ်ရှာဖွေခြင်း မပြုရသေးသည့်အတွက် ၎င်း၏ အလားအလာနှင့်ပတ်သက်၍ ရှင်းလင်းစွာ မသိရှိခဲ့ကြပါ။ လုပ်ကွက် ၅၆ ၏ ဓာတ်ငွေ့သိုက်များနှင့်ပတ်သက်၍ မရေရာမှုများကြောင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများက ဈေးပြိုင်တင်သွင်းခြင်း လုပ်ငန်းစဉ်တွင် ပါဝင်လျှောက်ထားရန် ဓာတ်ငွေ့သိုက်များသည် ၄.၅ ထရီလီယံ ကုဗပေရှိကြောင်း အထောက်အထား ပြနိုင်မှသာ ဈေးပြိုင်တင်သွင်းခြင်း လုပ်ငန်းစဉ်တွင် ပါဝင်လျှောက်ထားမည်ဟု တောင်းဆိုခဲ့သော်လည်း အစိုးရက ၂ ထရီလီယံ ကုဗပေအထိသာ အာမခံပေးနိုင်ခဲ့ပါသည်။ အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရန် အစိုးရအနေဖြင့် လုပ်ကွက် ၅၆ တွင် စမ်းသပ်တိုင်းတာမှုများ မပြီးဆုံးခင်အထိ ပြည်တွင်း အသုံးပြုမှုအတွက် ရည်ရွယ်ထားသော လုပ်ကွက် ၈၈ မှ ၂.၄ ထရီလီယံ ကုဗပေကို ထပ်မံ၍ အာမခံပေးခဲ့ပါသည်။

၎င်းစမ်းသပ်တိုင်းတာမှုအဆင့် အပြီးသတ်သောအခါတွင် လုပ်ကွက် ၅၆ သည် ပြည်ပသို့ တင်ပို့ရန်အတွက် သယ်ယူပို့ဆောင်ရေး ပိုက်လိုင်း တည်ဆောက်ရန် ဘဏ္ဍာရေးဆိုင်ရာ ဖြစ်မြောက်နိုင်စွမ်းအတွက် လိုအပ်သည့် ၄.၅ ထရီလီယံ ကုဗပေ မရှိကြောင်း ရှင်းလင်းစွာ သိရှိခဲ့ရပါသည်။ ရလဒ်အနေဖြင့် အစိုးရက လုပ်ကွက် ၈၈ မှ ဓာတ်ငွေ့ကို ပြည်ပသို့ တင်ပို့မှုအတွက် ဆက်လက် သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ပါသည်။ Camisea Consortium နှင့် TPG ၏ တူညီသော အဖွဲ့ဝင်များက အများစု ပိုင်ဆိုင်သည့် Peru LNG ကုမ္ပဏီသည် ဓာတ်ငွေ့အား အရည်သို့ ပြောင်းလဲသော စက်ရုံများ တည်ဆောက်ရန်နှင့် လည်ပတ်လုပ်ကိုင်ရန် ဈေးပြိုင်တင်သွင်းခြင်း လုပ်ငန်းစဉ်တွင် အနိုင်ရရှိခဲ့ပါသည်။ လုပ်ကွက် ၅၆ မှ ဓာတ်ငွေ့ကို ပြည်ပသို့ တင်ပို့ခြင်းအတွက် စုစုပေါင်း သဘောတူညီမှု လေးခုကို လက်မှတ်ရေးထိုးခဲ့ပါသည် –

- ပီရူးနိုင်ငံ အစိုးရက လုပ်ကွက် ၅၆ တွင် စမ်းသပ်တိုင်းတာခြင်း၊ တူးဖော်ခြင်းနှင့် လုပ်ငန်းလုပ်ကိုင်ခြင်းအတွက် Perupetro မှတဆင့် Camisea Consortium နှင့် လိုင်စင်ဆိုင်ရာ သဘောတူညီမှုတစ်ခုကို လက်မှတ်ရေးထိုးခဲ့ပါသည်။
- Camisea Consortium က သဘာဝဓာတ်ငွေ့အား အရည်အဖြစ်ပြောင်းလဲခြင်းနှင့် သိုလှောင်ခြင်းအတွက် Peru LNG နှင့် ဆင့်တက်ပြုပြင်မှုဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။
- Peru LGN က Shell နှင့် သဘောတူညီမှုတစ်ခုကို လက်မှတ်ရေးထိုးခဲ့ပြီး (၂၀၁၃ ခုနှစ်မှစ၍ Repsol နှင့်) သဘောတူညီမှုတစ်ခုကို လက်မှတ်ရေးထိုးခဲ့ကာ Repsol သည် နိုင်ငံခြားဈေးကွက်များတွင် ဓာတ်ငွေ့ အရောင်းအဝယ်လုပ်သော ဝယ်လက် (Off Taker) ဖြစ်သည်။
- ဝယ်လက်ဖြစ်သော Shell က လုပ်ကွက် ၅၆ မှ ထုတ်လုပ်သော LNG ၏ ၇၂ ရာခိုင်နှုန်းကို မက္ကဆီကိုနိုင်ငံသို့ တင်ပို့ရန် (ဖက်ဒရယ် လျှပ်စစ်ကော်မရှင်မှတဆင့်) မက္ကဆီကိုအစိုးရနှင့် သဘောတူညီမှုတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

၂၀၁၆ ခုနှစ်၊ မတ်လတွင် ထုတ်ပြန်ခဲ့သော ကြေညာချက်တစ်ခု၌ Alfredo Barnechea က အဆိုပါ လုပ်ငန်းဆိုင်ရာ သဘောတူညီချက်အား ပြန်လည်ညှိနှိုင်းလို့ ရသင့်ကြောင်းကို ''နိုင်ငံတကာ သဘောတူစာချုပ်များ အပါအဝင် သဘောတူစာချုပ် အားလုံးကို ပြန်လည်ပြင်ဆင်လို့ ရပါတယ်။ အခြေအနေတွေ ပြောင်းလဲလာတဲ့အခါမှာ သဘောတူစာချုပ်တိုင်းကို ပြန်လည်ပြင်ဆင်နိုင်ပြီး အထူးသဖြင့် Mr. Toledo နှင့် Mr. Kuczynski တို့ စိတ်ကြိုက် ရွေးချယ်/ချပေးခဲ့တဲ့ ဤအလိမ်အညာ စာချုပ်တွေဆိုရင် ပိုလို့တောင် ပြင်ဆင်နိုင်ပါတယ်''[၁၀၈] လို့ အကြံပြုခဲ့ပါသည်။ Barnechea က ထိုသို့ ထုတ်ဖော်ပြောဆိုမှုများ ပြုလုပ်ခဲ့သော်လည်း AP ပါတီအတွင်း၌ ပြန်လည်ညှိနှိုင်းမှုကို မည်သို့ ဆက်လက်ဆောင်ရွက်ကြမည်နှင့်ပတ်သက်၍ သဘောတူညီမှု ရှိပုံမပေါ်ပါ။ စွမ်းအင်နှင့် သတ္တုတွင်း ဝန်ကြီးဟောင်းဖြစ်ပြီး AP ပါတီကလည်းဖြစ်သည့် Carlos Herrera Descalzi က ပိုမို သတိရှိခဲ့ပြီး ညှိနှိုင်းဆွေးနွေးမှု လုပ်ငန်းစဉ်တစ်ရပ်ကို ရင်းနှီးမြှုပ်နှံသူများအား အဆိုပြုခဲ့ပါသည်။ ၎င်းက ''(သဘောတူစာချုပ်တစ်ခု၏) စာချုပ်ဝင်တစ်ဖက်က နစ်နာတယ်လို့ ခံစားရတဲ့အခါ ၎င်းက အခြားစာချုပ်ဝင်အား ပြင်ဆင်ချက်တစ်ရပ် အဆိုပြုပါတယ်။ ဤလုပ်ငန်းစဉ်ကို ထိုရည်ရွယ်ချက်အတွက် သတ်မှတ်ထားသော နည်းလမ်း ယန္တရားများဖြစ်သည့် တိုက်ရိုက်ညှိနှိုင်းခြင်း၊ အနုညာတ စီရင်ဆုံးဖြတ်ခြင်း သို့မဟုတ် တရားစီရင်ရေး အဖွဲ့ထံ သွားရောက်ခြင်း နည်းလမ်းများမှတဆင့် ဖြေရှင်းပါသည်။ ထို့ပြင် နိုင်ငံတော်အစိုးရက စာချုပ်ဝင်တစ်ဦးဖြစ်ပါက အများပြည်သူဆိုင်ရာ ပစ္စည်းများ သို့မဟုတ် အကျိုးစီးပွားများ ပါဝင်လာပါသည်။ ထို့ကြောင့် ပြည်သူပိုင် ပစ္စည်းများအပေါ် သက်ရောက်မှုရှိသော သဘောတူစာချုပ်များနှင့်ပတ်သက်ပြီး နိုင်ငံတော်သည် လုပ်ပိုင်ခွင့်ရှိသည်သာမက ပြန်လည်ညှိနှိုင်းမှုတစ်ရပ်ကို တောင်းဆိုရန်နှင့် [သဘောတူစာချုပ်အား] ဖြစ်ပေါ်လာသော အခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် လုပ်ရန် ကိုယ်ကျင့်တရားဆိုင်ရာ တာဝန် ဝတ္တရားလည်း ရှိပါသည်။ ပြန်လည်ညှိနှိုင်း ဆွေးနွေးတယ်ဆိုတာ စည်းကမ်းတင်းကျပ်တာ သို့မဟုတ် နိုင်ငံတော်ပိုင်သိမ်းတာ မဟုတ်သလို ပြန်လည်သိမ်းယူတာလည်း ပိုလို့တောင် မဟုတ်ပါ။''[၁၀၉]

ငြင်းခုံဆွေးနွေးမှု ဆက်လက် ဖြစ်ပေါ်လာသည်နှင့်အမျှ Frente Amplio ညွန့်ပေါင်းအဖွဲ့က အမှန်တကယ် လိုင်စင်ဆိုင်ရာ သဘောတူစာချုပ်များအပေါ် အခြေခံ၍ ကုမ္ပဏီများထံ လက်ရှိ လွှဲပြောင်းထားသော ပိုင်ဆိုင်မှုဆိုင်ရာ အခွင့်အရေးများကို မေးခွန်းထုတ်ခဲ့ပါသည်။ ထိုပါတီက Camisea ဓာတ်ငွေ့ကို မည်သူပိုင်ဆိုင်ကြောင်းနှင့် ၁၉၉၀ ပြည့်နှစ်များတွင် ပြဋ္ဌာန်းခဲ့သော ဟိုက်ဒရိုကာဗွန် ဥပဒေများသည် ပီရူးနိုင်ငံ အစိုးရနှင့် ပြည်သူများအတွက် ကောင်းမွန်သော ကိစ္စရပ် ဟုတ်၊ မဟုတ်နှင့်ပတ်သက်၍ ငြင်းခုံဆွေးနွေးမှုကို စတင်ခဲ့ပါသည်။ FA ပါတီမှ အရွေးကောက်ခံ သမ္မတလောင်း တစ်ဦးဖြစ်သော Verónika Mendoza က Camisea သဘာဝဓာတ်ငွေ့ကို နိုင်ငံတော် ဖွံ့ဖြိုးရေးအတွက် အသုံးပြုခြင်းကို သူမ၏ မဲဆွယ်စည်းရုံးရေးတွင် အဓိက ကိစ္စရပ်တစ်ခုအဖြစ် ပြောကြားခဲ့ပါသည်။ FA ပါတီအတွက် ဓာတ်ငွေ့တင်ပို့မှုဆိုင်ရာ သဘောတူစာချုပ်များကို ပြန်လည်ညှိနှိုင်းခြင်းတွင် အော်ဂဲနစ် ဟိုက်ဒရိုကာဗွန် ဥပဒေ (၂၆၂၂၁) တွင် ပြဋ္ဌာန်းထားသော ပီရူးနိုင်ငံ၏ ဓာတ်ငွေ့မူဝါဒ တစ်ရပ်လုံးကို ပြောင်းလဲခြင်း ပါဝင်ပါသည်။ ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်စည်းရုံးမှုအစ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် သူမက ''ဓာတ်ငွေ့ကို တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် သုံးကို သုံးရမယ်၊ ကုမ္ပဏီ အနည်းငယ်က လုယူသွားဖို့ မဟုတ်ဘူး။ ပီရူးနိုင်ငံ တောင်ပိုင်း ဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ခြင်းဖြင့် Cusco မြို့သူ၊ မြို့သားများနှင့် တောင်ပိုင်းဒေသအနေဖြင့် စက်မှုကူးပြောင်းရေးနှင့် အလုပ်အကိုင် ဖန်တီးခြင်းတို့အတွက် ဤသယံဇာတကို အသုံးပြုခွင့် ရရှိစေမယ်''[၁၁၀] ဟု ပြောဆိုခဲ့သည်။

*ဓာတ်ငွေ့ဆိုင်ရာ ကိစ္စရပ်က အများပြည်သူဆိုင်ရာ ငြင်းခုံမှုတွင် အဓိက ကျလာသည်နှင့်အမျှ နိုင်ငံရေး ပါတီများကလည်း ၎င်းတို့၏ ရပ်တည်မှုများကို ပိုမိုကောင်းမွန်အောင် သတ်မှတ်ရန် ကြိုးပမ်းခဲ့ကြပါသည်။*

၁၀၈။ "Barrenechea arremete contra candidatos," La Razón, 3 March 2016, http://cronologiapoliticadelperu.org/2016/03/03/barrenechea-arremete-contra-candidatos/.

၁၀၉။ "Debate: ¿Es posible renegociar el contrato del gas de Camisea?" El Comercio, 4 March 2016, http://elcomercio.pe/opinion/colaboradores/debate-posible-renegociar-contrato-gas-camisea-noticia1883781?ref=flujo_tags_517047&ft=nota_3&e=titulo.

၁၁၀။ "Verónika Mendoza sobre Camisea: '¿Dónde está el bendito gas?' [VIDEO]" LaMula, 29 January 2016, https://redaccion.lamula.pe/2016/01/29/veronika-mendoza-sobre-camisea-donde-esta-el-bendito-gas-video/redaccionmulera.

အခြား အဓိကပါတီ နှစ်ခုဖြစ်သော Fuerza Popular နှင့် Peruanos por el Kambio တို့သည် ဓာတ်ငွေ့ကဏ္ဍအပေါ် ၎င်းတို့၏ ရပ်တည်မှုများနှင့်ပတ်သက်၍ တစ်သတ်မတ်တည်း မရှိခဲ့ကြပါ။ ဓာတ်ငွေ့ဆိုင်ရာ ကိစ္စရပ်သည် FP ပါတီ၏ (မူဝါဒ ကြေညာစာတမ်း) အစိုးရအဖွဲ့ စီမံကိန်း[၁၁၁] တွင် မပါဝင်ဘဲ[၁၁၂] FA ပါတီသည် ပုဂ္ဂလိက ပြည်တွင်းနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ပေးသော ကွန်ဆာဗေးတော့ဗ် ဖြစ်သည့် နိုင်ငံရေးပါတီတစ်ခု ဖြစ်ပါသည်။ ဤရှုထောင့်မှကြည့်လျှင် နိုင်ငံတွင်းရှိ အကြီးမားဆုံး ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများထဲမှ တစ်ခုအပေါ် မေးခွန်းထုတ်ခြင်းသည် ထို FA ပါတီ၏ ရွေးကောက်ပွဲဆိုင်ရာ မူလ အစီအစဉ်၏ တစ်စိတ်တစ်ဒေသ မဟုတ်ခဲ့ပါ။ သို့သော် ရွေးကောက်ပွဲ ဒုတိယအကျော့တွင် PPK ပါတီနှင့် ရင်ဆိုင်ရသောအခါ၌ FA ပါတီမှ ရွေးကောက်ခံ ကိုယ်စားလှယ်လောင်း Keiko Fujimori က PPK ပါတီ၏ ပုံရိပ်ကို ညှိုးနွမ်းစေရန် ဓာတ်ငွေ့ကိစ္စဖက်သို့ လှည့်လာခဲ့ကာ ''Kuczynski သည် ဓာတ်ငွေ့တွေကို 'အလကားနီးပါး ပေးပစ်ခဲ့ပါတယ်။' ကျွန်ုပ်တို့သည် တိုင်းပြည်၏ အကျိုးအတွက် သဘောတူစာချုပ်ကို စစ်ဆေးပြီး ပြန်လည်ညှိနှိုင်းပါမယ်။ [Kuczynski] က လုပ်ကွက် ၅၆ ကို တင်ပို့မှုအတွက် သီးသန့် သတ်မှတ်ခဲ့ပြီး ဥပဒေများကို ပြောင်းလဲ၍ လုပ်ကွက် ၈၈ ကိုပါ တင်ပို့ခဲ့သဖြင့် ကုန်သွယ်မှုကို အဆိုးဆုံးနည်းလမ်းဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ အပေါ်ဆုံးဈေးကို ရည်ညွှန်းဈေးနှုန်းအဖြစ် အသုံးပြုခဲ့တယ်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဓာတ်ငွေ့တွေကို ၎င်းက အလကားနီးပါး ပေးပစ်ခဲ့ပြီး ကျွန်ုပ်တို့အနေဖြင့် တိုင်းပြည်၏ အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားလျက် သဘောတူစာချုပ်ကို စစ်ဆေး၍ ပြန်လည်ညှိနှိုင်းပါမယ်။''ဟု ပြောခဲ့ပါသည်။[၁၁၃]

PPK ပါတီမှ Kuczynski သည် ၎င်း၏ သမ္မတရွေးကောက်ပွဲ၌ ဓာတ်ငွေ့ဆိုင်ရာ ကိစ္စရပ်နှင့်ပတ်သက်၍ မေးခွန်းထုတ်ခံရသောအခါ တုံ့ပြန်ခဲ့ရပါသည်။ ၂၀၁၆ ခုနှစ်၊ ဧပြီလတွင် ၎င်းက အဆိုပါ စီမံကိန်းကို ဓာတ်ငွေ့ထုတ်လုပ်မှု ပို၍ များမည်ဟု ယူဆ၍ မူလတွင် အကောင်အထည် ဖော်ခဲ့သော်လည်း ထိုစဉ်ကတည်းက ''စွမ်းအင်မူဘောင် ပြောင်းလဲသွားပြီ ဖြစ်ပြီး ကုန်ကြမ်းဈေးနှုန်းများလည်း ကျဆင်းသွားပြီဖြစ်ကာ အထူးသဖြင့် သဘာဝဓာတ်ငွေ့ ဈေးလည်း ကျဆင်းသွားပြီ ဖြစ်ပါသည်''ဟု ပြောခဲ့ပါသည်။ နောက်ထပ် မေးမြန်းခံရသည့်အခါတွင် ၎င်းက နေအိမ်များတွင် သဘာဝဓာတ်ငွေ့ သုံးစွဲမှုကို မြှင့်တင်ရန် တောင်ပိုင်း ပိုက်လိုင်းများ တည်ဆောက်ခြင်းဖြင့် ပြည်တွင်းသုံးစွဲမှုကို တိုးချဲ့ခြင်းမှာ ၎င်း၏ ဦးစားပေး ကိစ္စရပ် ဖြစ်ကြောင်းကို ''ကျွန်ုပ်တို့၏ အစိုးရက ဖြစ်အောင် လုပ်ပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ပြည်တွင်းဓာတ်ငွေ့ ဆက်သွယ်ရေး ပိုက်လိုင်းများ တည်ဆောက်မှုကို ငွေကြေးပံ့ပိုးပေး၍ ပီရူးနိုင်ငံသားများအတွက် ဈေးအသက်သာဆုံး ဓာတ်ငွေ့ကို သုံးစွဲနိုင်ပါလိမ့်မယ်''ဟု ပြောခဲ့ပါသည်။[၁၁၄]

PPK ပါတီနှင့် FA ပါတီတို့၏ ရပ်တည်မှုများအကြား ကွာခြားချက်မှာ ပထမတစ်ခုတွင် ဓာတ်ငွေ့သိုက်များသည် ပြည်တွင်းနှင့် ပြည်ပဝယ်လိုအား နှစ်ခုလုံးကို ဖြည့်ဆည်းပေးသော ဓာတ်ငွေ့ထုတ်လုပ်မှု ရရှိရန် လုံလောက်လိမ့်မည်ဟု ယူဆထားခြင်း ဖြစ်ပါသည်။ ဆန့်ကျင်ဘက်အားဖြင့် FA ပါတီက ဓာတ်ငွေ့တင်ပို့မှုဆိုင်ရာ သဘောတူညီမှုသည် ပီရူးနိုင်ငံကို အကျိုးမပြုဘဲ ဓာတ်ငွေ့ထုတ်လုပ်မှုကို ပြည်တွင်းသုံးစွဲမှုအတွက် ပြန်လည်သတ်မှတ်ပေးသင့်ကာ ထိုသို့ သတ်မှတ်ပေးခြင်းဖြင့် တိုင်းပြည်၏ စွမ်းအင်လိုအပ်ချက်၏ ပိုမိုကြီးမားသော အစိတ်အပိုင်းကို ဖြည့်ဆည်းပေးနိုင်မည်ဟု ယူဆပါသည်။

၁၁၁။ အစိုးရအဖွဲ့ စီမံကိန်း သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ မူဝါဒ ကြေညာစာတမ်းသည် သမ္မတ ရွေးကောက်ပွဲတွင် ပါဝင်လိုသည့် ပီရူးနိုင်ငံမှ မည်သည့်ပါတီအတွက်မဆို လိုအပ်သော သတ်မှတ်ချက်တစ်ခု ဖြစ်ပါသည်။ ထိုစာတမ်းတွင် ပါတီများက အစိုးရအဖွဲ့အတွက် ရွေးကောက်ခံရပါက အကောင်အထည်ဖော်မည့် ၎င်းတို့၏ မူဝါဒများကို ဖော်ပြကြပါသည်။ လက်တွေ့တွင် အချို့သောပါတီများက PPK နှင့် FA ပါတီများ၏ ၂၀၁၆ ခုနှစ် အစိုးရအဖွဲ့ စီမံကိန်းများကဲ့သို့သော ပညာရပ်ဆန်သည့် စာတမ်းများ တင်သွင်းသော်လည်း အခြားပါတီများက တင်သွင်းသော စာတမ်းများမှာ ထိုမျှလောက် တိတိကျကျ မရှိခဲ့ပါ။

၁၁၂။ Keiko Sofía Fujimori Higuchi. "El Plan de Gobierno de Fuerza Popular representa un compromiso con el futuro del Perú," Plan Perú, http://keikofujimori.pe/#yt_spotlight7.

၁၁၃။ "Keiko Fujimori 'PPK regaló el gas de Camisea' (VIDEO)" Correo, 18 May 2016, http://diariocorreo.pe/edicion/arequipa/keiko-fujmori-ppk-regalo-el-gas-video-673543.

၁၁၄။ "PPK: 'Renegociaré el contrato de exportación del gas de Camisea,'" Inforegion, 20 March 2016, http://www.inforegion.pe/219613/ppk-renegociare-el-contrato-de-exportacion-del-gas-de-camisea.

ဓာတ်ငွေ့ကိစ္စသည် အများပြည်သူဆိုင်ရာ ငြင်းခုံဆွေးနွေးမှုတွင် အဓိက ကျလာသည်နှင့်အမျှ နိုင်ငံရေးပါတီများက ၎င်းတို့၏ ရပ်တည်မှုများကို ပိုမိုကောင်းမွန်စွာ သတ်မှတ်ရန် ကြိုးပမ်းခဲ့ကြပါသည်။ သို့သော်လည်း နောက်ဆုံး ထွက်ရှိလာခဲ့သော ရပ်တည်မှုများမှာ ကွဲပြားခဲ့ပါသည်။ အစကတည်းက FA ပါတီသည် ဓာတ်ငွေ့တင်ပို့မှု ဆက်လက်ဆောင်ရွက်ခြင်းကို ဆန့်ကျင်ခဲ့ပြီး တင်ပို့မှုများကို ရပ်ဆိုင်းထားရန်နှင့် ဓာတ်ငွေ့ကို ပြည်တွင်းသုံးစွဲမှုနှင့် စက်မှု ကူးပြောင်းရေးအတွက် လမ်းကြောင်း ပြန်ပြောင်းရန် မက္ကဆီကိုနိုင်ငံနှင့် ချုပ်ဆိုထားသော စာချုပ်များကို ပြန်လည်ညှိနှိုင်းခြင်းကို အဆိုပြုခဲ့ပါသည်။ ထို့ပြင် FA ပါတီသည် လက်ရှိ တူးဖော်ရေး/ထုတ်လုပ်ရေး သဘောတူစာချုပ်များကို လိုင်စင်များမှ ဝန်ဆောင်မှုစာချုပ်များအဖြစ်သို့ ပြန်လည်ညှိနှိုင်းရန် အဆိုပြုခဲ့ပါသည်။ AP နှင့် FP ပါတီနှစ်ခုလုံးက အစိုးရသည် ဝယ်လက် (Shell) နှင့် မက္ကဆီကိုနိုင်ငံ၏ ဖက်ဒရယ် လျှပ်စစ်ကော်မရှင် (Federal Electricity Commission) အကြား ပြန်လည်ညှိနှိုင်းမှုများတွင် အဓိက အခန်းကဏ္ဍမှ တာဝန်ယူ ဆောင်ရွက်ရန် ပိုမို သတိရှိစွာဖြင့် အဆိုပြုခဲ့ပါသည်။ မူလရပ်တည်မှုအတိုင်း မပြောင်းလဲဘဲ ရှိနေခဲ့သော PPK ပါတီက ပြန်လည်ညှိနှိုင်းရန် လုံးဝ မစဉ်းစားဘဲ ပြည်တွင်းသုံးစွဲမှု မြှင့်တင်ရန် ထုတ်လုပ်မှု တိုးမြှင့်ခြင်းကို အဆိုပြုခဲ့ပါသည်။

## ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးခြင်းမှ မူဝါဒဆိုင်ရာ အစီအစဉ်များသို့

PPK ပါတီက ၂၀၁၆ ခုနှစ်၊ ဇွန်လ သမ္မတ ရွေးကောက်ပွဲများတွင် အနိုင်ရရှိခဲ့ပြီး လက်ရှိတွင် ရွေးကောက်ပွဲ၌ ပေးအပ်ခဲ့သော ကတိကို အကောင်အထည် ဖော်ပေးရန် ရှိနေပါသည်။ သို့သော် အစိုးရသည် တင်ပို့မှုဆိုင်ရာ သဘောတူစာချုပ်များကို ပြန်လည်ညှိနှိုင်းမည်၊ မညှိနှိုင်းမည်နှင့်ပတ်သက်၍ ပါတီ၏ ရပ်တည်မှုမှာ တိတိကျကျ မရှိခဲ့ဘဲ ၎င်းအစိုးရအဖွဲ့၏ စီမံကိန်းတွင်လည်း သဘောတူစာချုပ်များ ပြန်လည်ညှိနှိုင်းခြင်းကို ရည်ညွှန်း ဖော်ပြထားခြင်း မရှိပါ။ နိုင်ငံရေး လက်တွေ့အခြေအနေများသည် လွှတ်တော်ထဲတွင် တတိယအကြီးဆုံး ပါတီသာဖြစ်သော PPK ပါတီအစိုးရအဖွဲ့အား အခြားပါတီများနှင့် ပေါင်းကူးတံတားများ တည်ဆောက်ရန် အားပေးခဲ့ပါသည်။ ထို့ကြောင့် ပီရူးနိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်သော PPK ပါတီဝင် Fernando Zavala က ၎င်း၏ ရာထူး လက်ခံပြီးနောက် ပထမဆုံး မိန့်ခွန်းတွင် သဘောတူစာချုပ်များအား ပြန်လည်ညှိနှိုင်းမှုသည် ၎င်း၏ အုပ်ချုပ်မှုအောက်တွင် ဖြစ်ပေါ်လာမည်ဟု ကြေညာခဲ့ပါသည်။[၁၁၅] ဤပြန်လည်ညှိနှိုင်းမှုသည် AP ပါတီနှင့် FP ပါတီတို့၏ ရပ်တည်မှုများနှင့်အညီ တင်ပို့မှု ပမာဏများကို လျှော့ချရန်နှင့် ပိုမိုကောင်းမွန်သော ဈေးနှုန်းများ ရရှိစေရန်အလို့ငှာ ဖက်ဒရယ် လျှပ်စစ်ကော်မရှင်နှင့် Shell ကုမ္ပဏီတို့အကြား လက်ရှိ သဘောတူစာချုပ်ကို ပြင်ဆင်မည် ဖြစ်သောကြောင့် ဤသို့ ပြန်လည်ညှိနှိုင်းမှုသည် မက္ကဆီကိုနိုင်ငံနှင့် ပြုလုပ်ထားသော တိုက်ရိုက် နိုင်ငံရေး သဘောတူညီချက်အပေါ် သက်ရောက်လာနိုင်ဖွယ် အရှိဆုံးဖြစ်ပါသည်။ ၎င်း၏ စီးပွားရေးအရ လစ်ဗရယ် ဆန်သော အစိုးရအဖွဲ့သည် လက်ရှိ သဘောတူ စာချုပ်များကို ဝန်ဆောင်မှုဆိုင်ရာ စာချုပ်များအဖြစ်သို့ ပြောင်းလဲခြင်းဖြစ်သော နောက်ထပ် အဆင့်တစ်ဆင့်ကိုလည်း ဆောင်ရွက်ပြီး တူးဖော်ရရှိသော သယံဇာတအပေါ် ပြည်နယ်အလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရယူပေးလိမ့်မည် ဟူသော မျှော်မှန်းချက်များမှာ နည်းပါးပါသည်။

လွှတ်တော်အစည်းအဝေး စတင်ပြီး လအနည်းငယ်အတွင်းတွင် အခြားပါတီအများစုသည် ရွေးကောက်ပွဲ မတိုင်ခင်က ပေးခဲ့သော ကတိများကို အကောင်အထည် မဖော်ပေးမည့်ပုံ ပေါ်လာပါသည်။ AP ပါတီသည် သဘောတူစာချုပ် ပြန်လည်ညှိနှိုင်းမှုနှင့် ပတ်သက်၍ ငြင်းခုံဆွေးနွေးမှုကို စတင်ခဲ့သော်လည်း ထိုပြန်လည်ညှိနှိုင်းမှု ကိစ္စကို ၎င်းအစိုးရအဖွဲ့၏ အစီအစဉ်တွင် မထည့်သွင်းခဲ့သလို ၎င်း၏ လွှတ်တော် အစီအစဉ်တွင်လည်း အဓိက မကျခဲ့ပါ။ အလားတူပင် Fujimori ၏ Fuerza Popular ပါတီက (သမ္မတ ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့သော်လည်း) လွှတ်တော်တွင် ခုံနေရာ အများစု အနိုင်ရခဲ့သော ရွေးကောက်ပွဲပြီးနောက် ဤပြန်လည်ညှိနှိုင်းခြင်း ကိစ္စသည် FP ပါတီ၏ ဥပဒေပြုရေးဆိုင်ရာ အစီအစဉ်မှ ပျောက်ကွယ်သွားခဲ့ပြီး PPK ပါတီအပေါ် ဖိအားကို လျှော့ကျစေခဲ့နိုင်ခြေ ရှိပါသည်။ အကျိုး

၁၁၅။ “Premier Zavala anuncia el inicio de la negociación del gas de Camisea,” La República, 20 August 2016, http://larepublica.pe/impresa/politica/795643-premier-zavala-anuncia-el-inicio-de-la-negociacion-del-gas-decamisea.

ဆက်အားဖြင့် FA သည် ဤ ဓာတ်ငွေ့သဘောတူညီချက်များကို အများပြည်သူ၏ အမြင်တွင်လည်းကောင်း၊ လွှတ်တော်ထဲတွင်လည်းကောင်း အဓိကကျသည်ဟု သဘောထားသည့် တစ်ခုတည်းသောပါတီ ဖြစ်ပါသည်။ နောက်လာမည့် ဒေသန္တရ ရွေးကောက်ပွဲများ အကြိုပြုလုပ်သော သဘောထား ကောက်ခံမှုများတွင် နိုင်ငံရေးအရ အရေးပါမှုနှင့် ထောက်ခံမှု အားကောင်းလာသော FA ပါတီအနေဖြင့် အခြားနိုင်ငံရေးပါတီများ အထူးသဖြင့် PPK ပါတီအပေါ် ဖိအားပေးရန် ကြိုးပမ်းလာပါလိမ့်မည်။

## လူကြိုက်များဝါဒ (Populism) နှင့် ပုဂ္ဂိုလ်စွဲ နိုင်ငံရေး (Personal Politics) သည် အထောက်အထား အခြေပြု စွမ်းအင်မူဝါဒ ဖြစ်ပေါ်လာနိုင်ခြင်းအပေါ် အတားအဆီး ဖြစ်နေ

၂၀၁၆ ခုနှစ် မဲဆွယ်စည်းရုံးရေးတွင် အစိုးရ စီမံကိန်းများသည် ကိစ္စရပ်ပေါင်းများစွာ အကြောင်းကို ထည့်သွင်းဆွေးနွေးထားပြီး အသေးစိတ် အချက်အလက်များ မပါရှိပါ။ မူဝါဒဆိုင်ရာ အဆိုပြုချက်များမှာ ယေဘုယျအားဖြင့် ကျယ်ပြန့်ပြီး ယခင်မူဝါဒ သို့မဟုတ် ရပ်တည်မှုများနှင့်ယှဉ်လျှင် များစွာ ပြောင်းလဲသွားခြင်းမရှိဘဲ (အလုပ်အကိုင်၊ စီးပွားရေး တိုးတက်မှုနှင့် အများပြည်သူ ဘေးအန္တရာယ် ကင်းရှင်းရေး စသော) မဲဆန္ဒရှင် ပြည်သူအများနှင့် ပတ်သက်သည်ဟု ယူဆရသော ကိစ္စရပ်များနှင့် သက်ဆိုင်ပါသည်။ လက်တင်အမေရိကားရှိ အခြားနိုင်ငံများ၌ကဲ့သို့ပင် ပီရူးနိုင်ငံရှိ နိုင်ငံရေးပါတီများသည် ၎င်းတို့၏ ဦးဆောင်သော ရွေးကောက်ခံ ကိုယ်စားလှယ်များ၏ ပုဂ္ဂိုလ်ရေးနှင့် ဂုဏ်သိက္ခာအပေါ် များစွာမှီခိုပါသည်။[၁၁၆] မူဝါဒ ရပ်တည်မှုများကို များသောအားဖြင့် ပါတီ စီမံခန့်ခွဲမှု အဖွဲ့ဝင် အနည်းငယ်က ရေးဆွဲသောကြောင့် ပါတီတွင်း ဆွေးနွေးမှုမှာလည်း အတော်လေး နည်းပါးပါသည်။ ဤအချက်သည် နိုင်ငံရေးပါတီများက ငြင်းခုံဆွေးနွေးမှုများ ပြုလုပ်မည့်အစား ရွေးကောက်ပွဲ အနိုင်ရရေးကို ဦးစားပေးနေသည့် နိုင်ငံရေးပါတီ စနစ်အတွင်း ဖွဲ့စည်းပုံဆိုင်ရာ အားနည်းချက်၏ ရလဒ် ဖြစ်ပါသည်။

PPK နှင့် FP ပါတီများကို ၎င်းတို့၏ ခေါင်းဆောင်များ သမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မှုကို အထောက်အကူ ပြုရန်အတွက် ဖွဲ့စည်းထားခြင်း ဖြစ်သောကြောင့် အထက်ပါ ဖော်ပြချက်အတိုင်း ဖြစ်နေပါသည်။ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးအတွင်း ၎င်းတို့၏ မူဝါဒ ရပ်တည်မှုများသည် အခြေခံ လူတန်းစား ထောက်ခံသူများ၏ အကျိုးစီးပွားကို ရှေးရှု၍ ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ခဲ့သော လုပ်ငန်းစဉ်၏ ရလဒ် မဟုတ်ခဲ့ပါ။[၁၁၇] ဓာတ်ငွေ့မူဝါဒနှင့်ပတ်သက်၍ PPK ပါတီ၏ ရပ်တည်မှုသည် ၎င်း၏ ရွေးကောက်ခံ ကိုယ်စားလှယ်နှင့် ပါတီ ထိပ်သီးပုဂ္ဂိုလ်များ၏ နောက်ကြောင်းမှတ်တမ်းနှင့်အညီ ဖြစ်ခဲ့ပြီး FP ပါတီ၏ ရပ်တည်မှုသည် ၎င်း၏ နိုင်ငံရေး ပြိုင်ဘက်များအပေါ် မူတည်၍ ပြောင်းလဲခဲ့ပါသည်။ ဆန့်ကျင်ဘက်အားဖြင့် အစဉ်အလာ ပို၍ ကြီးမားသော AP ပါတီနှင့် FA ညွန့်ပေါင်းအဖွဲ့တို့သည် Programmatic ကျသော သဘောတူညီမှုများ ဖြစ်ပေါ်လာစေရန် အလို့ငှာ ပါတီတွင်း ဆွေးနွေးမှုမှ တဆင့် သိမ်မွေ့သော ကွဲပြားချက်များ ပို၍ ပါရှိသည့် ရပ်တည်မှုများကို တည်ဆောက်ရေးဆွဲခဲ့ပါသည်။ AP ပါတီက ကနဦးတွင် Camisea ကိစ္စရပ်ကို အများပြည်သူထံ အသိပေးခဲ့ပြီး FA ပါတီက ထိုကိစ္စရပ်၏ အရေးပါမှုကို လျင်မြန်စွာ ပြန့်နှံ့သိရှိစေခဲ့ပါသည်။ FA ပါတီသည် ၎င်း၏ အစိုးရ စီမံကိန်းတွင် ဓာတ်ငွေ့မူဝါဒနှင့်ပတ်သက်၍ အသေးစိတ် Programmatic ကျသော အဆိုပြုချက်တစ်ရပ်ကို ထည့်သွင်းခဲ့ပြီး ဖြစ်ပါသည်။

Programmatic အားနည်းချက်များ ရှိခဲ့သော်လည်း ရွေးကောက်ပွဲ ငြင်းခုံဆွေးနွေးမှုတွင် အဓိက ကိစ္စရပ်သည် ဓာတ်ငွေ့ဆိုင်ရာ ကိစ္စရပ်များအဖြစ်သို့ ပြောင်းလဲလာမှုကြောင့် ရွေးကောက်ပွဲများ အနိုင်ရသူအတွက် နောက်ဆက်တွဲ အကျိုးဆက်များ ရှိလာခဲ့ပါသည်။ Camisea ဓာတ်ငွေ့တင်ပို့မှုဆိုင်ရာ သဘောတူညီချက်တွင် ကိုယ်ပိုင် အချုပ်အခြာ အာဏာရှိသော အခြားနိုင်ငံ တစ်နိုင်ငံ၊ စီးပွားရေးလုပ်ငန်းစုကြီး နှစ်ခုနှင့် ဒေသန္တရ အစိုးရထံ ဝင်ငွေလွှဲပြောင်းမှုများအပေါ် မှီခိုနေသော ဒေသန္တရ အစိုးရများနှင့်

၁၁၆။ ဥပမာ http://www.globalsecurity.org/military/world/peru/political-parties.htm ကို ကြည့်ပါ။

၁၁၇။ ခေါင်းဆောင်ကို အဓိကထားသော အဖွဲ့အစည်းမျိုး ဖြစ်သော်လည်း Fuerza Popular ပါတီသည် ပီရူးနိုင်ငံ၏ နိုင်ငံရေးအသိုင်းအဝိုင်းကို အများဆုံး စုဆောင်းနိုင်ခဲ့ကြောင်းကို မှတ်သားသင့်ပါသည်။

ဓာတ်ငွေ့ထုတ်လုပ်မှုမှ အကျိုးအမြတ် မရရှိဟု ခံစားနေရသော နိုင်ငံသားများ အပါအဝင် ကွဲပြားသော သက်ဆိုင်သူများစွာ ပါဝင်နေပါသည်။ ဤအချက်သည် ကွဲပြားသော သက်ဆိုင်သူများဘက်က ရပ်တည်သော ပါတီများ၏ ရှုပ်ထွေးသော အခင်းအကျင်းတစ်ရပ် ပါဝင်သည့် ငြင်းခုံမှုတစ်ရပ် ဖြစ်လာစေခဲ့ပါသည်။ ဤကိစ္စရပ်နှင့်ပတ်သက်၍ ပါတီတစ်ခုနှင့် တစ်ခုကြား အပြန်အလှန် ဆွေးနွေးမှုသည် အရပ်ဘက် လူ့အဖွဲ့အစည်းက ဦးစီးကျင်းပသော ရွေးကောက်ပွဲဆိုင်ရာ ငြင်းခုံမှုများ အနည်းငယ် အဖြစ်သာ အကန့်အသတ်ဖြင့် ဖြစ်ပေါ်ခဲ့ပါသည်။ ထိုငြင်းခုံမှုများသည် ပညာရပ်ဆိုင်ရာ အသေးစိတ် အချက်အလက်များ ကင်းမဲ့ခဲ့ပြီး ၎င်းတို့ထဲမှ အနည်းငယ်ကိုသာလျှင် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခဲ့ပါသည်။ ထို့ကြောင့် Camisea အကြောင်း ရွေးကောက်ပွဲဆိုင်ရာ ငြင်းခုံမှု၏ အကြီးမားဆုံး ရလဒ်မှာ ပီရူးအစိုးရအနေဖြင့် ဓာတ်ငွေ့သိုက်မှ အကျိုးအမြတ် ထုတ်ယူခြင်းနှင့်ပတ်သက်သော ကိစ္စရပ်များကို လျစ်လျူမရှုထားနိုင်တော့သည့် အချက် ဖြစ်နိုင်ပါသည်။



Suthep Kritsanavarin for NRGI

# နိုင်ငံရေးပါတီများက မူဝါဒဆိုင်ရာ ရပ်တည်မှုများ ဖော်ဆောင်ပုံနည်းလမ်း

အခန်း (၁) တွင် ဆွေးနွေးတင်ပြခဲ့သည့်အတိုင်း ရှင်းလင်းစွာ ထုတ်ပြန်ကြေညာထားသော မူဝါဒဆိုင်ရာ ရပ်တည်မှုများကြောင့် နိုင်ငံရေးပါတီများသည် ၎င်းတို့နိုင်ငံ၏ သဘာဝ သယံဇာတ အရင်းအမြစ်များအား ကောင်းမွန်စွာနှင့် ပြည်သူများစွာအတွက် အကောင်းဆုံး အကျိုးရှိအောင် စီမံခန့်ခွဲရန် ပိုမိုတက်ကြွသော အခန်းကဏ္ဍမှ ပါဝင်လာစေနိုင်ပါသည်။

ဤလမ်းညွှန်ချက်နှင့် ပူးတွဲပါရှိသော လေ့ကျင့်ခန်းစာရွက်များ၏ ရည်ရွယ်ချက်မှာ စိတ်ပါဝင်စားသော နိုင်ငံရေးပါတီများအား ရေနံ၊ ဓာတ်ငွေ့နှင့် တွင်းထွက်သယံဇာတများ စီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီး ၎င်းတို့၏ ကိုယ်ပိုင် ရပ်တည်မှုများ သတ်မှတ် ဖော်ဆောင်နိုင်အောင် အကူအညီပေးရန် ဖြစ်ပါသည်။ ထို သတ်မှတ်ဖော်ဆောင်မှု လုပ်ငန်းစဉ်သည် ပါတီ၏ ဖွဲ့စည်းပုံ၊ လက်ရှိ ရပ်တည်မှုများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအပေါ် မူတည်၍ ပြောင်းလဲနိုင်သော်လည်း ဤလမ်းညွှန်ချက်တွင် အဓိကကျသော အဆင့်များကို ဖော်ပြထားပြီး လိုအပ်သလို ကိုက်ညှိ ပြောင်းလဲနိုင်သော လမ်းညွှန်မှုနှင့် ပုံစံများကိုလည်း ပေးအပ်ထားပါသည် (ပုံ ၃.၁ ကိုကြည့်ပါ)။

NRGI နှင့် International IDEA တို့၏ သယံဇာတ အုပ်ချုပ်မှု နယ်ပယ်နှင့် ဂါနာနိုင်ငံတွင် အလွန်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သော ပူးတွဲအစီအစဉ် အပါအဝင် တစ်ကမ္ဘာလုံးရှိ နိုင်ငံရေးအဖွဲ့အစည်းများအား ယေဘုယျ မူဝါဒရပ်တည်မှု ထုတ်ဖော်ရာတွင် အကူအညီပေးခြင်းတို့မှ ရရှိလာသော ၎င်းတို့၏ ကျယ်ပြန့်သော အတွေ့အကြုံကို ပေါင်းစပ်ကာ ဤလမ်းညွှန်မှုကို ပြုစုထားပါသည် (အကွက် ၃.၄ ကို ကြည့်ပါ)။[၁၁၈] ကိစ္စရပ်အလိုက် လေ့ကျင့်ခန်းစာရွက်များကို အစိုးရများ၊ ကြီးကြပ်ကွပ်ကဲသူများနှင့် သုတေသီများအား သယံဇာတ အုပ်ချုပ်မှု စနစ်များသို့ ဝင်ရောက်နိုင်အောင် အကူအညီပေးသော NRGI က ဖန်တီးထားသည့် Natural Resource Charter Benchmarking Framework မှ အဓိက ရယူထားပါသည် (လေ့ကျင့်ခန်းစာရွက် (ဆ) ကို ကြည့်ပါ)။ လုပ်ငန်းစဉ်ဆိုင်ရာ လေ့ကျင့်ခန်းစာရွက်များကို International IDEA ၏ ထုတ်ဝေမှုတစ်ခုဖြစ်သော Strategic Planning for Political Parties: a Practical Tool အပေါ်လည်း အခြေခံထားပါသည်။[၁၁၉]

## လုပ်ငန်းစဉ် စတင်ခြင်း

### လုပ်ငန်းစဉ်၏ ရည်ရွယ်ချက်နှင့် နယ်ပယ်ကို သတ်မှတ်ပါ


သဘာဝ အရင်းအမြစ်ဆိုင်ရာ မူဝါဒ ရပ်တည်မှုတစ်ခု ဖော်ဆောင်ရေးအတွက် ပထမဦးဆုံး အဆင့်မှာ လုပ်ငန်းစဉ်၏ ယေဘုယျ ရည်ရွယ်ချက်ကို ဖော်ထုတ်ရန်ဖြစ်သည်။ ထို့နောက် လုပ်ငန်းစဉ်၏ ဒီဇိုင်းနှင့် ခေါင်းစဉ် လွှမ်းခြုံမှု၏ ကျယ်ပြန့်မှုနှင့် နက်ရှိုင်းမှုတို့ ပါဝင်သော နယ်ပယ်အား အဆိုပါ ရည်ရွယ်ချက်နှင့် ကိုက်ညီအောင် သတ်မှတ်သင့်ပါသည်။ ပုံ ၃.၂ တွင် ဖြစ်နိုင်သော ရည်ရွယ်ချက်များနှင့် ၎င်းတို့နှင့် ဆက်စပ်နေသော နယ်ပယ်များ ပါဝင်သည့် သာဓက သုံးခုကို ဖော်ပြထားပါသည်။

---

၁၁၈။ ဤအတွေ့အကြုံတွင် ၂၀၁၅–၁၆ ခုနှစ်တွင် ဂါနာနိုင်ငံ၌ အဓိက နိုင်ငံရေးပါတီ လေးခုက သယံဇာတအုပ်ချုပ်မှု အတွက် ပါတီ Platforms ဖော်ဆောင်စဉ် NRGI နှင့် International IDEA တို့က ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်မှုအပြင် ဂျော်ဂျီယာနိုင်ငံ၊ ဟေတီနိုင်ငံ၊ ကန်ညာနိုင်ငံနှင့် နီပေါနိုင်ငံတို့တွင် နိုင်ငံရေးပါတီများနှင့် International IDEA ၏ ပူပေါင်းဆောင်ရွက်မှုတို့ ပါဝင်ပါသည်။

၁၁၉။ van den Berg, C. F. et al., Strategic Planning for Political Parties: A Practical Tool (Stockholm: International IDEA: 2013).

ပုံ ၃.၁
မူဝါဒရပ်တည်မှု ရေးဆွဲသတ်မှတ်ခြင်း လုပ်ငန်းစဉ် – တစ်ဆင့်ချင်း ခြုံငုံဖော်ပြချက်



## ပုံ ၃.၂
## နယ်ပယ်ကို သတ်မှတ်ခြင်း

**အကယ်၍ အဓိက ရည်ရွယ်ချက်သည် အောက်ပါတို့ ဖြစ်ပါက** → **နယ်ပယ်သည် အောက်ပါတို့ကို အဓိက ထားသင့်** → **သို့သော် အောက်ပါတို့ကိုလည်း ထည့်သွင်း စဉ်းစားသင့်သည်**

သယံဇာတ အုပ်ချုပ်မှုကို အပြည့်အဝ လွှမ်းခြုံရန် ပါတီ မူဝါဒ ကြေညာချက်ကို ရေးဆွဲပါ သို့မဟုတ် ပြင်ဆင်ပါ



→ **နိုင်ငံနှင့်သက်ဆိုင်သော သယံဇာတ အုပ်ချုပ်မှု မူဝါဒဆိုင်ရာ ကိစ္စရပ်များ အားလုံး**

ဤတွင် သက်ဆိုင်မှုအရှိဆုံး ကိစ္စရပ် နယ်ပယ်များကိုသာ ထဲထဲဝင်ဝင် လေ့လာသော ကျဉ်းမြောင်းသော နည်းလမ်းမှအစ သက်ဆိုင်သော နယ်ပယ်အားလုံးကို ပြန်လည်သုံးသပ်ခြင်း ပါဝင်သည့် ကျယ်ပြန့်သော နည်းလမ်းအဆုံး ဖြစ်နိုင်ပါသည်။


→ **ကိစ္စရပ် နယ်ပယ်အားလုံးကို အနည်းဆုံး အခြေခံ အဆင့်အထိ ထည့်သွင်း စဉ်းစားသင့်သည်**

အကယ်၍ စီစဉ်ထားသော ရပ်တည်မှုသည် ခေါင်းစဉ်တစ်ခုတည်း သို့မဟုတ် အနည်းငယ် အပေါ်သာ အလေးထားသည့်တိုင် ပါတီအနေဖြင့် ကိစ္စရပ် နယ်ပယ်အားလုံးကို ဂရုတစိုက် ထည့်သွင်း စဉ်းစားရန် အရေးကြီးပါသည်။ လတ်တလောတွင် သက်ဆိုင်မှု မရှိဟု ထင်ရသော အဆိုပါ နယ်ပယ်များသည် ပင် ကဏ္ဍ၏ ရေရှည် တည်တံ့မှုအတွက်နှင့် အကျိုးအမြတ်များ အများဆုံး ရှာဖွေနိုင်ပြီး ထိခိုက်မှုများ အနည်းဆုံး လျှော့ချနိုင်ရန်အတွက် အရေးပါနိုင်ပါသည်။ (လေ့ကျင့်ခန်းစာရွက် (က) ကို ကြည့်ပါ)



---

တိကျသော သယံဇာတဆိုင်ရာ ဥပဒေ၊ မူဝါဒ သို့မဟုတ် စီမံကိန်း တစ်ရပ် ရေးဆွဲခြင်း သို့မဟုတ် ပြန်လည်သုံးသပ်ခြင်းတွင် ဦးဆောင်နိုင်ရန် သို့မဟုတ် ပါဝင်နိုင်ရန် ပို၍ အသင့်ဖြစ်အောင် ပြင်ဆင်ပါ




→ **အချို့သော ဥပဒေ၊ မူဝါဒ သို့မဟုတ် စီမံကိန်းတစ်ခု၏ ပညာရပ်ဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့် အချက်များကို ပို၍ ထဲထဲဝင်ဝင် အလေးထားခြင်း**

ဥပမာ အကယ်၍ အစိုးရသည် တွင်းထွက်ကဏ္ဍအတွက် ပြည်တွင်းပါဝင်မှု အချိုးအစားဆိုင်ရာ ဥပဒေတစ်ရပ်ကို ဖော်ဆောင်သည့်အခါ ထိုဥပဒေ၏ နယ်ပယ်သည် အစိုးရက ရေနံဆိုင်ရာ စာချုပ်များအားလုံးကို ပြန်လည်သုံးသပ်ရန် ပြင်ဆင်သည့်အခါနှင့် ယှဉ်လျှင် အလေးထား ဆောင်ရွက်မှု အလွန် ကွဲပြားနိုင်ဖွယ် ရှိပါသည်။ မူဝါဒ ရပ်တည်မှုသည် ပါတီအား ဥပဒေပြဋ္ဌာန်းရေး လုပ်ငန်းစဉ်တွင် အဓိပ္ပာယ်ရှိစွာ ပါဝင်ဆောင်ရွက်နိုင်အောင် ပြင်ဆင်ပေးနိုင်ရန် လုံလောက်အောင် အသေးစိတ် ကျသင့်သဖြင့် ကိစ္စရပ်နယ်ပယ်အားလုံးနှင့်ပတ်သက်ပြီး လက်ရှိ မူဘောင်အား ကောင်းမွန်စွာ နားလည်မှုနှင့် ရှင်းလင်းသော မူဝါဒ ရပ်တည်မှုများ ရှိရပါမည်။

→

---

မဲဆန္ဒရှင်များ၏ တိကျသော သယံဇာတဆိုင်ရာ စိုးရိမ် ပူပန်မှုများကို တုံ့ပြန်ဆောင်ရွက်ပါ



→ **မဲဆန္ဒရှင်များ၏ တိကျသော စိုးရိမ်ပူပန်မှုများကို ပိုမို အသေးစိတ် ဖြေရှင်းခြင်း**

ဥပမာအားဖြင့် အကယ်၍ မဲဆန္ဒရှင်များက မည်သူတို့အား လုပ်ကိုင်ခွင့် စာချုပ်တွေ ချပေးနေသည်နှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်ပါက ပါတီအနေဖြင့် အနည်းဆုံး ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု (လေ့ကျင့်ခန်းစာရွက် (ဆ)[၂]) နှင့် စမ်းသပ် တိုင်းတာခြင်း၊ လိုင်စင်ထုတ်ပေးခြင်းနှင့် လုပ်ငန်းများအား စောင့်ကြည့်စစ်ဆေးခြင်း (လေ့ကျင့်ခန်းစာရွက် (ဆ)[၃])တို့နှင့်ပတ်သက်ပြီး ပါတီ၏ ရပ်တည်မှုကို ရှင်းလင်းဖော်ပြသင့်ပါသည်။ မဲဆန္ဒရှင်များက စိုးရိမ်မှုအရှိဆုံး ကိစ္စရပ်များကို အလေးထားရန် ဆုံးဖြတ်ချက်အား အဆိုပါကဏ္ဍအတွက် နိုင်ငံတော်၏ မဟာဗျူဟာကိုလည်း ထည့်သွင်းစဉ်းစား၍ ပြုလုပ်သင့်ပါသည်။

→



သယံဇာတ အုပ်ချုပ်မှုဆိုင်ရာ ဆုံးဖြတ်ချက်များ၏ အပြန်အလှန် ဆက်စပ်နေသော သဘော သဘာဝကြောင့် သယံဇာတ ကြွယ်ဝသော နိုင်ငံများမှ အဓိကကျသော နိုင်ငံရေးပါတီများ အားလုံးအနေဖြင့် ကိစ္စရပ် နယ်ပယ်အားလုံးကို လွှမ်းခြုံသည့် ပြည့်စုံသော ရပ်တည်မှုတစ်ရပ် ရှိပါက အကောင်းဆုံး ဖြစ်ပါသည်။ သို့သော်လည်း ချက်ချင်းလက်ငင်း လိုအပ်ချက်များနှင့် အကန့်အသတ်ဖြင့်သာရှိသော အချိန်ကာလနှင့် ပံ့ပိုးမှုတို့ကြောင့် ပါတီသည် ကနဦးအနေဖြင့် တိကျသော ဥပဒေ တစ်ရပ်ရပ်ကို ပြန်လည်သုံးသပ်ရန် သို့မဟုတ် ကုန်ဈေးနှုန်း ကျခြင်း သို့မဟုတ် အဂတိလိုက်စားမှု ကောလဟာလ ဖြစ်ပေါ်ခြင်းကဲ့သို့သော လက်တလောဖြစ်ရပ်အား တုံ့ပြန်ဆောင်ရွက်ရန် အသင့်ဖြစ်အောင် ပြင်ဆင်ခြင်း စသည့် ပို၍ကျဉ်းမြောင်းသော ရည်ရွယ်ချက်ကို အလေးထားဆောင်ရွက်ရန် လိုအပ်နိုင်ပါသည်။ ဥပမာအားဖြင့် ပီရူးနိုင်ငံတွင် ဓာတ်သတ္တုထုတ်လုပ်မှုဆိုင်ရာ သဘောတူညီမှုတစ်ခု၏ တည်ဆောက်ပုံသည် ၂၀၁၆ ခုနှစ် ရွေးကောက်ပွဲများနှင့် တစ်ချိန်တည်း ကျရောက်သော ကုန်ဈေးနှုန်းများ ရုတ်တရက် ကျဆင်းသည့် အခြေအနေတွင် အကျိုးရှိမှု နည်းပါးလာပုံ ပေါ်ပါသည်။ ထို့ကြောင့် အဓိကကျသော နိုင်ငံရေးပါတီနှစ်ခုလုံးသည် ရပ်တည်မှုများ သတ်မှတ်ခဲ့ပြီး ထိုကိစ္စရပ်အား ၎င်းတို့၏ စည်းရုံးရေး အစီအစဉ်များတွင် အဓိကအဖြစ် ရှေ့တန်းတင်ခဲ့ကြပါသည်။[၁၂၀] ဂါနာနိုင်ငံတွင် ၂၀၁၆ ခုနှစ် ရွေးကောက်ပွဲများ မတိုင်မီ နိုင်ငံရေးပါတီများက အထူးသဖြင့် ဝင်ငွေစီမံခန့်ခွဲမှုနှင့် စုဆောင်းမှုများအား ကိုင်တွယ်ဖြေရှင်းပေးခဲ့သော အသေးစိတ် သယံဇာတ မူဝါဒဆိုင်ရာ ရပ်တည်မှုများ ထုတ်ဖော်သတ်မှတ်ပေးခြင်းဖြင့် အစောပိုင်းဝင်ငွေများယွင်းတွက်ချက်မှုများနှင့် အလွန်အကျွံ သုံးစွဲမှုများနှင့်ပတ်သက်သော အများပြည်သူ၏ စိုးရိမ်မှုများကို တုံ့ပြန်ဖြေရှင်းပေးခဲ့ပါသည်။

ရည်ရွယ်ချက်နှင့် နယ်ပယ်သည် မူဝါဒရပ်တည်မှု၏ ပုံစံကိုလည်း ဆုံးဖြတ်ပေးပါလိမ့်မည်။ ဖြစ်နိုင်သော ပုံစံများတွင် ယေဘုယျ ရပ်တည်မှုဖော်ပြချက် ပါဝင်သည့် တိုတောင်းသော အကျဉ်းချုပ် (ဥပမာ – ပွင့်လင်းမြင်သာမှု၊ ပွင့်လင်းစွာ စာချုပ်ချုပ်ဆိုခြင်း၊ အခွန်ဘဏ္ဍာဆိုင်ရာ ရေရှည်တည်တံ့မှု (Fiscal Sustainability) စသော စံနှုန်းများအား လိုက်နာရန် ကတိကဝတ်ပြုခြင်း) မှအစ နက်နဲသော ပညာရပ်ဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများ ပါဝင်သည့် အသေးစိတ် ရပ်တည်မှု (ဥပမာ – အခွန်အခများကောက်ခံသည့်စနစ်များ (Fiscal Regimes)နှင့် စည်းမျဉ်းများ၊ ထိခိုက်မှုဆန်းစစ်ခြင်း စသဖြင့်)အထိ ပါဝင်ပါသည်။ လုပ်ငန်းစဉ် ရုပ်လုံးပေါ်လာသောအခါ ပုံစံနှင့် ရည်ရွယ်ချက်ပင်လျှင် ပြောင်းလဲလာနိုင်သော်လည်း ရပ်တည်မှု ရေးဆွဲခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်းများအား စီစဉ်သောအခါ အဆုံးသတ်ရည်မှန်းချက်ကို စဉ်းစားထားရန် အရေးကြီးပါသည်။

## သက်ဆိုင်မှုအရှိဆုံး ကိစ္စရပ် နယ်ပယ်များကို ဖော်ထုတ်ပါ


မူဝါဒ ရပ်တည်မှုတွင် မည်သည်တို့ကို လွှမ်းခြုံရမည်ကို တိတိကျကျ ဆုံးဖြတ်ရာတွင် ပါတီအနေဖြင့် သဘာဝ သယံဇာတ အုပ်ချုပ်မှုဆိုင်ရာ ဆုံးဖြတ်ချက် ကွင်းဆက် တလျှောက်တွင် မည်သည့်ကိစ္စရပ်နယ်ပယ်များက လက်ရှိအခြေအနေတွင် နိုင်ငံတော်အတွက် အရေးအကြီးဆုံး ဖြစ်မည့်အပြင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးမည်ကို အလေးထား စဉ်းစားသင့်ပါသည်။[၁၂၁] ၂၀၁၆ ခုနှစ်က အစ္စရေးနိုင်ငံကဲ့သို့ သယံဇာတ ထုတ်လုပ်သော နိုင်ငံအသစ်တွင် ပုံမှန်အားဖြင့် ပါတီများသည် လိုင်စင်ထုတ်ပေးခြင်းနှင့် အခွန်အခများ ကောက်ခံမှုဆိုင်ရာ သတ်မှတ်ချက်များ (Fiscal Terms) စသည့် ကိစ္စရပ်များအပေါ် အလေးထား အာရုံစိုက်ရန် လိုအပ်သည်ဟု ခံစားရတတ်ပါသည်။[၁၂၂] တောင်အာဖရိကနိုင်ငံကဲ့သို့ ပြန်လည်သုံးသပ်နိုင်သည့် အချက်အလက်အချို့ ရှိသော ပို၍ အတွေ့အကြုံရှိသည့် သယံဇာတ ထုတ်လုပ်သော နိုင်ငံမျိုးတွင် ပါတီများသည် စီးပွားရေးအရ လုပ်ငန်းမျိုးစုံ ဖြန့်ကျက်လုပ်ကိုင်ခြင်း (Economic Diversification) နှင့် ပြည်တွင်း ပါဝင်မှု အချိုးအစား ကိစ္စရပ်များအား အလေးထား

၁၂၀။ အခန်း ၂ တွင် ပီရူးနိုင်ငံအကြောင်း လေ့လာမှုကို ကြည့်ပါ။

၁၂၁။ ထပ်မံသိရှိလိုပါက <https://resourcegovernance.org/analysis-tools/publications/primer-natural-resource-charter-decision-chain> တွင် ရယူနိုင်သော ဆုံးဖြတ်ချက် ကွင်းဆက်အကြောင်း NRGI လက်ကမ်းစာစောင်ကို ကြည့်ပါ။

၁၂၂။ အခန်း ၂ တွင် အစ္စရေးနိုင်ငံအကြောင်း လေ့လာမှုကို ကြည့်ပါ။

**သဘာဝ သယံဇာတ အုပ်ချုပ်မှုဆိုင်ရာ ဆုံးဖြတ်ချက် ကွင်းဆက်** ဆိုသည်မှာ အစိုးရအနေဖြင့် စမ်းသပ်တိုင်းတာမှုနှင့် ရှာဖွေတွေ့ရှိမှုမှ ဝင်ငွေများအား သုံးစွဲခြင်းအထိ သယံဇာတ ကြွယ်ဝမှုအား ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအဖြစ်သို့ ပြောင်းလဲသော လုပ်ငန်းစဉ်တလျောက် ချမှတ်ရသော ဆုံးဖြတ်ချက် အဆင့်ဆင့် ဖြစ်ပါသည်။ ဆုံးဖြတ်ချက် ကွင်းဆက်သည် ပိုမိုတန်ဖိုးရှိသော အရောင်းအဝယ် ပြုလုပ်နိုင်သည့် ကုန်ပစ္စည်း ဖြစ်ပေါ်လာရေးထက် ပိုမိုကောင်းမွန်သော ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်လာခြင်းအား အလေးထားသဖြင့် လုပ်ငန်းကဏ္ဍဆိုင်ရာ တန်ဖိုးကွင်းဆက် (Value Chain) နှင့် ကွဲပြားပါသည်။




ဆောင်ရွက်ရန် ပို၍ အားသန်နိုင်ပါသည်။[၁၂၃] သို့သော် ဤအချိန်တွင် ကိစ္စရပ်နယ်ပယ် အနည်းငယ်ကို ထည့်သွင်း ဆောင်ရွက်ခြင်းကသာလျှင် အဓိပ္ပာယ်ရှိသည့်တိုင် နိုင်ငံများ အားလုံးအနေဖြင့် သယံဇာတ တူးဖော်ထုတ်လုပ်မှု သံသရာလည်ပုံ စက်ဝန်း (Extraction Lifecycle) ၏ မည်သည့်အဆင့်တွင် ရောက်ရှိနေသည်ဖြစ်စေ အနည်းဆုံးတော့ ကိစ္စရပ်နယ်ပယ် အားလုံးကို ထည့်သွင်းစဉ်းစားရန် အရေးကြီးပါသည်။ ထိုသို့ ထည့်သွင်းစဉ်းစားခြင်းဖြင့် ၎င်းတို့အား သယံဇာတ အုပ်ချုပ်မှု တစ်ခုလုံးကို နားလည်စေခြင်း၊ ၎င်းတို့ ရွေးချယ်သော အသေးစိတ် ရပ်တည်မှုများနှင့်ပတ်သက်ပြီး အဘက်ဘက်မှ နားလည်စေခြင်းနှင့် အရေးပါသော တွေ့ရှိမှု အသစ်များ သို့မဟုတ် ပတ်ဝန်းကျင်ဆိုင်ရာ အဖြစ်အပျက်စသော မျှော်လင့်မထားသည့် အခြေအနေများ အပါအဝင် အနာဂတ်အတွက် ပြင်ဆင်ရန် အထောက်အကူ ဖြစ်စေပါသည်။ နောက်ဆုံးတွင် ထိုသို့ ထည့်သွင်းစဉ်းစားခြင်းဖြင့် နိုင်ငံအနေဖြင့် သယံဇာတ ကျိန်စာနှင့် မကြာခဏ ဆက်စပ်နေလေ့ရှိသည့် ထိခိုက်မှု ဖြစ်ပေါ်စေသော စဉ်းစားတွေးခေါ်ပုံကို ရှောင်ကြဉ်နိုင်အောင် အကူအညီ ပေးပါလိမ့်မည်။ လေ့ကျင့်ခန်းစာရွက် (က) သည် ပါတီအား ဆုံးဖြတ်ချက် ကွင်းဆက်၏ မည်သည့်နယ်ပယ်များကို အသေးစိတ် လွှမ်းခြုံရန် အရေးအကြီးဆုံး ဖြစ်သည်ကို ဆန်းစစ်ရန် အထောက်အကူ ပြုနိုင်ပြီး လေ့ကျင့်ခန်းစာရွက် (ဆ) ၏ ရေးဆွဲထားပုံနှင့် အကြောင်းအရာအပိုင်းများသည် အသေးစိတ် ရပ်တည်မှုများကို ချက်ချင်းလက်ငင်း ဖော်ဆောင်သည်ဖြစ်စေ၊ မဖော်ဆောင်သည်ဖြစ်စေ နယ်ပယ်အားလုံးကို ပြန်လည်သုံးသပ်ရာတွင် လွယ်ကူစေနိုင်ပါသည်။

ပါတီဝင်များအနေဖြင့် အရေးတကြီး ကိစ္စရပ်များနှင့်ပတ်သက်ပြီး တွေးတောထားမှု အချို့ ရှိနှင့်ပြီးသားဖြစ်နိုင်သော်လည်း အရပ်ဘက် လူ့အဖွဲ့အစည်း၊ ပညာရှင် အဝန်းအဝိုင်း နှင့် ဒေသခံ လူထုများထဲမှ လုပ်ငန်းကဏ္ဍ ကျွမ်းကျင်သူများနှင့် စီမံကိန်းနှင့်ဆက်စပ်သော ပြင်ပပုဂ္ဂိုလ်/အဖွဲ့အစည်းများနှင့် အချို့သော ကနဦး တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ခြင်းဖြင့် အထက်ဖော်ပြပါ လုပ်ငန်းစဉ်အပေါ် များစွာ

၁၂၃။ အခန်း ၂ တွင် တောင်အာဖရိကနိုင်ငံအကြောင်း လေ့လာမှုကို ကြည့်ပါ။

အကျိုးရှိစေပါမည်။ ဥပမာအားဖြင့် နော်ဝေနိုင်ငံတွင် ဒေသအပေါ်လိုက်၍ သယံဇာတ အုပ်ချုပ်မှုအပေါ် အများပြည်သူ၏ ထင်မြင်ချက်မှာ များစွာ ကွဲပြားပါသည်။ ရေနံထုတ်လုပ်သော ဒေသများမှ ပြည်သူများ သည် အလုပ်အကိုင် ဆုံးရှုံးမှုများအတွက် လျော်ကြေးပေးခြင်းနှင့်ပတ်သက်၍ စိုးရိမ်မှုအများဆုံး ဖြစ်ခဲ့ ပြီး ရာသီဥတုဒဏ် ခံရသော ဒေသများမှ ပြည်သူများသည် ရေနံတူးဖော်မှု၏ ရေရှည်သက်ရောက်မှုများ နှင့်ပတ်သက်၍ စိုးရိမ်မှု ဖြစ်ခဲ့ကြပါသည်။ နိုင်ငံတော်အဆင့်နှင့် ဒေသန္တရအဆင့် ဦးစားပေး ဆောင်ရွက် ရမည့် ကိစ္စရပ်များကို ကောင်းမွန်စွာ နားလည်နိုင်ရန်အလို့ငှာ ပါတီများအနေဖြင့် တစ်နိုင်ငံလုံးမှ ကိုယ် စားလှယ်များနှင့် မဲဆန္ဒရှင်များ၏ အသံကို နားထောင်ရန် လိုအပ်ပါသည်။[၁၂၄]

ဆုံးဖြတ်ချက် ကွင်းဆက်တလျှောက် သယံဇာတအုပ်ချုပ်မှု အရည်အသွေးကို အကဲဖြတ်သော ကမ္ဘာလုံး ဆိုင်ရာ အညွှန်းကိန်းဖြစ်သည့် သယံဇာတ စီမံအုပ်ချုပ်မှု အညွှန်းကိန်း (Resource Governance Index) သည်လည်း အလွန်ကောင်းမွန်သော ရည်ညွှန်းဖော်ပြချက်တစ်ရပ် ဖြစ်နိုင်ပြီး အကြောင်းမှာ ထိုအညွှန်းကိန်းသည် နိုင်ငံများအား ၎င်းတို့အနေဖြင့် ကောင်းမွန်သော လုပ်ထုံးလုပ်နည်းဆိုင်ရာ စံနှုန်း များ၊ အခြားသောနိုင်ငံများနှင့် ယှဉ်လျှင် မည်သည့်အနေအထားသို့ ရောက်ရှိနေကြောင်း သိရှိစေသော ကြောင့် ဖြစ်ပါသည်။[၁၂၅] ပါတီအနေဖြင့် အခြားသော အစိုးရအဖွဲ့များအနေဖြင့် အလားတူ စိန်ခေါ်မှုများ ကို မည်သို့ ဖြေရှင်းခဲ့ကြောင်း သိရှိရန်လည်း အဆိုပါအညွှန်းကိန်းကို အသုံးပြုနိုင်ပါသည်။

ရေပန်းစားနေသော ကိစ္စရပ်များသည် ပုံမှန်အားဖြင့် အလေးထား ဆောင်ရွက်ထိုက်သည့် ကိစ္စရပ်များ ဖြစ်ကြသော်လည်း ပါတီအနေဖြင့် မည်သည့်အဖြစ်အပျက် သို့မဟုတ် အရေးပါသော ဥပဒေပြဋ္ဌာန်းခြင်း ဆိုင်ရာ မှတ်တိုင်များ မတိုင်မီ ရှေ့မျှော် တွေးခေါ်ထားသော မူဝါဒများ ဖော်ဆောင်ခြင်းဖြင့် များစွာ အကျိုးရှိပါမည်။ ထိုသို့ ကြိုတင်တွက်ဆ ဆောင်ရွက်ခြင်းဖြင့် အစိုးရဖြစ်နေသည်ဖြစ်စေ၊ အတိုက်အခံဖြစ် နေသည်ဖြစ်စေ အဆိုပါကိစ္စရပ်များ ပေါ်ပေါက်လာသည့်အချိန်တွင် ပိုမိုထိရောက်စွာ ကိုင်တွယ်ဖြေရှင်း နိုင်စေရန် အထောက်အကူ ဖြစ်စေပါလိမ့်မည်။

၁၂၄။ အခန်း ၂ တွင် နော်ဝေနိုင်ငံအကြောင်း လေ့လာမှုကို ကြည့်ပါ။

၁၂၅။ ၂၀၁၇ ခုနှစ် သယံဇာတအုပ်ချုပ်မှု အညွှန်းကိန်းကို <http://resourcegovernanceindex.org/> တွင် ရယူနိုင်ပါသည်။

## လေ့ကျင့်ခန်းစာရွက် (က) – ကိစ္စရပ် နယ်ပယ်များ

ဖြစ်နိုင်သော ကိစ္စရပ် နယ်ပယ်များအား ကနဦး ဆန်းစစ်ခြင်း ပြုလုပ်ရန်အတွက်နှင့် မည်သည့် ကိစ္စရပ် နယ်ပယ်များသည် မူဝါဒရပ်တည်မှု အသစ်တွင် ထည့်သွင်းရန် အရေးအကြီးဆုံး ဖြစ်သည်ကို ဆုံးဖြတ်ရန်အတွက် ဤလေ့ကျင့်ခန်းစာရွက်ကို အသုံးပြုပါ။

**လုပ်ငန်းတာဝန်**

ကိစ္စရပ်နယ်ပယ် တစ်ခုချင်းစီအတွက် သက်ဆိုင်ရာ ကိစ္စရပ်နယ်ပယ်၏ အရေးပါမှုကို ဖော်ပြရန် ''ထည့်သွင်းရန် လိုအပ်မှု'' ကော်လံသုံးခုထဲမှ တစ်ခုအား အမှတ်အသားပြုပါ။

''မြင့်မား'' သတ်မှတ်ထားသော မည်သည့်ကိစ္စရပ် နယ်ပယ်ကိုမဆို မူဝါဒရပ်တည်မှု အသစ်တွင် အသေးစိတ် ထည့်သွင်းဖော်ပြသင့်ပါသည်။ အခြားကိစ္စရပ် နယ်ပယ်များကို နောက်ဆုံးစာတမ်းတွင် မထည့်သွင်းသည့်တိုင် အနည်းဆုံး လုပ်ငန်းအဖွဲ့များက အခြေခံအဆင့်၌ (ဆိုလိုသည်မှာ လေ့ကျင့်ခန်းစာရွက် (ဆ) တွင် ပါဝင်သော ကိစ္စရပ်အလိုက် ဇယားများ၏ လက်ရှိပါတီ အနေအထားနှင့် မူဘောင် အပိုင်းများတွင်) ပြန်လည်သုံးသပ်သင့်သည်။ ဇယားတွင် သဘာဝ သယံဇာတဆိုင်ရာ သဘောတူစာချုပ် (Natural Resource Charter) ၏ တိကျသော စည်းမျဉ်းများ (Precepts) အား ရည်ညွှန်းဖော်ပြချက်များ ပါဝင်ပါသည်။[၁၂၆]

### *'အရေးကြီးမှု'နှင့်ပတ်သက်ပြီး သတိပေးချက်တစ်ရပ်*

ပါတီအနေဖြင့် နယ်ပယ်အချို့ကိုသာ အာရုံစိုက်ရန် ဆုံးဖြတ်ပါက နယ်ပယ်တစ်ခုအား အခြားနယ်ပယ်တစ်ခုထက် ပိုမိုအာရုံစိုက် အလေးထားမိနိုင်သည့် အန္တရာယ်များ ရှိသဖြင့် ဂရုတစိုက် စဉ်းစားရန် လိုအပ်ပါသည်။ လတ်တလောတွင် လူသိအများဆုံး ကိစ္စရပ်များအပေါ် အာရုံစိုက်ရန် ဖိတ်ခေါ်နေနိုင်သော်လည်း သိရှိမှု ပိုမိုနည်းပါးသော ကိစ္စရပ် နယ်ပယ်များသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအပေါ်နှင့် သာမန်ပြည်သူများ အကျိုးခံစားရသည့် အတိုင်းအတာအပေါ် ပိုမိုသက်ရောက်မှု ရှိနိုင်ပါသည်။ ထို့ကြောင့် ဤလုပ်ငန်းစဉ်အား ဦးဆောင်သော ပါတီဝင်များအနေဖြင့် သယံဇာတ အုပ်ချုပ်မှုနှင့် နိုင်ငံတော်က တွေ့ကြုံနေရသော အခြား အဓိကကိစ္စရပ်များအကြောင်းကို NGO များ၊ တတ်သိပညာရှင်အဖွဲ့များ (Think Tanks) နှင့် နိုင်ငံတကာ ဘဏ္ဍာရေးအဖွဲ့အစည်းများမှ အစီရင်ခံစာများ အပါအဝင် ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုလေ့လာရန် ကြိုးပမ်းသင့်ပါသည်။

စတင်ဆောင်ရွက်ရန် အကောင်းဆုံး အဆင့်မှာ သယံဇာတ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ဖြစ်စေ၊ နိုင်ငံအနေဖြင့် ပြည်စုံပြီး အားလုံးပါဝင်နိုင်သော အမျိုးသား မဟာဗျူဟာတစ်ခု ရှိ မရှိ (ဤအကြောင်းကို ကိစ္စရပ် နယ်ပယ် ၁။ အောက်ရှိ လေ့ကျင့်ခန်းစာရွက် (ဆ) တွင် ဖော်ပြထားပါသည်) နှင့်ပတ်သက်၍ဖြစ်စေ ပါတီတစ်ခု၏ သိရှိနားလည်မှုနှင့် အမှန်တကယ်တော့ အစိုးရအဖွဲ့၏ သိရှိနားလည်မှုအား လက်တွေ့ကျကျ ဆန်းစစ်ရန် ဖြစ်သည်။ အောက်ပါ အကြောင်းအချက်များသည်လည်း အရေးတကြီးအဖြစ်ဆုံး ကိစ္စရပ် နယ်ပယ်များအား ဖော်ထုတ်ရန်နှင့် လုပ်ငန်းစဉ်တွင် ၎င်းတို့အား မည်သည့်အတိုင်းအတာအထိ ထည့်သွင်းစဉ်းစားသင့်သည်ကို သတ်မှတ်ရာတွင် အထောက်အကူ ပြုနိုင်ပါသည် –

- **အချိန်ကိုက်မှု** – ဤကိစ္စရပ် နယ်ပယ်နှင့်ပတ်သက်ပြီး အရေးပါသော ဥပဒေများ ပြဋ္ဌာန်းရန် ကြိုး

---

၁၂၆။ သဘောတူစာချုပ်နှင့်ပတ်သက်ပြီး ထပ်မံသိရှိလိုပါက လေ့ကျင့်ခန်းစာရွက် (ဆ) ကိုကြည့်ပါ။ Natural Resource အား <https://resourcegovernance.org/approach/natural-resource-charter> တွင် ရယူနိုင်ပါသည်။

ပမ်းမှုများ ရှိနေသလား။ ၎င်းနှင့်ပတ်သက်ပြီး မကြာသေးမီက အများပြည်သူဆိုင်ရာ ဆွေးနွေးငြင်းခုံမှုများ ရှိခဲ့သလား။ ကိစ္စရပ်သည် သယံဇာတ တူးဖော်မှု သံသရာလည်ပုံ စက်ဝန်းတွင် နိုင်ငံကရောက်ရှိနေသော အဆင့်နှင့် သက်ဆိုင်မှု ရှိသလား။ လုပ်ငန်းကဏ္ဍ ပြောင်းလဲမှုများ သို့မဟုတ် ကုန်ပစ္စည်း ဈေးနှုန်းများနှင့်ပတ်သက်သော အပြောင်းအလဲများသည် အချို့သော ကိစ္စရပ်များကို ပို၍ ထင်ရှားပေါ်လွင်စေနိုင်ပါသည်။

- **စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အရေးပါမှု** – ပိုမိုကျယ်ပြန့်သော နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာတွင် ဤကိစ္စရပ်က မည်သည့်နေရာမှ ပါဝင်သနည်း။ သယံဇာတ အုပ်ချုပ်မှုအတွက် နိုင်ငံတော် မဟာဗျူဟာ ရှိပါက ဤကိစ္စရပ်သည် ထိုမဟာဗျူဟာအတွင်း မည်သည့်အပိုင်း၌ ပါဝင်သနည်း။ ဤကိစ္စရပ် နယ်ပယ်သည် ပါတီအား မဲပေးသူများနှင့် အခြားမဲပေးသူများအတွက် မည်မျှလောက် အရေးကြီးပါသနည်း။ RGI ကဲ့သို့သော တစ်ကမ္ဘာလုံးဆိုင်ရာ အညွှန်းကိန်းများအပေါ် အခြေခံလျက် ဤကိစ္စရပ်နှင့်ပတ်သက်ပြီး တိုးတက်နိုင်မည့် အလားအလာ ရှိသလား၊ ထိုတိုးတက်မှုသည် လူမှုရေး သို့မဟုတ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် မည်သို့ သက်ရောက်မှု ရှိနိုင်မည်နည်း။ အတိတ်က ဖြစ်ပေါ်ခဲ့သည့် ထည့်သွင်းစဉ်းစားရမည့် အချက်များသည်လည်း ဆုံးဖြတ်ချက် ကွင်းဆက်၏ အချို့သော နယ်ပယ်များကို ပို၍ အရေးတကြီး ဖြစ်စေနိုင်ပါသည်။
- **ဥပဒေနှင့် အကောင်အထည်ဖော်မှုဆိုင်ရာ ကွာဟချက်များ** – ဤကိစ္စရပ်အတွက် လွှမ်းမိုးသောမူဘောင်သည် နိုင်ငံအတွင်းရှိ အခြားဥပဒေများ၊ စည်းမျဉ်းများထက် ပို၍ အားနည်းနေသလား။ အရေးယူ ဆောင်ရွက်မှုက အခြားကိစ္စရပ်များထက်စာလျှင် ပို၍အားနည်းနေသလား။ RGI က တိုင်းတာပေးမှုအရဥပဒေနှင့်လက်တွေ့အကြားသိသာထင်ရှားသောအကောင်အထည်ဖော်မှုဆိုင်ရာ ကွာဟချက် ရှိနေလား။
- **လက်ရှိပါတီ ရပ်တည်မှုများ** – ပါတီက ဤကိစ္စရပ်နယ်ပယ်နှင့်ပတ်သက်ပြီး ခိုင်မာသော ရပ်တည်မှုရှိနှင့်ပြီးသားလား။ ဤကိစ္စရပ်နယ်ပယ်နှင့်ပတ်သက်ပြီး ပါတီအတွင်း ပြဿနာဖြစ်စေသော ပဋိပက္ခတွေ ရှိနေလား။ အခြားပါတီတွေက သက်ဆိုင်သော ရပ်တည်မှုတွေ ရှိကြလား။

### *RGI သည် ပြဿနာ နယ်ပယ်များကို ဖော်ထုတ်ရန် မည်သို့ ကူညီနိုင်ပုံ*

၂၀၁၇ ခုနှစ် RGI ၏ နိုင်ငံအလိုက် အကြောင်းအရာများ (Country Profiles) တွင် မတူညီသော အပိုင်းများ (Components)၊ အပိုင်းခွဲများ (Subcomponents) နှင့် ညွှန်ပြချက်များ (Indicators) အလိုက် နိုင်ငံတစ်နိုင်ငံ၏ ရမှတ်များကို အကျယ်ဖြန့် ရှင်းလင်းဖော်ပြချက်များ ပါဝင်ပါသည်။ ကျွမ်းကျင်သူများ၏ ဆန်းစစ်မှုများမှ အသေးစိတ် အချက်အလက်များကိုလည်း Data Explorer တွင် ရှာဖွေတွေ့ရှိနိုင်ပြီး ပြဿနာ နယ်ပယ်များအား ဖော်ထုတ်ခြင်းနှင့် လက်ရှိ အကြောင်းအရာကို ပိုမိုပြည့်စုံစွာ နားလည်ခြင်းအတွက် အသုံးဝင်နိုင်ပါသည်။[၁၂၇]

၁၂၇။ Country Profiles များကို <http://resourcegovernanceindex.org/country-profiles တွင် ရယူနိုင်ပြီး Data Explorer ကို <http://resourcegovernanceindex.org/about/data-and-source-documents မှ ကူးယူနိုင်ပါသည်။

| | ကိစ္စရပ် နယ်ပယ်များ | ထည့်သွင်းရန် လိုအပ်မှု | | |
|---|---|---|---|---|
| | | နိမ့် | လယ် | မြင့် |
| | ၁။ **မဟာဗျူဟာ၊ ဥပဒေမူဘောင်နှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ** – နိုင်ငံ၏ သယံဇာတ ပိုင်ဆိုင်မှုကို ဖော်ထုတ်ခြင်း၊ ထိုသယံဇာတကို မည်သူက ပိုင်ဆိုင်သည်နှင့် နိုင်ငံတွင် သဘာဝ သယံဇာတ စီမံခန့်ခွဲမှုအတွက် ပြည့်စုံပြီး အားလုံး ပါဝင်နိုင်သော အမျိုးသား မဟာဗျူဟာ ရှိ မရှိ အပါအဝင် အကြောင်းအရာများနှင့်ပတ်သက်သည့် ပိုမို ကျယ်ပြန့်သော ဆုံးဖြတ်ချက်များအား ကိုင်တွယ်ဆောင်ရွက်ခြင်း<br>NRC စည်းမျဉ်း ၁ | | | * |
| | ၂။ **ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု** – တရားဝင် အစိုးရအဖွဲ့များ (ဥပမာ – လွှတ်တော်နှင့် စာရင်းစစ်ရုံး) နှင့် အရပ်ဘက် လူ့အဖွဲ့အစည်း၏ တာဝန်ခံမှုနှင့် ကြီးကြပ်မှု ပိုမိုကောင်းမွန်စေရန် သယံဇာတ ကဏ္ဍ၏ သတင်းအချက်အလက်များကို အများပြည်သူထံ ဖွင့်ဟထုတ်ဖော်ခြင်း ပြုမည် မပြုမည်နှင့် ပြုမည်ဆိုလျှင် မည်သို့ ဖွင့်ဟထုတ်ဖော်မည်ကို ဆုံးဖြတ်ခြင်း။ ဤတွင် ပြည်တွင်း သယံဇာတ အုပ်ချုပ်မှုဆိုင်ရာ အစိုးရ၏ ကြိုးပမ်းမှုများကို ပံ့ပိုးပေးသော သို့မဟုတ် ဖြည့်စွက်ပေးသော နိုင်ငံတကာ လှုပ်ရှားမှုများ (ဥပမာ – EITI နှင့် OGP) တို့တွင် ပါဝင်ဆောင်ရွက်ခြင်းလည်း ပါဝင်နိုင်ပါသည်။<br>NRC စည်းမျဉ်း ၂ | | | * |
| RGI တန်ဖိုး လက်တွေ့ အကောင်အထည်ဖော်ခြင်း အစိတ်အပိုင်းများ | ၃။ **စမ်းသပ်တိုင်းတာခြင်း၊ လိုင်စင်ထုတ်ပေးခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း လုပ်ငန်းများ** – ဘူမိဗေဒဆိုင်ရာ သတင်းအချက်အလက်များ ကောက်ယူစုဆောင်းခြင်း၊ လုပ်ကိုင်နိုင်စွမ်း ရှိပြီး ဥပဒေလိုက်နာသော ကုမ္ပဏီများအား လိုင်စင်ချထားပေးခြင်း၊ သယံဇာတထုတ်လုပ်မှု စီမံကိန်း သံသရာလည်ပုံ စက်ဝန်းတလျှောက် လုပ်ငန်းများအား စောင့်ကြည့်စစ်ဆေးခြင်း အပါအဝင် လိုင်စင်များ သတ်မှတ်ချထားပေးခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း။<br>NRC စည်းမျဉ်း ၃ | | | |
| | ၄။ **အခွန်ကောက်ခံခြင်းနှင့် ကုမ္ပဏီများမှ အခြားပေးဆောင်မှုများ** – အစိုးရအတွက် သင့်လျော်သော ဝင်ငွေ ရရှိစေပြီး ပြောင်းလဲနေသော အခြေအနေများ (ဥပမာ – ကုန်ပစ္စည်းဈေးနှုန်း အပြောင်းအလဲများ) အလိုက် ပြင်လွယ် ပြောင်းလွယ် ရှိသည့်အပြင် တစ်ချိန်တည်းမှာပင် လုံလောက်သော ရင်းနှီးမြှုပ်နှံမှုကိုလည်း ဆွဲဆောင်နိုင်သည့် အခွန်အခများ ကောက်ခံသည့် စနစ်တစ်ရပ် (Fiscal Regime) တည်ထောင်ခြင်း။<br>NRC စည်းမျဉ်း ၄ | | | |
| | ၅။ **ဒေသအပေါ် သက်ရောက်မှုများ** – သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ ကုန်ကျစရိတ်များကို လျှော့ချလျက် ဒေသန္တရ အကျိုးကျေးဇူးများကို တိုးမြှင့်ခြင်း။<br>NRC စည်းမျဉ်း ၅ | | | |
| | ၆။ **နိုင်ငံပိုင် လုပ်ငန်းများ** – နိုင်ငံပိုင် လုပ်ငန်းများ၏ စီးပွားရေးဆိုင်ရာ အခန်းကဏ္ဍများ၊ စီးပွားရေးနှင့် မသက်ဆိုင်သော အခန်းကဏ္ဍများနှင့် ငွေကြေးရယူမှုနှင့်ပတ်သက်၍ ရှင်းလင်းခြင်းနှင့် ၎င်းတို့၏ အဖွဲ့အစည်း အုပ်ချုပ်မှုစနစ်သည် နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှုကို ကန့်သတ်ပေးရန်နှင့် ၎င်းတို့၏ ဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် လုပ်ငန်း လည်ပတ်မှုများသည် ပွင့်လင်းမြင်သာမှု ရှိခြင်း၊ စာရင်းစစ်ဆေးထားခြင်းနှင့် တာဝန်ခံမှုရှိခြင်းတို့ ဖြစ်ပေါ်စေရန် သေချာစေခြင်း။<br>NRC စည်းမျဉ်း ၆ | | | ** |
| RGI ဝင်ငွေစီမံခန့်ခွဲမှု အစိတ်အပိုင်းများ | ၇။ **ဝင်ငွေ စီမံခန့်ခွဲမှု** – သယံဇာတမှရရှိသော ဝင်ငွေများနှင့်ပတ်သက်ပြီး အစိုးရ၏ စုဆောင်းမှုများနှင့် ချေးယူမှုအား အခွန်ဘဏ္ဍာဆိုင်ရာ ရေရှည်တည်တံ့မှု ရှိစေခြင်းနှင့် ရုတ်တရက် စီးပွားရေး အပြောင်းအလဲများ (ဥပမာ – ငွေကြေးဆိုင်ရာ မူဝါဒ နှင့် နိုင်ငံပိုင် ဥစ္စာခ ရန်ပုံငွေများမှတဆင့်) မှ အကာအကွယ် ပေးနိုင်စေခြင်း။<br>NRC စည်းမျဉ်း ၇ နှင့် ၈ | | | |
| | ၈။ **အစိုးရ ငွေသုံးစွဲမှု** – အစိုးရ၏ သုံးစွဲမှုသည် ထိရောက်မှုရှိပြီး နိုင်ငံတော် အစီအစဉ်များနှင့် ကိုက်ညီမှု ရှိစေခြင်းနှင့် ဒေသန္တရ အစိုးရအဖွဲ့များထံ ဝင်ငွေလွှဲပြောင်းမှုများကို ပွင့်လင်းမြင်သာစွာနှင့် တာဝန်ခံမှု ရှိစွာ စီမံခန့်ခွဲစေခြင်း။<br>NRC စည်းမျဉ်း ၉ | | | |
| | ၉။ **ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု** – အခြားလုပ်ငန်းကဏ္ဍများနှင့် ပိုမိုကျယ်ပြန့်သော စီးပွားရေးတွင် တိုးတက်မှု ဖြစ်ပေါ်လာအောင် လှုံ့ဆော်ပေးရန် သယံဇာတ ကဏ္ဍများကို အားထားခြင်း။<br>NRC စည်းမျဉ်း ၁၀ | | | |

* ပထမကိစ္စရပ် နယ်ပယ်နှစ်ခုသည် အခြေခံအုတ်မြစ်ဖြစ်ပြီး နိုင်ငံပိုင်လုပ်ငန်းများမှတပါး အနည်းဆုံး အခြေခံအဆင့်အထိ ပြန်လည်သုံးသပ်သင့်ပါသည်။

** နိုင်ငံတိုင်းတွင် နိုင်ငံပိုင်လုပ်ငန်းများ မရှိကြသဖြင့် ဤကိစ္စရပ် နယ်ပယ်သည် အလိုအလျောက် သက်ဆိုင်မှု မရှိ ဖြစ်နိုင်ပါသည်။

## လုပ်ပိုင်ခွင့်နှင့် အရင်းအမြစ်အများ ရယူပါ

နောက်တဆင့်အနေဖြင့် လုပ်ငန်းစဉ်အား မောင်းနှင် ဆောင်ရွက်သူများသည် လိုအပ်သော လုပ်ပိုင်ခွင့်၊ အချိန်နှင့် ငွေကြေးပံ့ပိုးမှုကို တတ်နိုင်သမျှ အစောဆုံး ရယူရန် လိုအပ်ပါသည်။ ရာထူးအကြီးဆုံး ပါတီဝင်များနှင့် အရေးပါသော ပါတီလက်အောက် အဖွဲ့အစည်းများ၏ လက်မှတ်ရေးထိုးပေးမှုသည် လုပ်ငန်းစဉ်အတွက် တရားဝင် ဖြစ်မှု (Legitimacy) နှင့် ပံ့ပိုးမှု ပေးလေ့ရှိပါသည်။ အဆိုပါ ပါတီဝင်များ အနေဖြင့် ရေးဆွဲမှုတွင် ထိရောက်စွာ ပါဝင်ဆောင်ရွက်ရန် အချိန်ရှိနိုင်ဖွယ် မရှိသော်လည်း သဘာဝ သယံဇာတ ကဏ္ဍရှိ အဓိကကျသော ကိစ္စရပ်များအား ပိုမိုသိမ်မွေ့ နက်နဲစွာ နားလည်ရန်အတွက် အထောက်အကူ ဖြစ်စေမည့် အဆက်အသွယ်များနှင့် အကြံပြုချက်များ ပေးနိုင်ပါသည် သို့မဟုတ် ဆွေးနွေးတိုင်ပင်သည့် အချိန်ကာလအတွင်း အရေးပါသော ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှု ပေးနိုင်ပါသည်။

မူဝါဒရပ်တည်မှု ချမှတ်ခြင်း လုပ်ငန်းစဉ်အတွက် လုပ်ပိုင်ခွင့်ရယူသည့် လုပ်ငန်းစဉ်သည် မူဝါဒရပ်တည်မှု အသစ်အား ပို၍ကျယ်ပြန့်သော မူဝါဒကြေညာချက်ပေါ်တွင် အခြေခံပြီး ပါတီ၏ အခြားသော ဦးစားပေး ကိစ္စရပ်များနှင့်လည်း ညီညွတ်စေပါသည်။ ဂါနာနိုင်ငံ၏ ၂၀၁၅ – ၂၀၁၆ ပါတီစုံ ရပ်တည်မှု ရေးဆွဲရေး လုပ်ငန်းစဉ်တွင် နိုင်ငံရေးပါတီ လေးခု ပါဝင်ခဲ့သော်လည်း (အကွက် ၃.၄ ကို ကြည့်ပါ) ပါတီ သုံးခု ကသာလျှင် ပူးတွဲ ထုတ်ပြန်မှုအတွက် ပါတီခေါင်းဆောင်များထံမှ အပြီးသတ် ခွင့်ပြုချက်ကို ရယူခဲ့ပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ ရပ်တည်မှုအကြောင်းအရာနှင့် ၎င်းအားမည်သို့ဖြန့်ဖြူးသင့်သည်နှင့်ပတ်သက်၍ မည်သူ့တွင် နောက်ဆုံး ဆုံးဖြတ်ပိုင်ခွင့်ရှိသည့် လုပ်ပိုင်ခွင့်မှာ ရှင်းလင်းမှု မရှိသောကြောင့် ဖြစ်ပါသည်။

ဒီဇိုင်းအဆင့်အား မစတင်မီ မူဝါဒ ရပ်တည်မှု ချမှတ်ခြင်း လုပ်ငန်းစဉ်အား ဆောင်ရွက်သူအနေဖြင့် မည်သည့် အရင်းအမြစ်များ ရရှိနိုင်သည်နှင့် ထိုအခြေအနေများတွင် မည်သည်တို့ကို လက်တွေ့တွင် အောင်မြင်အောင် ဆောင်ရွက်နိုင်သည်ကို တိတိကျကျ သိရှိထားရန်လည်း အရေးကြီးပါသည်။ ဥပမာ အားဖြင့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ ခေါ်ယူခြင်း၊ ဖြစ်မြောက်အောင် ပံ့ပိုးဆောင်ရွက်ပေးခြင်း၊ မူဝါဒ ရပ်တည်မှုအကြောင်း ဆွေးနွေးရန် ပါတီဝင်များအတွက် မူဝါဒဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲများ စီစဉ်ကျင်းပခြင်း၊ အခြားသော စီမံကိန်းနှင့် ဆက်စပ်သူများနှင့် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ခြင်းတို့နှင့် စပ်လျဉ်းသော ကုန်ကျမှုများကို ကာမိစေရန် လုံလောက်သော ငွေကြေးပံ့ပိုးမှု ရှိသင့်ပါသည်။ ပါတီ အနေဖြင့် ရပ်တည်မှုအား သတင်းအချက်အလက်များ ဖော်ပြထားသော စာရွက်စာတမ်းများနှင့် အများ ပြည်သူဆိုင်ရာ ပွဲများမှတဆင့် ထုတ်ဖော်ကြေညာရန် ရည်ရွယ်ပါက ထိုသို့ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း သော ကုန်ကျမှုများကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ အရေးကြီးသော်လည်း မကြာခဏ သတိ မထားမိလေ့ရှိသည့် ထည့်သွင်းစဉ်းစားရမည့် ကုန်ကျမှု နောက်တစ်ခုမှာ ငွေကြေးကုန်ကျမှု မဟုတ်ဘဲ ပါတီဝင်များနှင့် ပံ့ပိုးသူများအနေဖြင့် ဤလုပ်ငန်းစဉ်အတွက် အသုံးပြုသည့် ၎င်းတို့၏ အချိန်ဖြစ်ပါသည်။

## လုပ်ငန်းစဉ် ဒီဇိုင်း

### လုပ်ငန်းစဉ်၏ အုပ်ချုပ်မှုအပေါ် သဘောတူညီပါ

မူဝါဒရပ်တည်မှု သတ်မှတ်ရန် အထူးကိစ္စရပ်အတွက် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်စေ၊ ယခင်ရှိနှင့်ပြီးသား ကော်မတီတစ်ခုဖြစ်စေ လုပ်ငန်းအဖွဲ့တစ်ခု တည်ထောင်ခြင်းသည် အဓိက ပါတီဝင် အနည်းငယ်အကြား လုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး မည်သူက တာဝန်ရှိသည်ကို သေချာစွာ သတ်မှတ်ပေးနိုင်ရန် အထောက်အကူ ဖြစ်စေပါသည်။ ဥပမာအားဖြင့် တောင်အာဖရိကနိုင်ငံတွင် စီးပွားရေး ပြုပြင်ပြောင်းလဲရေးကော်မတီ (Economic Transformation Committee) သည် အာဖရိကန် အမျိုးသားကွန်ဂရက်အတွက် ဓာတ်သတ္တုဆိုင်ရာ မူဝါဒ ရေးဆွဲပေးရန် တာဝန်ရှိပါသည်။[၁၂၈] ဂါနာနိုင်ငံ၏ အမျိုးသား ဒီမိုကရက်တစ် ကွန်ဂရက်ပါတီမှ သာဓကတစ်ခုအား အကွက် ၃.၄ တွင် တွေ့ရှိနိုင်ပါသည်။

၁၂၈။ အခန်း ၂ တွင် တောင်အာဖရိကနိုင်ငံအကြောင်း လေ့လာမှုကို ကြည့်ပါ။

လုပ်ငန်းအဖွဲ့များတွင် ပါတီအောက်ရှိ အဓိက အဖွဲ့များနှင့် ညှိနှိုင်း ဆောင်ရွက်နိုင်သည့် ပုဂ္ဂိုလ်များ၊ သဘာဝ သယံဇာတ ကဏ္ဍအကြောင်း ဗဟုသုတ ရှိသူများနှင့် ရပ်တည်မှုအပေါ် လက်တွေ့ အကောင်အထည်ဖော်ရန် တာဝန်ရှိလာမည့်သူများ ပါဝင်ပါက အထိရောက်ဆုံး ဖြစ်ပါသည်။ သယံဇာတ အုပ်ချုပ်မှုသည် အစိုးရအဖွဲ့နှင့် စီးပွားရေးတစ်ခုလုံး၏ အစိတ်အပိုင်းပေါင်း များစွာနှင့် သက်ဆိုင်လေ့ရှိသောကြောင့် ဝန်ကြီးဌာန ပေါင်းစုံနှင့် ဝန်ကြီးဌာန အခန်းကဏ္ဍ ပေါင်းစုံ (ဥပမာ – သယံဇာတ၊ ဘဏ္ဍာရေးနှင့် သဘာဝ ပတ်ဝန်းကျင် ဝန်ကြီးဌာန) မှ ပုဂ္ဂိုလ်များအပြင် သက်ဆိုင်ရာ လွှတ်တော် ကော်မတီများ (ဥပမာ – စွမ်းအင်၊ သဘာဝပတ်ဝန်းကျင် သို့မဟုတ် အများပြည်သူဆိုင်ရာ ဘဏ္ဍာရေးနှင့်ပတ်သက်သော ကော်မတီများ)မှ အဖွဲ့ဝင်များ ပါဝင်ရန် လိုအပ်နိုင်ပါသည်။ အရေးကြီးသော အချက်မှာ ပါတီအတွင်း ရာထူးမြင့်မားမှုနှင့် သယံဇာတ အုပ်ချုပ်မှုအကြောင်း ပညာရပ်ဆိုင်ရာ ဗဟုသုတကို မှန်ကန်စွာ ဟန်ချက်ညီအောင် ချိန်ဆရန် ဖြစ်ပါသည်။

### အကွက် ၃.၁
### လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ – ဂါနာနိုင်ငံ၏ အမျိုးသား ဒီမိုကရက်တစ် ကွန်ဂရက်ပါတီမှ သာဓကတစ်ခု[၁၂၉]

- Dr. Kwame Ampofo, South Dayi မဲဆန္ဒနယ်၏ ယခင် လွှတ်တော်အမတ်နှင့် စွမ်းအင်ကော်မရှင်၏ ဥက္ကဋ္ဌ
- Hon. S.P. Adamu, for Bibiani/Anhwiaso/Berkwai ဒေသများ၏ ယခင် လွှတ်တော်အမတ်နှင့် ကျောင်းအကျွေးအမွေး အစီအစဉ် (School Feeing Programme)၏ ညှိနှိုင်းဆောင်ရွက်သူ
- Dr. William Ahadzie ၊ ညွှန်ကြားရေးမှူး၊ သုတေသန၊ NDC ရုံးချုပ်
- Hon. Adam Mutawakilu ၊ လွှတ်တော်အမတ် (Damongo)၊ သတ္တုတွင်းနှင့် စွမ်းအင်ဆိုင်ရာ ရွေးချယ်ရေး ကော်မတီ
- Hon. Benjamin Komla Kpodo၊ လွှတ်တော်အမတ် (HO Central) နှင့် ဘဏ္ဍာရေး၊ ဒေသန္တရ အစိုးရအဖွဲ့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ကော်မတီများ၏ အဖွဲ့ဝင်
- Hon. K. Abaka-Quansah, မူဝါဒ ကြေညာချက် ကော်မတီ၏ အဖွဲ့ဝင်

ပါတီအနေဖြင့် လုပ်ငန်းအဖွဲ့ အစည်းအဝေးများအား ကျင်းပပေးခြင်း၊ ဆွေးနွေးမှုများအပေါ် လမ်းညွှန်မှုပေးခြင်း၊ မူဝါဒရပ်တည်မှု ရေးဆွဲခြင်းနှင့် ပြင်ဆင်ခြင်းကို ကြီးကြပ်ခြင်း၊ ပါတီတစ်ခုနှင့်တစ်ခုအကြား ဆွေးနွေးတိုင်ပင်မှုများကို ဦးဆောင်ခြင်းနှင့် အပြီးသတ် မူဝါဒ စာတမ်းအတွက် ခေါင်းဆောင်များ၏ အတည်ပြုချက်နှင့် လက်မှတ်ရေးထိုးပေးမှု ရယူခြင်းတို့ ဆောင်ရွက်မည့် ညှိနှိုင်းဆောင်ရွက်သူ (Coordinator) တစ်ဦး ခန့်အပ် တာဝန်ပေးအပ်သင့်ပါသည်။ သယံဇာတ အုပ်ချုပ်မှုနှင့်ပတ်သက်ပြီး ခိုင်မာသော အတွေ့အကြုံရှိသူတစ်ဦး ဖြစ်လျှင် အသင့်လျော်ဆုံးဖြစ်သည့် လွတ်လပ်သော ပံ့ပိုးကူညီသူ (Facilitator) တစ်ဦးကိုလည်း ရပ်တည်မှုရေးဆွဲခြင်း လုပ်ငန်းစဉ်ကို အထိရောက်ဆုံး ဒီဇိုင်းရေးဆွဲရန်နှင့် ထိခိုက်လွယ်သော နယ်ပယ်များတွင် ကွဲပြားခြားနားမှုများကို ညှိနှိုင်းဆွေးနွေးရန်အတွက် ထားရှိနိုင်ပါသည်။ လေ့ကျင့်ခန်းစာရွက် (ခ) တွင် ထည့်သွင်းစဉ်းစားရမည့် အချက်အချို့နှင့် လုပ်ငန်းအဖွဲ့များ၏ အဖွဲ့ဝင်အဖြစ် ပါဝင်မှုနှင့် အစီအစဉ်များကို အတည်ပြုခြင်း မပြုမီ မေးမြန်းသင့်သော လမ်းညွှန်မေးခွန်းများကို ဖော်ပြထားပါသည်။

၁၂၉။ NDC ၏ ၂၀၁၆ ခုနှစ် ရေနံနှင့် ဓာတ်ငွေ့အကြောင်း ရပ်တည်မှုစာတမ်း (Position Paper on Oil and Gas) ၏ ကျေးဇူးတင်လွှာ အပိုင်းမှ ကူးယူထားပါသည်။

## လေ့ကျင့်ခန်းစာရွက် (ခ) – လုပ်ငန်းအဖွဲ့ဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့်အချက်များ

မူဝါဒရပ်တည်မှု သတ်မှတ်ခြင်း လုပ်ငန်းစဉ်အတွက် အဓိကကျသော အုပ်ချုပ်မှုဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့် အချက်များကို စဉ်းစားရန် ဤလေ့ကျင့်ခန်းစာရွက်ကို အသုံးပြုပါ။

**လုပ်ငန်းတာဝန်**

'အုပ်ချုပ်မှုဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့် အချက်များ' ကော်လံတွင် သက်ဆိုင်ရာ လမ်းညွှန်မေးခွန်းများအတွက် အကျဉ်းချုပ် အဖြေများ ဖြေဆိုပါ။

| လမ်းညွှန်မေးခွန်းများ | အုပ်ချုပ်မှုဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့် အချက်များ |
|---|---|
| **အဖွဲ့ဝင်အဖြစ် ပါဝင်မှု** | |
| • ညှိနှိုင်းဆောင်ရွက်သူနှင့် ဦးဆောင်ရေးဆွဲသူတို့သည် လုပ်ငန်းစဉ်ကို ကောင်းမွန်စွာ ဦးဆောင်ရန် သဘာဝ သယံဇာတ အုပ်ချုပ်မှုနှင့်ပတ်သက်ပြီး လုံလောက်သော နားလည်သဘောပေါက်မှု ရှိကြသလား။ | |
| • ပါတီတွင်း လုပ်ငန်းအဖွဲ့မှာ တာဝန်ပေးအပ်နိုင်သော သဘာဝ သယံဇာတနှင့်ပတ်သက်ပြီး ကျွမ်းကျင်သူတွေ ရှိသလား။ | |
| • ပူးပေါင်းပါဝင် ဆောင်ရွက်ရန် ခေါ်ယူနိုင်သော သက်ဆိုင်ရာ ကဏ္ဍအကြောင်း ဗဟုသုတ ရှိသည့် ပါတီဝင်များ သို့မဟုတ် ပါတီဝင်အဟောင်းများ ရှိသလား။ | |
| • အဓိက မဲဆန္ဒနယ်များကို လုပ်ငန်းအဖွဲ့အတွင်းမှာ မည်သို့ ကိုယ်စားပြုမည်နည်း။ သယံဇာတ ကြွယ်ဝသော ဒေသတွေကို ကိုယ်စားပြုထားလား။ အမျိုးသမီးတွေကို ကိုယ်စားပြုထားလား။ လူငယ်များနှင့် လူငယ်အဖွဲ့များကို ကိုယ်စားပြုထားလား။ | |
| • ပါတီမှ လွှတ်တော်အမတ်များ ပါဝင်သင့်သလား။ အကယ်၍ မူဝါဒရပ်တည်မှုများအား ဥပဒေပြုရေး လုပ်ငန်းစဉ်တွင် ဆွေးနွေးငြင်းခုံကြမည်ဆိုပါက လုပ်ငန်းအဖွဲ့တွင် သက်ဆိုင်ရာ လွှတ်တော်ကော်မတီများ (ဥပမာ – သဘာဝ သယံဇာတဆိုင်ရာ၊ အများပြည်သူ ငွေစာရင်းများဆိုင်ရာ၊ ပတ်ဝန်းကျင်ဆိုင်ရာ စသဖြင့်)၏ ခေါင်းဆောင်ပိုင်း ပါဝင်သင့်သလား။ | |
| • မူဝါဒ ရပ်တည်မှုကို အလွယ်တကူ အတည်ပြုနိုင်ရန် လုပ်ငန်းစဉ်တလျှောက်လုံးတွင် အကြီးတန်း ပါတီဝင်များ ကိုယ်စားပြု ပါဝင်မှု လိုအပ်သလား။ လိုအပ်သည်ဆိုပါက အစကတည်းက အနည်းဆုံး အကြီးတမ်း ပါတီဝင်တစ်ယောက် အထူးသဖြင့် သက်ဆိုင်ရာကဏ္ဍနှင့်ပတ်သက်ပြီး ကျွမ်းကျင်မှု ရှိသူကို ပါဝင်စေရန် ဖြစ်နိုင်လား။ | |
| • ပါတီလက်အောက်ရှိ သက်ဆိုင်ရာ အဖွဲ့များ၏ အဖွဲ့ဝင်များ ပါဝင်သင့်သလား။ | |
| • မည်သည့်လုပ်ငန်း အဖွဲ့ဝင်သည် ပြင်ပ ပံ့ပိုးဆောင်ရွက်သူများနှင့် သယံဇာတ အုပ်ချုပ်မှု ကျွမ်းကျင်သူများနှင့် ဆက်သွယ် ဆောင်ရွက်ပေးရန် တာဝန်ရှိသင့်သနည်း။ | |

| လမ်းညွှန်မေးခွန်းများ | အုပ်ချုပ်မှုဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့် အချက်များ |
|---|---|
| • မည်သည့်လုပ်ငန်း အဖွဲ့ဝင်(များ)သည် ဆွေးနွေးတိုင်ပင်မှုများကို ညှိနှိုင်းဆောင်ရွက်ရန် တာဝန်ရှိသင့်သနည်း။ | |
| **ပံ့ပိုးဆောင်ရွက်ခြင်း** | |
| • ဤအခန်းကဏ္ဍကို ဆောင်ရွက်ရန် အာဏာရှိပြီး အခြားပါတီများကလည်း လေးစားရသည့်အပြင် ပံ့ပိုးဆောင်ရွက်ပေးနိုင်မှု သို့မဟုတ် သဘာဝ သယံဇာတဆိုင်ရာ ကျွမ်းကျင်မှုတို့ကို ပိုင်ဆိုင်ထားသောသူ တစ်ဦးဦး ပါတီအတွင်းမှာ ရှိပါသလား။ | |
| • အခြားနည်းအားဖြင့် လုပ်ငန်းစဉ်ကို ပံ့ပိုးဆောင်ရွက်ပေးရန် ဖိတ်ခေါ်နိုင်သည့် ပါတီ နှင့်/သို့မဟုတ် သဘာဝ သယံဇာတအကြောင်း ဗဟုသုတ ရှိသူ ဖြစ်ပါက အကောင်းဆုံးဖြစ်သည့် ပြင်ပ ပံ့ပိုးဆောင်ရွက်သူများ ရှိပါသလား။ | |
| **တာဝန်ခံမှု** | |
| • ပါတီ၏ ခေါင်းဆောင်အဖွဲ့တွင် လုပ်ငန်းစဉ်အား ကြီးကြပ်ကွပ်ကဲရန် မည်သူက တာဝန်ရှိမည်နည်း။ ၎င်းတို့သည် ဤကြီးကြပ်ကွပ်ကဲမှု အခန်းကဏ္ဍကို ဖြည့်ဆည်းဆောင်ရွက်ရန် သယံဇာတ အုပ်ချုပ်မှု ကိစ္စရပ်များနှင့်ပတ်သက်ပြီး လုံလောက်သော နားလည်သဘောပေါက်မှု ရှိကြလား။ | |
| • မည်သည့်အဖွဲ့များက မူဝါဒ ရပ်တည်မှုကို ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်းကို ဆောင်ရွက်ရမည်နည်း။ ၎င်းတို့သည် ထိုသို့ ပြန်လည်သုံးသပ်ရန် သယံဇာတ အုပ်ချုပ်မှု ကိစ္စရပ်များနှင့်ပတ်သက်ပြီး လုံလောက်သော နားလည်သဘောပေါက်မှု ရှိကြလား။ မရှိပါက အတည်ပြုခြင်း မတိုင်မီနှင့် အတည်ပြုစဉ်အတွင်း မည်သည့် သတင်းအချက်အလက်များနှင့် ပံ့ပိုးမှုများ ပေးအပ်သင့်သနည်း။ | |
| • လုပ်ငန်းအဖွဲ့များက ဆွေးနွေးတိုင်ပင်မှုများ နှင့်/သို့မဟုတ် အဆိုပြုထားသော ရပ်တည်မှုအား အတည်ပြုရန်အတွက် အသုံးပြုနိုင်မည့် ပါတီအတွင်း မည်သည့်ဆွေးနွေးပွဲများ တည်ရှိသနည်း (ဥပမာ အမျိုးသားပါတီ ကွန်ဂရက်၊ အမျိုးသား အမှုဆောင်ကော်မတီ၊ အမျိုးသမီးများနှင့် လူငယ်အဖွဲ့ချုပ်များ၏ နှစ်ပတ်လည် အစည်းအဝေးများ)။ | |

## ပါဝင်စေမည့် လုပ်ငန်းကဏ္ဍ ကျွမ်းကျင်သူများကို ဖော်ထုတ်ပါ

အစိုးရများအနေဖြင့် သဘာဝသယံဇာတများကို ကောင်းမွန်စွာ စီမံခန့်ခွဲရာတွင် ရင်ဆိုင်ရသည့် အဓိက စိန်ခေါ်မှုများထဲမှ တစ်ခုမှာ သတင်းအချက်အလက်များ မညီမျှမှုဖြစ်ပါသည်။ သယံဇာတတူးဖော်မှုလုပ်ငန်းကဏ္ဍမှ ကုမ္ပဏီများသည် ပုံမှန်အားဖြင့် ၎င်းတို့အား စီမံကိန်းတစ်ခုအတွက် နည်းဗျူဟာများ ညှိနှိုင်းဆွေးနွေးခြင်း၊ အချို့သော အခြေခံ အဆောက်အအုံဆိုင်ရာ ရွေးချယ်နိုင်သော နည်းလမ်းများ၏ ဖြစ်မြောက်နိုင်စွမ်းနှင့် ဥပဒေဆိုင်ရာ နှင့် စည်းကမ်းထိန်းသိမ်းမှုဆိုင်ရာ တာဝန် ဝတ္တရားများအား ၎င်းတို့၏ ချဉ်းကပ်မှုနှင့်ပတ်သက်ပြီး အကြံပေးရန် ရှေ့နေများနှင့် စီးပွားရေးပညာရှင်များစွာ ခန့်အပ်ထားလေ့ ရှိပါသည်။ ထိုကုမ္ပဏီများသည် မရေရာမှုများနှင့် ဆုံးရှုံးနိုင်ခြေ များစွာရှိသည့် သယံဇာတ တူးဖော်မှုကဏ္ဍ၏ ရှုပ်ထွေးသော သဘော သဘာဝကြောင့် အဆိုပါ ကျွမ်းကျင်သူများကို ထားရှိကြပါသည်။ အစိုးရများအနေဖြင့် လူ့စွမ်းအား အရင်းအမြစ်အရ ယှဉ်ပြိုင်နိုင်လေ့မရှိကြဘဲ အစိုးရများသည် ပညာရပ်ဆိုင်ရာ ခိုင်မာသော နားလည်သဘောပေါက်မှု ကင်းမဲ့ပါက ၎င်းတို့အနေဖြင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်သော အခါနှင့် ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုများကို စောင့်ကြည့်စစ်ဆေးရာ၌ အားနည်းနိုင်ပါသည်။ တစ်ခါတစ်ရံတွင် အစိုးရအဖွဲ့အတွင်း ပုဂ္ဂိုလ် အချို့ကသာ လုပ်ငန်းကဏ္ဍအကြောင်းကို နားလည်ပါက ၎င်းတို့သည် ၎င်းတို့၏ ရာထူးများကို အသုံးပြု၍ ကိုယ်ကျိုးရှာ အမြတ်ထုတ်နိုင်ပါသည်။ ဥပမာအားဖြင့် ၁၉၉၈ ခုနှစ်တွင် နိုင်ဂျီးရီးယားနိုင်ငံ၏ ထိုစဉ်က ရေနံဝန်ကြီးဖြစ်ခဲ့သော Dan Etete သည် နိုင်ငံ၏ အကြွယ်ဝဆုံး ရေနံတူးဖော်လုပ်ကိုင်ခွင့်များကို ၎င်းပူးတွဲပိုင်ဆိုင်ခဲ့သော ကုမ္ပဏီတစ်ခုထံ ချထားပေးခဲ့ပါသည်။ ကမ္ဘာ့တိုက်ကြီးများစွာတွင် ဆယ်စုနှစ်ပေါင်းများစွာ တည်ရှိခဲ့သော ယခုအခါတွင် ဒေါ်လာ ဘီလီယံနှင့်ချီ၍ တန်သည့် ဤသိက္ခာကျဖွယ် ဖြစ်ရပ်အား ဖြေရှင်းနိုင်ခြင်း မရှိသေးပါ။ ထိုဖြစ်ရပ်ကြောင့် နိုင်ဂျီးရီးယားနိုင်ငံ၏ ပြည်သူများသည် ဝင်ငွေ အမေရိကန်ဒေါ်လာ သန်းပေါင်း ရာနှင့်ချီ၍ ဆုံးရှုံးခဲ့နိုင်ဖွယ် ရှိပါသည်။[၁၃၀]

မူဝါဒ ရပ်တည်မှုဆိုင်ရာ လုပ်ငန်းစဉ်သည် ပါတီ၏ ပါတီတွင်း ကျွမ်းကျင်မှု တည်ဆောက်ရန်နှင့် ပညာရပ်ဆိုင်ရာ ကိစ္စရပ်များစွာနှင့်ပတ်သက်ပြီး ရှင်းလင်းသော ရပ်တည်မှုများ သတ်မှတ်ရန်အတွက် အရေးပါသော အခွင့်အလမ်းတစ်ခု ဖြစ်ပါသည်။ အကြမ်းဖျဉ်း မူဝါဒရပ်တည်မှုလောက် ရှိလျှင်ပင် သဘာဝသယံဇာတ အုပ်ချုပ်မှု ကျွမ်းကျင်သူများ ထည့်သွင်းခြင်းဖြင့် ရပ်တည်မှု ရေးဆွဲခြင်း လုပ်ငန်းစဉ်အပေါ် အကျိုးရှိစေမည် ဖြစ်ပါသည်။ အဆိုပါ ကျွမ်းကျင်သူများသည် ပါတီအား မတူညီသော မူဝါဒဆိုင်ရာ ရွေးချယ်နိုင်သော နည်းလမ်းများ၏ ဖြစ်မြောက်နိုင်စွမ်း၊ ဆုံးရှုံးနိုင်ခြေနှင့် ရရှိသောအကျိုးအတွက် ပေးဆပ်ရမှုများအား လုံလောက်စွာ ဆန်းစစ် အကဲဖြတ်ရန် ကူညီပေးပါမည်။ အဆိုပါ ကျွမ်းကျင်သူများသည် နိုင်ငံအတွက် ဘယ်အရာက အသင့်လျော်ဆုံးနှင့် လက်တွေ့အကျဆုံး ဖြစ်မည်နှင့် ပိုမိုကျယ်ပြန့်သော ပါတီ၏ ရပ်တည်မှု၊ အယူဝါဒတို့နှင့် ကိုက်ညီမှုအရှိဆုံး ဖြစ်မည်ကို ဆုံးဖြတ်ရန် ပြည်တွင်းနှင့် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းအား စိစစ် သုံးသပ်ရာတွင်လည်း ကူညီနိုင်ပါသည်။ ကျွမ်းကျင်သူများသည် ပါတီမှ အရာရှိများအား သက်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ၎င်းတို့၏ အခြေခံ ဗဟုသုတအပေါ် လုံလောက်စွာ ယုံကြည်မှု ရှိလာအောင်နှင့် နောက်ပိုင်းတွင် အစိုးရအဖွဲ့အား တုံ့ပြန်ဆောင်ရွက်နိုင်ရန် မည်သို့ ရှာဖွေလေ့လာရမည်ကို သိရှိလာအောင်လည်း လေ့ကျင့်သင်ကြားပေးနိုင်ပါသည်။ ဥပမာအားဖြင့် တောင်အာဖရိကနိုင်ငံ၏ ဦးဆောင်ပါတီဖြစ်သော အာဖရိကန် အမျိုးသားကွန်ဂရက်သည် ရပ်တည်မှု အသစ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးငြင်းခုံရာတွင် အချက်အလက်များ ပံ့ပိုးပေးနိုင်သည့် မူဝါဒဆိုင်ရာ ရွေးချယ်နိုင်မှုများအကြောင်း အစီရင်ခံစာများ ဖန်တီးရန် မူဝါဒဆိုင်ရာ အကြံပေး ပုဂ္ဂိုလ်များနှင့် ပြင်ပ သုတေသီများကို အသုံးပြုခဲ့ပါသည်။[၁၃၁]

လုပ်ငန်းစဉ်တွင် ပါဝင်သူများအနေဖြင့် ကျွမ်းကျင်သူများအား နိုင်ငံရေးအရ ကြားနေပြီး ဓမ္မဓိဋ္ဌာန်ကျသည်ဟု ထင်မြင်ယူဆရန် လိုအပ်ပြီး ကျွမ်းကျင်သူများအား ပါတီ၏ အခြေအနေများနှင့် ထိခိုက်လွယ်

---

၁၃၀။ Toyin Akinniyi, Nigeria Watchdog Journalism Plays Essential Role in Malabu Oil Scandal Probe, NRGI 6 April 2017. <https://resourcegovernance.org/blog/nigeria-watchdog-journalism-plays-essential-role-malabu-oil-scandal-probe>.

၁၃၁။ အခန်း ၂ တွင် တောင်အာဖရိကနိုင်ငံအကြောင်း လေ့လာမှုကို ကြည့်ပါ။

သော ကိစ္စရပ်များနှင့်ပတ်သက်၍ ကောင်းစွာ ရှင်းပြထားရပါမည်။ အဆိုပါ ကျွမ်းကျင်သူများအနေဖြင့် လက်တွေ့ အတွေ့အကြုံနှင့် ကွင်းဆင်း ဆောင်ရွက်မှုနှင့်ပတ်သက်၍ ကောင်းမွန်သော ဂုဏ်သတင်း ရှိပါက အကောင်းဆုံးဖြစ်သော်လည်း ၎င်းတို့နှင့် အကျိုးစီးပွား ပဋိပက္ခဖြစ်မှုများ မရှိရပါ။ အလားအလာ ရှိသော ပုဂ္ဂိုလ်များနှင့် သက်ဆိုင်ရာကဏ္ဍ၌ လူအများ လေးစားသော ရှေ့နေများ၊ စီးပွားရေး ပညာရှင်များနှင့် ဘာသာရပ် ပညာရှင်များအပြင် အခြား သယံဇာတ ကြွယ်ဝသော နိုင်ငံများမှ ယခင်အစိုးရ အရာရှိများ ပါဝင်ပါသည်။ အချို့သော ပါတီများအနေဖြင့် အရပ်ဘက် လူ့အဖွဲ့အစည်းမှ ကျွမ်းကျင်မှု အပေါ် မှီခိုခြင်းဖြင့် အကျိုးအမြတ် များစွာ ရရှိနိုင်ပါသည်။ လွှတ်တော်အမတ်တစ်ဦးလည်းဖြစ် နော်ဝေ နိုင်ငံ၏ အစိမ်းရောင် ပါတီအတွက် ပြောရေးဆိုခွင့်ရှိသူ တစ်ဦးလည်းဖြစ်သည့် Rasmus Hansson ရှင်းပြသကဲ့သို့ ''ပါတီ အကြီးတစ်ခုနှင့် ယှဉ်လျှင် [မူဝါဒဆိုင်ရာ ဆုံးဖြတ်ချက် တစ်ရပ်၏] ဘဏ္ဍာရေး သက်ရောက်မှုများကို အတိအကျ တွက်ချက်ရန် ကျွန်ုပ်တို့တွင် သုတေသန ပြုလုပ်နိုင်စွမ်း အနည်းငယ်သာ ရှိပါတယ်။ ကျွန်ုပ်တို့၏ ကျွမ်းကျင်မှု အများစုကို NGO များမှ ရရှိပါတယ်'' [ကျွန်ုပ်တို့၏] ရပ်တည်မှုကို အခြားပါတီတွေကပါ ပို၍ အလေးအနက် ထားလာကြပါတယ်။[၁၃၂]

## ဆွေးနွေးတိုင်ပင်ရမည့် စီမံကိန်းနှင့်ဆက်စပ်သူများကို ဖော်ထုတ်ပါ

အရည်အသွေးမြင့်မားသော မူဝါဒရပ်တည်မှုတစ်ရပ် သတ်မှတ်ရန် ပါတီအနေဖြင့် ရေးဆွဲရေး လုပ်ငန်းစဉ်အတွင်း ပွင့်လင်းမြင်သာမှု ရှိပြီး ခိုင်မာသော တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ရန် လိုအပ်ပါသည်။ ထိုသို့ ပြုလုပ်ခြင်းဖြင့် မူဝါဒရပ်တည်မှု အသစ်အတွက် ပါတီတွင်းမှ အတည်ပြုချက် ရယူနိုင်ရုံသာမကဘဲ အခြားစီမံကိန်းနှင့် ဆက်စပ်သူများ၏ ပါဝင်ဆွေးနွေးမှုများကိုလည်း ထင်ဟပ်စေမည် ဖြစ်ပါသည်။ နော်ဝေနိုင်ငံတွင် မဲဆန္ဒရှင်များ၊ သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍနှင့် အခြားပြင်ပပုဂ္ဂိုလ်များနှင့် ကျယ်ကျယ်ပြန့်ပြန့် မကြာခဏ တိုင်ပင်ဆွေးနွေးမှုများကို မူဝါဒရပ်တည်မှု သတ်မှတ်ရန် ကြိုးပမ်းသောအခါတွင် လုပ်လေ့လုပ်ထ ရှိကြပြီး ပါတီကိုယ်စားလှယ်များက ၎င်းတို့သည် ထိုဆောင်ရွက်မှုများမှ အကျိုးကျေးဇူးများစွာ ရရှိသည်ဟု သဘောထားကြပါသည်။ မလေးရှားနိုင်ငံတွင် အတိုက်အခံ ညွန့်ပေါင်းအဖွဲ့က ညွန့်ပေါင်းဆုံးဖြတ်ချက်များ မတိုင်မီတွင် ပါတီတွင်း အသေးစိတ် ဆွေးနွေးမှုများနှင့် NGO များ၊ လုပ်ငန်းကဏ္ဍ ကျွမ်းကျင်သူများနှင့် သုတေသီများနှင့် တိုင်ပင်ဆွေးနွေးမှုများကြောင့် ဒေသန္တရအဆင့် ခိုင်ကြေး (Royalty) ပေးဆောင်မှုများနှင့် ဝင်ငွေဆိုင်ရာ ပွင့်လင်းမြင်သာမှု အပါအဝင် အရေးကြီးသော ကိစ္စရပ်များနှင့်ပတ်သက်၍ ပိုမို အသေးစိတ်ကျပြီး ရှင်းလင်းတိကျသော ပါတီရပ်တည်မှုကို သတ်မှတ်နိုင်ခဲ့ပါသည်။ အကွက် ၃.၂ တွင် ပါတီအနေဖြင့် ထည့်သွင်းစဉ်းစားသင့်သည့် စီမံကိန်းနှင့်ဆက်စပ်သူအုပ်စုများကို ဖော်ပြထားပါသည်။ မည်သူတို့နှင့် မည်ကဲ့သို့ ဆွေးနွေးတိုင်ပင်မည်ကို အစီအစဉ် ချရန် လေ့ကျင့်ခန်းစာရွက် (ဂ) ကို အသုံးပြုနိုင်ပါသည်။

ပါတီတွင်း စီမံကိန်းနှင့်ဆက်စပ်သူများ နှင့် ဆွေးနွေးတိုင်ပင်ရာတွင် ကဏ္ဍအကြောင်း ကျွမ်းကျင်မှုရှိသော သို့မဟုတ် သက်ဆိုင်ရာ အစိုးရ ရုံးများတွင် အလုပ်လုပ်နေသော ဩဇာရှိသည့် ပါတီဝင်များကဲ့သို့သော လုပ်ငန်းစဉ်ကို အထောက်အကူပြု ထောက်ခံပေးနိုင်စွမ်း ရှိပြီး လုပ်ငန်းအဖွဲ့တွင် ပါဝင်နိုင်ခြင်းမရှိသည့် ပုဂ္ဂိုလ်များနှင့်အဖွဲ့များကိုဦးစားပေးသင့်ပါသည်။ စီမံကိန်းနှင့်ဆက်စပ်သည့်ပြင်ပပုဂ္ဂိုလ်/အဖွဲ့အစည်းများ နှင့်စပ်လျဉ်း၍ လုပ်ငန်းအဖွဲ့သည် မည်သူတို့က ရေးဆွဲနေသော မူဝါဒအပေါ် သတင်းအချက်အလက် ပေးနိုင်မည်နှင့် ရပ်တည်မှုသည် မည်သူတို့အပေါ် အပြုသဘော သို့မဟုတ် အပျက်သဘော သက်ရောက်မှုရှိမည်ကို အခြေခံ၍ မည်သူတို့နှင့် ဆွေးနွေးတိုင်ပင်ရမည်ကို ဆုံးဖြတ်သင့်ပါသည်။ အတိအကျ မည်သူနှင့် ဆွေးနွေးတိုင်ပင်သင့်သည်မှာ လက်ရှိကိစ္စရပ်အပေါ် မူတည်၍ ကွဲပြားနိုင်ပါသည်။ ဥပမာ သယံဇာတမှ ရရှိသော ဝင်ငွေအား ပြည်ထောင်စု အစိုးရအဖွဲ့နှင့် ဒေသန္တရ အစိုးရအဖွဲ့များအကြား ခွဲဝေသင့် မဝေသင့်ကို စဉ်းစားရာတွင် သယံဇာတ ကြွယ်ဝသော ဒေသများနှင့် သယံဇာတ မကြွယ်ဝသော ဒေသများ နှစ်ခုလုံးနှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ ဒေသအကျိုး ဆောင်ရွက်ခြင်း (Local Content) ကို စဉ်းစားရာတွင် ပါတီများအနေဖြင့် သယံဇာတ တူးဖော်ရေး ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းအဖွဲ့များ၊ အမျိုးသမီးများအတွက် စီးပွားရေးဆိုင်ရာ လုပ်ပိုင်ခွင့်မြှင့်တင်ရေး အဖွဲ့များနှင့် စီးပွားရေး

၁၃၂။ အခန်း ၂ တွင် နော်ဝေနိုင်ငံအကြောင်း လေ့လာမှုကို ကြည့်ပါ။

## အကွက် ၃.၂ ဖြစ်နိုင်သော စီမံကိန်းနှင့် ဆက်စပ်သူများ

ပါတီအနေဖြင့် ပါတီတွင်းနှင့် ပြင်ပမှ စီမံကိန်းနှင့် ဆက်စပ်သူ ပေါင်းစုံနှင့် ဆွေးနွေးတိုင်ပင် သင့်ပါသည်။ ရပ်တည်မှု၏ အကြောင်းအရာနှင့်ပတ်သက်ပြီး သတင်းအချက်အလက် ပေးခြင်း နှင့်/သို့မဟုတ် ပိုမိုကျယ်ပြန့်သော နားလည်မှုနှင့် အတည်ပြုမှု ရယူခြင်းတို့ကို လုပ်ဆောင်ပေးနိုင်သောကြောင့် ပါတီအနေဖြင့် လုပ်ငန်းစဉ်အတွင်း ထည့်သွင်းသင့်သည့် အုပ်စု အချို့ကို ဖော်ပြထားပါသည်။ လူတိုင်းနှင့် ဆွေးနွေးတိုင်ပင်ရန် မဖြစ်နိုင်သောကြောင့် ထိုစာရင်းကို လျှော့ချရာတွင် ပါတီအနေဖြင့် ကိုယ်စားပြုမှု နည်းပါးသော အသံများ၊ မူဝါဒ ရပ်တည်မှု၏ သက်ရောက်မှုကို အများဆုံး ခံစားရသူများနှင့် ဖယ်ကြဉ်ထားပါက ရပ်တည်မှု အကောင်အထည် ဖော်ခြင်းအပေါ် ထိခိုက်မည့်သူများအား ဦးစားပေးရန် အရေးကြီးပါသည်။


### ပါတီတွင်း စီမံကိန်းနှင့် ဆက်စပ်သူများ




ဆန်းသစ်တီထွင်မှုအပေါ် ငွေကြေးပံ့ပိုးသူများနှင့် ဆွေးနွေးတိုင်ပင်မှုများကို ထည့်သွင်းသင့်ပါသည်။

စီမံကိန်းနှင့်ဆက်စပ်သူ အုပ်စုနှစ်စုသည် အထူးသဖြင့် အရေးကြီးပြီး ရေရှည် ဖွံ့ဖြိုးတိုးတက်မှုအတွက် ခိုင်မာသော သယံဇာတ အုပ်ချုပ်မှု မူဝါဒ ရေးဆွဲရန် ဆွေးနွေးတိုင်ပင်ရာတွင် လျစ်လျူရှုခြင်း ခံရလေ့ရှိပါသည်။ ၎င်းတို့မှာ အမျိုးသမီးများနှင့် လူငယ်များ ဖြစ်ပါသည်။ အမျိုးသမီးများသည် သယံဇာတ တူးဖော်ရေး စီမံကိန်းများ၏ လူမှုရေးဆိုင်ရာ၊ ပတ်ဝန်းကျင်ဆိုင်ရာနှင့် စီးပွားရေး သက်ရောက်မှုများကို များစွာ ပို၍ ခံစားရပါသည်။ သယံဇာတ တူးဖော်ရေးစီမံကိန်း အနီးတဝိုက်တွင် နေထိုင်သော အမျိုးသမီးများအနေဖြင့် တစ်ခါတစ်ရံတွင် အိမ်တွင်းအကြမ်းဖက်မှုနှင့် HIV ဖြစ်ပွားမှု အန္တရာယ်များကို ရင်ဆိုင်ရပြီး တစ်နိုင်ငံလုံးရှိ အမျိုးသမီးများအနေဖြင့် စီးပွားရေးစနစ် တစ်ခုလုံးအပေါ် ထိခိုက်မှုများကြောင့် အလုပ်အကိုင် အခွင့်အလမ်းများ ဆုံးရှုံးရနိုင်ပါသည်။ အမျိုးသမီးများသည် စီးပွားရေး တိုးတက်မှုနှင့် ရေရှည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အထူး အရေးပါသော မောင်းနှင်သူများ ဖြစ်နိုင်ကြောင်းကိုလည်း

## စီမံကိန်းနှင့်ဆက်စပ်သည့် ပြင်ပပုဂ္ဂိုလ်/အဖွဲ့အစည်းများ




လေ့လာတွေ့ရှိမှု များစွာက ဖော်ပြနေပါသည်။[၁၃၃] အမျိုးသမီးများအပေါ် ဆိုးရွားသော သက်ရောက်မှုများ ပိုမိုဖြစ်ပေါ်လာခြင်း၏ အကျိုးဆက်အဖြစ် နိုင်ငံရေးပါတီများအနေဖြင့် အမျိုးသမီးများ၏ စိုးရိမ်ပူပန်မှုများကို ဖြေရှင်းပေးရန်နှင့် အမျိုးသမီးများအား ခိုင်မာသော သယံဇာတ အုပ်ချုပ်မှုဆိုင်ရာ ဆုံးဖြတ်ချက်များ အတွက် အားပေးထောက်ခံသူများ ဖြစ်လာနိုင်စေရန် မူဝါဒများ ရေးဆွဲသည့်အခါတွင် အမျိုးသမီးအဖွဲ့များနှင့် ဆွေးနွေးတိုင်ပင်ပါက အထူးပင် တန်ဖိုးရှိပါသည်။

သယံဇာတများ၏ အကန့်အသတ်ဖြင့်သာ ရှိသော သဘော သဘာဝကြောင့် လူငယ်များသည်လည်း သယံဇာတ အုပ်ချုပ်မှုဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်ခြင်းတွင် အထူး အရေးပါပါသည်။ ၎င်းတို့၏ သက်

၁၃၃။ ဥပမာ World Bank ၏ World Development Report 2012: Gender Equality and Development (2012), <https://openknowledge.worldbank.org/handle/10986/4391> ကို ကြည့်ပါ။

တမ်းအတွင်း သယံဇာတ တူးဖော်မှုမှ လက်ငင်းရရှိသော ငွေကြေး အကျိုးအမြတ်သည် လျော့ကျ သို့ မဟုတ် ပျောက်ကွယ်သွားနိုင်သောကြောင့် လူထု၏ မျှော်မှန်းချက်များအား စီမံခန့်ခွဲရာတွင်နှင့် ဝင်ငွေ စုဆောင်းမှုများနှင့် စီးပွားရေးအရ လုပ်ငန်းမျိုးစုံ ဖြန့်ကျက် လုပ်ကိုင်ခြင်းအပေါ် ရင်းနှီးမြှုပ်နှံခြင်းတို့နှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များတွင် ၎င်းတို့၏ အကျိုးစီးပွား များစွာ ပါဝင်နေပါသည်။

စီမံကိန်းနှင့်ဆက်စပ်သူများ အားလုံးနှင့် တိုင်ပင်ဆွေးနွေးနိုင်ခြင်း မရှိပါက စီမံကိန်းနှင့် ဆက်စပ်သူများ အကြောင်း အပြည့်အစုံ ခွဲခြမ်းစိတ်ဖြာ သုံးသပ်မှု ပြုလုပ်ခြင်းသည် အနည်းဆုံးတော့ မူဝါဒ သတ်မှတ် ခြင်း လုပ်ငန်းစဉ်ပြီးနောက် ဥပမာ မူဝါဒရေးဆွဲခြင်း သို့မဟုတ် ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစဉ်များတွင် ပါတီအတွက် ကိစ္စရပ်အလိုက် အကြံဉာဏ် တောင်းခံနိုင်သည့် တန်ဖိုးရှိသော အဆက်အသွယ်များ ပေးနိုင်ပါသည်။

## လေ့ကျင့်ခန်းစာရွက် (ဂ) – စီမံကိန်းနှင့် ဆက်စပ်သူများ

စီမံကိန်းနှင့် ဆက်စပ်သူများအား ဦးစားပေးရန်နှင့် ၎င်းတို့၏ ပါဝင်မှုကို စီစဉ်ရန် ဤလေ့ကျင့်ခန်း စာရွက်ကို အသုံးပြုပါ။

**လုပ်ငန်းတာဝန်များ –**

၁။ ''စီမံကိန်းနှင့်ဆက်စပ်သူများ'' ကော်လံများတွင် မူဝါဒသတ်မှတ်ခြင်း လုပ်ငန်းစဉ်၌ ပါဝင်မည့် ပုဂ္ဂိုလ်များနှင့် အုပ်စုများကို ဖော်ပြပါ။ အကြံပြုထားသည့် စီမံကိန်းနှင့် ဆက်စပ်သူများကို မီးခိုးရောင်ဖြင့် ဖော်ပြထားပါသည်။ အကြောင်းအရာ အချက်အလက် အပြည့်အစုံ ထည့်သွင်း စဉ်းစားထားသည့် သယံဇာတဆိုင်ရာ ရပ်တည်မှု သတ်မှတ်ရန်အတွက် အထူးသဖြင့် အထောက် အကူ ဖြစ်နိုင်ဖွယ်ရှိသောကြောင့် ၎င်းတို့ကို ရွေးချယ်ထားပါသည်။

၂။ စီမံကိန်းနှင့်ဆက်စပ်သူ ပါဝင်မှု တစ်ခုချင်းစီ၏ ရည်ရွယ်ချက်ကို ''အခန်းကဏ္ဍများ'' ကော်လံ တွင် ဖော်ပြပါ (ဥပမာ – ကိစ္စရပ်နယ်ပယ် တစ်ခုခုနှင့်ပတ်သက်ပြီး ကျွမ်းကျင်သူ အကြံဉာဏ် ပေးရန်) နှင့် စီစဉ်ဆောင်ရွက်ရမည့် အချက်အလက်များကို ''မည်သည့်အချိန်/မည်သို့'' ကော် လံတွင် ဖော်ပြပါ (ဥပမာ – ရေးဆွဲသည့်အဆင့် – စာဖြင့် ရေးသားဆွေးနွေးမှု)။ နမူနာစာကို မီးခိုးရောင်ဖြင့် ဖော်ပြထားသည်။

အကွက် ၃.၂ တွင် ထည့်သွင်းစဉ်းစားနိုင်သော စီမံကိန်းနှင့် ဆက်စပ်သူများ စာရင်းကို ပိုမိုပြည့်စုံစွာ ဖော်ပြထားပါသည်။ စီမံကိန်းနှင့် ဆက်စပ်သူများထံ ဆက်သွယ်ဆောင်ရွက်မှုကို အမှန်တကယ် စတင် သောအခါတွင် ဤလေ့ကျင့်ခန်းစာရွက်သည် အသုံးဝင်သော အကိုးအကားတစ်ခု ဖြစ်စေရန် တိတိကျ ကျ ဖြည့်စွက်ပါ။

### *ပါတီတွင်း စီမံကိန်းနှင့်ဆက်စပ်သူများ*

| စီမံကိန်းနှင့်ဆက်စပ်သူများ | အခန်းကဏ္ဍများ | မည်သည့်အချိန်/မည်သို့ |
|---|---|---|
| ပါတီ၏ အုပ်ချုပ်ရေးဌာန/ အုပ်ချုပ်ရေး ဘုတ်အဖွဲ့ | • မူဝါဒရပ်တည်မှု သတ်မှတ်ခြင်း လုပ်ငန်းစဉ်၏ အခြေခံအကြောင်း၊ အုပ်ချုပ်မှုနှင့် အကောင်အထည်ဖော်မှု အစီအစဉ်ကို လေ့လာသုံးသပ်ရန်<br>• လုပ်ငန်းအဖွဲ့ဝင်များကို သုံးသပ်ရန် နှင့်/သို့မဟုတ် ခန့်အပ်ရန် | ဒီဖိုင်းရေးဆွဲသည့်အဆင့်၊ သာမန်အစည်းအဝေး |
| | • မူဝါဒရပ်တည်မှု အပြီးသတ် မူကြမ်းများကို ပြန်လည်သုံးသပ်ရန်နှင့် အတည်ပြုရန် | အတည်ပြုမှုအဆင့်၊ တရားဝင် အစည်းအဝေး |
| ပါတီ၏ အုပ်ချုပ်ရေးဌာန/ အုပ်ချုပ်ရေး ဘုတ်အဖွဲ့ | | |
| သယံဇာတ ကြွယ်ဝသော ဒေသများတွင် ရှိသည့် ပါတီ၏ ဌာနခွဲများ | | |
| သဘာဝ သယံဇာတ၊ အများပြည်သူဆိုင်ရာ ငွေစာရင်းများနှင့် စီးပွားရေး စီမံကိန်းနှင့် အခြားသက်ဆိုင်သော ကိစ္စရပ်များနှင့်ပတ် သက်ပြီး ဆောင်ရွက်သည့် လွှတ်တော် ကော်မတီများတွင် ပါဝင်သော ပါတီဝင်များ | | |

| စီမံကိန်းနှင့်ဆက်စပ်သူများ | အခန်းကဏ္ဍများ | မည်သည့်အချိန်/မည်သို့ |
|---|---|---|
| သဘာဝ သယံဇာတ၊ ဘဏ္ဍာရေးနှင့် စီးပွားရေးစီမံကိန်း သို့မဟုတ် အခြားဝန်ကြီးဌာနများတွင် ခေါင်းဆောင်ပိုင်းမှ ပါဝင်သော သို့မဟုတ် အရေးပါသည့် ပညာရပ်ဆိုင်ရာ အခန်းကဏ္ဍများမှ ပါဝင်သော ပါတီဝင်များ | | |
| အများပြည်သူဆိုင်ရာ စာရင်းစစ်ဆေးခြင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး သို့မဟုတ် ကဏ္ဍ၏ စည်းကမ်းထိန်းသိမ်းရေး အဖွဲ့များတွင် ခေါင်းဆောင်ပိုင်းမှ ပါဝင်သော သို့မဟုတ် အရေးပါသည့် ပညာရပ်ဆိုင်ရာ အခန်းကဏ္ဍမှ ပါဝင်သော ပါတီဝင်များ | | |
| သယံဇာတ တူးဖော်ရေး လုပ်ကွက်များအနီး နေထိုင်သော လူ့အသိုက်အဝန်းများကို ကိုယ်စားပြုသည့် ပါတီဝင်များ | | |
| ပါတီတွင် အမျိုးသမီးအဖွဲ့များ၏ ခေါင်းဆောင်ပိုင်း | | |
| ပါတီ၏ လူငယ်ဌာနခွဲ၏ ခေါင်းဆောင်ပိုင်း | | |

## စီမံကိန်းနှင့်ဆက်စပ်သည့် ပြင်ပပုဂ္ဂိုလ်/အဖွဲ့အစည်းများ

| စီမံကိန်းနှင့်ဆက်စပ်သူများ | အခန်းကဏ္ဍများ | မည်သည့်အချိန်/မည်သို့ |
|---|---|---|
| လွတ်လပ်သော ကျွမ်းကျင်သူများ၊ NGO များနှင့် ဘာသာရပ် ကျွမ်းကျင်သူများ အပါအဝင် အခွန်မူဝါဒနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ များစွာ ကျွမ်းကျင်မှုရှိသည့် ကျွမ်းကျင်သူများ | • မူဝါဒကိစ္စရပ်၏ ခိုင်လုံသော ခြုံငုံသုံးသပ်ချက်များပေးရန် | စွမ်းဆောင်ရည် ဖွံ့ဖြိုးမှု၊ ဆွေးနွေးမှုနှင့် ရေးဆွဲမှုအဆင့်၊ ရှင်းလင်းစာတမ်းများ၊ တင်ပြချက်များနှင့် သီးခြား ကိစ္စရပ်များအတွက်ပေးသော ပံ့ပိုးမှု |
| | • မူဝါဒရပ်တည်မှု မူကြမ်းများသည် အချက်အလက် အကြောင်းအရာ အစုံအလင်အပေါ် အခြေခံထားပြီး လုပ်ငန်းကဏ္ဍ၏ ကောင်းမွန်သော လုပ်ထုံးလုပ်နည်းကို ထင်ဟပ်စေရန် ရှေးရှု၍ မူဝါဒ ရပ်တည်မှုများအား ဆွေးနွေးမှုများနှင့် သုံးသပ်မှုများဖြင့် လုပ်ငန်းအဖွဲ့အား ကူညီရန် | ပေါင်းစည်းခြင်းအဆင့်၊ သီးခြားကိစ္စရပ်အတွက် ပေးသော ပံ့ပိုးမှု |
| သယံဇာတ တူးဖော်ရေးလုပ်ကွက်များအနီး နေထိုင်သော လူ့အသိုက်အဝန်းများ | | |
| ကုမ္ပဏီ ကိုယ်စားလှယ်များ | | |
| လုပ်ငန်းကဏ္ဍမှ အသင်းအဖွဲ့များ၊ အသင်းများနှင့် သမဂ္ဂများ | | |
| ကဏ္ဍ ကျွမ်းကျင်သူများ | | |
| ဤကဏ္ဍတွင် လုပ်ကိုင်နေသော အရပ်ဘက် လူ့အဖွဲ့အစည်းဆိုင်ရာ အဖွဲ့များ | | |

| စီမံကိန်းနှင့်ဆက်စပ်သူများ | အခန်းကဏ္ဍများ | မည်သည့်အချိန်/မည်သို့ |
|---|---|---|
| ဤကဏ္ဍတွင် သုတေသန ပြုလုပ်သော ဘာသာရပ် ကျွမ်းကျင်သူများနှင့် ပညာရှင် အကြံပေးအဖွဲ့များ | | |
| အမျိုးသမီးအဖွဲ့များ | | |
| လူငယ်အဖွဲ့များ | | |
| သယံဇာတ တူးဖော်ရေး လုပ်ကွက်များအနီးတွင် နေထိုင်ခြင်းမရှိသော လူ့အသိုက်အဝန်းများ | | |

## လုပ်ငန်းစဉ်အတွက် အကောင်အထည်ဖော်မှု အစီအစဉ် ရေးဆွဲသတ်မှတ်ပါ

အဓိကအဆင့်များနှင့် မှတ်တိုင်များကို အဆင့်ဆင့် ဖော်ပြသည့် အကောင်အထည်ဖော်မှု အစီအစဉ်သည် ညှိနှိုင်းဆောင်ရွက်သူအား လုပ်ငန်းစဉ်ကို မှန်ကန်သော လမ်းကြောင်းပေါ်မှာ ထိန်းထားရန် အကူအညီ ပေးနိုင်ပါသည်။ လေ့ကျင့်ခန်းစာရွက် (ဃ) သည် ထိုသို့သော အစီအစဉ်အတွက် ပုံစံဖြစ်ပါသည်။

မတူညီသော အဆင့်များကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်းအတွက် အချိန်ဇယား တစ်ခုလုံးသည် အကြောင်းအချက် ပေါင်းစုံအပေါ် မူတည်ပါလိမ့်မည်။ ဂါနာနိုင်ငံ၏ နိုင်ငံရေးပါတီများနှင့် ရရှိခဲ့သော International IDEA နှင့် NRGI တို့၏ အတွေ့အကြုံအရ အဓိက ကိစ္စရပ်နယ်ပယ် လေးခုကို ထဲထဲဝင်ဝင် ဖြေရှင်းကိုင်တွယ်သည့် မူဝါဒရပ်တည်မှု ရေးဆွဲသတ်မှတ်ရန် အနည်းဆုံး လေးလမှ ခြောက်လအထိ ကြာကြောင်း တွေ့ရှိရပါသည်။ ပါတီ၏ လက်ငင်းဦးစားပေး အစီအစဉ်သည် ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးပွဲများ၊ နှစ်ပတ်လည် ပါတီညီလာခံများ သို့မဟုတ် နှစ်စဉ် ဘတ်ဂျက် အတည်ပြုခြင်း လုပ်ငန်းစဉ် အပါအဝင် အရေးပါသော လွှတ်တော်၌ ငြင်းခုံဆွေးနွေးမှုများ အစရှိသော အပြိုင်အဆိုင်ဖြစ်နေသည့် အခြားအရေးပါသော ပွဲများ သို့မဟုတ် ကတိကဝတ်ပြုမှုများ မရှိပါက လုပ်ငန်းအဖွဲ့များသည် အောင်မြင်ရန် အခွင့်အလမ်း အများဆုံး ရှိမည်ဖြစ်ပါသည်။ မူဝါဒရပ်တည်မှုအား စည်းရုံးရေးအတွက် မူဝါဒ ကြေညာချက်များတွင် ပုံမှန် ထည့်သွင်းရန် ရည်မှန်းထားပါက ဤလုပ်ငန်းစဉ်ကို ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှု မစတင်မီ များစွာ ကြိုတင်၍ စတင်ဆောင်ရွက်သင့်ပါသည်။

သယံဇာတ အုပ်ချုပ်မှု ကိစ္စရပ်များသည် ပညာရပ်ဆန်ရုံသာမက အမှန်တကယ်ဖြစ်စေ၊ ထင်မြင်ချက်အရ ဖြစ်စေ အဂတိလိုက်စားမှု အထူးသဖြင့် အလွယ်တကူ ဖြစ်ပေါ်နိုင်ပါသည်။ အနည်းဆုံးတော့ လက်ရှိ အနေအထားမှ အကျိုးအမြတ် ရရှိနေသော သြဇာရှိသည့် ပါတီဝင်များ ရှိနေနိုင်ပြီး ၎င်းတို့သည် ပိုမို ကောင်းမွန်သော ပွင့်လင်းမြင်သာမှုနှင့် ကြီးကြပ်မှုတို့ကို ကတိကဝတ်ပြုသည့် ရပ်တည်မှုများကို အားနည်းလာစေရန် လိုလားနိုင်ပါသည်။ အခြား အပြိုင်အဆိုင်ဖြစ်နေသော ပွဲများကလည်း အဓိက ပါတီဝင်များအား လုပ်ငန်းစဉ်အပေါ် အာရုံစိုက်မှု လျော့ကျစေကာ ရေးဆွဲမှုတွင် နှောင့်နှေးမှုများ သို့မဟုတ် အားနည်းချက်များ ဖြစ်လာစေနိုင်ပါသည်။ ထို့ကြောင့် အကောင်အထည်ဖော်မှု အစီအစဉ်ကို ရေးဆွဲရာတွင် လုပ်ငန်းအဖွဲ့အနေဖြင့် ပါတီ၏ အရွေ့များနှင့် အပြိုင်အဆိုင်ဖြစ်နေသော ဦးစားပေး ကိစ္စရပ်များ အပြင် ပြင်ပဖြစ်ရပ်များ (ဥပမာ – လိုင်စင်များ အသစ် ထပ်မံချပေးခြင်း သို့မဟုတ် သက်ရောက်မှု ခံစားရသော လူ့အသိုက်အဝန်းနှင့် ပဋိပက္ခဖြစ်ခြင်း) အစရှိသော ဆုံးရှုံးနိုင်ခြေများနှင့် ဖြစ်နိုင်သော လျော့ပါး သက်သာစေမည့် နည်းလမ်းများကို လမ်းကြောင်းဖော်ထားသင့်ပါသည်။ ထိုသို့ လမ်းကြောင်းဖော်ခြင်းအတွက် မူဘောင်ကို လေ့ကျင့်ခန်းစာရွက် (င) တွင် ပေးထားပါသည်။

## လေ့ကျင့်ခန်းစာရွက် (ဃ) – လုပ်ငန်းစဉ် အကောင်အထည်ဖော်မှု အစီအစဉ်

ရေးဆွဲခြင်း လုပ်ငန်းစဉ်အတွက် အကောင်အထည်ဖော်မှု အစီအစဉ် သတ်မှတ်ရန် ဤလေ့ကျင့်ခန်း စာရွက်ကို အသုံးပြုပါ။

**လုပ်ငန်းတာဝန်များ –**

၁။ စီစဉ်ထားသော အဆင့်တစ်ဆင့်ချင်းစီအတွက် အချိန်ကာလကို ''ဘယ်အချိန်'' ကော်လံတွင် ဖော်ပြပြီး ''ဘာလုပ်ရမည်'' ကော်လံတွင် လုပ်ရန် မျှော်လင့်ထားသော ကိစ္စနှင့်ပတ်သက်သည့် အသေးစိတ်ကို ဖော်ပြပါ။ နမူနာ စာသားအား မီးခိုးရောင်ဖြင့် ဖော်ပြထားသည်။

၂။ ''တာဝန် ဝတ္တရားများ'' ကော်လံတွင် အခန်းကဏ္ဍ တစ်ခုချင်းစီ၏ တာဝန်ယူရမည့်အပိုင်းကို ဖော်ပြပါ။ ဖြစ်နိုင်ပါက ဘယ်လိုရလဒ်တွေ ပေါ်ထွက်ရမည်ကို အတိအကျ ထည့်သွင်းဖော်ပြပါ။

၃။ ''အရင်းအမြစ်များ'' အပိုင်းတွင် မူဝါဒရပ်တည်မှု သတ်မှတ်ခြင်း လုပ်ငန်းစဉ်အား ပံ့ပိုးရန် လိုအပ်မည့် ဘဏ္ဍာရေး၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် လူသားအရင်းအမြစ်များကို ဖော်ပြပါ။ နမူနာ စာသားကို မီးခိုးရောင်ဖြင့် ဖော်ပြထားပါသည်။

| အဆင့်များ | ဘယ်အချိန် | ဘာလုပ်ရမည် |
|---|---|---|
| လိုအပ်ချက်များ အကဲဖြတ် ဆန်းစစ်မှု | ၁–၂ ပတ် | ရွေးချယ်ထားသော ပညာရပ်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး လက်ရှိ ပါတီတွင်း ကျွမ်းကျင်မှုအား ပြန်လည်သုံးသပ်ပါ၊ အသိပညာ ဗဟုသုတ ကွာဟချက်များကို ဖော်ထုတ်ပါ၊ ပြင်ပ ကျွမ်းကျင်မှုကို လိုအပ်သလို ရယူပါ။ |
| စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ ဆွေးနွေးခြင်းနှင့် ရေးဆွဲခြင်း | ၃–၁၀ ပတ် | ကိစ္စရပ်များကို သုတေသန ပြုလုပ်ပါ၊ ကျွမ်းကျင်သူများ၏ ရှင်းလင်းတင်ပြမှုများနှင့် လေ့ကျင့်သင်ကြားပေးမှုများတွင် ပါဝင်ပါ၊ ဖြစ်နိုင်သော ရပ်တည်မှုများ၏ အားနည်းချက်များနှင့် အားသာချက်များအား ဆွေးနွေးပြီး ရပ်တည်မှု၏ အခြေခံစာသား အသုံးအနှုန်းကို ဆုံးဖြတ်ပါ။ (ဤတွင် အစည်းအဝေးများ/ တွေ့ဆုံဆွေးနွေးပွဲများ) |
| တိုင်ပင်ဆွေးနွေးမှု | ၁၁–၁၄ ပတ် | အဓိက စီမံကိန်းနှင့်ဆက်စပ်သူများနှင့် ဆွေးနွေးတိုင်ပင်မှုများ ကျင်းပခြင်း။ |
| ပေါင်းစည်းခြင်း | ၁၅–၁၆ ပတ် | ရပ်တည်မှု မူကြမ်းတွင် စီမံကိန်းနှင့်ဆက်စပ်သူများ၏ တုံ့ပြန်မှုကို ပေါင်းစပ်ထည့်သွင်းပါ။ |
| ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း | ၁၇–၂၂ ပတ် | ပါတီခေါင်းဆောင်ပိုင်းမှ အပြီးသတ် အတည်ပြုမှု ရယူပါ။ |
| ဖြန့်ခြင်း | ၂၃–၂၆ ပတ် | ရပ်တည်မှုကို ပါတီဝင်များ၊ မီဒီယာနှင့် အများပြည်သူထံ တင်ပြပါ။ |

| အခန်းကဏ္ဍများ | တာဝန် ဝတ္တရားများ |
|---|---|
| လုပ်ငန်းအဖွဲ့ ညှိနှိုင်းဆောင်ရွက်သူ | |

| အခန်းကဏ္ဍများ | တာဝန် ဝတ္တရားများ |
|---|---|
| လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ | |
| လုပ်ငန်းအဖွဲ့ အထူးကိုယ်စားလှယ် | |
| အခြား လုပ်ငန်းအဖွဲ့ဝင်များ | |
| ပံ့ပိုးဆောင်ရွက်သူ | |
| ဦးဆောင်ရေးဆွဲသူ | |
| ဦးဆောင်ဆွေးနွေးတိုင်ပင်သူ | |
| အတည်ပြုမှုအတွက် ပါတီ၏ ခေါင်းဆောင်ပိုင်း | |
| ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ | |
| | |
| ပါတီတွင်း စီမံကိန်းနှင့်ဆက်စပ်သူများ | |
| | |
| | |
| | |
| | |
| | |
| | |
| စီမံကိန်းနှင့်ဆက်စပ်သည့် ပြင်ပ ပုဂ္ဂိုလ်/အဖွဲ့အစည်းများ | |
| | |
| | |
| | |
| | |
| | |
| | |
| **အရင်းအမြစ်များ** | |
| အစည်းအဝေးများ၊ ပြင်ပကျွမ်းကျင်မှုနှင့် ဖြန့်ချိမှုဆိုင်ရာ စာရွက်စာတမ်းများအတွက် အမေရိကန်ဒေါ်လာ ၁၀၀၀၀ | |

## လေ့ကျင့်ခန်းစာရွက် (င) – အရဲစွန့်ရမှုများ

အရဲစွန့်ရမှုများ နှင့် လျော့ပါးသက်သာစေမည့် နည်းလမ်းများကို ဖော်ထုတ်ရန် ဤလေ့ကျင့်ခန်းစာရွက်ကို အသုံးပြုပါ။

**လုပ်ငန်းတာဝန်များ –**

၁။ ''အရဲစွန့်ရမှုများ'' ကော်လံတွင် လုပ်ငန်းစဉ် အကောင်အထည်ဖော်မှုနှင့် ပတ်သက်သည့် အဓိက ဆုံးရှုံးနိုင်ခြေများကို ဖော်ပြပါ။

၂။ အရဲစွန့်ရမှု တစ်ခုချင်းစီအတွက် ဆုံးရှုံးနိုင်ခြေ အဆင့်အတန်းကို ''အရေးကြီးမှု'' ကော်လံတွင် ဖော်ပြပါ (ဥပမာ – နိမ့်၊ အလယ်၊ မြင့်)။ ထိုအရဲစွန့်ရမှုကို ဖြေရှင်းမည့် အစီအစဉ်အား ''လျော့ပါးသက်သာစေခြင်း'' ကော်လံတွင် ဖော်ပြပါ။ နမူနာစာသားကို မီးခိုးရောင်ဖြင့် ဖော်ပြထားပါသည်။

| ဆုံးရှုံးနိုင်ခြေများ | အရေးကြီးမှု | လျော့ပါးသက်သာစေခြင်း |
|---|---|---|
| မူဝါဒရပ်တည်မှု တစ်ခုလုံး အဆင်သင့် မဖြစ်သေးမီတွင် အစိုးရက လိုင်စင်အသစ်များ ထပ်မံ စတင်ချထားပေးခြင်း | မြင့် | လုပ်ငန်းအဖွဲ့သည် စမ်းသပ်တိုင်းတာခြင်း၊ လိုင်စင်ထုတ်ပေးခြင်းနှင့် စောင့်ကြည့်စစ်ဆေးရေး လုပ်ငန်းများ (လေ့ကျင့်ခန်းစာရွက် (ဆ)၃) နှင့်ပတ်သက်သည့် ဆွေးနွေးမှုကို ဦးစားပေးပြီး ကြိုတင်ဆွေးနွေးရမည့် အချက်များ အသင့်ရှိနေစေရန် လိုအပ်သလို သတ်မှတ်ထားပါ။ |
| | | |
| | | |
| | | |
| | | |
| | | |
| | | |

## လုပ်ငန်းစဉ် အကောင်အထည်ဖော်ခြင်း

ဤအပိုင်းတွင် သဘာဝ သယံဇာတ မူဝါဒရပ်တည်မှု ရေးဆွဲခြင်း၊ အတည်ပြုခြင်းနှင့် ဖြန့်ချိခြင်းတို့နှင့် ပတ်သက်သည့် ထိပ်ပိုင်း ခြုံငုံတင်ပြချက်နှင့် ဂါနာနိုင်ငံတွင် ပါတီစုံ လုပ်ငန်းစဉ် မည်သို့ အလုပ်ဖြစ်ခဲ့ကြောင်း အကျဉ်းချုပ် (အကွက် ၃.၄ ကိုကြည့်ပါ) ကို ဖော်ပြထားပါသည်။

### ရပ်တည်မှုကို ဆွေးနွေးပြီး ရေးဆွဲပါ

လုပ်ငန်းအဖွဲ့က ဦးဆောင်ရေးဆွဲသူတစ်ဦး ခန့်အပ်ထားပါက ရေးဆွဲမှုသည် အချောမွေ့ဆုံး ဖြစ်လေ့ရှိပြီး ထိုဦးဆောင်ရေးဆွဲသူသည် ပံ့ပိုးဆောင်ရွက်သူနှင့်တကွ လက်ရှိ သယံဇာတအုပ်ချုပ်မှု ကိစ္စရပ်များကို လုံလောက်စွာ ဖော်ထုတ်ဖြေရှင်းရန် ဆွေးနွေးမှုများကို လမ်းကြောင်းတည့်ပေးပါသည်။ ရှင်းလင်းပြီး ပြည့်စုံသော မူဝါဒ ရပ်တည်မှုတစ်ရပ် ရေးဆွဲသတ်မှတ်ရန် လုပ်ငန်းအဖွဲ့အနေဖြင့် ကျွမ်းကျင်သူများ၏ တင်ပြမှုများ၊ သဘာဝ သယံဇာတ မူဝါဒဆိုင်ရာ ရွေးချယ်နိုင်မှုများနှင့်ပတ်သက်ပြီး ဆွေးနွေးမှုများနှင့် ရေးဆွဲခြင်းတို့အတွက် အကြိမ်ပေါင်းများစွာ တက်ရောက်တွေ့ဆုံရန် လိုအပ်ပါသည်။ ရှုပ်ထွေးသော ကိစ္စရပ်များကို အာရုံထွေပြားမှု မရှိဘဲ အာရုံစိုက်ရန် လုံလောက်သော အချိန်နှင့်နေရာ ရှိရပါမည်။[၁၃၄] ဆောင်ရွက်နိုင်သည့် နည်းလမ်းတစ်ခုမှာ ဂါနာနိုင်ငံ၏ ပါတီစုံ လုပ်ငန်းစဉ်တွင် လုပ်ဆောင်ခဲ့သည့်အတိုင်း ပါတီရုံးချုပ် နှင့် လွှတ်တော်တို့၏ အဝေးတစ်နေရာ၌ မူဝါဒဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပရန် ဖြစ်ပါသည်။

ထိရောက်မှုရှိသော အချိန် စီမံခန့်ခွဲမှုသည် တွေ့ဆုံဆွေးနွေးပွဲများကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရန်အတွက် အရေးကြီးပြီး ပါဝင်သူများအနေဖြင့် လုပ်ငန်းကဏ္ဍ ကျွမ်းကျင်သူများ၏ ဆွေးနွေး တင်ပြမှုများကို စိတ်ပိုင်းဆိုင်ရာအရရော အသိဉာဏ်ပိုင်းအရပါ သင်ယူနားလည်ရန်နှင့် ရွေးချယ်ထား သော ကိစ္စရပ်များနှင့်ပတ်သက်ပြီး ကောင်းစွာ တွေးခေါ်စဉ်းစားထားသော မူဝါဒရပ်တည်မှု တစ်ရပ်ကို ဆွေးနွေးရေးဆွဲရန် လုံလောက်သော အချိန် ရရှိသည့် စိတ်ဖိစီးမှုကင်းမဲ့သော လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပေါ်လာရန် ရည်မှန်း လုပ်ဆောင်သင့်ပါသည်။ ပုံမှန်အားဖြင့် အဓိက ကိစ္စရပ် နယ်ပယ်တစ်ခုသည် အနည်းဆုံး နေ့တစ်ဝက် အချိန်ယူသင့်ပါသည်။

ဂါနာနိုင်ငံတွင် မူဝါဒရပ်တည်မှုဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲ နှစ်ခုထဲမှ ပထမတစ်ခုသည် မူဝါဒရပ်တည်မှု များ ရေးဆွဲသတ်မှတ်ရာတွင် ပါတီများ ရင်ဆိုင်ရသည့် ယေဘုယျ စိန်ခေါ်မှုအချို့ကို ဖော်ထုတ်ခြင်း အတွက် အရေးပါခဲ့ပါသည်။ ပြည်သူ့အမျိုးသားညီလာခံ (People's National Convention – PNC) ၏ အထွေထွေ အတွင်းရေးမှူးဖြစ်သူ Bernard Mornah က ပါတီတွင်း လုပ်ငန်းစဉ်များ၌ပင် အကြောင်းအရာ နယ်ပယ်တစ်ခုနှင့်ပတ်သက်ပြီး မူဝါဒဆိုင်ရာဆွေးနွေးမှုများ ပြုလုပ်ရန်အတွက် စုစည်း တွေ့ဆုံရန်မှာ မည်သည့်အခါမျှ မလွယ်ကူခဲ့ကြောင်း ရှင်းပြခဲ့ပါသည် –

> *ဤစီမံကိန်းသည် အသေးစိတ် ဆွေးနွေးမှုများကို ပံ့ပိုးပေးခြင်းဖြင့် များစွာ အကျိုးရှိစေခဲ့ပါ သည်. . . . ပါတီအများစုက ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းများနှင့်ပတ်သက်၍ ဗဟု သုတ အနည်းငယ်သာ ရှိကြပြီး ကျွန်ုပ်တို့အနေဖြင့် စိန်ခေါ်မှုများ ရင်ဆိုင်ရသော်လည်း ဤ ဆွေးနွေးပွဲတွင် ပါတီ ထိပ်ပိုင်းခေါင်းဆောင်များ၏ ကိုယ်စားပြု ပါဝင်မှုသည် ဤမူဝါဒ ရေး ဆွဲသတ်မှတ်ခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ကျွန်ုပ်တို့အားလုံးက စိတ်ပါဝင်စားကြကြောင်းကို ဖော်ပြနေပါသည်။*[၁၃၅]

၁၃၄။ ဂါနာနိုင်ငံတွင် ၂၀၁၅–၂၀၁၆ ခုနှစ် ပါတီစုံ လုပ်ငန်းစဉ်၌ မူဝါဒဆိုင်ရာ ပထမတွေ့ဆုံမှုအတွက် အစီအစဉ်ကို နောက်ဆက်တွဲ ၂ တွင် ကြည့်ပါ။

၁၃၅။ Brouwer, F., Kayitare, F. and Perdomo, C., 'Natural resources, representative democracy and development: What role for political parties', 18 November 2015, <https://resourcegovernance.org/blog/natural-resources-representative-democracy-and-development-what-role-political-parties>.

## အကွက် ၃.၃
## အပြီးသတ် မူဝါဒရပ်တည်မှု၏ ဖြစ်နိုင်သော တည်ဆောက်ပုံတစ်ခု


### နိဒါန်း

သဘာဝ သယံဇာတ အုပ်ချုပ်မှုအတွက် ပါတီ၏ ယေဘုယျ ရည်မှန်းချက်၊ သယံဇာတများကို တာဝန်ယူမှု ရှိစွာ စီမံခန့်ခွဲနိုင်ရန်နှင့် နိုင်ငံသားများ အားလုံး၏ အကျိုးစီးပွားကို အကောင်းဆုံး ရှေးရှု၍ စီမံခန့်ခွဲနိုင်ရန် ပါတီအား အခြားပါတီများနှင့် မတူသော အနေအထားသို့ ရောက်ရှိနေစေသည့် ပါတီ၏ တန်ဖိုးများနှင့် လက္ခဏာများကို ရှင်းပြပါ (လေ့ကျင့်ခန်းစာရွက် (စ))။

ရပ်တည်မှုအသစ် ရေးဆွဲသတ်မှတ်ခြင်း လုပ်ငန်းစဉ် (လေ့ကျင့်ခန်းစာရွက် (ဃ)) နှင့် မည်သူတို့နှင့် မည်သို့ ဆွေးနွေးတိုင်ပင်ခဲ့သည် (လေ့ကျင့်ခန်းစာရွက် (ဂ))ကို ရှင်းပြပါ။

### ကိစ္စရပ်အလိုက် ရပ်တည်မှုများ

ကိစ္စရပ်နယ်ပယ် များစွာနှင့်ပတ်သက်၍ ပါတီ၏ ရပ်တည်မှုများနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ဖော်ပြပါ (လေ့ကျင့်ခန်းစာရွက် (ဆ)) –




### နိဂုံး

သဘာဝ သယံဇာတ အုပ်ချုပ်မှုအတွက် ပါတီ၏ ရည်မှန်းချက်နှင့် တိုင်းပြည်၏ အနာဂတ်တွင် ၎င်း၏ အခန်းကဏ္ဍကို ထပ်မံဖော်ပြပါ (လေ့ကျင့်ခန်းစာရွက် (စ))။

ရပ်တည်မှုအသစ်အား ပိုမိုကျယ်ပြန့်သော ပါတီ၏ အစီအစဉ်တွင် မည်သို့ ထည့်သွင်းမည်နှင့် မည်သို့ အကောင်အထည် ဖော်မည်ကို တိကျသော ကတိကဝတ် ပြုမှုများနှင့် ရည်မှန်းချက်မှတ်တိုင်များ အပါအဝင်ဖြင့် ရှင်းပြပါ (လေ့ကျင့်ခန်းစာရွက် (ဈ))။

ပုံ ၃.၃ သည် အပြီးသတ် မူဝါဒရပ်တည်မှုအတွက် ရေးဆွဲနိုင်သည့် ပုံစံတစ်ခု ဖြစ်ပါသည်။ ရပ်တည်မှုသည် ဖြစ်နိုင်သမျှ ရှင်းလင်းပြည့်စုံပြီး ပါတီဝင်များအနေဖြင့် ၎င်းတို့၏ စည်းရုံးရေး အစီအစဉ်များတွင် ထည့်သွင်း အသုံးပြုနိုင်မည့် အရာတစ်ခုခု ရရှိစေရုံသာမက ၎င်းတို့၏ အလုပ်သည် ပါတီ၏ တရားဝင် ရပ်တည်မှုကို ထင်ဟပ်စေရန်အတွက်လည်း ပြန်လည်သုံးသပ်နိုင်ရန် အရေးကြီးပါသည်။

လေ့ကျင့်ခန်းစာရွက် (စ)၊ (ဆ) နှင့် (ဇ) တို့အား ဒီဇိုင်းရေးဆွဲထားပုံမှာ ပါတီအား မတူညီသော မူဝါဒဆိုင်ရာ ရွေးချယ်နိုင်မှုများ စဉ်းစားသုံးသပ်ခြင်းနှင့် ရပ်တည်မှု၏ အဓိက အကြောင်းအရာကို ရေးဆွဲခြင်းတွင် အထောက်အကူပြုရန် ဖြစ်ပါသည်။ လေ့ကျင့်ခန်းစာရွက် (စ) သည် သဘာဝ သယံဇာတများအား မည်သို့ စီမံခန့်ခွဲသင့်သည်နှင့်ပတ်သက်ပြီး ယေဘုယျ ရည်မှန်းချက် သတ်မှတ်ခြင်းကို အဓိကထားပါသည်။ လေ့ကျင့်ခန်းစာရွက် (ဆ) တွင် ကိစ္စရပ်အလိုက် ဇယား ကိုးခု ပါဝင်ကာ ဆွေးနွေးမှုအား လမ်းညွှန်ရန်နှင့် လှုံ့ဆော်ပေးရန် ရည်ရွယ်သည့် မေးခွန်းများ ပါရှိပြီး စီမံကိန်းနှင့် ဆက်စပ်သူများက ကိစ္စရပ်နယ်ပယ် တစ်ခုချင်းစီအပေါ် မည်သို့ ထင်မြင်ယူဆကြောင်း စဉ်းစားရန်နှင့် ယခင်က ပါတီမှ ထားရှိခဲ့သော ရပ်တည်မှုများအား ပြန်လည်စဉ်းစား သုံးသပ်ရန် တိုက်တွန်းထားပါသည်။ ပါတီများအနေဖြင့် လက်ရှိ ရှိနေသော သုတေသန တွေ့ရှိမှုများနှင့် လေ့လာသုံးသပ်မှုများ အထူးသဖြင့် ကိစ္စရပ်အလိုက်နှင့် အကြောင်းအရာအလိုက် တွေ့ရှိမှုများကို အသုံးချရန် အရေးကြီးပါသည်။[၁၃၆] ပါတီအနေဖြင့် ဤလုပ်ငန်းစဉ်အတွင်း ကိစ္စရပ်တိုင်းအတွက် ရပ်တည်မှု သတ်မှတ်ရန် မရည်ရွယ်သည့်တိုင် လုပ်ငန်းအဖွဲ့အနေဖြင့် ပိုမိုအသေးစိတ်သော ရပ်တည်မှုများတွင် ခြုံငုံသုံးသပ်ချက်အပေါ်လည်း အခြေခံစေရန် နယ်ပယ်တစ်ခုချင်းစီကို အနည်းဆုံးတော့ အခြေခံအဆင့် လေ့လာသုံးသပ်မှု ပြုလုပ်သင့်ပါသည်။

လေ့ကျင့်ခန်းစာရွက် (ဆ) ရှိ ဇယားများတွင်လည်း မတူညီသော မူဝါဒဆိုင်ရာ ရွေးချယ်နိုင်မှုများ၊ စာရွက်စာတမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ထည့်သွင်းထားပြီး ကုန်ကျမှုများနှင့် ရရှိသော အကျိုးအတွက် ပေးဆပ်ရမှုများအား ထည့်သွင်းစဉ်းစား၍ မူဝါဒဆိုင်ရာ ရွေးချယ်နိုင်မှုများ၏ နိုင်ငံရေးအရ ဖြစ်မြောက်နိုင်စွမ်းကို ပြန်လည်သုံးသပ်ရန် တိုက်တွန်းထားပါသည်။ အချို့မေးခွန်းများသည် အလွန်ပညာရပ်ဆန်ပြီး ကျွမ်းကျင်သူများပင်လျှင် အလျင်အမြန် ဖြေဆိုရန် ခက်ခဲနိုင်သဖြင့် လုပ်ငန်းအဖွဲ့အား အသုံးဝင်သော အရင်းအမြစ်များထံ ညွှန်ပြနိုင်ရန် အောက်ခြေ၌ ရှည်လျားသော Footnote များဖြင့် ရှင်းပြထားပါသည်။ လုပ်ငန်းကဏ္ဍ ကျွမ်းကျင်သူများအနေဖြင့် ဆွေးနွေးမှုများကို ဦးဆောင်ရန်နှင့် ရေးဆွဲခြင်းနှင့် ပြင်ဆင်ခြင်း လုပ်ငန်းစဉ်များအတွင်း မည်သည့်မေးခွန်းများကိုမဆို ဖြေဆိုရန် အဆင်သင့်ဖြစ်နေစေရန်အတွက် အရေးကြီးပါသည်။ လေ့ကျင့်ခန်းစာရွက် (ဇ) သည် ပါတီအား မူဝါဒရပ်တည်မှု တစ်ခုလုံး၏ ရှေ့နောက် ဆက်စပ်မှု၊ ကိုက်ညီမှုနှင့် အလားအလာ ကောင်းခြင်းအပေါ် သုံးသပ်ရာတွင် အထောက်အကူ ဖြစ်စေပြီး လေ့ကျင့်ခန်းစာရွက် (ဈ) က အကောင်အထည်ဖော်မှု အစီအစဉ်အတွက် ပုံစံတစ်ခု သတ်မှတ်ပေးပါသည်။

၁၃၆။ အခန်း ၂ တွင် ဂါနာနိုင်ငံအကြောင်း လေ့လာမှုကို ကြည့်ပါ။

## လေ့ကျင့်ခန်းစာရွက် (စ) – ပါတီ ရည်မှန်းချက်

မူဝါဒ ရပ်တည်မှုအတွက် ယေဘုယျ ရည်မှန်းချက်တစ်ခု ရေးဆွဲရန် ဤလေ့ကျင့်ခန်းစာရွက်ကို အသုံးပြုပါ။

**လုပ်ငန်းတာဝန်များ –**

၁။ သက်ဆိုင်ရာ လမ်းညွှန်မေးခွန်းများကို ဖြေဆို၍ အရေးကြီးသော နောက်ခံအကြောင်းအရာများကို ''နောက်ခံအကြောင်းအရာ'' ကော်လံတွင် ဖော်ပြပါ။

၂။ ''ရည်မှန်းချက် ဖော်ပြချက်'' အပိုင်းတွင် သဘာဝ သယံဇာတ စီမံခန့်ခွဲမှုနှင့်ပတ်သက်သော ပါတီ၏ ယေဘုယျ ရည်မှန်းချက်ကို စာကြောင်းတစ်ကြောင်း သို့မဟုတ် နှစ်ကြောင်းဖြင့် ဖော်ပြပါ။ နမူနာ စာသားကို မီးခိုးရောင်ဖြင့် ဖော်ပြထားပါသည်။

နောက်ခံအကြောင်းအရာဆိုင်ရာ မေးခွန်းများသည် ရည်မှန်းချက် ဖော်ပြချက် ရေးဆွဲခြင်းအတွက် အဓိက ထည့်သွင်းစဉ်းစားရမည့် အချက်များကို ဖော်ထုတ်ရာတွင် အထောက်အကူ ဖြစ်ပါမည်။ ပါတီအနေဖြင့် ကွဲပြားသော မူဝါဒ ရပ်တည်မှုများ သတ်မှတ်ပါက ဖော်ပြချက်သည် ပြောင်းလဲလာနိုင်သော်လည်း ဤနေရာတွင် သတ်မှတ်သော ကနဦး ရည်မှန်းချက်သည် လေ့ကျင့်ခန်းစာရွက် (ဆ) တွင် ရေးဆွဲရမည့် ရပ်တည်မှုများ၏ ဦးစားပေးမှုနှင့် စကားအသုံးအနှုန်းအတွက် လမ်းညွှန်စည်းမျဉ်းတစ်ရပ် ဖြစ်လာပါမည်။

| လမ်းညွှန်မေးခွန်းများ | နောက်ခံအကြောင်းအရာ |
|---|---|
| • ပါတီအား အခြားပါတီများနှင့် မတူကွဲပြားစေသော တန်ဖိုးများနှင့် လက္ခဏာများက ဘာတွေလဲ။ ပါတီ၏ ရည်ရွယ်ချက်က ဘာလဲ၊ ဘယ်သူ့အကျိုးအတွက်လဲ။ | |
| • ပါတီအနေဖြင့် တိုင်းပြည်၏ သဘာဝ သယံဇာတများကို စီမံခန့်ခွဲရန်အတွက် အခြားပါတီများနှင့် မတူသော အနေအထားမှာ ရှိနေစေသော တန်ဖိုးများနှင့် လက္ခဏာတွေက ဘာတွေလဲ။ | |
| • သဘာဝ သယံဇာတ ကဏ္ဍက စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် အဓိက အကျိုးပြုပုံနှင့်ပတ်သက်ပြီး ပါတီ၏ ယေဘုယျ ရပ်တည်မှုက ဘာလဲ (ဥပမာ အစိုးရ၏ ဘတ်ဂျက်ကို ပံ့ပိုးရန်၊ စီးပွားရေး တည်ဆောက်ပုံ ပြောင်းလဲမှုကို မြှင့်တင်ရန်၊ လုပ်ငန်းကဏ္ဍတစ်ခုအတွက် စွမ်းအင်ထောက်ပံ့ရန် နှင့်/သို့မဟုတ် အခြားတစ်ခုခု)။ | |
| • စီးပွားရေး ဖွံ့ဖြိုးမှုအပေါ် အစိုးရ၏ ဝင်ရောက်စွက်ဖက်မှုနှင့် ပတ်သက်ပြီး ပါတီ၏ ယေဘုယျ ရပ်တည်မှုက ဘာလဲ။ | |
| • ပြည်တွင်းနှင့် နိုင်ငံတကာ လုပ်ငန်းများ၏ အခန်းကဏ္ဍနှင့်ပတ်သက်ပြီး ပါတီ၏ ယေဘုယျ ရပ်တည်မှုက ဘာလဲ။ | |
| • သဘာဝ သယံဇာတ ကဏ္ဍတွင် အစိုးရ၏ အခန်းကဏ္ဍနှင့်ပတ်သက်ပြီး ပါတီ၏ ယေဘုယျ ရပ်တည်မှုက ဘာလဲ။ | |
| • သဘာဝ သယံဇာတ ပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှု၊ ဗဟိုက ချုပ်ကိုင်ခြင်း၊ ဗဟိုချုပ်ကိုင်မှု လျှော့ချထားခြင်းတို့နှင့် ပတ်သက်ပြီး ပါတီ၏ ယေဘုယျ ရပ်တည်မှုက ဘာလဲ။ | |
| • သဘာဝ သယံဇာတ တူးဖော်မှု၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများနှင့်ပတ်သက်ပြီး ပါတီ၏ ယေဘုယျ ရပ်တည်မှုက ဘာလဲ။ | |

**ရည်မှန်းချက် ဖော်ပြချက်**

နမူနာ ရည်မှန်းချက် – သဘာဝ သယံဇာတများကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်မှာ ပွင့်လင်းမြင်သာပြီး တုံ့ပြန် ဆောင်ရွက်တတ်သော အစိုးရ အဖွဲ့အစည်းများနှင့် ကုမ္ပဏီများအပြင် သတင်းအချက်အလက်များ အပြည့်အဝ ရရှိပြီး လက်တွေ့ လုပ်ကိုင်နေသည့် လွတ်လပ်သော စီမံကြီးကြပ်သူများ ရှိရန် လိုအပ်သည်ဟု ပါတီအနေဖြင့် ယုံကြည်ပါသည်။

## လေ့ကျင့်ခန်းစာရွက် (ဆ) – ကိစ္စရပ်အလိုက် ရပ်တည်မှုများ

ကိစ္စရပ်နယ်ပယ် တစ်ခုချင်းစီကို ပို၍ ထဲထဲဝင်ဝင် ဆန်းစစ်မှု ပြုလုပ်ရန်နှင့် မူဝါဒရပ်တည်မှုများ ရေးဆွဲသတ်မှတ်ရန် ဤလေ့ကျင့်ခန်းစာရွက်တွင် ပေးထားသော ကိစ္စရပ်အလိုက် ဇယားများကို အသုံးပြုပါ။

**လုပ်ငန်းတာဝန်များ –**

၁။ သက်ဆိုင်ရာ လမ်းညွှန်မေးခွန်းများအတွက် အဓိက နောက်ခံအကြောင်းအရာများကို ''လက်ရှိ အနေအထား'' နှင့် ''လက်ရှိမူဘောင်'' ကော်လံများတွင် ဖော်ပြပါ။

၂။ သက်ဆိုင်ရာ မူဝါဒဆိုင်ရာ ရွေးချယ်နိုင်မှုများအတွက် ဖြစ်သော်လည်း ယင်းတို့ဖြင့် ကန့်သတ် မထားဘဲ ဖော်ပြချက်များနှင့် ကတိကဝတ် ပြုမှုများကို ''ရပ်တည်မှုများ'' ကော်လံများတွင် ရေးသားဖော်ပြပါ။ အဆိုပါ ရပ်တည်မှုများသည် လုံးဝ အသစ် ဖြစ်နိုင်သလို လက်ရှိပါတီ၏ ရပ်တည်မှုများအား ပြင်ဆင်ခြင်း သို့မဟုတ် ပိုမိုအားကောင်းစေခြင်း ဖြစ်နိုင်ပါသည်။ နမူနာ စာသားကို မီးခိုးရောင်ဖြင့် ဖော်ပြထားပါသည်။

ရပ်တည်မှုဆိုင်ရာ မေးခွန်းများကို Natural Resource Charter Benchmarking Framework အပေါ် အများအပြား အခြေခံထားပြီး လုပ်ငန်းအဖွဲ့အား သယံဇာတအုပ်ချုပ်မှု ဆုံးဖြတ်ချက် ကွင်းဆက်နှင့် ပါတီနှင့်နိုင်ငံအတွက် အသင့်လျော်ဆုံးဖြစ်မည့် နည်းလမ်းများနှင့် ရည်မှန်းချက်များအကြား လမ်းညွှန်ပေးနိုင်ရန် ရေးဆွဲထားပါသည်။

ဤနေရာတွင် ရေးသားထားသော ရပ်တည်မှုများကို အပြီးသတ် မူဝါဒ ရပ်တည်မှု (အကြံပြုထားသော ရပ်တည်ချက်တစ်ခု တည်ဆောက်ပုံ ပုံ ၃.၃ ကို ကြည့်ပါ)၏ အခြေခံ ဖြစ်လာစေရန် နောက်ပိုင်းတွင် ရည်မှန်းချက် ဖော်ပြချက် (လေ့ကျင့်ခန်းစာရွက် (စ))နှင့် အကောင်အထည်ဖော်မှု အစီအစဉ် (လေ့ကျင့်ခန်းစာရွက် (ဈ)) တို့နှင့် ပေါင်းစပ်သွားပါမည်။

### ရရှိနိုင်သည့် အချို့သော အသုံးဝင်သည့် အကြောင်းအရာများ

သယံဇာတကျင့်ထုံး (Natural Resource Charter) ဆိုသည်မှာ ဖွံ့ဖြိုးတိုးတက်မှုအတွက် တူးဖော်နိုင်သော သယံဇာတများက ဖန်တီးပေးသည့် အခွင့်အလမ်းများကို မည်သို့ အကောင်းဆုံး အသုံးချရမည်နှင့်ပတ်သက်သည့် စည်းမျဉ်းများ ဖြစ်ပါသည်။ နိုင်ငံများ အနေဖြင့် မဖြစ်မနေ တည်ဆောက်ရမည့် မူဝါဒများနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများအတွက် ပုံသေနည်းမဟုတ်ဘဲ အောင်မြင်သော နိုင်ငံများက အသုံးပြုခဲ့သည့် အဓိက အစိတ်အပိုင်းများအား ဆွေးနွေးထားခြင်း ဖြစ်ပါသည်။

Natural Resource Charter Benchmarking Framework ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် တွင်းထွက် သယံဇာတများအား စီမံခန့်ခွဲမှုများကို NRC နှင့် နှိုင်းယှဉ်၍ ဆန်းစစ်ရာတွင် အစိုးရများနှင့် စီမံကြီးကြပ်သူများ အသုံးပြုရန်အတွက် NRGI က ဖန်တီးထားသော မူဘောင်တစ်ခု ဖြစ်ပါသည်။[၁၃၇] ၎င်းတွင် လမ်းညွှန်မေးခွန်းများ ပါဝင်ပြီး ဖြစ်နိုင်သော ကွဲပြားသည့် မူဝါဒဆိုင်ရာ ရွေးချယ်နိုင်မှုများနှင့်ပတ်သက်

>>>

၁၃၇။ Natural Resource Benchmarking Framework ကို <https://resourcegovernance.org/analysis-tools/tools/natural-resource-charter-benchmarking-framework> တွင် ရယူနိုင်ပါသည်။

>>>

၍ အသေးစိတ် ပါဝင်ပါသည်။[၁၃၈]

တန်ဖိုး အမှန်တကယ် ရရှိခြင်း (Value Realization)၊ ဝင်ငွေ စီမံခန့်ခွဲခြင်း (Revenue Management) နှင့် ဖြစ်မြောက်စေသော ပတ်ဝန်းကျင် (Enabling Enviroment) ဟူသော အကြောင်းအရာ သုံးခုနှင့်ပတ်သက်ပြီး နိုင်ငံပေါင်း ၈၁ နိုင်ငံတွင် သဘာဝ သယံဇာတ အုပ်ချုပ်မှုအား နှိုင်းယှဉ် တိုင်းတာပေးသော ၂၀၁၇ ခုနှစ် သယံဇာတ စီမံအုပ်ချုပ်မှု အညွှန်းကိန်း (2017 Resource Governance Index - RGI) အား ကိုးကားဖော်ပြချက်များလည်း အထက်ဖော်ပြပါ မူဘောင်တစ်ခုလုံးတွင် ပါဝင်ပါသည်။ ထိုအညွှန်းကိန်း ဆန်းစစ်ခဲ့သော နိုင်ငံတိုင်းအတွက် RGI နှင့် ၎င်းနှင့်ဆက်စပ်သော အချက်အလက်များသည် လက်ရှိ ဥပဒေဆိုင်ရာနှင့် ဌာနဆိုင်ရာ မူဘောင်နှင့်ပတ်သက်ပြီး ဥပဒေအရရော လက်တွေ့အရပါ အသေးစိတ် အချက်အလက်များ ပေးပါသည်။ လုပ်ငန်းအဖွဲ့အနေဖြင့် ဆုံးဖြတ်ချက် ကွင်းဆက်၏ အဓိက နယ်ပယ်များတွင် နိုင်ငံတစ်နိုင်ငံ၏ စွမ်းဆောင်ရည်အား အလျင်အမြန် ခြုံငုံသုံးသပ်ရန် နိုင်ငံများ၏ အကြောင်းအရာ (Country Profiles) ကို ကိုးကားနိုင်ပါသည်။ ဆန်းစစ်မှုများအား ပို၍ ထဲထဲဝင်ဝင်လေ့လာရန် လုပ်ငန်းအဖွဲ့အနေဖြင့် Data Explorer ကို ဒေါင်းလုပ်ဆွဲယူနိုင်ပါသည်။ ဤ Data Explorer သည် ဆန်းစစ်မှု တစ်ခုချင်းနှင့် အထောက်အထားများနှင့်ပတ်သက်ပြီး ပိုမို အသေးစိတ်သော အချက်အလက်များ ပေးသည့်အပြင် နိုင်ငံများအကြား နှိုင်းယှဉ်ပြီး ဆက်စပ်မှုကို လေ့လာစစ်ဆေးရန် အချက်အလက်များကို ပုံဖော်ကြည့်ရှုနိုင်အောင် အလွယ်တကူ လိုအပ်သလို ပြောင်းလဲနိုင်သည့် ဇယားများလည်း ပေးထားပါသည်။ RGI နှင့်သက်ဆိုင်သည့် ဥပဒေဆိုင်ရာနှင့် အခြား စာရွက်စာတမ်းများကို Source Library တွင် ရရှိနိုင်ပါသည်။[၁၃၉]

RGI နှင့် Benchmarking Framework နှစ်ခုစလုံးသည် ဤလေ့ကျင့်ခန်းအတွက် အသုံးဝင်နိုင်ပြီး အချို့သတင်း အချက်အလက်များကို မည်သည့်နေရာတွင် ရှာဖွေနိုင်သည်နှင့်ပတ်သက်သည့် မှတ်ချက်များကို အောက်ခြေရှိ Footnote များတွင် တွေ့ရှိနိုင်ပါသည်။ လုပ်ငန်းအဖွဲ့အနေဖြင့် နိုင်ငံတစ်နိုင်ငံရှိ လက်ရှိ မူဘောင်ဆိုင်ရာ အသေးစိတ် အချက်အလက် အချို့ကို ရယူရန် RGI Data Exploroer ကို အသုံးပြုနိုင်ပြီး Benchmarking Framework သည် ဖြစ်နိုင်သော ရပ်တည်မှုများအား ဆန်းစစ်ခြင်းအတွက် ထပ်ဆောင်းလမ်းညွှန်မှု ပေးပါသည်။

၁၃၈။ လေ့ကျင့်ခန်းစာရွက် (ဆ) ပါ မေးခွန်းများသည် NRC Benchmarking Framework ပါ မေးခွန်းများနှင့် များစွာ ဆင်တူပါသည်။

၁၃၉။ RGI Country Profiles ကို <http://resourcegovernanceindex.org/country-profiles> တွင် ရယူနိုင်ပါသည်၊ RGI Data Explorer ကို <http://resourcegovernanceindex.org/about/data-and-source-documents> တွင် ရယူနိုင်ပြီး RGI Source Library ကို <https://www.resourcedata.org/organization/rgi> တွင် ရယူနိုင်ပါသည်။

## လေ့ကျင့်ခန်းစာရွက် (ဆ)

## ၁။ မဟာဗျူဟာ၊ ဥပဒေမူဘောင်နှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ

**နောက်ခံအကြောင်း** – ကောင်းမွန်သော အများပြည်သူဆိုင်ရာ မူဝါဒများကဲ့သို့ပင် သဘာဝ သယံဇာတ စီမံခန့်ခွဲမှုသည် သတင်းအချက်အလက် အပြည့်အစုံအပေါ် အခြေခံပြီး ပြည့်စုံသော အမျိုးသား မဟာဗျူဟာ တစ်ခုတွင် အမြစ်တွယ်နေပါက အောင်မြင်ရန် အခွင့်အလမ်းအများဆုံး ရှိပါသည်။

နိုင်ငံရေးပါတီများသည် လုပ်ငန်းကဏ္ဍအတွက် ခိုင်မာသော အမျိုးသား မဟာဗျူဟာ ရှိစေရန်အတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ကြပါသည်။ မဟာဗျူဟာဆိုင်ရာ ကိစ္စရပ်များအား ဖြေရှင်းရန် ရည်ရွယ်သည့် မူဝါဒရပ်တည်မှု တစ်ရပ်သည် လုပ်ငန်းကဏ္ဍ တစ်ခုလုံးနှင့် သက်ဆိုင်သည့် ရည်မှန်းချက်များကိုသာမက လိုအပ်သော ဥပဒေမူဘောင်နှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် ထို ရည်မှန်းချက်များအား မည်သို့ အကောင်အထည်ဖော်မည်နှင့်ပတ်သက်၍ ရှင်းလင်းဖော်ပြပေးနိုင်ပါက အကောင်းဆုံး ဖြစ်ပါသည်။ ဥပမာအားဖြင့် ဂါနာနိုင်ငံ၏ အမျိုးသား ဒီမိုကရက်တစ် ကွန်ဂရက်တွင် [အဓိက ဥပဒေများ၏] ပြဋ္ဌာန်းချက်များကို အကျိုးသက်ရောက်လာစေရန် သင့်လျော်သော ဌာနဆိုင်ရာ နှင့် ဥပဒေဆိုင်ရာ စီမံဆောင်ရွက်မှုများအား မိတ်ဆက်ရန်နှင့် 'လုပ်ငန်းကဏ္ဍရှိ နည်းဥပဒေများနှင့် စည်းမျဉ်းများအား ထပ်မံတိုးမြှင့်မှုနှင့် ပိုမိုတင်းကျပ်စွာ အရေးယူ ဆောင်ရွက်မှုတို့ကို မြှင့်တင်ရန်' ကတိကဝတ်များ ထည့်သွင်းခဲ့ပါသည်။

**ကုန်ကျမှုများနှင့် ရရှိသော အကျိုးအတွက် ပေးဆပ်ရမှုများ**

*အမျိုးသား မဟာဗျူဟာ၊ ဥပဒေမူဘောင်နှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့်သက်ဆိုင်သော မူဝါဒ ရပ်တည်မှုများ ရေးဆွဲသတ်မှတ်သောအခါ အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရန် အထူးပင် အရေးကြီးပါသည်* –

- အမျိုးသား မဟာဗျူဟာအသစ် ရေးဆွဲခြင်း သို့မဟုတ် လက်ရှိ မဟာဗျူဟာအား ပြင်ဆင်ခြင်း၏ ဘဏ္ဍာရေး၊ အချိန်၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ကုန်ကျမှုများ
- ဥပဒေမူဘောင်၏ မည်သည့်အစိတ်အပိုင်းများသည် သတ်မှတ်ထားရှိရန်နှင့် ထိရောက်စွာ အလုပ်လုပ်ရန် အရေးကြီးဆုံး ဖြစ်သနည်း
- မည်သည့် ဌာနဆိုင်ရာ အဖွဲ့အစည်းများသည် သတ်မှတ်ထားရှိရန်နှင့် ထိရောက်စွာ အလုပ်လုပ်ရန် အရေးကြီးဆုံး ဖြစ်သနည်း

အဆိုပါ မူဝါဒကိစ္စရပ်များနှင့်ပတ်သက်ပြီး ထပ်မံသိရှိလိုပါ Charter Benchmarking Framework နှင့် သယံဇာတ ကျိန်စာအကြောင်း NRGI လက်ကမ်းစာစောင်များ၊ သဘာဝ သယံဇာတဆိုင်ရာ ပဋိညာဉ်စာချုပ် (Natural Resource Charter) ဆုံးဖြတ်ချက် ကွင်းဆက်နှင့် ဥပဒေမူဘောင်များကို ကိုးကားပါ။[၁၄၀]

၁၄၀။ သယံဇာတ ကျိန်စာအကြောင်း လက်ကမ်းစာစောင်ကို <http://www.resourcegovernance.org/analysis-tools/publications/primer-resource-curse> တွင် ရယူနိုင်သည်၊ The Natural Resource Charter Decision Chain အကြောင်း လက်ကမ်းစာစောင်ကို <http://www.resourcegovernance.org/analysis-tools/publications/primer-natural-resource-charter-decision-chain> တွင် ရယူနိုင်ပြီး ဥပဒေမူဘောင် အကြောင်း လက်ကမ်းစာစောင်ကို <https://resourcegovernance.org/analysis-tools/publications/primer-legal-framework> တွင် ရယူနိုင်ပါသည်။

| လမ်းညွှန်မေးခွန်းများ | လက်ရှိအခြေအနေ |
|---|---|
| သဘာဝ သယံဇာတ အုပ်ချုပ်မှုအတွက် အမျိုးသား မဟာဗျူဟာသည် မည်သို့ ဖြစ်သင့်သည်နှင့်ပတ်သက်ပြီး ပါတီအနေဖြင့် (တရားဝင် သို့မဟုတ် တရားမဝင်၊ အများသိရှိသော သို့မဟုတ် ပါတီတွင်း) ရပ်တည်မှုတစ်ရပ် ရှိနှင့်ပြီးသားလား။ ရှိနှင့်ပြီးသား ဆိုလျှင် ထိုရပ်တည်မှုက ဘာလဲ။ | |
| သဘာဝ သယံဇာတ အုပ်ချုပ်ရန် လိုအပ်သော ဥပဒေမူဘောင်နှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့်ပတ်သက်ပြီး ပါတီအနေဖြင့် (တရားဝင် သို့မဟုတ် တရားမဝင်၊ အများသိရှိသော သို့မဟုတ် ပါတီတွင်း) ရပ်တည်မှုတစ်ရပ် ရှိနှင့်ပြီးသားလား။ ရှိနှင့်ပြီးသား ဆိုလျှင် ထိုရပ်တည်မှုက ဘာလဲ။ | |
| ပါတီ၏ အာမခံ ထောက်ခံသူများနှင့် ၎င်း၏ အဓိက မဲဆန္ဒနယ်များအနေဖြင့် သယံဇာတ အုပ်ချုပ်မှုအတွက် မဟာဗျူဟာ၊ ဥပဒေမူဘောင်နှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့်ပတ်သက်ပြီး မည်သို့ ထင်မြင်ယူဆသနည်း။ အများပြည်သူက မည်သို့ ထင်မြင်ယူဆသနည်း။ | |
| **လမ်းညွှန်မေးခွန်းများ** | **လက်ရှိမူဘောင်** |
| သဘာဝ သယံဇာတ အုပ်ချုပ်မှုအတွက် (တရားဝင် သို့မဟုတ် တရားမဝင်) လက်ရှိ အမျိုးသား မဟာဗျူဟာက ဘာလဲ။ တည်ရှိနေနှင့်ပြီး ဖြစ်ပါက ယေဘုယျအားဖြင့် ၎င်းကို လိုက်နာကြပါသလား။ | |
| ဆုံးဖြတ်ချက် ကွင်းဆက် တစ်ခုလုံးတွင် သဘာဝ သယံဇာတ စီမံခန့်ခွဲမှုအား အုပ်ချုပ်သော အဓိက မူဝါဒများ၊ ဥပဒေများနှင့် စည်းမျဉ်းများက ဘာတွေလဲ။ | |
| မည်သည့် ဌာနဆိုင်ရာ အဖွဲ့အစည်းများသည် ဥပဒေမူဘောင် အကောင်အထည်ဖော်မှုအား အရေးယူ ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းအတွက် တိုက်ရိုက် တာဝန်ရှိသနည်း။ ၎င်းတို့၏ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများက ဘာတွေလဲ။ | |
| **မူဝါဒဆိုင်ရာ ရွေးချယ်နိုင်မှုများ** | **ရပ်တည်မှုများ** |
| **နိုင်ငံ၏ သယံဇာတ ပိုင်ဆိုင်မှု၊ ထိုသယံဇာတကို မည်သူက ပိုင်ဆိုင်သည်နှင့် သယံဇာတ တူးဖော်မှု၏ ကောင်းသော၊ ဆိုးသော သက်ရောက်မှုများကို ပိုမို ရှင်းလင်းစွာ ဖော်ထုတ် သတ်မှတ်ရန် အစိုးရအနေဖြင့် ဘာလုပ်သင့်သနည်း။**<br>• အစိုးရအနေဖြင့် တူးဖော်ထုတ်ယူနိုင်သော သယံဇာတများကို မည်သူက ပိုင်ဆိုင်သည်ကို ပိုမိုရှင်းလင်းစွာ မည်သို့ သတ်မှတ်သင့်သနည်း။<br>• အစိုးရအနေဖြင့် တိုင်းပြည်၏ သယံဇာတ ကြွယ်ဝမှုကို ပိုမိုပြည့်စုံစွာ နည်းလည်အောင် မည်သို့ ဆောင်ရွက်နိုင်သနည်း။<br>• အစိုးရအနေဖြင့် နိုင်ငံသည် သဘာဝ သယံဇာတများအပေါ် မည်မျှ မှီခိုမှုရှိသည်ကို ပကတိအတိုင်း ခိုင်မာစွာ နားလည်ရန် မည်သို့ ဆောင်ရွက်နိုင်သနည်း။<br>• တူးဖော်သင့် မတူးဖော်သင့် ဆုံးဖြတ်ချက် ပြုလုပ်ရာတွင် သယံဇာတများအား အသုံးပြုမှု၏ ကောင်းသော၊ ဆိုးသော သက်ရောက်မှုများကို အစိုးရအနေဖြင့် ပိုမို အလေးအနက်ထား စဉ်းစားနိုင်မည်နည်း။ | နမူနာ ရပ်တည်မှု – သယံဇာတ တူးဖော်မှုမှ အပြည့်အဝ အကျိုးအမြတ် ရရှိနိုင်ရန် နိုင်ငံအနေဖြင့် ၎င်း၏ သယံဇာတ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ပြည့်စုံစွာ နားလည်ရန် မဖြစ်မနေ လိုအပ်သည်ဟု ပါတီက ယုံကြည်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် သယံဇာတသိုက်များ၊ ထုတ်လုပ်မှုပမာဏ၊ ဖြစ်ပေါ်နိုင်သော ဈေးနှုန်း အခြေအနေများ၊ ကုန်ကျမှုများနှင့် ဆန်းစစ်မှု ပြုလုပ်ရန် အချိန်ကာလ သတ်မှတ်ချက်များနှင့်ပတ်သက်ပြီး သတင်းအချက်အလက်များ ကောက်ယူရန် ကတိကဝတ် ပြုပါသည်။ |
| **သယံဇာတ စီမံခန့်ခွဲမှုအတွက် အများ ပါဝင်နိုင်ပြီး ပြည့်စုံသော အမျိုးသား မဟာဗျူဟာ ထားရှိရန် အစိုးရအနေဖြင့် ဘာလုပ်သင့်သနည်း။**<br>• သယံဇာတ ကြွယ်ဝမှု၏ အခြေခံ အချက်များကို သယံဇာတ မဟာဗျူဟာတွင် မည်သို့ ထင်ဟပ်သင့်သနည်း။<br>• သယံဇာတ မဟာဗျူဟာသည် မည်ကဲ့သို့ ရေရှည်အတွက် ရှေးရှုသင့်သနည်း။<br>• သယံဇာတ ကြွယ်ဝမှု စီမံခန့်ခွဲခြင်းတွင် ပါဝင်သော ကိစ္စရပ် အားလုံးအား ထည့်သွင်း စဉ်းစားထားကြောင်းကို သယံဇာတ မဟာဗျူဟာတွင် မည်သို့ ထင်ဟပ်စေမည်နည်း။<br>• အစိုးရအနေဖြင့် သယံဇာတ မဟာဗျူဟာ ရေးဆွဲသတ်မှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စီမံကြီးကြပ်ခြင်းတွင် သက်ဆိုင်ရာ ဆောင်ရွက်သူများ အားလုံးနှင့် မည်ကဲ့သို့ ဆက်သွယ် ဆောင်ရွက်မည်နည်း။<br>• အစိုးရအနေဖြင့် သယံဇာတ မဟာဗျူဟာသည် သက်ဆိုင်ရာ ဥပဒေမူဘောင်အပေါ် သေချာပေါက် လမ်းညွှန်မှု ပေးနိုင်စေရန် မည်သို့ ဆောင်ရွက်သင့်သနည်း။<br>• အစိုးရအနေဖြင့် သယံဇာတ မဟာဗျူဟာသည် သက်ဆိုင်ရာ ဌာနဆိုင်ရာ မူဘောင်အပေါ် သေချာပေါက် လမ်းညွှန်မှု ပေးနိုင်စေရန် မည်သို့ ဆောင်ရွက်သင့်သနည်း။ | နမူနာ ရပ်တည်မှု – ပါတီအနေဖြင့် တိုင်းပြည်သည် သဘာဝ သယံဇာတဆိုင်ရာ ရေရှည် မဟာဗျူဟာ မဖြစ်မနေ ရှိရမည်ဟု ယုံကြည်ပါသည်။ ထို့ကြောင့် ပွင့်လင်းမြင်သာပြီး တိုင်ပင်ဆွေးနွေးမှု ပါဝင်သော လုပ်ငန်းစဉ်ဖြင့် ပြည့်စုံသည့် အမျိုးသား မဟာဗျူဟာ တစ်ရပ် ဖော်ဆောင်ရန် ကျွန်ုပ်တို့က ကတိကဝတ် ပြုပါသည်။ |

## လေ့ကျင့်ခန်းစာရွက် (ဆ)
## ၂။ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု

**နောက်ခံအကြောင်းအရာ** – သဘောတူစာချုပ်များ၊ လုပ်ငန်းလည်ပတ်မှုများ၊ ကုမ္ပဏီဆိုင်ရာ အချက်အလက်များနှင့် ဘဏ္ဍာရေး စီးဆင်းမှုများအား အများပြည်သူထံ ဖွင့်ဟထုတ်ဖော်ခြင်းသည် အများပြည်သူဆိုင်ရာ ဆွေးနွေးငြင်းခုံမှုအတွက် အချက်အလက် ပိုမိုပြည့်စုံစွာ သိရှိစေနိုင်ပြီး နိုင်ငံသားများ၏ မျှော်မှန်းချက်များအား စီမံခန့်ခွဲရာတွင် အထောက်အကူ ဖြစ်စေသည့်အပြင် အဂတိလိုက်စားမှုကိုလည်း ကျဆင်းစေပါသည်။ ခိုင်မာသည့် တရားဝင် စီမံကြီးကြပ်မှု ယန္တရားများ တည်ရှိပြီး အရပ်ဘက် လူ့အဖွဲ့အစည်းနှင့် မီဒီယာပေါင်းစုံအတွက် ဖြစ်မြောက်စေသော ပတ်ဝန်းကျင်ကောင်း ရှိပါက ပွင့်လင်းမြင်သာမှုသည် အစိုးရ အရာရှိများနှင့် စီမံကြီးကြပ်သူများ၏ စီမံခန့်ခွဲမှု မှားယွင်းခြင်းနှင့် အဂတိလိုက်စားမှုတို့ကို ဖော်ထုတ်ရန်နှင့် အစိုးရနှင့် ကုမ္ပဏီများကို တာဝန်ခံစေရန်လည်း အထောက်အကူ ဖြစ်စေပါသည်။

သယံဇာတ ရပ်တည်မှုတစ်ခု ရေးဆွဲသတ်မှတ်သောအခါ ပါတီများသည် ပိုမိုကောင်းမွန်သော ပွင့်လင်းမြင်သာမှုနှင့် ပိုမိုခိုင်မာသော စီမံကြီးကြပ်မှု ယန္တရားများအား တောင်းဆိုရန်အတွက် ကောင်းမွန်သော အနေအထားမှာ ရှိနေပါသည်။ ဥပမာအားဖြင့် ဂါနာနိုင်ငံရှိ လူထုညီလာခံ ပါတီ၏ မူဝါဒရပ်တည်မှုတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုသည် ကောင်းမွန်သော အုပ်ချုပ်မှုအတွက် မရှိမဖြစ် လိုအပ်သည်ဟု ပါတီက အတိအလင်း အသိအမှတ်ပြုထားပါသည်။ ထိုထုတ်ပြန်ချက်ကို ပံ့ပိုးရန် ကတိကဝတ် များစွာကိုလည်း ပြုလုပ်ခဲ့ပြီး အခွန် အာဏာပိုင်များ၏ ဆောင်ရွက်နိုင်စွမ်း မြှင့်တင်ခြင်းနှင့် နောက်ကွယ်မှ အကျိုးခံစားခွင့်ရှိသော ပိုင်ဆိုင်မှု (Beneficial Ownership)နှင့် သဘောတူစာချုပ် အချက်အလက် ဖွင့်ဟထုတ်ဖော်ခြင်းဆိုင်ရာ နည်းဥပဒေများ ပြဋ္ဌာန်းခြင်းတို့မှာ အဓိကကျပါသည်။

ပါတီ ရပ်တည်မှုများသည် သဘာဝ သယံဇာတ အရင်းအမြစ် တူးဖော်ရေးနှင့် ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (Extractive Industries Transperancy Initiative – EITI) သို့မဟုတ် ပွင့်လင်းမိတ်ဖက်နိုင်ငံများအဖွဲ့ (Open Government Partnership - OGP) ကဲ့သို့သော ပြည်တွင်း သယံဇာတ အုပ်ချုပ်မှုဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများကို ပံ့ပိုးသော သို့မဟုတ် ဖြည့်စွက်သော အပြည်ပြည်ဆိုင်ရာ ဆောင်ရွက်လုပ်ဆောင်မှုများတွင် ပါဝင်လာအောင် တိုင်းပြည်အား တိုက်တွန်းရန်အတွက် အခွင့်အလမ်းလည်း ဖြစ်နိုင်ပါသည်။

### ကုန်ကျမှုများနှင့် ရရှိသော အကျိုးအတွက် ပေးဆပ်ရမှုများ

*ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုနှင့်ပတ်သက်သော မူဝါဒရပ်တည်မှု ရေးဆွဲသတ်မှတ်ရာတွင် အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရန် အထူးပင် အရေးကြီးပါသည် –*

- ပွင့်လင်းမြင်သာမှုကြောင့် မည်သူတွေက အကျိုးအမြတ် ရရှိမည်နည်း၊ ပွင့်လင်းမြင်သာမှု မရှိခြင်းကြောင့် မည်သူတွေက အကျိုးအမြတ် ရရှိမည်နည်း
- ပွင့်လင်းမြင်သာမှု မရှိခြင်းနှင့် ဆက်နွယ်နေသည့် အဂတိလိုက်စားမှု ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များ
- လုပ်ငန်းသဘောတူစာချုပ်များ လူသိရှင်ကြား ထုတ်ပြန်မှု ရှိခြင်းကြောင့် နိုင်ငံသားများ အနေဖြင့် အစိုးရနှင့် ကုမ္ပဏီများအား တာဝန်ခံမှု ရှိမရှိ စစ်ဆေးနိုင်စွမ်းအပေါ် သက်ရောက်မှုများ
- စာရွက်စာတမ်းများနှင့် အချက်အလက်များ ဖွင့်ဟထုတ်ဖော်ခြင်း၏ ဘဏ္ဍာရေး၊ အချိန်၊ နိုင်ငံရေးနှင့် စီးပွားရေး ကုန်ကျမှုများနှင့် မတူညီသော ဖွင့်ဟထုတ်ဖော်မှု ပုံစံများအကြား ကုန်ကျမှု ကွာခြားချက်များ

>>>

>>>

- တာဝန်ခံမှု ရှိစေရန်နှင့် မျှော်မှန်းချက်များကို စီမံခန့်ခွဲခြင်းအပေါ် အထောက်အကူ ဖြစ်စေရန် မည်သည့် သတင်းအချက်အလက်များကို အများပြည်သူ စစ်ဆေးနိုင်ရန် အရေးအကြီးဆုံး ဖြစ်သနည်း
- သယံဇာတ ကဏ္ဍ ပွင့်လင်းမြင်သာမှုအတွက် ဦးတည်သော ပရိသတ်က ဘယ်သူတွေလဲ၊ သတင်းအချက်အလက်များကို မည်သည့်ပုံစံဖြင့် ဖြန့်ဖြူးပါက သူတို့ အလွယ်ကူဆုံး ရယူနိုင်မည်နည်း

အဆိုပါ မူဝါဒကိစ္စရပ်နှင့်ပတ်သက်၍ ထပ်မံသိရှိလိုပါက Charter Benchmarking Framework ပါ စည်းမျဉ်း ၂၊ ပွင့်လင်းမြင်သာမှု ယန္တရားများ၊ လှုပ်ရှားမှုများ၊ EITI ၊ PWYP နှင့် လုပ်ငန်းသဘော တူစာချုပ် ပွင့်လင်းမြင်သာမှုနှင့်ပတ်သက်သည့် NRGI လက်ကမ်းစာစောင်များကို ကိုးကားပါ။[၁၄၁]

| လမ်းညွှန်မေးခွန်းများ | လက်ရှိအခြေအနေ |
|---|---|
| • မည်သည့် သဘာဝ သယံဇာတဆိုင်ရာ စာရွက်စာတမ်းများနှင့် အချက်အလက်များကို အများပြည်သူထံ ထုတ်ဖော်သင့်သည်နှင့် မည်သို့ ထုတ်ဖော်သင့်သည်နှင့်ပတ်သက်ပြီး ပါတီတွင် (တရားဝင် သို့မဟုတ် တရားမဝင်၊ လူသိရှင်ကြား သို့မဟုတ် ပါတီတွင်း) ရပ်တည်မှု ရှိနှင့်ပြီးသားလား။ ရှိနှင့်ပြီး ဆိုပါက ထိုရပ်တည်မှုက ဘာလဲ။ | |
| • ကောင်းမွန်သော သယံဇာတ အုပ်ချုပ်မှုကို မြှင့်တင်ရာတွင် တရားဝင် ကြီးကြပ်ကွပ်ကဲမှု ယန္တရားများ (ဥပမာ – စာရင်းစစ်ဌာနချုပ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မတီ နှင့် အထူးကိုယ်စားလှယ်) ၏ အခန်းကဏ္ဍနှင့်ပတ်သက်ပြီး ပါတီတွင် (တရားဝင် သို့မဟုတ် တရားမဝင်၊ လူသိရှင်ကြား သို့မဟုတ် ပါတီတွင်း) ရပ်တည်မှု ရှိနှင့်ပြီးသားလား။ ရှိနှင့်ပြီးဆိုပါက ထိုရပ်တည်မှုက ဘာလဲ။ | |
| • အရပ်ဘက် လူ့အဖွဲ့အစည်းနှင့် မီဒီယာတို့၏ ကြီးကြပ်မှုကို ဖြစ်မြောက်စေရန် ပတ်ဝန်းကျင်အား မည်သို့ ကာကွယ်ရမည်နှင့်ပတ်သက်ပြီး ပါတီတွင် (တရားဝင် သို့မဟုတ် တရားမဝင်၊ လူသိရှင်ကြား သို့မဟုတ် ပါတီတွင်း) ရပ်တည်မှု ရှိနှင့်ပြီးသားလား။ ရှိနှင့်ပြီး ဆိုပါက ထိုရပ်တည်မှုက ဘာလဲ။ | |
| • တိုင်းပြည်အနေဖြင့် ပါဝင်သင့်သည့် တစ်ကမ္ဘာလုံးဆိုင်ရာ သို့မဟုတ် ဒေသတွင်း သယံဇာတ အုပ်ချုပ်မှုဆိုင်ရာ ဆောင်ရွက်မှုများ (ဥပမာ – EITI နှင့် OGP) နှင့်ပတ်သက်ပြီး ပါတီတွင် (တရားဝင် သို့မဟုတ် တရားမဝင်၊ လူသိရှင်ကြား သို့မဟုတ် ပါတီတွင်း) ရပ်တည်မှု ရှိနှင့်ပြီးသားလား။ ရှိနှင့်ပြီး ဆိုပါက ထိုရပ်တည်မှုက ဘာလဲ။ | |
| • ပါတီ၏ အမာခံ ထောက်ခံသူများနှင့် ၎င်း၏ အဓိက မဲဆန္ဒနယ်များအနေဖြင့် သယံဇာတ အုပ်ချုပ်မှုတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု လိုအပ်ချက်နှင့်ပတ်သက်ပြီး မည်သို့ ထင်မြင်ယူဆသနည်း။ အများပြည်သူက မည်သို့ ထင်မြင်ယူဆသနည်း။ | |

၁၄၁။ ပွင့်လင်းမြင်သာမှုဆိုင်ရာ နည်းလမ်း ယန္တရားများနှင့် လှုပ်ရှားမှုများအကြောင်း လက်ကမ်းစာစောင်ကို <http://www.resourcegovernance.org/analysis-tools/publications/primer-transparency-mechanisms-and-movements> တွင် ရယူနိုင်သည်၊ သဘာဝ သယံဇာတ အရင်းအမြစ် တူးဖော်ရေးနှင့် ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI) အကြောင်း လက်ကမ်းစာစောင်ကို <https://resourcegovernance.org/analysis-tools/publications/primer-extractive-industries-transparency-initiative-eiti> တွင် ရယူနိုင်သည်၊ Publish What you Pay လက်ကမ်းစာစောင်ကို <https://resourcegovernance.org/analysis-tools/publications/primer-publish-what-you-pay-pwyp> တွင် ရယူနိုင်သည်၊ လုပ်ငန်းသဘောတူစာချုပ်ဆိုင်ရာ ပွင့်လင်းမြင်သာမှု (Contract Transparency) လက်ကမ်းစာစောင်အား <https://resourcegovernance.org/analysis-tools/publications/primer-contract-transparency> တွင် ရယူနိုင်ပါသည်။

| လမ်းညွှန်မေးခွန်းများ | လက်ရှိမူဘောင် |
|---|---|
| • သဘာဝ သယံဇာတ စီမံခန့်ခွဲမှုတွင် ပွင့်လင်းမြင်သာမှုအတွက် လက်ရှိ ဥပဒေဆိုင်ရာနှင့် ထိန်းသိမ်းကြီးကြပ်ရေး မူဘောင်က ဘာလဲ။ စာရွက်စာတမ်းများနှင့် အချက်အလက်များ ဖွင့်ဟထုတ်ဖော်မှုနှင့်ပတ်သက်ပြီး လက်ရှိ သတ်မှတ်ချက်တွေက ဘာလဲ။ အဆိုပါ သတ်မှတ်ချက်များအား လုံလောက်စွာ အရေးယူဆောင်ရွက်မှု ရှိပါသလား။ သတင်းအချက်အလက်များအား မည်သို့ ဖွင့်ဟထုတ်ဖော်သနည်း (ဥပမာ – အချိန်အခါ၊ အကြိမ်ရေ၊ ထုတ်ဖော်မှုပုံစံ။[၁၄၂] | |
| • လက်ရှိ ဥပဒေမူဘောင်အောက်တွင် မည်သည့် တရားဝင် ကြီးကြပ်မှုယန္တရားများ တည်ရှိသနည်း။ အဆိုပါ ယန္တရားများအား အရင်းအမြစ် လုံလောက်စွာ ပံ့ပိုးမှု ရှိပါသလား၊ လွတ်လပ်မှု ရှိပါသလား၊ ၎င်းတို့ ထိရောက်စွာ လည်ပတ်ရန် လိုအပ်သော သတင်းအချက်အလက်များနှင့် ဝင်ရောက်နိုင်မှု ပေးထားပါသလား။ မရှိပါက၊ မပေးထားပါက ဘာကြောင့်နည်း။[၁၄၃] | |
| • အရပ်ဘက် လူ့အဖွဲ့အစည်းနှင့် မီဒီယာအတွက် ဖြစ်မြောက်စေသော ပတ်ဝန်းကျင်နှင့်ပတ်သက်သည့် လက်ရှိ ဥပဒေဆိုင်ရာနှင့် ထိန်းသိမ်းကြီးကြပ်ရေး မူဘောင်က ဘာလဲ။ အရပ်ဘက် လူ့အဖွဲ့အစည်းနှင့် မီဒီယာများသည် လွတ်လပ်စွာ လည်ပတ်လုပ်ကိုင်နိုင်ကြပါသလား။ သယံဇာတ အုပ်ချုပ်မှု အညွှန်းကိန်း၏ ''ဖြစ်မြောက်စေသော ပတ်ဝန်းကျင်'' အပိုင်းတွင် တိုင်းပြည်က မည်သို့ အခြေအနေရှိသနည်း။ | |
| • တိုင်းပြည်သည် EITI အဖွဲ့ဝင်ဖြစ်ပါက နောက်ဆုံး EITI အစီရင်ခံစာတွင် အဓိက တွေ့ရှိမှုများနှင့် အကြံပြုချက်များက ဘာတွေလဲ။[၁၄၄] | |

၁၄၂။ လက်ရှိမူဘောင်နှင့်ပတ်သက်သော သတင်းအချက်အလက်များကို မေးခွန်း 1.1.7a-b, 1.1.8a-b, 1.1.9a, 1.1.10a-d, 1.2.1a-1.2.2c, 1.2.3a, 1.2.4a-c, 1.3.2a, 1.3.3b, 1.3.4a, 1.4.2a-1.4.3a, 1.4.4b, 1.4.5b-1.4.6b, 1.4.7d, 1.4.8a-1.4.9e, 2.1.1a-d, 2.1.4a-2.1.5b, 2.2.3a-c, 2.3.2a-b, 2.3.4a-c, နှင့် 2.3.5b အောက်ရှိ RGI Data တွင် တွေ့ရှိနိုင်ပါသည်။

၁၄၃။ လက်ရှိမူဘောင်နှင့်ပတ်သက်သော သတင်းအချက်အလက်များကို မေးခွန်း 1.1.10c-d, 1.2.6c, 1.2.7a, 1.4.3b-c, 1.4.5a, 2.1.2b, 2.1.3b, 2.2.4a, 2.2.5a, 2.3.5c-d, နှင့် 2.3.6b-c အောက်ရှိ RGI Data တွင် တွေ့ရှိနိုင်ပါသည်။

၁၄၄။ နိုင်ငံ၏ တိုးတက်မှုနှင့်ပတ်သက်ပြီး မကြာသေးမီက ထွက်ရှိထားသော အစီရင်ခံစာများနှင့် အခြားအချက်အလက်များအတွက် EITI အင်တာနက်စာမျက်နှာကို <https://eiti.org/countries> တွင်ကြည့်ပါ။ လက်ရှိမူဘောင်နှင့်ပတ်သက်သည့် သတင်းအချက်အလက်များကိုလည်း 1.2.8a-b မေးခွန်းများအောက်ရှိ RGI အချက်အလက်တွင် ရရှိနိုင်ပါသည်။

| မူဝါဒဆိုင်ရာ ရွေးချယ်နိုင်မှုများ | ရပ်တည်မှုများ |
|---|---|
| **ဆောင်ရွက်သူများ အားလုံးအနေဖြင့် ဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် ၎င်း၏ သက်ရောက်မှုများကို ထိရောက်စွာ နားလည်ရန်နှင့် စစ်ဆေးနိုင်ရန်အတွက် သယံဇာတ စီမံခန့်ခွဲမှုသည် လုံလောက်အောင် ပွင့်လင်းမြင်သာမှု ရှိစေရန် အစိုးရအနေဖြင့် ဘာလုပ်သင့်သနည်း။**<br>• သယံဇာတ စီမံခန့်ခွဲမှုအပေါ် လွှမ်းမိုးသော ဥပဒေမူဘောင် တစ်ခုလုံးအား အများပြည်သူက ရရှိနိုင်စေရန် အစိုးရအနေဖြင့် ဘာလုပ်ပေးသင့်သနည်း။<br>• သယံဇာတ စီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် သတင်းအချက်အလက်များအား ရယူနိုင်စေသော နည်းဥပဒေများ ပြဋ္ဌာန်းခြင်း သို့မဟုတ် ပိုမိုအားကောင်းအောင် ပြုလုပ်ခြင်းတို့ လုပ်ဆောင်သင့်သလား။<br>• သတင်းအချက်အလက် ရယူနိုင်မှုကို ပံ့ပိုးရန် အစိုးရအနေဖြင့် မည်သည့် သတင်းအချက်အလက် စီမံခန့်ခွဲမှု စနစ်များ ရှိသင့်သနည်း။<br>• မည်သည့် သယံဇာတ တူးဖော်မှုဆိုင်ရာ သဘောတူစာချုပ်များအား အများပြည်သူထံ ထုတ်ဖော်ပြသသင့်သနည်း၊ မည်သို့ ထုတ်ဖော်ပြသသင့်သနည်း။<br>• အစိုးရအနေဖြင့် အချက်အလက်များအား ပွင့်လင်း အချက်အလက် စံနှုန်းများနှင့်အညီ အချက်အလက်များကို ထုတ်ပြန်သင့်ပါသလား။[၁၄၅]<br>• သယံဇာတ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု ကိစ္စရပ်များ အပြည့်အစုံနှင့်ပတ်သက်ပြီး အချက်အလက်များ ထုတ်ပြန်နိုင်ရန် အစိုးရအနေဖြင့် ဘာလုပ်သင့်သနည်း။ | နမူနာ ရပ်တည်မှု – သဘာဝ သယံဇာတ စီမံခန့်ခွဲမှုဆိုင်ရာ အချက်အလက်များအား ပြည်သူ အားလုံးက ရယူနိုင်သင့်သည်ဟု ပါတီအနေဖြင့် ယုံကြည်ပါသည်။ ထို့ကြောင့် နိုင်ငံသားများအနေဖြင့် သယံဇာတကဏ္ဍဆိုင်ရာ သတင်း အချက်အလက်များအား အလိုအလျောက် ကြိုတင် ဖွင့်ဟထုတ်ဖော်မှုနှင့် တောင်းဆိုမှု လုပ်ငန်းစဉ်တစ်ရပ် နည်းလမ်းနှစ်မျိုးလုံးမှတဆင့်နှင့် အမြဲတမ်း အချက်အလက်များအား ပွင့်လင်း အချက်အလက် ပုံစံဖြင့် ရယူနိုင်အောင် အာမခံပေးနိုင်သည့် နည်းဥပဒေများ သတ်မှတ်ရန် ကတိကဝတ်ပြုပါသည်။ |
| **တရားဝင်ကြီးကြပ်ရေး အဖွဲ့များသည် အစိုးရ အရာရှိများအား တာဝန်ခံစေရန် အစိုးရအနေဖြင့် ဘာလုပ်သင့်သနည်း။**<br>• သယံဇာတ အုပ်ချုပ်မှုနှင့်ဆက်စပ်သော ကိစ္စရပ်များတွင် ဥပဒေပြုရေးအဖွဲ့သည် အစိုးရအရာရှိများအား မည်သို့ တာဝန်ခံစေမည်နည်း။<br>• စာရင်းစစ်ဌာနချုပ်အနေဖြင့် သယံဇာတ တူးဖော်မှုကဏ္ဍနှင့်ပတ်သက်သည့် ဘဏ္ဍာရေးစီးဆင်းမှုအား အစိုးရ၏ စီမံခန့်ခွဲမှုအပေါ် ကြီးကြပ်သင့်သနည်း၊ အစိုးရအနေဖြင့် ၎င်း၏ တွေ့ရှိရမှုများအပေါ် မည်သို့ တုံ့ပြန်ဆောင်ရွက်သင့်သနည်း။<br>• အဂတိလိုက်စားမှုကို တားဆီးရန်၊ ဖော်ထုတ်ရန်နှင့် တရားစွဲဆို အရေးယူရန် အစိုးရအနေဖြင့် မည်သည့် အစီအမံများကို လုပ်ဆောင်သင့်သနည်း။ | နမူနာ ရပ်တည်မှု – ပါတီအနေဖြင့် ဥပဒေပြုရေးအဖွဲ့သည် အစိုးရအား သယံဇာတ စီမံခန့်ခွဲမှုအတွက် တာဝန်ခံစေရန် လုပ်နိုင်စွမ်း၊ လုပ်ပိုင်ခွင့် နှင့် လွတ်လပ်မှု မဖြစ်မနေ ရှိရမည်ဟု ယုံကြည်ပါသည်။ ထို့ကြောင့် ပညာရပ်ဆိုင်ရာ ဝန်ထမ်းများနှင့် ကျွမ်းကျင်သူများ၏ ပံ့ပိုးမှု ရရှိရေးအတွက် လုံလောက်သော ငွေကြေးထောက်ပံ့မှု ရှိသည့် သယံဇာတ အုပ်ချုပ်မှုဆိုင်ရာ အထူးလွှတ်တော် ကော်မတီများ ဖွဲ့စည်းတည်ထောင်ရန် ကျွန်ုပ်တို့က ကတိကဝတ်ပြုပါသည်။ |

၁၄၅။ Open Data Charter က ပွင့်လင်း အချက်အလက်အား ''မည်သူမဆို မည်သည့်နေရာ၊ မည်သည့်အချိန်တွင်မဆို လွတ်လပ်စွာ သုံးစွဲနိုင်ရန်၊ ပြန်လည်သုံးစွဲနိုင်ရန်နှင့် ပြန်လည်ဖြန့်ဝေနိုင်ရန်အတွက် လိုအပ်သော နည်းပညာနှင့် ဥပဒေဆိုင်ရာ လက္ခဏာများဖြင့် ရယူနိုင်သည့် ဒီဂျစ်တယ် အချက်အလက်အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ပွင့်လင်း အချက်အလက် စည်းမျဉ်းများနှင့်ပတ်သက်သည့် ထပ်ဆောင်း အချက်အလက်များကို <https://opendatacharter.net/principles/> တွင် ရရှိနိုင်ပါသည်။

| မူဝါဒဆိုင်ရာ ရွေးချယ်နိုင်မှုများ | ရပ်တည်မှုများ |
| --- | --- |
| **အစိုးရအား တာဝန်ခံမှု ရှိစေရန် တွန်းအားပေးနိုင်အောင် သတင်းအချက်အလက် အပြည့်အစုံ ရရှိသော နိုင်ငံသားများ အလုံအလောက် ရှိစေရန် အစိုးရအနေဖြင့် ဘာလုပ်သင့်သနည်း။**<br>• သယံဇာတ တူးဖော်မှု၏ အနာဂတ် အကျိုးအမြတ်များ၊ ကုန်ကျမှုများနှင့်ပတ်သက်ပြီး အများပြည်သူအနေဖြင့် လက်တွေ့ကျသော မျှော်မှန်းချက်များ ရှိစေရန် အစိုးရအနေဖြင့် ဆက်သွယ်ရေး မဟာဗျူဟာတစ်ရပ် အကောင်အထည် ဖော်သင့်ပါသလား။<br>• နိုင်ငံသားဆိုင်ရာ လွတ်လပ်ခွင့်များနှင့် နိုင်ငံရေး လွတ်လပ်ခွင့်များကို တသတ်မတ်တည်း ထိန်းသိမ်းထားရန် အစိုးရအနေဖြင့် မည်သို့ ဆောင်ရွက်သင့်သနည်း။<br>• မီဒီယာနှင့် အရပ်ဘက် လူ့အဖွဲ့အစည်း အနေဖြင့် သဘာဝ သယံဇာတ စီမံခန့်ခွဲမှုတွင် လူထုအပေါ် တာဝန်ခံမှု ပိုမိုကောင်းမွန်အောင် အကျိုးပြုနိုင်စေရန် အစိုးရအနေဖြင့် ဘာလုပ်ပေးသင့်သနည်း။<br>• သုတေသန အဖွဲ့အစည်းများအနေဖြင့် သယံဇာတ အုပ်ချုပ်မှုနှင့်ပတ်သက်၍ လွတ်လပ်ပြီး အရည်အသွေးမြင့် သုတေသန လေ့လာမှုများ ဆောင်ရွက်နိုင်စေရန် အစိုးရအနေဖြင့် ဘာလုပ်သင့်သနည်း။<br>• ပညာရှင် အဖွဲ့အစည်းများနှင့် သမဂ္ဂများအနေဖြင့် သယံဇာတ တူးဖော်ရေး လုပ်ငန်းကဏ္ဍများတွင် လုပ်ကိုင်နေသော ၎င်းတို့၏ အဖွဲ့ဝင်များအကြား ကျင့်ဝတ်နှင့် ထိတွေ့ဆက်ဆံမှုဆိုင်ရာ ပညာရှင် စံနှုန်းများအား မြှင့်တင်ခြင်းနှင့် အရေးယူ ဆောင်ရွက်ခြင်းကို အားပေးရန် အစိုးရအနေဖြင့် ဘာလုပ်သင့်သနည်း။ | နမူနာ ရပ်တည်မှု – သဘာဝ သယံဇာတ စီမံခန့်ခွဲမှုကို ထိရောက်စွာ ကြီးကြပ်ရာတွင် သတင်းအချက်အလက် အပြည့်အစုံ ရရှိသော အရပ်ဘက် လူ့အဖွဲ့အစည်းများ နှင့် မီဒီယာသည် အဓိက ကျကြောင်း ပါတီအနေဖြင့် ယုံကြည်ပါသည်။ ထို့ကြောင့် သယံဇာတ အုပ်ချုပ်မှု ကိစ္စရပ်များနှင့် ပတ်သက်ပြီး ထိုအဖွဲ့အစည်း နှစ်မျိုးလုံးနှင့် ပွင့်လင်းသော ဆက်သွယ်ရေး ဖြစ်ပေါ်စေရန် ကျွန်ုပ်တို့က ကတိကဝတ် ပြုပါသည်။ |
| **ပြည်တွင်း သယံဇာတအုပ်ချုပ်မှုဆိုင်ရာ ကြိုးပမ်းမှုများ (ဥပမာ – EITI နှင့် OGP) တို့ကို ပံ့ပိုးသော သို့မဟုတ် ဖြည့်စွက်သော နိုင်ငံတကာ ဆောင်ရွက်မှုများတွင် အစိုးရအနေဖြင့် ပါဝင်သင့်ပါသလား။**<br>• အကယ်၍ တိုင်းပြည်သည် EITI နှင့်/သို့မဟုတ် OGP အဖွဲ့ဝင် ဖြစ်နေပါက သို့မဟုတ် ဖြစ်ရန်ကြိုးပမ်းနေပါက ထိုအဖွဲ့ဝင်မှုနှင့် ဆက်စပ်နေသော ကတိကဝတ်များကို အဓိပ္ပာယ်ရှိသော နည်းလမ်းဖြင့် လိုက်နာဆောင်ရွက်နိုင်ရန် ဘာလုပ်သင့်သနည်း။<br>• အကယ်၍ တိုင်းပြည်သည် အဆိုပါ အဖွဲ့အစည်းတစ်ခု သို့မဟုတ် နှစ်ခုလုံးတွင် အဖွဲ့ဝင် ဖြစ်ပါက ထိုအဖွဲ့အစည်းများ၏ ပံ့ပိုးမှု သို့မဟုတ် တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ပိုင်ခွင့်များ (Convening Powers) ကို ပိုမိုထိရောက်အောင် မည်ကဲ့သို့ အသုံးချသင့်သနည်း။<br>• အကယ်၍ တိုင်းပြည်သည် အဆိုပါ အဖွဲ့အစည်းတစ်ခု သို့မဟုတ် နှစ်ခုလုံးတွင် အဖွဲ့ဝင် မဟုတ်ပါက အဖွဲ့ဝင်ရန် ကြိုးပမ်းသင့်ပါသလား။ | နမူနာ ရပ်တည်မှု – ပါတီအနေဖြင့် ပွင့်လင်းမိတ်ဖက်နိုင်ငံများအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်း၏တန်ဖိုးကို အသိအမှတ်ပြုပါသည်။ ထို့ကြောင့် ထိုသို့ အဖွဲ့ဝင်ရန်နှင့် ခိုင်မာသော သယံဇာတ အုပ်ချုပ်မှုဆိုင်ရာ ကတိကဝတ်များကို အကောင်အထည်ဖော်ရန် ကတိကဝတ် ပြုပါသည်။[၁၄၆] |

၁၄၆။ ဤလုပ်ငန်းအဖွဲ့ အကြောင်းနှင့်ပတ်သက်ပြီး ထပ်မံသိရှိလိုပါက <https://www.opengovpartnership.org/about/working-groups/openness-natural-resources> ကို ကြည့်ပါ။

## လေ့ကျင့်ခန်းစာရွက် (ဆ)
## ၃။ စမ်းသပ်တိုင်းတာခြင်း၊ လိုင်စင်ထုတ်ပေးခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ

**နောက်ခံအကြောင်းအရာ** – နိုင်ငံအများစုတွင် နိုင်ငံတော်အစိုးရသည် မြေအောက် သယံဇာတ အရင်း အမြစ်များ အားလုံး၏ ပိုင်ရှင်ဖြစ်ပါသည်။ သို့သော်လည်း သယံဇာတ စမ်းသပ်တိုင်းတာခြင်းနှင့် တူး ဖော်ထုတ်လုပ်ခြင်းသည် ငွေရေးကြေးရေး အရရော နည်းပညာအရပါ ခက်ခဲသည့်အလုပ် ဖြစ်သော ကြောင့် အစိုးရအများစုသည် ထိုလုပ်ငန်းများကို ကိုယ်တိုင် မလုပ်ကိုင်ကြပါ။ ကိုယ်တိုင် လုပ်ကိုင်မည့် အစား လုပ်ရည်ကိုင်ရည် ရှိပြီး အခွန်ကောက်ခံခြင်း၊ ထုတ်လုပ်မှု မျှဝေခြင်းနှင့် အခြားနည်းလမ်းများမှ တဆင့် အစိုးရအား အကျိုးအမြတ်များ ပေးနိုင်သော ပုဂ္ဂလိက ကုမ္ပဏီများနှင့် သဘောတူစာချုပ်များ ချုပ်ဆိုလုပ်ကိုင်လေ့ ရှိကြပါသည်။

တိုင်းပြည်အနေဖြင့် ၎င်း၏ သယံဇာတများမှ အကောင်းဆုံး အကျိုးအမြတ် ရရှိစေရန် အစိုးရသည် ၎င်းတို့၏ စမ်းသပ်တိုင်းတာခြင်းနှင့် လိုင်စင်ထုတ်ပေးခြင်း လုပ်ငန်းစဉ်များ၏ တစ်စိတ်တစ်ဒေသအဖြစ် အောက်ပါတို့ကို မဖြစ်မနေ လုပ်ဆောင်ရပါမည်။

၁။ သယံဇာတ တည်ရှိမှု အခြေအနေကို နားလည်ပါ၊ ရရှိလာသော အချက်အလက်များကို စီမံ ခန့်ခွဲပါ၊ မည်သည့်ဒေသများကို လိုင်စင်များ ထုတ်ပေးသင့် မပေးသင့်နှင့် မည်သည့်နှုန်းဖြင့် ထုတ်ပေးမည်ကို ဆုံးဖြတ်ပါ။

၂။ သယံဇာတ လုပ်ပိုင်ခွင့်များကို အဂတိလိုက်စားမှု သို့မဟုတ် အကျိုးစီးပွား ပဋိပက္ခ ဖြစ်မှု အန္တရာယ်များ မရှိဘဲ သယံဇာတများကို စမ်းသပ်ရှာဖွေရန် သို့မဟုတ် အသုံးပြုရန် ငွေရေး ကြေးရေးနှင့် ပညာရပ်အရ လုပ်ကိုင်နိုင်စွမ်းရှိသော ကုမ္ပဏီများထံ ချပေးစေမည့် လုပ်ငန်းစဉ် တစ်ရပ် ရွေးချယ်ပါ။

၃။ ကုမ္ပဏီများသည် ၎င်းတို့၏ ကတိကဝတ်များကို ဥပဒေ၊ စည်းမျဉ်းများနှင့် အကောင်းဆုံး လုပ် ထုံးလုပ်နည်းများနှင့်အညီ ဖြည့်ဆည်း ဆောင်ရွက်မှုရှိစေရန် လုပ်ငန်းလည်ပတ်မှုများကို စောင့် ကြည့်စစ်ဆေးပါ။

ပါတီ၏ ရပ်တည်မှုတွင် အထက်ပါ အချက်သုံးချက်လုံးကို ထည့်သွင်းစဉ်းစားထားသင့်ပြီး အာဏာ ရရှိ ထားသည်ဖြစ်စေ၊ အတိုက်အခံဖြစ်နေသည်ဖြစ်စေ သက်ရောက်မှု ရှိနိုင်ပါသည်။ နော်ဝေနိုင်ငံက ရေနံ စမ်းသပ်ရှာဖွေခြင်းအတွက် နယ်မြေအသစ်များ ဖွင့်ပေးရန် စဉ်းစားခဲ့သောကြောင့် အစိမ်းရောင်ပါတီ (Green Party) သည် ရာသီဥတု ပြောင်းလဲခြင်းနှင့် သယံဇာတ တူးဖော်မှု၏ ရေရှည်တည်တံ့မှုနှင့် ပတ်သက်သော စိုးရိမ်ပူပန်မှုများကို ဦးစားပေးခဲ့ပြီး နှစ်ပေါင်း ၂၀ အတွင်း လုပ်ငန်းများ အားလုံးကို ရပ်စဲရန် အဆိုပြုခဲ့ပါသည်။ အလွန်သေးငယ်သော ပါတီငယ်လေးတစ်ခုမှ အစပြုခဲ့သော်လည်း ၎င်း၏ ရပ်တည်မှုသည် ဤကိစ္စရပ်အား နိုင်ငံတော်အဆင့်အထိ ဆွဲတင်ပေးနိုင်ခဲ့ပါသည်။ ထို့နောက် ထိုမူဝါဒ ကို ပါတီတစ်ခုကလည်း လက်ခံကျင့်သုံးခဲ့ပြီး အခြားပါတီများ၏ ဖော်ပြချက်များတွင်လည်း အလားတူ အဆိုပြုချက်အား တိုး၍ ပြုလုပ်လာကြပါသည်။[၁၄၅]

လိုင်စင်ချပေးခြင်း လုပ်ငန်းစဉ်များအတွက် ရပ်တည်မှု ရေးဆွဲသတ်မှတ်ခြင်းသည် ပါတီတစ်ခုအတွက် တိုင်းပြည်၏ ဘူမိဗေဒအရင်းအမြစ်များ၊ မြေယာပိုင်ဆိုင်မှုပြုလုပ်ခြင်း လုပ်ငန်းစဉ်နှင့် ထိုကဏ္ဍ၏ လုပ် ငန်းလည်ပတ်မှုဆိုင်ရာ ပတ်ဝန်းကျင်အကြောင်း ပိုမိုကောင်းမွန်စွာ နားလည်လာစေရန်နှင့် အဓိပ္ပာယ် ရှိသော လက်တွေ့ လုပ်ဆောင်မှုအတွက် အခြေခံအလုပ်များကို စီစဉ်ပေးရန် အခွင့်အလမ်းတစ်ခု ဖြစ် ပါသည်။

---

၁၄၅။ အခန်း ၂ တွင် နော်ဝေနိုင်ငံအကြောင်း လေ့လာမှုကို ကြည့်ပါ။

### ကုန်ကျမှုများနှင့် ရရှိသောအကျိုးအတွက် ပေးဆပ်ရမှုများ

*တူးဖော်ထုတ်လုပ်ရန် နယ်မြေအသစ်များ ဖွင့်ပေးခြင်း နှင့်ပတ်သက်ပြီး မူဝါဒ ရပ်တည်မှုများ ရေးဆွဲသတ်မှတ်သောအခါ အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရန် အထူးပင် အရေးကြီးပါသည် –*

- ဒေသတွင်း ပိုင်ဆိုင်မှု အခွင့်အရေးများ၊ ဘူမိဗေဒနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေများနှင့်ပတ်သက်၍ အစိုးရအနေဖြင့် ရှိနှင့်ပြီးသော အသိပညာ ဗဟုသုတ
- လိုင်စင်မချပေးမီ ကောက်ယူသော စစ်တမ်းများနှင့် မဟာဗျူဟာက ပတ်ဝန်းကျင်သက်ရောက်မှု ဆန်းစစ်ခြင်းများမှတဆင့် ပိုမိုရှင်းလင်းမှု ရယူရာတွင် ပါဝင်သော အချိန်နှင့် ငွေကြေးကုန်ကျမှုများနှင့် ထိုကုန်ကျမှုများသည် အရည်အသွေးမကောင်းသော သတင်းအချက်အလက်များနှင့် ဆက်နွယ်ဖြစ်ပေါ်လာသည့် ဆုံးရှုံးနိုင်ခြေများနှင့် နှိုင်းယှဉ်လျှင် မည်သို့ရှိကြောင်း (ဥပမာ – အစိုးရနှင့် ကုမ္ပဏီများအကြား သတင်းအချက်အလက်များစွာ ကွာဟချက်များ ရှိနေခြင်းနှင့် အရေးပါသော ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများ)
- မြေနှင့် သယံဇာတ လိုင်စင် မှတ်ပုံတင်ဌာနများ တည်ထောင်ခြင်း/စီမံခန့်ခွဲခြင်း၏ ငွေကြေးကုန်ကျမှုများ၊ ပဋိပက္ခဖြစ်နေသော တောင်းဆိုမှုများနှင့် ဆက်နွယ်နေသည့် ဆုံးရှုံးနိုင်ခြေများ
- လိုင်စင်များအား အလွန် အလျင်အမြန် ချပေးခြင်း (ဥပမာ – ဆုံးရှုံးနိုင်ခြေနှင့် တန်ဖိုး အပြောင်းအလဲများ၊ စည်းကမ်းထိန်းသိမ်း ကြီးကြပ်မှုဆိုင်ရာ ဆောင်ရွက်နိုင်စွမ်း) နှင့် လိုင်စင်ပါ နယ်မြေအရွယ်အစား သတ်မှတ်ခြင်း (ဥပမာ – စျေးပြိုင်တင်သွင်းသူများအား ဆွဲဆောင်ခြင်းနှင့် ကုမ္ပဏီ အနည်းငယ်အား ကြီးမားသော မြေ အစိတ်အပိုင်းများကို ထိန်းချုပ်ထားစေခြင်း)နှင့်ဆက်စပ်သော စိန်ခေါ်မှုများနှင့် ဆုံးရှုံးနိုင်ခြေများ

*လိုင်စင်လွှဲပြောင်းမှုများ အပါအဝင် လိုင်စင်ထုတ်ပေးခြင်း လုပ်ငန်းစဉ် နှင့်ပတ်သက်သော မူဝါဒ ရပ်တည်မှုများကို ရေးဆွဲသတ်မှတ်သောအခါတွင် အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရန် အထူးပင် အရေးကြီးပါသည် –*

- လိုအပ်သော ကျွမ်းကျင်မှုနှင့် အရင်းအမြစ်များ မရှိသည့် ကုမ္ပဏီများထံ သို့မဟုတ် ညံ့ဖျင်းသော လုပ်ငန်းလည်ပတ်မှု သို့မဟုတ် ကိုယ်ကျင့်တရားနှင့် မညီညွတ်သည့် အပြုအမူနှင့်ပတ်သက်ပြီး နာမည်ပျက်ရှိသည့် ကုမ္ပဏီများထံ လုပ်ငန်း လုပ်ကိုင်ခွင့် သဘောတူစာချုပ်များ ချပေးခြင်းနှင့် ဆက်နွယ်နေသည့် နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ
- (အကောင်းဆုံး လုပ်ထုံးလုပ်နည်း ဖြစ်သော) လေလံစနစ်ဖြင့် လိုင်စင်ချပေးရန် လုံလောက်သော ပြိုင်ဆိုင်မှု ရှိ မရှိ နှင့် အစိုးရအနေဖြင့် စီမံအုပ်ချုပ်မှုဆိုင်ရာ ဆောင်ရွက်နိုင်စွမ်း ရှိ မရှိ၊ သို့မဟုတ် ထိုသို့ အခြေအနေမရှိပါက အမည်ဂုဏ်သတင်းကောင်းသော ကုမ္ပဏီများအား ဖော်ထုတ်ရွေးချယ်ရန်၊ အစိုးရနှင့် ကုမ္ပဏီများအကြား သတင်းအချက်အလက် ကွာဟမှုများကို ကျော်လွှားရန်နှင့် ညှိနှိုင်းနိုင်သော/စျေးပြိုင်တင်သွင်းနိုင်သော သတ်မှတ်ချက်များအား ကျင့်သုံးမှုကို ကန့်သတ်ရန် အစိုးရအနေဖြင့် ဘာလုပ်နိုင်မည်
- လိုင်စင်ထုတ်ပေးခြင်း လုပ်ငန်းစဉ်နှင့် ဆက်နွယ်နေသည့် အဂတိလိုက်စားမှုနှင့် အကျိုးစီးပွား ပဋိပက္ခ ဖြစ်မှုဆိုင်ရာ အန္တရာယ်များနှင့် အားလုံးထံ ဖွင့်ပေးထားသော စျေးပြိုင်တင်သွင်းခြင်း၊ နိုင်ငံရေးအရ ထုတ်ဖော်မှု စည်းမျဉ်းများနှင့် နောက်ကွယ်မှ အကျိုးခံစားခွင့်ရှိသော ပိုင်ဆိုင်မှုဆိုင်ရာ ပွင့်လင်းမြင်သာမှုတို့သည် အဆိုပါ အန္တရာယ်များကို မည်သည့်အတိုင်းအတာအထိ လျှော့ပါးသက်သာစေမည်

>>>

>>>

- နောက်ကွယ်မှ အကျိုးခံစားခွင့်ရှိသော ပိုင်ဆိုင်မှုဆိုင်ရာ သတင်းအချက်အလက်များအား ကောက်ယူ စုဆောင်းခြင်း၊ မှန် မမှန် စစ်ဆေးခြင်းနှင့် ထုတ်ပြန်ခြင်းတို့နှင့်ဆက်စပ်နေသော ငွေကြေးကုန်ကျမှုများနှင့် ထိုကုန်ကျမှုများသည် ဖုံးကွယ်ထားသော ပိုင်ဆိုင်မှုနှင့် ဆက်စပ်သည့် ဆုံးရှုံးနိုင်ခြေများ (နိုင်ငံရေးအရ ထုတ်ဖော်မှု၊ အကျိုးစီးပွား ပဋိပက္ခဖြစ်မှုနှင့် ကိုယ်ကျင့်တရား မကောင်းသော နှင့်/သို့မဟုတ် အရည်အချင်း မပြည့်မီသော ကုမ္ပဏီများထံ လုပ်ငန်း လုပ်ကိုင်ခွင့် သဘောတူစာချုပ်များ ချပေးခြင်း)နှင့်ယှဉ်လျှင် မည်သို့ရှိကြောင်း
- လိုင်စင်လွှဲပြောင်းမှုနှင့် ဆက်နွယ်နေသည့် အချို့အန္တရာယ်များ (ဥပမာ – အဂတိလိုက်စားမှုနှင့် မေးခွန်းထုတ်ဖွယ်ကောင်းသော ကုမ္ပဏီအသစ်များ)
- လိုင်စင်ထုတ်ပေးခြင်း လုပ်ငန်းစဉ်နှင့်ပတ်သက်သော သတင်းအချက်အလက်များနှင့် လိုင်စင်များကို မည်သည့်အချိန်တွင် မည်သို့ ဖွင့်ဟထုတ်ဖော်လျှင် အကောင်းဆုံးဖြစ်ကြောင်းနှင့် လွတ်လပ်သော ကြီးကြပ်မှုအပေါ် သက်ရောက်မှုများ

*လုပ်ငန်းလည်ပတ်မှုများအား စောင့်ကြည့်စစ်ဆေးခြင်း* နှင့်ဆက်စပ်သည့် မူဝါဒ ရပ်တည်မှုများကို ရေးဆွဲ သတ်မှတ်သောအခါ အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရန် အထူးပင် အရေးကြီးပါသည် –

- လိုင်စင်ချပေးသည့် လုပ်ငန်းစဉ်အတွင်း နှောင့်နှေးကြန့်ကြာမှုကြောင့် ရင်းနှီးမြှုပ်နှံမှုအပေါ် အဟန့်အတားဖြစ်စေသည့် သက်ရောက်မှုများနှင့် နှိုင်းယှဉ်လျက် လုပ်ငန်းတည်ဆောက် လုပ်ကိုင်မှု အခြေအနေများကို အစိုးရက လုံလောက်စွာ စစ်ဆေးခြင်း မပြုရသေးမီ ကုမ္ပဏီက လုပ်ငန်းလည်ပတ်မှုများကို ကြိုတင်လုပ်ဆောင်ခြင်းနှင့် ဆက်နွယ်သော အန္တရာယ်များ
- သဘောတူညီထားသော လုပ်ငန်းအစီအစဉ်များအတိုင်း ဆောင်ရွက်ရန် ပျက်ကွက်သော ကုမ္ပဏီ၏ လုပ်ငန်းများကြောင့် ဖြစ်ပေါ်လာသော သက်ရောက်မှုများနှင့် သင့်လျော်မှုအရှိဆုံး အရေးယူမှု (ဥပမာ – စွန့်လွှတ်မှု သို့မဟုတ် ငွေပေးချေမှု)
- ဘူမိဗေဒနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ဖွင့်ဟထုတ်ဖော်ခြင်းတွင် ပါဝင်သည့် အချိန်နှင့် ငွေကြေးကုန်ကျမှုများ

အဆိုပါ မူဝါဒဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ထပ်မံသိရှိလိုပါက Charter Benchmarking Framework ပါ စည်းမျဉ်း ၃ နှင့် သဘာဝ သယံဇာတ အရင်းအမြစ်ဆိုင်ရာ လုပ်ပိုင်ခွင့် ချပေးခြင်းအကြောင်း NRGI လက်ကမ်းစာစောင်ကို ကိုးကားပါ။[၁၄၈]

| လမ်းညွှန်မေးခွန်းများ | လက်ရှိအခြေအနေ |
| --- | --- |
| • မည်သည့်နယ်မြေအသစ်များကို စမ်းသပ်တိုင်းတာရန် သို့မဟုတ် တူးဖော်ရန်အတွက် ဖွင့်လှစ်ပေးသင့်သည်နှင့်ပတ်သက်ပြီး ပါတီအနေဖြင့် (တရားဝင် သို့မဟုတ် တရားမဝင်၊ အများပြည်သူဆိုင်ရာ သို့မဟုတ် ပါတီတွင်း) ရပ်တည်မှုတစ်ရပ် ရှိနှင့်ပြီးသားလား။ ရှိနှင့်ပြီးသား ဆိုလျှင် ထိုရပ်တည်မှုက ဘာလဲ။ | |

၁၄၈။ သဘာဝ သယံဇာတဆိုင်ရာ လုပ်ပိုင်ခွင့်များ ချပေးခြင်း (Granting Rights to Natural Resources) လက်ကမ်းစာစောင်ကို <http://www.resourcegovernance.org/analysis-tools/publications/primer-granting-rights-natural-resources> တွင် ရယူနိုင်ပါသည်။

| | |
|---|---|
| • လိုင်စင်များအား မည်သို့ ချထားပေးသင့်သည်နှင့်ပတ်သက်ပြီး ပါတီအနေဖြင့် (တရားဝင် သို့မဟုတ် တရားမဝင်၊ အများပြည်သူဆိုင်ရာ သို့မဟုတ် ပါတီတွင်း) ရပ်တည်မှုတစ်ရပ် ရှိနှင့်ပြီးသားလား။ ရှိနှင့်ပြီးသားဆိုလျှင် ထိုရပ်တည်မှုက ဘာလဲ။ | |
| • လိုင်စင်များအား မည်သို့ စောင့်ကြည့်စစ်ဆေးသင့်သည်နှင့် ပတ်သက်၍ ပါတီအနေဖြင့် (တရားဝင် သို့မဟုတ် တရားမဝင်၊ အများပြည်သူဆိုင်ရာ သို့မဟုတ် ပါတီတွင်း) ရပ်တည်မှုတစ်ရပ် ရှိနှင့်ပြီးသားလား။ ရှိနှင့်ပြီးသားဆိုလျှင် ထိုရပ်တည်မှုက ဘာလဲ။ | |
| • ပါတီ၏ အမာခံ ထောက်ခံသူများနှင့် ၎င်း၏ အဓိက မဲဆန္ဒနယ်များအနေဖြင့် စမ်းသပ်တိုင်းတာခြင်း၊ လိုင်စင်ထုတ်ပေးခြင်းနှင့် တူးဖော်မှုလုပ်ငန်းများအား စောင့်ကြည့်စစ်ဆေးခြင်းနှင့်ပတ်သက်ပြီး မည်သို့ ထင်မြင်ယူဆသနည်း။ အများပြည်သူက မည်သို့ ထင်မြင်ယူဆသနည်း။ | |
| **လမ်းညွှန်မေးခွန်းများ** | **လက်ရှိမူဘောင်** |
| • တူးဖော်မှုနှင့် စမ်းသပ်ရှာဖွေမှု လိုင်စင်များ ထုတ်ပေးခြင်းအတွက် လက်ရှိဥပဒေနှင့် ထိန်းသိမ်းကြီးကြပ်ရေး မူဘောင်က ဘာလဲ။ ၎င်းအား တစ်သတ်မတ်တည်း အကောင်အထည် ဖော်သလား။[၁၄၉] | |
| • တူးဖော်ခွင့်ပြုရန် နယ်မြေတစ်ခုအား ဖွင့်လှစ်ပေးခြင်း မပြုမီ မည်သည့် ဆန်းစစ်မှုများ ပြုလုပ်သနည်း။ လိုင်စင်ထုတ်ပေးမှု အသုတ်တစ်သုတ် မတိုင်မီ အစိုးရက မည်သည့် သတင်းအချက်အလက်များကို ပြင်ဆင်သနည်း။ အစိုးရနှင့် သယံဇာတ ကုမ္ပဏီများ အကြား ဖြစ်ပေါ်နိုင်သော သတင်းအချက်အလက် ကွာခြားမှုများကို ဖြေရှင်းရန် အစိုးရက ဘာလုပ်သနည်း။[၁၅၀] | |
| • လိုင်စင်များ ချပေးရာတွင် အကျိုးစီးပွား ပဋိပက္ခဖြစ်မှုကို အစိုးရက လက်ရှိ မည်သို့ ကာကွယ်သနည်း။[၁၅၁] | |
| • သယံဇာတ အုပ်ချုပ်မှု အညွှန်းကိန်း၏ ယေဘုယျ ''လိုင်စင်ထုတ်ပေးခြင်း''အပိုင်းခွဲတွင် တိုင်းပြည်သည် အခြေအနေဘယ်လို ရှိသနည်း။ တိုင်းပြည်က မည်သည့် အခြေခံ စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်း ညွှန်ပြမှုများမှာ အားနည်းနေတာလဲ၊ ဘာကြောင့်လဲ။[၁၅၂] | |
| • တိုင်းပြည်သည် EITI အဖွဲ့ဝင် ဖြစ်ပါက နောက်ဆုံး EITI အစီရင်ခံစာပါ ''လုပ်ငန်းသဘောတူစာချုပ်များ နှင့် လိုင်စင်များ ထုတ်ပေးခြင်း အပါအဝင် ဥပဒေနှင့် ဌာနဆိုင်ရာ မူဘောင်'' နှင့် ''စမ်းသပ်တိုင်းတာခြင်းနှင့် ထုတ်လုပ်မှု''ဆိုင်ရာ သတ်မှတ်ချက်များနှင့်ပတ်သက်ပြီး တွေ့ရှိမှုများနှင့် အကြံပြုချက်များက ဘာတွေလဲ။[၁၅၃] | |

၁၄၉။ လက်ရှိ မူဘောင်နှင့်ပတ်သက်သော သတင်းအချက်အလက်များကို မေးခွန်းများ 1.1a-c, 1.1.1a-1.1.6c, နှင့် 1.1.10c-d အောက်ရှိ RGI data တွင် ရရှိနိုင်ပါသည်။

၁၅၀။ လက်ရှိ မူဘောင်နှင့်ပတ်သက်သော သတင်းအချက်အလက်များကို မေးခွန်း 1.1c. အောက်ရှိ RGI data တွင် ရရှိနိုင်ပါသည်။

၁၅၁။ လက်ရှိ မူဘောင်နှင့်ပတ်သက်သော သတင်းအချက်အလက်များကို မေးခွန်းများ 1.14a-1.18b. အောက်ရှိ RGI data တွင် ရရှိနိုင်ပါသည်။

၁၅၂။ အဆိုပါမေးခွန်းများအတွက် အသေးစိတ် အဖြေများကို <http://www.resourcegovernanceindex.org/about/data-and-source-documents> (အပိုင်းခွဲ ၁.၁) မှ ဒေါင်းလုတ်ဆွဲယူနိုင်သော RGI Data Explorer တွင် ကြည့်ရှုပါ။ အပိုင်းခွဲနှင့် အညွှန်းကိန်းရမှတ်များကို အမြန်ကြည့်လိုပါက <http://www.resourcegovernanceindex.org/country-profiles> တွင် Country Profile ကို ကြည့်ပါ (မိမိကြည့်လိုသော နိုင်ငံကို ရွေးချယ်ပါ၊ Full Scores အပိုင်းသို့ ဆင်းပါ၊ + ကိုနှိပ်၍ သက်ဆိုင်ရာ အမှတ်များကို တစ်ခုချင်း ကြည့်ပါ)

၁၅၃။ နိုင်ငံအလိုက် တိုးတက်မှုအခြေအနေအကြောင်း နောက်ဆုံးအစီရင်ခံစာနှင့် အခြားသတင်းအချက်အလက်များကို EITI နှင့် အင်တာနက်စာမျက်နှာ <https://eiti.org/countries> တွင် ကြည့်ပါ။

| မူဝါဒဆိုင်ရာ ရွေးချယ်နိုင်မှုများ | ရပ်တည်မှုများ |
|---|---|
| **လိုင်စင်ချပေးခြင်းမတိုင်မီ ပိုမိုပြင်ဆင်မှုရှိစေရန် အစိုးရအနေဖြင့် ဘာလုပ်သင့်သနည်း။**<br>• လိုင်စင်ချပေးခြင်း မတိုင်မီ ပြုလုပ်သော စစ်တမ်းများအား ကူညီပေးခြင်း သို့မဟုတ် ငွေကြေးပံ့ပိုးခြင်းနှင့် ဘူမိဗေဒ အချက်အလက်များကို ကုမ္ပဏီများ ရရှိနိုင်အောင် ပြုလုပ်ပေးခြင်းတို့ကို အစိုးရက လုပ်ဆောင်ပေးသင့်ပါသလား။<br>• မဟာဗျူဟာကျ သက်ရောက်မှု ဆန်းစစ်ခြင်းအား လိုင်စင်မချပေးမီ ပြုလုပ်၍ ထုတ်ပြန်သင့်ပါသလား။<br>• လိုင်စဉ်များ ချထားပေးခြင်းမပြုမီ အစိုးရအနေဖြင့် ပိုင်ဆိုင်မှုဆိုင်ရာ အခွင့်အရေးများအား မည်သို့ သတ်မှတ်သင့်သနည်း၊ ထိုအခွင့်အရေးများအား ခိုင်မာအောင် မည်သို့ ထောက်ပံ့ပေးသင့်သနည်း။<br>• လက်ရှိ သယံဇာတ စမ်းသပ်တိုင်းတာခွင့်များနှင့် တူးဖော်ခွင့်များ ပေးထားသည့် နယ်မြေများ ထပ်မသွားစေရန် သို့မဟုတ် ဆန့်ကျင်မှု မဖြစ်စေရန် လိုင်စင်များအား မည်သို့ စီစဉ်ထားရှိသင့်သနည်း။<br>• လိုင်စင်ထုတ်ပေးသည့်နှုန်းနှင့် လိုင်စင်နယ်မြေများ၏ အရွယ်အစားနှင့်ပတ်သက်ပြီး မူဝါဒ တစ်ရပ် ရှိသင့်သလား။ | နမူနာ ရပ်တည်မှု – အစိုးရအနေဖြင့် သဘာဝ သယံဇာတဆိုင်ရာ လိုင်စဉ်များ ချပေးခြင်း မပြုမီ အကျိုးအမြတ်များနှင့် ကုန်ကျမှုများကို မဖြစ်မနေ သေသေချာချာ စဉ်းစားသင့်သည်ဟု ပါတီက ယုံကြည်ပါသည်။ ထို့ကြောင့် မဟာဗျူဟာကျ သက်ရောက်မှု ဆန်းစစ်ခြင်းများကို ကြိုတင်ပြီးမြောက်အောင် ဆောင်ရွက်မှု ရှိစေရန် ကျွန်ုပ်တို့က ကတိကဝတ်ပြုပါသည်။ |
| **အစိုးရအနေဖြင့် နိုင်ငံအတွက် အကျိုးအမြတ် အများဆုံး ရှိစေရန် သယံဇာတ လုပ်ပိုင်ခွင့်များအား လုပ်ကိုင်နိုင်စွမ်းရှိပြီး ဥပဒေလိုက်နာသော ကုမ္ပဏီများထံ ချထားစေရန် ဘာလုပ်သင့်သနည်း။**<br>• လိုင်စင် လျှောက်ထားသူများအား လိုင်စင်ထုတ်ပေးမည့် အသုတ်ထဲ ဝင်ခွင့်မပြုမီ သို့မဟုတ် ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်ရန် ခွင့်မပြုမီ မည်သို့ စစ်ဆေးသင့်သနည်း။<br>• လိုင်စင်ချပေးခြင်း နည်းလမ်းတွင် အပြိုင်အဆိုင် စိတ်ဝင်စားမှု အဆင့်နှင့် အစိုးရ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ လုပ်ဆောင်နိုင်စွမ်းတို့ကို မည်သို့ ထည့်သွင်းစဉ်းစားသင့်သနည်း။<br>• ညှိနှိုင်းနိုင်သော/ဈေးပြိုင်တင်သွင်းနိုင်သော သတ်မှတ်ချက်များအား မည်သို့ ကန့်သတ်သင့်သနည်း၊ ဈေးပြိုင်တင်သွင်းမှု လုပ်ငန်းစဉ် ပြီးနောက် ထပ်မံညှိနှိုင်း ဆွေးနွေးမှုများအား မည်သို့ တားဆီးမည်နည်း။<br>• အစိုရသည် လိုင်စင်လွှဲပြောင်းမှုများအား ကနဦး လိုင်စင်ချပေးခြင်းနှင့် တူညီသော စစ်ဆေးမှု အဆင့်များ ဆောင်ရွက်သင့်ပါသလား။<br>• အစိုးရအနေဖြင့် လိုင်စင်မချပေးမီနှင့် လိုင်စင်ချပေးပြီးနောက် သတင်းအချက်အလက်များကို ဖွင့်ဟထုတ်ဖော်သင့်ပါသလား။<br>• လိုင်စင်ထုတ်ပေးခြင်း လုပ်ငန်းစဉ်အား ကြီးကြပ်မှုသည် ထိရောက်မှုရှိပြီး အကျိုးစီးပွား ပဋိပက္ခဖြစ်မှုကို ရှောင်ကြဉ်နိုင်ရန် ဘာလုပ်သင့်သနည်း။ | နမူနာ ရပ်တည်မှု – သဘာဝ သယံဇာတ လိုင်စင်ချပေးခြင်း လုပ်ငန်းစဉ်သည် နိုင်ငံအား ဖြစ်နိုင်သမျှ အကျိုးအမြတ် အများဆုံး ရရှိစေသင့်သည်ဟု ပါတီအနေဖြင့် ယုံကြည်ပါသည်။ ထို့ကြောင့် လိုင်စင်ကိုင်ဆောင်သူ အားလုံးနှင့်သက်ဆိုင်သည့် စံသတ်မှတ်ချက်များနှင့်တကွ လေလံပွဲတွင် ကုမ္ပဏီများက ဈေးပြိုင်တင်သွင်းနိုင်သော သို့မဟုတ် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်စဉ် ကမ်းလှမ်းနိုင်သော ကန့်သတ်ထားသည့် သတ်မှတ်ချက်များကို ဖော်ပြပေးသော စံနမူနာ ယူရမည့် လုပ်ငန်းသဘောတူစာချုပ် တစ်ရပ် ဖန်တီးရန် ကတိကဝတ်ပြုပါသည်။ |
| **စီမံကိန်း သံသရာလည်ပုံ စက်ဝန်းများတလျှောက်ရှိ လုပ်ငန်း လုပ်ကိုင်မှုများအား ပိုမိုကောင်းမွန်စွာ စောင့်ကြည့်စစ်ဆေးရန် အစိုးရအနေဖြင့် ဘာလုပ်သင့်သနည်း။**<br>• အစိုးရသည် မလျော်ကန်သော နှောင့်နှေးကြန့်ကြာမှု မရှိဘဲ စီမံကိန်းနှင့် ဆက်စပ်သူများအားလုံးအား သင့်လျော်စွာ ထည့်သွင်းစဉ်းစားပေးထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များအား မည်သို့ ဆန်းစစ်၍ အတည်ပြုသင့်သနည်း။ မည်သည့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ ပါဝင်သင့်သနည်း၊ ၎င်းတို့အား အရင်းအမြစ်များ ကောင်းမွန်စွာ ပံ့ပိုးထားခြင်း ရှိပါသလား။<br>• အစိုးရအနေဖြင့် စီမံကိန်းသံသရာလည်ပုံ စက်ဝန်း၏ အဆင့်တစ်ဆင့်ချင်းစီတွင် ကုမ္ပဏီများအား စောင့်ကြည့်စစ်ဆေးနိုင်စွမ်း ရှိစေရန် ဘာလုပ်သင့်သနည်း။<br>• အစိုးရသည် ဘူမိဗေဒဆိုင်ရာနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အချက်အလက်များအား မည်သို့ ကောက်ယူစုဆောင်းပြီး စီမံခန့်ခွဲသင့်သနည်း။ | နမူနာ ရပ်တည်မှု – အစိုးရသည် သဘာဝ သယံဇာတ တူးဖော်မှုကို စောင့်ကြည့်စစ်ဆေးရန် တာဝန်နှင့် ဆောင်ရွက်နိုင်စွမ်း မဖြစ်မနေ ရှိရမည်ဟု ပါတီက ယုံကြည်ပါသည်။ ထို့ကြောင့် တူးဖော်ထုတ်လုပ်ခြင်း မပြုမီနှင့် တူးဖော်ထုတ်လုပ်နေစဉ် ကုမ္ပဏီများ၏ လုပ်ငန်း အစီအစဉ်များ အားလုံးအား သတ္တုတွင်းဝန်ကြီးဌာနက စနစ်တကျ စစ်ဆေး လေ့လာစေရန် ကတိကဝတ်ပြုပါသည်။ |

## လေ့ကျင့်ခန်းစာရွက် (ဆ)
## ၄။ အခွန်ကောက်ခံခြင်းနှင့် ကုမ္ပဏီများမှ အခြားပေးဆောင်မှုများ

**နောက်ခံအကြောင်းအရာ** – သယံဇာတ တူးဖော်မှုသည် နိုင်ငံတစ်နိုင်ငံ၏ အရေးပါသော ဝင်ငွေရရှိမှု နည်းလမ်း ဖြစ်နိုင်သော်လည်း အစိုးရအနေဖြင့် ယုံကြည်ရသော ကုမ္ပဏီများအား မောင်းမထုတ်ဘဲ ဝင်ငွေကို အများဆုံး တိုးပွားအောင် မည်သို့ ဆောင်ရွက်ရမည်ကို အလေးအနက်ထား စဉ်းစားသင့်ပါသည်။ ဤသို့သော ဟန်ချက်ညီမှု ရှိရန် ခက်ခဲပြီး အစိုးရအနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်ရန် လိုအပ်ပါသည် –

၁။ အရမ်း မမြင့်လွန်း၊ မနိမ့်လွန်းဘဲ တူးဖော်ရေးလုပ်ငန်းများ၏ ဆုံးရှုံးနိုင်ခြေနှင့် အကျိုးအမြတ် ပြန်လည်ရရှိမှု တခုလုံးအတွက် သင့်လျော်သော အချိုး သတ်မှတ်ပေးနိုင်သည့် အခွန်အခများ ကောက်ခံမှုဆိုင်ရာ သတ်မှတ်ချက်များ သတ်မှတ်ပါ။

၂။ ရင်းနှီးမြှုပ်နှံသူများအတွက် လုံလောက်သော အာမခံမှု ပေးနိုင်သော်လည်း ကြီးမားသော စီးပွားရေး အပြောင်းအလဲများ ရှိပါက အစိုးရ၏ တုံ့ပြန်ဆောင်ရွက်နိုင်မှုအပေါ် အဟန့်အတား ဖြစ်စေလောက်အောက် ပြင်ဆင်ရခက်ခဲမှု မရှိသော ဥပဒေမူဘောင်တစ်ရပ် ဖန်တီးပါ။

၃။ အဏာပိုင်များသည် အခွန်အခများ ကောက်ခံမှုဆိုင်ရာ သတ်မှတ်ချက်များအတိုင်း ဝင်ငွေကို အပြည့်အဝ ကောက်ခံရရှိရန် သေချာအောင် လုပ်ပါ။ ကောက်ခံရန် ရိုးရှင်းလွယ်ကူသော အခွန်အခများ ကောက်ခံမှုဆိုင်ရာ မူဘောင် (Fiscal Framework) သတ်မှတ်ခြင်းဖြင့် ဝင်ငွေကောက်ခံရရှိမှုကို တိုးတက်စေနိုင်ပါသည်။

၄။ အစိုးရ အရာရှိများသည် အထက်ပါအချက် အားလုံးနှင့်ပတ်သက်၍ တာဝန်ခံမှုရှိရန် သေချာအောင် လုပ်ပါ။

နိုင်ငံရေးပါတီ များစွာသည် အခွန်အခများ ကောက်ခံမှုဆိုင်ရာ မူဘောင်များ သတ်မှတ်ခြင်းနှင့် အဆိုပါမူဘောင်များအား တစ်သတ်မတ်ထဲ ကျင့်သုံးခြင်း ရှိ မရှိ ကို စောင့်ကြည့်စစ်ဆေးခြင်းတွင် ပါဝင်ခဲ့ကြပါသည်။ တောင်အာဖရိကနိုင်ငံတွင် စီးပွားရေး လွတ်လပ်မှုအတွက် တိုက်ပွဲဝင်သူများ (Economic Freedom Fighters) ပါတီအား တည်ထောင်ခဲ့ရသည့် အကြောင်းအရင်းမှာ သယံဇာတ တူးဖော်မှုမှ ရရှိသော အစိုးရ၏ ဝင်ငွေကို တူးဖော်ရေး စီမံကိန်းများတွင် ပါဝင်သည့် ကုမ္ပဏီ အမျိုးအစားထက် မည်သည့် အတိုင်းအတာအထိ ပို၍ ဦးစားပေးသင့်သည်နှင့်ပတ်သက်ပြီး အာဏာရ အာဖရိကန် အမျိုးသားကွန်ဂရက် (African National Congress) ပါတီအတွင်း ငြင်းခုံမှုကြောင့်လည်း တစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။[၁၅၄] ပီရူးနိုင်ငံတွင် သယံဇာတ တူးဖော်မှုဆိုင်ရာ သတ်မှတ်ချက်များသည် နိုင်ငံအတွက် အကျိုးရှိ မရှိ ဟူသော မေးခွန်းများသည် နိုင်ငံတော်သမ္မတ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုတွင် အဓိကထား ဆွေးနွေးလာခဲ့ကြပါသည်။[၁၅၅]

နိုင်ငံရေးပါတီ၏ ရပ်တည်မှုများ ပေါ်ပေါက်လာရခြင်းသည် ပုံမှန်အားဖြင့် အချို့သော အငြင်းပွားဖွယ်ရာ လုပ်ကိုင်ခွင့် ချထားပေးခြင်းများကြောင့် ဖြစ်လေ့ရှိသော်လည်း သယံဇာတ တူးဖော်မှု စီမံကိန်းအားလုံးအတွက် အသုံးပြုနိုင်အောင်လည်း ရေးဆွဲနိုင်ပါသည်။ ဝင်ငွေများ အမှန်တကယ် ကောက်ခံရရှိမှုနှင့်ပတ်သက်သည့် မေးခွန်းများကို မကြာခဏ သတိမမူမိသော်လည်း ထိုမေးခွန်းများသည် နိုင်ငံအား အလားအလာရှိသော အကျိုးအမြတ်များကို အပြည့်အဝ ရရှိစေရန်အတွက် အလွန်ပင် တန်ဖိုးရှိပါသည်။ ထိုသို့ အကျိုးအမြတ်များကို အပြည့်အဝ ရရှိရန် ပုံမှန်အားဖြင့် စာရင်းစစ်ဌာနချုပ်၊ အခွန်အာဏာပိုင်၏ ပြည်တွင်းစာရင်းစစ်ရုံးများ၊ အခွန်ထမ်း ခုံရုံးများနှင့် လွှတ်တော် စသော ကြီးကြပ်ရေးဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ ပါဝင်မှု လိုအပ်ပါသည်။

---

၁၅၄။ အခန်း ၂ တွင် တောင်အာဖရိကနိုင်ငံအကြောင်း လေ့လာမှုကို ကြည့်ပါ။

၁၅၅။ အခန်း ၂ တွင် ပီရူးနိုင်ငံအကြောင်း လေ့လာမှုကို ကြည့်ပါ။

### ကုန်ကျမှုများနှင့် ရရှိသောအကျိုးအတွက် ပေးဆပ်ရမှုများ

*အခွန်အခများ ကောက်ခံမှုဆိုင်ရာ ယေဘုယျ မူဘောင်နှင့်ပတ်သက်သော မူဝါဒရပ်တည်မှုများ ရေးဆွဲသတ်မှတ်သောအခါ အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရန် အထူးပင် အရေးကြီးပါသည် –*

- အရည်အသွေးမြင့်ပြီး လုပ်ကိုင်နိုင်စွမ်းရှိသော ရင်းနှီးမြှုပ်နှံသူများအား ဆွဲဆောင်ခြင်းနှင့် နိုင်ငံအနေဖြင့် စီမံကိန်းများ၏ သက်တမ်းတစ်လျှောက် သယံဇာတ တူးဖော်မှုမှ အကျိုးအမြတ် အများဆုံး ရရှိစေခြင်းအကြား ဟန်ချက်ညီအောင် ချိန်ဆခြင်း
- ရေတိုတွင် ဝင်ငွေများ ရှာဖွေခြင်းနှင့် စီမံကိန်းများ၏ သက်တမ်းတစ်လျှောက် ညီမျှစွာ ဝင်ငွေရှာဖွေခြင်းအကြား ဟန်ချက်ညီအောင် ချိန်ဆခြင်း
- စျေးနှုန်းများမြင့်မားချိန်တွင် အကျိုးအမြတ်များစွာ ရရှိခြင်းနှင့် မတူညီသော စျေးနှုန်းများနှင့် အကျိုးအမြတ် တစ်သတ်မတ်တည်း ရရှိခြင်းအကြား ဟန်ချက်ညီအောင်ချိန်ဆခြင်း
- သယံဇာတ ကုမ္ပဏီများတွင် ရှယ်ယာပိုင်ဆိုင်သော ကုမ္ပဏီများ၏ အကျိုးအမြတ်နှင့် ကုန်ကျမှုများ၊ ဥပမာ ရှယ်ယာပါဝင်မှုသည် ကုမ္ပဏီက အမြတ်ဝေစု ထုတ်ပေးသောအခါ နိုင်ငံတော်အား အကျိုးအမြတ် ရရှိစေပြီး ဘုတ်အဖွဲ့တွင်လည်း နေရာရနိုင်သော်လည်း အမြတ်ဝေစုများကို ပုံမှန်အားဖြင့် (ပေးခဲ့လျှင်တောင်မှ) အမြတ်ခွန် ပေးဆောင်မှုများထက် နောက်ကျ၍ ထုတ်ပေးလေ့ရှိပြီး ရှယ်ယာပါဝင်မှုကြောင့် မြင့်မားသော ငွေကြေးအရ ကုန်ကျမှုများ ရှိလာနိုင်ပါသည်
- အစိုးရအနေဖြင့် အရည်အသွေးမြင့် ရင်းနှီးမြှုပ်နှံသူများအား ဆွဲဆောင်ခြင်းမရှိသည့် အခြေအနေများတွင် အစိုးရအတွက် သင့်လျော်သော အကျိုးအမြတ် ဆက်လက်ရရှိစေလျက် မူဘောင်၏ မည်သည့်အစိတ်အပိုင်းများ (ဥပမာ – ခိုင်ကြေးများ၊ ကုန်ကျမှုအပေါ် အကန့်အသတ်များ၊ ပြောင်းလဲနိုင်သည့် နှုန်းထားရှိသော အခွန်၊ ကုမ္ပဏီ ဝင်ငွေခွန်နှင့် မက်လုံးများ)အား ပြောင်းလဲနိုင်မည်

*အခွန်အခများ ကောက်ခံမှုဆိုင်ရာ သတ်မှတ်ချက်များအတွက် ဥပဒေမူဘောင်နှင့်ပတ်သက်သော မူဝါဒ ရပ်တည်မှုများ ရေးဆွဲသတ်မှတ်သောအခါ အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရန် အထူးပင် အရေးကြီးပါသည် –*

- ရင်းနှီးမြှုပ်နှံသူ၏ စိုးရိမ်မှုများကို သက်သာစေရန် လုပ်ငန်းသဘောတူစာချုပ်များတွင် အခွန်ဘဏ္ဍာငွေဆိုင်ရာ ခိုင်မာမှုအတွက် အာမခံချက်ပေးခြင်း အပိုဒ်များ ထည့်သွင်းရန် ခိုင်လုံသော အကြောင်းအရင်း ရှိ မရှိ သို့မဟုတ် လိုအပ်သော ကိုက်ညှိမှုများလည်း လုပ်ဆောင်နိုင်လျက် ခိုင်မာမှုပေးခြင်းအတွက် ပိုမိုကောင်းမွန်သည့် အခွန်အခများ ကောက်ခံမှုဆိုင်ရာ ယန္တရားများ ရှိ မရှိ (ဥပမာ – တဖြည်းဖြည်း တိုးမြင့်လာသော အခွန်စနစ်)
- အခွန်ဘဏ္ဍာငွေဆိုင်ရာ ခိုင်မာမှုအတွက် အာမခံချက်ပေးခြင်း အပိုဒ်များက အစိုးရ၏ လုပ်ဆောင်မှုအား ကုန်ပစ္စည်းစျေးနှုန်းများနှင့် အမြတ်အစွန်း ရရှိမှုတို့အပေါ် သက်တမ်း အရေအတွက်အားဖြင့်ရော အချိန်ကာလ အားဖြင့်ပါ မည်သည့် အတိုင်းအတာအထိ စည်းနှောင်မှု ရှိနိုင်မည်

*အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် ကြီးကြပ်မှုနှင့်ပတ်သက်သော မူဝါဒ ရပ်တည်မှုများ ရေးဆွဲသတ်မှတ်သောအခါ အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရန် အထူးပင် အရေးကြီးပါသည်* –

>>>

>>>

- အခွန်ရှောင်ခြင်းနှင့် အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် ကောက်ခံမှုတွင် အဂတိလိုက်စားမှုကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှုများနှင့် နှိုင်းယှဉ်လျက် အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် အခြား တရားဝင် ကြီးကြပ်မှုဌာန အဖွဲ့အစည်းများအား ပိုမိုအားကောင်းအောင် ဆောင်ရွက်ခြင်း (ဥပမာ – ၎င်းတို့အား ကုမ္ပဏီများ၏ ကုန်ကျမှုများနှင့် ပေးချေမှု အားလုံးကို လုံလောက်စွာ ခြေရာခံနိုင်စေခြင်း)၏ အချိန်နှင့် ငွေကြေးကုန်ကျမှုများ

အဆိုပါ မူဝါဒ ကိစ္စရပ်များနှင့်ပတ်သက်ပြီး ထပ်မံသိရှိလိုပါက Benchmarking Framework ၏ စည်းမျဉ်း ၄ နှင့် အခွန်အခများ ကောက်ခံသည့်စနစ် ဒီဇိုင်းနှင့် အခွန်ရှောင်လို၍ လက်အောက်ကုမ္ပဏီ တစ်ခုအား ဈေးလျှော့ပြ၍ လွှဲပြောင်းခြင်း (Transfer Pricing) အကြောင်း NRGI လက်ကမ်းစာစောင်များကို ကိုးကားပါ။[၁၅၆]

| လမ်းညွှန်မေးခွန်းများ | လက်ရှိအခြေအနေ |
|---|---|
| • သယံဇာတ ကဏ္ဍအတွက် အခွန်အခများ ကောက်ခံသည့် စနစ်သည် မည်သို့ ရှိသင့်သည်နှင့်ပတ်သက်၍ ပါတီအနေဖြင့် (တရားဝင် သို့မဟုတ် တရားမဝင်၊ အများပြည်သူဆိုင်ရာ သို့မဟုတ် ပါတီတွင်း) ရပ်တည်မှုတစ်ရပ် ရှိနှင့်ပြီးသားလား။ ရှိနှင့်ပြီးသားဆိုလျှင် ထိုရပ်တည်မှုက ဘာလဲ။ | |
| • ပါတီ၏ အမာခံ ထောက်ခံသူများနှင့် ၎င်း၏ အဓိက မဲဆန္ဒနယ်များအနေဖြင့် သယံဇာတ ကဏ္ဍ အခွန်ကောက်ခံခြင်းနှင့် ကုမ္ပဏီများမှ အခြား ပေးဆောင်မှုများနှင့်ပတ်သက်ပြီး မည်သို့ ထင်မြင်ယူဆသနည်း။ အများပြည်သူက မည်သို့ ထင်မြင်ယူဆသနည်း။ | |
| **လမ်းညွှန်မေးခွန်းများ** | **လက်ရှိမူဘောင်** |
| • သယံဇာတ တူးဖော်မှုအတွက် လက်ရှိ အခွန်အခများ ကောက်ခံသည့်စနစ်က ဘာလဲ။ ၎င်းအား လုံလောက်စွာ အကောင်အထည်ဖော်ခြင်း ရှိပါသလား။[၁၅၇] | |
| • လက်ရှိ အခွန်အခများ ကောက်ခံမှုဆိုင်ရာ သတ်မှတ်ချက်များသည် နိုင်ငံသားများအတွက် တာဝန်ခံမှု၊ ရင်းနှီးမြှုပ်နှံသူများအတွက် ခိုင်မာမှု နှင့် ပြောင်းလဲသော အခြေအနေများအတွက် ပြင်လွယ်ပြောင်းလွယ်မှု ပေးပါသလား။ | |
| • အစိုးရ အာဏာပိုင်များသည် အခွန်များနှင့် နိုင်ငံတော်သို့ အခြား ပေးဆောင်မှုများကို အပြည့်အဝ ကောက်ခံနိုင်ကြပါသလား။ ကုမ္ပဏီများ၏ ပေးဆောင်မှုများကို သတ်မှတ်ကောက်ခံရာတွင် ၎င်းတို့သည် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု ရှိကြပါသလား။[၁၅၈] | |

၁၅၆။ အခွန်အခများ ကောက်ခံသည့် စနစ်ဒီဇိုင်း (Fiscal Regime Design) လက်ကမ်းစာစောင်ကို <http://www.resourcegovernance.org/analysis-tools/publications/primer-fiscal-regime-design> ရရှိနိုင်ပြီး အခွန်ရှောင်လို၍ လက်အောက်ကုမ္ပဏီတစ်ခုအား ဈေးလျှော့ပြ၍ လွှဲပြောင်းခြင်း (Transfer Pricing) လက်ကမ်းစာစောင်ကို <https://resourcegovernance.org/analysis-tools/publications/primer-transfer-pricing-0> တွင် ရရှိနိုင်ပါသည်။

၁၅၇။ လက်ရှိမူဘောင်အကြောင်း သတင်းအချက်အလက်ကို မေးခွန်းများ 1.2a နှင့် 1.2.5f. အောက်ရှိ RGI data တွင် ရရှိနိုင်ပါသည်။

၁၅၈။ လက်ရှိမူဘောင်အကြောင်း သတင်းအချက်အလက်ကို မေးခွန်းများ 1.2.5a-e. အောက်ရှိ RGI data တွင် ရရှိနိုင်ပါသည်။

<table>
<tr><td>• သယံဇာတ အုပ်ချုပ်မှု အညွှန်းကိန်း၏ ''အခွန်ကောက်ခံခြင်း'' အပိုင်းခွဲတွင် တိုင်းပြည်သည် အခြေအနေ ဘယ်လိုရှိသနည်း။ တိုင်းပြည်က မည်သည့် အခြေခံ စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်း ညွှန်ပြမှုများမှာ အားနည်းနေတာလဲ၊ ဘာကြောင့်လဲ။[၁၅၉]</td><td></td></tr>
<tr><td>• တိုင်းပြည်သည် EITI အဖွဲ့ဝင် ဖြစ်ပါက နောက်ဆုံး EITI အစီရင်ခံစာပါ ''ဥပဒေ မူဘောင်နှင့် အခွန်အခများ ကောက်ခံသည့်စနစ်'' နှင့် ''ဝင်ငွေကောက်ခံရရှိခြင်း''ဆိုင်ရာ သတ်မှတ်ချက်များနှင့်ပတ်သက်ပြီး တွေ့ရှိမှုများနှင့် အကြံပြုချက်များက ဘာတွေလဲ။[၁၆၀]</td><td></td></tr>
<tr><th>မူဝါဒဆိုင်ရာ ရွေးချယ်နိုင်မှုများ</th><th>ရပ်တည်မှုများ</th></tr>
<tr><td>အခွန်အခများ ကောက်ခံမှုစနစ်သည် အစိုးရအတွက် သင့်လျော်သော အကျိုးအမြတ် ရရှိစေပြီး တစ်ချိန်တည်းမှာပင် လုံလောက်သော ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်နိုင်ရန် အစိုးရအနေဖြင့် ဘာလုပ်သင့်သနည်း။<br>• အစိုးရ အရာရှိများအနေဖြင့် အခွန်အခများ ကောက်ခံသည့် စနစ်များအား ထိရောက်စွာ ဆန်းစစ်ပြီး ဒီဖိုင်းရေးဆွဲရန် ကျွမ်းကျင်မှုနှင့် သတင်းအချက်အလက် ရှိစေရန် ဘာလုပ်သင့်သနည်း။<br>• အစိုးရအနေဖြင့် ကုန်ကျမှုများသော သို့မဟုတ် မဖြစ်မနေ လိုအပ်ခြင်း မရှိသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မက်လုံးများ အသုံးပြုခြင်းကို မည်သို့ ရှောင်ကြဉ်သင့်သနည်း။<br>• တိုင်းပြည်အနေဖြင့် အမြတ်အစွန်း ရရှိမှု အပြောင်းအလဲများ မည်သို့ ရှိစေကာမူ အချို့သော ပေးဆောင်မှုများ ရှိစေရန် အခွန်အခများ ကောက်ခံသည့်စနစ်တွင် စုစုပေါင်းရောင်းရတန်ဖိုး (Gross Sales)အပေါ် အခွန်ကောက်ခံခြင်း ဆိုလိုသည်မှာ ခိုင်ကြေး သို့မဟုတ် အလားတူ အခွန် တစ်ရပ်ရပ် ထည့်သွင်းသင့်သလား။<br>• အခွန်အခများ ကောက်ခံသည့်စနစ်တွင် အမြတ်အစွန်းများအပေါ် အတိအလင်း ပစ်မှတ်ထားသည့် ပြောင်းလဲနိုင်သော နှုန်းထားရှိသည့် အခွန်အား ထည့်သွင်းသင့်သလား။<br>• သယံဇာတ တူးဖော်မှု ကဏ္ဍများအတွက် အခွန်အခများ ကောက်ခံသည့်စနစ်တွင် တိုင်းပြည်၌ ယေဘုယျအားဖြင့် အကျုံးဝင်သည့် ကုမ္ပဏီဝင်ငွေခွန် ပါဝင်သင့်သလား။<br>• နိုင်ငံတော်က သယံဇာတ ကုမ္ပဏီများတွင် ရှယ်ယာပိုင်ဆိုင်သင့်သလား။ ပိုင်ဆိုင်သင့်ပါက အဆိုပါ ရှယ်ယာမှ ရရှိမည်ဟု မျှော်မှန်းထားသော အခွန်အခများမှ ရရှိသော၊ အခွန်အခများမှ ရရှိခြင်းမဟုတ်သော အကျိုးအမြတ်များသည် ထိုရှယ်ယာ ပါဝင်ရခြင်း၏ ကုန်ကျမှုထက် များစေရန် အစိုးရအနေဖြင့် မည်သို့ သေချာအောင် လုပ်ဆောင်နိုင်မည်နည်း။</td><td>နမူနာ ရပ်တည်မှုများ – နိုင်ငံတော်သည် သင့်လျော်သော အကျိုးအမြတ် ရရှိခြင်းနှင့် ကောင်းမွန်သော ရင်းနှီးမြှုပ်နှံသူများအား ဆွဲဆောင်ခြင်းအကြား ဟန်ချက်ညီစေသည့် အခွန်အခများ ကောက်ခံသည့်စနစ် တစ်ရပ် သတ်မှတ်ရန် မဖြစ်မနေ လိုအပ်သည်ဟု ပါတီက ယုံကြည်ပါသည်။ ထို့ကြောင့် လက်ရှိ အခွန်အခများ ကောက်ခံသည့်စနစ်အား ပြန်လည်သုံးသပ်ရန်နှင့် သယံဇာတ ကဏ္ဍ အမြတ်အစွန်းများအပေါ် ပြောင်းလဲနိုင်သည့် နှုန်းထားများရှိသော အခွန် သတ်မှတ်ခြင်း၏ သင့်လျော်မှုကို စဉ်းစားရန် ကျွန်ုပ်တို့က ကတိကဝတ်ပြုပါသည်။</td></tr>
</table>

၁၅၉။ အဆိုပါမေးခွန်းများအတွက် အသေးစိတ် အဖြေများကို <http://www.resourcegovernanceindex.org/about/data-and-source-documents> (အပိုင်းခွဲ ၁.၂) မှ ဒေါင်းလုတ်ဆွဲယူနိုင်သော RGI Data Explorer တွင် ကြည့်ရှုပါ။ အပိုင်းခွဲနှင့် အညွှန်းကိန်း ရမှတ်များကို အမြန်ကြည့်လိုပါက <http://www.resourcegovernanceindex.org/country-profiles> တွင် Country Profile ကိုကြည့်ပါ (မိမိကြည့်လိုသော နိုင်ငံကို ရွေးချယ်ပါ၊ Full Scores အပိုင်းသို့ ဆင်းပါ၊ + ကိုနှိပ်၍ သက်ဆိုင်ရာ အမှတ်များကို တစ်ခုချင်း ကြည့်ပါ)။

၁၆၀။ နိုင်ငံအလိုက် တိုးတက်မှုအခြေအနေအကြောင်း နောက်ဆုံးအစီရင်ခံစာနှင့် အခြားသတင်းအချက်အလက်များကို EITI နှင့် အင်တာနက်စာမျက်နှာ <https://eiti.org/countries> တွင်ကြည့်ပါ။

| | |
|---|---|
| **အခွန်အခများ ကောက်ခံမှုဆိုင်ရာ သတ်မှတ်ချက်များ၏ ဥပဒေမူဘောင်တွင် နိုင်ငံသားများအပေါ် လုံလောက်သော တာဝန်ခံမှု၊ ရင်းနှီးမြှုပ်နှံသူများအတွက် ခိုင်မာမှုနှင့် ပြောင်းလဲသော အခြေအနေများအတွက် ပြင်လွယ် ပြောင်းလွယ်မှု ပေးနိုင်စေရန် အစိုးရအနေဖြင့် ဘာလုပ်သင့်ပါသနည်း။**<br>• အစိုးရအနေဖြင့် ဈေးပြိုင်တင်သွင်းခြင်း သို့မဟုတ် ဆွေးနွေးညှိနှိုင်းခြင်းဆိုင်ရာ သတ်မှတ်ချက်များအတွက် အနည်းဆုံး အရည်အတွက်နှင့် သတ်မှတ်နယ်ပယ်ဖြင့် အခွန်အခများ ကောက်ခံမှုဆိုင်ရာ သတ်မှတ်ချက်များ အားလုံးကို ဥပဒေ သို့မဟုတ် စံနမူနာ ယူရမည့် လုပ်ငန်းသဘောတူ စာချုပ်များတွင် သတ်မှတ်သင့်ပါသလား။<br>• သယံဇာတတူးဖော်မှု စီမံကိန်းအပေါ် လွှမ်းမိုးသော ဥပဒေဆိုင်ရာ သတ်မှတ်ချက်များအား ခိုင်မာစေသော ဥပဒေအပိုဒ်များအား ခွင့်ပြုပေးသင့်သလား။ ခွင့်ပြုပေးသင့်ပါက အဆိုပါ အပိုဒ်များသည် အချို့သော အခွန်အခများ ကောက်ခံမှုဆိုင်ရာ သတ်မှတ်ချက်များနှင့်သာ သက်ဆိုင်ပြီး ခိုင်မာမှုအတွက် အာမခံချက် ပေးခြင်းကို အချိန်ကာလအားဖြင့်လည်း ကန့်သတ်ထားရန် ဘာလုပ်သင့်သနည်း။ | နမူနာ ရပ်တည်မှု – သဘာဝ သယံဇာတ ကဏ္ဍအတွက် အခွန်အခများ ကောက်ခံသည့် စနစ်အား ဥပဒေတွင် ထည့်သွင်း ပြဋ္ဌာန်းသင့်သည်ဟု ပါတီက ယုံကြည်ပါသည်။ ထို့ကြောင့် ဥပဒေတွင် အခွန်အခများ ကောက်ခံမှုဆိုင်ရာ သတ်မှတ်ချက်များ များနိုင်သမျှ များအောင် ထည့်သွင်းသတ်မှတ်ရန်နှင့် ဥပဒေတွင် လူထုအပေါ် တာဝန်ခံမှုအတွက် လိုအပ်သော အာမခံချက်များလည်း ပါဝင်စေရန် ကျွန်ုပ်တို့က ကတိကဝတ်ပြုပါသည်။ |
| **အစိုးရ အာဏာပိုင်များသည် အခွန်များနှင့် နိုင်ငံတော်သို့ အခြား ပေးဆောင်မှုများကို အပြည့်အဝ ကောက်ခံနိုင်စေရန် အစိုးရအနေဖြင့် ဘာလုပ်သင့်သနည်း။**<br>• အခွန်စီမံအုပ်ချုပ်သူများသည် အရည်အချင်းပြည့်ဝပြီး အရင်းအမြစ် ကောင်းစွာ ရှိစေရန် ဘာလုပ်ရန် လိုအပ်သနည်း။<br>• အခွန် စီမံအုပ်ချုပ်မှု လုပ်ထုံးလုပ်နည်းများကို ရိုးရှင်းစေရန်နှင့် သဟဇာတ ဖြစ်စေရန် ဘာလုပ်ရန် လိုအပ်သနည်း။<br>• အခွန်ကောက်ခံသည့် အဖွဲ့အစည်း အရေအတွက် ပို၍နည်းပြီး အခွန်စီမံအုပ်ချုပ်မှုဆိုင်ရာ အစိုးရ အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်မှု ပို၍ ကောင်းသင့်သလား။<br>• အစိုးရအနေဖြင့် အခွန်စနစ်အား ပိုမိုရိုးရှင်းအောင် ပြုလုပ်သင့်သလား (ဥပမာ – အခွန်အမျိုးအစားများ အရေအတွက်ကို လျှော့ချခြင်း)။<br>• အခွန်ရှောင်ခြင်း အလေ့အထကို ကန့်သတ်ရန် ပြဋ္ဌာန်းချက် အသစ်များကို အခွန်အခများ ကောက်ခံသည့် စနစ်တွင် ထည့်သွင်းသင့်သလား။ | နမူနာ ရပ်တည်မှု – သဘာဝ သယံဇာတကဏ္ဍတွင် အခွန်ရှောင်ခြင်းအား တိုက်ဖျက်ခြင်းသည် တိုင်းပြည်အတွက် ဦးစားပေးကိစ္စရပ် ဖြစ်သင့်သည်ဟု ပါတီက ယုံကြည်ပါသည်။ ထို့ကြောင့် အခွန်ကောက်ခံမှု အခြေခံအား ရိုးရှင်းစေရန်နှင့် ခိုင်မာသော အလွဲသုံးစား တိုက်ဖျက်မှု ဥပဒေ ပြဋ္ဌာန်းရန် ကျွန်ုပ်တို့က ကတိကဝတ် ပြုပါသည်။ |
| **အခွန်များနှင့် ကုမ္ပဏီများမှ အခြားပေးဆောင်မှုများ သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်းတွင် တာဝန်ခံမှု ရှိစေရန် အစိုးရအနေဖြင့် ဘာလုပ်သင့်သနည်း။**<br>• အစိုးရ အဖွဲ့အစည်းများအနေဖြင့် အခွန်အခများ ကောက်ခံသည့်စနစ်အား ပိုမိုထိရောက်စွာ ကြီးကြပ်စေရန် ဘာလုပ်သင့်သနည်း။<br>• ကြီးကြပ်မှုအတွက် လိုအပ်သော သတင်းအချက်အလက် ရရှိစေရန် အစိုးရအနေဖြင့် မည်သည့် အခွန်အခများ ကောက်ခံမှုဆိုင်ရာ သတ်မှတ်ချက်များနှင့် ကုမ္ပဏီ အချက်အလက်များကို ဖွင့်ဟထုတ်ဖော်သင့်သနည်း။<br>• အခွန်အခများ ကောက်ခံသည့်စနစ်အား ပြုပြင်ပြောင်းလဲခြင်း မပြုမီ အစိုးရအနေဖြင့် စီးပွားရေးလုပ်ငန်းများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် မည်သို့ တိုင်ပင်ဆွေးနွေးသင့်သနည်း။ | နမူနာ ရပ်တည်မှု – သဘာဝ သယံဇာတ ဆိုင်ရာ အခွန်ဘဏ္ဍာငွေ အုပ်ချုပ်မှု (Fiscal Governance) တွင် အစိုးရသည် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု ရှိသင့်သည်ဟု ပါတီက ယုံကြည်ပါသည်။ ထို့ကြောင့် အခွန် မူဝါဒအတွက် သတင်းအချက်အလက် ပေးနိုင်မည့် ပိုမိုနက်နဲသော အသိအမြင် ဗဟုသုတ ရရှိစေရန် ကုန်သည် အသင်းများနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများ အပါအဝင် မတူညီသော စီမံကိန်းနှင့် ဆက်စပ်သူများနှင့် တိုင်ပင်ဆွေးနွေးပွဲများ ကျင်းပရန် ကျွန်ုပ်တို့က ကတိကဝတ် ပြုပါသည်။ |

## လေ့ကျင့်ခန်းစာရွက် (ဆ)
## ၅။ ဒေသန္တရအပေါ် သက်ရောက်မှုများ

**နောက်ခံအကြောင်းအရာ** – သယံဇာတ ထုတ်လုပ်သော နိုင်ငံတစ်နိုင်ငံတွင် သယံဇာတ စီမံကိန်းများ၏ ကုန်ကျမှုများနှင့် အကျိုးကျေးဇူးများကို ပြည်သူအားလုံးက တန်းတူညီမျှ မခံစားရပါ။ အဓိကအားဖြင့် သယံဇာတ ဝင်ငွေများ၊ အလုပ်အကိုင် ဖန်တီးပေးမှုနှင့် စီးပွားရေး အချိတ်အဆက်များမှ ရရှိသည့် သယံဇာတ စီမံကိန်းများ၏ အကျိုးကျေးဇူးများကို တစ်နိုင်ငံလုံးက ခံစားကြရသော်လည်း သယံဇာတ တူးဖော်ထုတ်လုပ်မှုကြောင့် ဖြစ်ပေါ်လာသော လူမှုပတ်ဝန်းကျင်ဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကုန်ကျမှုများသည် ပုံမှန်အားဖြင့် စီမံကိန်းလုပ်ကွက် အနီးအနားတွင် တည်ရှိသော သက်ရောက်မှု ခံစားရသည့် လူ့အသိုက်အဝန်းများကြားတွင် အဓိက ဖြစ်ပေါ်လေ့ရှိပါသည်။

လုပ်ငန်းလည်ပတ်မှုများကို ကောင်းမွန်စွာ စီမံခန့်ခွဲခြင်း မရှိပါက သယံဇာတတူးဖော်မှုသည် ပြန်ပြောင်းပြင်ဆင်၍ မရသော ပတ်ဝန်းကျင်ထိခိုက်မှုနှင့် မျှော်မှန်းချက်များ မပြည့်မီမှု ဖြစ်ပေါ်လာနိုင်ပြီး ဒေသတွင်း မကျေနပ်ချက်များနှင့် ပဋိပက္ခများလည်း ဖြစ်ပေါ်လာစေနိုင်ပါသည်။ ထို့ကြောင့် အစိုးရ မူဝါဒတွင် သက်ရောက်မှု ခံစားရသော လူထုများအား သယံဇာတ တူးဖော်မှု၏ ဆိုးရွားသော သက်ရောက်မှုများမှ အကာအကွယ်ပေးရန်နှင့် တစ်ချိန်တည်းမှာပင် ၎င်းတို့အား အကျိုးကျေးဇူးများ ရရှိ ခံစားနိုင်အောင် အကူအညီပေးရန်လည်း ရှေးရှုသင့်ပါသည်။ ကမ္ဘာတစ်ဝှမ်းတွင် မူဝါဒနှင့် အကောင်အထည်ဖော်မှုအကြား အကြီးမားဆုံး ကွာဟချက်မှာ ဒေသန္တရ သက်ရောက်မှုနှင့် ဒေသန္တရ အစိုးရအဖွဲ့များအား ဝင်ငွေခွဲဝေခြင်း နယ်ပယ်များတွင် ဖြစ်ကြောင်း RGI က ပြသခဲ့ပါသည်။

ဒေသန္တရအပေါ် သက်ရောက်မှုများအား နိုင်ငံတော် အကျိုးကျေးဇူးများနှင့် မည်သို့ အကောင်းဆုံး ချိန်ဆသင့်သည်နှင့်ပတ်သက်ပြီး ကောင်းမွန်သော အများပြည်သူဆိုင်ရာ ငြင်းခုံဆွေးနွေးမှု ရှိအောင် သေချာစေရာတွင် နိုင်ငံရေးပါတီများက အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နိုင်ပါသည်။ နိုင်ငံရေး ငြင်းခုံဆွေးနွေးမှု ကန့်သတ်ထားသည်ဟု အများက သိထားကြသော မလေးရှားနိုင်ငံတွင် သယံဇာတ ကြွယ်ဝသော ပြည်နယ်များမှ အတိုက်အခံနှင့် အာဏာရပါတီတို့သည် ဒေသန္တရ အစိုးရအဖွဲ့များထံ ဝင်ငွေခွဲဝေခြင်း ကိစ္စရပ်များအား နိုင်ငံတော်အဆင့် အာရုံစိုက်ခံရစေရန် ကြိုးပမ်းခဲ့ကြပါသည်။ သယံဇာတ ကြွယ်ဝသော ဆာရာဝက် (Sarawak) ပြည်နယ်ရှိ အဓိက ပါတီအားလုံးသည် ၎င်းတို့၏ ရပ်တည်မှုများတွင် ကောက်ခံရရှိသော ခိုင်ကြေးများ၏ ဝေစု ပိုမိုတိုးမြင့်ရရှိရေးအတွက် တောင်းဆိုမှုများ ထည့်သွင်းခဲ့ကြပြီးနောက် နိုင်ငံတော် ရပ်တည်မှုအပေါ် လွှမ်းမိုးရန်အလို့ငှာ ထိုတောင်းဆိုမှုကို အသုံးပြုရန် ကြိုးပမ်းခဲ့ကြပါသည်။[၁၆၁] ရေနံကြွယ်ဝသော ဒေသများတွင် ခိုင်မာသော ကိုယ်စားပြုမှုရှိသည့် နော်ဝေနိုင်ငံရှိ ဖွံ့ဖြိုးရေးပါတီ (Progress Party) သည် အခြေခံ အဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင် ဆုံးရှုံးမှုများနှင့် ပတ်သက်သော ဒေသန္တရအဆင့် တောင်းဆိုမှုများကို နိုင်ငံတော်အဆင့် ဆွေးနွေးမှုတွင် ထည့်သွင်းဆွေးနွေးလာအောင် ကြိုးပမ်းအားထုတ်ခဲ့ပါသည်။[၁၆၂]

ပါတီရပ်တည်မှု၏ အပြီးသတ် အနှစ်သာရအပြင် ပါတီရပ်တည်မှု ရေးဆွဲသတ်မှတ်ခြင်းနှင့် ထိုရပ်တည်မှုအား စီမံကိန်းနှင့်ဆက်စပ်သူများနှင့် ဆွေးနွေးခြင်း လုပ်ငန်းစဉ်သည် ဒေသန္တရအပေါ် သက်ရောက်မှုဆိုင်ရာ စိုးရိမ်ပူပန်မှုများအား ထိရောက်စွာ စီမံခန့်ခွဲနိုင်မည့် အလားအလာကို တိုးတက်စေနိုင်ပါသည်။ပါတီအနေဖြင့် တိုင်ပင်ဆွေးနွေးမှုများနှင့် ဖြစ်နိုင်လျှင် လုပ်ငန်းအဖွဲ့၌ပင် သယံဇာတကြွယ်ဝသော ဒေသများမှ အမျိုးသမီးများ၊ လူငယ်များနှင့် စီးပွားရေးလုပ်ငန်းများ အပါအဝင် စီမံကိန်းနှင့်ဆက်စပ်သူ ပေါင်းစုံ သေချာပေါက် ပါဝင်စေရပါမည်။ တိုက်ရိုက်သက်ရောက်မှုရှိသော စီမံကိန်းနှင့်ဆက်စပ်သူများ၏ စိုးရိမ်မှုများအား ဖြေရှင်းရာတွင် ပုံမှန်အားဖြင့် အမျိုးသား အကျိုးစီးပွားများနှင့် ချိန်ဆလေ့ရှိသောကြောင့် ပါတီများအနေဖြင့် ၎င်းတို့၏ ရပ်တည်မှုကို သယံဇာတ မကြွယ်ဝသော ဒေသများမှ စီမံကိန်းနှင့် ဆက်စပ်သူများနှင့် စစ်ဆေးခြင်းကလည်း အကျိုးရှိပါသည်။

---

၁၆၁။ အခန်း ၂ တွင် မလေးရှားနိုင်ငံအကြောင်း လေ့လာမှုကို ကြည့်ပါ။

၁၆၂။ အခန်း ၂ တွင် နော်ဝေနိုင်ငံအကြောင်း လေ့လာမှုကို ကြည့်ပါ။

### ကုန်ကျမှုများနှင့် ရရှိသောအကျိုးအတွက် ပေးဆပ်ရမှုများ

*လူထု တိုင်ပင်ဆွေးနွေးမှုနှင့် စီမံကိန်းနှင့်ဆက်စပ်သူများအကြား ဆက်သွယ်ပြောဆိုမှု နှင့် ပတ်သက်သည့် မူဝါဒရပ်တည်မှုများ ရေးဆွဲသတ်မှတ်ရာတွင် အောက်ပါတို့ကို ထည့်သွင်း စဉ်းစားရန် အထူးပင် အရေးကြီးပါသည် –*

- အချို့သော အဓိက စီမံကိန်းနှင့်ဆက်စပ်သူများအား ထိန်းချုပ်ထားခြင်းနှင့် ဆက်စပ်နေသည့် ဆုံးရှုံးနိုင်ခြေများ (ဥပမာ – ဒေသခံလူထုက စီမံကိန်း နှောင့်နှေးအောင် နှောင့်ယှက်မှုများ၊ နိုင်ငံရေးအရ သဘောထားကွဲလွဲခြင်း၊ ပဋိပက္ခဖြစ်ခြင်း)နှင့် နိုင်ငံယှဉ်လျက် ကုမ္ပဏီများနှင့် စီမံကိန်းနှင့်ဆက်စပ်သည့် ဒေသခံများအကြား ဆက်သွယ်ပြောဆိုမှုကို စီစဉ် ပံ့ပိုးပေးရာတွင် အချိန်နှင့် ငွေကြေး ကုန်ကျမှုများ

*ဒေသန္တရအပေါ် သက်ရောက်မှုများနှင့်ပတ်သက်သည့် မူဝါဒ ရပ်တည်မှုများ ရေးဆွဲသတ်မှတ်ရာတွင် အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရန် အထူးပင် အရေးကြီးပါသည် –*

- သယံဇာတ တူးဖော်မှု စီမံကိန်းများမှ ပေါ်ပေါက်လာသော သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်နှင့် ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများ၏ အလားအလာနှင့် ဖြစ်နိုင်သော ပြင်းထန်မှုနှင့် ကြီးမားသော သက်ရောက်မှုများနှင့် ဆက်စပ်နေသည့် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ
- သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှု အသေးစိတ် ဆန်းစစ်ချက်များ ပြုလုပ်ရန် နှင့် ဆိုးရွားသော သက်ရောက်မှုများကို လျော့ပါး သက်သာစေရန် လိုအပ်သော အချိန်နှင့် ငွေကြေးများ

*လျော်ကြေး နှင့် ပြန်လည်နေရာချထားမှုနှင့်ပတ်သက်သည့် မူဝါဒ ရပ်တည်မှုများ ရေးဆွဲသတ်မှတ်သောအခါ အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရန် အထူးပင် အရေးကြီးပါသည် –*

- သက်ရောက်မှု ခံစားရသော လူ့အသိုက်အဝန်းများအား ပြန်လည်နေရာချထားပေးခြင်း၏ ငွေရေးကြေးရေး၊ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများ
- နိုင်ငံစီးပွားရေး၏ အခြားကဏ္ဍများတွင် ပြန်လည်နေရာချထားမှုများကို မည်သို့စီမံခန့်ခွဲပုံ

*ဒေသန္တရ အစိုးရအဖွဲ့များအား ဝင်ငွေခွဲဝေမှုနှင့်ပတ်သက်သည့် မူဝါဒများ ရေးဆွဲသတ်မှတ်သောအခါ အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရန် အထူးပင် အရေးကြီးပါသည် –*

- သယံဇာတ ကြွယ်ဝသော ဒေသန္တရ အစိုးရအဖွဲ့များနှင့် ပြည်ထောင်စု အစိုးရအကြား လက်ရှိ နိုင်ငံရေးနှင့် စီးပွားရေးဆက်ဆံမှု အခြေအနေနှင့် ဒေသန္တရ ပိုင်ဆိုင်မှုဆိုင်ရာ သို့မဟုတ် အခွန်ဘဏ္ဍာငွေဆိုင်ရာ လွတ်လပ်မှု (Fiscal Independence) နှင့်ပတ်သက်၍ မျှော်မှန်းချက်များ ရှိ မရှိ
- ဒေသန္တရ အစိုးရအဖွဲ့များ၏ သယံဇာတ တူးဖော်မှုနှင့်ပတ်သက်သည့် အခွန်ဘဏ္ဍာငွေဆိုင်ရာ တာဝန် ဝတ္တရားများ (Fiscal Responsibilities)
- ဒေသန္တရ အစိုးရအဖွဲ့များ၏ ငွေကြေးကို ထိရောက်စွာနှင့် အကျိုးရှိစွာ အသုံးချနိုင်စွမ်းနှင့် သယံဇာတကြွယ်ဝမှု၏ဝင်ငွေစီမံခန့်ခွဲမှုဆိုင်ရာစိန်ခေါ်မှုများကို တုံ့ပြန်ဆောင်ရွက်နိုင်စွမ်း

>>>

>>>

*ပြည်တွင်းပါဝင်မှု အချိုးအစား**နှင့်ပတ်သက်သည့် မူဝါဒ ရပ်တည်မှုများ ရေးဆွဲသတ်မှတ်သောအခါ အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရန် အထူးပင် အရေးကြီးပါသည် –

- စီမံကိန်းများ၏ သံသရာလည်ပုံ စက်ဝန်းတလျှောက်တွင် သယံဇာတ တူးဖော်မှုကဏ္ဍအတွက် တိုက်ရိုက်နှင့် သွယ်ဝိုက် အလုပ်အကိုင်များ မည်မျှ လက်တွေ့တွင် ရရှိမည်နည်း
- အဆိုပါ အလုပ်အကိုင်များအတွက် လိုအပ်သော အတတ်ပညာနှင့် ထိုအတတ်ပညာများ တတ်မြောက်လာစေရန် လိုအပ်သော ရင်းနှီးမြှုပ်နှံမှု (လက်ရှိတွင် ရှိနေပြီးသား မဟုတ်ပါက)
- သယံဇာတ ကဏ္ဍတွင် ဝန်ဆောင်မှုဆိုင်ရာနှင့် လုပ်ငန်းပြန်လည်ခွဲဝေ အပ်နှံမှု (Sub-contract)ဆိုင်ရာ လိုအပ်ချက်များကို ပြည်တွင်းကုမ္ပဏီများက ပြည့်မီနိုင်စွမ်းနှင့် ပြည်တွင်းကုမ္ပဏီများအား ထိရောက်စွာ ပါဝင်လုပ်ကိုင်နိုင်အောင် အကူအညီ ဖြစ်စေရန် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှု (လက်ရှိတွင် ရှိနေပြီးသား မဟုတ်ပါက)

* ဤထည့်သွင်းစဉ်းစားရမည့် အချက်များကို အောက်တွင် ဖော်ပြထားသော ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးရေး အပိုင်းတွင်လည်း ထည့်သွင်းဖော်ပြထားပြီး ထိုကိစ္စရပ် နယ်ပယ်ကို ဆွေးနွေးရန် ရွေးချယ်မထားပါက ဤနေရာတွင်သာ ဖော်ပြထားပါသည်။

---

အဆိုပါ မူဝါဒ ကိစ္စရပ်များနှင့်ပတ်သက်၍ ထပ်မံသိရှိလိုပါက Charter Benchmarking Framework ၏ စည်းမျဉ်း ၅ နှင့် ပြည်တွင်းပါဝင်မှု အချိုးအစား၊ သယံဇာတ တူးဖော်မှုနှင့်ဆက်စပ်သည့် အခြေခံ အဆောက်အအုံ၊ ဒေသန္တရ အစိုးရအဖွဲ့အား ဝင်ငွေ ခွဲဝေဖြန့်ဖြူးခြင်းနှင့် ဒေသန္တရ အစိုးရအဖွဲ့၏ ဝင်ငွေစီမံခန့်ခွဲမှုတို့အကြောင်း NRGI လက်ကမ်းစာစောင်များကို ကိုးကားပါ။[၁၆၃]

| လမ်းညွှန်မေးခွန်းများ | လက်ရှိအခြေအနေ |
| --- | --- |
| • သယံဇာတ တူးဖော်မှု၏ အခွန်ဘဏ္ဍာငွေအရ မဟုတ်သော ကုန်ကျမှုများနှင့် အကျိုးအမြတ်များကို မည်သို့ ဟန်ချက်ညီအောင် ဆောင်ရွက်မည်နှင့်ပတ်သက်၍ ပါတီအနေဖြင့် (တရားဝင် သို့မဟုတ် တရားမဝင်၊ အများပြည်သူဆိုင်ရာ သို့မဟုတ် ပါတီတွင်း) ရပ်တည်မှု ရှိနှင့်ပြီးသားလား။ ရှိနှင့်ပြီးသားဆိုပါက ထိုရပ်တည်မှုက ဘာလဲ။ | |
| • ဝင်ငွေ ခွဲဝေမှုနှင့်ပတ်သက်ပြီး ပါတီတွင် ရပ်တည်မှု တစ်ရပ်ရှိနှင့်ပြီးသားလား။ ရှိနှင့်ပြီးသား ဆိုပါက ထိုရပ်တည်မှုက ဘာလဲ။ | |
| • ပါတီ၏ အမာခံ ထောက်ခံသူများနှင့် ၎င်း၏ အဓိက မဲဆန္ဒနယ်များအနေဖြင့် သယံဇာတ တူးဖော်မှု၏ ဒေသန္တရ သက်ရောက်မှုများကို မည်သို့ ထင်မြင်ယူဆသနည်း။ လူထုက မည်သို့ ထင်မြင်ယူဆသနည်း။ | |

၁၆၃။ ပြည်တွင်းပါဝင်မှု အချိုးအစားအကြောင်း လက်ကမ်းစာစောင်ကို <http://www.resourcegovernance.org/analysis-tools/publications/primer-local-content> တွင် ရရှိနိုင်သည်၊ သယံဇာတ တူးဖော်မှုလုပ်ငန်းများနှင့်ဆက်စပ်သော အခြေခံ အဆောက်အအုံများအကြောင်း လက်ကမ်းစာစောင်ကို <https://resourcegovernance.org/analysis-tools/publications/primer-extractives-linked-infrastructure> တွင် ရရှိနိုင်သည်၊ ဒေသန္တရ အစိုးရအဖွဲ့များအား ဝင်ငွေ ခွဲဝေပေးခြင်းအကြောင်း လက်ကမ်းစာစောင်ကို <https://resourcegovernance.org/analysis-tools/publications/primer-subnational-revenue-distribution> တွင် ရရှိနိုင်သည်၊ ဒေသန္တရ အစိုးရအဖွဲ့၏ ဝင်ငွေ စီမံခန့်ခွဲမှုအကြောင်း လက်ကမ်းစာစောင်ကို <https://resourcegovernance.org/analysis-tools/publications/primer-subnational-revenue-management> တွင် ရရှိနိုင်သည်။

| လမ်းညွှန်မေးခွန်းများ | လက်ရှိမူဘောင် |
|---|---|
| • သက်ရောက်မှု ခံစားရသော လူ့အသိုက်အဝန်းများ အတွင်းရှိ စီမံကိန်းနှင့်ဆက်စပ်သူများ အားလုံးနှင့် သယံဇာတ တူးဖော်မှု ကုမ္ပဏီများအကြား ဆက်ဆံရေးအပေါ် လွှမ်းမိုးသော လက်ရှိ ဥပဒေနှင့် ထိန်းသိမ်းကြီးကြပ်ရေး မူဘောင်က ဘာလဲ။ | |
| • သယံဇာတ တူးဖော်မှုကြောင့် ဖြစ်ပေါ်လာနိုင်သော သက်ရောက်မှုများကို ဆန်းစစ်ခြင်း အပေါ် လွှမ်းမိုးသော လက်ရှိ ဥပဒေနှင့် ထိန်းသိမ်းကြီးကြပ်ရေး မူဘောင်က ဘာလဲ။ ထို မူဘောင်က သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်နှင့် ကျန်းမာရေးဆိုင်ရာ ကုန်ကျမှု များ လျှော့ချခြင်းကို မည်သို့ ဆောင်ရွက်ပေးသနည်း။ ထိုမူဘောင်ကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်း ရှိပါသလား။[၁၆၄] | |
| • ပြည်ထောင်စုအစိုးရက အကျိုးအမြတ်များ သို့မဟုတ် ဝင်ငွေများအား ဒေသန္တရ အစိုးရ အဖွဲ့များ သို့မဟုတ် ဒေသခံလူထုထံ ခွဲဝေပေးပါသလား။ ခွဲဝေပေးသည်ဆိုပါက ဝင်ငွေ ခွဲဝေခြင်းအပေါ် လွှမ်းမိုးသော ဥပဒေမူဘောင်က ဘာလဲ။ ထိုဥပဒေမူဘောင်အား တစ် သတ်မတ်တည်းနှင့် ထိရောက်စွာ အကောင်အထည်ဖော်မှု ရှိပါသလား။[၁၆၅] | |
| • သယံဇာတ အုပ်ချုပ်မှု အညွှန်းကိန်း၏ ''ဒေသန္တရအပေါ် သက်ရောက်မှု'' အပိုင်းခွဲတွင် တိုင်းပြည်သည် မည်သို့ အခြေအနေရှိသနည်း။ RGI ၏ ''ဒေသန္တရ အစိုးရအား သယံ ဇာတဆိုင်ရာ ဝင်ငွေခွဲဝေခြင်း'' အပိုင်းတွင် တိုင်းပြည်သည် မည်သို့ အခြေအနေရှိသနည်း။ တိုင်းပြည်က မည်သည့် အခြေခံစည်းမျဉ်းများ နှင့် လုပ်ထုံးလုပ်နည်း ညွှန်ပြမှုများမှာ အားနည်းနေတာလဲ၊ ဘာကြောင့်လဲ။[၁၆၆] | |
| • တိုင်းပြည်သည် EITI အဖွဲ့ဝင်နိုင်ငံ ဖြစ်ပါက နောက်ဆုံး EITI အစီရင်ခံစာတွင် ''လူမှု ရေးနှင့် စီးပွားရေးဆိုင်ရာ ငွေကြေးသုံးစွဲမှု''နှင့်ပတ်သက်ပြီး တွေ့ရှိမှုများနှင့် အကြံပြုချက် များက ဘာတွေလဲ။[၁၆၇] | |

၁၆၄။ လက်ရှိမူဘောင်နှင့်ပတ်သက်သော သတင်းအချက်အလက်များကို မေးခွန်းများ 1.3.1.a, 1.3.2a, 1.3.4a, 1.3.5a-1.3.5b, နှင့် 1.3.6a-1.3.7b. အောက်ရှိ RGI Data တွင် တွေ့ရှိနိုင်ပါသည်။

၁၆၅။ လက်ရှိမူဘောင်နှင့်ပတ်သက်သော သတင်းအချက်အလက်များကို မေးခွန်းများ 2.2a-2.2.2b, 2.2.3a-c, 2.2.4a, နှင့် 2.2.5a. အောက်ရှိ RGI Data တွင် တွေ့ရှိနိုင်ပါသည်။

၁၆၆။ အဆိုပါမေးခွန်းများအတွက် အသေးစိတ် အဖြေများကို <http://www.resourcegovernanceindex.org/about/data-and-source-documents> (အပိုင်းခွဲ ၁.၃ နှင့် ၂.၂) မှ ဒေါင်းလုတ်ဆွဲယူနိုင်သော RGI Data Explorer တွင် ကြည့်ရှုပါ။ အပိုင်းခွဲနှင့် အညွှန်းကိန်းရမှတ်များကို အမြန်ကြည့်လိုပါက <http://www.resourcegovernanceindex.org/country-profiles> တွင် Country Profile ကိုကြည့်ပါ (မိမိကြည့်လိုသော နိုင်ငံကို ရွေးချယ်ပါ၊ Full Scores အပိုင်းသို့ ဆင်းပါ၊ + ကိုနှိပ်၍ သက်ဆိုင်ရာ အမှတ်များကို တစ်ခုချင်း ကြည့်ပါ)။

၁၆၇။ နိုင်ငံအလိုက် တိုးတက်မှုအခြေအနေအကြောင်း နောက်ဆုံးအစီရင်ခံစာနှင့် အခြားသတင်းအချက်အလက်များကို EITI နှင့် အင်တာနက်စာမျက်နှာ <https://eiti.org/countries> တွင်ကြည့်ပါ။

| မူဝါဒဆိုင်ရာ ရွေးချယ်နိုင်မှုများ | ရပ်တည်မှုများ |
|---|---|
| **သက်ရောက်မှု ခံစားရသော လူ့အသိုက်အဝန်းများမှ စီမံကိန်းနှင့် ဆက်စပ်သူများ အားလုံးအကြား အလုပ်နှင့်ပတ်သက်၍ ကောင်းမွန်သော ဆက်ဆံရေး ရှိစေရန် အစိုးရအနေဖြင့် ဘာလုပ်သင့်သနည်း။**[၁၆၈]<br>• သက်ရောက်မှု ခံစားရသော လူ့အသိုက်အဝန်းများအနေဖြင့် သယံဇာတ စီမံကိန်းများနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက် ချမှတ်ခြင်းတွင် အဓိပ္ပာယ်ရှိစွာ ပါဝင်မှု ရှိစေရန် အစိုးရအနေဖြင့် မည်သို့ ဆောင်ရွက်သင့်သနည်း။<br>• သက်ရောက်မှု ခံစားရသော လူ့အသိုက်အဝန်းများအနေဖြင့် သယံဇာတ စီမံကိန်းများ၏ သက်ရောက်မှုနှင့်ပတ်သက်၍ လက်တွေ့ကျသော မျှော်မှန်းချက်များ ရှိစေရန် အစိုးရအနေဖြင့် မည်သို့ ဆောင်ရွက်သင့်သနည်း။<br>• သက်ရောက်မှု ခံစားရသော လူ့အသိုက်အဝန်းများအတွက် ယုံကြည်ရပြီး ထိရောက်သော အငြင်းပွားမှု ဖြေရှင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ရှိစေရန် အစိုးရအနေဖြင့် မည်သို့ ဆောင်ရွက်သင့်သနည်း။<br>• သယံဇာတ စီမံကိန်းများနှင့်ဆက်စပ်သည့် အစိုးရနှင့် ပုဂ္ဂလိက လုံခြုံရေး ဝန်ထမ်းများ အနေဖြင့် အင်အား အလွန်အကျွံ မသုံးစေရန် အစိုးရအနေဖြင့် မည်သို့ ဆောင်ရွက်သင့်သနည်း။<br>• ဌာနေ တိုင်းရင်းသားများ၏ အခွင့်အရေးများကို အကာအကွယ်ပေးမှု ရှိစေရန် အစိုးရအနေဖြင့် မည်သို့ ဆောင်ရွက်သင့်သနည်း။ | နမူနာ ရပ်တည်မှု – သက်ရောက်မှု ခံစားရသော လူ့အသိုက်အဝန်းများအနေဖြင့် သယံဇာတ တူးဖော်မှုနှင့်ပတ်သက်သော ဆုံးဖြတ်ချက် ချမှတ်ခြင်းတွင် ပါဝင် ဆောင်ရွက်ထိုက်သည်ဟု ပါတီက ယုံကြည်ပါသည်။ ထို့ကြောင့် ခိုင်မာသော ပါဝင်ဆောင်ရွက်မှုနှင့် အငြင်းပွားမှု ဖြေရှင်းရေးစနစ်များ သတ်မှတ်ထားရှိရန် ကျွန်ုပ်တို့က ကတိကဝတ်ပြုပါသည်။ |
| **သယံဇာတ စီမံကိန်းများ၏ သက်ရောက်မှုများကို ဆန်းစစ်ရန် အစိုးရအနေဖြင့် မည်သည့်စနစ်များ သတ်မှတ်သင့်သနည်း သို့မဟုတ် ပိုမိုအားကောင်းအောင် လုပ်ဆောင်သင့်သနည်း။**<br>• အစိုးရအနေဖြင့် နယ်မြေတစ်ခုတွင် စမ်းသပ်တိုင်းတာမှုနှင့် ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုရန် မဆုံးဖြတ်မီ မဟာဗျူဟာကျသော ထိခိုက်မှု ဆန်းစစ်ခြင်းများ အသုံးပြုသင့်ပါသလား။<br>• အစိုးရအနေဖြင့် သယံဇာတ စီမံကိန်းများ၏ အဆင့်အားလုံး၌ ဆုံးဖြတ်ချက် ချမှတ်ရာတွင် လိုအပ်သာ သတင်းအချက်အလက်များ ရရှိရန် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းများ အသုံးပြုသင့်ပါသလား။ | နမူနာ ရပ်တည်မှု – သယံဇာတ တူးဖော်မှု၏ လူ့အသိုက်အဝန်းများအပေါ် ဆိုးရွားသော သက်ရောက်မှုများအား သဘာဝ သယံဇာတတူးဖော်မှု မပြုမီ ကြိုတင်၍ အလေးထား ဆန်းစစ်သင့်သည်ဟု ပါတီက ယုံကြည်ပါသည်။ ထို့ကြောင့် သယံဇာတ စီမံကိန်းများ၏ အဆင့် အားလုံးတွင် အသေးစိတ်ကျသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းများ ပြုလုပ်ရန် ကျွန်ုပ်တို့က ကတိကဝတ် ပြုပါသည်။ |

၁၆၈။ လွတ်လပ်သော၊ ကြိုတင်ဖြစ်သော၊ အချက်အလက်ပြည့်စုံစွာ သိရှိပြီးမှ ပြုလုပ်သော သဘောတူ ခွင့်ပြုချက် (Prior and Informed Consent - FPIC) သည် သက်ရောက်မှုရှိသော လူ့အသိုက်အဝန်းများနှင့် ဆွေးနွေးတိုင်ပင်ခြင်းနှင့် ၎င်းတို့အား အကူအညီပေးခြင်းအတွက် နိုင်ငံတကာစံနှုန်း ဖြစ်ပါသည်၊ ထိုစံနှုန်းအား အကောင်အထည်ဖော်ခြင်းအတွက် လမ်းညွှန်လက်စွဲကို <https://www.un.org/development/desa/indigenouspeoples/publications/2016/10/free-prior-and-informed-consent-an-indigenous-peoples-right-and-a-good-practice-for-local-commun ities-fao/> တွင် ရရှိနိုင်ပါသည်။

| | |
|---|---|
| **သယံဇာတ စီမံကိန်းများ၏ သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်နှင့် ကျန်းမာရေး ဆိုင်ရာ ကုန်ကျမှုများအား ပိုမိုထိရောက်စွာ စောင့်ကြည့်စစ်ဆေး လျှော့ချနိုင်ရန် အစိုးရအနေဖြင့် ဘာလုပ်သင့်သနည်း။**<br>• အစိုးရအနေဖြင့် အနည်းဆုံး လျှော့ချခြင်းထက် ကြိုတင်ကာကွယ်ခြင်းကို မည်သို့ ပိုမို အားပေးသင့်သနည်း၊ လျော်ကြေးနှင့် ပြန်လည် နေရာချထားပေးခြင်း လိုအပ်သော အလေ့အထများကို မည်သို့ ရှောင်ကြဉ်သင့်သနည်း။<br>• အစိုးရအနေဖြင့် ထိရောက်မှုရှိသော သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်နှင့် ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းများအား မည်သို့ သတ်မှတ်၍ အရေးယူ ဆောင်ရွက်သင့်သနည်း။<br>• အစိုးရအနေဖြင့် ကုမ္ပဏီများအား ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရေး စီမံခန့်ခွဲမှု အစီအစဉ်များ ရေးဆွဲထားရှိရန် လိုအပ်သည်ဟု သတ်မှတ်သင့်ပါသလား၊ သတ်မှတ်သင့်ပါက အဆိုပါ အစီအစဉ်များအား လိုက်နာမှု ရှိစေရန် မည်သို့ ဆောင်ရွက်သင့်သနည်း။<br>• အစိုးရအနေဖြင့် ကုမ္ပဏီများအား သဘာဝ ဘေးအန္တရာယ် တုံ့ပြန်မှု အစီအစဉ်များ ရေးဆွဲထားရှိရန် လိုအပ်သည်ဟု သတ်မှတ်သင့်ပါသလား။<br>• စီမံကိန်း ပိတ်သိမ်းခြင်းနှင့် မြေပြန်လည်ထူထောင်ခြင်း အကောင်အထည်ဖော်မှုနှင့် ငွေကြေး စိုက်ထုတ်မှုအတွက် တာဝန် ဝတ္တရားကို အစိုးရအနေဖြင့် မည်သို့ ခွဲဝေ သတ်မှတ်သင့်သနည်း။<br>• လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကုန်ကျမှုများကို ရှောင်လွှဲနိုင်ခြင်း မရှိပါက လုံလောက်သော လျော်ကြေးပေးမှု ရှိစေရန် အစိုးရအနေဖြင့် မည်သို့ လုပ်ဆောင်သင့်သနည်း။<br>• ပြန်လည်နေရာချထားပေးရခြင်းကို မရှောင်လွှဲနိုင်ပါက ပြန်လည်နေရာချထားပေးရာတွင် လုံလောက်သော ပြန်လည်ကုစားပေးမှု ပေးစေရန် အစိုးရအနေဖြင့် မည်သို့ ဆောင်ရွက်သင့်သနည်း။ | နမူနာ ရပ်တည်မှု – သယံဇာတ တူးဖော်မှု၏ သဘာဝ ပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်နှင့် ကျန်းမာရေးဆိုင်ရာ ကုန်ကျမှုများကို ဖြစ်နိုင်သမျှ အနည်းဆုံး လျှော့ချသင့်သည်ဟု ပါတီက ယုံကြည်ပါသည်။ ထို့ကြောင့် ကုမ္ပဏီများအား ပတ်ဝန်းကျင်ထိခိုက်မှု စီမံခန့်ခွဲရေး အစီအစဉ်များ ရေးဆွဲထားရှိ၍ လိုက်နာဆောင်ရွက်ရမည်ဟု သတ်မှတ်ရန် ကတိကဝတ် ပြုပါသည်။ |
| **သက်ရောက်မှု ခံစားရသော လူ့အသိုက်အဝန်းများအနေဖြင့် သယံဇာတ စီမံကိန်းများမှ အကျိုးကျေးဇူး ရရှိအောင် ကူညီရန် အစိုးရအနေဖြင့် ဘာလုပ်သင့်သနည်း။**<br>• ကုမ္ပဏီများအနေဖြင့် ရပ်ရွာလူထုအတွက် အကျိုးကျေးဇူးများ မည်သို့ ပေးမည်နှင့်ပတ်သက်ပြီး သက်ရောက်မှု ခံစားရသော လူ့အသိုက်အဝန်းများနှင့် သဘောတူညီမှု ရရှိစေရန် အစိုးရက ဘာလုပ်သင့်သနည်း။<br>• ကုမ္ပဏီများအနေဖြင့် တိုက်ရိုက် အလုပ်ခန့်ထားမှုနှင့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ ထောက်ပံ့မှုဆိုင်ရာ အခွင့်အလမ်းများကို သက်ရောက်မှု ခံစားရသော လူ့အသိုက်အဝန်းများထံ ပေးအောင် အားပေးရန် အစိုးရအနေဖြင့် ဘာလုပ်သင့်သနည်း။ | နမူနာ ရပ်တည်မှု – သက်ရောက်မှု ခံစားရသော လူ့အသိုက်အဝန်းများအနေဖြင့် သဘာဝ သယံဇာတ တူးဖော်မှုမှ အကျိုးကျေးဇူး ရရှိသင့်သည်ဟု ပါတီက ယုံကြည်ပါသည်။ ထို့ကြောင့် ကုမ္ပဏီများသည် ရပ်ရွာ ဖွံ့ဖြိုးရေး သဘောတူညီချက်များ သတ်မှတ်ပြီး အကောင်အထည်ဖော်ပေးစေရန် ကျွန်ုပ်တို့က ကတိကဝတ် ပြုပါသည်။ |
| **ဝင်ငွေများကို ဒေသန္တရ အစိုးရအဖွဲ့များထံ ခွဲဝေ ချထားပေးသင့်ပါသလား။**<br>• ခွဲဝေပေးသင့်ပါက မည်သည့် ဝင်ငွေအမျိုးအစားများကို မည်သည့်ဒေသန္တရ အာဏာပိုင်များထံ ခွဲဝေချထားပေးမည်နည်း။ ထိုဝင်ငွေများကို မည်သို့ ခွဲဝေပေးသင့်ပြီး ထိုသို့ လွှဲပြောင်းပေးအပ်မှုများသည် ရှင်းလင်းစွာ ရေးဆွဲ သတ်မှတ်ထားသော ရည်မှန်းချက်များ အပေါ် အခြေခံ၍ ဆောင်ရွက်ခြင်း ဖြစ်စေရန်နှင့် မှန်ကန်စွာနှင့် အချိန်မီ ဆောင်ရွက်မှု ရှိစေရန် ဘာလုပ်သင့်သနည်း။ | နမူနာ ရပ်တည်မှု – သဘာဝ သယံဇာတ တူးဖော်မှုမှ ရရှိသော ခိုင်ကြေးများ၏ သေးငယ်သော အစိတ်အပိုင်းတစ်ခုအား တူးဖော်သည့်ဒေသမှ ပြည်နယ်အစိုးရအဖွဲ့ထံ ခွဲဝေပေးသင့်သည်ဟု ပါတီက ယုံကြည်ပါသည်။ ထို့ကြောင့် ပြည်နယ်အစိုးရထံ လွှဲပြောင်းပေးခြင်းအတွက် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိသော နည်းလမ်း ယန္တရားများ သတ်မှတ်ရန် ကျွန်ုပ်တို့က ကတိကဝတ်ပြုပါသည်။ |

**ပြည်တွင်း စီးပွားရေးလုပ်ငန်းများ နှင့် အလုပ်သမားများ အနေဖြင့် သယံဇာတ တူးဖော်မှု ကဏ္ဍတွင် အခွင့်အလမ်းနှင့် ဆောင်ရွက်နိုင်မှု ရှိစေရန် အစိုးရအနေဖြင့် ဘာလုပ်သင့်သနည်း။***

- ပြည်တွင်းပါဝင်မှု အချိုးအစားအပေါ် အတားအဆီး ဖြစ်စေသော အရာများကို ဖယ်ရှားရန် ဘာလုပ်ဖို့ လိုအပ်သနည်း။
- ပြည်တွင်းပါဝင်မှု အချိုးအစားဆိုင်ရာ စည်းမျဉ်းများ ရှိသင့်ပါသလား။ ရှိသင့်သည် ဆိုပါက ထိုစည်းမျဉ်းများသည် ဒေသခံ စွမ်းဆောင်ရည်နှင့် ညီညွတ်မှု ရှိပြီး အလွန်အကျွံ အကာအကွယ်ပေးမှုကို ရှောင်ကြဉ်ကာ အဂတိလိုက်စားမှုကို တားဆီးပေးစေရန် ဘာလုပ်သင့်သနည်း။ ကုမ္ပဏီများအနေဖြင့် စည်းမျဉ်းများကို လိုက်နာမှု ရှိ မရှိ နှင့် အစိုးရ၏ ပံ့ပိုးမှု အစီအမံများကို အစိုးရအနေဖြင့် မည်သို့ စောင့်ကြည့်စစ်ဆေးပြီး အရေးယူ ဆောင်ရွက်သင့်သနည်း။

နမူနာ ရပ်တည်မှု – သဘာဝ သယံဇာတ ကဏ္ဍတွင် ပြည်တွင်းပါဝင်မှု အချိုးအစားဆိုင်ရာ စည်းမျဉ်းများအား အောင်မြင်စွာ အကောင်အထည် ဖော်ရန် အထူးပြု ဆောင်ရွက်မည့် ဌာနဆိုင်ရာ အဖွဲ့အစည်း၊ ဝန်ထမ်းနှင့် ငွေကြေးများ လိုအပ်သည်ဟု ပါတီက ယုံကြည်ပါသည်။ ထို့ကြောင့် ပြည်တွင်းပါဝင်မှုအချိုးအစားဆိုင်ရာ စည်းမျဉ်းများအား အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့် စစ်ဆေးခြင်းနှင့် အရေးယူ ဆောင်ရွက်ခြင်းတို့ကို နှစ်မြှုပ် ဆောင်ရွက်သည့် ဌာနဆိုင်ရာ အဖွဲ့အစည်းတစ်ခု တည်ထောင်ရန် ကျွန်ုပ်တို့က ကတိကဝတ်ပြုပါသည်။

* ဤမေးခွန်းများကို အောက်တွင် ဖော်ပြထားသော ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးရေးအပိုင်းတွင်လည်း ထည့်သွင်းဖော်ပြထားပြီး ထိုကိစ္စရပ် နယ်ပယ်ကို ဆွေးနွေးရန် ရွေးချယ်မထားပါက ဤနေရာတွင်သာ ဖော်ပြထားပါသည်။

## လေ့ကျင့်ခန်းစာရွက် (ဆ)
## ၆။ နိုင်ငံပိုင် လုပ်ငန်းများ

***မှတ်ချက်*** *– နိုင်ငံအားလုံးတွင် နိုင်ငံပိုင်လုပ်ငန်းများ မရှိကြပါ သို့မဟုတ် တည်ထောင်ရန် မစဉ်းစားထားပါ။ ထို့ကြောင့် ဤကိစ္စရပ် နယ်ပယ်သည် ဤလုပ်ငန်းစဉ်အတွက် သက်ဆိုင်မှု မရှိ ဖြစ်နိုင်ပါသည်။*

**နောက်ခံအကြောင်းအရာ** – နိုင်ငံပိုင် လုပ်ငန်းများ၏ စွမ်းဆောင်ရည်သည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရင်းအမြစ်များ ရယူရာတွင် အသုံးပြုသည့် တိုင်းပြည် မဟာဗျူဟာ၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်နိုင်ပါသည်။ ကောင်းမွန်စွာ လည်ပတ်သော နိုင်ငံပိုင် လုပ်ငန်းများသည် သယံဇာတ ထွက်ရှိသော နိုင်ငံများအတွက် နည်းလမ်းများစွာဖြင့် အထောက်အကူပြုနိုင်ပါသည်။ ၎င်းတို့သည် အခွန်များအပြင် သယံဇာတ မရရှိသော ဝင်ငွေများ ရှာဖွေပေးနိုင်သည်။ ပြည်တွင်းပါဝင်မှု အချိုးအစားကို ပျိုးထောင်ပေးနိုင်ပြီး နိုင်ငံ၏ ထိန်းသိမ်း ကြီးကြပ်နိုင်စွမ်းကို မြှင့်တင်ပေးပါသည်။ သို့သော် ထိရောက်မှုရှိသော နိုင်ငံပိုင်လုပ်ငန်းများ တည်ဆောက်ခြင်းသည် လွယ်ကူသော အလုပ်မဟုတ်ပါ။ နိုင်ငံပိုင်လုပ်ငန်းများသည် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုအတွက် အတားအဆီးများ ဖြစ်လာခြင်း၊ အများပြည်သူဆိုင်ရာ ဘဏ္ဍာငွေများကို စုပ်ယူခြင်း၊ အများပြည်သူဆိုင်ရာ သယံဇာတများအား ထိရောက်စွာ စီမံခန့်ခွဲနိုင်မှု မရှိခြင်း သို့မဟုတ် နိုင်ငံများအနေဖြင့် သဘာဝ သယံဇာတမှ အကျိုးအမြတ် အများဆုံး ရရှိနိုင်ခြင်းအပေါ် အဟန့်အတားဖြစ်စေသော အဂတိလိုက်စားမှုနှင့် လုပ်ပိုင်ခွင့် အလွဲသုံးစားပြုမှု ဖြစ်ပေါ်ခြင်းတို့ မကြာခဏဆိုသလို ဖြစ်ပေါ်စေလေ့ရှိပါသည်။ ဘရာဇီးနိုင်ငံ၏ အမျိုးသား ရေနံကုမ္ပဏီ Petrobras ပါဝင်သည့် အဂတိလိုက်စားမှုတွင် အာဏာရပါတီ အစိုးရအဖွဲ့၏ သုံးပုံတစ်ပုံလောက်သည် စွပ်စွဲခံခဲ့ရပြီး ပါတီ၏ ဂုဏ်သတင်းအပေါ် အကြီးအကျယ် ထိခိုက်ခဲ့ပါသည်။[၁၆၉]

နိုင်ငံပိုင်လုပ်ငန်းများသည် လူအများ စိတ်ဝင်စားမှုကိုလည်း အများအပြား ရရှိသဖြင့် နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံပိုင်လုပ်ငန်းများ ရှိသင့် မရှိသင့်နှင့် ၎င်းတို့အား မည်သို့ အုပ်ချုပ်မည်နှင့်ပတ်သက်ပြီး ပြည့်စုံသော သတင်းအချက်အလက်အပေါ် အခြေခံသည့် ရပ်တည်မှုများ ရေးဆွဲသတ်မှတ်ရန် အရေးကြီးပါသည်။ သုတေသန လေ့လာမှု အကျယ်တဝင့် ပြုလုပ်ပြီး ၂၀၁၀ ခုနှစ်တွင် တောင်အာဖရိကနိုင်ငံမှ ANC သည် ကုန်ကျမှုများနှင့် ရင်းနှီးမြှုပ်နှံသူများအား ပေးသော မက်လုံးများနှင့်ပတ်သက်ပြီး စိုးရိမ်မှုများကြောင့် သတ္တုတွင်းကဏ္ဍအား အစိုးရက ဆက်လက်ပိုင်ဆိုင်ခြင်းကို ကန့်သတ်သည့် ရပ်တည်မှုကို သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ပါသည်။ ထိုပါတီအနေဖြင့် ပိုမိုကျယ်ပြန့်သော ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ အောင်မြင်စေမည့် နည်းလမ်းအဖြစ် ရေးဆွဲဖော်ပြခြင်းဖြင့် အငြင်းပွားဖွယ်ရာ ရပ်တည်မှုကို ထောက်ခံပြောဆိုနိုင်ခဲ့ပါသည်။[၁၇၀]

### ကုန်ကျမှုများနှင့် ရရှိသောအကျိုးအတွက် ပေးဆပ်ရမှုများ

*နိုင်ငံပိုင်လုပ်ငန်း ရှိရမည် မရှိရမည်နှင့်ပတ်သက်သော မူဝါဒ ရပ်တည်မှုများကို ရေးဆွဲသတ်မှတ်သောအခါ အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရန် အထူးပင် အရေးကြီးပါသည် –*

- (နိုင်ငံတွင်းနှင့် နိုင်ငံပြင်ပ) နိုင်ငံပိုင် လုပ်ငန်းတစ်ရပ် တည်ထောင်ခြင်းနှင့်ဆက်စပ်သော နိုင်ငံတော်၏ ပိုင်ဆိုင်မှု၊ အလားအလာရှိသော စီးပွားရေး အခွင့်အလမ်းများနှင့် ဆုံးရှုံး

>>>

၁၆၉။ ပိုမိုသိရှိလိုပါက <http://www.bbc.com/news/world-latin-america-39574355> ကို ကြည့်ပါ။

၁၇၀။ အခန်း ၂ တွင် တောင်အာဖရိကနိုင်ငံအကြောင်း လေ့လာမှုကို ကြည့်ပါ။

>>>

နိုင်ငြေများနှင့် အစိုးရ၏ အရင်းအနှီး ရရှိနိုင်မှုနှင့်ပတ်သက်၍ တိုင်းပြည်၏ မျှော်မှန်းချက်များ

- နိုင်ငံပိုင် လုပ်ငန်းအတွက် အလားအလာရှိသော လုပ်သားအင်အား၏ အတတ်ပညာ အဆင့်အတန်းနှင့် ကုမ္ပဏီ၏ လေ့လာသင်ယူမှုအတွက် ကုန်ကျမှု
- အကျိုးအမြတ် ရယူနိုင်မှု သို့မဟုတ် အဂတိလိုက်စားမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ

*နိုင်ငံပိုင် လုပ်ငန်းတစ်ခု၏ အုပ်ချုပ်မှုဖွဲ့စည်းပုံနှင့်ပတ်သက်သော မူဝါဒရပ်တည်မှုများ ရေးဆွဲသတ်မှတ်သောအခါတွင် အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရန် အထူးပင် အရေးကြီးပါသည် –*

- အများပြည်သူဆိုင်ရာ ရှယ်ယာရှင်များအနေဖြင့် အရင်းအနှီး ရရှိနိုင်မှုနှင့် တာဝန်ခံမှု ပိုမိုကောင်းမွန်အောင် မည်သို့ ဆောင်ရွက်နိုင်မည်
- ဒါရိုက်တာ ဘုတ်အဖွဲ့တွင် တာဝန်ထမ်းဆောင်လိုစိတ် ရှိပြီး တာဝန်ထမ်းဆောင်နိုင်စွမ်း ရှိသော အရည်အချင်းရှိသည့် ပညာရှင်များ ရှိ မရှိနှင့် ၎င်းတို့အား ရွေးချယ်ခြင်းအတွက် အကောင်းဆုံး လုပ်ငန်းစဉ်

*နိုင်ငံပိုင်လုပ်ငန်းများ၏ (စီးပွားရေးဆိုင်ရာနှင့် စီးပွားရေးနှင့် မသက်ဆိုင်သော) အခန်းကဏ္ဍနှင့်ပတ်သက်သော မူဝါဒ ရပ်တည်မှုများ ရေးဆွဲ သတ်မှတ်သောအခါ အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရန် အရေးကြီးပါသည် –*

- လုပ်ငန်းကဏ္ဍကို မည်သည့် အခြားဌာနဆိုင်ရာ အဖွဲ့အစည်းများက အုပ်ချုပ်နေသည်နှင့် အခန်းကဏ္ဍများနှင့် လိုအပ်သော လုပ်သားအင်အား အတတ်ပညာများ မည်သို့ ထပ်နေမည် (ဆိုလိုသည်မှာ ဝန်ကြီးဌာနများ သို့မဟုတ် ထိန်းသိမ်းကြီးကြပ်ရေး အဖွဲ့များတွင် အတတ်ပညာ အရည်အချင်းများ စုစည်းထားရှိခြင်းက ပိုမိုထိရောက်မည်လား)
- နိုင်ငံပိုင်လုပ်ငန်းသည် စီးပွားရေးနှင့်မသက်ဆိုင်သော အခန်းကဏ္ဍများကို ဆောင်ရွက်ပါက အကျိုးစီးပွား ပဋိပက္ခဖြစ်မှု ရှိ မရှိ သို့မဟုတ် အဂတိလိုက်စားမှု အလားအလား ပိုမိုမြင့်မားနိုင်ခြင်း ရှိ မရှိ

*နိုင်ငံပိုင်လုပ်ငန်းက ထိန်းသိမ်းထားသော ဝင်ငွေပမာဏနှင့်ပတ်သက်သော မူဝါဒ ရပ်တည်မှုများ ရေးဆွဲ သတ်မှတ်သောအခါ အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရန် အရေးကြီးပါသည် –*

- နိုင်ငံပိုင် လုပ်ငန်းတစ်ခုတွင် အခွန်ဘဏ္ဍာငွေဆိုင်ရာနှင့် အုပ်ချုပ်မှုဆိုင်ရာ လွတ်လပ်မှုရှိခြင်း၏ ကုန်ကျမှုများ၊ အကျိုးကျေးဇူးများနှင့် ကုမ္ပဏီ၏ အမှန်တကယ် ဝင်ငွေ လိုအပ်ချက်များ
- နိုင်ငံတော် ဘတ်ဂျက်နှင့်ယှဉ်လျှင် နိုင်ငံပိုင် လုပ်ငန်းက ဘယ်လောက် ကြီးမားသလဲ၊ လက်ရှိတွင် ခန့်မှန်း နိုင်ငံတော်ဘတ်ဂျတ် လွှဲပြောင်းမှုများက ဘယ်လောက်အထိ ကြိုတင်ခန့်မှန်းနိုင်သလဲ
- ဘတ်ဂျက်ပြင်ပ သုံးစွဲမှုများ နှင့် အစိုးရကိုယ်စား လုပ်ဆောင်မှုများ (Quasi-Fiscal Activities)နှင့်ဆက်စပ်သည့် ဆုံးရှုံးနိုင်ခြေများ

ဤမူဝါဒ ကိစ္စရပ်များနှင့်ပတ်သက်၍ ထပ်မံသိရှိလိုပါက Charter Benchmarking Framework

၏ စည်းမျဉ်း ၆၊ နိုင်ငံတော်၏ ပါဝင်လုပ်ကိုင်မှု၊ နိုင်ငံပိုင် လုပ်ငန်းများနှင့် ကုန်ပစ္စည်း ရောင်းဝယ်မှု အကြောင်း NRGI လက်ကမ်းစာစောင်များကို ကိုးကားပါ။[၁၇၁]

| လမ်းညွှန်မေးခွန်းများ | လက်ရှိအခြေအနေ |
|---|---|
| • သယံဇာတကဏ္ဍတွင် နိုင်ငံပိုင်လုပ်ငန်းများ၏ အခန်းကဏ္ဍနှင့် ထိုအခန်းကဏ္ဍအား မည်သို့ အုပ်ချုပ်သင့်သည်နှင့်ပတ်သက်ပြီး ပါတီအနေဖြင့် (တရားဝင် သို့မဟုတ် တရားမဝင်၊ အများပြည်သူဆိုင်ရာ သို့မဟုတ် ပါတီတွင်း) ရပ်တည်မှုတစ်ရပ် ရှိနှင့်ပြီးသားလား။ ရှိနှင့်ပြီးသားဆိုပါက ထိုရပ်တည်မှုက ဘာလဲ။ | |
| • သယံဇာတကဏ္ဍ ပြင်ပတွင် နိုင်ငံတော်၏ ပါဝင်လုပ်ကိုင်မှုနှင့်ပတ်သက်ပြီး ပါတီအနေဖြင့် (တရားဝင် သို့မဟုတ် တရားမဝင်၊ အများပြည်သူဆိုင်ရာ သို့မဟုတ် ပါတီတွင်း) ရပ်တည်မှုတစ်ရပ် ရှိနှင့်ပြီးသားလား။ ရှိနှင့်ပြီးသားဆိုပါက ထိုရပ်တည်မှုက ဘာလဲ။ | |
| • ပါတီ၏ အမာခံ ထောက်ခံသူများနှင့် ၎င်း၏ အဓိက မဲဆန္ဒနယ်များအနေဖြင့် ယေဘုယျအားဖြင့် နိုင်ငံတော်၏ ပါဝင်လုပ်ကိုင်မှု သို့မဟုတ် အတိအကျ အားဖြင့် လက်ရှိ နိုင်ငံပိုင်လုပ်ငန်း(များ)အား မည်သို့ ထင်မြင်ယူဆသနည်း။ အများပြည်သူက မည်သို့ ထင်မြင်ယူဆသနည်း။ | |
| **လမ်းညွှန်မေးခွန်း** | **လက်ရှိမူဘောင်** |
| • နိုင်ငံပိုင် လုပ်ငန်းများအား လွှမ်းမိုးသော ဥပဒေနှင့် ထိန်းသိမ်းကြီးကြပ်ရေး မူဘောင်က ဘာလဲ။ ထိုမူဘောင်အား လုံလောက်စွာ အရေးယူဆောင်ရွက်ခြင်း ရှိပါသလား။[၁၇၂] | |
| • နိုင်ငံပိုင် လုပ်ငန်းများအား မည်သည့်နည်းလမ်းဖြင့် ငွေကြေးပံ့ပိုးထားသနည်း။ ငွေရေးကြေးရေးဆိုင်ရာ သတင်းအချက်အလက်များအား လူသိရှင်ကြား ဖွင့်ဟထုတ်ဖော်ခြင်း ရှိပါသလား။ နိုင်ငံပိုင် လုပ်ငန်းသည် ၎င်း၏ အခန်းကဏ္ဍကို ဖြည့်ဆည်းရန် ငွေကြေးအရနှင့် ပညာရပ်အရ လုပ်ဆောင်နိုင်စွမ်း ရှိပါသလား။[၁၇၃] | |
| • နိုင်ငံပိုင် လုပ်ငန်းတွင် နိုင်ငံရေးအရ စွက်ဖက်မှုနှင့် အကျိုးစီးပွား ပဋိပက္ခဖြစ်မှုများအား ကန့်သတ်ပေးပြီး ကောင်းမွန်သော ကြီးကြပ်မှု ရှိစေသည့် ခိုင်မာသော ကုမ္ပဏီအုပ်ချုပ်မှု ဖွဲ့စည်းပုံများ ရှိပါသလား။ ၎င်း၏ ဆုံးဖြတ်ချက် ချမှတ်မှုနှင့် လုပ်ငန်းလည်ပတ်မှုများသည် ပွင့်လင်းမြင်သာပြီး တာဝန်ခံမှု ရှိပါလား။[၁၇၄] | |
| • သယံဇာတ အုပ်ချုပ်မှု အညွှန်းကိန်း၏ "နိုင်ငံပိုင် လုပ်ငန်းများ" အပိုင်းခွဲတွင် တိုင်းပြည်က မည်သို့ အခြေအနေ ရှိသနည်း။ တိုင်းပြည်က မည်သည့် အခြေခံ စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်း ညွှန်ပြမှုများမှာ အားနည်းနေတာလဲ၊ ဘာကြောင့်လဲ။[၁၇၅] | |

၁၇၁။ နိုင်ငံတော်၏ ပါဝင်လုပ်ကိုင်မှုနှင့် နိုင်ငံပိုင် လုပ်ငန်းများအကြောင်း လက်ကမ်းစာစောင်ကို <https://resourcegovernance.org/analysis-tools/publications/primer-state-participation-and-state-owned-enterprises> တွင် ရရှိနိုင်ပြီး ကုန်ပစ္စည်းရောင်းဝယ်မှု (Commodity Trading) အကြောင်း လက်ကမ်းစာစောင်ကို <https://resourcegovernance.org/analysis-tools/publications/primer-commodity-trading> တွင် ရရှိနိုင်ပါသည်။

၁၇၂။ လက်ရှိမူဘောင်နှင့်ပတ်သက်သော သတင်းအချက်အလက်များကို မေးခွန်းများ 1.4a-1.4b. အောက်ရှိ RGI data တွင် ရရှိနိုင်ပါသည်။

၁၇၃။ လက်ရှိမူဘောင်နှင့်ပတ်သက်သော သတင်းအချက်အလက်များကို မေးခွန်းများ 1.4.1a နှင့် 1.4.2a-b. အောက်ရှိ RGI data တွင် ရရှိနိုင်ပါသည်။

၁၇၄။ လက်ရှိမူဘောင်နှင့်ပတ်သက်သော သတင်းအချက်အလက်များကို မေးခွန်းများ 1.4.31-c, 1.4.5a-e, 1.4.9a-e, နှင့် 1.4.10a-b. အောက်ရှိ RGI data တွင် ရရှိနိုင်ပါသည်။

၁၇၅။ အဆိုပါမေးခွန်းများအတွက် အသေးစိတ် အဖြေများကို <http://www.resourcegovernanceindex.org/about/data-and-source-documents> (အပိုင်း ၁.၄) မှ ဒေါင်းလုတ်ဆွဲယူနိုင်သော RGI Data Explorer တွင် ကြည့်ရှုပါ။ အပိုင်းခွဲနှင့် အညွှန်းကိန်းရမှတ်များကို အမြန်ကြည့်လိုပါက <http://www.resourcegovernanceindex.org/country-profiles> တွင် Country Profile ကိုကြည့်ပါ (မိမိကြည့်လိုသော နိုင်ငံကို ရွေးချယ်ပါ၊ Full Scores အပိုင်းသို့ ဆင်းပါ၊ + ကိုနှိပ်၍ သက်ဆိုင်ရာ အမှတ်များကို တစ်ခုချင်း ကြည့်ပါ)။

| | |
|---|---|
| • တိုင်းပြည်သည် EITI အဖွဲ့ဝင်နိုင်ငံ ဖြစ်ပါက နောက်ဆုံး EITI အစီရင်ခံစာတွင် ''နိုင်ငံတော်က ပါဝင်လုပ်ကိုင်မှု'' ဆိုင်ရာ သတ်မှတ်ချက်များနှင့်ပတ်သက်ပြီး တွေ့ရှိမှုများနှင့် အကြံပြုချက်များက ဘာတွေလဲ။[၁၇၆] | |
| **မူဝါဒဆိုင်ရာ ရွေးချယ်နိုင်မှုများ** | **ရပ်တည်မှုများ** |
| **နိုင်ငံပိုင်လုပ်ငန်း၏ အခန်းကဏ္ဍကို ပိုမိုရှင်းလင်းစွာ သတ်မှတ်ပြီး ကုမ္ပဏီအတွက် လုပ်ငန်းလည်ပတ်မှုအတွက် ငွေကြေးပံ့ပိုးမှု ရယူခြင်း နည်းလမ်းတစ်ရပ် သတ်မှတ်ရန် အစိုးရက ဘာလုပ်သင့်သနည်း။**<br>• ကုမ္ပဏီ၏ ငွေကြေးအရနှင့် ပညာရပ်အရ အမှန်တကယ် ဆောင်ရွက်နိုင်စွမ်းကို ထင်ဟပ်စေရန် နိုင်ငံပိုင်လုပ်ငန်း၏ စီးပွားရေးဆိုင်ရာ အခန်းကဏ္ဍအား ပိုမိုရှင်းလင်းစွာ သတ်မှတ်သင့်ပါသလား။<br>• နိုင်ငံပိုင်လုပ်ငန်း၏ စီးပွားရေးနှင့် မပတ်သက်သော အခန်းကဏ္ဍများအား ပိုမိုရှင်းလင်းစွာ သတ်မှတ်သင့်ပါသလား။ အကျိုးစီးပွား ပဋိပက္ခ ဖြစ်မှုများကို လျှော့ချ ကန့်သတ်ရန် ဘာလုပ်သင့်သနည်း။<br>• နိုင်ငံပိုင်လုပ်ငန်းတွင် လက်တွေ့ အလုပ်ဖြစ်သော ငွေကြေးပံ့ပိုးမှု ရယူသော နည်းလမ်း ရှိစေရန် အစိုးရအနေဖြင့် ဘာလုပ်သင့်သနည်း။ | နမူနာ ရပ်တည်မှု – သဘာဝ သယံဇာတဆိုင်ရာ နိုင်ငံပိုင် လုပ်ငန်းတစ်ခုသည် ထိရောက်မှု ရှိစေရန် ၎င်းတွင် ရှင်းလင်းစွာ သတ်မှတ်ထားသော အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများ ရှိရမည်ဟု ပါတီက ယုံကြည်ပါသည်။ ထို့ကြောင့် နိုင်ငံပိုင် လုပ်ငန်း၏ စီးပွားရေးဆိုင်ရာနှင့် စီးပွားရေးနှင့် မပတ်သက်သော အခန်းကဏ္ဍများ၊ အခြားလုပ်ငန်းကဏ္ဍများနှင့် ဆက်စပ်ပုံကို ရှင်းလင်းစွာ သတ်မှတ်ရန် ကျွန်ုပ်တို့က ကတိကဝတ် ပြုပါသည်။ |
| **နိုင်ငံပိုင်လုပ်ငန်း၏ ကုမ္ပဏီအုပ်ချုပ်မှု စနစ်များသည် ကုမ္ပဏီ၏ ပညာရပ်ဆိုင်ရာ ဆုံးဖြတ်ချက်များတွင် နိုင်ငံရေးအရ စွက်ဖက်မှုကို ကန့်သတ်ပေးပြီး တစ်ဖက်တွင်လည်း ထိရောက်သော ကြီးကြပ်မှု ရှိစေရန် အစိုးရအနေဖြင့် ဘာလုပ်သင့်သနည်း။**<br>• အစိုးရအနေဖြင့် နိုင်ငံပိုင် လုပ်ငန်းတွင် နိုင်ငံတော်မှ ရှယ်ယာရှင်အဖြစ် ပါဝင်သူများက မည်သူမည်ဝါ ဖြစ်သည်နှင့် ၎င်းတို့၏ အခန်းကဏ္ဍကို ပိုမိုရှင်းလင်းစွာ သတ်မှတ်သင့်ပါသလား။<br>• နိုင်ငံလုပ်ငန်း၏ ဘုတ်အဖွဲ့သည် ပိုမိုအားကောင်းကာ၊ ပညာရှင်ဆန်ပြီး လွတ်လပ်မှုလည်း ရှိစေရန် ပြုပြင်ပြောင်းလဲမှုများ လိုအပ်ပါသလား။<br>• နိုင်ငံပိုင်လုပ်ငန်းအနေဖြင့် ဝန်ထမ်းများ၏ ကိုယ်ကျင့်တရားနှင့် ဆောင်ရွက်နိုင်စွမ်းတို့တွင် ပိုမို ရင်းနှီးမြှုပ်နှံသင့်ပါသလား။ | နမူနာ ရပ်တည်မှု – ပါတီအနေဖြင့် သဘာဝ သယံဇာတဆိုင်ရာ နိုင်ငံပိုင် လုပ်ငန်းများသည် ကုမ္ပဏီအုပ်ချုပ်မှုဆိုင်ရာ အမြင့်မားဆုံး စံနှုန်းများကို လိုက်နာသင့်သည်ဟု ပါတီက ယုံကြည်ပါသည်။ ထို့ကြောင့် နိုင်ငံတော်မှ ရှယ်ယာရှင်အဖြစ် ပါဝင်သူများ၏ အခန်းကဏ္ဍနှင့် ၎င်းတို့ မည်သူမည်ဝါဖြစ်သည်ကို ရှင်းလင်းစွာ သတ်မှတ်ရန်နှင့် နိုင်ငံပိုင် လုပ်ငန်းတွင် အားကောင်းပြီး လွတ်လပ်သော ဘုတ်အဖွဲ့ ရှိစေရန် ကျွန်ုပ်တို့က ကတိကဝတ်ပြုပါသည်။ |
| **နိုင်ငံပိုင် လုပ်ငန်း၏ ဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် လုပ်ငန်းလည်ပတ်မှုများသည် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု ရှိစေရန် အစိုးရအနေဖြင့် ဘာလုပ်သင့်သနည်း။**<br>• နိုင်ငံပိုင်လုပ်ငန်းသည် လုပ်ငန်းလည်ပတ်မှုဆိုင်ရာနှင့် ငွေပေးချေမှုဆိုင်ရာ အချက်အလက်များကို ပိုမိုဖွင့်ဟ ထုတ်ဖော်သင့်ပါသလား။<br>• နိုင်ငံပိုင်လုပ်ငန်းသည် လွတ်လပ်သော ငွေကြေးအရ စာရင်းစစ်ဆေးမှုများကို ပိုမို မကြာခဏ ခံယူ၍ ထွက်ပေါ်လာသော ရလဒ်များကို ထုတ်ပြန်ကြေညာသင့်ပါသလား။<br>• နိုင်ငံပိုင်လုပ်ငန်း၏ ဆုံးဖြတ်ချက်ချမှတ်မှုအပေါ် ထိုက်လျောက်သော ကန့်သတ် စွက်ဖက်မှု မပြုဘဲ နိုင်ငံပိုင်လုပ်ငန်းအား ကြီးကြပ်ရန် ဥပဒေပြုရေးအဖွဲ့ ပိုမိုကြိုးပမ်းသင့်ပါသလား။ | နမူနာ ရပ်တည်မှု – သဘာဝ သယံဇာတဆိုင်ရာ နိုင်ငံပိုင် လုပ်ငန်းများသည် ပွင့်လင်းမြင်သာစွာနှင့် တာဝန်ခံမှု ရှိစွာ လည်ပတ် လုပ်ကိုင်သင့်သည်ဟု ပါတီက ယုံကြည်ပါသည်။ ထို့ကြောင့် နိုင်ငံပိုင် လုပ်ငန်းသည် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ၊ ငွေပေးချေမှုဆိုင်ရာ အချက်အလက်များကို လူသိရှင်ကြား ထုတ်ပြန်ရန်နှင့် ပုံမှန်စစ်ဆေးမှုများ ခံယူမှု ရှိစေရန် ကျွန်ုပ်တို့က ကတိကဝတ်ပြုပါသည်။ |

၁၇၆။ နိုင်ငံအလိုက် တိုးတက်မှုအခြေအနေအကြောင်း နောက်ဆုံးအစီရင်ခံစာနှင့် အခြားသတင်းအချက်အလက်များကို EITI နှင့် အင်တာနက်စာမျက်နှာ <https://eiti.org/countries> တွင်ကြည့်ပါ။

## လေ့ကျင့်ခန်းစာရွက် (ဆ)
## ၇။ ဝင်ငွေ စီမံခန့်ခွဲမှု

**နောက်ခံအကြောင်းအရာ** – သယံဇာတမှရရှိသော ဝင်ငွေများ ခိုင်မာစွာ စီမံခန့်ခွဲမှုသည် ကြိုတင်မမျှော်မှန်းနိုင်သော စီးပွားရေးဆိုင်ရာ အန္တရာယ်များအကြောင်း ဗဟုသုတအား ရေတို အကျိုးအမြတ်များနှင့် ပတ်သက်ပြီး မျှော်မှန်းချက်များကို စီမံခန့်ခွဲခြင်းနှင့် ပေါင်းစပ်ထားပါသည်။ နိုင်ငံရေးပါတီများသည် ခိုင်မာသော အုပ်ချုပ်မှု ဖြစ်ပေါ်လာအောင် နှိုးဆော် အားပေးရာတွင် လွှမ်းမိုးမှု ရှိနိုင်ပါသည်။ ဂါနာနိုင်ငံ၌ ရေနံတွေ့ရှိပြီးခါစမှာပင် အဓိကပါတီ နှစ်ခုက မိမိတို့ပါတီသည် ရေနံ အမြန်ဆုံး ထွက်ရှိလာအောင် လုပ်နိုင်ပြီး ရေနံမှရရှိသော ဝင်ငွေများကို အမြန်ဆုံး သုံးစွဲမည့်ပါတီအဖြစ် အပြိုင်အဆိုင် ကြွေးကြော်လုံးထုတ်ခဲ့ကြပါသည်။ ကမကောင်းစွာပင် ထိုသို့ ဝင်ငွေကို အမြန်ဆုံး သုံးစွဲရန် ပြိုင်ဆိုင်မှု စတင်ပြီးနောက်ပိုင်းတွင် ရေနံဈေးများ အကြီးအကျယ် ကျဆင်းခဲ့သဖြင့် အများပြည်သူဆိုင်ရာ ကြွေးမြီ အမြောက်အမြား တင်သွားခဲ့ပါသည်။[၁၇၇] တော်သေးသည်မှာ မကြာသေးမီက ပါတီများသည် ဝင်ငွေ အတက်အကျမြန်မှုကို ဖြေရှင်းရန် ရပ်တည်မှုအသစ်များ ရေးဆွဲသတ်မှတ်ခဲ့ပြီး အဆိုပါ အကြောင်းအရာများနှင့်ပတ်သက်သော အများပြည်သူဆိုင်ရာ ဆွေးနွေးငြင်းခုံမှုများအား သတင်းအချက်အလက် ပေးနိုင်ရန် အဆိုပါ ရပ်တည်မှုများကို အသုံးပြုခဲ့ကြပါသည်။

မူဝါဒရပ်တည်မှုတွင် သဘာဝ သယံဇာတများနှင့်ပတ်သက်၍ ဝင်ငွေစုဆောင်းခြင်းနှင့် ချေးယူခြင်းတို့အတွက် ရှင်းလင်းသော စည်းမျဉ်းများ မဖြစ်မနေ သတ်မှတ်ထားသင့်ပါသည်။ သယံဇာတမှ ရရှိသော ဝင်ငွေများကို ကောက်ခံခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ခွဲဝေပေးခြင်း ပြုရာတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု ရှိရန် လိုအပ်သည့်အပြင် နိုင်ငံသားများ၏ ရေရှည် အကျိုးစီးပွားကို ရှေးရှုသင့်ပါသည်။ ပါတီအနေဖြင့် ကြီးကြပ်ရေး အဖွဲ့အစည်းများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများ နှင့် မီဒီယာ အပါအဝင် ဤကဏ္ဍအတွက် အစိုးရ၏ အခွန်အခများ ကောက်ခံမှုဆိုင်ရာ မူဘောင်အပေါ် ထိရောက်သော ကြီးကြပ်မှုလည်း ရှိစေသင့်ပါသည်။

**ကုန်ကျမှုများနှင့် ရရှိသောအကျိုးအတွက် ပေးဆပ်ရမှုများ**

*ကုန်ခမ်းသွားနိုင်မှု နှင့်ပတ်သက်သော မူဝါဒ ရပ်တည်မှုများ ရေးဆွဲသတ်မှတ်သောအခါ အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရန် အထူးပင် အရေးကြီးပါသည် –*

- သဘာဝ သယံဇာတများသည် နောက်ထပ်မည်မျှ ကြာကြာရှိနေဦးမည်ဟု မျှော်မှန်းထားသည်နှင့် ရင်းနှီးမြှုပ်နှံမှုအတွက် လက်ရှိ ပြည်သူများ၏ လိုအပ်ချက်များနှင့် နောင်လာနောင်သားများ၏ မျှော်မှန်း လိုအပ်ချက်များ
- နောင်လာနောင်သားများအတွက် ရန်ပုံငွေ ထိန်းသိမ်းခြင်း၏ ငွေကြေးအရနှင့် နိုင်ငံရေးအရ သက်ရောက်မှုများအပြင် အဂတိလိုက်စားမှု ဖြစ်ပွားနိုင်သော အန္တရာယ်

*အသုံးစရိတ်များအား ဝင်ငွေများမှ ခွဲထုတ်ခြင်း နှင့်ပတ်သက်သော မူဝါဒ ရပ်တည်မှုများ ရေးဆွဲသတ်မှတ်သောအခါ အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရန် အထူးပင် အရေးကြီးပါသည် –*

- ဝင်ငွေများ (သို့မဟုတ် ဈေးနှုန်းများ)သည် လွန်ခဲ့သော ငါးနှစ်တလျှောက် ကြိုတင်ခန့်မှန်းနိုင်မှု ဘယ်လောက်ရှိလဲ

>>>

[၁၇၇] အခန်း ၂ တွင် ဂါနာနိုင်ငံအကြောင်း လေ့လာမှုကို ကြည့်ပါ။

>>>

- ဘတ်ဂျက်သည် ရုတ်တရက် ဈေးနှုန်း အပြောင်းအလဲများအပေါ် ဘယ်လောက်ထိ တုံ့ပြန်လဲ
- ဈေးနှုန်းမြင့်သည့်နှစ်တွင် ဝင်ငွေအားလုံး အသုံးမပြုခြင်း၏ နိုင်ငံရေးအရ သက်ရောက်မှုများ အပါအဝင် ခိုင်မာမှုအတွက် အာမခံချက်ပေးခြင်း၊ ရန်ပုံငွေ သတ်မှတ်ခြင်း၏ ကုန်ကျမှုများနှင့် အကျိုးကျေးဇူးများ

*ဝင်ငွေများအား တိုင်းပြည် စီးပွားရေးထဲသို့ စုပ်ယူခြင်း*နှင့်ပတ်သက်သော *မူဝါဒ ရပ်တည်မှုများ ရေးဆွဲသတ်မှတ်ရာတွင် အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရန် အထူးပင် အရေးကြီးပါသည် –*

- ပုဂ္ဂလိက ကဏ္ဍ၏ စုပ်ယူနိုင်စွမ်း (Absorptive Capacity)
- အစိုးရ ကဏ္ဍ၏ စုပ်ယူနိုင်စွမ်း (Absorptive Capacity) နှင့် ထိရောက်မှုရှိသော ငွေကြေးသုံးစွဲမှု၏ အမြင့်ဆုံး နှုန်း
- စုပ်ယူနိုင်စွမ်း (Absorptive Capacity) ထက် ကျော်လွန်သုံးစွဲသောအခါ ရင်းနှီးမြှုပ်နှံမှုအပေါ် အမြတ်အစွန်း ပြန်လည်ရရှိမှုနှင့် အချို့သော ဝင်ငွေများအား ထိရောက်စွာ သုံးစွဲနိုင်ခြင်း မရှိသေးခင်အထိ စောင့်ဆိုင်းရန်ပုံငွေ (Parking Fund)အဖြစ် သီးခြား ဖယ်ထုတ်ထားခြင်း၏ ငွေကြေးအရ နှင့် နိုင်ငံရေးအရ သက်ရောက်မှုများ

*သယံဇာတ အာမခံထားသော ချေးငွေများ*နှင့်ပတ်သက်သည့် *မူဝါဒရပ်တည်မှုများ ရေးဆွဲသတ်မှတ်ရာတွင် အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရန် အထူးပင် အရေးကြီးပါသည် –*

- သယံဇာတ တူးဖော်မှုမှရရှိသော စုစုပေါင်း မျှော်မှန်းဝင်ငွေများနှင့် အဆိုပါ မျှော်မှန်းချက်များ၏ သေချာနှုန်း
- နောက်ပိုင်းမှသုံးစွဲရန် ဝင်ငွေများ မရှိခြင်း၏ သက်ရောက်မှုများနှင့် နှိုင်းယှဉ်လျက် ယခုအချိန်တွင် ဝင်ငွေ သုံးစွဲနိုင်ခြင်း၏ နိုင်ငံရေးအရနှင့် ဖွံ့ဖြိုးတိုးတက်မှုအရ အားသာချက်များ
- အဆိုပါ ချေးငွေများ၏ ဖြစ်နိုင်သော အတိုး နှုန်းထားများ နှင့် ကြွေးမြီ နှုန်းထားသည် ဘတ်ဂျက်တစ်ခုလုံးနှင့် သယံဇာတမှရရှိသော ဝင်ငွေများ၏ ပမာဏနှင့် ယှဉ်လျှင် မည်သို့ရှိကြောင်း

အဆိုပါ မူဝါဒ ကိစ္စရပ်များနှင့်ပတ်သက်၍ ထပ်မံသိရှိလိုပါက Charter Benchmarking Framework ၏ စည်းမျဉ်း ၇ နှင့် ၈၊ ဝင်ငွေစီမံခန့်ခွဲမှုနှင့် ခွဲဝေပေးမှု၊ အခွန်ဘဏ္ဍာငွေဆိုင်ရာ စည်းမျဉ်းများနှင့် သဘာဝ သယံဇာတ ရန်ပုံငွေများ၊ ဒေသန္တရ အစိုးရအဖွဲ့များအား ဝင်ငွေ ခွဲဝေဖြန့်ဖြူးခြင်းနှင့် ဒေသန္တရ အစိုးရအဖွဲ့များ၏ ဝင်ငွေ စီမံခန့်ခွဲမှုတို့အကြောင်း NRGI လက်ကမ်းစာစောင်များကို ကိုးကားပါ။[၁၇၈]

၁၇၈။ ဝင်ငွေစီမံခန့်ခွဲမှုနှင့် ဖြန့်ဖြူးမှုအကြောင်း လက်ကမ်းစာစောင်ကို <https://resourcegovernance.org/analysis-tools/publications/primer-revenue-management-and-distribution> တွင် ရယူနိုင်သည်၊ အခွန်ဘဏ္ဍာငွေဆိုင်ရာ စည်းမျဉ်းများနှင့် သဘာဝ သယံဇာတဆိုင်ရာ ရန်ပုံငွေများအကြောင်း လက်ကမ်းစာစောင်ကို <https://resourcegovernance.org/analysis-tools/publications/primer-fiscal-rules-and-natural-resource-funds> တွင် ရယူနိုင်သည်၊ ဒေသန္တရ အစိုးရအား ဝင်ငွေ ခွဲဝေပေးခြင်းအကြောင်း လက်ကမ်းစာစောင်ကို <https://resourcegovernance.org/analysis-tools/publications/primer-subnational-revenue-distribution> တွင် ရယူနိုင်သည်၊ ဒေသန္တရ အစိုးရ ဝင်ငွေစီမံခန့်ခွဲမှုအကြောင်း လက်ကမ်းစာစောင်ကို <https://resourcegovernance.org/analysis-tools/ publications/primer-subnational-revenue-management> တွင် ရယူနိုင်သည်။

| လမ်းညွှန်မေးခွန်းများ | လက်ရှိအခြေအနေ |
|---|---|
| • ဝင်ငွေ အတက်အကျမြန်မှု၊ သယံဇာတ ကုန်ခမ်းသွားနိုင်မှုနှင့် သဘာဝ သယံဇာတများနှင့် ပတ်သက်၍ စီးပွားရေး ပုံစံပျက်ခြင်းဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရန် ထားရှိသင့်သည့် စည်းမျဉ်းများ (ဆိုလိုသည်မှာ သယံဇာတ ရန်ပုံငွေနှင့် ငွေကြေးမူဝါဒ)နှင့်ပတ်သက်ပြီး ပါတီတွင် (တရားဝင် သို့မဟုတ် တရားမဝင်၊ လူသိရှင်ကြား သို့မဟုတ် ပါတီတွင်း) ရပ်တည်မှုတစ်ရပ် ရှိနှင့်ပြီးသားလား။ ရှိနှင့်ပြီးသားဆိုပါက ထိုရပ်တည်မှုက ဘာလဲ။ | |
| • ဝင်ငွေလွှဲပြောင်းမှုများကို ဒေသန္တရ အာဏာပိုင်များက မည်သို့ စီမံခန့်ခွဲသင့်သည်နှင့်ပတ်သက်ပြီး ပါတီတွင် (တရားဝင် သို့မဟုတ် တရားမဝင်၊ လူသိရှင်ကြား သို့မဟုတ် ပါတီတွင်း) ရပ်တည်မှုတစ်ရပ် ရှိနှင့်ပြီးသားလား။ | |
| • ပါတီ၏ အမာခံ ထောက်ခံသူများနှင့် ၎င်း၏ အဓိက မဲဆန္ဒနယ်များအနေဖြင့် သယံဇာတမှရရှိသော ဝင်ငွေများအား မည်သို့ စီမံခန့်ခွဲသင့်သည် (ဆိုလိုသည်မှာ သယံဇာတ ရန်ပုံငွေများ၊ ငွေကြေးမူဝါဒများနှင့် ဒေသန္တရ အစိုးရအဖွဲ့များထံ လွှဲပြောင်းပေးမှုများ)နှင့်ပတ်သက်ပြီး မည်သို့ ထင်မြင်ယူဆသနည်း။ အများပြည်သူက မည်သို့ ထင်မြင်ယူဆသနည်း။ | |
| **လမ်းညွှန်မေးခွန်းများ** | **လက်ရှိမူဘောင်** |
| • သဘာဝ သယံဇာတမှရရှိသော ဝင်ငွေများအတွက် လက်ရှိ အခွန်အခများ ကောက်ခံမှုဆိုင်ရာ မူဘောင်က ဘာလဲ။ အစိုးရသည် သတ်မှတ်ထားသော မည်သည့် အခွန်ဘဏ္ဍာငွေဆိုင်ရာ စည်းမျဉ်းများမဆို အပါအဝင် ဤအခွန်အခများ ကောက်ခံမှုဆိုင်ရာ မူဘောင်အား လိုက်နာကျင့်သုံးခြင်း ရှိပါသလား။ မည်သည့် အခွန်ဘဏ္ဍာငွေဆိုင်ရာ စည်းမျဉ်းများကိုမဆို လိုက်နာမှု ရှိမရှိအပေါ် စိစစ်မှုနှင့် အရေးယူဆောင်ရွက်မှု အစီအစဉ်များ ရှိလား၊ အစိုးရသည် ၎င်းတို့အား လိုက်နာမှု ရှိပါသလား။[၁၇၉] | |
| • ပြည်တွင်းစီးပွားရေးတွင် အစိုးရသည် ငွေကြေးသုံးစွဲမှုနှုန်းကို လုံလောက်စွာ စီမံခန့်ခွဲမှု ရှိပါသလား။ အစိုးရ ငွေကြေးသုံးစွဲမှုသည် ရေတို ဝင်ငွေအပြောင်းအလဲများအပေါ် မှီခိုမှု ကင်းမဲ့သလား (ဆိုလိုသည်မှာ လွန်ခဲ့သော ဆယ်နှစ်တလျှောက် ဝင်ငွေသုံးစွဲမှုသည် ဝင်ငွေများနှင့်ယှဉ်လျှင် တည်ငြိမ်မှု ရှိပါသလား။ | |
| • အစိုးရသည် ငွေကြေးအား အကျိုးရှိသော ပိုင်ဆိုင်မှု သို့မဟုတ် လူမှုဝန်ဆောင်မှုများအဖြစ်သို့ အသွင်းပြောင်းရာတွင် ဘယ်လောက် ထိရောက်မှု။ | |
| • နိုင်ငံပိုင် ဥစ္စာဓန ရန်ပုံငွေတစ်ရပ် ရှိပါသလား။ ရှိလျှင် ၎င်း၏ ရည်ရွယ်ချက်က ဘာလဲ၊ ၎င်းအား မည်သို့ စီမံခန့်ခွဲသနည်း။[၁၈၀] | |
| • ဝင်ငွေများကို ဒေသန္တရ အစိုးရအဖွဲ့များထံ လွှဲပြောင်းပေးပါသလား။ လွှဲပြောင်းပေးသည်ဆိုပါက ထိုလွှဲပြောင်းမှုများကို မည်သို့ စီမံခန့်ခွဲသနည်း၊ မည်သို့ တာဝန်ခံသနည်း၊ မည်သို့ အစီရင်ခံသနည်း။[၁၈၁] | |

၁၇၉။ လက်ရှိ မူဘောင်နှင့်ပတ်သက်သော သတင်းအချက်အလက်များကို မေးခွန်းများ 2.1.2a-2.1.2b နှင့် 2.1.3a-2.1.3b. အောက်ရှိ RGI Data တွင် တွေ့ရှိနိုင်ပါသည်။

၁၈၀။ လက်ရှိ မူဘောင်နှင့်ပတ်သက်သော သတင်းအချက်အလက်များကို မေးခွန်းများ 2.3a, 2.3.1 a-c, 2.3.2a-2.3.2d, 2.3.3a-b, 2.3.4a-e, 2.3.5a-d, နှင့် 2.3.6a-c (law). အောက်ရှိ RGI Data တွင် တွေ့ရှိနိုင်ပါသည်။

၁၈၁။ လက်ရှိမူဘောင်နှင့်ပတ်သက်သော သတင်းအချက်အလက်များကို မေးခွန်းများ 2.2.a-2.2.5a. အောက်ရှိ RGI Data တွင် တွေ့ရှိနိုင်ပါသည်။

| | |
|---|---|
| • သယံဇာတ အုပ်ချုပ်မှု အညွှန်းကိန်း၏ ''ဝင်ငွေ စီမံခန့်ခွဲမှု'' အပိုင်းတွင် တိုင်းပြည်သည် မည်သို့ အခြေအနေ ရှိသနည်း။ တိုင်းပြည်က မည်သည့်အခြေခံ စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်း ညွှန်ပြမှုများမှာ အားနည်းနေတာလဲ၊ ဘာကြောင့်လဲ။[၁၈၂] | |
| • တိုင်းပြည်သည် EITI အဖွဲ့ဝင်နိုင်ငံ ဖြစ်ပါက နောက်ဆုံး EITI အစီရင်ခံစာတွင် ''ဝင်ငွေ ခွဲဝေချထားခြင်းများ''နှင့်ပတ်သက်ပြီး တွေ့ရှိမှုများနှင့် အကြံပြုချက်များက ဘာတွေလဲ။[၁၈၃] | |
| **မူဝါဒဆိုင်ရာ ရွေးချယ်နိုင်မှုများ** | **ရပ်တည်မှုများ** |
| **ပြန်လည်မပြည့်ဖြိုးသော သဘာဝ သယံဇာတများသည် အကန့်အသတ်နှင့်သာ ရှိသောကြောင့် အစိုးရအနေဖြင့် ၎င်း၏ ငွေသုံးစွဲမှုနှင့် ချေးယူမှုတို့သည် အခွန်ဘဏ္ဍာငွေဆိုင်ရာ ရေရှည်တည်တံ့မှု ရှိစေရန် ဘာလုပ်သင့်သနည်း။**<br>• အစိုးရအနေဖြင့် ၎င်း၏ သယံဇာတ အသုံးပြုမှုနှင့် ငွေသုံးစွဲမှု မူဝါဒတို့သည် ရေရှည်တည်တံ့မှု ရှိစေရန် ၎င်းတို့အား မည်သို့ ဆန်းစစ်သင့်သနည်း။ (ဥပမာ – ရေရှည်တည်တံ့မှုဆိုင်ရာ မည်သည့် အညွှန်းကိန်းများကို ကိုးကားသင့်သနည်း။)<br>• အစိုးရအနေဖြင့် အခွန်ဘဏ္ဍာငွေဆိုင်ရာ ရေရှည်တည်တံ့မှု မြှင့်တင်ရန်နှင့် ကိန်းဂဏန်း တိတိကျကျ ရှိသော ရည်မှန်းချက်များ ပါဝင်စေရန် အခွန်အခများ ကောက်ခံမှုဆိုင်ရာ မူဘောင်အား ပြင်ဆင်သင့်ပါသလား။<br>• အခွန်ဘဏ္ဍာငွေဆိုင်ရာ စည်းမျဉ်းများ အပါအဝင် အခွန်အခများ ကောက်ခံမှုဆိုင်ရာ မူဘောင်အား လိုက်နာမှု ရှိစေရန် အစိုးရအနေဖြင့် မည်သို့ ဆောင်ရွက်သင့်သနည်း။ လိုက်နာမှုကို မြှင့်တင်ရန် မည်သည့် မှန်မမှန် စစ်ဆေးခြင်း အစီအမံများ ထားရှိသင့် သို့မဟုတ် ပိုမိုလေးနက်စွာ အရေးယူ ဆောင်ရွက်သင့်သနည်း။<br>• အစိုးရအနေဖြင့် အစိုးရ ပိုင်ဆိုင်မှုများအား အပေါင်ထားခြင်း၊ ချေးယူမှု ကာလများနှင့် ပွင့်လင်းမြင်သာမှုဆိုင်ရာ သတ်မှတ်ချက်များနှင့်ပတ်သက်သော ပြဋ္ဌာန်းချက်များ အပါအဝင် ကြွေးမြီ စီမံခန့်ခွဲမှု မူဝါဒ သတ်မှတ်သင့်/အသက်သွင်းသင့်ပါသလား။<br>• သယံဇာတ မဟုတ်သော အခွန်ကောက်ခံမှု အခြေခံကို တိုးချဲ့ရာတွင် အထောက်အကူဖြစ်ရန် အစိုးရအနေဖြင့် မည်သို့ ဆောင်ရွက်သင့်သနည်း။ | နမူနာ ရပ်တည်မှု – အစိုးရ၏ သဘာဝ သယံဇာတ စီမံခန့်ခွဲမှုသည် အခွန်ဘဏ္ဍာငွေဆိုင်ရာ ရေရှည်တည်တံ့မှု ရှိသင့်သည်ဟု ပါတီက ယုံကြည်ပါသည်။ ထို့ကြောင့် ချေးယူမှုအား ကန့်သတ်ရန်၊ သယံဇာတမှ ရရှိသော ဝင်ငွေများကို တာဝန်ယူမှုရှိစွာ ရင်းနှီးမြှုပ်နှံရန်၊ စီးပွားရေးလုပ်ငန်း အမျိုးအစား စုံလင်စွာ ဖြန့်ကျက်လုပ်ကိုင်ခြင်းကို ပံ့ပိုးပေးရန်နှင့် အခွန်ကောက်ခံမှု အခြေခံ (Tax Base) ကို ချဲ့ထွင်ရန် စည်းမျဉ်းများ သတ်မှတ်ရန် ကျွန်ုပ်တို့က ကတိကဝတ်ပြုပါသည်။ |
| **ပြည်တွင်းစီးပွားရေးတွင် ငွေသုံးစွဲမှုနှုန်းကို ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲရန် အစိုးရအနေဖြင့် ဘာလုပ်သင့်သနည်း။**<br>• ငွေကြေးအား အကျိုးရှိသော ပိုင်ဆိုင်မှုများ သို့မဟုတ် လူမှုဝန်ဆောင်မှုများ အဖြစ်သို့ အသွင်းပြောင်းရန် ဘာလုပ်သင့်သနည်း။<br>• (အစိုးရသုံးစွဲမှု အပါအဝင်) စုစုပေါင်းသုံးစွဲမှု တိုးတက်မှုသည် စုပ်ယူနိုင်စွမ်း (Absorptive Capacity)အကန့်အသတ်များထက် ကျော်လွန်ခြင်း ရှိ မရှိ ဆန်းစစ်ရန် အစိုးရအနေဖြင့် မည်သည့် သတင်းအချက်အလက်များကို အသုံးပြုသင့်သနည်း။<br>• အစိုးရအနေဖြင့် စုပ်ယူနိုင်စွမ်း (Absorptive Capacity)အကန့်အသတ်များကို မည်သို့ ရှောင်ကြဉ်သင့်သနည်း။ (ဥပမာ – ပိုလျှံသော ဝင်ငွေများကို ပြည်ပကြွေးမြီ ပြန်လည်ပေးဆပ်မှုအတွက် သုံးသင့်သလား သို့မဟုတ် ပြည်ပပိုင်ဆိုင်မှုများတွင် စုဆောင်းသင့်သလား။)<br>• ငွေလဲနှုန်း တိုးတက်မှု (Real Exchange Rate Appreciation) သို့မဟုတ် ငွေလဲနှုန်းနှင့် ဝင်ငွေ အတက်အကျမြန်မှု အပါအဝင် သယံဇာတအပေါ် မှီခိုမှုနှင့် ဆက်စပ်သော အပျက်သဘော ဆောင်နိုင်ဖွယ်ရှိသည့် သက်ရောက်မှုများကို လျှော့ပါးသက်သာစေရာတွင် အထောက်အကူဖြစ်စေရန် ဗဟိုဘဏ်အနေဖြင့် မည်သို့ ဆောင်ရွက်သင့်သနည်း။ | နမူနာ ရပ်တည်မှု – သဘာဝ သယံဇာတမှရရှိသော ဝင်ငွေများကို သုံးစွဲမည့်နှုန်းသည် တိုင်းပြည်၏ စုပ်ယူနိုင်စွမ်း (Absorptive Capacity)နှင့် ညီညွတ်သင့်သည်ဟု ပါတီက ယုံကြည်ပါသည်။ ထို့ကြောင့် သယံဇာတမှရရှိသော ဝင်ငွေများသည် ပြည်တွင်းစီးပွားရေးတွင် ထိရောက်စွာ သုံးစွဲနိုင်သည်ထက် ကျော်လွန်သောအခါ ပိုလျှံသော ဝင်ငွေများအား ပြည်ပကြွေးမြီပေးဆပ်ခြင်း သို့မဟုတ် ပြည်ပပိုင်ဆိုင်မှုများတွင် စုဆောင်းခြင်းတို့ ပြုလုပ်ရန် ကျွန်ုပ်တို့က ကတိကဝတ် ပြုပါသည်။ |

၁၈၂။ အဆိုပါမေးခွန်းများအတွက် အသေးစိတ် အဖြေများကို <http://www.resourcegovernanceindex.org/about/data-and-source-documents> (အပိုင်း ၂.၂) မှ ဒေါင်းလုတ်ဆွဲယူနိုင်သော RGI Data Explorer တွင် ကြည့်ရှုပါ။ အပိုင်းခွဲနှင့် အညွှန်းကိန်းရမှတ်များကို အမြန်ကြည့်လိုပါက <http://www.resourcegovernanceindex.org/country-profiles> တွင် Country Profile ကိုကြည့်ပါ (မိမိကြည့်လိုသော နိုင်ငံကို ရွေးချယ်ပါ၊ Full Scores အပိုင်းသို့ ဆင်းပါ၊ + ကိုနှိပ်၍ သက်ဆိုင်ရာ အမှတ်များကို တစ်ခုချင်း ကြည့်ပါ)။

၁၈၃။ နိုင်ငံအလိုက် တိုးတက်မှုအခြေအနေအကြောင်း နောက်ဆုံးအစီရင်ခံစာနှင့် အခြားသတင်းအချက်အလက်များကို EITI နှင့် အင်တာနက်စာမျက်နှာ <https://eiti.org/countries> တွင်ကြည့်ပါ။

| | |
|---|---|
| **ငွေကြေးသုံးစွဲမှုသည် ရေတို ဝင်ငွေပြောင်းလဲမှုများအပေါ် မှီခိုမှု မရှိစေရန် အစိုးရ အနေဖြင့် ဘာလုပ်သင့်သနည်း။**<br>• ရေတို အသုံးစရိတ် ချောမွေ့မှုရှိစေခြင်းအပေါ် လွှမ်းမိုးသော အခွန်အခများ ကောက်ခံမှုဆိုင်ရာ မူဘောင်အား အစိုးရက ပြင်ဆင်သင့်ပါသလား။ လိုက်နာဆောင်ရွက်မှုကို မည်သို့ စောင့်ကြည့်စစ်ဆေးသင့်သနည်း။<br>• အကယ်၍ အစိုးရသည် နိုင်ငံပိုင် ဥစ္စာခေန ရန်ပုံငွေ ရှိပါက အဆိုပါ ရန်ပုံငွေအား ပွင့်လင်းမြင်သာသော၊ တာဝန်ခံမှုရှိသော၊ ထိရောက်မှုရှိသော နည်းလမ်းဖြင့် စီမံခန့်ခွဲမှု ရှိစေရန် အစိုးရအနေဖြင့် ဘာလုပ်သင့်သနည်း။ ရင်းနှီးမြှုပ်နှံမှု မဟာဗျူဟာသည် ရန်ပုံငွေ၏ ရည်မှန်းချက်များကို အောင်မြင်စေရန် ဘာလုပ်သင့်သနည်း။ | နမူနာ ရပ်တည်မှု – အစိုးရ ငွေသုံးစွဲမှုအား သဘာဝ သယံဇာတမှ ရရှိသော ဝင်ငွေများ၏ ရေတို အတက်အကျမှ ခွဲခြားထားသင့်သည်ဟု ပါတီက ယုံကြည်ပါသည်။ ထို့ကြောင့် လက်ရှိ အခွန်အခများ ကောက်ခံမှုဆိုင်ရာ မူဘောင်အား ပြန်လည်သုံးသပ်ရန်နှင့် အသုံးစရိတ်များ ချောမွေ့မှု ရှိစေခြင်းနှင့်ပတ်သက်၍ အကြံပြုချက်များပေးရန် ကျွန်ုပ်တို့က ကတိကဝတ်ပြုပါသည်။ |

## လေ့ကျင့်ခန်းစာရွက် (ဆ)
## ၈။ အစိုးရ ငွေသုံးစွဲမှု

**နောက်ခံအကြောင်းအရာ** – သယံဇာတ ပေါကြွယ်ဝမှုသည် အခြေခံ အဆောက်အအုံနှင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများတွင် အရေးပါသော တိုးတက်မှုများအတွက် ငွေကြေးထောက်ပံ့ပေးမည့် အခွင့်အလမ်း ပေးပါသည်။ ကံမကောင်းစွာပင် တိုင်းပြည်များသည် ဤအခွင့်အလမ်းအား မကြာခဏဆိုသလို ဖြုန်းတီးမိလေ့ရှိကြပါသည်။ အစိုးရအနေဖြင့် စုဆောင်းငွေများနှင့် ရင်းနှီးမြှုပ်နှံမှု နှုန်းများကို ကောင်းစွာ စီမံခန့်ခွဲသည့်တိုင် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများသည် သယံဇာတမှ ရရှိသော ဝင်ငွေများကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်စေမည့် နည်းလမ်းဖြင့် အသုံးပြုရန် ရုန်းကန်နေရဆဲ ဖြစ်ပါသည်။

အစိုးရ ငွေသုံးစွဲမှု၏ သက်ရောက်မှုသည် ၎င်း၏ ထိရောက်မှုအပေါ် အဓိက မူတည်နေပြီး ထိရောက်မှု မြှင့်တင်ခြင်း၏ အကျိုးကျေးဇူးများကလည်း ထင်ရှားပါသည်။ အထိရောက်ဆုံး အများပြည်သူဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုရှိသော တိုင်းပြည်များသည် ထိရောက်မှုအနည်းဆုံး တိုင်းပြည်များနှင့် ယှဉ်ပါက ရင်းနှီးမြှုပ်နှံမှု တစ်ဒေါ်လာလျှင် စီးပွားရေးတိုးတက်မှု သိသိသာသာ ပို၍များပါသည်။ နိုင်ငံရေးပါတီများသည် အစိုးရ ငွေသုံးစွဲမှုအပေါ် လမ်းညွှန်မှုပေးခြင်းနှင့် ၎င်းအား တတ်နိုင်သမျှ ထိရောက်မှုရှိအောင် စီမံခန့်ခွဲစေခြင်းတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ငွေသုံးစွဲမှု လုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် ခိုင်မာသော ပါတီ ရပ်တည်မှုများသည် ထင်သာမြင်သာ ရှိသော်လည်း ထိခိုက်မှုနည်းပါးသော စီမံကိန်းများအတွက် ငွေကြေးသုံးစွဲရန် လူကြိုက်များ ဝါဒ ဖြစ်လာနိုင်သည့် အလားအလာများမှ ကာကွယ်ပေးနိုင်ပါသည်။

ဥပမာအားဖြင့် ဂါနာနိုင်ငံ၏ လူထုညီလာခံ ပါတီတွင် ''သယံဇာတ တူးဖော်မှုကဏ္ဍမှ ရရှိသော ဝင်ငွေအား ဂါနာ ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်နှင့် မူဝါဒ ရည်မှန်းချက်များနှင့် ညီညွတ်သော နည်းလမ်းဖြင့် ရင်းနှီးမြှုပ်နှံရန်'' ကတိကဝတ် များစွာ ရှိပါသည်။ ၎င်းတို့တွင် သယံဇာတ တူးဖော်မှုမှ ရရှိသော ဝင်ငွေများအပေါ် အလွန်အကျွံ မှီခိုမှု လျှော့ချရန်၊ ဒေသန္တရ အာဏာပိုင်များထံ ပေးချေသော ခိုင်ကြေးများကို ပြန်လည်စစ်ဆေး သုံးသပ်ရန်နှင့် ဝင်ငွေများ၏ တစ်ဝက်ကို စုဆောင်းခြင်းဖြင့် နောင်လာနောင်သားများ တန်းတူညီမျှစွာ အကျိုးခံစားခွင့် ရရှိစေရန် ကတိကဝတ်ပြုမှုများ ပါဝင်ခဲ့ပါသည်။

ဤနယ်ပယ်နှင့်ပတ်သက်သော မူဝါဒရပ်တည်မှုများ ရေးဆွဲသတ်မှတ်သောအခါ ပါတီတစ်ခုသည် ခွဲဝေသတ်မှတ်ခြင်းဆိုင်ရာ ထိရောက်မှု (အများပြည်သူဆိုင်ရာ အရင်းအမြစ်များ ခွဲဝေသတ်မှတ်ခြင်းနှင့် သုံးစွဲခြင်းတွင် အစိုးရ၏ ဦးစားပေး ကိစ္စရပ်များကို ထင်ဟပ်စေခြင်း)၊ (ဘတ်ဂျက်ပြင်ပ သုံးစွဲမှု အန္တရာယ်များကို အထူးသဖြင့် အလေးထား၍) ဝင်ငွေများ ဖြန့်ဝေပေးခြင်း၊ ဘတ်ဂျက် အကောင်အထည်ဖော်ခြင်းနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ထိရောက်မှု (အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများ ပေးရာတွင်နှင့် သုံးစွဲသည့်ငွေအပေါ် အကျိုးအများဆုံး ရရှိစေရာတွင် ဘတ်ဂျတ် သတ်မှတ်ထားသည့် အများပြည်သူဆိုင်ရာ အရင်းအမြစ်များအား ထိရောက်စွာ စီမံခန့်ခွဲနိုင်စွမ်း)နှင့် အဆိုပါ လုပ်ငန်းစဉ်များ အားလုံးတွင် တာဝန်ခံမှု မည်သို့ ရှိစေမည်တို့ကို ထည့်သွင်းစဉ်းစားသင့်ပါသည်။[၁၈၄]

**ကုန်ကျမှုများနှင့် ရရှိသောအကျိုးအတွက် ပေးဆပ်ရမှုများ**

*အမျိုးသား စီမံကိန်းများနှင့်အညီ ငွေကြေးသုံးစွဲခြင်း နှင့်ပတ်သက်သော မူဝါဒရပ်တည်မှုများကို ရေးဆွဲသတ်မှတ်သောအခါ အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရန် အထူးပင် အရေးကြီးပါသည် –*

>>>

၁၈၄။ ဤဇယားပါ မေးခွန်းများသည် ပို၍ အရေးကြီးသည့် သယံဇာတအပေါ် မှီခိုသော တိုင်းပြည်များနှင့် ဆီလျော်သော ကိစ္စရပ်များဖြင့် အစိုးရ၏ အသုံးစရိတ်နှင့် တာဝန်ခံမှု (Public Expenditure and Accountability – PEFA) မူဘောင်နှင့်အညီ ရေးဆွဲထားပါသည်။

>>>

- ရေရှည် မဟာဗျူဟာနှင့်အညီ သုံးစွဲခြင်းနှင့် လက်ရှိ လိုအပ်ချက်များအတိုင်း ပြင်လွယ် ပြောင်းလွယ်ရှိရန် လိုအပ်ချက်အကြား သင့်လျော်သော ဟန်ချက်ညီမှု
- အားနည်းသော လုပ်ငန်းစဉ်၏ ဆုံးရှုံးနိုင်ခြေများ (ဥပမာ – အလွန်အကျွံ သုံးစွဲခြင်း၊ သုံးစွဲမှု နည်းပါးလွန်းခြင်းနှင့် အလေအလွင့်)နှင့်နှိုင်းယှဉ်လျက် လက်ရှိ ဘတ်ဂျက်ရေးဆွဲ ခြင်း လုပ်ငန်းစဉ်အား ပိုမိုအားကောင်းအောင် ဆောင်ရွက်ခြင်းနှင့်ဆက်စပ်သည့် ငွေ ကြေးနှင့် အချိန်ကုန်ကျမှုများ (ဥပမာ – အခြား ဝန်ကြီးဌာနများ၏ ပိုမိုပါဝင်ဆောင်ရွက်မှု)

*ဘတ်ဂျက်ပြင်ပ သုံးစွဲမှုနှင့်ပတ်သက်သော မူဝါဒ ရပ်တည်မှုများကို ရေးဆွဲသတ်မှတ်သော အခါ အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရန် အထူးပင် အရေးကြီးပါသည် –*

- ဘတ်ဂျက်ပြင်ပ သုံးစွဲမှုများ၏ ငွေကြေးအရ၊ စီးပွားရေးအရနှင့် နိုင်ငံရေးအရ ကုန်ကျမှု များနှင့် မည်သည့် ဘတ်ဂျက်ပြင်ပ သုံးစွဲမှုအတွက်မဆို အကြောင်းပြချက်များ၏ ခိုင် လုံ မှန်ကန်မှု

*ဒေသန္တရ အစိုးရများအား ဝင်ငွေ ခွဲဝေပေးခြင်း*နှင့်ပတ်သက်သော မူဝါဒ ရပ်တည်မှုများကို ရေးဆွဲသောအခါ အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရန် အထူးပင် အရေးကြီးပါသည် –*

- သယံဇာတ ကြွယ်ဝသော ဒေသများမှ ဒေသန္တရ အစိုးရအဖွဲ့များနှင့် ပြည်ထောင်စု အစိုးရအကြား လက်ရှိ နိုင်ငံရေးနှင့် စီးပွားရေးအရ ဆက်ဆံရေးနှင့် ဒေသ၏ ပိုင်ဆိုင်မှု သို့မဟုတ် အခွန်ဘဏ္ဍာငွေဆိုင်ရာ လွတ်လပ်ခွင့်နှင့်ပတ်သက်၍ မျှော်မှန်းချက်များရှိ မရှိ
- သယံဇာတ တူးဖော်မှုနှင့်ပတ်သက်ပြီး ဒေသန္တရ အစိုးအဖွဲ့များ၏ အခွန်ဘဏ္ဍာငွေဆိုင် ရာ တာဝန် ဝတ္တရားများ
- ဒေသန္တရ အစိုးရအဖွဲ့များအနေဖြင့် ငွေကြေးအား ထိရောက်မြန်ဆန်စွာ သုံးစွဲနိုင်စွမ်းနှင့် သယံဇာတ ကြွယ်ဝမှုနှင့်ပတ်သက်ပြီး ထူးခြားသော ဝင်ငွေ စီမံခန့်ခွဲမှုဆိုင်ရာ စိန်ခေါ်မှု များအပေါ် တုံ့ပြန်ဆောင်ရွက်နိုင်စွမ်း

* ဤမေးခွန်းများကို အထက်ပါ ဒေသန္တရ သက်ရောက်မှုများ အပိုင်းတွင်လည်း ထည့်သွင်းဖော်ပြ ထားပြီး ထိုကိစ္စရပ် နယ်ပယ်တစ်ခုကို ဆွေးနွေးရန် ရွေးချယ်မထားပါက ဤနေရာတွင်သာ ဖော်ပြထားပါသည်။

---

အဆိုပါ မူဝါဒ ကိစ္စရပ်များနှင့်ပတ်သက်၍ ထပ်မံသိရှိလိုပါက Charter Benchmarking Framework ၏ စည်းမျဉ်း ၉ နှင့် သယံဇာတ ကျိန်စာ၊ အခွန်ဘဏ္ဍာငွေဆိုင်ရာ စည်းမျဉ်းများနှင့် သဘာဝ သယံဇာတဆိုင်ရာ ရန်ပုံငွေများ၊ ဝင်ငွေစီမံခန့်ခွဲမှုနှင့် ဖြန့်ဝေမှု နှင့် ပွင့်လင်းမြင်သာမှုဆိုင်ရာ နည်းလမ်း ယန္တရားများနှင့် လှုပ်ရှားမှုများအကြောင်း NRGI လက်ကမ်းစာစောင်များကို ကိုးကားပါ။[၁၈၅]

---

၁၈၅။ သယံဇာတ ကျိန်စာ လက်ကမ်းစာစောင်ကို <http://www.resourcegovernance.org/analysis-tools/publications/primer-resource-curse> တွင် ရယူနိုင်သည်၊ အခွန်ဘဏ္ဍာငွေဆိုင်ရာ စည်းမျဉ်းများနှင့် သဘာဝ သယံဇာတဆိုင်ရာ ရန်ပုံငွေများအကြောင်း လက်ကမ်းစာစောင်ကို <https://resourcegovernance.org/analysis-tools/publications/primer-fiscal-rules-and-natural-resource-funds> တွင် ရယူနိုင်သည်၊ ဝင်ငွေစီမံခန့်ခွဲမှုနှင့် ဖြန့်ဖြူးမှုအကြောင်း လက်ကမ်းစာစောင်ကို <https://resourcegovernance.org/analysis-tools/publications/primer-revenue-management-and-distribution> တွင် ရယူနိုင်သည်၊ ပွင့်လင်းမြင်သာမှုဆိုင်ရာ နည်းလမ်း ယန္တရားများနှင့် လှုပ်ရှားမှုများအကြောင်း လက်ကမ်းစာစောင်ကို <http://www.resourcegovernance.org/analysis-tools/publications/primer-transparency-mechanisms-and-movements> တွင် ရယူနိုင်ပါသည်။

| လမ်းညွှန်မေးခွန်းများ | လက်ရှိအခြေအနေ |
|---|---|
| • ဝင်ငွေများအား မည်သို့ အကြောင်းပြချက်ဖြင့် သုံးစွဲသင့်သည်၊ မည်သို့ အစီရင်ခံသင့်သည်နှင့်ပတ်သက်ပြီး ပါတီတွင် (တရားဝင် သို့မဟုတ် တရားမဝင်၊ လူသိရှင်ကြား သို့မဟုတ် ပါတီတွင်း ရပ်တည်ချက်တစ်ရပ် ရှိနှင့်ပြီးသားလား။ ရှိနှင့်ပြီးသားဆိုပါက ထိုရပ်တည်မှုက ဘာလဲ။ | |
| • မည်သည့်အခြေအနေများတွင် အချို့သော ဝင်ငွေများအား ဘတ်ဂျက်ပြင်ပ သုံးစွဲခွင့် ပြုသင့်သည်နှင့်ပတ်သက်ပြီး ပါတီတွင် (တရားဝင် သို့မဟုတ် တရားမဝင်၊ လူသိရှင်ကြား သို့မဟုတ် ပါတီတွင်း ရပ်တည်ချက်တစ်ရပ် ရှိနှင့်ပြီးသားလား။ ရှိနှင့်ပြီးသား ဆိုပါက ထိုရပ်တည်မှုက ဘာလဲ။ | |
| • ပါတီ၏ အမာခံ ထောက်ခံသူများနှင့် ၎င်း၏ အဓိက မဲဆန္ဒနယ်များက သယံဇာတမှ ရရှိသော ဝင်ငွေအား မည်သို့ အသုံးပြုသင့်သည်နှင့်ပတ်သက်၍ မည်သို့ ထင်မြင်ယူဆကြသနည်း။ အများပြည်သူက မည်သို့ ထင်မြင်ယူဆသနည်း။ | |
| **လမ်းညွှန်မေးခွန်းများ** | **လက်ရှိမှုဘောင်** |
| • အစိုးရ၏ ငွေသုံးစွဲမှုသည် အမျိုးသား စီမံကိန်းများနှင့် ကိုက်ညီပါသလား။ ဝင်ငွေများအား ရည်ရွယ်ထားသည့်အတိုင်း အသုံးပြုပါသလား။ | |
| • ဝင်ငွေများကို ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိသော နည်းလမ်းဖြင့် အသုံးပြုပါသလား။ သုံးစွဲမှုအပေါ် လွတ်လပ်သော စာရင်းစစ်ဆေးမှု ပြုလုပ်ပါသလား။[၁၈၆] | |
| • ဘတ်ဂျက်ပြင်ပ လွှဲပြောင်းမှုများ (ဥပမာ – နိုင်ငံပိုင် လုပ်ငန်းများ၊ စုဆောင်းငွေများဆိုင်ရာ ရန်ပုံငွေများ သို့မဟုတ် ဖွံ့ဖြိုးရေးဘဏ်များက လွှဲပြောင်းခြင်း)ကို အစိုးရက ခွင့်ပြုပါသလား။ ခွင့်ပြုပါက မည်သည့်အခြေအနေများနှင့် မည်သည့်အကြောင်းပြချက်များအတွက် ခွင့်ပြုသနည်း။ | |
| **မူဝါဒဆိုင်ရာ ရွေးချယ်မှုများ** | **ရပ်တည်မှုများ** |
| **အစိုးရ၏ ငွေသုံးစွဲမှုသည် အမျိုးသားစီမံကိန်းများနှင့် ကိုက်ညီစေရန် အစိုးရက ဘာလုပ်သင့်သနည်း။**<br>• အမျိုးသားစီမံကိန်းများနှင့် ကဏ္ဍအလိုက် စီမံကိန်းများအား ဘတ်ဂျက်ရေးဆွဲမှုများတွင် တရားဝင် ပေါင်းစပ်ထည့်သွင်းသင့်ပါသလား။<br>• အစိုးရ၏ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအား အမျိုးသားစီမံကိန်းများ၊ ကဏ္ဍအလိုက် စီမံကိန်းများအပေါ် အခြေခံ၍ ဒီဇိုင်းရေးဆွဲပြီး ဆန်းစစ်သင့်ပါသလား။ | နမူနာ ရပ်တည်မှု – သဘာဝ သယံဇာတမှရရှိသော ဝင်ငွေများအား အမျိုးသား စီမံကိန်းများနှင့်အညီ အသုံးပြုသင့်သည်ဟု ပါတီက ယုံကြည်ပါသည်။ ထို့ကြောင့် သယံဇာတ ကဏ္ဍ၏ မဟာဗျူဟာအား အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တွင် ပေါင်းစပ်ထည့်သွင်းရန် ကျွန်ုပ်တို့က ကတိကဝတ်ပြုပါသည်။ |
| **ဝင်ငွေများကို ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိသော နည်းလမ်းဖြင့် ဖြန့်ဝေပြီး ဘတ်ဂျက်ပြင်ပ လွှဲပြောင်းမှုများနှင့် သုံးစွဲမှုများကို ရှောင်ကြဉ်ရန် အစိုးရက ဘာလုပ်သင့်သနည်း။**<br>• သယံဇာတမှရရှိသော ဝင်ငွေအား အစိုးရက အသုံးပြုရာတွင် အမျိုးသား ဘတ်ဂျက်မှတဆင့် သတ်မှတ်ပေးသင့်ပါသလား။<br>• နိုင်ငံပိုင်လုပ်ငန်းများ၊ စုဆောင်းငွေများဆိုင်ရာ ရန်ပုံငွေများ သို့မဟုတ် ဖွံ့ဖြိုးရေးဘဏ်များအား ဘတ်ဂျက်ပြင်ပ ဝင်ငွေများကို လက်ခံရန် ခွင့်ပြုပေးသင့်ပါသလား။ ခွင့်ပြုပေးသင့်ပါက ဘာအကြောင်းပြချက်ကြောင့်နည်း။ အဆိုပါဝင်ငွေများကို ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် ထိရောက်မှုရှိသော နည်းလမ်းဖြင့် စီမံခန့်ခွဲစေရန် ဘာလုပ်သင့်သနည်း။ | နမူနာ ရပ်တည်မှု – သဘာဝ သယံဇာတမှရရှိသော ဝင်ငွေအား ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိသော နည်းလမ်းဖြင့် ဖြန့်ဝေသင့်သည်ဟု ပါတီက ယုံကြည်ပါသည်။ ထို့ကြောင့် သယံဇာတမှရရှိသော ဝင်ငွေအားလုံးကို အမျိုးသား ဘတ်ဂျက်သို့ တိုက်ရိုက်ထည့်သွင်း၍ ဗဟိုအစိုးရ၏ စာရင်းမှတဆင့် သုံးစွဲရန် ကျွန်ုပ်တို့က ကတိကဝတ်ပြုပါသည်။ |

၁၈၆။ လက်ရှိမှုဘောင်နှင့်ပတ်သက်သော သတင်းအချက်အလက်များကို မေးခွန်းများ 2.1.4a-2.1.4d. အောက်ရှိ RGI Data တွင် တွေ့ရှိနိုင်ပါသည်။

| | |
|---|---|
| **အများပြည်သူဆိုင်ရာ ဝင်ငွေများအား ရည်ရွယ်ထားသည့်အတိုင်း သုံးစွဲမှု ရှိစေရန် အစိုးရက ဘာလုပ်သင့်သနည်း။**<br>• မည်သည့် ငွေသုံးစွဲမှုအပေါ် ထိန်းချုပ်မှုများနှင့် တစိုက်မတ်မတ် ဆောင်ရွက်ရေး အစီအစဉ်များကို သတ်မှတ်ထားရှိသင့်သနည်း။<br>• အစိုးရ၏ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအား စီစဉ်ထားသည့်အတိုင်း အကောင်အထည်ဖော်မှု ရှိစေရန် ဘာလုပ်သင့်သနည်း။<br>• အစိုးရ၏ ဝယ်ယူမှုသည် ကြိုတင်မှန်းဆနိုင်ကာ ပွင့်လင်းပြီး အပြိုင်အဆိုင်ရှိသော တင်ဒါ လုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်စေရန် ဘာလုပ်သင့်သနည်း။ | *နမူနာ ရပ်တည်မှု – သဘာဝ သယံဇာတမှရရှိသော ဝင်ငွေဖြင့် ငွေကြေးပံ့ပိုးထားသည့် မည်သည့်စီမံကိန်းများကိုမဆို ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု ရှိစွာ အကောင်အထည် ဖော်သင့်သည်ဟု ပါတီက ယုံကြည်ပါသည်။ ထို့ကြောင့် အဆိုပါ စီမံကိန်းများအတွက် ငွေသုံးစွဲမှုအပေါ် ထိန်းချုပ်မှုများနှင့် တစိုက်မတ်မတ် ဆောင်ရွက်ရေး အစီအစဉ်များ သတ်မှတ်ထားရှိရန် ကတိကဝတ်ပြုပါသည်။* |
| **ဝင်ငွေများနှင့် အစိုးရ၏ သုံးစွဲမှုအပေါ် အကြောင်းပြချက် ပိုမိုခိုင်လုံစွာ ပေးနိုင်ပြီး ပိုမိုကောင်းမွန်စွာ အစီရင်ခံရန်နှင့် အစိုးရ၏ အသုံးစရိတ်အပေါ် ပိုမိုကောင်းမွန်စွာ ကြီးကြပ်မှု ရှိစေရန် အစိုးရက ဘာလုပ်သင့်သနည်း။**<br>• (သယံဇာတမှရရှိသော ဝင်ငွေ၏ ဘတ်ဂျက်ပြင်ပ သုံးစွဲမှုများ အပါအဝင်) အစိုးရ၏ ငွေသုံးစွဲမှုအပေါ် မည်သို့ အကြောင်းပြချက် အပြည့်အဝ ပေးပြီး အပြည့်အဝ အစီရင်ခံသင့်သနည်း။<br>• ဘတ်ဂျက်နှင့် ဘတ်ဂျက်ပြင်ပ ထပ်တလဲလဲ သုံးစွဲမှုအပေါ် လွတ်လပ်သော စာရင်းစစ်ဆေးမှုနှင့် ကြီးကြပ်မှု ရှိစေရန် ဘာလုပ်သင့်သနည်း။<br>• အစိုးရ၏ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကို မည်သို့ အကြောင်းပြချက်ပေး၍ အစီရင်ခံသင့်သနည်း။<br>• အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုများအပေါ် လွတ်လပ်သော စာရင်းစစ်ဆေးမှုနှင့် ဆန်းစစ်မှုများ ပြုလုပ်သင့်ပါသလား။ | *နမူနာ ရပ်တည်မှု – သဘာဝ သယံဇာတမှရရှိသော ဝင်ငွေများနှင့် ၎င်းနှင့်ဆက်စပ်သော သုံးစွဲမှုအား စာရင်းကိုင်ဆိုင်ရာနှင့် အစီရင်ခံ တင်ပြမှုဆိုင်ရာ အမြင့်မားဆုံး စံနှုန်းများနှင့်အညီ စီမံခန့်ခွဲသင့်သည်ဟု ပါတီက ယုံကြည်ပါသည်။ ထို့ကြောင့် သုံးစွဲမှုအားလုံးအပေါ် ပုံမှန်၊ အသေးစိတ် လွတ်လပ်သော စာရင်းစစ်ဆေးမှုများ ပြုလုပ်သင့်သည်ဟု ကျွန်ုပ်တို့က ယုံကြည်ပါသည်။* |
| **ဝင်ငွေများကို ဒေသန္တရ အစိုးရအဖွဲ့များထံ ခွဲဝေပေးသင့်ပါသလား။***<br>• ခွဲဝေပေးသင့်ပါက မည်သည့် ဝင်ငွေအမျိုးအစားများကို မည်သည့် ဒေသန္တရ အစိုးရအဖွဲ့များထံ ခွဲဝေပေးမည်နည်း။ ဝင်ငွေများအား မည်သို့ ခွဲဝေသင့်ပြီး လွှဲပြောင်းပေးမှုများသည် ရှင်းလင်းစွာ သတ်မှတ်ထားသည့် ရည်ရွယ်ချက်များအပေါ် အခြေခံကာ မှန်ကန်မှုနှင့် အချိန်ကိုက်မှု ရှိစေရန် ဘာလုပ်သင့်သနည်း။ | *နမူနာ ရပ်တည်မှု – သဘာဝ သယံဇာတတူးဖော်မှုမှ ရရှိသော ခိုင်ကြေးများ၏ သေးငယ်သော အစိတ်အပိုင်းအား တူးဖော်မှု ဆောင်ရွက်သည့် ဒေသမှ ဒေသန္တရ အစိုးရအဖွဲ့များထံ ခွဲဝေပေးသင့်သည်ဟု ပါတီက ယုံကြည်ပါသည်။ ထို့ကြောင့် ဒေသန္တရ အစိုးရအဖွဲ့များထံ လွှဲပြောင်းမှုအတွက် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိသော နည်းလမ်း ယန္တရားများ သတ်မှတ်ထားရှိရန် ကျွန်ုပ်တို့က ကတိကဝတ် ပြုပါသည်။* |

* ဤမေးခွန်းများကို အထက်ပါ ဒေသန္တရ သက်ရောက်မှုများ အပိုင်းတွင်လည်း ထည့်သွင်းဖော်ပြထားပြီး ထိုကိစ္စရပ် နယ်ပယ်တစ်ခုကို ဆွေးနွေးရန် ရွေးချယ်မထားပါက ဤနေရာတွင်သာ ဖော်ပြထားပါသည်။

## လေ့ကျင့်ခန်းစာရွက် (ဆ)
## ၉။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု

သယံဇာတ တူးဖော်မှု၏ သံသရာလည်ပုံ စက်ဝန်းထက် ကျော်လွန်ပြီး နောက်ပိုင်းတွင်လည်း ဖွံ့ဖြိုးတိုးတက်မှု ရှိစေရန် အစိုးရများအနေဖြင့် ကုမ္ပဏီများသည် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု နှင့် ကျင့်ဝတ်ကောင်းမွန်မှု ရှိစွာဖြင့် လုပ်ကိုင်စေရန်သာမက သယံဇာတ ကဏ္ဍသည် အခြားကဏ္ဍများ တိုးတက်မှုကို တွန်းအားပေးစေရန်နှင့် နိုင်ငံ၏ စီးပွားရေးတစ်ခုလုံးအပေါ် အကျိုးရှိစေရန် မဖြစ်မနေ ဆောင်ရွက်ရပါမည်။

အများပြည်သူ၏ အာရုံစိုက်မှုနှင့် တောင်းဆိုမှုတို့သည် သယံဇာတ တူးဖော်ရေးလုပ်ငန်းများမှ ရရှိသော အလုပ်အကိုင် အနည်းငယ် အပေါ်သာ ကျရောက်နေလေ့ ရှိသော်လည်း ထို အလုပ်အကိုင်များသည် ပုဂ္ဂလိက ကဏ္ဍ၏ ငွေကြေးအရ မဟုတ်သော အကျိုးပြုမှုများ၏ သေးငယ်သော အစိတ်အပိုင်းတစ်ခုသာ ဖြစ်ပြီး ပါတီများသည် ထိုအမြင်ကို ချဲ့ထွင်ပေးရန်၊ မျှော်မှန်းချက်များကို စီမံခန့်ခွဲရန်နှင့် စီးပွားရေးအရ လုပ်ငန်းမျိုးစုံ ဖြန့်ကျက် လုပ်ကိုင်ခြင်းအပေါ် ပိုမိုအာရုံစိုက်စေရန် အကူအညီပေးနိုင်သည့် ခိုင်မာသော အနေအထားတစ်ရပ်တွင် ရှိပါသည်။ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ကိုင်မှုအတွက် ကောင်းမွန်သည့် ဖြစ်မြောက်စေသော ပတ်ဝန်းကျင်တစ်ရပ် ဖန်တီးခြင်းအတွက် အခြေခံစည်းမျဉ်းများ သတ်မှတ်ပေးခြင်းဖြင့် မူဝါဒရပ်တည်မှုသည် အထက်ပါကြိုးပမ်းမှုကို ပံ့ပိုးပေးနိုင်ပါသည်။ အဓိပ္ပာယ်ရှိသော စီမံခန့်ခွဲရန်နှင့် စီးပွားရေးအရ လုပ်ငန်းမျိုးစုံ ဖြန့်ကျက်လုပ်ကိုင်ခြင်းကို ဖြစ်ပေါ်လာစေလျက် ပုဂ္ဂလိက ကဏ္ဍတစ်ခုလုံးကို ပိုမိုအားကောင်းစေရန် မူဝါဒ ရပ်တည်မှုသည် သယံဇာတ ကုမ္ပဏီများ၏ ကျွမ်းကျင်မှုနှင့် ထည့်ဝင်ဆောင်ရွက်မှုများကို ရယူခြင်းအတွက် မူဝါဒများနှင့် နည်းလမ်း ယန္တရားများကိုလည်း ဖော်ထုတ်ပေးနိုင်ပါသည်။ ဤအချက်သည် အလုပ်အကိုင် ဖန်တီးပေးမှုနှင့် ဒေသ အနီးတစ်ဝိုက်မှ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ ဝယ်ယူမှု၊ အခြားသော အသုံးပြုသူများလည်း မျှဝေသုံးစွဲနိုင်သည့် သယံဇာတ ကဏ္ဍနှင့်ဆက်စပ်သော အခြေခံ အဆောက်အအုံ တည်ဆောက်မှုနှင့် စက်မှုလုပ်ငန်းကဏ္ဍအတွက် ကုန်ကျစရိတ် ပို၍နည်းပါးသော စွမ်းအင်၊ ရေနံဓာတုပစ္စည်းများ သို့မဟုတ် တွင်းထွက်ပစ္စည်းများ ထောက်ပံ့ပေးနိုင်သည့် ကုန်ပစ္စည်းများအား ဆင့်တက်ပြုပြင်မှုတို့မှတဆင့် ဖြစ်ပေါ်ပါသည်။

### ကုန်ကျမှုများနှင့် ရရှိသောအကျိုးအတွက် ပေးဆပ်ရမှုများ

*ပြည်တွင်းပါဝင်မှု အချိုးအစားနှင့်ပတ်သက်သော မူဝါဒ ရပ်တည်မှုများကို ရေးဆွဲသတ်မှတ်သောအခါ အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရန် အထူးပင် အရေးကြီးပါသည် –*

- စီမံကိန်းများ၏ သံသရာလည်ပုံ စက်ဝန်းတလျှောက် သယံဇာတ တူးဖော်မှု ကဏ္ဍတွင် တိုက်ရိုက်နှင့် သွယ်ဝိုက် အလုပ်အကိုင်များ အမှန်တကယ် မည်မျှ ဖန်တီးပေးနိုင်မည်
- အဆိုပါ အလုပ်အကိုင်များအတွက် လိုအပ်သော အတတ်ပညာ အဆင့်အတန်းများနှင့် (လက်ရှိ ထိုအတတ်ပညာများအား တတ်မြောက်နေပြီးသား မဟုတ်ပါက) ဒေသတွင်း ကုမ္ပဏီများအား ပိုမိုထိရောက်စွာ ပါဝင်လုပ်ကိုင်နိုင်အောင် ကူညီပေးရန် လိုအပ်သော ရင်းနှီးမြှုပ်နှံမှု
- ကဏ္ဍ၏ ဝန်ဆောင်မှုနှင့် ဆပ်ကန်ထရိုက်ဆိုင်ရာ ရှိလာနိုင်သော လိုအပ်မှုများကို ပြည်တွင်း ကုမ္ပဏီများက ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်စွမ်းနှင့် (ထိုသို့ ဖြည့်ဆည်းနိုင်ခြင်း မရှိသေးပါက) ပြည်တွင်း ကုမ္ပဏီများအား ပိုမိုထိရောက်စွာ ပါဝင်လုပ်ကိုင်နိုင်အောင် ကူညီပေးရန် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှု

*သယံဇာတ တူးဖော်မှုလုပ်ငန်းများနှင့် ဆက်စပ်သည့် အခြေခံ အဆောက်အအုံနှင့်ပတ်သက်သော မူဝါဒ ရပ်တည်မှုများ ရေးဆွဲသတ်မှတ်သောအခါ အောက်ပါတို့ကို ထည့်သွင်းစဉ်းစား*

>>>

>>>

*ရန် အထူးပင် အရေးကြီးပါသည် –*

- သယံဇာတ တူးဖော်ရေး လုပ်ကွက်များနှင့် အနီးပတ်ဝန်းကျင်မှ လူ့အသိုက်အဝန်းများ၏ လက်ရှိနှင့် အနာဂတ် အခြေခံအဆောက်အအုံ လိုအပ်ချက်များနှင့် ထိုလိုအပ်ချက်များကို ဖြည့်ဆည်းရန် လက်ရှိ အခြေခံအဆောက်အအုံအား တည်ဆောက်ခြင်း သို့မဟုတ် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ခြင်း၏ အချိန်နှင့် ငွေကြေးကုန်ကျမှုများ
- အနီးတဝိုက်မှ လူထုအတွက် ထပ်ဆောင်း အခြေခံ အဆောက်အအုံ၏ အလားအလာရှိသော စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သက်ရောက်မှုများ
- အခြေခံ အဆောက်အအုံအား ရေရှည် ထိန်းသိမ်းပြုပြင် စရိတ်များ
- အခြေခံ အဆောက်အအုံအား မျှဝေသုံးစွဲရန် ခွင့်ပြုပေးခြင်း၏ ငွေကြေးနှင့် စီးပွားရေး ဆိုင်ရာ သက်ရောက်မှုများ

*ကုန်ချောထုတ်လုပ်မှု အဆင့်များတွင် ရင်းနှီးမြှုပ်နှံမှုများ (Downstream Investments) နှင့်ပတ်သက်သော မူဝါဒ ရပ်တည်မှုများကို ရေးဆွဲသတ်မှတ်သောအခါ အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရန် အထူးပင်အရေး ကြီးပါသည် –*

- ပိုမိုဆင့်တက် ပြုပြင်မှု ပြုလုပ်ထားခြင်းကြောင့် ပိုမိုရရှိသည့် ကုန်ပစ္စည်း၏ ရောင်းချမှု တန်ဖိုးနှင့်နှိုင်းယှဉ်လျက် ပြည်တွင်း ဆင့်တက်ပြုပြင်မှု စက်ရုံတည်ထောင်ခြင်း၏ အချိန်နှင့် ငွေကြေးကုန်ကျမှုများ
- ဆင့်တက်ပြုပြင်ထားသော သယံဇာတအတွက် နိုင်ငံတော်၏ ဖြစ်နိုင်သော သုံးစွဲမှုနှုန်း၊ သုံးစွဲမှုနှုန်းအတွက် တစ်ယူနစ် ကုန်ကျစရိတ်များသည် ပြည်ပဈေးကွက်ရှိ ကုန်ကျစရိတ်နှင့်ယှဉ်လျှင် မည်သို့ရှိကြောင်းနှင့် ထိုကုန်ပစ္စည်း၏ ပြည်ပဝယ်လိုအား

ဤမူဝါဒ ကိစ္စရပ်များနှင့်ပတ်သက်၍ ထပ်မံသိရှိလိုပါက Charter Benchmarking Framework ရှိ စည်းမျဉ်း ၁၀ နှင့် ၁၁၊ သယံဇာတ တူးဖော်မှုလုပ်ငန်းများနှင့် ဆက်စပ်သော အခြေခံ အဆောက်အအုံနှင့် ပြည်တွင်းပါဝင်မှု အချိုးအစားအကြောင်း NRGI လက်ကမ်းစာစောင်များကို ကိုးကားပါ။[၁၈၅]

| လမ်းညွှန်မေးခွန်းများ | လက်ရှိအခြေအနေ |
|---|---|
| • သယံဇာတ တူးဖော်မှုသည် တိုင်းပြည်စီးပွားရေးအပေါ် မည်သို့ အကျိုးပြုသင့်သည်နှင့်ပတ်သက်ပြီး ပါတီတွင် (တရားဝင် သို့မဟုတ် တရားမဝင်၊ လူသိရှင်ကြား သို့မဟုတ် ပါတီတွင်း) ရပ်တည်မှုတစ်ရပ် ရှိနှင့်ပြီးသားလား။ ရှိနှင့်ပြီးသားဆိုပါက ထိုရပ်တည်မှုက ဘာလဲ။ | |
| • ပုဂ္ဂလိက ကုမ္ပဏီများသည် ဒေသန္တရ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် မည်သို့ အကျိုးပြုသင့်သည်နှင့်ပတ်သက်ပြီး ပါတီတွင် (တရားဝင် သို့မဟုတ် တရားမဝင်၊ လူသိရှင်ကြား သို့မဟုတ် ပါတီတွင်း) ရပ်တည်မှုတစ်ရပ် ရှိနှင့်ပြီးသားလား။ ရှိနှင့်ပြီးသား ဆိုပါက ထို ရပ်တည်မှုက ဘာလဲ။ | |

၁၈၅။ သယံဇာတ တူးဖော်မှုလုပ်ငန်းများနှင့် ဆက်စပ်သည့် အခြေခံ အဆောက်အအုံအကြောင်း လက်ကမ်းစာစောင်ကို <https://resourcegovernance.org/analysis-tools/publications/primer-extractives-linked-infra structure> တွင် ရယူနိုင်ပါသည်၊ ပြည်တွင်းပါဝင်မှု အချိုးအစားအကြောင်း လက်ကမ်းစာစောင်ကို <http://www.resourcegovernance.org/analysis-tools/publications/primer-local-content> တွင် ရယူနိုင်ပါသည်။

| | |
|---|---|
| • ပါတီ၏ အမာခံ ထောက်ခံသူများနှင့် ၎င်း၏ အဓိက မဲဆန္ဒနယ်များအနေဖြင့် သယံဇာတ တူးဖော်မှုသည် တိုင်းပြည်၏ စီးပွားရေးအပေါ် မည်သို့ အကျိုးပြုသင့်သည်၊ ပုဂ္ဂလိက ကုမ္ပဏီများသည် ဒေသန္တရ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် မည်သို့ အကျိုးပြုသင့်သည် နှင့်ပတ်သက်ပြီး မည်သို့ ထင်မြင်ယူဆကြသနည်း။ လူထုက မည်သို့ ထင်မြင်ယူဆသနည်း။ | |
| **လမ်းညွှန်မေးခွန်းများ** | **လက်ရှိမူဘောင်** |
| • သယံဇာတ တူးဖော်ခြင်းနှင့် မဆိုင်သော ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် လက်ရှိဥပဒေ နှင့် ထိန်းသိမ်းကြီးကြပ်ရေး မူဘောင်က ဘာလဲ။ ၎င်းအား လုံလောက်စွာ အရေးယူ ဆောင်ရွက်မှု ရှိပါသလား။ | |
| • နိုင်ငံအတွင်း သယံဇာတ ကဏ္ဍနှင့် သယံဇာတ မဟုတ်သော ကဏ္ဍများတွင် လုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းများအတွက် အဓိက စိန်ခေါ်မှုများနှင့် အတားအဆီးများက ဘာတွေလဲ။ | |
| • တိုင်းပြည်၏ ပညာရေးနှင့် ကျန်းမာရေး အဆင့်အတန်းများတွင် အဓိက အားနည်းချက်တွေက ဘာလဲ၊ အမျိုးသမီးများသည် စီးပွားရေးတွင် မည်သို့ ပါဝင်နိုင်ကြသနည်း။ | |
| • သယံဇာတ ကဏ္ဍသည် တိုင်းပြည်၏ စီးပွားရေးအပေါ် အကျိုးပြုစေရန် အစိုးရအနေဖြင့် လက်ရှိ ဘာလုပ်သင့်သနည်း။ ပြည်တွင်းလုပ်သားများသည် ပြည်တွင်းပါဝင်မှု အချိုးအစား သို့မဟုတ် အခြားနည်းလမ်းများဖြင့် ဤကဏ္ဍတွင် ပါဝင်လုပ်ကိုင်နိုင်သည့် အခွင့်အလမ်း ရှိကြပါသလား။ | |
| • ဥပဒေအရ သို့မဟုတ် လက်တွေ့တွင် ဖြစ်နိုင်ပါက ကဏ္ဍ၏ အခြေခံ အဆောက်အအုံအား ပြင်ပ ပုဂ္ဂိုလ်များက အသုံးပြုနိုင်ပါသလား။ | |
| • သဘာဝ သယံဇာတများကို ပြည်တွင်းတွင် ဆင့်တက် ပြုပြင်ခြင်းနှင့် အသုံးပြုခြင်း ရှိပါသလား။ | |
| **မူဝါဒဆိုင်ရာ ရွေးချယ်မှုများ** | **ရပ်တည်မှုများ** |
| **ယေဘုယျ ရည်ရွယ်ချက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်နှင့် သယံဇာတနှင့် မသက်ဆိုင်သော ကဏ္ဍများတွင် အတားအဆီးများကို ဖယ်ရှားရန် အစိုးရအနေဖြင့် ဘာလုပ်သင့်သနည်း။**<br>• အစိုးရအနေဖြင့် လုပ်ပိုင်ခွင့်၊ အခွင့်အရေးများထက် စီးပွားရေးဆိုင်ရာ အကြောင်းတရားများအပေါ် အခြေခံ၍ တိုင်းပြည်တစ်ခုလုံး၏ အကျိုးစီးပွားကို ကာကွယ်ပေးသည့် နည်းလမ်းဖြင့် ပုဂ္ဂလိက ကဏ္ဍနှင့် မည်သို့ ထိတွေ့ဆောင်ရွက်သင့်သနည်း။<br>• တိုင်းပြည်၏ လက်ရှိ ရုပ်ပိုင်းဆိုင်ရာ အခြေခံ အဆောက်အအုံနှင့် ပုဂ္ဂလိက ကဏ္ဍ၏ လိုအပ်ချက်များအကြား ကွာဟချက်များကို ဖော်ထုတ် ဖြေရှင်းရန် ထပ်မံ ဆောင်ရွက်သင့်သလား။<br>• ပြည်တွင်း ဆောက်လုပ်ရေး ဝန်ဆောင်မှုလုပ်ငန်းများရှိ အတားအဆီးများနှင့် ကွာဟချက်များကို ဖော်ထုတ်ဖြေရှင်းရန် အစိုးရအနေဖြင့် ထပ်မံဆောင်ရွက်သင့်သလား။<br>• ဘဏ္ဍာရေးစနစ်ရှိအတားအဆီးများကိုဖော်ထုတ်ဖြေရှင်းရန်ထပ်မံဆောင်ရွက်သင့်သလား။<br>• တိုင်းပြည်၏ ကျန်းမာရေးနှင့် ပညာရေး အဆင့်အတန်းများရှိ အားနည်းချက်များကို ဖော်ထုတ်ဖြေရှင်းရန် ဘာလုပ်ဖို့ လိုအပ်သနည်း<br>• အမျိုးသမီးများအနေဖြင့် စီးပွားရေးအပေါ် မည်သို့ အပြည့်အဝ အကျိုးပြုနိုင်သည်နှင့်ပတ်သက်သော အားနည်းချက်များကို ဖော်ထုတ်ဖြေရှင်းရန် ဘာလုပ်ရန် လိုအပ်သနည်း။<br>• စီးပွားရေးဆိုင်ရာ ထိန်းသိမ်းကြီးကြပ်မှုရှိ အားနည်းချက်များကို ဖော်ထုတ်ဖြေရှင်းရန် ထပ်မံဆောင်ရွက်သင့်သလား။ | နမူနာ ရပ်တည်မှု – အစိုးရအနေဖြင့် သယံဇာတနှင့် မသက်ဆိုင်သော ကဏ္ဍ တိုးတက်မှုအတွက် အတားအဆီးများကို ဖယ်ရှားရန် ဦးစားပေးသင့်သည်ဟု ပါတီက ယုံကြည်ပါသည်။ ထို့ကြောင့် သယံဇာတ ကဏ္ဍက ဖန်တီးလိုက်သည့် သို့မဟုတ် ပိုမိုဆိုးရွားစေသည့် ဆောက်လုပ်ရေးနှင့် ဘဏ္ဍာရေး စနစ်များရှိ အတားအဆီးများကို ဖော်ထုတ်ခြင်းအတွက် စီမံကိန်းတစ်ရပ် ဖော်ဆောင်ရန် ကျွန်ုပ်တို့က ကတိကဝတ်ပြုပါသည်။ |

| | |
|---|---|
| **ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် အလုပ်သမားများသည် သယံဇာတ တူးဖော်ရေး ကဏ္ဍတွင် လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းနှင့် လုပ်ကိုင်နိုင်စွမ်း ရှိစေရန် အစိုးရ အနေဖြင့် မည်သို့ ဆောင်ရွက်ပေးသင့်သနည်း။**<br>• ပြည်တွင်း ပါဝင်ဆောင်ရွက်မှုအပေါ် အတားအဆီးများကို ဖယ်ရှားရန်အတွက် ဘာလုပ်ရန် လိုအပ်သနည်း။<br>• ပြည်တွင်းပါဝင်မှု အချိုးအစားဆိုင်ရာ စည်းမျဉ်းများ ရှိသင့်ပါသလား။ ရှိသင့်ပါက ထို စည်းမျဉ်းများသည် ပြည်တွင်း ဆောင်ရွက်နိုင်စွမ်းနှင့် ကိုက်ညီပြီး အလွန်အကျွံ အကာအကွယ်ပေးခြင်းကို ရှောင်ကြဉ်ကာ အဂတိလိုက်စားမှုကို တားဆီးပေးရန် ဘာလုပ်သင့်သနည်း။ ထိုစည်းမျဉ်းများအား ကုမ္ပဏီများက လိုက်နာမှု ရှိ မရှိနှင့် အစိုးရ၏ ပံ့ပိုးမှု အစီအမံများကို အစိုးရအနေဖြင့် မည်သို့ စောင့်ကြည့်စစ်ဆေးပြီး အရေးယူ ဆောင်ရွက်သင့်သနည်း။ | နမူနာ ရပ်တည်မှု – ပြည်တွင်း စီးပွားရေးလုပ်ငန်းများနှင့် အလုပ်သမားများသည် သယံဇာတ တူးဖော်ရေး ကဏ္ဍတွင် လုပ်ကိုင်နိုင်မှု ရှိစေရန် အစိုးရအနေဖြင့် ဆောင်ရွက်ပေးသင့်သည်ဟု ပါတီက ယုံကြည်ပါသည်။ ထို့ကြောင့် ဤကဏ္ဍအတွက် မျှတပြီး သင့်လျော်သော ပြည်တွင်းပါဝင်မှု အချိုးအစားဆိုင်ရာ စည်းမျဉ်းများ သတ်မှတ်ကျင့်သုံးရန် ကျွန်ုပ်တို့က ကတိကဝတ် ပြုပါသည်။ |
| **အစိုးရအနေဖြင့် သယံဇာတ တူးဖော်မှု လုပ်ငန်းကဏ္ဍဆိုင်ရာ အခြေခံ အဆောက်အအုံကို စီးပွားရေးအရ ဖြစ်နိုင်သမျှ ပြင်ပပုဂ္ဂိုလ်များအား အသုံးပြုခွင့် ပေးသင့်ပါသလား။**<br>• သယံဇာတကဏ္ဍ တူးဖော်ရေး ကုမ္ပဏီများအနေဖြင့် အလားအလာရှိသော အခြားအခြေခံ အဆောက်အအုံ သုံးစွဲနိုင်သူများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းကို အကူအညီပေးရန် ဘာလုပ်သင့်သနည်း။<br>• အခြေခံအဆောက်အအုံ မျှဝေသုံးစွဲခြင်းကို အဆင်ပြေအောင် ပံ့ပိုးပေးခြင်း၏ ကုန်ကျမှုများနှင့် အကျိုးကျေးဇူးများကို မည်သို့ ဆန်းစစ်သင့်သနည်း။ | နမူနာ ရပ်တည်မှု – မျှဝေသုံးစွဲသည့် သဘာဝ သယံဇာတဆိုင်ရာ အခြေခံ အဆောက်အအုံသည် တိုင်းပြည်၏ စီးပွားရေးအပေါ် အကျိုးပြုသည်ဟု ပါတီက ယုံကြည်ပါသည်။ ထို့ကြောင့် သယံဇာတ ကဏ္ဍမှ ကုမ္ပဏီများအနေဖြင့် အလားအလာရှိသော အခြား အခြေခံ အဆောက်အအုံ သုံးစွဲနိုင်သူများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းကို အကူအညီပေးရန် ကျွန်ုပ်တို့က ကတိကဝတ်ပြုပါသည်။ |
| **ရေနံ၊ ဓာတ်ငွေ့နှင့် ဓာတ်သတ္တု သယံဇာတများကို ပြည်တွင်းတွင် အသုံးပြုခြင်း၏ အခွင့်အလမ်း ကုန်ကျမှုများ (Opportunity Costs)သည် အကျိုးကျေးဇူးများထက် ပို၍များပါက အစိုးရအနေဖြင့် ပြည်တွင်းတွင် အသုံးပြုသင့်ပါသလား။**<br>• အသုံးပြုသင့်ပါက ဈေးကွက်ကျရှုံးမှုများ၊ ပြည်တွင်း ဆင့်တက်ပြုပြင်မှု၏ ကုန်ကျမှုများ၊ အကျိုးကျေးဇူးများနှင့် ဈေးကွက် ရှာဖွေခြင်းနှင့်ပတ်သက်၍ လွတ်လပ်ပြီး စနစ်တကျ ဆောင်ရွက်ထားသော ဆန်းစစ်မှုအား ထုတ်ပြန်ကြေညာသင့်ပါသလား။ | နမူနာ ရပ်တည်မှု – တိုင်းပြည်၏ အချို့သော သယံဇာတများအား ပြည်တွင်းတွင် သုံးစွဲသင့်သည်ဟု ပါတီက ယုံကြည်ပါသည်။ ထို့ကြောင့် ကုန်ကျမှုများနှင့် အကျိုးကျေးဇူးများကို နားလည်ရန် အလို့ငှာ အသေးစိတ် ဈေးကွက်ဆန်းစစ်မှု ပြုလုပ်၍ ဤကိစ္စရပ်အပေါ် မူဝါဒတစ်ရပ် ရေးဆွဲသတ်မှတ်ရန် ကျွန်ုပ်တို့က ကတိကဝတ်ပြုပါသည်။ |

## လေ့ကျင့်ခန်းစာရွက် (၉) – နိဂုံးချုပ် မေးခွန်းများ

လေ့ကျင့်ခန်းစာရွက် (စ) တွင် ရေးဆွဲထားသော ရည်မှန်းချက် ဖော်ပြချက်နှင့် လေ့ကျင့်ခန်းစာရွက် (ဆ) တွင် ရေးဆွဲထားသော ကိစ္စရပ်အလိုက် ရပ်တည်မှုများကို ပြန်လည်သုံးသပ်ရန် ဤလေ့ကျင့်ခန်းစာရွက်ကို အသုံးပြုပါ။

**လုပ်ငန်းတာဝန်များ –**

၁။ လမ်းညွှန်မေးခွန်းများအား ကိုးကား၍ ဆုံးဖြတ်ချက် ကွင်းဆက်တလျှောက် ရည်မှန်းချက် ဖော်ပြချက်နှင့် ကိစ္စရပ်အလိုက် ရပ်တည်မှုများ၏ အဆက်အစပ် ရှိမှု၊ ခိုင်မာသော ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု အလေ့အထများနှင့် ညီညွတ်မှုကို ဆန်းစစ်ပြီး ''လိုက်ဖက်ညီမှု'' ကော်လံများတွင် မှန်ကန်သည်၊ မမှန်ကန်ပါ သို့မဟုတ် မရှင်းလင်းပါ ဟု ဖော်ပြပါ။

၂။ ရည်မှန်းချက် ဖော်ပြချက်နှင့် ကိစ္စရပ်အလိုက် ရပ်တည်မှုများ၏ နိုင်ငံရေးအရ ဖြစ်မြောက်နိုင်မှု အလားအလာကို ''ဖြစ်မြောက်နိုင်မှု အလားအလာ'' ကော်လံတွင် ဖော်ပြပါ။

အဆက်အစပ်ရှိမှုဆိုင်ရာ မေးခွန်းများ၏ အဖြေသည် ''မမှန်ကန်ပါ'' သို့မဟုတ် ''မရှင်းလင်းပါ'' ဖြစ်နေပါက ထိုရပ်တည်မှုများကို ပြန်လည်သုံးသပ်ရန် လိုအပ်နိုင်ပါသည်။ (ပါတီအတွက် အရေးကြီးနိုင်သော အခြားမေးခွန်းများနှင့် တွဲဖက် အသုံးပြုသင့်သည့်) ဖြစ်မြောက်နိုင်မှု အလားအလာဆိုင်ရာ မေးခွန်းများအား ရပ်တည်မှု အတည်ပြုရန်အတွက် ပါတီ၏ ဆုံးဖြတ်ချက်ချမှတ်သည့် အဖွဲ့ထံ မတင်ပြမီ ရပ်တည်မှုအား စမ်းသပ်နိုင်ရန်အတွက် ဒီဇိုင်းရေးဆွဲထားပါသည်။

| လမ်းညွှန်မေးခွန်းများ | အဆက်အစပ်ရှိမှု | | |
|---|---|---|---|
| | မှန်ကန်သည် | မမှန်ကန်ပါ | မရှင်းလင်းပါ |
| • မူဝါဒရပ်တည်မှုသည် နိုင်ငံ၏ သယံဇာတ ကြွယ်ဝမှု၊ ထိုသယံဇာတအား မည်သူက ပိုင်ဆိုင်သည်နှင့် တူးဖော်ထုတ်လုပ်ခြင်း၏ ကောင်းသော၊ ဆိုးသော သက်ရောက်မှုများအား ရှင်းလင်းစွာ နားလည် သဘောပေါက်မှုအပေါ် အခြေခံသလား သို့မဟုတ် ထိုသို့ နားလည်သဘောပေါက်မှုကို ဖော်ပြသလား။ | | | |
| • ရပ်တည်မှုသည် သယံဇာတ စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ရှင်းလင်းပြီး အများပါဝင်နိုင်သော အမျိုးသား မဟာဗျူဟာ တစ်ရပ်အတွက် အခြေခံအုတ်မြစ် ချမှတ်ပေးပါသလား။ | | | |
| • ပါတီ ရပ်တည်မှုသည် သယံဇာတ စီမံခန့်ခွဲမှုအား သက်ဆိုင်သူ အားလုံးအတွက် ဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် သက်ရောက်မှုများကို ထိရောက်စွာ နားလည်ပြီး စစ်ဆေးနိုင်ရန် လုံလောက်အောင် ပွင့်လင်းမြင်သာမှု ရှိစေပါသလား။ | | | |
| • ရပ်တည်မှုသည် ကြီးကြပ်ရေးအဖွဲ့များနှင့် အခြားဆောင်ရွက်သူများအား အစိုးရ အရာရှိများကို တာဝန်ခံစေနိုင်ပါသလား။ | | | |
| • ရပ်တည်မှုကို ထောက်ခံသော နိုင်ငံသားများ အလုံအလောက် ရှိပါသလား၊ ထိုသို့ ရှိခြင်းကြောင့် ၎င်းတို့သည် အစိုးရ အရာရှိများအား တာဝန်ခံစေပါသလား။ | | | |
| • အကယ်၍ ရပ်တည်မှုသည် ကိစ္စရပ်နယ်ပယ် အနည်းငယ်နှင့်သာ သက်ဆိုင်ပါက တိုင်းပြည်အတွက် အရေးကြီးနိုင်သည့် အခြားနယ်ပယ်များကို ထည့်သွင်းစဉ်းစားထားခြင်း ရှိပါသလား။ | | | |

| လမ်းညွှန်မေးခွန်းများ | ဖြစ်မြောက်နိုင်မှု အလားအလာ |
|---|---|
| • အဆိုပြုသော ဦးတည်ချက်သည် လက်ရှိပါတီ၏ ရပ်တည်မှုများနှင့် မည်သို့ ကွာခြားသနည်း။ | |
| • ရပ်တည်မှုအသစ်နှင့် ပါတီ၏ ယေဘုယျ အယူဝါဒအကြား ချိတ်ဆက်မှုများက ဘယ်လောက် ရှင်းလင်းမှု ရှိသလဲ။ | |
| • ဤကိစ္စရပ်နှင့်ပတ်သက်ပြီး အခြားပါတီများ၏ ရပ်တည်မှုနှင့် မည်သို့ ကွာခြားသနည်း။ | |

| လမ်းညွှန်မေးခွန်းများ | ဖြစ်မြောက်နိုင်မှု အလားအလာ |
|---|---|
| • ရပ်တည်မှုသည် ပါတီ၏ အမာခံ ထောက်ခံသူများနှင့် အခြား ပိုမိုကျယ်ပြန့်သော မဲဆန္ဒရှင်များအား မည်သည့်အတိုင်းအတာအထိ ဆွဲဆောင်နိုင်ဖွယ် ရှိသနည်း။ | |
| • ရပ်တည်မှု တစ်ခုလုံးကို ခြုံငုံကြည့်လျှင် လက်တွေ့ လုပ်ဆောင်မှုကို ဦးတည်ပြီး အတိအကျရှိသော၊ တိုင်းတာနိုင်သော၊ တာဝန်ပေးအပ်နိုင်သော၊ လက်တွေ့ကျသောနှင့် အချိန်ကိုက်သော (Specific, Measurable, Realistic and Timely – SMART) နည်းလမ်းဖြင့် မည်သည့်အတိုင်းအတာအထိ ရေးဆွဲထားသနည်း။ | |
| • ရပ်တည်မှုအား အကောင်အထည်ဖော်ခြင်းနှင့် ဆက်စပ်သည့် ကြီးမားသော ကုန်ကျမှုများ သို့မဟုတ် ရရှိသော အကျိုးအတွက် ပေးဆပ်ရမှုများ ရှိပါက ပါတီအနေဖြင့် ကုန်ကျမှု–အကျိုးကျေးဇူး အချိုးအား မည်သို့ ကာကွယ် ထောက်ပြမည်နည်း။ | |

## လေ့ကျင့်ခန်းစာရွက် (၈) – အကောင်အထည်ဖော်မှု အစီအစဉ်

သဘာဝ သယံဇာတဆိုင်ရာ မူဝါဒရပ်တည်မှု အသစ်အတွက် အကောင်အထည်ဖော်မှု အစီအစဉ်ကို ရေးဆွဲရန် အောက်ပါဇယားကို အသုံးပြုပါ။

**လုပ်ငန်းတာဝန်များ –**

၁။ ကိစ္စရပ်နယ်ပယ် တစ်ခုချင်းစီအတွက် ကိစ္စရပ်အလိုက် ရပ်တည်မှုများတွင် ပါဝင်သော အဓိက ကတိကဝတ်များကို "ကတိကဝတ်များ"ကော်လံတွင် ဖော်ပြပါ။ နမူနာစာသားအား မီးခိုးရောင် အကွက်ဖြင့် ဖော်ပြထားပါသည်။

၂။ "တိကျသော ဆောင်ရွက်မှုများ" ကော်လံတွင် ဖြစ်နိုင်ပါက အချိန်ကာလ သတ်မှတ်ချက်များ အပါအဝင် ပါတီက ဘာကိုလုပ်ရန် ရည်ရွယ်သည်ကို ဖော်ပြပါ။

၃။ "ချဉ်းကပ်မှု" ကော်လံတွင် ရပ်တည်မှု အကောင်အထည်ဖော်ခြင်းအတွက် ပိုမို ယေဘုယျကျသော အစီအစဉ်များ ရေးဆွဲရန် သက်ဆိုင်ရာ လမ်းညွှန်မေးခွန်းများကို ဖြေဆိုပါ။

| ကိစ္စရပ် နယ်ပယ်များ | ကတိကဝတ်များ | တိကျသော ဆောင်ရွက်မှုများ |
|---|---|---|
| ၂။ ပွင့်လင်းမြင်သာမှု နှင့် တာဝန်ခံမှု | သဘာဝ သယံဇာတမှ ရရှိသော ဝင်ငွေများ၊ စုဆောင်းငွေများနှင့် လုပ်ငန်းသဘောတူ စာချုပ်များနှင့်ပတ်သက်ပြီး အပြည့်အဝ ပွင့်လင်းမြင်သာမှု | • ဝင်ငွေများနှင့် စာရင်းများဆိုင်ရာ အချက်အလက်များ အားလုံးကို ပုံမှန်၊ အချိန်ကိုက်နှင့် စုစည်းမှု မရှိသော နည်းလမ်းဖြင့် ပွင့်လင်း အချက်အလက်ပုံစံ (Open Data Format) ဖြင့် ထုတ်ပြန်ကြေညာပါ<br>• လုပ်ငန်းသဘောတူစာချုပ် အားလုံးကို နှစ်ကုန်တွင် ပွင့်လင်း အချက်အလက်ပုံစံဖြင့် ထုတ်ပြန်ကြေညာပါ |
| | သဘာဝ သယံဇာတ စီမံခန့်ခွဲမှုအပေါ် လွတ်လပ်စွာ စာရင်းစစ်ဆေးခြင်း | • စာရင်းစစ်ဌာနချုပ်သည် အစိုးရ၏ သဘာဝ သယံဇာတ စီမံခန့်ခွဲမှုအား စာရင်းစစ်ဆေးနိုင်စေရန်နှင့် ပြည့်စုံပြီး အချိန်ကိုက် ဆောင်ရွက်သော စာရင်းစစ်ဆေးမှုများကို ထုတ်ပြန်ကြေညာစေရန်နှင့် စာရင်းစစ်ဆေးမှုမှ ရှာဖွေတွေ့ရှိမှုများကို အစိုးရက တုံ့ပြန် ဆောင်ရွက်စေရန် သေချာအောင်လုပ်ပါ |
| ၁။ မဟာဗျူဟာ၊ ဥပဒေမူဘောင်နှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ | | |
| ၂။ ပွင့်လင်းမြင်သာမှု နှင့် တာဝန်ခံမှု | | |
| ၃။ စမ်းသပ်တိုင်းတာခြင်း၊ လိုင်စင်ထုတ်ပေးခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများ | | |
| ၄။ အခွန်ကောက်ခံခြင်းနှင့် ကုမ္ပဏီများမှ အခြား ပေးဆောင်မှုများ | | |
| ၅။ ဒေသန္တရ သက်ရောက်မှုများ | | |

| | | |
|---|---|---|
| ၆။ နိုင်ငံပိုင် လုပ်ငန်းများ | | |
| ၇။ ဝင်ငွေ စီမံခန့်ခွဲမှု | | |
| ၈။ အစိုးရ ငွေသုံးစွဲမှု | | |
| ၉။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု | | |

| လမ်းညွှန်မေးခွန်းများ | ချဉ်းကပ်မှု |
|---|---|
| • ရပ်တည်မှုအား ပါတီ၏ လက်ရှိမူဝါဒ ကြေညာချက်တွင် မည်သို့ ပေါင်းစပ်ထည့်သွင်းမည်နည်း။ | |
| • ရပ်တည်မှုအပေါ် ဦးဆောင် ဆောင်ရွက်ရန် ပါတီမှ မည်သူ့တွင် တာဝန်ရှိသနည်း။ | |
| • ပါတီအနေဖြင့် ရပ်တည်မှုအတွက် မည်သို့ တာဝန်ခံမည်နည်း။ | |
| • ရပ်တည်မှုသည် ပြောင်းလဲနေသော အခြေအနေများနှင့် ကိုက်ညီစေရန် မည်သည့်အချိန်တွင် မည်သို့ ပြန်လည်သုံးသပ်မည်နည်း။ | |
| • ရပ်တည်မှုအား လက်တွေ့ အကောင်အထည် ဖော်နိုင်ရန် မည်သည့် လာမည့်အခွင့်အလမ်းများ ရှိသနည်း။ (ရွေးကောက်ပွဲများ၊ ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှု စသဖြင့်) | |
| • ရပ်တည်မှုအား လက်တွေ့ အကောင်အထည်ဖော်ရန် ပါတီဘက်က လုပ်ဆောင်မှုထက် ကျော်လွန်၍ မည်သို့သော ပူးပေါင်းဆောင်ရွက်မှုနှင့် သဘောတူညီမှု တည်ဆောက်ခြင်းတို့ လိုအပ်သနည်း။ | |

## ဆွေးနွေးတိုင်ပင်မှုများ ကျင်းပ၍ ရပ်တည်မှုကို အပြီးသတ်ပါ

ရေးဆွဲခြင်း လုပ်ငန်းစဉ်အတွက် သတင်းအချက်အလက် ရရှိစေရန်နှင့် အကောင်အထည်ဖော်မှုအတွက် လက်ခံမှုကို မြှင့်တင်ရန်အလို့ငှာ လုပ်ငန်းအဖွဲ့သည် ပါတီအဖွဲ့ဝင်များနှင့် စီမံကိန်းနှင့်ဆက်စပ်သော ပြင်ပ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်သူများထံမှ မူဝါဒ မူကြမ်းအပေါ် ထင်မြင်သုံးသပ်ချက် ကောက်ယူသင့်ပါသည်။ ဤအဆင့်တွင် လေ့ကျင့်ခန်းစာရွက် (ဂ) အား ပြန်လည်လေ့လာခြင်းက အရေးပါမည်ဖြစ်ပြီး မည်သည့် စီမံကိန်းနှင့်ဆက်စပ်သော ပါတီတွင်းနှင့် ပြင်ပအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် မည်သို့ တိုင်ပင်ဆွေးနွေးရမည်ကို ရွေးချယ်ဖော်ထုတ်ရန် အထောက်အကူ ပြုနိုင်ပါသည်။

ပီရူးနိုင်ငံသည် ပါတီများက မတူညီသော ချဉ်းကပ်မှုများဖြင့် ဆောင်ရွက်သည့် စိတ်ဝင်စားဖွယ်ကောင်းသော သာဓကတစ်ခု ဖြစ်ပါသည်။ ပါတီနှစ်ခုသည် စီမံကိန်းနှင့်ဆက်စပ်သူ များစွာ ပါဝင်သည့် ရည်ရွယ်ချက်ရှိသော လုပ်ငန်းစဉ်တစ်ရပ် မရှိဘဲ ရပ်တည်မှုများကို ရေးဆွဲသတ်မှတ်ခဲ့သဖြင့် ရပ်တည်မှုများသည် ထောက်ခံမှု မရရှိခဲ့ဘဲ အခြေခံလူတန်းစားများ၏ အကျိုးစီးပွားများကို ထည့်သွင်းစဉ်းစားပေးနိုင်ခြင်းလည်း မရှိခဲ့ပါ။ တစ်ချိန်တည်းမှာပင် နောက် ပါတီတစ်ခု နှင့် ညွန့်ပေါင်းအဖွဲ့ တစ်ခုက ပါတီတွင်း အဓိပ္ပာယ်ရှိသော အပြန်အလှန် ဆွေးနွေးမှုမှတဆင့် သိမ်မွေ့သော ကွဲပြားချက်များ ပါဝင်သော ပိုမိုအသေးစိတ်ကျသည့် ရပ်တည်မှုများကို ရေးဆွဲ သတ်မှတ်ခဲ့ကြပါသည်။[၁၈၈] တောင်အာဖရိကနိုင်ငံ၏ အာဏာရ အာဖရိကန် အမျိုးသားကွန်ဂရက်ပါတီ (African National Congress)သည် မဟာမိတ် မိတ်ဖက်များနှင့် ပြည်နယ် ကိုယ်စားလှယ်များ တက်ရောက်ခဲ့သော ပါတီညီလာခံ တစ်ခုတွင် မူဝါဒ ရပ်တည်မှုများအကြောင်း အပြန်အလှန် အချေအတင် ဆွေးနွေးခဲ့ပါသည်။

အများပြည်သူဆိုင်ရာ ဆွေးနွေးတိုင်ပင်မှုများသည် ပါဝင်ဆွေးနွေးမှု ရယူရန်၊ ယူဆချက်များကို စမ်းသပ်ရန်နှင့် ထောက်ခံမှု စတင်ရယူရန်အတွက်လည်း အလွန်ကောင်းသော နည်းလမ်းတစ်ရပ် ဖြစ်နိုင်ပါသည်။ ဂါနာနိုင်ငံတွင် ရေနံ ရှာဖွေတွေ့ရှိပြီးနောက် ကျယ်ပြန့်သော အများပြည်သူဆိုင်ရာ ဆွေးနွေးတိုင်ပင်မှုများ ဆောင်ရွက်ခဲ့ခြင်းကြောင့် အဓိကကျသော ဥပဒေများ ရေးဆွဲရာတွင် အထောက်အကူ ဖြစ်စေရုံသာမကဘဲ ရေနံ ကြွယ်ဝမှု၏ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများအကြောင်း ပြည်သူလူထုကို အသိပညာ ပေးနိုင်ခဲ့သည့် ထပ်ဆောင်း အကျိုးကျေးဇူးလည်း ရရှိခဲ့ပါသည်။[၁၈၉]

ဆွေးနွေးတိုင်ပင်မှုများ ပြီးဆုံးပြီးနောက် ဦးဆောင်ရေးဆွဲသူသည် လုပ်ငန်းအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်၍ တုံ့ပြန်မှုအား ပေါင်းစပ်ထည့်သွင်းသင့်ပြီး ပေါ်ပေါက်လာနိုင်သည့် ကွဲပြားသော ထင်မြင်ချက်များကို ဖြေရှင်းသင့်ပါသည်။ သယံဇာတ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ၏ မကြာခဏဆိုသလို အလွန်အမင်း အငြင်းပွားဖွယ်ရာ ဖြစ်တတ်သော သဘော သဘာဝအတိုင်းပင် အလွန်အမင်း အငြင်းပွားဖွယ်ရာ ကိစ္စရပ်များကို ဖြေရှင်းနိုင်ခြင်း မရှိပါက လုပ်ငန်းအဖွဲ့သည် ထိုကိစ္စရပ်များကို ပါတီခေါင်းဆောင်ပိုင်းထံ တင်ပြနိုင်ပါသည်။ မူဝါဒရပ်တည်မှု ရေးဆွဲခြင်း လုပ်ငန်းစဉ်တွင် ပါဝင်သည့် ကဏ္ဍကျွမ်းကျင်သူများက ဤအပြီးသတ် ဆောက်ရွက်မှု တလျှောက်လုံးတွင် မေးခွန်းများကို ဖြေကြားပေးရန် အချိန်မရွေး ဆက်သွယ်နိုင်ပါက အကောင်းဆုံး ဖြစ်ပါသည်။

## ပါတီတစ်ခုလုံး၏ အတည်ပြုချက် ရယူပါ

မူဝါဒရပ်တည်မှုအား အပြီးသတ်ပြီးပါက လုပ်ငန်းအဖွဲ့သည် ပါတီ၏ အတည်ပြုချက်အတွက် မူကြမ်းအား တင်ပြရန် လိုအပ်ပါသည်။ တောင်အာဖရိကနိုင်ငံတွင် အာဏာရ အာဖရိကန် အမျိုးသားကွန်ဂရက်ပါတီ (African National Congress) သည် ငါးနှစ်တစ်ကြိမ် ကျင်းပသည့် အမျိုးသား လွှတ်တော်၌ စီးပွားရေး အသွင်ပြောင်းရေးကော်မတီ (Economic Transformation Committee) က အဆိုပြုသော မူဝါဒများအပေါ် မဲပေးခဲ့ပါသည်။[၁၉၀] နော်ဝေနိုင်ငံတွင်လည်း ပါတီရပ်တည်မှုများအား အထွေထွေ

၁၈၈။ အခန်း ၂ တွင် ပီရူးနိုင်ငံအကြောင်း လေ့လာမှုကို ကြည့်ပါ။

၁၈၉။ အခန်း ၂ တွင် ဂါနာနိုင်ငံအကြောင်း လေ့လာမှုကို ကြည့်ပါ။

၁၉၀။ အခန်း ၂ တွင် နော်ဝေနိုင်ငံအကြောင်း လေ့လာမှုကို ကြည့်ပါ။

ရွေးကောက်ပွဲ မတိုင်မီ တစ်နှစ် သို့မဟုတ် နှစ်နှစ် ကြိုတင်၍ ကျင်းပသော ပါတီ၏ ညီလာခံ အစည်းအဝေးများတွင် အပြီးသတ် ဆုံးဖြတ်ကြပါသည်။[၁၉၁]

ဂါနာနိုင်ငံ၏ ပါတီစုံ လုပ်ငန်းစဉ်က ဖော်ပြခဲ့သည့်အတိုင်း (အကွက် ၃.၄ ကိုကြည့်ပါ) ထိပ်ပိုင်း ခေါင်းဆောင်များနှင့် အခြားသက်ဆိုင်သော စီမံကိန်းနှင့်ဆက်စပ်သူများက စီစဉ်ခြင်းနှင့် ရေးဆွဲခြင်း လုပ်ငန်းစဉ်တွင် ပါဝင်ခြင်းသည် အတည်ပြုချက် ရယူရာတွင် ပိုမိုအားကောင်းသော သဘောတူညီမှု နှင့် ထောက်ခံမှု ရရှိစေရန် အထောက်အကူ ပြုနိုင်ပါသည်။ ရွေးချယ်ဆောင်ရွက်နိုင်သည့် နောက်ထပ် အစီအမံတစ်ရပ်မှာ လုပ်ငန်းအဖွဲ့ကိုယ်စား ဩဇာရှိသော ပါတီဝင်အား အပြီးသတ် ရပ်တည်မှုကို ပါတီခေါင်းဆောင်ပိုင်းသို့ တင်ပြစေခြင်း ဖြစ်ပြီး ထိုသို့ တင်ပြမည့် ပါတီဝင်သည် သဘာဝ သယံဇာတဆိုင်ရာ ကျွမ်းကျင်မှုရှိသော နှင့်/သို့မဟုတ် ယခင်က အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များတွင် ပြောင်မြောက်စွာ ဆောင်ရွက်နိုင်ခဲ့သော ပုဂ္ဂိုလ်ဖြစ်သင့်ပါသည်။

သယံဇာတဆိုင်ရာ အပြီးသတ် မူဝါဒရပ်တည်မှုကို ပါတီ၏ ခေါင်းဆောင်ပိုင်က ကောင်းမွန်စွာ နားလည်သဘောပေါက်ပြီး လက်ခံရန် မဖြစ်မနေ လိုအပ်ပါသည်။ သယံဇာတ အုပ်ချုပ်မှု၏ ရှုပ်ထွေးမှုများအား ပုံမှန်အားဖြင့် ကောင်းမွန်စွာ နားလည်သဘောပေါက်လေ့ မရှိသော်လည်း မူဝါဒ အကောင်အထည်ဖော်ခြင်း၏ နယ်ပယ်များစွာနှင့် သက်ဆိုင်နေသည့်အချက်ကြောင့် မူဝါဒရပ်တည်မှုအား ဖြစ်နိုင်သရွေ့ ပါတီဝင်ပေါင်းများစွာ အထူးသဖြင့် အကောင်အထည်ဖော်မှုတွင် ပါဝင်သူများ၏ ထောက်ခံချက် ရရှိရန် အရေးကြီးပါသည်။ ဥပမာအားဖြင့် ရပ်တည်မှုသည် ပတ်ဝန်းကျင် ထိခိုက်မှုများနှင့် များစွာ သက်ဆိုင်နေပါက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးဌာန၊ သဘာဝ သယံဇာတဆိုင်ရာ ဝန်ကြီးဌာနနှင့် လွှတ်တော်မှ သက်ဆိုင်ရာ ကော်မတီများမှ အဖွဲ့ဝင်များသည် စံနှုန်းနှင့် ရပ်တည်မှု၏ အရေးပါမှုနှင့်ပတ်သက်ပြီး ရှင်းလင်းမှုရှိရန် အရေးကြီးပါသည်။

ဤလမ်းညွှန်တွင် ပါဝင်သော လေ့ကျင့်ခန်းစာရွက်များသည် လုပ်ငန်းစဉ်တလျှောက် လိုက်ပါလုပ်ဆောင်ခြင်းအတွက် အသုံးဝင်ရုံသာမကဘဲ နောက်ဆုံးအတည်ပြုချက် ရယူစဉ်တွင် အသင့်ရှိနေပါက အသုံးဝင်မည့် စဉ်းစားမှု အားလုံးကိုလည်း ပါဝင်အောင် ထည့်သွင်းထားပါသည်။ ဤအချက်သည် အထူးသဖြင့် လေ့ကျင့်ခန်းစာရွက် (က) နှင့် (ဇ) တို့အတွက် မှန်ကန်ပြီး ထိုလေ့ကျင့်ခန်းစာရွက်များသည် မည်သည့်အကြောင်းအရင်းကြောင့် အချို့သောနယ်ပယ်များအား ကနဦးတွင် အခြားနယ်ပယ်များထက် ပို၍ ဦးစားပေးရသည်နှင့် ရပ်တည်မှုသည် မည်သည့်အတိုင်းအတာအထိ ဆက်စပ်မှုနှင့် ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်မှု ရှိသည်ကို ကူညီရှင်းပြနိုင်ပါသည်။

## ရပ်တည်မှုအား ဖြန့်ဖြူးခြင်း

အလားအလာရှိသော ဝင်ငွေများနှင့် တူးဖော်မှု နှုန်းထားများနှင့်ပတ်သက်၍ ကြီးမားသော ကိန်းဂဏန်းများသည် ပြည်သူလူထု၏ မျှော်မှန်းချက်များကို ဖောင်းပွစေလေ့ရှိပြီး နိုင်ငံရေးသမားများအတွက် လက်တွေ့ကျစွာ ရေးဆွဲသတ်မှတ်ထားသော မူဝါဒများကို အကောင်အထည် ဖော်နိုင်စေရန်အတွက် ခက်ခဲစေနိုင်ပါသည်။ သယံဇာတ ကဏ္ဍ၏ အလွန်ရှုပ်ထွေးသော သဘောသဘာဝနှင့် ပေါင်းစပ်လိုက်သောအခါ ဤအချက်သည် နိုင်ငံရေးပါတီများအတွက် ၎င်း၏ အဓိက မဲဆန္ဒနယ်များနှင့် သာမန်ပြည်သူလူထုအနေဖြင့် ရပ်တည်မှုအပေါ် အပြည့်အဝ နားလည်မှုရှိစေရန် အလွန်အရေးကြီးစေပါသည်။ ထိုသို့ နားလည်မှုသည် ပါတီအနေဖြင့် ၎င်း၏ ဦးစားပေးကိစ္စရပ်များ၊ ကတိကဝတ်များနှင့် ကျွမ်းကျင်မှုများကို ရွေးကောက်ပွဲမတိုင်မီ ရှင်းပြရာတွင် အထောက်အကူ ဖြစ်စေပြီး ရွေးကောက်ပွဲပြီးနောက် အကောင်အထည်ဖော်မှုအပေါ် အတားအဆီး ဖြစ်စေနိုင်သော လူကြိုက်များဝါဒ ဖြစ်လာနိုင်သည့် အလားအလာများကို အားနည်းသွားစေရန် အကူအညီပေးပါမည်။

ရပ်တည်မှုအသစ်ကို တင်ပြခြင်းနှင့် ဖြန့်ဖြူးခြင်းအတွက် ရွေးချယ်နိုင်သည့် နည်းလမ်းများစွာ ရှိပါသည်။ အကောင်းဆုံးနည်းလမ်းသည် လုပ်ငန်းစဉ်တစ်ခုလုံး၏ ရည်ရွယ်ချက်၊ ရပ်တည်မှု၏ ပုံစံနှင့် အကောင်

၁၉၁။ အခန်း ၂ တွင် တောင်အာဖရိကနိုင်ငံအကြောင်း လေ့လာမှုကို ကြည့်ပါ။


အထည်ဖော်မှု အစီအစဉ်များအပေါ် မူတည်ပါသည်။ ရပ်တည်မှုအား ရွေးကောက်ပွဲဆိုင်ရာ ပါတီ၏ မူဝါဒ ကြေညာချက်အတွက် ရေးဆွဲသတ်မှတ်ထားပါက ထုတ်ပြန်ကြေညာမှုကို ပါတီ၏ မူဝါဒထုတ်ပြန် ကြေညာခြင်း လုပ်ငန်းစဉ်ပြီးမှ ဆောင်ရွက်ရပါမည်။ သယံဇာတ အုပ်ချုပ်မှု၏ လူမှုရေးနှင့် စီးပွားရေးအရ အရေးပါမှုကြောင့် ပါတီအနေဖြင့် သယံဇာတ အုပ်ချုပ်မှုကို အထူး အသားပေးလိုပါက ရပ်တည်မှုကို သီးခြား စာတမ်းတစ်ရပ်အနေဖြင့် ထုတ်ပြန်ကြေညာရန် စဉ်းစားနိုင်ပါသည်။

ပါတီတွင်း ဖြန့်ဖြူးမှုအား အဖွဲ့ဝင်များ၏ လိပ်စာ စာရင်းကို အသုံးပြုခြင်းဖြင့်သော်လည်းကောင်း၊ ပါတီ၏ သတင်းလွှာတွင် ထုတ်ပြန်ကြေညာမှုကို ထည့်သွင်း ဖော်ပြခြင်းဖြင့်သော်လည်းကောင်း ပါတီတွင်း ကွန်ရက်မှတဆင့် ဆောင်ရွက်နိုင်ပါသည်။ ပြင်ပသို့ ဖြန့်ဖြူးခြင်းတွင် ပုံနှိပ်မီဒီယာ၊ ရေဒီယို သို့မဟုတ် ရုပ်မြင်သံကြားတို့တွင် တွေ့ဆုံမေးမြန်းမှုများ ပါဝင်နိုင်ပြီး လူမှုကွန်ရက်တွင် ဖော်ပြချက်များနှင့် ပါတီ၏ အင်တာနက် စာမျက်နှာပေါ် တင်ခြင်းတို့ ပါဝင်နိုင်ပါသည်။ ပါတီအနေဖြင့် အများပြည်သူဆိုင်ရာ မိတ်ဆက်ပွဲ ကျင်းပရန် စီစဉ်ခြင်းကိုလည်း စဉ်းစားနိုင်ပါသည်။ တရားဝင် တင်ပြမှုသည် မီဒီယာတွင် စိတ်ပါဝင်စားမှု ရှိလာအောင် ဆောင်ရွက်နိုင်ရန်နှင့် ရပ်တည်မှုအပေါ် အဓိက မဲဆန္ဒနယ်များ၏ ထောက်ခံမှု ရယူရန်နှင့် ဤကဲ့သို့အရေးပါသော ကိစ္စရပ်နှင့်ပတ်သက်ပြီး ရှင်းလင်းသော ရပ်တည်မှုရှိခြင်း၏ အကျိုးကျေးဇူးများကို တိုးမြှင့်ရန် အခွင့်အလမ်း ပေးနိုင်ပါသည်။ ဂါနာနိုင်ငံတွင် ၂၀၁၆ ရွေးကောက်ပွဲများ မတိုင်ခင် နိုင်ငံရေးပါတီ လေးခုက ၎င်းတို့၏ သယံဇာတဆိုင်ရာ မူဝါဒရပ်တည်မှုများကို ပူးပေါင်း မိတ်ဆက်ပွဲတစ်ခုတွင် တင်ပြခဲ့ပြီး ပါတီသုံးခုက Oil Matters ဟုခေါ်သော အွန်လိုင်းစာမျက်နှာ (Online Portal) တစ်ခုတွင် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ Online Portal သည် မဲပေးသူများအား ရပ်တည်မှုများနှင့် ဆက်စပ် သတင်းအချက်အလက်များကို ရွေးကောက်ပွဲများမတိုင်မီ လေ့လာနိုင်စေပါသည်။[၁၉၂] ဂါနာတွင် ဆောင်ရွက်ခဲ့သော လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက အကွက် ၃.၄ ကို ကြည့်ပါ။

### အကွက် ၃.၄
### ဂါနာနိုင်ငံတွင် မူဝါဒရပ်တည်မှု ရေးဆွဲသတ်မှတ်ခြင်း

၂၀၁၅–၂၀၁၆ ခုနှစ်တွင် ဂါနာနိုင်ငံ၏ အဓိက နိုင်ငံရေးပါတီ လေးခုက သယံဇာတ အုပ်ချုပ်မှုနှင့်ပတ်သက်ပြီး မူဝါဒရပ်တည်မှုများ ရေးဆွဲရာတွင် NRGI နှင့် International IDEA တို့သည် ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

**ရေးဆွဲခြင်း လုပ်ငန်းစဉ်**




>>>

၁၉၂။ အင်တာနက်စာမျက်နှာကို <http://oilmatters.info/> တွင် တွေ့ရှိနိုင်ပါသည်။ ထိုအင်တာနက် စာမျက်နှာနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက <http://www.reportingoilandgas.org/launch-of-penplusbytes-amplifying-oil-and-gas-issues-project/> ကိုလည်း ကြည့်ပါ။

>>>

## ပထမ တွေ့ဆုံမှု

ပါတီများသည် ပါတီ၏ ရုံးချုပ်နှင့် လွှတ်တော်တို့မှ ဝေးကွာသည့် နေရာတစ်နေရာတွင် လေးရက်တာ တွေ့ဆုံခြင်းဖြင့် ဤလုပ်ငန်းစဉ်ကို စတင်ခဲ့ကြပါသည်။ တွေ့ဆုံမှု၏ တစ်စိတ်တစ်ပိုင်းသည် ပါတီ၏ အသင့်ဖြစ်မှုနှင့် ရရှိနိုင်သော အရင်းအမြစ်များကို သုံးသပ်ရန် အဓိကထားခဲ့သော်လည်း ဦးစားပေး ကိစ္စရပ် နယ်ပယ်လေးခုနှင့်ပတ်သက်၍ လေ့ကျင့်သင်ကြားမှု အစီအစဉ်များအတွက်လည်း အချိန်များစွာ အသုံးပြုခဲ့ကာ ထိုအစီအစဉ်များကို ပညာရှင်အဖွဲ့များ၊ အရပ်ဘက် လူ့အဖွဲ့အစည်းနှင့် အစိုးရထံမှ နိုင်ငံတကာနှင့် ပြည်တွင်း ကျွမ်းကျင်သူများက ဦးဆောင်ခဲ့ပါသည်။[၁၉၃]

ကျွမ်းကျင်သူက နိုင်ငံ၏ နောက်ခံအကြောင်းအရာနှင့် လက်ရှိအခြေအနေများကို မီးမောင်းထိုးပြ၍ ကိစ္စရပ် နယ်ပယ်အား အပြည့်အစုံ ခြုံငုံသုံးသပ်ပြခြင်းဖြင့် အစီအစဉ် တစ်ခုချင်းစီကို စတင်ခဲ့ပြီးနောက် မူဝါဒဆိုင်ရာ ရွေးချယ်နိုင်မှုများနှင့် ရရှိသောအကျိုးအတွက် ပေးဆပ်ရမှုများကို ခြုံငုံတင်ပြပါသည်။ လေ့ကျင့်သင်ကြားမှု အစီအစဉ် တစ်ခုပြီးတိုင်း လုပ်ငန်းအဖွဲ့များသည် ဤလမ်းညွှန်တစ်ခုလုံးတွင် ပိုမို အသေးစိတ် ဖော်ပြထားသည့် လေ့ကျင့်ခန်းစာရွက်များနှင့် အလားတူသည့် လေ့ကျင့်ခန်းစာရွက်များ အသုံးပြု၍ ဖြစ်နိုင်သော ရပ်တည်မှုများကို တစ်ဖွဲ့ချင်းစီက စဉ်းစားသုံးသပ်ကြပါသည်။ လုပ်ငန်းအဖွဲ့ ပံ့ပိုး ဆောင်ရွက်သူများနှင့် ဦးဆောင် ရေးဆွဲသူများသည် အဖွဲ့ဝင်များအား လေ့ကျင့်ခန်းစာရွက်များပါ မေးခွန်းများကို ဖြေဆိုခြင်းမှ ကိစ္စရပ်နယ်ပယ် တစ်ခုချင်းစီအပေါ် မူဝါဒရပ်တည်မှုများ ပိုမို ခရီးရောက် အောင် ရေးဆွဲခြင်းထံ ဂရုတစိုက် လမ်းကြောင်းပြောင်းပေးခဲ့ပါသည်။ တွေ့ဆုံမှု အဆုံးတွင် ရပ်တည်မှု မူကြမ်းများကို ပြန်လည်သုံးသပ်ရန်နှင့် ၎င်းတို့သည် ပါတီဝင် အားလုံးအတွက် တသတ်မတ်တည်းရှိပြီး ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်စွမ်းရှိကြောင်း သေချာစေရန် နေ့တစ်ဝက် လျာထားခဲ့ပါသည်။

စနစ်တကျ အစီအစဉ် ချထားသော လေ့ကျင့်သင်ကြားမှုနှင့် ရေးဆွဲခြင်းအပြင် ဆက်လက်လေ့လာ သင်ယူမှုကလည်း မူဝါဒအရ ရေးဆွဲသတ်မှတ်ခြင်း လုပ်ငန်းစဉ်၏ အဓိကကျသော အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ ပါတီဝင်များထံမှ ပညာရပ်ဆိုင်ရာ မေးခွန်းများကို ဖြေကြားပေးရန် ကျွမ်းကျင်သူများအား မူဝါဒဆိုင်ရာ တွေ့ဆုံမှု၌ လုပ်ငန်းအဖွဲ့ ဆွေးနွေးမှုများနှင့် ထိုဆွေးနွေးမှုများ နောက်ပိုင်းတွင် အသင့်နေ ပေးရန် တောင်းဆိုခဲ့ပါသည်။

## ဆွေးနွေးတိုင်ပင်မှုများ

ပါတီများသည် ပထမတွေ့ဆုံမှု အပြီးတွင် မူဝါဒရပ်တည်မှု မူကြမ်းများ ရရှိခဲ့ကြပြီး ထိုမူကြမ်းများကို ပါတီ၏ အထူးအဖွဲ့ဝင် ကေဒါများနှင့် အုပ်ချုပ်ရေး အဖွဲ့များအပြင် ဒေသန္တရ အရပ်ဘက် လူ့အဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် ကဏ္ဍကျွမ်းကျင်သူများ သက်ဆိုင်သော စီမံကိန်းနှင့်ဆက်စပ်သည့် ပြင်ပမှပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက လေ့လာသုံးသပ်ပြီး ထင်မြင်ချက်ပေးရန် ၎င်းတို့ထံ ပေးပို့မျှဝေခဲ့ပါသည်။ ဤဆွေး နွေးတိုင်ပင်မှုများနှင့် နောက်ပိုင်းမူကြမ်းကို ပြန်လည်ပြင်ဆင်ခြင်းတို့သည် တစ်လခန့် ကြာခဲ့ပြီး သယံ ဇာတ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ဂါနာနိုင်ငံအကြောင်း ထဲထဲဝင်ဝင် နားလည်သည့် ပညာရပ်ဆိုင် ရာ ကျွမ်းကျင်သူများကလည်း ပံ့ပိုးခဲ့ပါသည်။

## ဒုတိယ တွေ့ဆုံမှု

တစ်နေ့တာ ဒုတိယတွေ့ဆုံမှုကို ဆွေးနွေးတိုင်ပင်မှု ကာလအဆုံး၌ ပါတီများအားလုံး အတူတကွ ကျင်းပခဲ့ကြပါသည်။ ပါတီများက ပြင်ဆင်ထားသော မူကြမ်းကို ဆွေးနွေးကာ ကျန်ရှိနေသည့် မည် သည့် အငြင်းပွားဖွယ်ရာ ကိစ္စရပ်များကိုမဆို ဖြေရှင်းပြီး ကျွမ်းကျင်သူများ၏ ထင်မြင်ချက်ကို နောက် ထပ်တစ်ကြိမ် တောင်းခံရယူခဲ့ပါသည်။ ပါတီများသည် ဖြန့်ဖြူးခြင်းနှင့် မီဒီယာနှင့် အများပြည်သူထံ

>>>

၁၉၃။ ပထမ မူဝါဒဆိုင်ရာ တွေ့ဆုံမှု၏ အစီအစဉ်ကို နောက်ဆက်တွဲ (၂) တွင် ကြည့်ပါ။

>>>

ဖြန့်ဖြူးရာတွင် အသုံးပြုမည့် အဓိက သတင်းစကားများ ရေးဆွဲသတ်မှတ်ခြင်းတို့အတွက် အစီအစဉ်များကိုလည်း ဆွေးနွေးခဲ့ကြပါသည်။

ပါတီလေးခုလုံးအတွက် မူဝါဒ ထုတ်ပြန်ချက်များအား ပါတီ၏ စာတမ်းများအဖြစ် ခေါင်းဆောင်ပိုင်းက လက်မှတ်ရေးထိုး အတည်ပြုသော လုပ်ငန်းစဉ်သည် နှစ်လကျော်ကျော် ကြာမြင့်ခဲ့ပါသည်။ လုပ်ငန်းစဉ်တလျှောက်လုံးတွင် ထိပ်ပိုင်း ခေါင်းဆောင်ပိုင်းများနှင့် ဆက်လက်တိုင်ပင် ဆွေးနွေးမှုများကြောင့်နှင့် ထုတ်ပြန်ချက်များ ရေးသားရာတွင် ကျွမ်းကျင်သော ဩဇာရှိသည့် ပါတီဝင်များက အပြီးသတ်စာတမ်းကို ပါတီခေါင်းဆောင်ပိုင်းနှင့် အုပ်ချုပ်ရေး အဖွဲ့များထံ တင်ပြရာတွင် ဦးဆောင်ခဲ့သည့် အချက်ကြောင့် နောက်ဆုံး လက်မှတ်ရေးထိုးမှုကို လွယ်ကူချောမွေ့စေခဲ့ပါသည်။

## ဖြန့်ဖြူးခြင်း

နိုင်ငံရေးပါတီ လေးခုထဲမှ သုံးခုသည် ၎င်းတို့၏ ရပ်တည်မှုများအား သီးခြား စာတမ်းများအဖြစ် ထုတ်ပြန်ခဲ့ပါသည်။[၁၉၄] ထိုပါတီ သုံးခုသည် ၎င်းတို့ မူဝါဒရပ်တည်မှုများ၏ မိတ္တူများကို တစ်နိုင်ငံလုံးရှိ ပါတီရုံးခွဲများ အားလုံးထံ ပေးပို့ခဲ့ပြီး ၂၀၁၆ ခုနှစ် ရွေးကောက်ပွဲအတွက် စည်းရုံးရေး အစဉ်ပင် ပါတီဝင်များအား ပါတီ၏ မူဝါဒရပ်တည်မှုအား လေ့လာဖတ်ရှုနိုင်စေခဲ့ပါသည်။ အများပြည်သူ တက်ရောက်နိုင်သည့် မူဝါဒရပ်တည်မှု ပူးတွဲ မိတ်ဆက်ပွဲတစ်ခုလည်း ပြုလုပ်ခဲ့ပြီး အများအပြား တက်ရောက်ခဲ့ကြကာ အင်တာနက်ပေါ်တွင် ကျယ်ကျယ်ပြန့်ပြန့် ကြည့်ရှုခဲ့ကြရုံသာမက Twitter ပေါ်မှာပင် ပြောဆိုမှုများ ရှိခဲ့ပါသည်။ ထိုပွဲသည် ပါတီများအတွက် ၎င်းတို့၏ ရပ်တည်မှုများကို တင်ပြနိုင်သည့် အခွင့်အလမ်းတစ်ခု ဖြစ်ခဲ့ရုံသာမက မတူညီသော ပါတီများက အဆိုပြုသော မူဝါဒဆိုင်ရာ ရွေးချယ်မှုများနှင့်ပတ်သက်ပြီး စိတ်ဝင်တစား အချေအတင် ဆွေးနွေးရန် နေရာတစ်နေရာလည်း ဖြစ်ခဲ့ပါသည်။ အရပ်ဘက် လူ့အဖွဲ့အစည်းမှ ကျွမ်းကျင်သူများ၊ ပညာရှင် အသိုင်းအဝိုင်း၊ ပုဂ္ဂလိက ကဏ္ဍနှင့် သယံဇာတ ထုတ်လုပ်သော ဒေသများမှ လူ့အသိုက်အဝန်းများအား ၎င်းတို့၏ ထင်မြင်ချက်များကို ဝေမျှရန် ဖိတ်ကြားခဲ့ပါသည်။ ထုတ်ပြန်ကြေညာခဲ့သော ရပ်တည်မှု သုံးခုအား Oil Matters ဟု ခေါ်သော Internet Portal တစ်ခုတွင် ယခု လေ့လာဖတ်ရှုနိုင်ပါသည်။[၁၉၅]

ဤလုပ်ငန်းစဉ်အား ပါတီများနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် ပြင်ပပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက အောင်မြင်မှု တစ်ရပ်အဖြစ် ကြိုဆိုခဲ့ကြပါသည်။ ဂါနာနိုင်ငံ၏ စွမ်းအင်ကော်မရှင်၏ ဥက္ကဋ္ဌလည်းဖြစ်၊ အမျိုးသား ဒီမိုကရက်တစ် ကွန်ဂရက်ပါတီ (National Democratic Congress – NDC)အတွက် လွှတ်တော်အမတ်ဟောင်းလည်း ဖြစ်သည့် Dr Kwame Ampofo က ''မူဝါဒ ရေးဆွဲသတ်မှတ်ခြင်းအတွက် တွေ့ဆုံမှုက ကျွန်ုပ်တို့အား ကျွန်ုပ်တို့ပါတီ၏ ကိုယ်ပိုင်အယူဝါဒနှင့် ရည်မှန်းချက်ကိုပင် ပြန်လည်သတိထား သုံးသပ်မိစေခဲ့ပါတယ်။ ရပ်တည်မှုတွေ ဖော်ပြရမယ်ဆိုတဲ့အခါမှာ ကျွန်ုပ်တို့မှာ လမ်းစပျောက်နေခဲ့ပါတယ်။ ပါတီ၏ အခြေခံ ဖွဲ့စည်းပုံနှင့် ယခင်နှင့်လက်ရှိ မူဝါဒ ထုတ်ပြန်ကြေညာချက်များကို ပြန်ကြည့်ခဲ့ရပြီး ယခင် NDC နာယကများနှင့် လက်ရှိ နာယကထံမှ ရေနံနှင့် ဓာတ်ငွေ့ဆိုင်ရာ ထုတ်ပြန်ချက်များကိုပင် ပြန်လေ့လာခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ ယခင်ရပ်တည်မှုများနှင့် ကွဲလွဲသော ရပ်တည်မှုတစ်ရပ် ယခုအချိန်တွင် ရှိလို့မရဘူး။ အဲ့ဒါကြောင့် သိပ်ကို အသုံးဝင်ခဲ့တဲ့ လေ့ကျင့်ခန်း ဖြစ်ခဲ့သလို ကျွန်တော်ကိုယ်တိုင်လည်း ယခင်ကထက် ပိုကောင်းတဲ့ [ပါတီ]ဝင် တစ်ယောက် ဖြစ်လာတယ်လို့ ထင်မြင်မိတယ်''။[၁၉၆]

၁၉၄။ ထုတ်ပြန်ကြေညာထားသော ရပ်တည်မှု သုံးခုကို <http://oilmatters.info/knowledge-hub/> တွင် ရယူနိုင်ပါသည်။

၁၉၅။ အင်တာနက်စာမျက်နှာသို့ <http://oilmatters.info/> မှ သွားရောက်နိုင်ပါသည်။

၁၉၆။ Brouwer, Kayitare and Perdomo (note 56).

## နိဂုံး

သဘာဝ သယံဇာတ ကြွယ်ဝမှုကြောင့် ထူးခြားသော အခွင့်အလမ်းများနှင့် ဆုံးရှုံးနိုင်ခြေများ ဖြစ်ပေါ်လာပါသည်။ ရေနံ၊ ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်မှုသည် ရေရှည်တည်တံ့ပြီး တန်းတူညီမျှမှုရှိသော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် ငွေကြေးပံ့ပိုးပေးနိုင်သလို ဒီမိုကရေစီကို အားနည်းစေခြင်း၊ အဂတိလိုက်စားမှု ဖြစ်ပေါ်စေခြင်း၊ စီးပွားရေး ပျက်ယွင်းစေခြင်းနှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ ဆိုးရွားသော သက်ရောက်မှုများ ဖြစ်ပေါ်လာစေခြင်းတို့ကိုလည်း ဖြစ်စေနိုင်ပါသည်။ စွမ်းဆောင်ရည်ရှိပြီး သတင်းအချက်အလက် အပြည့်အဝ ရရှိကာ လွတ်လပ်သော အရပ်ဘက် လူ့အဖွဲ့အစည်းများဖြင့် ဖြည့်ဆည်းပေးထားသည့် အားကောင်းသော အစိုးရ ဌာနဆိုင်ရာ အဖွဲ့အစည်းများသည် အရေးကြီးပြီး သယံဇာတ ကျိန်စာကို ရှောင်ရှားရန်အတွက် နည်းလမ်းများအဖြစ် မကြာခဏဆိုသလို ပြောဆိုကြပါသည်။ နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍသည် ပို၍ လူသိနည်းသော်လည်း ၎င်းတို့သည် သယံဇာတ အုပ်ချုပ်မှုဆိုင်ရာ ရလဒ်များအပေါ် အထောက်အကူရော ထိခိုက်မှုပါ ဖြစ်စေနိုင်ပါသည်။

ရှင်းလင်းပြီး အထောက်အထား အခြေပြုကာ လက်တွေ့ အကောင်အထည်ဖော်နိုင်သော မူဝါဒရပ်တည်မှု တစ်ရပ် ရှိခြင်းသည် ပါတီအနေဖြင့် သယံဇာတ အုပ်ချုပ်မှုအပေါ် အပြုသဘောဆောင်သော နည်းလမ်းဖြင့် အကျိုးပြုစေရန်အတွက် အဓိကကျပါသည်။ ဤလမ်းညွှန်တွင် ဖော်ပြထားသည့်အတိုင်း ထိုကဲ့သို့သော ရပ်တည်မှုတစ်ရပ် ရေးဆွဲသတ်မှတ်ရန်မှာ လုပ်ငန်းစဉ်ကို စတင်ခြင်း၊ ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည် ဖော်ခြင်းအတွက် အချိန်၊ ငွေကြေးနှင့် ဝန်ထမ်းအင်အား စိုက်ထုတ်ရန် လိုအပ်သည့်အပြင် ပါတီ၏ အမြင့်ဆုံးအဆင့်များမှ အလေးအနက်ထား တစိုက်မတ်မတ် ဆောင်ရွက်မည့် ကတိကဝတ်၊ ကျွမ်းကျင်သူများက ပံ့ပိုးပေးသည့် အသေးစိတ် ခွဲခြမ်းစိတ်ဖြာ သုံးသပ်မှုနှင့် ကျယ်ပြန့်သော ဆွေးနွေးတိုင်ပင်မှုများလည်း လိုအပ်ပါသည်။ အာဏာရရှိထားသည်ဖြစ်စေ၊ အတိုက်အခံဖြစ်စေ ရပ်တည်မှုတစ်ခုသည် ပါတီအား သယံဇာတ ကြွယ်ဝမှု၏ ရှုပ်ထွေးသော စိန်ခေါ်မှုများကို ကျော်လွှားရန်နှင့် ထိုသယံဇာတ ကြွယ်ဝမှုကို ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု ရှိစွာဖြင့် နိုင်ငံသားများ အားလုံး၏ အကျိုးစီးပွားကို အကောင်းဆုံး ရေးရှု၍ စီမံခန့်ခွဲနိုင်စေရန်အတွက် အထောက်အကူ ပြုပါလိမ့်မည်။

# ကျမ်းကိုး


Africa Report (The), 'Uganda: We are rebranding the party - FDC president, Mugisha Muntu,' 18 July 2013, http://www.theafricareport.com/East-Horn-Africa/uganda-we-are-rebranding-the-party-fdc-president-mugisha-muntu.html

Akinniyi, Toyin, *Nigeria Watchdog Journalism Plays Essential Role in Malabu Oil Scandal Probe* (NRGI:6 April 2017) https://resourcegovernance.org/blog/nigeria-watchdog-journalism-plays-essential-role-malabu-oil-scandal-probe

Bauer, Andrew, Rebecca Iwerks, Matteo Pellegrini and Varsha Venugopal, *Subnational Governance of Extractives: Fostering National Prosperity by Addressing Local Challenges* (Natural Resource Governance Institute:August 2016), https://resourcegovernance.org/sites/default/files/documents/subnational-governance-extractives-fostering.pdf

Boynton, Rachel (Director), Big Men, Documentary Film, (2013; Boynton Films), 35:30.

Brouwer, Femke, Frank Kayitare and Catalina Perdomo, *Natural Resources, Representative Democracy and Development: What Role for Political Parties?* (18 November 2015) https://resourcegovernance.org/blog/naturalresources-representative-democracy-and-development-what-role-politicalparties

Bryan, Shari and Barrie Hofmann (eds. ) *Transparency and Accountability in Africa's Extractive Industries: The Role of the Legislature* (National Democratic Institute for International Affairs 2007).

Cheeseman, Nic et al., *Politics Meets Policies: The Emergence of Programmatic Political Parties* (International IDEA 2014), XIV available at: https://www.idea.int/sites/default/files/publications/politics-meets-policies.pdf (compiling research).

Collier, Paul, *Natural Resources and Conflict in Africa* (The Beacon: November 2009), http://the-beacon.info/countries/africa/natural-resources-andconflict-in-africa/

Democratic Republic of Timor-Leste, *Strategic Development Plan 2011-2013, version submitted to the National Parliament,* http://timor-leste.gov.tl/wpcontent/uploads/2011/07/Timor-Leste-Strategic-Plan-2011-20301.pdf

*Guardian* (The), Operation Car Wash: Is this the biggest corruption scandal in history? 1 June 2017, https://www.theguardian.com/world/2017/jun/01/brazil-operation-car-wash-is-this-the-biggest-corruption-scandal-in-history

Hinfelaar, Marja and Jessica Achberger, *The politics of natural resource extraction in Zambia* (Effective States and Inclusive Development Research Centre:2017).

International IDEA, Global State of Democracy Indices, available here: https://www.idea.int/gsod-indices/#/indices/world-map

Natural Resource Governance Institute, *Falling Prices, Rising Risks: A Series on Low Commodity Prices,* https://resourcegovernance.org/analysis-tools/collection/falling-prices-rising-risks-series-low-commodity-prices

Natural Resource Governance Institute, *Natural Resource Charter, Second Edition,* available here: https://resourcegovernance.org/approach/naturalresource-charter

Natural Resource Governance Institute, 2017 Resource Governance Index, available here: http://resourcegovernanceindex.org/

Reuters, 'Barrick Gold's Tanzania deal may set expensive precedent -shareholders,'25 October 2017, http://www.reuters.com/article/barrickgold-acacia-shareholders/barrick-golds-tanzania-deal-may-set-expensiveprecedent-shareholders-idUSL2N1MZ1F4

Ross, Michael, *The Oil Curse: How Petroleum Wealth Shapes the Development of Nations (*Princeton University Press 2012), 63.

Transparency International Malaysia, *Malaysia Corruption Barometer 2014,* available at: http://transparency.org.my/media-and-publications/pressrelease/ti-m-2014-malaysia-corruption-barometer-mcb-results/

Triwibowo, Darmawan and Nelson A. Seixas Miranda, *Investing for the Future: Timor-Leste's Petroleum Fund* (Natural Resource Governance Institute: 2016), https://resourcegovernance.org/sites/default/files/documents/investing-forthe-future-timor-lestes-petroleum-fund.pdf

Van der Berg, Caspar F., Kati Piri, Sam van der Staak and Levan Tsutskiridze, *Strategic Planning for Political Parties: a Practical Tool* (International IDEA: 2013).

World Bank, *World Development Report 2012: Gender Equality and Development* (2012), https://openknowledge.worldbank.org/handle/10986/4391.

## နောက်ဆက်တွဲ (၁)
## ပညာရပ်ဆိုင်ရာ အသုံးအနှုန်းများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

| အသုံးအနှုန်းများ | အဓိပ္ပာယ်ဖွင့်ဆိုချက်များ |
|---|---|
| စုပ်ယူနိုင်စွမ်း (Absorptive Capacity) | အစိုးရ၏ သို့မဟုတ် စီးပွားရေး၏ အပိုငွေကြေးများ (ဥပမာ – ဝင်ငွေများ၊ ရင်းနှီးမြှုပ်နှံမှုများ)အား ထိတွေ့နိုင်သော ပစ္စည်းများနှင့် ဝန်ဆောင်မှုများအဖြစ်သို့ ငွေကြေးဖောင်းပွမှု သို့မဟုတ် အလေအလွင့်ဖြစ်သော သုံးစွဲမှု မဖြစ်စေဘဲ ပြောင်းလဲ (ဆိုလိုသည်မှာ "စုပ်ယူ")နိုင်စွမ်း။ ၎င်းသည် ကျွမ်းကျင်လုပ်သားများနှင့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု ထောက်ပံ့သူများ ရှိခြင်းနှင့် အစိုးရ၏ ကျွမ်းကျင်မှုအပေါ် မူတည်ပါသည်။ |
| နောက်ကွယ်မှ အကျိုးခံစားခွင့်ရှိသော ပိုင်ဆိုင်မှု | နောက်ကွယ်မှ အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင် ဆိုသည်မှာ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တရားဝင် အဖွဲ့အစည်းတစ်ခုအပေါ် အရေးပါသော ထိန်းချုပ်မှု ကျင့်သုံးသော သို့မဟုတ် အဆိုပါ အဖွဲ့အစည်းတွင် အရေးပါသော စီးပွားရေးအရ အကျိုးစီးပွားရှိသော သို့မဟုတ် အဆိုပါ အဖွဲ့အစည်းထံမှ အရေးပါသော စီးပွားရေးအကျိုးအမြတ် ရရှိသော လူပုဂ္ဂိုလ်ကို ဆိုလိုသည်။ |
| ကုန်ပစ္စည်း | ဈေးကွက်တွင် ဝယ်ယူ သို့မဟုတ် ရောင်းချသော ရေနံ၊ ဓာတ်ငွေ့ သို့မဟုတ် ဓာတ်သတ္တုများ စသော ကုန်ကြမ်းပစ္စည်းများ သို့မဟုတ် အခြေခံ စိုက်ပျိုးရေးထုတ်ကုန်များ။ |
| ရပ်ရွာဖွံ့ဖြိုးရေး သဘောတူညီချက်များ | စီမံကိန်းလုပ်ကွက် အနီးနားရှိ လူ့အသိုက်အဝန်း၏ ဖူလုံရေးကို မြှင့်တင်ပေးခြင်းအတွက် ကုမ္ပဏီများ၊ အစိုးရများနှင့် လူအသိုက်အဝန်းများအကြား ချုပ်ဆိုသည့် သဘောတူ စာချုပ်များ။ |
| အပြိုင်အဆိုင်ရှိသော တင်ဒါ | သယံဇာတ တူးဖော်ရေး စီမံကိန်းတစ်ခုအတွက် အခွင့်အလမ်းအား ကုမ္ပဏီတစ်ခုထက်ပို၍ ပေးလျက် ကုမ္ပဏီများအား အစိုးရက ဖိတ်ခေါ်သည့် လုပ်ငန်းစဉ်ဖြစ်သည်။ လေလံစနစ်များသည် ရေနံကဏ္ဍတွင် အပြိုင်အဆိုင်ရှိသော တင်ဒါ၏ အတွေ့ရများသော ပုံစံ ဖြစ်ပါသည်။ |
| ကုမ္ပဏီ ဝင်ငွေခွန် | ခွင့်ပြုထားသော အသုံးစရိတ်များအား နုတ်ယူပြီးနောက် ကုမ္ပဏီတစ်ခု၏ အသားတင် အမြတ်ငွေများ အပေါ် စည်းကြပ်သည့် အခွန်။ |
| ဆုံးဖြတ်ချက် ကွင်းဆက် | စမ်းသပ်တိုင်းတာခြင်းနှင့် လိုင်စင်ထုတ်ပေးခြင်းမှ ဝင်ငွေများ ရင်းနှီးမြှုပ်နှံခြင်းအထိ သယံဇာတ တူးဖော်မှုကို စီမံခန့်ခွဲရာတွင် အစိုးရက ပြုလုပ်သည့် အပြန်အလှန် ဆက်စပ်နေသော မူဝါဒများ စုဖွဲ့မှု။ ထိုမူဝါဒများ စုဖွဲ့မှုကို Natural Resource Charter, Extractive Industries (EI) Source Book နှင့် သဘာဝ သယံဇာတ အုပ်ချုပ်မှုကို နားလည်ခြင်းအတွက် အခြား အကိုးအကားများတွင် အယူအဆအပေါ် အခြေတည်သော မူဘောင်အဖြစ် အသုံးပြုပါသည်။ |
| ပြည်တွင်း ရင်းနှီးမြှုပ်နှံမှု | ငွေချေးစာချုပ်များ၊ ရှယ်ယာများ၊ လူသားအရင်းအနှီး (ဥပမာ – ပညာရေး)နှင့် ရုပ်ပိုင်းဆိုင်ရာ အရင်းအနှီး (ဥပမာ – စက်ယန္တရား)စသော ပိုင်ဆိုင်မှုများတွင် နိုင်ငံသားများ သို့မဟုတ် အစိုးရက ၎င်းတို့၏ နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှု။ |
| စီးပွားရေးအရ လုပ်ငန်းမျိုးစုံ ဖြန့်ကျက်လုပ်ကိုင်ခြင်း | ကဏ္ဍတစ်ခုတည်းက စီးပွားရေးအပေါ် လွှမ်းမိုးခြင်း မရှိစေရန် မတူညီသော ကဏ္ဍများ (ဥပမာ – စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်ရေး၊ ဝန်ဆောင်မှုများ၊ သဘာဝ သယံဇာတ)တွင် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ ထုတ်လုပ်ခြင်း လုပ်ငန်းစဉ်။ |
| စီးပွားရေးအရ ထိရောက်မှု | အလေအလွင့်များ လျှော့ချပြီး အလားအလာရှိသော အကျိုးအမြတ်များကို တိုးမြှင့်လျက် တိုင်းပြည်စီးပွားရေးတွင် သယံဇာတများအား အကောင်းဆုံး အသုံးပြု ဖြန့်ဖြူးနိုင်သောအခါ ရောက်ရှိသည့် အခြေအနေတစ်ခု။ |
| သဘာဝ ပတ်ဝန်းကျင်နှင့် လူမှု ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း | စီမံကိန်း၏ တူးဖော်မှုလုပ်ငန်းကြောင့် ဖြစ်ပေါ်လာသော လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများအား ဆန်းစစ်ခြင်း။ ပုံမှန်အားဖြင့် ထိုသို့ ဆန်းစစ်မှုကို စီမံကိန်း မစတင်မီ ဆောင်ရွက်ရန်နှင့် အစိုးရက အတည်ပြုရန် လိုအပ်ပါသည်။ |
| ကုန်ခမ်းသွားနိုင်မှု | သယံဇာတတစ်ခု၏ အကန့်အသတ်ဖြင့်သာရှိပြီး ပြန်လည်ပြည့်ဖြိုးခြင်း မရှိသော သဘော သဘာဝ။ ၎င်း၏ ကုန်ခမ်းသွားနိုင်စွမ်း သို့မဟုတ် အကုန် အသုံးပြုနိုင်စွမ်း။ |
| တူးဖော်ထုတ်ယူနိုင်သော သယံဇာတ | မြေပေါ် သို့မဟုတ် မြေအောက်တွင် တွေ့ရှိရသည့် ပြန်လည်ပြည့်ဖြိုးခြင်း မရှိသော သဘာဝ သယံဇာတ၊ အထူးသဖြင့် ရေနံ၊ ဓာတ်ငွေ့ သို့မဟုတ် ဓာတ်သတ္တုများ။ |

| အသုံးအနှုန်းများ | အဓိပ္ပာယ်ဖွင့်ဆိုချက်များ |
|---|---|
| အခွန်အခများ ကောက်ခံသည့်စနစ် (Fiscal Regime) | သယံဇာတ တူးဖော်ရေး စီမံကိန်းများမှ ဝင်ငွေများကို နိုင်ငံတော်နှင့် ကုမ္ပဏီများအကြား မည်သို့ ခွဲဝေမည်ကို သတ်မှတ်ပေးသော သတ်မှတ်ချက်များနှင့် စာချုပ်စာတမ်းများ (ဥပမာ – အခွန်များ၊ ခိုင်ကြေးများ၊ အမြတ်ဝေစုများ)။ |
| အခွန်ဘဏ္ဍာငွေဆိုင်ရာ စည်းမျဉ်း (Fiscal Rule) | ကိန်းဂဏန်းအရ ရည်မှန်းချက်တစ်ရပ်ဖြင့် သတ်မှတ်ထားသော အစိုးရ၏ ဘဏ္ဍာရေး ကိစ္စရပ်များအပေါ် နှစ်ပေါင်းများစွာ ထိန်းသိမ်းမှု ဖြစ်သည်၊ ဥပမာ – အစိုးရ၏ အသုံးစရိတ် တိုးတက်မှုအား တစ်နှစ်လျှင် သုံးရာခိုင်နှုန်းထက် မပိုရန် ကန့်သတ်ထားခြင်း။ |
| အခွန်ဘဏ္ဍာငွေဆိုင်ရာ ခိုင်မာမှု/ ခိုင်မာမှုအတွက် အာမခံချက်ပေးခြင်း (Fiscal Stability / Stabilization) | အတက်အကျမြန်သော သယံဇာတမှ ရရှိသည့် ဝင်ငွေများကြောင့် အစိုးရ ဘတ်ဂျက်အပေါ် သက်ရောက်မှုကို လျှော့ပါးသက်သာစေသည့် မူဝါဒဖြစ်ပြီး ဥပမာ – အမြောက်အများ ရရှိသည့် ယင်းငွေများကို ရန်ပုံငွေတစ်ရပ်ဖြင့် စုဆောင်းခြင်း ဝင်ငွေများ မြင့်မားသောအခါ အစိုးရ၏ ကြွေးမြီကို ပေးချေခြင်း၊ ဝင်ငွေများ ကျဆင်းသောအခါ အစိုးရ၏ စုဆောင်းငွေများ သို့မဟုတ် ချေးငွေများ ထုတ်ယူခြင်းဖြင့် တစ်နှစ်မှ တစ်နှစ်သို့ ငွေသုံးစွဲမှုကို ချောမွေ့စေခြင်း။ |
| အခွန်ဘဏ္ဍာငွေဆိုင်ရာ ရေရှည်တည်တံ့မှု (Fiscal Sustainability) | အစိုးရအနေဖြင့် ငွေကြေးလည်ပတ်မှုအပေါ် ခြိမ်းခြောက်ခြင်းမရှိဘဲ သို့မဟုတ် အကြွေးမဆပ်နိုင်ခြင်း ဖြစ်ပေါ်မည့် အန္တရာယ်မရှိဘဲ လက်ရှိ သုံးစွဲမှုနှင့် အခွန်ဆိုင်ရာ မူဝါဒများကို ရေရှည် ထိန်းသိမ်းထားနိုင်စွမ်း။ အကန့်အသတ်ဖြင့်သာ ရှိသော သယံဇာတမှ ရရှိသည့် ဝင်ငွေများအပေါ် မှီခိုသော ဒေသများအတွက် ဤအချက်သည် အထူးပင် အရေးကြီးပါသည်။ |
| လွတ်လပ်သော၊ ကြိုတင်ဖြစ်သော၊ အချက်အလက် ပြည့်စုံစွာ သိရှိပြီးမှ ပြုလုပ်သော သဘောတူ ခွင့်ပြုချက် (Prior and Informed Consent - FPIC) | လူ့အသိုက်အဝန်းများ (ပုံမှန်အားဖြင့် ဌာနေတိုင်းရင်းသား လူ့အသိုက်အဝန်းများ)သည် ၎င်းတို့ ပိုင်ဆိုင်သော၊ နေထိုင်သော သို့မဟုတ် အခြားနည်းဖြင့် အသုံးပြုသော မြေများအပေါ် သက်ရောက်မှု ရှိနိုင်သည့် အဆိုပြု စီမံကိန်းများအပေါ် ၎င်းတို့၏ သဘောတူ ခွင့်ပြုချက် ပေးခွင့် သို့မဟုတ် မပေးခွင့် ရှိသည် ဟူသော အခြေခံစည်းမျဉ်း။ ထိုစည်းမျဉ်းတွင် ခိုင်လုံသော သဘောတူခွင့်ပြုချက် ရယူခြင်းအတွက် လိုအပ်သော ဆွေးနွေးတိုင်ပင်ခြင်း လုပ်ငန်းစဉ်လည်း ပါဝင်လေ့ရှိပါသည်။ |
| အုပ်ချုပ်မှု | နိုင်ငံရေးစနစ်ပုံစံ သို့မဟုတ် နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး သို့မဟုတ် စီးပွားရေး အရင်းအမြစ်များကို အများပြည်သူ အကျိုးအတွက် စီမံခန့်ခွဲမှုတွင် အာဏာပိုင်များက ကျင့်သုံးသည့် နည်းလမ်း။ မူဝါဒများ ဒီဇိုင်းဆွဲခြင်း၊ ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် လုပ်ငန်းတာဝန်များ ခွဲဝေခြင်းအား အစိုးရများ၏ ဆောင်ရွက်နိုင်စွမ်းကိုလည်း ရည်ညွှန်းပါသည်။ |
| အခြေခံ အဆောက်အအုံ | ကားလမ်း၊ ရထားလမ်း၊ ဆက်သွယ်ရေးနှင့် ရေထောက်ပံ့ရေးဆိုင်ရာ ပံ့ပိုးမှုများ အစရှိသော ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် အဖွဲ့အစည်းဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံများ။ |
| လိုင်စင် | နိုင်ငံတော် သို့မဟုတ် ဒေသန္တရ အစိုးရအဖွဲ့က ယေဘုယျ သက်ဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ စီမံကိန်းတစ်ခုနှင့် တစ်ခုကြား ကွာခြားမှု အနည်းငယ်ဖြင့် စမ်းသပ်တိုင်းတာခွင့် သို့မဟုတ် တူးဖော်ခွင့်များ ချပေးရာတွင် အသုံးပြုသည့် စံပုံစံဖြင့် ထုတ်ပေးသည့် ဥပဒေဆိုင်ရာ စာရွက်စာတမ်းတစ်ခု။ အချို့နိုင်ငံများတွင် ပါမစ်ဟုလည်း ခေါ်ကြသည်။ |
| လိုင်စင်ပါ နယ်မြေ | သယံဇာတ စမ်းသပ်တိုင်းတာခွင့် နှင့်/သို့မဟုတ် တူးဖော်ခွင့်များ ပေးထားသော သတ်မှတ်နယ်မြေများ။ လုပ်ကွက်များ သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် နယ်မြေများဟုလည်း ခေါ်ကြသည်။ |
| လိုင်စင်ထုတ်ပေးခြင်း | ကုမ္ပဏီများထံ တူးဖော်ခွင့် ချပေးသော လုပ်ငန်းစဉ်နှင့် နည်းလမ်း။ လုပ်ကိုင်ခွင့်များ ချပေးရာတွင် ပွင့်လင်းမြင်သာမှုနှင့် အပြိုင်အဆိုင် ရှိမှုသည် ရလဒ်၏ အရည်အသွေးအပေါ် ကောင်းမွန်သော သက်ရောက်မှု ရှိနိုင်ပါသည်။ |
| ပြည်တွင်းပါဝင်မှု အချိုးအစား | ပြည်တွင်းလုပ်သား၊ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု ထောက်ပံ့သူများ၊ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ၊ ရင်းနှီးငွေနှင့် အခြေခံ အဆောက်အအုံတို့အား သယံဇာတ တူးဖော်ရေးကဏ္ဍမှ လုပ်ငန်းလုပ်ကိုင်သူများက အသုံးပြုခြင်း သို့မဟုတ် ဖွံ့ဖြိုးတိုးတက်စေခြင်းမှတဆင့် တိုင်းပြည်၏ စီးပွားရေးနှင့် လူ့အသိုက်အဝန်းများအပေါ် အခွန်မဟုတ်သော အကျိုးပြုမှုများ |

| အသုံးအနှုန်းများ | အဓိပ္ပာယ်ဖွင့်ဆိုချက်များ |
|---|---|
| **စံနမူနာ ယူရမည့် လုပ်ငန်း သဘောတူစာချုပ်** | နိုင်ငံတွင် ဖြစ်နိုင်သော သယံဇာတ တူးဖော်မှုဆိုင်ရာ လုပ်ငန်း သဘောတူစာချုပ်များအတွက် ယေဘုယျ သတ်မှတ်ချက်များ ပါဝင်သည့် စာချုပ်။ စံနမူနာ ယူရမည့် လုပ်ငန်း သဘောတူစာချုပ် တစ်ခု၏ အသေးစိတ်မှု အဆင့်အတန်းနှင့် ထိုစာချုပ်အပေါ် အလေးထားမှုသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကွဲပြားကြပါသည်။ |
| **သဘာဝ သယံဇာတ ရန်ပုံငွေများ** | ရေနံ၊ ဓာတ်ငွေ့ သို့မဟုတ် ဓာတ်သတ္တုများမှ ရရှိသော ဝင်ငွေများဖြင့် အဓိက ငွေကြေးပံ့ပိုးထားသည့် နိုင်ငံပိုင် ဥစ္စာစေ ရန်ပုံငွေများ။ |
| **ငွေကြေးမဟုတ်သော အကျိုးကျေးဇူးများ** | အစိုးရ သို့မဟုတ် လူထုက သယံဇာတ တူးဖော်ရေး စီမံကိန်းတစ်ခုမှ ရရှိသည့် ငွေကြေး ကောက်ခံရရှိမှုနှင့် မသက်ဆိုင်သော အကျိုးကျေးဇူးများ။ ဤတွင် အလုပ်အကိုင်များ၊ အခြေခံ အဆောက်အအုံနှင့် ပြည်တွင်းစီးပွားရေးအတွက် အခြားအကျိုးကျေးဇူးများ ပါဝင်နိုင်ပါသည်။ |
| **ဘတ်ဂျက်ပြင်ပ သုံးစွဲမှု** | သာမန် ဘတ်ဂျက်လုပ်ငန်းစဉ်ဖြင့် စီမံခန့်ခွဲခြင်း မရှိသောကြောင့် လွှတ်တော်၏ ကြီးကြပ်မှု သို့မဟုတ် ဝယ်ယူမှုနှင့် စာရင်းစစ်ဆေးခြင်းဆိုင်ရာ သတ်မှတ်ချက်များ အစရှိသော မြင့်မားသည့် စံနှုန်းများအား လိုက်နာစရာ မလိုသည့် အစိုးရ၏ ငွေသုံးစွဲမှု။ |
| **စီမံကိန်း သံသရာလည်ပုံ စက်ဝန်း** | သယံဇာတ တူးဖော်ရေး စီမံကိန်းတစ်ခု၏ ဆက်တိုက်အဆင့်များ၊ များသောအားဖြင့် စမ်းသပ်တိုင်းတာခြင်း၊ တည်ဆောက်ခြင်းနှင့် ထုတ်လုပ်ခြင်းမှ ပိတ်သိမ်းခြင်းသို့ သွားပါသည်။ စီမံကိန်း၏ အရွယ်အစားနှင့် ဘူမိဗေဒ အနေအထားအပေါ် မူတည်၍ ၅ နှစ်မှ နှစ်ပေါင်း ၂၀၀ အထိ ကြာနိုင်ပါသည်။ |
| **အစိုးရကိုယ်စား အသုံးစရိတ်များ (Quasi-Fiscal Expenditures)** | ဝန်ကြီးဌာန သို့မဟုတ် အစိုးရ အဖွဲ့အစည်း၏ အဓိကရည်ရွယ်ချက် ပြင်ပ အသုံးစရိတ်များ။ ဥပမာ အမျိုးသား ရေနံကုမ္ပဏီတစ်ခုက ၎င်းတို့၏ အဓိက စီးပွားရေးအစား ကျောင်းများအတွက် များသောအားဖြင့် အစိုးရကိုယ်စား ငွေသုံးစွဲခြင်း။ |
| **သယံဇာတ သိုက်များ** | စုစုပေါင်း သယံဇာတများ၏ စီးပွားရေးအရ တူးဖော်ထုတ်လုပ်နိုင်သည့် အစိတ်အပိုင်း။ |
| **သယံဇာတ ကျိန်စာ** | သဘာဝ သယံဇာတများ အထူးသဖြင့် ဓာတ်သတ္တုများနှင့် လောင်စာများ အစရှိသည့် ပြန်လည်ပြည့်ဖြိုးခြင်း မရှိသည့် သယံဇာတများ ပေါကြွယ်ဝသော နိုင်ငံများသည် သဘာဝ သယံဇာတ ပို၍ နည်းပါးသော နိုင်ငံများနှင့်ယှဉ်လျှင် ပိုမိုနိမ့်ကျသော စီးပွားရေး တိုးတက်မှုနှင့် ပိုမိုဆိုးရွားသော ဖွံ့ဖြိုးတိုးတက်မှု ရလဒ်များကို ရရှိလေ့ရှိသည့် ဝိရောဓိ။ |
| **သယံဇာတမှ ရရှိသော အရင်းမစိုက် တစ်ခါသုံး ရငွေ** | စုစုပေါင်း ကုန်ကျမှုများနှင့် စီးပွားရေးအရ အကျိုးအမြတ်များထက် ကျော်လွန်သည့် သဘာဝ သယံဇာတ တူးဖော်ရေး စီမံကိန်းတစ်ခုမှ စုဆောင်းရရှိသည့် ဝင်ငွေများ။ |
| **သယံဇာတမှ ရရှိသော ဝင်ငွေ လွှဲပြောင်းမှုများ** | နိုင်ငံတော်အစိုးရက ကောက်ခံပြီး ဒေသန္တရ အာဏာပိုင်များအား ခွဲဝေပေးသော သယံဇာတ တူးဖော်ရေး စီမံကိန်းများမှ ရရှိသည့် ဝင်ငွေများ။ |
| **ဝင်ငွေ ခွဲဝေဖြန့်ဖြူးခြင်း** | သဘာဝ သယံဇာတမှ ရရှိသော ဝင်ငွေများကို အစိုးရအနေဖြင့် မတူညီသော အဆင့်များရှိ အစိုးရ အဖွဲ့များထံ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများထံ သို့မဟုတ် နိုင်ငံသားများထံ တိုက်ရိုက် ခွဲဝေချထား သတ်မှတ်ပုံ။ |
| **ခိုင်ကြေးများ** | တူးဖော်သော သယံဇာတ တန်ဖိုး၏ ရာခိုင်နှုန်းတစ်ခု (ဥပမာ – တူးဖော်ရရှိသော ရွှေ၏ အရောင်းတန်ဖိုးအပေါ် ၄ ရာခိုင်နှုန်း)အပေါ် သို့မဟုတ် တူးဖော်မှု၏ တစ်ယူနစ် (ဥပမာ – ထုတ်လုပ်သော ရွှေ၏ ၁ အောင်စတိုင်းအပေါ် ၄ ရာခိုင်နှုန်း)အပေါ် အခြေခံ၍ သယံဇာတ ပိုင်ရှင်က ပေးဆောင်ရမှုများ |
| **နိုင်ငံပိုင် ဥစ္စာစေ ရန်ပုံငွေ** | ပြည်ပ ငွေရေးကြေးရေးဆိုင်ရာ ပိုင်ဆိုင်မှုများတွင် အနည်းဆုံး တစ်စိတ်တစ်ပိုင်း ရင်းနှီးမြှုပ်နှံပြီး ကျယ်ပြန့်သော စီးပွားရေးဆိုင်ရာ ရည်ရွယ်ချက်များ ရှိသည့် နိုင်ငံပိုင် အဖွဲ့အစည်း |
| **ခိုင်မာမှုအတွက် အာမခံချက်ပေးခြင်း အပိုဒ်များ** | ပဋိညာဉ်တစ်ခုသည် နိုင်ငံတွင်းရှိ အခြားဥပဒေများနှင့် မည်သို့ အပြန်အလှန် သက်ရောက်မှုရှိသည်ကို ဆုံးဖြတ်ပေးသော ပဋိညာဉ်များပါ သတ်မှတ်ချက်များ။ ထိုသတ်မှတ်ချက်များသည် ဥပဒေ အပြောင်းအလဲများက အချိန်ကာလတစ်ခု သို့မဟုတ် နယ်ပယ်တစ်ခု (ဥပမာ – အခွန်အခများ ကောက်ခံမှုဆိုင်ရာ စနစ် အပြောင်းအလဲများ)အတွင်း ပဋိညာဉ်ပါ သတ်မှတ်ချက်များအပေါ် လွှမ်းမိုးနိုင်သည့် အလားအလာကို ကန့်သတ်ပေးလေ့ ရှိပါသည်။ |
| **နိုင်ငံပိုင် လုပ်ငန်း** | အစိုးရက အပြည့်အဝ သို့မဟုတ် တစ်စိတ်တစ်ပိုင်း ပိုင်ဆိုင်ပြီး အစိုးရကိုယ်စား စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရန် တည်ထောင်ထားသော ကုမ္ပဏီတစ်ခုဖြစ်သည်။ နိုင်ငံပိုင်ကုမ္ပဏီ သို့မဟုတ် ရေနံကဏ္ဍတွင် အမျိုးသား ရေနံကုမ္ပဏီဟုလည်း ခေါ်ဆိုကြသည်။ |

| အသုံးအနှုန်းများ | အဓိပ္ပာယ်ဖွင့်ဆိုချက်များ |
| --- | --- |
| **နိုင်ငံတော်၏ ရှယ်ယာ ပါဝင်မှု** | ဓာတ်သတ္တုနှင့် ဓာတ်ငွေ့ဆိုင်ရာ စီးပွားရေးလုပ်ငန်းများတွင် တစ်ဦးတည်း စီးပွားရေး အဖွဲ့အစည်းအဖြစ် သို့မဟုတ် ပုဂ္ဂလိက ကုမ္ပဏီများနှင့် ပူးပေါင်း၍ နိုင်ငံတော်၏ ပိုင်ဆိုင်မှု အချိုး။ အစိုးရ၏ အချိုးသည် (နိုင်ငံတော်က ၎င်း၏ ရှယ်ယာများအတွက် ဈေးကွက် ပေါက်ဈေးပေး၍ ထည့်ဝင်ပြီး စီမံကိန်း တည်ဆောက်မှု ကုန်ကျစရိတ်များအတွက် ငွေထည့်ဝင်ရန် ခေါ်ဆိုမှုများကို ဖြည့်ဆည်းပေးရနိုင်သည့်) Paid Equity ၊ (ပုဂ္ဂလိက ကဏ္ဍမှ ပူးတွဲလုပ်ကိုင်သူက စီမံကိန်း ကုန်ကျစရိတ်များကို လက်ငင်း ပေးချေပြီး အစိုးရက ၎င်း၏ ရှယ်ယာအတွက် မလွဲမသွေ ရရှိမည့် ဝင်ငွေများဖြင့် ပေးချေသော) Carried Equity သို့မဟုတ် (အစိုးရက ၎င်း၏ ရှယ်ယာအတွက် တစ်စုံတစ်ရာ ပေးချေခြင်း မရှိသော်လည်း အခွန်အခကောက်ခံမှုစနစ်တွင် အစားပြန်ပေးမှုများ ပြုလုပ်သော) Free Equity ပုံစံ ဖြစ်နိုင်ပါသည်။ |
| **မဟာဗျူဟာကျ သက်ရောက်မှု ဆန်းစစ်ခြင်း** | လိုင်စင်ထုတ်ပေးထားသော နယ်မြေများမှ နိုင်ငံအပေါ် ပေးသော အကျိုးကျေးဇူးများနှင့် ကုန်ကျမှုများအား အစိုးရက ဆန်းစစ်သည့် နည်းလမ်း။ တစ်ခါတစ်ရံ မဟာဗျူဟာကျ ပတ်ဝန်းကျင် ဆန်းစစ်ခြင်းဟုလည်း ခေါ်ဆိုကြသည်။ |
| **ဒေသန္တရ အာဏာပိုင်** | နိုင်ငံတော်အဆင့်ထက်နိမ့်သော တရားဝင် အာဏာပိုင် သို့မဟုတ် အစိုးရ၏ ကိုယ်စားလှယ် (ဥပမာ – ပြည်နယ်၊ တိုင်းဒေသကြီး သို့မဟုတ် ခရိုင်)။ |
| **အခွန်ကောက်ခံမှု အခြေခံ (Tax Base)** | စာရင်းကိုင် လုပ်ငန်းစဉ်တွင် အခွန်များ ကျသင့်သည့် ဝင်ငွေအမျိုးအစားနှင့် တွက်ချက်မှု နည်းလမ်း |
| **အတက်အကျ မြန်မှု** | သယံဇာတ တူးဖော်မှု ကိစ္စရပ်တွင် အတက်အကျ မြန်မှုသည် ရေနံ၊ ဓာတ်ငွေ့နှင့် ဓာတ်သတ္တု ဈေးနှုန်းများ မမျှော်မှန်းနိုင်ဘဲ အကြီးအကျယ် ပြောင်းလဲလေ့ရှိသည့် မကြာခဏ ဖြစ်လေ့ဖြစ်ထရှိသော အလားအလာကို ဆိုလိုသည်။ |

အသုံးအနှုန်းများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ထပ်မံသိရှိလိုပါက <https://resourcegovernance.org/analysis-tools/tools/natural-resource-governance-glossary> တွင် ရရှိနိုင်သည့် NRGI ၏ သယံဇာတ အုပ်ချုပ်မှု အဓိပ္ပာယ်ဖွင့်ဆိုချက်များ စာရင်းကို ကြည့်ပါ။

## နောက်ဆက်တွဲ (၂)
## ဂါနာနိုင်ငံ၏ ၂၀၁၅–၂၀၁၆ ခုနှစ် ပါတီစုံ လုပ်ငန်းစဉ်မှ ပထမတွေ့ဆုံမှု၏ အစီအစဉ်

**ရေနံနှင့် ဓာတ်ငွေ့ဆိုင်ရာ နိုင်ငံရေးပါတီ မူဝါဒရပ်တည်မှု ရေးဆွဲသတ်မှတ်ခြင်း တွေ့ဆုံမှု**

<table>
<tr><th></th><th>ကြာသပတေးနေ့၊ အောက်တိုဘာလ၊ ၁၅ ရက်နေ့</th><th>သောကြာနေ့၊ အောက်တိုဘာလ၊ ၁၆ ရက်နေ့</th><th>စနေနေ့၊ အောက်တိုဘာလ၊ ၁၇ ရက်နေ့</th><th>တနင်္ဂနွေနေ့၊ အောက်တိုဘာလ၊ ၁၈ ရက်နေ့</th><th>တနင်္လာနေ့၊ အောက်တိုဘာလ၊ ၁၉ ရက်နေ့</th></tr>
<tr><td>၉း၀၀–၁၀း၀၀</td><td rowspan="5">ပွဲတက်ရောက်သူများ ရောက်ရှိလာခြင်း</td><td>နှုတ်ခွန်းဆက်စကား<br>Adams Fusheini<br><br>ရေနံနှင့်ဓာတ်ငွေ့အပေါ် မူဝါဒ ရေးဆွဲသတ်မှတ်ရခြင်း၏ အကြောင်းအရင်းနှင့် နည်းလမ်း<br>Frank Kayitare & Famke Brouwer</td><td>နော်ဝေနိုင်ငံတွင် ရေနံနှင့် ဓာတ်ငွေ့ဆိုင်ရာ မဟာဗျူဟာ အနောက်ရှိ နိုင်ငံရေး လုပ်ငန်းစဉ်များ<br>Einar Steensnaes</td><td>ဂါနာနိုင်ငံတွင် အခွန်ဘဏ္ဍာဆိုင်ရာ တာဝန်ယူမှုအား စီမံခန့်ခွဲရန် မူဝါဒဆိုင်ရာ ရွေးချယ်နိုင်မှုများ<br>Joe Amoako-Tuffuor</td><td>ဂါနာနိုင်ငံအတွက် မဟာဗျူဟာကျ ကွာဟချက်များနှင့် အခွင့်အလမ်းများ<br>Dr. Mohammed Amin Adam</td></tr>
<tr><td rowspan="2">၁၀း၀၀–၁၁း၀၀</td><td>မူဝါဒ ရေးဆွဲသတ်မှတ်ခြင်း လုပ်ငန်းစဉ်၏ မျှော်မှန်းချက်များ<br>IDEA</td><td rowspan="2">ရေနံနှင့် ဓာတ်ငွေ့ ကဏ္ဍတွင် နိုင်ငံတော်က ပါဝင်လုပ်ကိုင်မှု ဆွေးနွေးပွဲ<br>Panel discussion</td><td rowspan="2">အဖွဲ့များက ၎င်းတို့၏ သက်ဆိုင်ရာ ပါတီ မူဝါဒ ရပ်တည်မှုများ အကြောင်း ဆွေးနွေးခြင်း<br>IDEA & NRGI</td><td>အတွင်းနှင့် အပြင် ဆက်စပ်သူများ၊ ရရှိနိုင်သော လုပ်ကိုင်နိုင်စွမ်းနှင့် အရင်းအမြစ်များ ဖော်ထုတ်ခြင်း<br>IDEA</td></tr>
<tr><td>ပါတီတွင်း အသင့်ဖြစ်မှု အကြောင်း ဆွေးနွေးခြင်း<br>IDEA</td><td>လုပ်ငန်းအဖွဲ့များက ဆက်စပ်သူများ၊ လုပ်ကိုင်နိုင်စွမ်းနှင့် အရင်းအမြစ်များကို ပြန်လည်သုံးသပ်ခြင်း<br>IDEA & NRGI</td></tr>
<tr><td>၁၁း၃၀–၁၃း၀၀</td><td>ပါတီ၏ ယေဘုယျ နိုင်ငံရေး ရည်မှန်းချက်အား သုံးသပ်ခြင်း<br>NRGI</td><td>အဖွဲ့များက ၎င်းတို့၏ သက်ဆိုင်ရာ ပါတီ မူဝါဒ ရပ်တည်မှုများ အကြောင်း ဆွေးနွေးခြင်း<br>IDEA & NRGI</td><td>ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု မြှင့်တင်ခြင်း<br>Dr. Steve Manteaw & Sam Bekoe</td><td>အဖွဲ့များက မူဝါဒ ရပ်တည်မှု မူကြမ်းများကို အပြီးသတ်ခြင်း</td></tr>
<tr><td>၁၄း၀၀–၁၅း၀၀</td><td>ဖွံ့ဖြိုးရေးအတွက် သယံဇာတ တူးဖော်ရေးလုပ်ငန်းများ – အကောင်အထည်ဖော်မှုအတွက် ရည်မှန်းချက်<br>Tony Paul</td><td>PRMA သုံးသပ်မှု အလွန် – လက်ရှိ ဝင်ငွေစီမံခန့်ခွဲမှု ကိစ္စရပ်များ<br>Mark Evans</td><td>အဖွဲ့များက ၎င်းတို့၏ သက်ဆိုင်ရာ ပါတီ မူဝါဒ ရပ်တည်မှုများ အကြောင်း ဆွေးနွေးခြင်း<br>IDEA & NRGI</td><td>အပိတ် အမှာစကားနှင့် ရှေ့ဆက်ဆောင်ရွက်မှု<br>Frank Kayitare & Famke Brouwer</td></tr>
</table>

| | ကြာသပတေးနေ့၊ အောက်တိုဘာလ၊ ၁၅ ရက်နေ့ | သောကြာနေ့၊ အောက်တိုဘာလ၊ ၁၆ ရက်နေ့ | စနေနေ့၊ အောက်တိုဘာလ၊ ၁၇ ရက်နေ့ | တနင်္ဂနွေနေ့၊ အောက်တိုဘာလ၊ ၁၈ ရက်နေ့ | တနင်္လာနေ့၊ အောက်တိုဘာလ၊ ၁၉ ရက်နေ့ |
|---|---|---|---|---|---|
| ၁၅း၃၀–၁၇း၀၀ | | အဖွဲ့များက ၎င်းတို့၏ သက်ဆိုင်ရာ ပါတီ မူဝါဒ ရပ်တည်မှုများ အကြောင်း ဆွေးနွေးခြင်း<br>**IDEA & NRGI** | အဖွဲ့များက ၎င်းတို့၏ သက်ဆိုင်ရာ ပါတီ မူဝါဒ ရပ်တည်မှုများ အကြောင်း ဆွေးနွေးခြင်း<br>**IDEA & NRGI** | အဖွဲ့များက ဝင်ငွေ စီမံခန့်ခွဲမှု၊ ပွင့်လင်း မြင်သာမှုနှင့် တာဝန်ခံမှုဆိုင်ရာ ၎င်းတို့၏ အဆက်အစပ်ရှိသော မူဝါဒ ရပ်တည်မှု မူကြမ်းများကို စုစည်းခြင်း | |
| ၁၉း၃၀ | | | ညစာနှင့် တေးဂီတ အစီအစဉ် | | |
| (light blue) | နိုင်ငံရေးပါတီများ အားလုံးအတွက် ယေဘုယျ (အပြန်အလှန် ဆွေးနွေးမှု) အစီအစဉ်များကို ဖော်ပြသည်။ | | | | |
| (pink) | ပါတီတစ်ခုချင်းစီအတွက် အပြိုင် ဆွေးနွေးမှု အစီအစဉ်များကို ဖော်ပြသည်။ | | | | |
| (light pink) | နိုင်ငံရေးပါတီ အားလုံးအတွက် အကြောင်းအရာအလိုက် အစီအစဉ်များကို ဖော်ပြသည်။ | | | | |

သယံဇာတ ကြွယ်ဝမှုကြောင့် ''သယံဇာတ ကျိန်စာသင့်ခြင်း'' ဟု သမုတ်ကြသည့် စိန်ခေါ်မှုများ ကြုံတွေ့ရတတ်သည်။ နိုင်ငံရေးပါတီများမှ ကောင်းမွန် ရှင်းလင်းတိကျသော မူဝါဒ ရပ်တည်ချက်များ ထားရှိ ဖော်ဆောင်ပါက ၎င်းစိန်ခေါ်မှုများ ကျော်လွှားရန် တစ်တောင့် တစ်နေရာမှ အကူအညီ ဖြစ်စေနိုင်ပါသည်။

နိုင်ငံတွင်းရှိ သယံဇာတများကို ရေရှည်အကျိုး မျှော်ကိုး၍ ပွင့်လင်းမြင်သာစွာ၊ တာဝန်ယူမှု တာဝန်ခံမှု ရှိစွာ စီမံအုပ်ချုပ်မှု ရှိအောင် ဖော်ဆောင်ရာတွင် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍသည် အရေးပါပါသည်။

The International Institute for Democracy and Electoral Assistance (International IDEA) and the Natural Resource Governance Institute (NRGI) အဖွဲ့အစည်းတို့ ပြုလုပ်ခဲ့သော သုတေသန လေ့လာမှုတွင် နိုင်ငံရေးဖြစ်စဉ်၌ လွတ်လပ်စွာ တန်းတူပါဝင်ခွင့် ရှိပါက သယံဇာတ ကဏ္ဍတွင်လည်း ခိုင်မာအားကောင်းသော ဥပဒေများ၊ အဖွဲ့အစည်းများနှင့် ကျင့်ထုံးများ ရှိကြပြီး နိုင်ငံသားအကျိုးအတွက် ရရှိလာသည့် အခွန်ဘဏ္ဍာငွေများကို သုံးစွဲမှုရှိကြောင်း တွေ့ရှိရပါသည်။

ဤလမ်းညွှန်စာအုပ် ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်သည် သယံဇာတ စီမံအုပ်ချုပ်မှုကဏ္ဍတွင် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍကို ဆန်းစစ်လေ့လာရန် ဖြစ်ပြီး၊ နိုင်ငံရေးနှင့် သယံဇာတ စီမံအုပ်ချုပ်မှုဆိုင်ရာ မူဝါဒ ရပ်တည်ချက်များ ရေးဆွဲရာတွင် အကူအညီ ဖြစ်စေရန် ဖြစ်ပါသည်။

ဤလမ်းညွှန်ချက်စာအုပ်ကို ၂၀၁၅ – ၂၀၁၆ ခုနှစ် ဂါနာနိုင်ငံရှိ နိုင်ငံရေးပါတီများအား သယံဇာတ စီမံအုပ်ချုပ်မှုဆိုင်ရာ မူဝါဒ ရပ်တည်ချက်များ ပေါ်ထွက်လာအောင် ကူညီထောက်ပံ့ပေးခဲ့သည့် အတွေ့အကြုံအပေါ် အခြေခံ၍ ပြုစုရေးသားထားပါသည်။ ထို့ပြင် နိုင်ငံပေါင်း ၆ နိုင်ငံမှ သယံဇာတ စီမံမှုအုပ်ချုပ်မှုတွင် နိုင်ငံရေးပါတီများ၏ ပါဝင်ပက်သက်မှုများကို နမူနာ လေ့လာနိုင်ရန်အတွက် ထည့်သွင်းထားပါသည်။

ဤလမ်းညွှန်ချက်စာအုပ်ကို International IDEA နှင့် NRGI အဖွဲ့တို့ ပူးပေါင်းထုတ်ဝေခြင်း ဖြစ်ပါသည်။ အဖွဲ့နှစ်ဖွဲ့စလုံးသည် နိုင်ငံရေးပါတီများအား အချက်အလက် အခြေပြု သယံဇာတ စီမံအုပ်ချုပ်မှုဆိုင်ရာ မူဝါဒများ ရေးဆွဲ အကောင်အထည်ဖော်ရာတွင် အကူအညီပေးနိုင်ပါသည်။

**International IDEA**

Strömsborg
SE-103 34 Stockholm
Sweden
T +46 (0) 8 698 37 00
info@idea.int
www.idea.int

**Natural Resource Governance Institute**

80 Broad Street, Suite 1801
New York, NY 10004
USA
T +1 646 929 9750
nrgi@resourcegovernance.org
www.resourcegovernance.org